## နက်နဲလွန်းသည့် အနန္တနယ ပဋ္ဌာန်းကျမ်း

ပဋ္ဌာန်းတရားတော်မြတ်သည် ဂမ္ဘီရော နက်နဲလွန်းပါသည်။ ဒုဒ္ဒသော မြင်နိုင်ခဲပါသည်၊ ဒုရာနုဗောဓော သာမန်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲလွန်းပါသည်။

အတက္ကာဝစရော လောကရေးရာ ကိစ္စရပ်များပမာ ကြံစည် တွေးတော စဉ်းစားရုံမျှဖြင့်လည်း သိနိုင်သည့်တရား မဟုတ်ပေ။ ပဏ္ဍိတ ဝေဒနီယော ပရမတ္ထတရားကို သိမြင်နိုင်စွမ်းသည့် ပညာရှိ အနည်းစုတို့ကသာ ဉာဏ်သက်ဝင်နိုင်စွမ်းသည့် တရားတော်မြတ် ကြီးဖြစ်ကြောင်းကို အဋ္ဌကထာဆရာမြတ်များက မိန့်ဆိုတော်မူ ထားပါသည်။

7 970303 021459
dhammatrainingcenter.com

သိကောင်းစရာ ပဋ္ဌာန်းတရား ❋ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပြင်

ရန်ကင်းတောင်စာစဉ်(၄၅)

# သိကောင်းစရာ ပဋ္ဌာန်းတရား

ပထမအကြိမ်

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပြင်

ရန်ကင်းတောင်စာစဉ်(၄၅)



# သိကောင်းစရာ ပဋ္ဌာန်းတရား

ပထမအကြိမ်

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

Email : ven.khemananda.brahmana@gmail.com
Website : www.dhammatrainingcenter.com

dhammatrainingcenter.com

**ရန်ကင်းတောင်စာစဉ်အမှတ် (၄၅)**

| | | |
|---|---|---|
| အဖုံးနှင့်အတွင်းပုံနှိပ် | – | ရွှေနိုင်ငံပုံနှိပ်တိုက် (၀၅၇၄၅)<br>အမှတ် (၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။<br>ဖုန်း-၀၁-၅၅၄၄၇၄ |
| ထုတ်ဝေသူ | – | ဦးမောင်မောင်လှ (ရွှေနိုင်ငံ-၀၄၁၉၃) |
| ဖြန့်ချိရေး | – | **ရန်ကင်းတောင်စာစဉ်**<br>**နေပြည်တော်၊ ဒက္ခိဏသီရိမြို့**<br>ဖုန်း ၀၉-၄၃၀ ၇၅၇၀၄ ၊ ၀၉-၇၉၇ ၃၀၃၀၂၁<br>**သော်တာစန်းစာပေ**<br>**နေပြည်တော်၊ ပျဉ်းမနားမြို့**<br>ဖုန်း ၀၉-၄၃၀ ၃၅၄၉၅ ၊ ၀၉-၇၉၇ ၉၂၁ ၂၈၀<br>**သစ္စာမဏ္ဍိုင်ပိဋကစာပေ**<br>**(ရွှေတိဂုံဘုရားတောင်ဘက်မုခ်)**<br>ဖုန်း ၀၉-၅၀၆၀ ၈၄၅၊ ၀၉-၄၅၀ ၁၉၁ ၁၄၂ |
| တန်ဖိုး | – | ကျပ် |
| ထုတ်ဝေခြင်း | – | ပထမအကြိမ် (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ) |
| အုပ်ရေ | – | ၂၀၀၀ အုပ် |

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း' (CIP)**

၂၉၄ . ၃

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

သိကောင်းစရာ ပဋ္ဌာန်းတရား

ရန်ကုန်၊ ရွှေနိုင်ငံစာပေ၊ ၂၀၂၃။ ၃၄၄ - စာ၊ ၁၉ × ၂၆. ၆၇ စင်တီ။

(၁) သိကောင်းစရာ ပဋ္ဌာန်းတရား

| စဉ် | မာတိကာ | နှာ |
|---|---|---|
| * | ကျေးဇူးဥပကာရမော်ကွန်း | က |
| * | နိဒါန်း | ခ |
| | **ပဋ္ဌာန်းတရားတော်အကြောင်း သိကောင်းစရာ** | |
| ၁။ | ပစ္စယေန ပစ္စယော | ၁ |
| ၂။ | ပဋ္ဌာန်းမပူဇော်ခင် ပုဗ္ဗကိစ္စ | ၂ |
| ၃။ | ပဋ္ဌာန်းပူဇော်လျှင် ရမည့်အကျိုး | ၂ |
| ၄။ | ပဋ္ဌာန်းပူဇော်လျှင် အသံထွက်မှန်ရမည် | ၃ |
| ၅။ | ပါဠိပါဠ်ဆင့် အသံထွက် | ၄ |
| ၆။ | ကျမ်းစာအုပ်များ | ၅ |
| ၇။ | အဘိဓမ္မာ ၇ ကျမ်း | ၆ |
| ၈။ | ရသေ့ကြီးဦးခန္တီ၏အကြံ | ၇ |
| ၉။ | ဗုဒ္ဓဝစန | ၈ |
| ၁၀။ | ပိဋကတ်တော်များကို ခေတ်အဆက်ဆက် မှတ်တမ်းတင်ခဲ့ပါသည် | ၉ |
| ၁၁။ | ပဋ္ဌာန်း ၂၄ ကျမ်း | ၁၀ |
| ၁၂။ | ပဋ္ဌာန်းကျမ်း၏ မာတိကာအစဉ် | ၁၁ |
| ၁၃။ | တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်းစသည် | ၁၂ |
| ၁၄။ | ကုလသတိက် | ၁၃ |
| ၁၅။ | ဝေဒနာတိက် | ၁၃ |
| | **၁။ ဟေတုပစ္စယော** | |
| ၁။ | ဟေတုပစ္စည်းကျေးဇူးပြုပုံ | ၁၅ |
| ၂။ | နိဒါန်း | ၁၆ |
| ၃။ | ဟိတ်နှင့် ဟေတု | ၁၆ |
| ၄။ | ဟိတ် ၆ ပါး | ၁၇ |
| ၅။ | ပညာနှင့် သညာ | ၁၈ |
| ၆။ | ကောင်းသည့်ဟိတ်နှင့် မကောင်းသည့်ဟိတ် တစ်ပြိုင်တည်းမဖြစ် | ၁၉ |
| ၇။ | အကုသိုလ်ဟိတ် ဖုံးလွှမ်းခံရတဲ့ဘုရင် | ၂၀ |
| ၈။ | ပေါက်တူးပေါ်တပ်မက်သည့် လောဘဟိတ် | ၂၀ |
| ၉။ | ကျေးဇူးပြုသည်၏ အဓိပ္ပာယ် | ၂၁ |
| ၁၀။ | ဥပကာရက | ၂၂ |
| ၁၁။ | Cause and effect | ၂၂ |
| ၁၂။ | Mind-Produce Matters | ၂၃ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၁၃။ | Associated Dhamma | ၂၃ |
| ၁၄။ | ရေသောက်မြစ် | ၂၄ |
| ၁၅။ | အလောဘ၊ အဒေါသ၊ အမောဟ | ၂၅ |
| ၁၆။ | ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ | ၂၆ |
| ၁၇။ | သာကီဝင်ဂေါပိကာမင်းသမီး | ၂၇ |
| ၁၈။ | ယုတ်ညံ့သည့် ဂန္ဓဗ္ဗနတ်ဖြစ်သွားသောရဟန်း | ၂၇ |
| ၁၉။ | ကုသိုလ်နှင့် အကုသိုလ်ရေသောက်မြစ် | ၂၈ |
| ၂၀။ | ဓာတ်ခံကြောင့် ကုသိုလ် အကုသိုလ်ဖြစ်ပါသည် | ၂၉ |
| ၂၁။ | စိတ္တဇရုပ် | ၂၉ |
| ၂၂။ | စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ | ၃၀ |
| ၂၃။ | ဆေးပညာ၏ တွေ့ရှိချက် | ၃၁ |
| ၂၄။ | သမ္ပယုတ္တကာနံ ဓမ္မာနံ | ၃၂ |
| ၂၅။ | တဏှာပတ္ထနာနှင့် ဆန္ဒပတ္ထနာ | ၃၂ |
| ၂၆။ | ဘဝသံသရာ ရှုပ်ထွေးပွေလိမ် | ၃၃ |
| ၂၇။ | သျှောင်ကြီးလျှင်ငိုက်၊ လူကြီးလျှင်မိုက် | ၃၄ |
| ၂၈။ | လောဘအမည်ကွဲများ | ၃၅ |
| ၂၉။ | ဆုတ်နစ်သောဒေါသနှင့် ရဲရင့်သောဒေါသ | ၃၆ |
| ၃၀။ | ဒေါသနှင့် ဆေးပညာ | ၃၆ |
| ၃၁။ | ၁-လောဘ၊ အဒေါသ၊ အမောဟ | ၃၇ |
| ၃၂။ | ၂-လောဘ၊ ဒေါသ၊ အမောဟ | ၃၈ |
| ၃၃။ | ၃-လောဘ၊ အဒေါသ၊ မောဟ | ၃၈ |
| ၃၄။ | ၄-လောဘ၊ ဒေါသ၊ မောဟ | ၃၉ |
| ၃၅။ | ၅-အလောဘ၊ ဒေါသ၊ မောဟ | ၃၉ |
| ၃၆။ | ၆-အလောဘ၊ အဒေါသ၊ မောဟ | ၄၀ |
| ၃၇။ | ၇-အလောဘ၊ ဒေါသ၊ အမောဟ | ၄၀ |
| ၃၈။ | ၈-အလောဘ၊ အဒေါသ၊ အမောဟ | ၄၀ |
| ၃၉။ | ဘဝါဘဝက ကုသလဟေတု၏သတ္တိ | ၄၁ |
| ၄၀။ | ဆုတောင်း | ၄၃ |
| | **၂။ အာရမ္မဏပစ္စယော** | |
| ၁။ | အာရမ္မဏပစ္စည်း၏ကျေးဇူးပြုပုံ | ၄၄ |
| ၂။ | အာရုံခြောက်ပါး | ၄၅ |

| စဉ် | မာတိကာ | နှာ |
| --- | --- | --- |
| ၃။ | နှလုံးသွင်းမှု ဂရုပြု | ၄၅ |
| ၄။ | မြင်ခြင်းကိစ္စပြည့်စုံရန် | ၄၆ |
| ၅။ | ကြားခြင်းကိစ္စပြည့်စုံရန် | ၄၇ |
| ၆။ | အနံ့သိခြင်းကိစ္စပြည့်စုံရန် | ၄၇ |
| ၇။ | အရသာသိခြင်းကိစ္စပြည့်စုံရန် | ၄၇ |
| ၈။ | ထိတွေ့သိခြင်းကိစ္စပြည့်စုံရန် | ၄၈ |
| ၉။ | တောင်ဝှေးကြိုးတန်း | ၄၈ |
| ၁၀။ | အာရုံကို ဆွဲကိုင်မှ ထူနိုင်၊ ထနိုင် | ၄၉ |
| ၁၁။ | ဉာဏ်ပေါ်နိုင်ရန် | ၄၉ |
| ၁၂။ | ပစ္စယပရိဂ္ဂဟဉာဏ် | ၅၀ |
| ၁၃။ | အသစ်ဖြစ်၊ အဟောင်းပျက် | ၅၀ |
| ၁၄။ | မတည်တံ့ မခိုင်ခံ့ | ၅၁ |
| ၁၅။ | သညာသိ၊ ဝိညာဏ်သိ၊ ပညာသိ | ၅၂ |
| ၁၆။ | ဥဒယဗ္ဗယဉာဏ် ပိုင်ပိုင်ပေါက်ရန် ပဓာနကျသည် | ၅၃ |
| ၁၇။ | နတ်ပြည်ရောက်သည့်သာဓက | ၅၃ |
| ၁၈။ | အသံမှသည် စကားလုံးနှင့် အဓိပ္ပာယ် | ၅၄ |
| ၁၉။ | ဆူညံသောအသံ | ၅၅ |
| ၂၀။ | Mental Process | ၅၅ |
| ၂၁။ | စိတ်နှင့် အာရုံ | ၅၆ |
| ၂၂။ | စိတ်၏စားကျက် | ၅၇ |
| ၂၃။ | အာရုံကြောင့် ကုသိုလ်လည်းဖြစ်နိုင်၊ အကုသိုလ်လည်းဖြစ်နိုင် | ၅၈ |
| ၂၄။ | ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ | ၅၉ |
| ၂၅။ | စွဲလမ်းကပ်ငြိမှုရာဂ | ၆၀ |
| ၂၆။ | အာရုံကို အသုံးချတတ်ရန်သာလိုသည် | ၆၀ |
| ၂၇။ | ပဋ္ဌာန်းတရာတော်လေ့လာတာ အမှန်ကို သိမြင်လာရန် | ၆၁ |
| ၂၈။ | ပညတ်နှင့် ပရမတ် | ၆၁ |
| ၂၉။ | အမှန်မြင် | ၆၂ |
| ၃၀။ | ဦးဖြူနှင့် ယုန် | ၆၃ |
| ၃၁။ | သမုတိပညတ်အခေါ်မျှသာ | ၆၃ |
| ၃၂။ | ပုံသဏ္ဍာန် Form | ၆၄ |
| ၃၃။ | ပညတ်ကို အမှန်ထင်ကြသည် | ၆၅ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၃၄။ | Reality and Concept | ၆၅ |
| ၃၅။ | အသိနှင့် အကျင့် | ၆၆ |
| ၃၆။ | ဝိဇ္ဇာနှင့် စရဏ | ၆၇ |
| ၃၇။ | ဒါန် ဒတ္တာ တံ ပစ္စဝေက္ခတိ | ၆၇ |
| ၃၈။ | ကုသိုလ်ကို ဆင်ခြင်ရင် ကုသိုလ်တိုး | ၆၈ |
| ၃၉။ | တဏှာလောဘတိုး | ၆၉ |
| ၄၀။ | အသိဉာဏ်အဆင့်ဆင့် မြင့်တက်ခြင်း | ၇၀ |
| ၄၁။ | ဉာဏ်ခရီး | ၇၁ |
| ၄၂။ | ဆုတောင်း | ၇၂ |
| | **၃။ အဓိပတိပစ္စယော** | |
| ၁။ | အဓိပတိပစ္စည်း၏ကျေးဇူးပြုပုံ | ၇၃ |
| ၂။ | အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း | ၇၄ |
| ၃။ | ဉာဏ်စွမ်းအား | ၇၄ |
| ၄။ | အဓိပတိလေးပါး | ၇၅ |
| ၅။ | ကုသိုလ်ပြုရာ၌ ဉာဏ်ပညာပါသည် | ၇၆ |
| ၆။ | နုံနဲ့နဲ့က နုံနဲ့နဲ့ကို အကျိုးပေးသည် | ၇၇ |
| ၇။ | ဆန္ဒာဓိပတိ | ၇၇ |
| ၈။ | ဆန္ဒတိုင်း အဓိပတိမထိုက်ပါ | ၇၇ |
| ၉။ | ဘုရားလောင်းတော်၏ ဆန္ဒာဓိပတိ | ၇၈ |
| ၁၀။ | ဝီရိယာဓိပတိ | ၇၉ |
| ၁၁။ | Power | ၈၀ |
| ၁၂။ | ရှည့်မင်း၏ဝီရိယ | ၈၀ |
| ၁၃။ | ဇနကမင်းသား၏ဝီရိယ | ၈၁ |
| ၁၄။ | စိတ္တာဓိပတိ | ၈၂ |
| ၁၅။ | တိပိဋကဆရာတော်၏ အဓိပတိစိတ် | ၈၃ |
| ၁၆။ | အဓိပတိစိတ်က အကြောင်းတရား | ၈၄ |
| ၁၇။ | အဓိပတိလေးပါး | ၈၅ |
| ၁၈။ | ဝီမံသာဓိပတိ | ၈၆ |
| ၁၉။ | ဉာဏ်ပညာ၏အထိန်းအကွပ်လိုသည် | ၈၇ |
| ၂၀။ | ဘဝပြောင်းသော်လည်း အလုပ်မပြောင်းပါ | ၈၇ |
| ၂၁။ | အန္တရာလတွေမှာ လောဘအားကြီးသည် | ၈၈ |
| ၂၂။ | အဓိပတိမရသည့်ဟိတ် | ၈၉ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၂၃။ | သမဏနတ်သား | ၈၉ |
| ၂၄။ | အာရမ္မဏာဓိပတိ | ၉၀ |
| ၂၅။ | စိတ်ကိုဖမ်းစားနိုင်သောအာရုံ | ၉၁ |
| ၂၆။ | ကုသိုလ်၊ အကုသိုလ် အဓိပတိဖြစ်ခွင့်ရှိသည် | ၉၁ |
| ၂၇။ | ဥဒေါင်းမင်းအတွက် ဒေါင်းမ၏တွန်ကျူးသံက အာရမ္မဏာဓိပတိဖြစ်သည် | ၉၂ |
| ၂၈။ | မယ်ပဒ္မာအတွက် ကိုဒါသ၏အာရုံက အာရမ္မဏာဓိပတိဖြစ်သည် | ၉၃ |
| ၂၉။ | အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ ကွာခြားချက် | ၉၄ |
| ၃၀။ | ဆုတောင်း | ၉၅ |
| | **၄။ အနန္တရပစ္စယော** | |
| ၁။ | အနန္တရပစ္စည်း၏ကျေးဇူးပြုပုံ | ၉၆ |
| ၂။ | အနန္တရပစ္စည်း | ၉၇ |
| ၃။ | ဝီထိစိတ်နှင့် ဘဝင်စိတ် | ၉၈ |
| ၄။ | ဝီထိစိတ်အစဉ် | ၉၉ |
| ၅။ | သရက်သီးကြွေကျသည့်ဥပမာ | ၉၉ |
| ၆။ | ဝီထိအကျဉ်း | ၁၀၁ |
| ၇။ | မနောဒွါရဝီထိ | ၁၀၁ |
| ၈။ | မျက်စိတစ်မှိတ် ကုဋေ ၁ သိန်း | ၁၀၂ |
| ၉။ | ရှေ့စိတ်နောက်စိတ် မခြားဘဲ တစ်ဆက်တည်းထင်ရ | ၁၀၃ |
| ၁၀။ | စုတိစိတ်နှင့် ပဋိသန္ဓေစိတ် | ၁၀၃ |
| ၁၁။ | မယားအိပ်နေတာကို အသုဘအာရုံထင် | ၁၀၄ |
| ၁၂။ | ရူပါယတနံ စက္ခုဝိညာဏဓာတု | ၁၀၅ |
| ၁၃။ | စိတ်သက် | ၁၀၆ |
| ၁၄။ | ရုပ်သက် | ၁၀၇ |
| ၁၅။ | စိတ္တနိယာမ | ၁၀၈ |
| ၁၆။ | ကမ္မနိယာမ | ၁၀၈ |
| ၁၇။ | ဥတုနိယာမ | ၁၀၈ |
| ၁၈။ | ဗီဇနိယာမ | ၁၀၉ |
| ၁၉။ | ဓမ္မနိယာမ | ၁၀၉ |
| ၂၀။ | နိရောဓသမာပတ်၏ အနန္တရသတ္တိ | ၁၁၀ |
| ၂၁။ | အသညသတ်ပြဟ္မာတို့၏ အနန္တရသတ္တိ | ၁၁၁ |
| ၂၂။ | ပရိနိဗ္ဗာန်စံမှ စိတ်အစဉ်ပြတ်ပါတော့သည် | ၁၁၂ |
| ၂၃။ | ဆုတောင်း | ၁၁၂ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | ၅။ **သမနန္တရပစ္စယော** | |
| ၁။ | သမနန္တရပစ္စည်း၏ကျေးဇူးပြုပုံ | ၁၁၃ |
| ၂။ | အနန္တရပြီးနောက် သမနန္တရကိုဟောတော်မူပါသည် | ၁၁၃ |
| ၃။ | Mind to Mind | ၁၁၅ |
| ၄။ | စိတ်အစဉ် ပြတ်တောက် ရပ်နားသွားတာ မရှိပါ | ၁၁၆ |
| ၅။ | ဉပါဒ်၊ ဌီ၊ ဘင် | ၁၁၇ |
| ၆။ | ဘုရားလောင်းပါရမီဖြည့်တော်မူ | ၁၁၆ |
| ၇။ | သေခြင်း ၄ မျိုး | ၁၁၇ |
| ၈။ | ဖားနတ်သား | ၁၁၇ |
| ၉။ | ရောဟိဏီမင်းသမီး | ၁၁၈ |
| ၁၀။ | ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် | ၁၁၉ |
| ၁၁။ | ဘဝအသစ်ကို ကံက ဖန်တီးပေးတာပါ | ၁၂၀ |
| ၁၂။ | မရဏာသန္နဝီထိ | ၁၂၁ |
| ၁၃။ | သေပြီးနောက် သိနိုင်သေးသည်ဟု သိပ္ပံကဆိုသည် | ၁၂၁ |
| ၁၄။ | စုတိ၊ ပဋိသန္ဓေကြားမှာ စိတ်မခြားပါ | ၁၂၂ |
| ၁၅။ | ဘဝဟောင်း၏စုတိနှင့် ဘဝသစ်၏ပဋိသန္ဓေ | ၁၂၃ |
| ၁၆။ | ဦးဖိုးဝနှင့် မောင်ဖိုးဝရဲ့ စုတိ ပဋိသန္ဓေအကြောင်း | ၁၂၄ |
| ၁၇။ | သိပ္ပံပညာက ခြေရာမခံမိသေးသည့် စုတိစိတ်နှင့် ပဋိသန္ဓေစိတ် | ၁၂၅ |
| ၁၈။ | စုတိ ပဋိသန္ဓေကို နားလည်လာတာ သမ္မာဒိဋ္ဌိပါ | ၁၂၆ |
| ၁၉။ | ဆုတောင်း | ၁၂၇ |
| | ၆။ **သဟဇာတပစ္စယော** | |
| ၁။ | သဟဇာတပစ္စည်း၏ကျေးဇူးပြုပုံ | ၁၂၈ |
| ၂။ | Born together, Born earlier, Born later | ၁၂၈ |
| ၃။ | ကုသိုလ်စိတ်ဖြစ်စဉ်နှင့် သဟဇာတပစ္စည်း | ၁၃၀ |
| ၄။ | သဘာဝတရား | ၁၃၁ |
| ၅။ | ခန္ဓာငါးပါး တစ်ပေါင်းတည်းဖြစ်ပြီး တစ်ပေါင်းတည်းချုပ်ကြသည် | ၁၃၁ |
| ၆။ | Moment to Moment | ၁၃၂ |
| ၇။ | ခန္ဓာငါးပါး | ၁၃၃ |
| ၈။ | ခန္ဓာတစ်ပါးပေါ် လျှင် ကျန်တာပါပြီး | ၁၃၄ |
| ၉။ | ပေါ်ပြီးပျောက်နေသည့်ဖြစ်စဉ် | ၁၃၅ |
| ၁၀။ | ဝိပဿနာဉာဏ် | ၁၃၅ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၁၁။ | ဉာဏ်ကသိသည် | ၁၃၆ |
| ၁၂။ | Everything change, noting remain without change | ၁၃၇ |
| ၁၃။ | စတ္တာရော ခန္ဓာ | ၁၃၈ |
| ၁၄။ | ဘုရားရှင်၏ဉာဏ်တော် | ၁၃၈ |
| ၁၅။ | စတ္တာရော မဟာဘူတာ | ၁၃၉ |
| ၁၆။ | ဆုတောင်း | ၁၃၉ |
| | **၇။ အညမညပစ္စယော** | |
| ၁။ | အညမညပစ္စည်း၏ကျေးဇူးပြုပုံ | ၁၄၀ |
| ၂။ | အချင်းချင်း အပြန်အလှန် | ၁၄၀ |
| ၃။ | နာမ်ခန္ဓာ ၄ ပါး | ၁၄၁ |
| ၄။ | Causeless မရှိပါ | ၁၄၂ |
| ၅။ | Right View | ၁၄၂ |
| ၆။ | ရူပ၊ အရူပဘုံဌာနများ | ၁၄၃ |
| ၇။ | ဘုရားလောင်း ဆတ်မင်း၊ လိပ်နှင့် ခေါက်ရှာငှက် | ၁၄၃ |
| ၈။ | မုဆိုးကြီးခရီး နှောင့်နှေးပြီ | ၁၄၄ |
| ၉။ | ဆုတောင်း | ၁၄၅ |
| | **၈။ နိဿယပစ္စယော** | |
| ၁။ | နိဿယပစ္စည်း၏ကျေးဇူးပြုပုံ | ၁၄၆ |
| ၂။ | Dependence condition | ၁၄၆ |
| ၃။ | သဟဇာတနိဿယနှင့် ပုရေဇာတနိဿယ | ၁၄၇ |
| ၄။ | ပုရေဇာတ Born earlier ဟူသည် | ၁၄၈ |
| ၅။ | စတ္တာရော ခန္ဓာ နှင့် စတ္တာရော မဟာဘူတာ | ၁၄၈ |
| ၆။ | မှီရာနိဿယကောင်းကြောင့် ရဟန္တာဖြစ်တော်မူသည့်ဝက္ကလိမထေရ် | ၁၄၉ |
| ၇။ | ခြင်တစ်ကောင်ကို သတ်သခိုက်၌ပါဝင်သည့် ပဋ္ဌာန်းပစ္စည်းများ | ၁၅၀ |
| ၈။ | ဆုတောင်း | ၁၅၂ |
| | **၉။ ဥပနိဿယပစ္စယော** | |
| ၁။ | ဥပနိဿယပစ္စည်း၏ကျေးဇူးပြုပုံ | ၁၅၃ |
| ၂။ | အင်အားကြီးသောမှီရာ | ၁၅၃ |
| ၃။ | Cause and Effect | ၁၅၄ |
| ၄။ | ဒါနက အကြောင်း၊ မာနက အကျိုး | ၁၅၅ |
| ၅။ | သတ်တာကအကြောင်း လျှော့တာကအကျိုး | ၁၅၆ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၆။ | ကုသိုလ်လုပ်ရာ၌ အကုသိုလ်ဖြစ်မှန်းမသိ ဖြစ်သွားတတ်သည် | ၁၅၆ |
| ၇။ | Quality and Quantity | ၁၅၇ |
| ၈။ | အကုသိုလ်လုပ်ရာ၌လည်း ကုသိုလ်ဖြစ်ခွင့်ရှိသည် | ၁၅၈ |
| ၉။ | အနန္တရိယကံ ကျူးလွန်ထားပါက တရားရနိုင်ပါသလား | ၁၅၉ |
| ၁၀။ | ကုသိုလ်ပြုပြီးတိုင်း ဆုတောင်းသင့်သည် | ၁၆၀ |
| ၁၁။ | ကေသဓိုနှင့် ကိဓ္ဓိကာလေ တူပါသလား | ၁၆၁ |
| ၁၂။ | ဥပနိဿယမှာ 'ကေသဓို'၊ သဟဇာတမှာ 'ကိဓ္ဓိကာလေ' | ၁၆၃ |
| ၁၃။ | အဗျာကတဟူသည် အဘယ်နည်း | ၁၆၄ |
| ၁၄။ | ဝိပါက်နှင့် ကြိယာဟူသည် အဘယ်နည်း | ၁၆၄ |
| ၁၅။ | ဥတု၊ ဘောဇန၊ သေနာသနလည်း အဗျာကတ | ၁၆၅ |
| ၁၆။ | ကုသိုလ်၊ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုပုံ | ၁၆၆ |
| ၁၇။ | ဝိပါက်က အဗျာကတ | ၁၆၇ |
| ၁၈။ | ဉာဏ်မမောသေးပါက | ၁၆၈ |
| ၁၉။ | ဆုတောင်း | ၁၆၈ |
| | **၁၀။ ပုရေဇာတပစ္စယော** | |
| ၁။ | ပုရေဇာတပစ္စည်း၏ကျေးဇူးပြုပုံ | ၁၆၉ |
| ၂။ | မမေ့သင့်သည့် ဇာတသုံးပါး | ၁၆၉ |
| ၃။ | ဝတ္ထုပုရေဇာတ | ၁၇၀ |
| ၄။ | အာရမ္မဏပုရေဇာတ | ၁၇၀ |
| ၅။ | ပစ္စယနိဒ္ဒေသနှင့် ပဉှာဝါရ | ၁၇၁ |
| ၆။ | အချိန်ကာလ အဘယ်မျှစော၍ Born earlier ဖြစ်ပါသနည်း | ၁၇၂ |
| ၇။ | လက်ဖျောက်တစ်တွက် ကုဋေတစ်သိန်း | ၁၇၃ |
| ၈။ | ကုသိုလ်ဖြစ်ကြောင်းတရား ၄-ပါး | ၁၇၃ |
| ၉။ | PAID | ၁၇၄ |
| ၁၀။ | စက်လေးပါးတရား | ၁၇၅ |
| ၁၁။ | ဆုတောင်း | ၁၇၆ |
| | **၁၁။ ပစ္ဆာဇာတပစ္စယော** | |
| ၁။ | ပစ္ဆာဇာတပစ္စည်း၏ကျေးဇူးပြုပုံ | ၁၇၇ |
| ၂။ | ပစ္ဆာဇာတဟူသည် | ၁၇၇ |
| ၃။ | ပစ္ဆာဇာတဥပမာ | ၁၇၈ |
| ၄။ | ရုပ်တရားများ | ၁၇၈ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၅။ | ပဋ္ဌာန်းပစ္စည်းကို နိုင်းယှဉ်လေ့လာသင့်သည် | ၁၇၉ |
| ၆။ | နောက်မှဖြစ်ပြီး ကျေးဇူးပြုသည့် ဗျာဒိတ်စကား | ၁၈၀ |
| ၇။ | ပဋ္ဌာစာရိထေရီမလောင်းလျာ | ၁၈၀ |
| ၈။ | ဆုတောင်း | ၁၈၁ |
| | **၁၂။ အာသေဝနပစ္စယော** | |
| ၁။ | အာသေဝနပစ္စည်း၏ကျေးဇူးပြုပုံ | ၁၈၂ |
| ၂။ | အာသေဝန | ၁၈၂ |
| ၃။ | ဇောစိတ်အကြောင်း | ၁၈၃ |
| ၄။ | အာသေဝနက မျိုးတူမှ ကျေးဇူးပြုပါသည် | ၁၈၄ |
| ၅။ | အမျိုးတူမှ ကျေးဇူးပြု | ၁၈၅ |
| ၆။ | ပထမဇောကြဉ်၊ သတ္တမဇောကြဉ် | ၁၈၆ |
| ၇။ | အကောင်းအဆိုး ဖန်တီးရှင် | ၁၈၇ |
| ၈။ | Potential energy | ၁၈၈ |
| ၉။ | အကြောင်းတရားနှင့် အကျိုးတရား | ၁၈၈ |
| ၁၀။ | ကံအကျိုးပေးပုံ | ၁၈၉ |
| ၁၁။ | အဖန်ဖန် ထုံမွမ်းထားသည့်စိတ် (၁) | ၁၉၀ |
| ၁၂။ | အဖန်ဖန် ထုံမွမ်းထားသည့်စိတ် (၂) | ၁၉၁ |
| ၁၃။ | ဆုတောင်း | ၁၉၃ |
| | **၁၃။ ကမ္မပစ္စယော** | |
| ၁။ | ကမ္မပစ္စည်း၏ကျေးဇူးပြုပုံ | ၁၉၄ |
| ၂။ | ကံနှင့် ကံ၏အကျိုး | ၁၉၄ |
| ၃။ | Karma, Kamma | ၁၉၅ |
| ၄။ | နာနာက္ခဏိကကံနှင့် သဟဇာတကံ | ၁၉၆ |
| ၅။ | စေတနာကံ | ၁၉၇ |
| ၆။ | ကံအကျိုးပေးဖို့ သမ္ပတ္တိနှင့် ဝိပတ္တိအကြောင်း | ၁၉၇ |
| ၇။ | ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂ | ၁၉၈ |
| ၈။ | ကာလဝိပတ္တိ | ၁၉၉ |
| ၉။ | ဂတိသမ္ပတ္တိ | ၂၀၀ |
| ၁၀။ | ဥပဓိသမ္ပတ္တိ | ၂၀၁ |
| ၁၁။ | ပယောဂသမ္ပတ္တိ | ၂၀၁ |
| ၁၂။ | ကံအကျိုးပေးရန် | ၂၀၂ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၁၃။ | ကံအကျိုးပေးထက်သန်စေရန် စက်လေးပါးတရား | ၂၀၃ |
| ၁၄။ | To live in a suitable place. | ၂၀၄ |
| ၁၅။ | ကံမျိုးစေ့ကောင်း၊ ကံမျိုးစေ့ညံ့ | ၂၀၄ |
| ၁၆။ | ပစ္ဆိမဘဝိက | ၂၀၅ |
| ၁၇။ | ကံအကျိုးပေး ဆန်းကြယ်ပုံ | ၂၀၅ |
| ၁၈။ | ဗေဒင်ဟောကိန်း လွဲတတ်သည် | ၂၀၆ |
| ၁၉။ | သေဆုံးခါနီးလာပါက အာရုံနိမိတ် ထင်စမြဲ | ၂၀၇ |
| ၂၀။ | သေခြင်းနှင့် ဆေးသိပ္ပံအကြောင်း | ၂၀၈ |
| ၂၁။ | သေခြင်းကြောင့် နာကျင်ခံခက်မရှိပါ | ၂၀၉ |
| ၂၂။ | ဘဝအသစ်တစ်ခုကို ဖန်တီးပေးမည့်ကံ | ၂၀၉ |
| ၂၃။ | အာရုံနိမိတ် | ၂၁၀ |
| ၂၄။ | ကံလေးမျိုး | ၂၁၁ |
| ၂၅။ | ကံကိုမယုံ၍ အကျိုးပေးမလျော့ပါ | ၂၁၂ |
| ၂၆။ | ဘဝများစွာခြား၍လည်း အကျိုးပေးနိုင်သည် | ၂၁၂ |
| ၂၇။ | ဆွမ်းဝအောင် မဘုဉ်းပေးရရှာသည့် ရဟန္တာအရှင်မြတ် | ၂၁၃ |
| ၂၈။ | လောသကတိဿရဟန်း | ၂၁၄ |
| ၂၉။ | ဆုတောင်း | ၂၁၅ |
| | **၁၄။ ဝိပါကပစ္စယော** | |
| ၁။ | ဝိပါကပစ္စည်း၏ကျေးဇူးပြုပုံ | ၂၁၆ |
| ၂။ | ဝိပါက်တော် | ၂၁၆ |
| ၃။ | Resultant Kamma | ၂၁၇ |
| ၄။ | ချမ်းရိပ်နားနေ၊ ညှင်းလေပြည်သို့ | ၂၁၈ |
| ၅။ | ကံနှင့် ကံ၏အကျိုးကိုမယုံကြည်၍ အကျိုးပေးမပြောင်းပါ | ၂၁၉ |
| ၆။ | ကံကအလုပ်၊ ဝိပါက်ကလုပ်အားခ | ၂၁၉ |
| ၇။ | ဘဝင်စိတ် | ၂၂၀ |
| ၈။ | ပဋိသန္ဓေစိတ် | ၂၂၁ |
| ၉။ | Mental continuity | ၂၂၂ |
| ၁၀။ | Mind door | ၂၂၂ |
| ၁၁။ | အရှင်မဟာမောဂ္ဂလာန်၏ ဝဋ်မှာအမြဲ ငရဲမှာအပ | ၂၂၃ |
| ၁၂။ | ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် | ၂၂၄ |
| ၁၃။ | ဘုရားရှင်သည်ပင် ဝဋ်ကို ရှောင်လွှဲမရခဲ့ပါ | ၂၂၄ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၁၄။ | အရှင်ဇမ္ဗူက၏ 'ဝဋ်မှာအမြဲ ငရဲမှာအပ' | ၂၂၅ |
| ၁၅။ | ဆိုးဝါးသောနတ်ဝစီ | ၂၂၆ |
| ၁၆။ | သပိတ်ထဲကဆွမ်း လမ်းဘေးသွန်ပစ်သည် | ၂၂၇ |
| ၁၇။ | သာမာဝတီမိဖုရားကြီး၏ 'ဝဋ်မှာအမြဲ ငရဲမှာအပ' | ၂၂၇ |
| ၁၈။ | ပစ္စေကဗုဒ္ဓါကို ထင်းပုံပြီးမီးရှို့ | ၂၂၈ |
| ၁၉။ | ဘုရားရှင်သော်မှမလွတ်ခဲ့သည့် ဝိပါတ်တော် ၁၂ ပါး | ၂၂၉ |
| ၂၀။ | ပထမဝိပါက်တော် | ၂၂၉ |
| ၂၁။ | ဒုတိယဝိပါက်တော် | ၂၃၀ |
| ၂၂။ | တတိယဝိပါက်တော် | ၂၃၁ |
| ၂၃။ | စတုတ္ထဝိပါက်တော် | ၂၃၂ |
| ၂၄။ | ပဉ္စမဝိပါက်တော် | ၂၃၂ |
| ၂၅။ | ဆဋ္ဌမဝိပါက်တော် | ၂၃၃ |
| ၂၆။ | သတ္တမဝိပါက်တော် | ၂၃၄ |
| ၂၇။ | အဋ္ဌမဝိပါက်တော် | ၂၃၄ |
| ၂၈။ | နဝမဝိပါက်တော် | ၂၃၅ |
| ၂၉။ | ဒသမဝိပါက်တော် | ၂၃၆ |
| ၃၀။ | ဧကေဒသမဝိပါက်တော် | ၂၃၆ |
| ၃၁။ | ဒွါဒသမဝိပါက်တော် | ၂၃၇ |
| ၃၂။ | ခိုက်ကြုံဝိပါက်၊ သံသာစက် | ၂၃၈ |
| ၃၃။ | ဆုတောင်း | ၂၄၀ |
| | **၁၅။ အာဟာရပစ္စယော** | |
| ၁။ | အာဟာရပစ္စည်း၏ကျေးဇူးပြုပုံ | ၂၄၁ |
| ၂။ | ရုပ်အာဟာရ နာမ်အာဟာရ | ၂၄၁ |
| ၃။ | ကံ၏တာဝန်နှင့် အာဟာရ၏တာဝန် | ၂၄၃ |
| ၄။ | ဩဇာရုပ် ၄ ပါး | ၂၄၃ |
| ၅။ | အဋ္ဌကလာပ်ရုပ် ၈ ပါး | ၂၄၄ |
| ၆။ | နာမ်အာဟာရ Mental nutrient | ၂၄၄ |
| ၇။ | Mind produce matter | ၂၄၅ |
| ၈။ | ဘဝသံသရာနှင့် အာဟာရ | ၂၄၆ |
| ၉။ | အစာမစားဘဲ အသက်ရှင်နိုင် | ၂၄၇ |
| ၁၀။ | ဖဿအာဟာရ | ၂၄၈ |

| စဉ် | မာတိကာ | နှာ |
| --- | --- | --- |
| ၁၁။ | ဖဿ၏ ခေတ်ခိုက်မှု | ၂၄၉ |
| ၁၂။ | ဥမ္မာဒန္တီရုပါရုံအဆင်း၏ ဖဿဒဏ်ချက် | ၂၅၀ |
| ၁၃။ | စေတနာအာဟာရ | ၂၅၂ |
| ၁၄။ | စက္ခုပါလရဟန္တာမထေရ် | ၂၅၃ |
| ၁၅။ | မယားသောတာပန် လင်မုဆိုး | ၂၅၃ |
| ၁၆။ | ဝိညာဏာဟာရ | ၂၅၄ |
| ၁၇။ | ဆုတောင်း | ၂၅၅ |
| | **၁၆။ ဣန္ဒြိယပစ္စယော** | |
| ၁။ | ဣန္ဒြိယပစ္စည်း၏ကျေးဇူးပြုပုံ | ၂၅၆ |
| ၂။ | အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း | ၂၅၆ |
| ၃။ | ရုပ်ဣန္ဒြေ ၈ ပါး | ၂၅၇ |
| ၄။ | နာမ်ဣန္ဒြေ ၁၄ ပါး | ၂၅၈ |
| ၅။ | ပုရိသိန္ဒြေနှင့် ဣတ္ထိန္ဒြေ | ၂၅၈ |
| ၆။ | မျက်စိအကြည်ရုပ်၊ စက္ခုန္ဒြေ၊ စက္ခုပသာဒ | ၂၅၉ |
| ၇။ | 'ဣန္ဒြိယဂုတ္တဒွါရ တေဒင်' ဘွဲ့ | ၂၅၉ |
| ၈။ | ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး | ၂၆၀ |
| ၉။ | ဆုတောင်း | ၂၆၂ |
| | **၁၇။ ဈာနပစ္စယော** | |
| ၁။ | ဈာနပစ္စည်း၏ကျေးဇူးပြုပုံ | ၂၆၃ |
| ၂။ | ဈာန်နှင့်အဘိညာဉ်တန်ခိုး | ၂၆၃ |
| ၃။ | ဈာန်၊ မဂ်၊ ဖိုလ် | ၂၆၄ |
| ၄။ | ဈာန်အင်္ဂါ ၅ ပါး | ၂၆၅ |
| ၅။ | ဝိတက်အကြောင်း | ၂၆၆ |
| ၆။ | ဝိစာရအကြောင်း | ၂၆၆ |
| ၇။ | ပီတိအကြောင်း | ၂၆၇ |
| ၈။ | သုခအကြောင်း | ၂၆၇ |
| ၉။ | ဧကဂ္ဂတာသမာဓိအကြောင်း | ၂၆၇ |
| ၁၀။ | အရိုးစုကမ္မဋ္ဌာန်း | ၂၆၈ |
| ၁၁။ | ဆုတောင်း | ၂၆၉ |
| | **၁၈။ မဂ္ဂပစ္စယော** | |
| ၁။ | မဂ္ဂပစ္စည်း၏ကျေးဇူးပြုပုံ | ၂၇၀ |
| ၂။ | Right Information data မှသည် Right Understanding | ၂၇၀ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၃။ | မဂ္ဂ Magga နှင့် မာရ်ဂ Marga | ၂၇၁ |
| ၄။ | မသေရာလမ်း Deathless path | ၂၇၁ |
| ၅။ | Right way, Wrong way | ၂၇၂ |
| ၆။ | သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် | ၂၇၃ |
| ၇။ | သံသရာခရီးလျှောက်လှမ်းကြ | ၂၇၄ |
| ၈။ | သမ္မာဒိဋ္ဌိ Right Understood | ၂၇၄ |
| ၉။ | အတိတ်ကံ ပစ္စုပ္ပန်ကံ | ၂၇၅ |
| ၁၀။ | ဘုရားအလိုတော်ကျ သမ္မာဒိဋ္ဌိဖြစ်ဖို့လို | ၂၇၆ |
| ၁၁။ | တစ်ခြမ်းပဲ့အမှန် | ၂၇၇ |
| ၁၂။ | သမ္မာဒိဋ္ဌိ နှင့် ဝိပဿနာတရား | ၂၇၇ |
| ၁၃။ | ကောကာလိကရဟန်း လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း | ၂၇၈ |
| ၁၄။ | ဘုရင်ကြီး သုပ္ပဗုဒ္ဓ လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း | ၂၇၉ |
| ၁၅။ | နန္ဒလုလင် လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း | ၂၈၀ |
| ၁၆။ | ပဋ္ဌာန်းပူဇော်လျှင် ဉာဏ်ပွင့်သည် | ၂၈၁ |
| ၁၇။ | သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ | ၂၈၂ |
| ၁၈။ | မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ | ၂၈၃ |
| ၁၉။ | Right Speech and Wrong Speech | ၂၈၄ |
| ၂၀။ | Right action and Wrong action | ၂၈၄ |
| ၂၁။ | Right Livelihood and Wrong Livelihood | ၂၈၅ |
| ၂၂။ | ဆုတောင်း | ၂၈၆ |
| | **၁၉။ သမ္ပယုတ္တပစ္စယော** | |
| ၁။ | သမ္ပယုတ္တပစ္စည်း၏ကျေးဇူးပြုပုံ | ၂၈၇ |
| ၂။ | ခွဲမရသမ္ပယုတ္တ | ၂၈၇ |
| ၃။ | နာမ်ခန္ဓာလေးပါး | ၂၈၈ |
| ၄။ | ပစ္စည်းအတွဲများ | ၂၈၉ |
| ၅။ | ဆုတောင်း | ၂၉၀ |
| | **၂၀။ ဝိပ္ပယုတ္တပစ္စယော** | |
| ၁။ | ဝိပ္ပယုတ္တပစ္စည်း၏ကျေးဇူးပြုပုံ | ၂၉၁ |
| ၂။ | ပဋ္ဌာန်းသင်ယူနေတာက သဘာတရားကို လေ့လာတာ | ၂၉၁ |
| ၃။ | ဥပမာဖြင့် လေ့လာပါက နားလည်လွယ်သည် | ၂၉၂ |
| ၄။ | အကြောင်းအကျိုးတရား | ၂၉၃ |
| ၅။ | ရုပ်တရားနှင့် နာမ်တရား သဘာဝမတူပါ | ၂၉၄ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၆။ | အမျိုးဇာတ်မတူသော်လည်း အတူတကွနေကြသည့် ခြင်္သေ့နှင့် မြေခွေးမိသားစု | ၂၉၅ |
| ၇။ | ဆုတောင်း | ၂၉၆ |
| | **၂၁။ အတ္ထိပစ္စယော** | |
| ၁။ | အတ္ထိပစ္စည်း၏ကျေးဇူးပြုပုံ | ၂၉၇ |
| ၂။ | နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း ကျယ်သနည်း | ၂၉၇ |
| ၃။ | အတ္ထိ ၅ ပါး ရှိသည် | ၂၉၈ |
| ၄။ | သရက်သီးဖျော်ရည်၏ အာဟာရတ္ထိအစွမ်း | ၃၀၀ |
| ၅။ | လေနာရောဂါဖြစ်နေရှာသည့် ယသောဓရာထေရီ | ၃၀၀ |
| ၆။ | သရက်သီးဖျော်ရည် သပိတ် | ၃၀၁ |
| ၇။ | ဆုတောင်း | ၃၀၂ |
| | **၂၂။ နတ္ထိပစ္စယော** | |
| ၁။ | နတ္ထိပစ္စည်း၏ကျေးဇူးပြုပုံ | ၃၀၃ |
| ၂။ | အတ္ထိနှင့် နတ္ထိ | ၃၀၃ |
| ၃။ | ရှေ့စိတ်ပျက်ပြီး နောက်စိတ်ဖြစ်လာ | ၃၀၄ |
| ၄။ | သူခိုးဘဝမှသည် အရိယာသောတာပန်ဘဝ | ၃၀၅ |
| ၅။ | ဂေါတြဘုမဂ္ဂသ | ၃၀၆ |
| ၆။ | ပုထုဇဉ်နယ်နှင့် အရိယာနယ် | ၃၀၆ |
| ၇။ | ဆုတောင်း | ၃၀၇ |
| | **၂၃။ ဝိဂတပစ္စယော** | |
| ၁။ | ဝိဂတပစ္စည်း၏ကျေးဇူးပြုပုံ | ၃၀၈ |
| ၂။ | နတ္ထိနှင့် ဝိဂတ အတ္ထိနှင့် အဝိဂတ | ၃၀၈ |
| ၃။ | နတ္ထိပစ္စယောနှင့် ဝိဂတပစ္စယော | ၃၀၉ |
| ၄။ | ရှေ့စိတ်ချုပ်ပျောက်ပြီးမှ နောက်စိတ်ပေါ် | ၃၁၀ |
| ၅။ | ရသေ့၏သီလကို ဖျက်ဆီးခဲ့သည့် အလမ္ဗုသာနတ်သမီး | ၃၁၀ |
| ၆။ | ဆုတောင်း | ၃၁၂ |
| | **၂၄။ အဝိဂတပစ္စယော** | |
| ၁။ | အဝိဂတပစ္စည်း၏ကျေးဇူးပြုပုံ | ၃၁၃ |
| ၂။ | တွဲပြီးလေ့လာသင့်သည့်ပစ္စည်း | ၃၁၃ |
| ၃။ | နာမ်ခန္ဓာလေးပါး | ၃၁၄ |
| ၄။ | မဟာဘုတ်လေးပါး | ၃၁၅ |
| ၅။ | ပဋိသန္ဓေအခိုက် | ၃၁၆ |
| ၆။ | ပတိပူဇိကာသတို့သမီး | ၃၁၇ |
| ၇။ | လူ့ပြည် အနှစ် ၁၀၀၊ နတ်ပြည် ၁ ရက် | ၃၁၈ |
| ၈။ | ဆုတောင်း | ၃၁၉ |

# ကျေးဇူးဥပကာရ မော်ကွန်း

"သိကောင်းစရာ ဘဝနှင့် ပဋ္ဌာန်းတရား" စာအုပ်၏ စာမူကြမ်းကို ဖတ်ရှုပြီး စာလုံးပေါင်းသတ်ပုံမှသည် ပုဒ်ထီး၊ ပုဒ်မ ထားသိုမှုကအစ ပါဠိသဒ္ဒါရေးရှုထောင့်တို့ကို စစ်ဆေးပြုပြင် တည့်မတ်ပေးတော်မူခဲ့ရုံမက ပဋ္ဌာန်းစာအုပ်ကောင်းတစ်အုပ် ဖြစ်ပေါ် လာနိုင်ရန် အကြံဉာဏ်ကောင်းများစွာကို ပေးအပ် ချီးမြှင့်တော်မူခဲ့သည့် မှော်ဘီ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဦးစန္ဒာသိရီ (သာသနဓ ဇဓမ္မာစရိယ၊ ဝိနယဝိဒူ)နှင့် မဟာဝိဟာရ လှည်းကူးဆရာတော် ဘုန်းတော်လေး ဦးအဘယာလင်္ကာရ တို့အား ကျေးဇူးဥပကာရတင်ရှိပါသည်။

စာမူကြမ်းများကို ဖတ်ရှုကာ ကျမ်းညွှန်းများ တိုက်ဆိုင်စစ်ဆေးပေးတော်မူခဲ့ သည့် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)မှ တပည့်များဖြစ်ကြသော ဦးစန္ဒိမာဘိဝိနယာစရိယ B.Sc(Bot), ADMK (THAMES-OXFORD), DMA နှင့် ဦးဉာဏောဘာသ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)တို့အားလည်းကောင်း၊ ဆက်လက် ပြီး ဤစာအုပ်၏စာမူကြမ်း၌ မြန်မာစာသတ်ပုံအပါအဝင် ခွဲထားတို့ကို အကြိမ်ကြိမ် အထပ်ထပ် စစ်ဆေးတည့်မတ်ပေးခဲ့သည့် နေပြည်တော် ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ခင်မျိုးသစ် (B.A, B.Ed) ကိုလည်းကောင်း၊ ပဋ္ဌာန်း ၂၄ ပစ္စည်း၏ သရုပ်ဖော်ပုံများကို ရေးဆွဲပေးခဲ့သည့် ရန်ကုန်မြို့မှ ပန်းချီဆရာကြီး ဦးမြင့်မောင်အားလည်းကောင်း၊ စာမျက်နှာ (၃၀၀)ကျော်ရှိသည့် ဤပဋ္ဌာန်းကျမ်း စာအုပ်၏ လက်ရေးစာမူမှသည် ကွန်ပျူတာ စာမူချောထွက်ပေါ်လာသည့်အထိ အဆင့်ဆင့် ဖတ်ရှုပြင်ဆင်နိုင်ရန် ၄-ကြိမ်တိုင်တိုင် Proof ထုတ်ကာ Hard copy, Soft copy များကို ပုံနှိပ်နိုင်သည့်အဆင့်တိုင်အောင် စိတ်ရှည်စွာ ဆောင်ရွက်ပေးခဲ့ ကြသည့် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၏ ရုံးခန်းမှတပည့်များ ဖြစ်ကြသည့် တာဝန်ခံ ဆရာလေးဒေါ်ကုသလာ (B.A, Myanmar)၊ ဒေါ်ဝိမလာ (B.A, Philosophy) နှင့် ရုံးအဖွဲ့အားလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

ဆက်လက်ပြီး ပဋ္ဌာန်းတရားတော် လေ့လာနိုင်ရန် တိမ်မြုပ်ပျောက်ကွယ်နေသည့် ရှားပါးကျမ်းစာအုပ်များစွာကို ရှာဖွေလှူဒါန်းပြီး ပဋ္ဌာန်းတရားတော်ကို လက်တွေ့ Applied Method နည်းဖြင့် လေ့လာဆည်းပူးနိုင်ရန် ကူညီပေးခဲ့သည့် (World- wide Patthana Dhamma Conference)၏ ပဋ္ဌာန်းစာတမ်းရှင် အင်ဂျင်နီယာ ဒါယကာ ဦးအုန်းကျော် (B.E, Electrical Power) ကိုလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)
ဒက္ခိဏသီရိမြို့၊ နေပြည်တော်

# နိဒါန်း

## "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော် သမိုင်းတစ်လျှောက်၌ ပဋ္ဌာန်းတရားတော်မြတ်ကို ပိဋကတ်အကျော်အမော် ဆရာတော်ကြီးများက ကျမ်းများစွာဖြင့် အသီးသီး ဖွင့်ဆိုပေးတော်မူခဲ့ပြီး ဖြစ်ပါသည်။ ဤသို့ ဖွင့်ဆိုပြသပေးတော်မူခဲ့သည့် ကျေးဇူးရှင် ဆရာသခင်များသာ မပေါ်ပေါက်ခဲ့ပါလျှင် မိမိတို့၏ တစ်ထွာ၊ တစ်မိုက်မျှလောက်သော အသိဉာဏ်ကလေးဖြင့် ပဋ္ဌာန်းတရားတော်ကို နားလည် သဘောပေါက်ရန်ဝေးစွ လေ့လာဆည်းပူးနိုင်မည့် နည်းစနစ်မျှပင် သိနိုင်မည်မထင်ပါပေ။

ယခုအခါ၌မူ လယ်တီဆရာတော်ကြီး၊ မူလပဋ္ဌာန်းဆရာတော်ကြီး၊ ပဋ္ဌာန်းသိပ္ပံဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာဂန္ဓာရုံဆရာတော်ကြီး၊ ပါမောက္ခချုပ်ဆရာတော်ကြီး၊ တိပိဋက ရေစကြိုဆရာတော်ကြီး စသည့် ကျေးဇူးရှင်ဆရာသခင်များက ဘုရားဟော ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ဖွင့်ဆိုပြတော်မူခဲ့သောကြောင့်သာ မိမိတို့သည်လည်း ပဋ္ဌာန်းအရာ၌ ကလေးငယ် အသိမျှ ရရှိလာခြင်းဖြစ်ပါသည်။

ယနေ့အခါသမယ၌ ထူးခြားနေသည်မှာ ပရိယတ္တိဝိသာရဒဖြစ်တော်မူသော ရဟန်းသံဃာတော်များသာမက လူပုဂ္ဂိုလ်များစွာကလည်း ပဋ္ဌာန်းတရားတော်အပေါ် ယုံကြည်မှုသဒ္ဓါတရား ဖြိုးမောက်ပြည့်လျှံလာနေသည်ကို အံ့သြ ကြည်နူးဝမ်းမြောက်ဖွယ် တွေ့နေရပါသည်။

ဒါယကာတို့ကို မဆိုထားဘိ အချို့ဒါယိကာမများကပင် ပဋ္ဌာန်းကျမ်းစာအုပ် ၅ အုပ် အစအဆုံးတိုင်အောင် "၃ ကြိမ် ပူဇော်ပြီးပါပြီဘုရား"ဟူ၍ လည်းကောင်း၊ အချို့က "၁၈ ကြိမ် ပူဇော်ပြီးပါပြီဘုရား" ဟူ၍လည်းကောင်း၊ ယမန်နေ့ကမူ "ဘုရားတပည့်တော် ဒီနေ့ ၆၃ နှစ်ပြည့် မွေးနေ့ပါဘုရား၊ မနက်ဖန်ကစပြီး ၆၄ နှစ်အတွက် ၆၄ ကြိမ်မြောက်ပဋ္ဌာန်း ၅ ကျမ်းကို အစအဆုံး ပူဇော် ပါဦးမယ်ဘုရား"ဟု လျှောက်ထားဖူးသည့်အထိ သဒ္ဓါတရားများ အံ့မခန်း တိုးပွားနေကြသည်ကို တွေ့နေရပါသည်။

သို့သော် ပဋ္ဌာန်းတရားတော်ကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပူဇော်နေကြသည်ကို တွေ့နေရပါသော်လည်း မည်သည့်ရည်ရွယ်ချက်ဖြင့် ပူဇော်သည်ဖြစ်စေ ဘုရားရှင်၏နုတ်တော်ထွက် ပဋ္ဌာန်းတရားတော်ကို ပူဇော်နေကြသည်ကို အားပေးချီးမြှောက်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ပဋ္ဌာန်းတရားတော်ကို ကြည်ညို၍ ပူဇော်ကြသည့် ဝါသနာရှင်များအတွက် ရှိပြီးသဒ္ဓါတရား ထပ်၍ တိုးပွားလာစေရန်နှင့် အသိဉာဏ်ဗဟုသုတများ တိုးလာစေရန် ပဋ္ဌာန်းတရားတော်အကြောင်း သိသင့်ရာရာများကို ဦးစွာ မိတ်ဆက်အနေဖြင့် ရေးသားပါဦးမည်။

မေးခွန်း ။ ပဋ္ဌာန်းတရားတော်ကို မည်သူက ဟောကြားခဲ့ပါသနည်း။
အဖြေ ။ သဗ္ဗညုမြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

မေးခွန်း ။ ပဋ္ဌာန်းတရားတော်ကို မည်သည့်နေရာတွင် ဟောကြားခဲ့ပါသနည်း။
အဖြေ ။ ယုဇနာ တစ်သောင်းကျယ်သော တာဝတိံသာ နတ်မြို့တော်ကြီးအတွင်း ပင်လယ်ကသစ်ပင်ရင်းရှိ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ဟောကြားတော်မူခဲ့ပါသည်။

မေးခွန်း ။ မြတ်စွာဘုရားရှင် သက်တော်မည်မျှတွင် နတ်ပြည်၌ ပဋ္ဌာန်းတရားတော် ဟောကြားတော်မူခဲ့ပါသနည်း။
အဖြေ ။ နတ်ပြည်၌ ပဋ္ဌာန်းတရားတော်ဟောကြားချိန်၌ ဘုရားရှင်၏ဝါတော်(၇)၊ သက်တော်(၄၂)နှစ် ဖြစ်ပါသည်။

မေးခွန်း ။ အဘယ်သူတို့ကပဋ္ဌာန်းတရားတော်ကိုနာကြားခဲ့ပါသနည်း။
အဖြေ ။ စကြဝဠာတိုက်တစ်သောင်းမှ ကြွလာကြသည့် နတ်ဗြဟ္မာပရိသတ်တို့က ပဋ္ဌာန်းတရားတော်ကို နာကြားခဲ့ပါသည်

မေးခွန်း ။ ပဋ္ဌာန်းတရားတော်ကို လူ့ပြည်၌မဟောဘဲ အဘယ်ကြောင့် နတ်ပြည်၌ ဟောသနည်း။
အဖြေ ။ မယ်တော်ကြီးဖြစ်ခဲ့ဖူးသည့် သန္တုသိတနတ်သား၏ကျေးဇူးတရားကို ဆပ်လိုသည်ကတစ်ကြောင်း၊ တရားတော်အစ အဆုံးကို ဣရိယာပုတ်မပြင်ဘဲ နာကြားနိုင်သည့်ပရိသတ်မှာ နတ်ဗြဟ္မာများဖြစ်ကြသည်က တစ်ကြောင်းတို့ကြောင့် နတ်ပြည်၌ ဟောတော်မူခြင်း ဖြစ်ပါသည်။

မေးခွန်း ။ အချိန်ကာလ မည်မျှကြာသည့်တိုင် ဟောကြားခဲ့ပါသနည်း။
အဖြေ ။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့သို့တိုင်အောင် လူတို့၏ကာလအားဖြင့် သုံးလအပိုင်းအခြားဖြင့် ဟောကြားတော်မူခဲ့ပါသည်။

မေးခွန်း ။ နတ်ပြည်၌ ဟောကြားခဲ့သည့် ပဋ္ဌာန်းတရားတော်သည် လူ့ပြည်၌ အဘယ်ကဲ့သို့ ပြန့်ပွားလာခဲ့ပါသနည်း။
အဖြေ ။ ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အကျယ်အားဖြင့် "အတိဝိတ္ထာရ ဒေသနာတော်"ကို ဟောကြားတော်မူခဲ့ပါသည်။ ထိုတရားတော်ကို အရှင်သာရိပုတ္တရာမထေရ်မြတ်အား အကျဉ်းအားဖြင့် "အတိသင်္ခေပဒေသနာ"တော်ကို ဟောကြားတော်မူခဲ့ပါသည်။ ထိုမှတစ်ဖန် အရှင်သာရိပုတ္တမထေရ်မြတ်က

လင်းနို့သား ငါးရာဖြစ်ခဲ့ဖူးသော ရဟန်းတပည့် ငါးရာတို့ကို မကျဉ်းမကျယ် အလယ် အလတ်နည်းအားဖြင့် "နာတိ ဝိတ္ထာရ နာတိသင်္ခေပ ဒေသနာ" ဟောကြားပေးတော် မူပါသည်။ ယနေ့ လူ့ပြည်၌ ဟောကြား၊ နာကြားနေရသည်မှာ အရှင်သာရိပုတ္တ မထေရ်မြတ်ဟောကြားတော်မူခဲ့သည့် ဒေသနာတော်ဖြစ်ပါသည်။

မေးခွန်း ။ ပဋ္ဌာန်းကျမ်း၏ အခြားအမည်ရှိသေးလျှင်လည်း သိလိုပါသေးသည်။

အဖြေ ။ ပဋ္ဌာန်းကျမ်း၏အမည်ရင်းမှာ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းဖြစ်၏။ (အနန္တ= အဆုံး အစမရှိ အနန္တ။ နယ = နည်းစနစ်။ သမန္တ = ထက်ဝန်းကျင် အလုံးစုံ ပြည့်စုံသည်) ဟု အဓိပ္ပာယ် ရပါသည်။ ထည့်သွင်းရန်လည်းမလို၊ နုတ်ပယ်ရန်လည်းမလို၊ ပြုပြင်ရန် လည်း မလိုအောင်ပင် ပြည့်စုံနေသောကြောင့် "အနန္တနယသမန္တ ပဋ္ဌာန်းကျမ်း" ဟုခေါ်ခြင်း ဖြစ်သည်။

မေးခွန်း ။ ဘုရားရှင်သည် နတ်ပြည်၌ (၃)လကာလပတ်လုံး ပဋ္ဌာန်းကျမ်းကိုသာ ဟောတော် မူခဲ့ပါသလော။

အဖြေ ။ ပဋ္ဌာန်းကျမ်းအပါအဝင် အဘိဓမ္မာ (၇)ကျမ်းကို ဟောကြားတော်မူခဲ့ပါသည်။

မေးခွန်း ။ အဘိဓမ္မာ (၇)ကျမ်း၌ အဘယ်ကျမ်းတို့ပါဝင်သနည်း။

အဖြေ ။ ၁- ဓမ္မသင်္ဂဏီ၊ ၂- ဝိဘင်း၊ ၃-ဓာတုကထာ၊ ၄- ပုဂ္ဂလပညတ်၊ ၅- ကထာဝတ္ထု၊ ၆-ယမိုက်နှင့် ၇-ပဋ္ဌာန်းကျမ်းတို့ ဖြစ်ပါသည်။

ရှင်တော်မြတ်ဘုရားသည် ဤအဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာ၌ သဗ္ဗညုတ ဉာဏ်တော်အစွမ်း ရှိတော်မူသည့်အတိုင်း လောကဓာတ်တစ်ခုလုံးကို မွှေနှောက် ချောက်ချား စေလျက် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ စသည်တရားတို့၏ သဘာဝဖြစ်စဉ်ကို အကြွင်းအကျန်မရှိ အကုန်အစင် ဝေဖန် ပိုင်းခြား ဟောကြားတော်မူခဲ့ပါသည်။

ဘုရားရှင်ဟောကြားတော်မူခဲ့သည့် အာဏာဒေသနာတော်၊ ဝေါဟာရဒေသနာတော်နှင့် ပရမတ္ထဒေသနာတော်ဟူ၍ ဒေသနာတော်အပြား သုံးပါးရှိရာတွင် အဘိဓမ္မာပိဋကတ်တော်သည် ပရမတ္ထဒေသနာတော် ဖြစ်လေသည်။ တစ်ဖန် သံဝရာသံဝရကထာ၊ ဒိဋ္ဌိဝိနိဝေဌနကထာ၊ နာမရူပ ပရိစ္ဆေဒကထာဟူ၍ ကထာအပြား သုံးပါးရှိရာ အဘိဓမ္မာပိဋကတ်တော်သည် နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားသိမြင်အောင် ဟောကြားရာဖြစ်သောကြောင့် နာမရူပရိစ္ဆေဒကထာ ဖြစ်လေသည်။

ဆက်လက်၍အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ ဟူ၍ သိက္ခာအပြား သုံးပါးရှိရာ အဘိဓမ္မာပိဋကတ်၌ အဓိပညာဆိုင်ရာတို့ကို အထူးတလည် ဟောကြားတော်မူပြီး

ပရမတ္ထတရားတည်းဟူသော ရုပ်နာမ်တို့ကို ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိမြင်ကာ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ရောက်အောင် ဟောကြားရာဖြစ်သောကြောင့်လည်း အဓိပညာသိက္ခာဖြစ်သည်။

ဤတွင်ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်ကာ အဓိပညာသိက္ခာကို သံသရာခရီး၏ တစ်ဖက် ကမ်းသို့ ကူးမြောက်သည့်တိုင် ကျင့်တော်မူနိုင်ခဲ့သည့် မဟာဂတိဂမိယတိဿ ဒတ္တမထေရ်မြတ်ကြီး၏ အကြောင်းကိုလည်း ဖော်ပြပါဦးမည်။

မထေရ်မြတ်ကြီးသည် သီဟိုဠ်ကျွန်းမှသည် မဇ္ဈိမဒေသသို့ မဟာဗောဓိကို ဖူးမြော်နိုင်ရန် ပင်လယ်ခရီးကို သင်္ဘောစီး၍ ကြွတော်မူပါသည်။ ရေလမ်းခရီး ထက်ဝက်ခန့်ရောက်သောအခါတွင် သင်္ဘောပေါ်မှနေ၍ အဆုံးအစမထင်သော ပင်လယ်ရေပြင်ကြီးကို တမျှော်တခေါ်ကြည့်ရှုနေကာ "ဤပင်လယ်ရေပြင်ကြီးမှာ အလွန်ပင်ကျယ်ပြောကာ ဟိုမှာဘက်ကမ်းကိုလည်း မမြင်ရ၊ ဒီမှာ ဘက်ကမ်းကိုလည်း မမြင်ရ၊ အိမ်လောက်မက ကြီးမားသော လှိုင်းလုံးဖြူကြီးများသာ တက်ကြွ ရိုက်ခုန်နေပေတော့သည်။ ကမ်းမမြင်ရသကဲ့သို့ မည်မျှနက်ရှိုင်းမည်ကိုလည်း မခန့်မှန်းနိုင်တော့ပါ တကား"ဟု တွေးထင် ဆင်ခြင်တော်မူနေသည်။

ထိုအခါ မထေရ်မြတ်ကြီး၏ဉာဏ်ထဲ၌ အဘိဓမ္မာပဋ္ဌာန်းကျမ်းကြီးကို လေ့ကျက်ဖန်များ သည့်အတိုင်း ပဋ္ဌာန်းကျမ်းကြီးနှင့်စပ်သော စိတ်ကူးအကြံအစည်တစ်ခု ဝင်လာလေသည်။ "ဤ မဟာသမုဒ္ဒရာကြီး၏ လှိုင်းတံပိုးအဟုန်ကပင် အင်အားကြီးသလော၊ ထိုသို့မဟုတ် ၂၄ ကျမ်းရှိသော မဟာပဋ္ဌာန်းကျမ်းကြီး၏ ဆန်းကြယ်သော နည်းပညာကပင် အင်အားကြီးသလော၊ ထိုအခါ မထေရ်၏ ဉာဏ်အမြင်၌ မဟာသမုဒ္ဒရာသည် မည်မျှပင် ကျယ်ပြောသော်လည်း အပိုင်းအခြား ကား ရှိပေသေးသည်။ အထက်မှာ ကောင်းကင်ရှိသည်။ အောက်ရေပြင်အောက်မြေပြင်ရှိသည်။ တဘက်တွင်လည်း စကြဝဠာတောင်နှင့် ပင်လယ်ကမ်းခြေပိုင်းခြား သတ်မှတ်၍ ရနိုင်ပေသေးသည်။ ပဋ္ဌာန်းကျမ်းကြီး၏ ဆန်းကြယ်နက်ရှိုင်းမှုမှာကား အပိုင်းအခြား အကန့်အသတ် မရှိပါတကား"ဟု ပဋ္ဌာန်းကျမ်းကြီးကို ရင်းဖျား တံ့လှည့် နှိုင်းရှည် ဆင်ခြင်နေမိပါတော့သည်။

သိမ်မွေ့နက်ရှိုင်းသော အဘိဓမ္မာ ပဋ္ဌာန်းဒေသနာများကို အစုန်အဆန် အပြန်ပြန် အလှန်လှန် သုံးသပ်ဆင်ခြင်တော်မူရာ တစ်ကိုယ်လုံး ပီတိများ လွှမ်းဖုံးသွားပါတော့သည်။ ထိုဖြစ်ပေါ်လာသောပီတိကို လျစ်လျူရှုကာ မိမိခန္ဓာကိုယ်ပေါ်၌ အမြဲမပြတ် ဖြစ်ပေါ်ချုပ်ပျက် နေသော ရုပ်နာမ်သဘောများကို အကြောင်းနှင့် အကျိုး၊ အာရုံနှင့် အာရမ္မဏိကစသည်ဖြင့် ရှုမှတ်တော်မူရာ သင်္ဘောပေါ်၌ပင် ကိလေသာဝါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူလေသည်။

ထို့ကြောင့် သမုဒ္ဒရာကြီးသည် ကမ်းမမြင်၊ လမ်းမမြင် အလွန့်အလွန် ကြီးမားကျယ်ပြန့်ပြော လှပါသည်။ အလွန်လည်း နက်ရှိုင်းသဖြင့် သာဂရမည်ပါသည်။ ထိုသမုဒ္ဒရာကြီးကို ပမာပြုကာ သံသာရသာဂရ = သံသရာသမုဒ္ဒရာ။ ဇလသာဂရ = ရေသမုဒ္ဒရာ။ နယသာဂရ = ပိဋကတ်သုံးပုံ တည်းဟူသော နည်းသမုဒ္ဒရာနှင့် ဉာဏသာဂရ = သဗ္ဗညုတဉာဏ်ဟူ၍ ဓမ္မသင်္ဂဏီအဋ္ဌကထာ၌

လာရှိပါသည်။ ဤပဋ္ဌာန်းကျမ်းတော်ကြီးသည်လည်း အလွန့်အလွန် ကျယ်ပြန့်၏၊ အလွန့်အလွန် လည်း နက်ရှိုင်းလေ၏။ ပဋ္ဌာန်းကျမ်းကို ဟောကြားတော်မူသည့် မြတ်စွာဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်ကြီးသည်လည်း အလွန့်အလွန် ကြီးကျယ်၏၊ အလွန့်အလွန်လည်း နက်ရှိုင်းသောကြောင့် ဉာဏသာဂရ မည်ပေသည်။

ဤမျှကြီးကျယ်မွန်မြတ်လှသည့် ပဋ္ဌာန်းတရားတော်ကို ဝါသနာထုံမွမ်းကြသည့် ယနေ့ခေတ် လူကြီး၊ လူငယ်၊ လူလတ် ပရိသတ်တို့အတွက် ဤ "သိကောင်းစရာ ဘဝနှင့် ပဋ္ဌာန်းတရား"စာအုပ်က ပဋ္ဌာန်းတရားတော်ဆိုင်ရာ အခြေခံဗဟုသုတကို ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ရှိပြီး သဒ္ဓါတရားများကိုလည်း ပို၍ပို၍ တိုးလာစေနိုင်မည်ဟု ယုံကြည်ပါသည်။

ဆက်လက်ပြီး "သိကောင်းစရာ ဘဝနှင့် ပဋ္ဌာန်းတရား"စာအုပ်ကို ပဏ္ဍိတဝေဒနီယဖြစ်တော် မူကြပြီး ပရမတ္ထတရားကို သိမြင်နိုင်စွမ်းတော်မူကြသည့် ပညာရှိ ဆရာသခင်တို့၏အမြင်၌ လိုအပ်ချက်၊ ခြွတ်ယွင်းချက် များတွေ့ရှိတော်မူပါလျှင် မေတ္တာရှေ့ထား သည်းခံခွင့်လွှတ်ပေး တော်မူပါမည်အကြောင်း ဦးစွာ မေတ္တာရပ်ခံပါသည်။ အကယ်၍ မဖြစ်မနေ ပြုပြင်ရန် လိုအပ် သည်များကို တွေ့ရှိတော်မူပါလျှင်မူ ကရုဏာရှေ့ထားပြီး အကြံဉာဏ်ကောင်းများ ပေးတော်မူကြ ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

---

**ကျမ်းညွှန်း**

(၁) နိဒါနကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာ (နှာ-၁၂)

(၂) တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်း (နှာ-၁၇)

(၃) မဗ္ဗာစရိယဦးဌေးလှိုင်၏ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ (နှာ-၂၄၉)

(၄) ဆရာကြီးဦးကျော်ထွတ်၏ သဒ္ဓမ္မဇောတိကပဋ္ဌာန်း

# ပဋ္ဌာန်းတရားတော်အကြောင်း သိကောင်းစရာ

MA ကျောင်းသား မောင်သီဟကျော်သည် ရဟန်းဘဝဖြင့် တစ်ဝါဆိုခဲ့ပါသည်။ ထို့နောက် မိခင်၏ဆန္ဒကို မလွန်ဆန်လိုသောကြောင့် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်နိုင်ရန် သူမြတ်နိုးလှသည့် ရဟန်းဘဝကို စွန့်လွှတ်ခဲ့ရှာပါသည်။ ဘွဲ့ယူပြီးနောက်ပိုင်းတွင် ကျောင်း၌ အနေများပြီး ရံခါ၌လည်း အိမ်သို့ ပြန်အိပ်တတ်ပါသည်။

ယခုအခါ ခေတ်ပညာတတ် လူငယ်တစ်ယောက်၏စိတ်ကို ပဋ္ဌာန်းတရားတော်က ဖမ်းစားထားသောကြောင့် ပဋ္ဌာန်းဆိုင်ရာစာအုပ်များကို အငမ်းမရ ရှာဖွေဖတ်ရှုနေလေ့ရှိသကဲ့သို့ ပဋ္ဌာန်းတရားတော်အပေါ် သိချင်စိတ်ကလည်း ထက်ထက်သန်သန် နိုးကြားလာနေသောကြောင့်ထင့် မေးခွန်းပေါင်းစုံကို အဆက်မပြတ် မေးမြန်း လျှောက်ထားလာတတ်ပါသည်။ သူ၏အစီအစဉ် မကျလှသော မေးခွန်းများကို စုစည်း၍ ဖော်ပြထားပါသည်။

## ပစ္စယေန ပစ္စယော

MA ကျောင်းသား ~ တပည့်တော် ပဋ္ဌာန်းကို လေ့လာတာ ဝါသနာပါတယ်ဘုရား။ သို့သော် အဓိပ္ပာယ် မသိဘူးဖြစ်နေတယ်။ တက္ကသိုလ်က တပည့်တော်ရဲ့ ဆရာ၊ ဆရာမတွေကို မေးကြည့်တော့ သူတို့လည်း ပဋ္ဌာန်းရွတ်တော့ရွတ်ကြတယ်။ အဓိပ္ပာယ်မသိလို့ သိချင်နေတယ်လို့ ပြောကြပါတယ်ဘုရား။

ဆရာတော် ~ ပဋ္ဌာန်းတရားတော်ကို လေးလေးစားစား နေ့စဉ်ပူဇော်နေပြီး အဓိပ္ပာယ်မသိတဲ့ ခေတ်ပညာတတ် လူငယ်၊ လူလတ်၊ လူကြီးပုဂ္ဂိုလ်တွေ အများကြီး ရှိနေကြတယ်။ သူတို့ ပဋ္ဌာန်းတရားတော်ရဲ့ အဓိပ္ပာယ်သိကြရင် သဒ္ဓါတရား ပိုလို့ ထက်သန်လာကြမှာပါ မောင်ကျောင်းသား။

MA ကျောင်းသား ~ တပည့်တော်တို့ ရပ်ကွက်ဓမ္မာရုံမှာ မနေ့က အသံမစဲပဋ္ဌာန်းရွတ်တာကို သေသေချာချာ နားထောင်ကြည့်ပါတယ်ဘုရား။ "ပစ္စယေန ပစ္စယော"လို့ပဲ အထပ်ထပ်ကြားနေရပြီး ဘာမှန်းမသိဘူး။ ဘုရားတပည့်တော် လင်းနို့သားလိုများ ဖြစ်နေပြီလား မသိဘူးဘုရား။

ဆရာတော် ~ မောင်ကျောင်းသား သတိပြုမိတဲ့ "ပစ္စယေန ပစ္စယော" ဆိုတာက အကြောင်းတရားက အကျိုးတရားဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးတယ်။ တစ်နည်းပြောရရင် အကြောင်းတရားရှိလို့သာ အကျိုးတရားတွေ ဖြစ်လာနိုင်တယ်လို့ ဆိုလိုတာပါ။

MAကျောင်းသား ~ မှန်ပါဘုရား။

ဆရာတော် ~ ပစ္စယဆိုတာ Cause အကြောင်းတရား။ ပစ္စယုပ္ပန်ဆိုတာက Effect အကျိုးတရားလို့ အဓိပ္ပာယ်ရပါတယ်။

MAကျောင်းသား ~ မှန်ပါ။ ပစ္စည်းဆိုတာကြီးက ဘာပစ္စည်းပါလဲဘုရား။
ဆရာတော် ~ ပါဠိလို ပစ္စယကို ပစ္စည်းဆိုပြီး ပါဠိသက်ဝေါဟာရအဖြစ် မြန်မာမှုပြုထားတာပါ။
MA ကျောင်းသား ~ တိကကို တိက်၊ ဒုကကို ဒုက်လိုမျိုး၊ အခုလည်း ပစ္စယကနေ ပစ္စည်းဖြစ်လာတာပါလားဘုရား။
ဆရာတော် ~ ဟုတ်တာပေါ့ မောင်ကျောင်းသား။ ဟုတ်ပါတယ်။

## ပဋ္ဌာန်းမပူဇော်ခင် ပုဗ္ဗကိစ္စ

ဆရာတော် ~ ပဋ္ဌာန်းတရားကို လေ့လာနေတယ်ဆိုတာတော့ ဟုတ်ပါပြီ။ ပဋ္ဌာန်းကျမ်းကို ပူဇော်ရဲ့လား မောင်ကျောင်းသား။
MAကျောင်းသား ~ တပည့်တော်အမေက ပဋ္ဌာန်း ၅ ကျမ်း နေ့စဉ် ပူဇော်ပါတယ်ဘုရား။ အန်တီလေးက ပဋ္ဌာန်းတစ်ကျမ်းတည်းပဲ ပူဇော်ပါတယ်။ အဖေက ၂၄ ပစ္စည်း ပူဇော်ပြီး တပည့်တော်က ပဋ္ဌာန်းပူဇော်ရင် ဘယ်လိုအကျိုးရှိနိုင်သလဲဆိုတာ သိချင်လို့ လေ့လာနေတုန်းပါဘုရား။ ပဋ္ဌာန်းအကြောင်းလည်း သိချင်ပါသေးတယ်ဘုရား။
ဆရာတော် ~ မောင်ကျောင်းသားက အကျိုးကို အရင်သိရမှ ပူဇော်မယ်ဆိုတော့ ပဋ္ဌာန်းပူဇော်ခြင်းရဲ့ အကျိုးကိုလည်း ပြောပြပါဦးမယ်။ အဲဒါ မပြောခင် သိသင့်ရာရာကို အရင်ဦးဆုံး ပြောပြမယ်လေနော်။
MAကျောင်းသား ~ မှန်ပါ။ ပဋ္ဌာန်းတရားတော်ဆိုရင် တပည့်တော် အားလုံး သိချင်ပါတယ်ဘုရား။
ဆရာတော် ~ ဟုတ်ပြီ။ ပဋ္ဌာန်းမပူဇော်ခင် မျက်နှာသစ်၊ ပလုတ်ကျင်း၊ ခြေလက်ပါဆေးကြောပြီး ခန္ဓာကိုယ်ကို အရင်ဦးဆုံး သန့်စင်ရပါမယ်။ ပြီးတော့ နေ့စဉ် အချိန်မှန်မှန် ရွတ်ဖတ် ပူဇော်ရပါမယ်။ အသံကိုလည်း အသင့်အတင့် ကျယ်အောင် ရွတ်ဖတ်ရမယ်နော်။ ပဋ္ဌာန်းပူဇော်ပြီးရင်တော့ ၃၁ ဘုံသားအားလုံးကို အမျှပေးဝေဖို့လည်း မမေ့ရဘူးနော် မောင်ကျောင်းသား။

## ပဋ္ဌာန်းပူဇော်လျှင် ရမည့်အကျိုး

MA ကျောင်းသား ~ မှန်ပါဘုရား။ မှတ်သားထားပါ့မယ်။ ပဋ္ဌာန်းရွတ်ရင် ရမဲ့အကျိုးတွေကိုလည်း တပည့်တော် သိချင်ပါသေးတယ်။
ဆရာတော် ~ မောင်ကျောင်းသား သိချင်နေတဲ့ ပဋ္ဌာန်းရွတ်ရင်ရမဲ့ အကျိုးကျေးဇူးတွေ အများကြီးထဲက တချို့ကို ပြောပြမယ်။ အသိဉာဏ်ပညာ ကြီးကျယ်တဲ့ အကျိုးကို ရမယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ အထောက်အပံ့ကောင်းဖြစ်စေတဲ့ အကျိုးလည်းရပါတယ်။ ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်တဲ့ ဘေးရန်ကြောင့်ကြ

ဆင်းရဲကနေ ကင်းလွတ်တဲ့အကျိုးကို ရနိုင်တယ်။ မိမိဆောင်ရွက်နေတဲ့ လုပ်ငန်းကိစ္စရပ်တွေ ပြီးစီးအောင်မြင်တဲ့ အကျိုးလည်း ရပါတယ်။ ပဋ္ဌာန်းပူဇော်ခြင်းကြောင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတဲ့ အကျိုးကိုလည်း ရပါသေးတယ် မောင်ကျောင်းသား။

MAကျောင်းသား ~ လုပ်ရတဲ့လုပ်အားက နည်းနည်းလေးပေမဲ့ ရတဲ့အကျိုးကျေးဇူးက များလွန်းပါတယ်ဘုရား။ အန်တီလေးနဲ့ မေမေကိုလည်း ပဋ္ဌာန်းရွတ်ရင် အခုလို အကျိုးတွေ အများကြီး ရနိုင်တယ်ဆိုတာ ပြောပြပါဦးမယ်ဘုရား။

ဆရာတော် ~ သူများကို ပြောပြရုံနဲ့မပြီးဘဲ ကိုယ်ကိုယ်တိုင် အကျိုးခံစားနိုင်အောင် ကြိုးစားသင့်တာပေါ့ မောင်ကျောင်းသား။

MA ကျောင်းသား ~ မှန်ပါ။ တပည့်တော်လည်း ကြိုးစားပါ့မယ်ဘုရား။

## ပဋ္ဌာန်းပူဇော်လျှင် အသံထွက်မှန်ရမည်

MA ကျောင်းသား ~ ပဋ္ဌာန်းပါဠိတော်ကို ပူဇော်ရာမှာ အသံထွက်မှန်ကန်ဖို့ လိုတယ်လို့ ရေးကြပြောကြပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်တဲ့အခါမှာ အသံထွက်တင်မကဘူး မောင်ကျောင်းသား။ အဖြတ်အတောက်လည်း မှန်ကန်ဖို့ လိုပါသေးတယ်။

MA ကျောင်းသား ~ ပဋ္ဌာန်းပူဇော်တဲ့အခါ အသံထွက်မှန်ကန်ဖို့၊ အဖြတ်အတောက်မှန်ကန်ဖို့ သိသင့်တာတွေရှိရင်လည်း တပည့်တော် သိပါရစေဘုရား။

ဆရာတော် ~ ပဋ္ဌာန်းပူဇော်ရင် အကြိမ်ကြိမ် တွေ့ရတတ်တဲ့ စကားလုံးတွေကို အရင်ဦးဆုံး ပြောပြမယ်လေနော်။

MA ကျောင်းသား ~ မှန်ပါဘုရား။

ဆရာတော် ~ "ပစ္စယေန ပစ္စယော"ကို ခဏခဏ တွေ့ရတတ်တယ်။ ဒီ "ပစ္စယေန ပစ္စယော" ကို ပူဇော်တဲ့အခါမှာ အသံထွက် မှားတတ်တာကတော့ "ပျစ်စယေန ပျစ်စယော"လို့ ဆိုမိတတ်တယ်။ ပြီးတော့ "ပစ္စယေးန ပစ္စယော:"လို့လည်း မှားပြီး အသံရှည်နဲ့ ဆိုမိတတ်ပါတယ်။

MA ကျောင်းသား ~ တင်ပါ။ "ပျစ်စယေန ပျစ်စယော"လို့ အသံထွက်မိရင် မှားတာကို မှတ်သားထားပါ့မယ်ဘုရား။ သူ့ရဲ့အသံထွက် အမှန်ကိုလည်း သိပါရစေ။

ဆရာတော် ~ "ပစ္စယေန ပစ္စယော"မှာ အပေါ်အောက် 'စ'နှစ်လုံး ပါနေတယ်။ တစ်လုံးက 'စ'သတ်အသံ ထွက်ရတယ်။ ဒါကြောင့် အသံထွက်အမှန်က "ပစ်စယေန ပစ်စယော"လို့ ဆိုရင် မှန်ပါပြီ မောင်ကျောင်းသား။

MA ကျောင်းသား ~ ဒါဆိုရင် "ဓမ္မာ"ဆိုတဲ့အခါမှာလည်း 'မ'သတ်အသံ ထွက်ရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဆိုပါစို့ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"မှာ "ဓမ္မာ"တွေ အများကြီး ပါနေတယ်လေ။ ဒါကို အသံထွက်မှန်ကန်အောင် "ပုရိမာ ပုရိမာ ကုသလာ ဓမ်မာ"လို့ ဆိုရမယ်နော်။

MA ကျောင်းသား ~ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ တချို့က "ပူရိမာ၊ ပူရိမာ ဓမာ"လို့ ဆိုကြတယ်။ အဲသလို မဆိုရဘူးနော်။

MA ကျောင်းသား ~ သတိထားပူဇော်ပါ့မယ်ဘုရား။

ဆရာတော် ~ "ပစ္ဆိမာနံ ပစ္ဆိမာနံ ဓမ္မာနံ"ကို ပူဇော်တဲ့အခါမှာလည်း "ပစ်ဆိမာနံ ပစ်ဆိမာနံ ဓမ်မာနံ"လို့ ဆိုရမယ်နော်။ "ပျစ်ဆီမာနံ ပျစ်ဆီမာနံ ဓမာနံ"လို့ ဆိုရင် အသံထွက်မှားတယ် မောင်ကျောင်းသား။

MA ကျောင်းသား ~ ဘုရားတပည့်တော် ပါဠိစာပေကိုလည်း သေသေချာချာ မသင်ရသေးတဲ့ အတွက်ကြောင့် ပါဠိမကျွမ်းကျင်သေးပါဘုရား။ ဒါကြောင့် ပါဠိပါဌ်ဆင့် အသံထွက်ဆိုင်ရာ သိကောင်းစရာများရှိရင် သိချင်ပါသေးတယ်ဘုရား။

## ပါဠိပါဌ်ဆင့် အသံထွက်

ဆရာတော် ~ ကောင်းပါပြီ။ ပြောပြပါမယ်။ ပထမဦးဆုံး မှတ်ရမှာက "နှစ်လုံးဆင့်မှာ၊ အထက်သာ၊ သတ်ပါ မြဲဧကန်"တဲ့။

MAကျောင်းသား ~ တိတိကျကျ နားမလည်သေးပါဘုရား။

ဆရာတော် ~ ဆိုပါစို့ "သမန္တာ"ရဲ့ အသံထွက်အမှန်က "သမန်တာ" ဖြစ်ပါတယ်။ ပြီးတော့ "သဒ္ဓမ္မံ" ရဲ့ အသံထွက်က "သဒ်ဓမ်မံ" ပါ မောင်ကျောင်းသား။

MAကျောင်းသား ~ နားလည်ပါပြီဘုရား။

ဆရာတော် ~ နောက် ဒုတိယတစ်ခုက "သဝေလည်းထိုး၊ တသတ်မျိုး၊ ဖတ်ရိုး စ သတ်သံ"တဲ့။ တစ်ဆက်တည်း ဥပမာပေးမယ်နော်။ "မေတ္တာ"ကို ဖတ်တဲ့အခါမှာ "မစ်တာ"လို့ ဖတ်ရတယ်။

MAကျောင်းသား ~ မှန်ပါဘုရား။

ဆရာတော် ~ နောက် တတိယတစ်ခုက "သဝေလည်းထိုး၊ နသတ်မျိုး၊ ဖတ်ရိုး င သတ်သံ"တဲ့။ ပမာပြရရင် "ပူရေန္တံ"ကို "ပူရင်တံ"လို့ ဖတ်ရတာကို ဆိုလိုပါတယ်။

MAကျောင်းသား ~ မှတ်မိပါပြီဘုရား။

ဆရာတော် ~ နောက်တစ်ခု စတုတ္ထက "သဝေရေးချ၊ သတ်မြင်က၊ မှတ်ကြ ဝ ဆွဲသံတဲ့" ဒီမှာလည်း ဥပမာပြောပြဦးမယ်နော်။

MAကျောင်းသား ~ မှန်ပါဘုရား။

ဆရာတော် ~ ဆိုပါစို့။ ဝဆွဲသံထွက်တဲ့ပုဒ်က "သောတ္ထာနံ"ရဲ့ အသံထွက်အမှန်က "သွတ်ထာနံ" ဖြစ်ပါတယ်။ နောက်တစ်ခု "ဟောန္တု"ရဲ့အသံထွက်အမှန်က "ဟွန်တု"လို့ ထွက်မှ အမှန်ရတယ်နော်။

MA ကျောင်းသား ~ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ နောက်ဆုံးတစ်ခုက "ဟထိုး ဝဆွဲ၊ ရရစ် ယပင်း၊ တွေ့လျှင်က၊ နှစ်ဝတာဝန်၊ ကျေပွန်စေရန်၊ အသံအသတ် ယူမြဲမှတ်"တဲ့ ဗျာ။

MA ကျောင်းသား ~ တင်ပါ့။ ဒါက များမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဥပမာပြမယ်လေနော်။ 'အမှ'ရဲ့ အသံထွက်အမှန်က 'အမ်မှ' ဖြစ်ပါတယ်။ 'ဝါကျ'ရဲ့ အသံထွက်အမှန်က 'ဝက်ကျ'ဖြစ်ပါတယ်။ ပြီးတော့ "ကတွာ"ရဲ့ အသံထွက်က 'ကတ်တဝါ' ဖြစ်ပါတယ် မောင်ကျောင်းသား။ နောက်ဆုံး "ဒတွာ"ရဲ့ အသံထွက်က "ဒတ်တဝါ"လို့ ဖတ်ရပါတယ်။

MA ကျောင်းသား ~ တပည့်တော် ဆက်လေ့လာပါမယ်ဘုရား။ ရဟန်းဝတ်ပြီးတော့ ပါဠိစာကို သေသေချာချာ သင်ပါဦးမယ်ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ရဟန်းမဖြစ်ခင်လည်း ပဋ္ဌာန်းပူဇော်ပါဦးနော်။

## ကျမ်းစာအုပ်များ

MA ကျောင်းသား ~ မှန်ပါဘုရား။ ဘုရားတပည့်တော် ပဋ္ဌာန်းကျမ်းကြီးကို ပူဇော်တာ မနေ့က ၂၁ ရက် ရှိပါပြီဘုရား။ အန်တီလေးက တပည့်တော်အတွက် ကတ်ထူ အနီရောင် ဖုံးထားတဲ့ ပဋ္ဌာန်းကျမ်းစာအုပ် ၅ အုပ်ကို ဒီမနက် ဓမ္မဒါန လာပေးလို့ တပည့်တော် အခု ယူလာခဲ့ပါတယ်ဘုရား။

ဆရာတော် ~ စာအုပ်အသစ်တွေနဲ့ တူတယ်။

MAကျောင်းသား ~ မှန်ပါဘုရား။ ကော်တွေတောင် မခြောက်ချင်သေးဘူးဘုရား။

ဆရာတော် ~ ကျမ်းစာအုပ်တွေက နေ့စဉ်ပူဇော်မှ ဟောင်းသွားတာ။ ဘီရိုထဲ ထည့်သိမ်းထားရင် ကျမ်းအိပ်လို့ခေါ်တယ်။ အိပ်နေတဲ့ကျမ်းစာအုပ်က အမြဲသစ်နေပါတယ်။

MA ကျောင်းသား ~ တပည့်တော် ကျမ်းစာအုပ်တွေကို အမြဲပူဇော်ဖို့ ပြင်ဆင်နေပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အခု ပဋ္ဌာန်းကျမ်း ပထမတွဲကိုဖွင့်ပြီး ရှေ့ဆုံးစာမျက်နှာ ဖတ်ကြည့်ပါဦး မောင်ကျောင်းသား။

MA ကျောင်းသား ~ "*ဆဋ္ဌသင်္ဂီတိ ပိဋကေ၊ အဘိဓမ္မပိဋကေ ပဋ္ဌာနပါဠိ ပဌမော ဘာဂေါ*" လို့ ရေးထားပါတယ်။ အဓိပ္ပာယ်ကို နားမလည်ပါဘုရား။

ဆရာတော် ~ ဆဋ္ဌသင်္ဂါယနာတင်ထားတဲ့ ပိဋကတ်သုံးပုံရှိတဲ့အနက် ဒီပဋ္ဌာန်းကျမ်း ပထမတွဲက အဘိဓမ္မာ ပိဋကတ်တော်ထဲမှာ ပါဝင်တယ်ဆိုပြီး အဖွင့်စာမျက်နှာမှာ မှတ်တမ်းတင်ထားတာပါ။

MA ကျောင်းသား ~ ပိဋကတ်သုံးပုံမှာ ဘာတွေပါပါသလဲဘုရား။
ဆရာတော် ~ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ ဖြစ်ပါတယ်။ ပဋ္ဌာန်းကျမ်းက အဘိဓမ္မာ ပိဋကတ်ထဲမှာပါတယ် မောင်ကျောင်းသား။
MA ကျောင်းသား ~ အဘိဓမ္မာ ပိဋကတ်ဆိုတာ ပဋ္ဌာန်း ၅ ကျမ်းတည်းပဲလားဘုရား။
ဆရာတော် ~ မဟုတ်ဘူး မောင်ကျောင်းသား။ အဘိဓမ္မာပိဋကတ် ၇ ကျမ်း ရှိတယ်။
MA ကျောင်းသား ~ အဲဒီကျမ်းစာအုပ်ရဲ့ နာမည်တွေလည်း သိချင်ပါသေးတယ်ဘုရား။

## အဘိဓမ္မာ ၇ ကျမ်း

ဆရာတော် ~ ကောင်းပါပြီ။ ပြောပြမယ်နော်။ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း (၃-တွဲ) နှင့် ပဋ္ဌာန်းကျမ်း (၅-တွဲ)တို့ ဖြစ်ပါတယ်။
MA ကျောင်းသား ~ ကျမ်းစာအုပ်အနေနဲ့ ပုံနှိပ်ထားတာ ၇ အုပ် ရှိတာပါလားဘုရား။
ဆရာတော် ~ မဟုတ်ဘူး။ အဘိဓမ္မာပိဋကတ် ၇ ကျမ်းကို ဆဋ္ဌသင်္ဂါယနာအပြီးမှာ ပုံနှိပ်ထားတာက ၁၂ အုပ် ရှိပါတယ်။
MA ကျောင်းသား ~ ဒီလိုစာအုပ်အထူကြီးတွေ ၁၂ အုပ်တောင် ရှိတာပါလားဘုရား။ စာမျက်နှာလည်း အများကြီး ရှိမယ်ထင်တယ်ဘုရား။
ဆရာတော် ~ ဟုတ်တယ်။ ပဋ္ဌာန်းကျမ်း တစ်ကျမ်းချင်းစီရဲ့ စာမျက်နှာကိုပဲ လှန်ကြည့်ကြည့်ပါဦးလား။
MA ကျောင်းသား ~ မှန်ပါ။ ပထမအုပ်မှာ စာမျက်နှာစုစုပေါင်း ၄၆၄ မျက်နှာပါဘုရား။ ဒုတိယအုပ်မှာ စာမျက်နှာ ၄၉၃ မျက်နှာ၊ တတိယအုပ်မှာ စာမျက်နှာ ၆၀၅ မျက်နှာရှိပြီး၊ စတုတ္ထအုပ်မှာ ၆၃၆ မျက်နှာ ရှိပါတယ်ဘုရား။ နောက်ဆုံး ပဉ္စမအုပ်မှာ စာမျက်နှာ ၄၄၂ မျက်နှာ ရှိပါတယ်ဘုရား။
ဆရာတော် ~ ပဋ္ဌာန်းကျမ်း ၅ အုပ်ရဲ့ စာမျက်နှာ စုစုပေါင်းက ဘယ်လောက်ရှိသလဲ မောင်ကျောင်းသား။
MAကျောင်းသား ~ စာမျက်နှာ စုစုပေါင်းမှာ ၂၆၄၀ ရှိပါတယ်ဘုရား။ အများကြီးပဲ။
ဆရာတော် ~ ဒါမများသေးဘူး။ ပဋ္ဌာန်းကျမ်းစာအုပ်ရဲ့ စာမျက်နှာတွေမှာ (ပ) (သံခိတ္တံ) (သဒိသံ) (ဇဝံ ကာတဗ္ဗံ) (ပရိပုဏ္ဏံ) (ဝိတ္ထာရေတဗ္ဗံ)လို့ ရေးထားတာ တွေ့ရလိမ့်မယ်။ မောင်ကျောင်းသားရဲ့ပဋ္ဌာန်းကျမ်းစာအုပ်ကို ဖွင့်ကြည့်ပါလား။
MA ကျောင်းသား ~ တွေ့ပြီဘုရား။ ပထမတွဲ စာမျက်နှာ (၂၇)မှာ (သံခိတ္တံ)လို့ ရေးထားတာ တစ်ခု၊ စာမျက်နှာ ၃၀ မှာက (ပ) အများကြီး တွေ့တယ်ဘုရား။ ဒီပါဠိစာလုံးတွေက ဘာအဓိပ္ပာယ်ရပါသလဲဘုရား။

ဆရာတော် ~ မောင်ကျောင်းသား သိချင်ရင် ရှင်းပြမှာပေါ့နော်။ (ပ) လို့ ရေးထားတဲ့ သင်္ကေတက ပေယျာလတဲ့။ အဓိပ္ပာယ်က ဒါကို အခုအတိုင်းပဲ ပြန်ရွတ်ပါလို့ ဆိုလိုတာပါ။

MA ကျောင်းသား ~ (သံခိတ္တံ) က ဘာလဲဘုရား။

ဆရာတော် ~ အကျဉ်းမျှသာဆိုပြီး ချုံ့ထားတာပါ။ နောက်ထပ် တွေ့လိမ့်ဦးမယ် (သဒိသံ) တူပြီတဲ့။ ရှေ့နဲ့အတူတူဖြစ်လို့ ဆက်မပြတော့ဘူးတဲ့။ (ဇဝံ ကာတဗ္ဗံ) ဆိုတာ ကျတော့ ဒီအတိုင်းပဲတဲ့။ (ပရိပုဏ္ဏံ) ဆိုတာက ပြည့်စုံလောက်ပြီတဲ့။

MA ကျောင်းသား ~ ကျမ်းစာအုပ်တွေမှာ (ဝိတ္ထာရေတဗ္ဗံ)ဆိုတာ တွေ့ပါသေးတယ်ဘုရား။

ဆရာတော် ~ အဲဒါက အကျယ်မပြတော့ဘူးလို့ ဆိုလိုတာပါ။

## ရသေ့ကြီးဦးခန္တီ၏အကြံ

MA ကျောင်းသား ~ ဒါဆို အခုလို အကျဉ်းချုံးထားတာတွေသာမရှိရင် ပဋ္ဌာန်းကျမ်းစာအုပ် အများကြီး ပုံနှိပ်ရမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ် မောင်ကျောင်းသား။ "ပိဋကတ်ကျမ်းတွေမှာ ပေယျာလ၊ သံခိတ္တ တွေနဲ့ အကျဉ်းမချုံးဘဲ ပုံနှိပ်ရရင် ကောင်းမှာပဲ"လို့ ရသေ့ကြီး ဦးခန္တီက စိတ်ကူးယဉ်ခဲ့ဖူးတယ်။

MA ကျောင်းသား ~ ဘုရားတပည့်တော်ရဲ့အဘွားက ရသေ့ကြီးဦးခန္တီအကြောင်း မကြာမကြာ ပြောဖူးတယ်ဘုရား။ ရသေ့ကြီးက ဘယ်ကာလက မြန်မာနိုင်ငံမှာ သာသနာ ပြုခဲ့တာပါလဲဘုရား။

ဆရာတော် ~ ခေတ်အလိုပြောရရင် မြန်မာမင်းများလက်ထက် ၁၈၆၇ ခုနှစ်မှာ ဖွားမြင်ခဲ့ပြီး၊ ကိုလိုနီခေတ်တစ်လျှောက်လုံး သာသနာပြုပါတယ်။ လွတ်လပ်ရေးရပြီးနောက် တစ်နှစ် ၁၉၄၉ ခုနှစ် သက်တော် ၈၈ နှစ်မှာ ကွယ်လွန်ပါတယ်။

MA ကျောင်းသား ~ မှန်ပါ။ သာသနာမှာ ကျေးဇူးများတဲ့ ရသေ့ကြီးဖြစ်လို့ မှတ်သားထားပါ့မယ် ဘုရား။ ရသေ့ကြီးစိတ်ကူး အကောင်အထည် ပေါ်ခဲ့ပါသလားဘုရား။

ဆရာတော် ~ မပေါ်လိုက်ဘူး မောင်ကျောင်းသား။

MA ကျောင်းသား ~ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ~ အကြောင်းက ဒီလိုပါ။ မန္တလေးမြို့ လေးပင်လေးရပ်က ဆရာတော်ကြီးများကို ပင့်ပြီး ရသေ့ကြီးက သူ့အစီအစဉ်ကို အကျယ်တဝင့် လျှောက်ထားတယ်။ ပြီးတော့ ဆရာတော်ကြီးများထံတော်ပါး ဩဝါဒခံတဲ့အခါမှာတော့ ပေယျာလ မထိုးဘဲ ပိဋကတ်တော်တွေကို ပုံနှိပ်နိုင်ဖို့ကိစ္စ ဆွေးနွေးရာမှာ အဘိဓမ္မာ

၇ ကျမ်းကို အစဉ်အမြဲ ပို့ချတော်မူလေ့ရှိတဲ့ မစိုးရိမ်ဆရာတော်ကြီးက "ရသေ့ကြီး . . ပိဋကတ်သုံးပုံကို ပေယျာလမထိုးဘဲ စာအုပ်ရိုက်ချင်ရင် စက္ကူ ဘယ်က ရမလဲ" လို့ မေးတော်မူတယ်။ ရသေ့ကြီးကလည်း "ဆရာတော်ဘုရား တပည့်တော် နိုင်ငံခြားက မှာယူပေးပါ့မယ်ဘုရား။ စာအုပ်ကို လိုသလောက် ရိုက်တော်မူပါဘုရား"လို့ မဆိုင်းမတွ လျှောက်ထားတယ်။ ဒီတော့ မစိုးရိမ် ဆရာတော်ကြီးက "ဒို့ပြင်ကျမ်းတွေ ထားပါဦးတော့လေ။ ပဋ္ဌာန်းတစ်ကျမ်း တည်းရိုက်ဖို့ နိုင်ငံခြားမှာ စက္ကူရှိလို့လား" လို့ မိန့်တော်မူလိုက်ပါတယ်။

MA ကျောင်းသား ~ ဘုရားဟောပဋ္ဌာန်းကျမ်းကြီး ပုံနှိပ်ဖို့ စက္ကူမလောက်နိုင်အောင်ကိုများ တာဆိုတော့ အံ့သြစရာပါပဲဘုရား။ ဘုရားဟော ပိဋကတ်တော် အားလုံး ကိုလည်း ပဋ္ဌာန်းကျမ်းစာအုပ်တွေလိုပဲ မှတ်တမ်း ပြုထားတာပါလားဘုရား။

## ဗုဒ္ဓဝစန

ဆရာတော် ~ မြတ်စွာဘုရားရှင် နှုတ်မြွက်ဟောကြားတော်မူခဲ့တဲ့ ဗုဒ္ဓဝစနတို့ကို မာဂဓ ဘာသာနဲ့ မှတ်တမ်း တင်တော်မူခဲ့ကြပါတယ်။

MAကျောင်းသား ~ မှန်ပါဘုရား။

ဆရာတော် ~ သင်္ဂါယနာတင် အရှင်မြတ်တို့က ဗုဒ္ဓမြတ်စွာဘုရားရှင် နှုတ်မြွက်စကားတော် များကို ဝိမုတ္တိဆိုတဲ့ ရသအားဖြင့် တစ်ပါး။ ဓမ္မနဲ့ ဝိနယအားဖြင့် နှစ်ပါး။ ပထမ၊ မဇ္ဈိမ၊ ပစ္ဆိမ ဆိုတဲ့ ဗုဒ္ဓဝစနအားဖြင့် သုံးပါး။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ လို့ လူသိများတဲ့ ပိဋကတ်အားဖြင့် သုံးပါး။ ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ၊ ခုဒ္ဒကခေါ်တဲ့ နိကာယ်အားဖြင့် ငါးပါး။ သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ ဆိုတဲ့ အင်္ဂါအားဖြင့် ကိုးပါး။ ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ ဆိုပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ခွဲခြားပြီး မှတ်တမ်းတင်တော်မူခဲ့ပါတယ် မောင်ကျောင်းသား။

MA ကျောင်းသား ~ ဒီကနေ့အထိလည်း ရှေးယခင်အတိုင်းပဲ ရှိနေတာပါလားဘုရား။

ဆရာတော် ~ ဒီခေတ်ကာလမှာ ဗုဒ္ဓစာပေကို လေ့လာကြတဲ့ အရှေ့တိုင်း၊ အနောက်တိုင်း အပါအဝင် ကမ္ဘာ့ဒေသအားလုံးတို့က ပညာရှင်တွေက နိကာယ်ငါးရပ်၊ ပိဋကတ်သုံးသွယ် အနေနဲ့ပဲ စုစည်းလေ့လာကြပါတယ် မောင်ကျောင်းသား။

## ပိဋကတ်တော်များကို ခေတ်အဆက်ဆက် မှတ်တမ်းတင်ခဲ့ပါသည်

MA ကျောင်းသား ~ ပထမသင်္ဂါယနာတင်တော်မူခဲ့တဲ့ သံဃာတော်များက ပေရွက်ပေါ် ကို မာဂဓ ဘာသာစကားနဲ့ ရေးတော်မူခဲ့တာပါလားဘုရား။

ဆရာတော် ~ မဟုတ်ဘူး မောင်ကျောင်းသား၊ Oral repetation အနေနဲ့ နှုတ်ငုံဆောင်တော်မူခဲ့ကြတာပါ။

MAကျောင်းသား ~ ပေရွက်ပေါ် ကို ရောက်ပြီးမှ အခုလို ကျမ်းစာအုပ်ပေါ် မှတ်တမ်းတင်တာထင်ပါတယ်ဘုရား။

ဆရာတော် ~ သင်္ဂါယနာအဆင့်ဆင့် တင်တော်မူခဲ့ကြတဲ့ ထေရ်ရှင်တို့က နှောင်းခေတ်လူသားတွေ အမှတ်သညာအားနည်းလာပြီး မြတ်ဗုဒ္ဓ၏စကားတော်တွေကို နှုတ်ငုံဆောင်ပြီး မှတ်သားဖို့ မစွမ်းနိုင်မဲ့အခြေအနေကို သိမြင်တော်မူတဲ့အတွက် စတုတ္ထသင်္ဂါယနာအပြီးမှာ ပေရွက်ပေါ် ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။ အဲဒီနောက် ပဉ္စမသင်္ဂါယနာအပြီးမှာတော့ ကျောက်ထက်အက္ခရာနဲ့ မှတ်တမ်းတင်တော်မူခဲ့ပါတယ်။

MA ကျောင်းသား ~ ပိဋကတ်တော် မှတ်တမ်းစာအုပ်၊ ပေရွက်တွေ တော်တော်ကြီးကို များမယ်လို့ ထင်ပါတယ်ဘုရား။ ဖြစ်နိုင်ရင် အရေအတွက်ကို သိပါရစေ။

ဆရာတော် ~ ဒီကနေ့ ကမ္ဘာမြေပြင်ပေါ် မှာရှိနေတဲ့ ပိဋကတော် မှတ်တမ်းစာအုပ်၊ ပေရွက်ရေ၊ ကျောက်ချပ်ရေတွေကို သိချင်တာလား။

MAကျောင်းသား ~ မှန်ပါဘုရား။

ဆရာတော် ~ အလွတ်မရဘူး။ သင်္ဂါယနာထေရ်ရှင်များ မိန့်တော်မူသလို အမှတ်သညာအားနည်းနေပြီ၊ မှတ်စုစာအုပ်ထဲက ကြည့်ပြီး ပြောပြမယ်နော်။ ပေရွက်က ၆၃၄၅ ရွက်၊ ကျောက်ချပ်ရေက ၇၂၉ ချပ်၊ စာအုပ်ရေ ၄၀ အုပ်၊ စာရွက်ရေ ၆၅၄၇ ရွက်၊ စာမျက်နှာက ၁၃၀၉၄ မျက်နှာ၊ စာကြောင်းရေ ၄၀၄၀၇၀ ကြောင်း ရှိပေသည်။ ပိဋကတ်သုံးပုံမှာပါတဲ့ အက္ခရာစာလုံးအရေအတွက်က (၁၁၀၂၁၇၅၀) (တစ်ကုဋေတစ်သန်းနှစ်သောင်းတစ်ထောင်ခုနစ်ရာ့ငါးဆယ်) ရှိပါတယ် မောင်ကျောင်းသား။

## ပဋ္ဌာန်း ၂၄ ကျမ်း

MAကျောင်းသား ~ ပဋ္ဌာန်းတရားတော်က ၅ ကျမ်း ရှိတာပါလားဘုရား။

ဆရာတော် ~ မြန်မာနိုင်ငံမှာ ဆဋ္ဌသင်္ဂါယနာအပြီး ပုံနှိပ်ထားတဲ့ ပဋ္ဌာန်းစာအုပ် ၅ အုပ်ကို ပဋ္ဌာန်း ၅ ကျမ်းလို့ ပြောကြတာများတယ်။ ပဋ္ဌာန်းက အကျဉ်းအားဖြင့် ၂၄ ကျမ်း ရှိပါတယ်။

MA ကျောင်းသား ~ ဟောတုံ၊ အာရမ္မဏ ၂၄ ပစ္စည်းကပဲ ၂၄ ကျမ်း ဖြစ်လာတာပါလားဘုရား။

ဆရာတော် ~ မောင်ကျောင်းသားလိုပဲ အများကလည်း အခုလိုပဲ ထင်တတ်ကြတယ်။ တကယ်တမ်းမှာတော့ ၁။ တိကပဋ္ဌာန်းကျမ်း A set of three ၂။ ဒုကပဋ္ဌာန်းကျမ်း A set of two ၃။ ဒုက တိက ပဋ္ဌာန်းကျမ်း ၄။ တိကဒုကပဋ္ဌာန်းကျမ်း ၅။ တိကတိကပဋ္ဌာန်းကျမ်းနဲ့ ၆။ ဒုကဒုကပဋ္ဌာန်း ကျမ်းဆိုပြီး ခြောက်ကျမ်း ရှိတယ်။

MAကျောင်းသား ~ မှန်ပါဘုရား။

ဆရာတော် ~ မောင်ကျောင်းသားရဲ့ အနားမှာရှိတဲ့ ပဋ္ဌာန်းစာအုပ်ထဲ ကြည့်မယ်ဆိုရင် အတွဲ ၁ နဲ့ ၂ က တိကပဋ္ဌာန်းကျမ်းပါ။ အတွဲ ၃ ကနေ အတွဲ ၄ စာမျက်နှာ ၁၉၄ အထိ ဒုကပဋ္ဌာန်းကျမ်းပါ။ စာမျက်နှာ ၁၉၅ ကနေ ၄၆၆ အထိ "ဒုကတိက" ပဋ္ဌာန်းကျမ်းဖြစ်ပြီး စာမျက်နှာ ၄၆၇ ကနေ အတွဲ ၄ စာအုပ်ပြီးတဲ့အထိ "တိကဒုက"ပဋ္ဌာန်းကျမ်း ဖြစ်ပါတယ်။ ကျန်တဲ့ "တိကတိက"နဲ့ "ဒုကဒုက" တွေက ပုံနှိပ်စာအုပ် အတွဲ ၅ မှာ ပါတယ်။

MAကျောင်းသား ~ ပဋ္ဌာန်း၂၄ ကျမ်းထဲက အခု ၆ ကျမ်းပဲ သိရပါသေးတယ်ဘုရား။

ဆရာတော် ~ ဆက်ပြောပြဦးမယ်နော်။ မြတ်စွာဘုရား ပဋ္ဌာန်းတရားတော်ကို ဟောရာမှာ နည်းနယလေးနည်းနဲ့ ဟောတော်မူပါတယ်။ ဒါကြောင့် "တိက" "ဒုက"စတဲ့ ပဋ္ဌာန်း ၆ ကျမ်းကို နည်းနယ ၄ နည်းနဲ့ မြှောက်ပွားရင် ကျမ်းပေါင်း ၂၄ ကျမ်းရပါတယ်။

MAကျောင်းသား ~ နည်း ၄ နည်းဆိုတာက ဘယ်လိုနည်းတွေပါလဲဘုရား။

ဆရာတော် ~ "အနုလောမနည်း" "ပစ္စနီယနည်း"တို့ပါပဲ မောင်ကျောင်းသား။

MA ကျောင်းသား ~ ဒီပါဠိကို အင်္ဂလိပ်လိုလည်း မှတ်သားထားချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ "အနုလောမနည်း"ကို Affirmative type လို့ မှတ်ပါလေ။ "ပစ္စနီယနည်း"ကို Negative type လို့ မှတ်ပါနော်။

MAကျောင်းသား ~ မှန်ပါဘုရား။

ဆရာတော် ~ နောက်ပြီး "အနုလုံပစ္စနိက်နည်း"ကို Affirmative - Negative type လို့ ခေါ်ပါတယ်။ "ပစ္စနိက်အနုလုံနည်း" ကိုတော့ Negative - Affirmative type လို့ မှတ်ပါလေ မောင်ကျောင်းသား။

MAကျောင်းသား ~ မြန်မာလိုပါ သိရရင် ကောင်းမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ Affirmative type "အနုလောမနည်း"ကို "အနုလုံ"လို့ မှတ်ပါလေ။ Negative type "ပစ္စနီယနည်း"ကို မြန်မာလို "ပစ္စနိက်"လို့ မှတ်ပါနော်။

MAကျောင်းသား ~ မှတ်မိပါပြီဘုရား။ "အနုလုံ ပစ္စနိက်နည်း"နဲ့ "ပစ္စနိက် အနုလုံနည်း"ရဲ့ အခေါ်အဝေါ်တွေက မြန်မာလိုခေါ်တာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ပါဠိစကားကို မြန်မာမှုပြုထားတာပါ မောင်ကျောင်းသား။

## ပဋ္ဌာန်းကျမ်း၏ မာတိကာအစဉ်

MAကျောင်းသား ~ ဟေတုအာရမ္မဏ ၂၄ ပစ္စည်းက ခေါင်းစဉ်လောက်ပဲ ဟောတော်မူတာပါလားဘုရား။

ဆရာတော် ~ ပစ္စယုဒ္ဒေသမှာ အကြောင်းတရား ၂၄ မျိုးကို ခေါင်းစဉ်မျှပဲ အကျဉ်းဟောကြားတော်မူပြီး၊ ပစ္စယနိဒ္ဒေသမှာက ဒီအကြောင်းတရားကြောင့် ဒီအကျိုးတရားတွေ ဖြစ်လာတာလို့ မကျဉ်းမကျယ်လောက် ဟောတော်မူပါတယ်။ အဲဒီနောက်မှာ ပုစ္ဆာဝါရကို ဟောတော်မူရာမှာတော့ မရေမတွက်နိုင်လောက်အောင်ကို များပြားလှတဲ့ မေးခွန်းပုစ္ဆာတွေကို ဟောတော်မူပါတယ်။

MAကျောင်းသား ~ ပဋ္ဌာန်းပုစ္ဆာမေးခွန်းအရေအတွက်ကိုလည်း သိချင်ပါတယ်ဘုရား။

ဆရာတော် ~ အဋ္ဌကထာများနဲ့ နှောင်းခေတ်ဆရာသမားများရဲ့ ကြိုးပမ်းမှု၊ ပဋ္ဌာန်းမူလဋီကာဆရာတော်များရဲ့ အားထုတ်မှုကြောင့် "တာ စတုဂုဏိတာ ပုစ္ဆာ. . ." အစရှိတဲ့ ပါဠိဂါထာနဲ့ ပဋ္ဌာန်းပုစ္ဆာအရေအတွက် စဉ်ထားတာရှိတယ်။ ပြီးတော့ မန္တလေးတက္ကသိုလ် ရူပဗေဒဌာနက ဆရာကြီး ဦးခင်မောင်သန်းရဲ့ တွက်ချက်မှုနဲ့ ရလာတဲ့အဖြေတွေလည်း ရှိပါသေးတယ်။

MAကျောင်းသား ~ ဋီကာဆရာရဲ့ တွေ့ရှိခဲ့တဲ့အဖြေနဲ့ တက္ကသိုလ်ကဆရာကြီးများရဲ့ အဖြေက တူပါသလားဘုရား။

ဆရာတော် ~ ထူးထူးခြားခြား ဂဏန်းတစ်လုံးမှ မလွဲဘူး။ အားလုံး တူနေတာ တွေ့ရတယ်။

MAကျောင်းသား ~ သင်္ချာက ဘယ်လောက်များသလဲဘုရား။

ဆရာတော် ~ ကုဋေပေါင်း သုံးသောင်း ရှစ်ထောင် ရှစ်ရာ ခုနစ်ဆယ့် ခုနစ်ကုဋေ ရှစ်သန်း ခုနစ်သိန်း တစ်သောင်း သုံးထောင့် သုံးရာ လေးဆယ့် လေး ၃၈၈၇၇၈၇၁ ၃၃၄၄ ဖြစ်ပါတယ်။

MAကျောင်းသား ~ အံ့သြစရာကောင်းပါတယ်ဘုရား။ ကွန်ပျူတာမရှိ၊ ဂဏန်းပေါင်းစက် မရှိတဲ့ခေတ်တုန်းက ဂဏန်း ၁၂ လုံးအထိ ကြီးမားတဲ့သင်္ချာကို ကိုင်တွယ်တော်မူခဲ့တဲ့ ဆရာတော်ကြီးများကိုလည်း ကြည်ညိုမဆုံးပါဘုရား။ တပည့်တော်သိချင်သေးတာက ပဋ္ဌာန်းပုစ္ဆာရဲ့ အဖြေတွေအားလုံး ပဋ္ဌာန်းကျမ်းထဲမှာ ရှိပါသလားဘုရား။

ဆရာတော် ~ ရှိပါတယ်။ ရှိပါတယ်။ ပုစ္ဆာရဲ့အဖြေကို ဖြေကြားတာက ဝိသဇ္ဇနာဝါရလို့ခေါ်တယ်။ အဲဒီမှာ ဆဝါရနဲ့ ပဉ္စာဝါရရယ်လို့ ရှိပါတယ်။

MAကျောင်းသား ~ ဝါရဆိုတာက ဘာပါလဲဘုရား။ ဆဝါရဆိုတာက ၆ ခုကိုပြောတာနဲ့ တူပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဆဝါရဆိုတာ ၆ ခု၊ ပဥ္စာဝါရက ၁ ခု ဆိုတော့ စုစုပေါင်း ၇ ဝါရ ရှိတယ်။ ဝါရဆိုတာ အလှည့်အကြိမ်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒါတွေကတော့ ၁။ ပဋိစ္စဝါရ ၂။ သဟဇာတဝါရ ၃။ ပစ္စယဝါရ ၄။ နိဿယဝါရ ၅။ သံသဋ္ဌဝါရ ၆။ သမ္ပယုတ္တဝါရ ၇။ ပဥှာဝါရ တို့ပဲ ဖြစ်ပါတယ် မောင်ကျောင်းသား။

## တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်းစသည်

MAကျောင်းသား ~ ပဋ္ဌာန်းကျမ်းစာအုပ် တပည့်တော်လက်ထဲရောက်မှ မေးလျှောက်စရာတစ်ခု ပေါ်လာပြန်ပါတယ်ဘုရား။

ဆရာတော် ~ ဘာများမေးစရာ ပေါ်လာတာလဲ။

MAကျောင်းသား ~ တပည့်တော် မွေးနေ့ကစပြီး ပဋ္ဌာန်းကျမ်းစာအုပ် ပထမတွဲကို ပူဇော်ဖို့ရာ လှေလာကြည့်တာမှာ စာမျက်နှာတိုင်း၊ စာမျက်နှာတိုင်းရဲ့ထိပ်မှာ "တိကပဋ္ဌာန ပါဠိ"လို့ ရေးထားတယ်ဘုရား။ ဒီအဓိပ္ပာယ်ကို သိချင်တာပါဘုရား။

ဆရာတော် ~ တိကဆိုတာ A set of three သုံးခုအစုကို ခေါ်တာပါ။ ဆက်ပြီးကြည့်ရင် ဒုကဆိုတာ တွေ့လိမ့်မယ်။ နှစ်ခုအစု A set of two ကို ပြောတာပါ။ ဆက်ပြီး ကြည့်ပါ စတုတ္ထတွဲ၊ ပဥ္စမတွဲတွေမှာကျတော့ ဒုကတိကပဋ္ဌာန၊ တိကဒုက ပဋ္ဌာန၊ ဒုကဒုကပဋ္ဌာန၊ တိကတိကပဋ္ဌာနတွေကို တွေ့ပါလိမ့်မယ်။

MAကျောင်းသား ~ တွေ့ပါပြီဘုရား။

ဆရာတော် ~ တိကကို ၃ လို့ မှတ်ပါနော်။ ဒုကကို ၂ လို့ မှတ်ပါလေ။ နောက်တစ်ခု သိဖို့လိုတာက တိက၊ ဒုကကို မြန်မာလိုခေါ်တာ ရှိသေးတယ်။

MAကျောင်းသား ~ ၂ တို့၊ ၃ တို့ ခေါ်တာမဟုတ်ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒါ့အပြင် တိကကိုတိက် ဒုကကိုဒုက်လို့ ခေါ်သေးတယ်နော်။

MAကျောင်းသား ~ ဒါဆိုရင် "တိကတိက"ဆိုရင် တိက်တိက်လို့ခေါ်ပြီး "ဒုကဒုက"ဆိုရင် ဒုက်ဒုက် လို့ ခေါ်ရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် မောင်ကျောင်းသား။ ဒီအသုံးအနှုန်းကို မှတ်မိရင် တိကပဋ္ဌာန်းက ၂၂ ပါး ရှိတယ်။ ဒုကပဋ္ဌာန်းက ၁၀၀ ရှိတယ်။ မှတ်ထားပါနော်။

MAကျောင်းသား ~ မှန်ပါ၊ တိက ၂၂၊ ဒုက ၁၀၀ မှတ်မိပါပြီဘုရား။

ဆရာတော် ~ ဒါကို ဒုက် ၁၀၀ နဲ့ ၂၂ တိက်လို့ မှတ်ရင် မမေ့နိုင်လောက်ဘူးပေါ့။

MAကျောင်းသား ~ မှန်ပါဘုရား။ မှတ်မိပါပြီဘုရား။ တပည့်တော် သိချင်သေးတာက အဲဒီ ၂၂ တိက်ဆိုတာကြီးက ဘာတွေပါလဲဘုရား။

## ကုသလတိက်

ဆရာတော် ~ ၂၂ တိက်ကို မပြောသေးခင် ကုသိုလ်၊ အကုသိုလ်နဲ့ အဗျာကတ သုံးပါးစုကို ကုသလတိကတဲ့။ ကုသိုလ်တိက်ပေါ့ မောင်ကျောင်းသား။

MAကျောင်းသား ~ ကုသလတိက်ကို ကျမ်းစာအုပ်ထဲမှာ ဘယ်နေရာ ကြည့်ရပါမလဲဘုရား။

ဆရာတော် ~ မောင်ကျောင်းသားရှေ့က ပထမတွဲနဲ့ ဒုတိယတွဲစာအုပ်ထဲ ကြည့်လို့ရပါတယ်။ ပထမတွဲထဲက စာမျက်နှာတစ်ခုခုကို လှန်ကြည့်စမ်းပါလား။

MAကျောင်းသား ~ ပဋ္ဌာန်းကျမ်းစာအုပ် ပထမတွဲရဲ့စာမျက်နှာ ၁၃၂ ကို ကြည့်နေပါတယ်ဘုရား။ ထိပ်ဆုံးမှာ ကုသလတ္တိကလို့ ရေးထားပါတယ်ဘုရား။

ဆရာတော် ~ ကုသလတ္တိကဆိုတာ ကုသိုလ်တိက်ကို ဆိုလိုတာ မောင်ကျောင်းသား။

MAကျောင်းသား ~ ကုသိုလ်တိက်ဆိုတာ ကုသိုလ်သုံးမျိုးကို ပြောတာပါလားဘုရား။

ဆရာတော် ~ မဟုတ်ဘူး။ အဲဒီအောက်ကစာကြောင်းမှာ ဟေတုဆိုတာ တွေ့လိမ့်မယ်။

MAကျောင်းသား ~ မှန်ပါ။ ဟေတုအောက်က စာပိုဒ်အစမှာ "ကုသလော ဓမ္မော" နဲ့စတာ တွေ့ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဟုတ်ပြီ ဆက်ကြည့်ပါဦး။ နောက်စာပိုဒ်မှာ "အကုသလော ဓမ္မော"နဲ့စတာ တွေ့လိမ့်မယ်။

MAကျောင်းသား ~ မှန်ပါ။ တွေ့ပါပြီ။

ဆရာတော် ~ ဆက်ကြည့်ပါ။ နောက်တစ်ပိုဒ်ရဲ့အစမှာ "အဗျာကတော ဓမ္မော"နဲ့စတာကို တွေ့မယ်။

MAကျောင်းသား ~ မှန်ပါ။ စာမျက်နှာ ၁၃၂ ထဲမှာပဲ တွေ့ပါတယ်ဘုရား။

ဆရာတော် ~ ဒါကြောင့် "ကုသလော ဓမ္မော၊ အကုသလော ဓမ္မော" နဲ့ "အဗျာကတော ဓမ္မော" ဒီသုံးပါးကို ကုသလတိက်လို့ ခေါ်ပါတယ်။

MAကျောင်းသား ~ နားလည်ပြီဘုရား။ သဘောပေါက်ပါပြီ။ ဒါဆိုရင် ၂၂ တိက်ထဲက တစ်ခုကို တော့ရပြီ။ နောက် ၂၁ တိက်ကို သိချင်ပါသေးတယ်။ စာမျက်နှာ ဘယ်ကို ကြည့်ရပါမလဲဘုရား။

## ဝေဒနာတိက်

ဆရာတော် ~ ပထမတွဲစာအုပ်ရဲ့ စာမျက်နှာ ၂၉၄ ကို ကြည့်ပါလား။

MAကျောင်းသား ~ တွေ့ပါပြီဘုရား၊ ၂။ ဝေဒနာတ္တိကလို့ ရေးထားပါတယ်။ ရှေ့က ၂ ဂဏန်းက ဘာကိုဆိုလိုပါသလဲဘုရား။

ဆရာတော် ~ ၂၂ တိက်ထဲက ဒုတိယမြောက်ကို ဆိုလိုတာပါ မောင်ကျောင်းသား။

MAကျောင်းသား ~ ဒီဝေဒနာတိက်မှာလည်း သုံးမျိုးခွဲတာ ရှိမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ရှိတယ်။ ပထမစာပိုဒ်ရဲ့ အစဦးဆုံးစာသားကို ဖတ်ကြည့်ပါဦး။

MAကျောင်းသား ~ "သုခါယ ဝေဒနာယ"လို့ ရေးထားပါတယ်ဘုရား။

ဆရာတော် ~ ဒါတစ်ပါးရပြီ၊ ဒုတိယစာပိုဒ်အစကို ကြည့်ကြည့်ပါဦး။

MAကျောင်းသား ~ "ဒုက္ခာယ ဝေဒနာယ"လို့ ရေးထားပါတယ်ဘုရား။

ဆရာတော် ~ ဒါက နှစ်ခုရပြီ။ နောက်တစ်ခု ကျန်နေသေးတယ်။ နောက်စာပိုဒ်ရဲ့ အစကို ဖတ်ကြည့်ပါဦး မောင်ကျောင်းသား။

MAကျောင်းသား ~ "အဒုက္ခ မသုခါယ ဝေဒနာယ"လို့ တွေ့ပါတယ်ဘုရား။ ဒါကို တတိယမြောက် ယူရင် တိကဆိုတဲ့ သုံးပါးတွဲ ရပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဟုတ်ပြီ။ ကုသလတိက်တုန်းက သုံးပါးတစ်တွဲ၊ အခု ဝေဒနာ တိက်မှာ သုံးပါးတွဲ တစ်တွဲရပြီ။

MAကျောင်းသား ~ မှန်ပါ၊ ကုသလတိက်မှာ ကုသိုလ်၊ အကုသိုလ်နဲ့ အဗျာကတက တစ်တွဲ ရပါပြီဘုရား။ ဝေဒနာတိက်မှာလည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာနဲ့ အဒုက္ခ မသုခဝေဒနာ ဆိုပြီး တစ်တွဲရပါတယ်ဘုရား။

ဆရာတော ~ ၂၂ တိက်ထဲက နှစ်ခုကို နားလည်ရင် ကျန်တဲ့ တိကတွေလည်း အခုအတိုင်း သုံးပါးတွဲ၊ သုံးပါးတွဲတွေပဲ ရှိပါတယ် မောင်ကျောင်းသား။


MA ကျောင်းသား ~ မှန်ပါဘုရား။ တပည့်တော် ပဋ္ဌာန်းတရားတော်ကို ပိုပြီး စိတ်ဝင်စားလာပါ တယ်ဘုရား။ နေ့စဉ် မပျက်မကွက် ပူဇော်ပါမယ်။ အဓိပ္ပာယ်လည်း သိနိုင် အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ~ သာဓု၊ သာဓု၊ သာဓုပါ မောင်ကျောင်းသား။

## ၁။ ဟေတုပစ္စယော

## Hetu Paccayo *(Root Condition)*

## ဟိတ် ၆ ပါး ဖြစ်၍ အမြစ်သဖွယ် ကျေးဇူးပြုတတ်သောပစ္စည်း



### ဟေတုပစ္စည်းကျေးဇူးပြုပုံ

ဟေတုပစ္စည်း၏ကျေးဇူးပြုပုံမှာ “သစ်ပင်တို့၏ရေသောက်မြစ်သည် သစ်ပင်ကို ကြီးထွား ဖွံ့ဖြိုးစေနိုင်သကဲ့သို့”ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူကြသည်နှင့်အညီ သတ္တဝါတို့၏ သန္တာန်၌ရှိသော စွန့်လွှတ် ပေးကမ်း လှူဒါန်းနိုင်စွမ်းသည့် အလောဘရေသောက်မြစ်၊ ခွင့်လွှတ် သည်းခံနိုင်စွမ်းသည့် မေတ္တာပါသော အဒေါသရေသောက်မြစ်၊ သုံးသပ် ဆုံးဖြတ်နိုင်စွမ်းသည့် ဉာဏ်ပညာပါသော အမောဟရေသောက်မြစ်ဟူသော အမြတ်စား အကောင်းစား အထက်တန်း ကျသည့် ကုသိုလ်ရေသောက်မြစ်သုံးသွယ်နှင့် လိုချင် သိမ်းပိုက် စွဲမက်ကာ မခွာရက် မခွဲရက်နိုင် စွမ်းသည့် လောဘရေသောက်မြစ်၊ မေတ္တာခေတ်ခန်းခြောက်ကာ ခွင့်လွှတ်နိုင်စွမ်းမရှိအောင် ကြမ်းတမ်းခက်ထန်သည့် ဒေါသရေသောက်မြစ်၊ အာရုံ၏သဘောမှန်မျှကိုပင် ပိုင်းခြား ဝေဖန်နိုင်စွမ်း မရှိသည့် မောဟရေသောက်မြစ်တည်း ဟူသော ဟိတ်ခြောက်ပါးတို့သည် အတူတကွဖြစ်သော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား ကြီးထွားဖွံ့ဖြိုးစေရန် ဟေတုသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## နိဒါန်း

Dr.အောင်သူ၏သား M.A ကျောင်းသားသည် ယမန်နှစ်က ရဟန်းဘ၀ဖြင့် တစ်ဝါဆိုခဲ့ပါသည်။ မယ်တော်ကြီး၏ဆန္ဒအရ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ရန် သိက္ခာချပြီး လူထွက်ခဲ့သည်။ သို့သော် သူသည် ရှစ်ပါးသီလဆောက်တည်လျက်ပင် အခမ်းအနားကို တက်ရောက်ပြီး အရှေ့တိုင်းဘာသာရပ်ဖြင့် M.A ဘွဲ့ကို ယူခဲ့ပါသည်။ အိမ်သို့ ရံခါပြန်ပြီး ကျောင်း၌ပင် ကပ္ပိယအဖြစ်နေပါသည်။ တစ်နေ့နေ့ ရဟန်းပြုရန် ဆုံးဖြတ်ထားဟန် တူပါသည်။ သူသည် ပဋ္ဌာန်းတရားတော်ကို အထူး စိတ်ဝင်စားစွာ လေ့လာပါသည်။ ယခုနောက်ပိုင်း သူ၏ခမည်းတော် Dr.အောင်သူလည်း ယခင်က ပဋ္ဌာန်းအကျဉ်း ပစ္စယနိဒ္ဒေသကို ရံဖန်ရံခါ ပူဇော်နေရာမှ ယခုအခါ ပဋ္ဌာန်းကျမ်းကြီးကို နေ့စဉ် ပူဇော်လာပါသည်။ ပဋ္ဌာန်းကျမ်းကို နေ့စဉ် ပူဇော်နေရပါသော်လည်း ရွတ်ဆိုနေရသောစာ၏ အဓိပ္ပာယ်ကို အနည်းငယ်မျှပင် မသိရသောကြောင့် ရံခါ နိုင်ငံခြားဘာသာစကားပမာ ခံစားလာရကြောင်း၊ ရံခါတွင်လည်း ရွတ်ဖတ်ပူဇော်ချင်စိတ် မရှိတော့သည်အထိ သဒ္ဓါတရား ကျဆင်းသောကြောင့် ရုံးပိတ်ရက်များတွင် ကျောင်းသို့လာပြီး ပဋ္ဌာန်းတရားတော်ဆိုင်ရာ သိလိုသည်များကို မေးမြန်း လျှောက်ထားလေ့ရှိပါသည်။

## ဟိတ် နှင့် ဟေတု

Dr. အောင်သူ ~ ပဋ္ဌာန်းစာအုပ်တွေဖတ်ရင် 'ဟိတ်' ဆိုတာကို ခဏခဏ ဖတ်ရပါတယ်ဘုရား၊ 'ဟိတ်'ဆိုတာ မြန်မာစကားလား၊ ပါဠိစာပါလားဘုရား။

ဆရာတော် ~ မြန်မာစာစစ်စစ်မဟုတ်ဘူး၊ ပါဠိကနေ ဆင်းသက်လာတဲ့ ပါဠိသက်စကားလုံးပါ၊ ပဋ္ဌာန်းပါဠိမှာပါတဲ့ ဟေတုကို မြန်မာမှာက ဟိတ်လို့ သုံးလေ့ရှိပါတယ်။

Dr. အောင်သူ ~ အဲဒီဟိတ်ရဲ့အဓိပ္ပာယ်ကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဟိတ်ရဲ့ အဓိပ္ပာယ်နဲ့ ဟေတုရဲ့ အဓိပ္ပာယ်က အတူတူပါပဲ၊ ဟေတုကို အင်္ဂလိပ်လို Root လို့ ဘာသာပြန်လေ့ ရှိပါတယ်။ မြန်မာလို အရင်းအမြစ်လို့ ပြန်နိုင်ပါတယ်။ ဟိတ်က ၆ ပါးရှိတယ် ဒကာကြီး။

Dr. အောင်သူ ~ ဟိတ်တွေကလည်း အများကြီးပါလားဘုရား။

ဆရာတော် ~ ဟိတ်က ၆ ပါးဆိုတာမှာ ကုသိုလ်ဘက်က ဟိတ် ၃ ပါးနဲ့ အကုသိုလ်ဘက်က ဟိတ် ၃ ပါး ရှိပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ကုသိုလ်ဟိတ်နဲ့ အကုသိုလ်ဟိတ်ကို သိပါရစေဘုရား။

ဆရာတော် ~ ကုသိုလ်ဟိတ် ၃ ပါးက အလောဘ၊ အဒေါသ၊ အမောဟတို့ဖြစ်ပြီး၊ အကုသိုလ်ဟိတ် ၃ ပါး က လောဘ၊ ဒေါသ၊ မောဟ[၁]တို့ ဖြစ်ပါတယ် ဒကာကြီး။

---

**ကျမ်းညွှန်း**

၁။ (၈၉)၊ သမ္မာဒိဋ္ဌိသုတ္တ၊ မူလပဏ္ဏာသပါဠိ။ (နှာ-၅၇)

Dr. အောင်သူ ~ ငယ်ငယ်က စာသင်ဖူးတာ သတိရပြီဘုရား၊ လောဘရှေ့မှာ 'အ'တပ်လိုက်တော့ အလောဘဖြစ်သွားတာက ပါဠိစာပေစည်းမျဉ်းအရ Negative ပြုလိုက်တာ ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ 'အ' အက္ခရာက ပဋိပက္ခ၊ ဆန့်ကျင်ဘက်ကို ယူနိုင်ပါတယ်၊ ဆိုလိုတာက လောဘက စွဲမက်တာ၊ လိုချင်တာ Greed ပါပဲ၊ အလောဘက လိုချင်တဲ့သဘောရဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်၊ လောဘကို ဖယ်ရှားလိုက်တာမို့ Non greed မစွဲမက်တာ၊ မလိုချင်တာ၊ ပေးကမ်းစွန့်ကြဲနိုင်တာ ဖြစ်သွားတယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဒေါသ၊ အဒေါသနဲ့ မောဟ၊ အမောဟတွေရဲ့ အဓိပ္ပာယ်ကိုလည်း အခုလို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ကုသိုလ်ဟိတ် ကုသိုလ်ရေသောက်မြစ်ဖြစ်တဲ့ အလောဘ၊ အဒေါသနဲ့ အမောဟတို့ရဲ့ အဓိပ္ပာယ်ကို အရင်ပြောမယ်နော်၊ မစွဲမမက်၊ စွန့်လွှတ်၊ ပေးကမ်းလှူဒါန်း နိုင်စွမ်းတဲ့ အလောဘရေသောက်မြစ်ကတစ်ခု၊ ခွင့်လွှတ်နိုင်စွမ်းပြီး မေတ္တာပါတဲ့ အဒေါသရေသောက်မြစ်ကတစ်ခု၊ သုံးသပ်ဆုံးဖြတ်နိုင်စွမ်းတဲ့ အမောဟဉာဏ်ပညာပါတဲ့ ရေသောက်မြစ်ကတစ်ခု၊ ဒါတွေ အားလုံးက အမြတ်စား အကောင်းစား အထက်တန်းကျတဲ့ ရေသောက်မြစ်တွေ ဖြစ်ပါတယ်။ ကုသိုလ်ဟေတု ကုသိုလ်ဟိတ်[၁]တွေပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ မကောင်းတဲ့ရေသောက်မြစ်တွေကိုလည်း သိလိုပါသေးတယ်ဘုရား။

ဆရာတော် ~ မကောင်းတဲ့ အကုသိုလ်ရေသောက်မြစ်တွေက လိုချင် သိမ်းပိုက် စွဲမက်တတ်တဲ့ လောဘရေသောက်မြစ်၊ ခွင့်မလွှတ်နိုင်ဘဲ မေတ္တာခေတ် ခန်းခြောက်နေတဲ့ ဒေါသ ရေသောက်မြစ်၊ အာရုံရဲ့သဘောမှန်ကို ပိုင်ခြား ဝေဖန်နိုင်စွမ်းမရှိတဲ့ မောဟ ရေသောက်မြစ်တို့ပါပဲ။

Dr. အောင်သူ ~ မှတ်သားထားပါ့မယ်ဘုရား။

## ဟိတ် ၆ ပါး

ဆရာတော် ~ ဟိတ် ၆ ပါးရဲ့အဓိပ္ပာယ်ကို နောက်တစ်နည်း ထပ်ပြောရရင် ၁။ လောဘဟိတ်- ဆိုတာ လိုချင်တပ်မက်တတ်တာ ၂။ ဒေါသဟိတ် - ဆိုတာ အမျက်ထွက်တာ၊ စိတ်ဆိုးတတ်တာ၊ ပြစ်မှားတတ်တာ ၃။ မောဟဟိတ် - ဆိုတာ တွေတွေ ဝေဝေသိတာ၊ အမှန်ကို အမှားလို့သိပြီး အမှားကိုအမှန်လို့ သိတာ ၄။ အလောဘ ဟိတ် - ဆိုတာ မလိုချင်တတ်တာ၊ မတပ်မက်တတ်တာ ၅။ အဒေါသဟိတ် - ဆိုတာ မပြစ်မှားတတ်တာ၊ ချမ်းသာ ကောင်းစား စေတတ်တာနဲ့ ၆။ အမောဟ ဟိတ်ဆိုတာ မတွေမဝေသိတာ၊ အမှန်ကို အမှန်အတိုင်း သိတာပါ။

---

**ကျမ်းညွှန်း**

၁။ (၃၀၅)၊ သင်္ဂီတိသုတ္တ၊ ပါထိကဝဂ္ဂပါဠိ။ (နှာ-၁၈၀)

Dr. အောင်သူ ~ ဟိတ် ၆ ပါးက လူတိုင်းလူတိုင်းရဲ့ စိတ်သန္တာန်မှာ ဖြစ်နေတာပါလားဘုရား။

ဆရာတော် ~ ပုထုဇဉ်ပုဂ္ဂိုလ်တွေ့ရဲ့သန္တာန်၊ သောတာပန်ပုဂ္ဂိုလ်တွေရဲ့သန္တာန်နဲ့သကဒါဂါမ် ပုဂ္ဂိုလ်တွေရဲ့ သန္တာန်တွေမှာတော့ ဟိတ် ၆ ပါးလုံးဖြစ်တယ်။ ရံခါ မကောင်းတဲ့ ဟိတ်တွေဖြစ်လိုက်၊ ရံခါ ကောင်းတဲ့ဟိတ်တွေ ဖြစ်နေလိုက်ပါပဲ။[၁] "အယောနိသော မနသိကာရ"လို့ခေါ်တဲ့ တွေ့ကြုံရတဲ့ အာရုံတွေအပေါ်မှာ သင့်တင့်မျှတအောင် နှလုံးသွင်းမှုမရှိတဲ့ သူတွေရဲ့သန္တာန်မှာ အကုသိုလ်ရေသောက်မြစ် သုံးသွယ်က အားကောင်းတတ်ပါတယ်။ "ယောနိသော မနသိကာရ" လို့ခေါ်တဲ့ တွေ့ကြုံရတဲ့ အာရုံတွေအပေါ်မှာ သင့်တင့်မျှတအောင် နှလုံးသွင်းတတ်တဲ့ သူတော်ကောင်း တွေရဲ့ သန္တာန်မှာ ကုသိုလ်ရေသောက်မြစ်သုံးသွယ်က အားကောင်းတတ်ပါတယ်။

Dr. အောင်သူ ~ အနာဂါမ်၊ ရဟန္တာများရဲ့ သန္တာန်မှာ ဟိတ်တွေ မရှိတော့ဘူးလားဘုရား။

ဆရာတော် ~ အနာဂါမ်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာတော့ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တို့ ရှိပါတယ်။ ဒ့ါအပြင် လောဘဟိတ်နဲ့ မောဟဟိတ်တို့ ခပ်ပါးပါးလောက်တော့ ရှိပါသေးတယ်။

Dr. အောင်သူ ~ အနာဂါမ်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒေါသဟိတ်က လုံးလုံးမရှိတော့တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အနာဂါမ်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒေါသဟိတ် လုံးလုံးကို မရှိတော့ တာပါ ဒကာကြီး။

## ပညာနှင့် သညာ

Dr. အောင်သူ ~ ဒါဆိုရင် ရဟန္တာအရှင်မြတ်များက ပညာအားလုံး တတ်တာပါလားဘုရား။

ဆရာတော် ~ ရဟန္တာပုဂ္ဂိုလ်မြတ်တို့ရဲ့ သန္တာန်မှာ လောဘဟိတ်၊ ဒေါသဟိတ်နဲ့ မောဟဟိတ် တွေ အမြစ်ပြတ်သွားပါပြီ။ သိသင့်သိထိုက်တဲ့ သစ္စာလေးပါး တရားတော် မြတ်ကို ပြည့်ပြည့်ဝဝ သိတော်မူကြပါပြီ။ သို့ပါသော်လည်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာမဟုတ်ရင် ပိဋကတ်တော်ကို သင်ယူမှ တတ်မြောက်တော်မူကြပါတယ်။ မတတ်တာက မောဟဖုံးလွှမ်းလို့တော့ မဟုတ်ပါဘူး။ ဉာဏ်ရဲ့သတ္တိ အားနည်းမှု ကြောင့်သာ ဖြစ်ပါတယ်။ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားရှင်ကသာ သိစရာ တရားအားလုံးကို သိတော်မူပါတယ်။[၂]

Dr. အောင်သူ ~ စာတတ်ပေတတ် ဆရာတော်ကြီးတွေက အမြဲ မှတ်ဉာဏ်ကောင်းနေတတ် တာပါလားဘုရား။

---

**ကျမ်းညွှန်း**

၁။ (၄၄-၄၅)၊ ပုဂ္ဂလဘေဒ၊ ဝီထိပရိစ္ဆေဒ၊ အဘိဓမ္မတ္ထသင်္ဂဟ။ (နှာ-၂၈)

၂။ (၈၃၁)၊ ဒသဗလနိဒ္ဒေသ၊ ဉာဏဝိဘင်္ဂဝဏ္ဏနာ၊ သမ္မောဟဝိနောဒနီဝိဘင်္ဂအဋ္ဌကထာ။ (နှာ-၄၄၅)

ဆရာတော် ~ ကောင်းပါတယ်။ သို့သော် စာတတ်ပေတတ် အကျော်အမော် ဆရာတော်ကြီးတွေ၊ ကမ္မဋ္ဌာန်းပြတော်မူတဲ့ ဆရာတော်ကြီးတွေ တရားအသိ ရှိတော်မူကြတယ်။ သို့သော် ရံခါ သံဃာ့အစည်းအဝေးပြီးလို့ သိမ်ထဲကအထွက်မှာ ဖိနပ်မှားစီးမိတာ၊ ထီးကိုမှားယူမိတာမျိုးတော့ ရှိတတ်တာပဲ။

Dr. အောင်သူ ~ တပည့်တော်တို့ ဆေးရုံမှာ စာချဆရာတော်တစ်ပါး ပျံလွန်တော်မူခါနီးတော့ "နမော တဿ" ဘုရားရှိခိုးကို အစအဆုံး မမှတ်မိတော့ဘူးဘုရား။ တပည့်တော် ကိုယ်တွေ့ပါဘုရား။ မနှစ်တုန်းက ဆေးရုံမှာ ပျံလွန်တော်မူတဲ့တစ်ပါးက သရဏဂုံ မေ့သွားတာပါဘုရား။ ဘေးကရဟန်းတစ်ပါးက တိုင်ပေးနေရတယ်။

ဆရာတော် ~ ထိုးထွင်းပြီး သိရှိသဘောပေါက်တာက တစ်ခု၊ မှတ်သားထားတာက တစ်ခုပါ။ မှတ်သားထားတဲ့ သညာက မေ့ချင်မေ့တတ်တယ်၊ မသေချာဘူး ဒကာကြီး။

Dr. အောင်သူ ~ ဟိတ် ၆ ပါးတွေက တစ်ပြိုင်နက်တည်းပေါ်ပြီး စိတ်မှာ အမြဲ အလုပ်တွေ လုပ်နေတာပါလားဘုရား။

## ကောင်းသည့်ဟိတ်နှင့် မကောင်းသည့်ဟိတ် တစ်ပြိုင်တည်းမဖြစ်

ဆရာတော် ~ မဟုတ်ဘူး၊ မဟုတ်ဘူး။ ကောင်းတဲ့ဟိတ်နဲ့ မကောင်းတဲ့ဟိတ်တို့က သူတို့ အချင်းချင်း တစ်ပြိုင်တည်း ဖြစ်လေ့မရှိဘူး။ လောဘ၊ ဒေါသ၊ မောဟတွေ စိတ်သန္တာန်မှာ ရှိနေလို့ရှိရင် အလောဘ၊ အဒေါသ၊ အမောဟတွေ ဖြစ်ခွင့် မရတော့ပါဘူး။ အလောဘ၊ အဒေါသ၊ အမောဟတွေ စိတ်သန္တာန်မှာ ရှိနေလို့ ရှိရင်လဲ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်ခွင့်မရတော့ပါဘူး ဒကာကြီး။[၁]

Dr. အောင်သူ ~ မှန်ပါ။ တပည့်တော် နားလည်သလို လျှောက်ထားကြည့်ပါမယ်ဘုရား၊ တပည့်တော် ပေးကမ်း စွန့်ကြဲ လှူဒါန်းနေတဲ့အခါမှာ ကပ်စေးနှဲပြီး မပေးချင်ဘူး ဆိုတဲ့စိတ် မရှိတော့တာမျိုးကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်။ အလောဘဟေတု အားကောင်းနေရင် လောဘ ဟေတု ဖြစ်ခွင့် မရှိတော့ဘူးလေ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ သဘောပေါက်သလိုလိုတော့ ရှိလာပါပြီဘုရား။

ဆရာတော် ~ တစ်ယောက်ယောက်ကို စိတ်ဆိုးပြီဆိုရင် ဘယ်လိုထိ ဖြစ်သွားစေချင်သလဲ။

Dr. အောင်သူ ~ သူ့ကို ပျက်စီးစေချင်တယ်။ ဒုက္ခရောက်စေချင်တယ်။ သူကျဆုံးနေပြီဆိုတဲ့ သတင်းစကားမျိုးတွေကို ကြားချင်တယ်။ သူ့ကောင်းသတင်းတွေကို လုံးဝ မကြားချင်တော့ပါဘူးဘုရား။

---

**ကျမ်းညွှန်း**

၁။ (၃၇)၊ သံယုတ္တဘာဂိနေယျထေရဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၁၉၀)

## အကုသိုလ်ဟိတ် ဖုံးလွှမ်းခံရတဲ့ဘုရင်

ဆရာတော် ~ စိတ်ကို ဒေါသက လွှမ်းမိုးပြီး Overwhelm လုပ်လိုက်တဲ့အခါ ချမ်းသာစေချင်တဲ့၊ ကောင်းစားစေချင်တဲ့စိတ်တွေ ဝင်မရတော့ဘူး ဒကာကြီး။

Dr. အောင်သူ ~ ဒါကို ကိုယ်စားပြုတဲ့ ဥပမာများ ရှိပါသလားဘုရား။

ဆရာတော် ~ ရှိတယ်၊ အများကြီးရှိပါတယ်။ အခု သတိရတာက ဘုရင်အဇာတသတ်ရဲ့ စိတ်ကို အကုသိုလ်ဟေတုက လုံးလုံးဖုံးလွှမ်းလိုက်တဲ့အခါမှာ ကျေးဇူးရှင် အရိယာ ဖခမည်းတော်မင်းကြီးကို အစာ အငတ်ခံထားရုံသာမကဘူး၊ ခြေဖဝါးကို ဓားနဲ့ခွဲ မီးကင်ပြီးတော့ သတ်တဲ့အထိ ရက်စက်ယုတ်မာခဲ့ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား၊ ဘုရင်ဖြစ်ချင်လွန်းတဲ့ အကုသိုလ်ဇောကြောင့် အဇာတသတ်ရဲ့ နှလုံးသားထဲမှာ ကောင်းတဲ့ဟေတု လုံးဝ ခန်းခြောက်သွားတာလို့ ပြောရင် မှန်ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး၊ မှန်ပါတယ်။ မေတ္တာပါတဲ့ အဒေါသ သတ္တိတွေ၊ အဆိုး အကောင်း ဝေဖန်ပိုင်းခြားနိုင်စွမ်းတဲ့ အမောဟသတ္တိတွေအားလုံး ပျောက် ကွယ်သွားပြီး မကောင်းတဲ့၊ ရက်စက်ယုတ်မာတဲ့၊ ကိုယ်ချင်းစာစိတ် ကင်းမဲ့တဲ့ လူတစ်ဖက်သားကို ဒုက္ခပေးပြီး၊ ကျေးဇူးတရားကို မျက်ကွယ်ပြုတဲ့ထိ အကုသလ ဟေတုသတ္တိတွေက ဘုရင်အဇာတသတ်ရဲ့ နှလုံးသားမှာ မီးဟုန်းဟုန်းတောက် နေတာပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

## ပေါက်တူးပေါ် တပ်မက်သည့် လောဘဟိတ်

ဆရာတော် ~ နောက်တစ်ခု သတိရတာလေးပြောရရင် ဘုရားလောင်း ကုဒ္ဒါလပဏ္ဍိတက ရသေ့ဝတ်မှာမို့လို့ သူပိုင်ဆိုင်တဲ့ ပေါက်တူးတစ်လက်ကို ရသေ့မဝတ်ခင် ချုံထဲမှာ လုံလုံခြုံခြုံ ဖွက်ထားခဲ့တယ်။ ရသေ့ဝတ်ပြီး ကာလအတန်ကြာလာတဲ့အခါမှာတော့ သူ့ပေါက်တူးပေါ်မှာ တပ်မက်နေတဲ့လောဘ အကုသလဟေတုရဲ့သတ္တိကြောင့် လူထွက်တယ်။ ပြီးတော့ ပေါက်တူးပေါက်ပြီး ခြံစိုက်စားပါတယ်။

Dr. အောင်သူ ~ ပေါက်တူးကို စွဲလမ်းတဲ့စိတ်ကြောင့် ရသေ့ဘဝကနေ လူဝတ်ကြောင်ဘဝကို ပြောင်းတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သူ့ပေါက်တူးကြောင့် ရသေ့ဝတ်လိုက်၊ လူထွက်လိုက်နဲ့ဖြစ်နေတာ။

Dr. အောင်သူ ~ ဘယ်နှစ်ကြိမ် ရသေ့ဝတ်ကနေ လူထွက်တာပါလဲဘုရား။

ဆရာတော် ~ ဓမ္မပဒအဋ္ဌကထာမှာ သူ့ရဲ့အသွားတုံးနေတဲ့ ပေါက်တူးပေါ်မက်နေတဲ့ လောဘကြောင့် ခြောက်ကြိမ်တိုင်တိုင် ရသေ့ဝတ်ပြီး၊ ခြောက်ကြိမ်တိုင်တိုင် လူထွက် တယ်လို့ ဖတ်ဖူးတယ်။

Dr. အောင်သူ ~ နောက်တော့ဘုရားလောင်းက ရသေ့ဘဝမှာ ဘယ်လိုလုပ်မြဲသွားသလဲဘုရား။

ဆရာတော် ~ သူစဉ်းစားမိတာက ဒီအသွားတုံးနေတဲ့ပေါက်တူးကြောင့် ငါရသေ့ဘဝ မမြဲတာတဲ့။ ဒါကြောင့် မြစ်ကမ်းနဖူးမှာ သွားရပ်ပြီး ပေါက်တူးကို အရိုးကနေ ကိုင်တယ်။ ပြီးတော့ မျက်စိစုံမှိတ်ပြီး မြစ်အလယ်ကို လွှင့်ပစ်လိုက်တယ်။ ဒီအခါကျမှသူက "ဇိတံ မေ၊ ငါ အောင်ပြီ"၊ "ဇိတံ မေ၊ ငါ အောင်ပြီ"၊ "ဇိတံ မေ၊ ငါ အောင်ပြီ"လို့ ကြွေးကြော်နိုင်ပါသတဲ့ ဒကာကြီး။

Dr. အောင်သူ ~ သူက ဘာဖြစ်လို့ မျက်စိကိုမှိတ်တာပါလဲဘုရား။

ဆရာတော် ~ ပေါက်တူးကျတဲ့နေရာမြင်ရင် ရေထဲဆင်းပြီး ဆယ်ယူမိမှာစိုးလို့တဲ့ဗျာ။

Dr. အောင်သူ ~ သူတော်ကောင်းကြီးများရဲ့ လောဘဟေတုကို သစ်စိမ်းချိုး ချိုးပြီး ဖြတ်တဲ့နည်းကို တပည့်တော် အခုသဘောပေါက်ပြီဘုရား။ စိတ်မှာ လောဘ၊ ဒေါသတွေ ဖြစ်တာကို သဘာဝတရားလို့ အရင်က လက်ခံထားမိတာ မှားမှန်းသိရပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒါဆိုရင် အခု ဒကာကြီးရဲ့စိတ်မှာ အလောဘ၊ အဒေါသ၊ အမောဟတွေ သဘာဝအတိုင်း ဖြစ်နိုင်အောင် ကြိုးစားရတော့မယ်နော်။

Dr. အောင်သူ ~ လောဘ၊ ဒေါသက ဖြစ်လွယ်နေတာပါ။ အလောဘ၊ အဒေါသ၊ အမောဟတွေ ဖြစ်လွယ်ဖို့ ကျင့်မှုရမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ကျင့်ရပါမယ် ဒကာကြီး။ လောဘ၊ ဒေါသ၊ မောဟခေါ်တဲ့ အကုသိုလ် ရေသောက်မြစ်တွေ အားကောင်းနေသမျှ သံသရာမှာ ဘဝအဆင့် အတန်း နိမ့်ကျနေမယ်နော်။ ကုသိုလ်ရေသောက်မြစ်တွေ အားကောင်းမှ ဘဝအဆင့်အတန်း မြင့်သထက်မြင့်တက်လာမှာပါ ဒကာကြီး။

## ကျေးဇူးပြုသည်၏ အဓိပ္ပာယ်

Dr. အောင်သူ ~ ပဋ္ဌာန်းမှာ 'ကျေးဇူးပြုတယ်' ဆိုတာနဲ့ တပည့်တော်တို့ ရပ်ထဲ၊ ရွာထဲ ပြောနေကြတဲ့ ကျေးဇူးတင်ပါတယ် ဆိုတာက အတူတူပဲလားဘုရား။

ဆရာတော် ~ ပဋ္ဌာန်းတရားတော်ကို လေ့လာရင် 'ကျေးဇူးပြုတယ်၊ ကျေးဇူးပြုတယ်' လို့ မကြာမကြာ တွေ့ရတတ်ပါတယ်။ ဒကာကြီးပြောတဲ့ ကျေးဇူးတင်ပါတယ် နဲ့တော့ သဘောချင်းမတူဘူး။

Dr. အောင်သူ ~ တပည့်တော် အဲဒီအဓိပ္ပာယ်ကို ပြည့်ပြည့်စုံစုံ သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ပဋ္ဌာန်းမှာ ကျေးဇူးပြုတယ်ဆိုတာက ၁။ မဖြစ်သေးတာကို ဖြစ်စေတာ၊ ၂။ ဖြစ်ပေါ်ပြီးတာကို တည်တံ့စေတာကို ကျေးဇူးပြုတယ်လို့ ခေါ်ပါတယ်။ မှတ်မိလွယ်အောင် ဘုန်းကြီး လင်္ကာလေးနဲ့ ပြောပြပေးမယ်နော်။ "ဖြစ်စေတည်စေ၊ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု" တဲ့ဗျာ။

## ဥပကာရက

Dr. အောင်သူ ~ ပဋ္ဌာန်းကျမ်းစာအုပ် ပူဇော်တဲ့အခါ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော ဆိုပြီး ပစ္စယော၊ ပစ္စယောလို့ပဲ ဖတ်နေရပါတယ်ဘုရား။ အဲဒီပစ္စယောကြီးက ဘာ အဓိပ္ပာယ် ရပါသလဲဘုရား။

ဆရာတော် ~ ပါဠိလို 'ပစ္စယ'လို့ ရှိပါတယ်၊ မြန်မာလိုကျတော့ 'ပစ္စည်း' လို့ သုံးတယ်။

Dr. အောင်သူ ~ ပစ္စည်းနဲ့ ပစ္စယ အတူတူပဲလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ပါဠိနဲ့ မြန်မာအသုံးပေါ့၊ ပါဠိလို 'ပစ္စယ' ပုဒ်ရဲ့အနက် အဓိပ္ပာယ်က ကျေးဇူးပြုတယ်လို့ ရပါတယ်။

Dr. အောင်သူ ~ မှန်ပါ၊ 'ဖြစ်စေ တည်စေ၊ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု'ထဲက ကျေးဇူးပြုတာကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်။ ပါဠိလို 'ပစ္စယ'၊ မြန်မာ 'ပစ္စည်း' ရဲ့အဓိပ္ပာယ် တစ်ခုက အကြောင်းတရားလို့လည်း မှတ်သားထားဖို့ လိုသေးတယ်။

Dr. အောင်သူ ~ မှန်ပါ၊ ကျေးဇူးပြုတတ်တာနဲ့ အကြောင်းတရားဆိုတဲ့ အဓိပ္ပာယ်နှစ်ခုစလုံးကို မှတ်ရမှာလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ပဋ္ဌာန်းပစ္စည်းလို့ဆိုတာက ကျေးဇူးပြုတတ်တဲ့တရား၊ အကြောင်း တရားလို့ မှတ်ရပါမယ်နော်၊ ဥပမာ ဟေတုပစ္စယောဆိုရင် အရင်းအမြစ်အားဖြင့် ကျေးဇူးပြုတတ်တဲ့ တရားတဲ့။

Dr. အောင်သူ ~ မှန်ပါ။ အာရမ္မဏပစ္စယောရဲ့အဓိပ္ပာယ် ဘယ်လိုယူရမလဲဘုရား။

ဆရာတော် ~ 'အာရမ္မဏ'က အာရုံခြောက်ပါးနော်။ 'ပစ္စယော' က ကျေးဇူးပြုတတ်တာ လေ။ ဒီတော့ အာရုံခြောက်ပါးအားဖြင့် ကျေးဇူးပြုတတ်တဲ့တရားပေါ့ ဒကာကြီး။

Dr. အောင်သူ ~ တင်ပါ့ဘုရား၊ တပည့်တော် စဉ်းစားနေတာ တစ်ခုရှိတယ်ဘုရား။

ဆရာတော် ~ ဒကာကြီး ဘာများစဉ်းစားနေတာပါလဲ။

## Cause and effect

Dr. အောင်သူ ~ ပဋ္ဌာန်းက အကြောင်းနဲ့ အကျိုး Cause and effect ကို ဟောတဲ့တရားလို့ သိထားပါတယ်ဘုရား၊ 'ပစ္စယ'က အကြောင်းတရားဆိုတော့ အကျိုးတရားကို ပဋ္ဌာန်းမှာ ဘယ်လိုများခေါ်ပါသလဲလို့ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ ပဋ္ဌာန်းပါဠိတော်မှာ 'ပစ္စယ + ဥပ္ပန္န = ပစ္စယုပ္ပန္န'က အကြောင်းကြောင့် ဖြစ်လာတဲ့တရား ဒါမှမဟုတ် အကျိုးတရားလို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ 'ပစ္စယ'က အကြောင်းတရား၊ 'ပစ္စယုပ္ပန္န' က အကျိုးတရားလို့ ယူရမှာပါလား ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ မှန်ပါတယ်။

Dr. အောင်သူ ~ ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာက *'ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော'* လို့ တပည့်တော် နေ့စဉ် ပူဇော်ပါတယ်ဘုရား။ တပည့်တော် နေ့စဉ်ပူဇော်နေတဲ့ ပါဠိရဲ့ အဓိပ္ပာယ်ကို သိပ်သိချင်ပါတယ်ဘုရား။

## Mind-Produce Matters

ဆရာတော် ~ ကောင်းပါပြီ။ တစ်လုံးချင်း ပြောပြမယ် ဒကာကြီး။ 'ဟေတုပစ္စယောတိ = ဟေတုပစ္စည်းဟူသည်ကား= (The Root Condition is) 'ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ = အခြေအမြစ်တရားတို့သည် မိမိတို့နဲ့ ယှဉ်ကုန်သော တရားတို့အားလည်းကောင်း၊ (The roots are related to the states associated with roots and) 'တံ သမုဋ္ဌာနာနဉ္စ ရူပါနံ = မိမိတို့ကြောင့် ဖြစ်ပေါ်သော ရုပ်တရားတို့အားလည်းကောင်း၊ (The mind-produce matters) ဟေတု ပစ္စယေန ပစ္စယော= အခြေအမြစ်သတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၏။ (by the power of root condition)။

Dr. အောင်သူ ~ တပည့်တော်အတွက် ပါဠိထက် အင်္ဂလိပ်လို ပိုနားလည်လွယ်သလိုပါပဲဘုရား၊ Associated နဲ့ mind - produce matters ကို ပိုပြီး စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ အဲဒီနှစ်ခုကို မေ့လို့မဖြစ်ဘူးနော်၊ ရှေ့ဆက် လေ့လာတဲ့အခါမှာ သူက အရေးပါ လိမ့်ဦးမယ်။

## Associated Dhamma

Dr. အောင်သူ ~ မှန်ပါဘုရား။ Associated ကို ဖြစ်နိုင်ရင် ဥပမာနဲ့ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ Associated Dhamma ဆိုတာကို ဥပမာနဲ့ပြောရရင် ထမင်းစားရအောင်ဆိုတာနဲ့ ဟင်းပါပြီးသား၊ ဟင်းရည်သောက် ပါပြီးသားလိုမျိုး၊ ချဉ်ရည်ဟင်းလို့ ပြော လိုက်တာနဲ့ ဆားပါပြီးသား၊ ငရုတ်သီးပါပြီး၊ အချဉ်ပါပြီးသားပါ၊ ကြက်သွန် ပါပြီးသားပါ၊ လောဘဖြစ်ရင် မောဟပါပြီးသား၊ ဖဿပါပြီးသား၊ ခံစားမှုဝေဒနာ ပါပြီးသား၊ မှတ်သားမှုသညာတွေ ပါပြီးသားကို ဆိုလိုတာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား၊ Associated Dhamma ကို နားလည်ပါပြီဘုရား။ အကြောင်းအကျိုး ဆိုတာကိုတော့ မသိရသေးပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ စစချင်း 'ဟေတု' က ပစ္စည်းနော်၊ အကြောင်းတရား၊ နောက်ဟောတဲ့ 'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ'[၁] က ပစ္စယုပ္ပန် အကျိုးတရားလို့ ယူလို့ရပါတယ် ဒကာကြီး၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာထက် ပဉ္စာဝါရဘက်က လေ့လာရင် ပိုပြီး စဉ်းစားလို့ကောင်းတယ်။ နည်းနည်း ပြောပြကြည့်မယ်နော်။

Dr. အောင်သူ ~ မှန်ပါ၊ ပဉ္စာဝါရလည်း တပည့်တော် ရံခါ ပူဇော်နေပါတယ်ဘုရား။

ဆရာတော် ~ '*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော*'ကို ပူဇော်ဖူးမယ်ထင်တယ်။

Dr. အောင်သူ ~ မှန်ပါ၊ မှတ်မိပါတယ်ဘုရား။ အဓိပ္ပာယ်သာ မသိတာပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ "ကုသိုလ်တည်းဟူသော အကြောင်းတရားသည်၊ ကုသိုလ်တည်းဟူသော အကျိုးတရားကို ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်" လို့ ဘာသာပြန်နိုင်ပါတယ်။

Dr. အောင်သူ ~ ဒီပါဠိမှာက အကြောင်းတရားနဲ့ အကျိုးတရားက သိပ်ထင်ရှားတာပါပဲဘုရား။ ဒါကို ဘယ်လိုများ ကျေးဇူးပြုနေတာပါလဲဘုရား။

## ရေသောက်မြစ်

ဆရာတော် ~ လောဘ၊ ဒေါသနဲ့ မောဟရေသောက်မြစ်တွေရဲ့ ကျေးဇူးပြုပုံကို ပြောပြမယ်နော်။ ကောင်းတဲ့ရေသောက်မြစ်က ကုသလဟေတုလေ[၂] ဒကာကြီး၊ မကောင်းတဲ့ ရေသောက်မြစ်က အကုသလဟေတု။

Dr. အောင်သူ ~ ဒါဆိုရင်တော့ ရပါပြီ၊ မှတ်မိပါပြီဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒကာကြီးရဲ့သန္တာန်မှာ ရှိနေတဲ့ အကုသလဟေတုလို့ခေါ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေက ဒကာကြီးစိတ်သန္တာန်မှာ အကုသိုလ်တွေ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုကြပါတယ်။

Dr. အောင်သူ ~ သူတို့က တပည့်တော်ကို အကုသိုလ်တွေ ဖြစ်လာအောင် ဘယ်လိုများ ကျေးဇူးပြုမှာပါလဲဘုရား။ ဘယ်လိုများ ဖြစ်စေမှာပါလဲဘုရား။

ဆရာတော် ~ သူ့အသက်သတ်နိုင်အောင်လည်း ကျေးဇူးပြုနိုင်တယ်။ သူ့ဥစ္စာခိုးနိုင်အောင်လည်း ကျေးဇူးပြုနိုင်တယ်၊ သူတစ်ပါးရဲ့ သားမယားကို ဖျက်ဆီးနိုင်အောင်လည်း[၃] အကုသလဟေတုက ကျေးဇူးပြုနိုင်ပါတယ်။

---

**ကျမ်းညွှန်း**

၁။ (၄၀၁)၊ ကုသလတ္တိက၊ ပဉ္စာဝါရ၊ ဓမ္မာနုလောမ တိကပဋ္ဌာနပါဠိ။ (ပထမတွဲ၊ နှာ-၁၃၂)

၂။ (၇၀)၊ အကုသလမူလသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၂၀၂)

၃။ (၁၉၅)၊ မဟာဝစ္ဆသုတ္တ၊ ပရိဗ္ဗာဇကသုတ္တ၊ မဇ္ဈိမပဏ္ဏာသပါဠိ။ (နှာ-၁၅၇)

Dr. အောင်သူ ~ မကောင်းတဲ့ ရေသောက်မြစ်ရှိနေရင် သတ်နိုင်တယ်။ ခိုးနိုင်တယ်။ သူ့အိမ်ရာ လွန်ကျူးနိုင်တယ် ဆိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ မကောင်းတဲ့ ရေသောက်မြစ် အားကောင်းနေရင် "ဖြစ်စေ၊ တည်စေ၊ တိုးပွားစေ ခေါ်လေကျေးဇူးပြု" ကို သတိရပါလေ။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဆက်ဖြစ်ဖို့ ကျေးဇူးပြုတယ်။ ထပ်မံပြီးတော့လည်း တိုးပြီး သတ်ဖြစ်ဖို့ ကျေးဇူးပြုတယ်လို့ဆိုရင် မှန်ပါသလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ခိုးတာမှာလည်း တူတူပဲလေ၊ ခိုးဖြစ်တယ်။ ခိုးတဲ့အလေ့အကျင့် ရှိနေတယ်။ နောင်လည်း တိုးပြီးခိုးဖြစ်နိုင်တာကို ပဋ္ဌာန်းကို ဘာသာပြန်ရင် ကျေးဇူးပြုတယ်လို့ ပြန်ရပါတယ် ဒကာကြီး။

Dr. အောင်သူ ~ တော်တော်လေး သဘောပေါက်ပါပြီဘုရား။

ဆရာတော် ~ ဒါဆိုရင် ကောင်းတဲ့ဟိတ် ကုသိုလ်ရေသောက်မြစ်ဖြစ်တဲ့ အလောဘ၊ အဒေါသ၊ အမောဟတွေက ဒကာကြီးရဲ့သန္တာန်မှာ ကုသိုလ်တွေဖြစ်အောင် ကျေးဇူးပြုကြပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ မှန်ပါဘုရား၊ သူ့အသက် မသတ်ရအောင်၊ သူ့ဥစ္စာမခိုးရအောင်၊ သူ့အိမ်ရာ မဖျက်ဆီးရအောင်လို့ ကောင်းတဲ့ရေသောက်မြစ် ကုသိုလ်ဟိတ်က ဖြစ်စေတယ် ဆိုတာ နားလည်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ၊ ဒါတွေကိုပဲ စာမှာ ကျေးဇူးပြုတယ်လို့ ခေါ်တာပါနော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

## အလောဘ၊ အဒေါသ၊ အမောဟ

ဆရာတော် ~ ဘုရားဟော ပါဠိစာမှာ '*အလောဘော ဒါနဟေတု၊ အဒေါသော သီလဟေတု၊ အမောဟော ဘာဝနာဟေတု*'[၁] လို့ ရှိတယ်၊ အဓိပ္ပာယ်က ပေးကမ်းစွန့်ကြဲ နိုင်တဲ့ အလောဘဟေတုက လှူဒါန်းနိုင်အောင် ကျေးဇူးပြုပါတယ်။ ခွင့်လွှတ် သည်းခံနိုင်စွမ်းတဲ့ အဒေါသဟေတုက သီလလုံခြုံအောင် ကျေးဇူးပြုပါတယ်၊ အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ အမောဟဟေတုက ဘာဝနာကုသိုလ်နဲ့ ပြည့်စုံအောင် ကျေးဇူးပြုပါတယ် ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် အခုမှ ပိုရှင်းသွားတယ်ဘုရား။

---

**ကျမ်းညွှန်း**

* (၆၇)၊ သာဠှသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၁၉၄)

* (၄၇)၊ မဟာလိသုတ္တ၊ အက္ကောသဝဂ္ဂ၊ ဒသကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၃၂၄)

၁။ စိတ္တုပ္ပါဒကဏ္ဍ၊ ကာမာဝစရကုသလ ဓမ္မုဒ္ဒေသကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာ။ (နှာ-၁၇၁)

ဆရာတော် ~ ကောင်းပါပြီ၊ နောက်တစ်နည်း ပြောပြဦးမယ်နော်။ မလျှုဒါန်းနိုင်အောင် လောဘဟေတုက ကျေးဇူးပြုတယ်။ လျှုဒါန်းနိုင်အောင် အလောဘဟေတုက ကျေးဇူးပြုပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ သဘောကျပါတယ်ဘုရား။

ဆရာတော် ~ အဒေါသက သီလနဲ့ပြည့်စုံအောင် ကျေးဇူးပြုတယ်၊ ဒေါသက သီလပျက်အောင် ကျေးဇူးပြုတယ်။

Dr. အောင်သူ ~ ပိုလို့ ရှင်းပါပြီဘုရား။

ဆရာတော် ~ အမောဟက ဘာဝနာကုသိုလ်နဲ့ ပြည့်စုံအောင် ကျေးဇူးပြုတယ်။ မောဟက ဘာဝနာတရားတွေ မကြီးပွား၊ မတိုးတက်အောင် ကျေးဇူးပြုပါတယ်။

## ငရဲ တိရစ္ဆာန် ပြိတ္တာ

Dr. အောင်သူ ~ မှန်ပါဘုရား။ လောဘနဲ့သေရင် ပြိတ္တာ၊ ဒေါသနဲ့သေရင် ငရဲ မောဟနဲ့သေရင် တိရစ္ဆာန်လို့လည်း ကြားဖူးတယ်ဘုရား။ အဲဒီမှာက အကုသိုလ်ဟေတု တွေက ဘယ်လိုများ ကျေးဇူးပြုပါသလဲဘုရား။

ဆရာတော် ~ ကုသိုလ်ရေသောက်မြစ်ကို ဦးစွာ ပြောပြမယ်နော်။ ကုသိုလ်ဘက်က တစ်ခုကို နားလည်ရင် ဟိုဘက်အကုသိုလ်ဘက်က နားလည်ဖို့ မခက်ခဲတော့ဘူး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ "*အလောဘေန ပေတ္တိဝိသယေ ဥပပတ္တိ န ဟောတိ၊ အဒေါသေန နိရယေ ဥပပတ္တိ န ဟောတိ၊ အမောဟေန တိရစ္ဆာနယောနိယံ န ဟောတိ*" [၁] လို့ စာထဲမှာ ရှိတယ်။ အလောဘဟိတ်က ပြိတ္တာဘုံမှာ မဖြစ်ဖို့ ကျေးဇူးပြုပါတယ်။ လောဘဟိတ်က ပြိတ္တာဘုံမှာဖြစ်ဖို့ ကျေးဇူးပြုပါတယ်တဲ့။

Dr. အောင်သူ ~ ကောင်းကောင်းရှင်းပါပြီဘုရား။

ဆရာတော် ~ အဒေါသဟိတ်က ငရဲပြည်မှာ မဖြစ်ဖို့ ကျေးဇူးပြုပါတယ်။ ဒေါသဟိတ်က ငရဲပြည်မှာဖြစ်ဖို့ ကျေးဇူးပြုပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ပိုလို့ ရှင်းပါပြီဘုရား။

ဆရာတော် ~ အမောဟဟိတ်က တိရစ္ဆာန်မျိုးမှာမဖြစ်ဖို့ ကျေးဇူးပြုပါတယ်။ မောဟဟိတ်က တိရစ္ဆာန်မျိုးမှာဖြစ်ဖို့ ကျေးဇူးပြုပါတယ်။

Dr. အောင်သူ ~ '*ဖြစ်စေ၊ တည်စေ၊ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု*' ဆိုတဲ့စာကို အခုမှပဲ ရှင်းရှင်း လင်းလင်း သဘောပေါက်ပါတော့တယ်ဘုရား။ နောင်တမလွန် ဘုံဘဝကို ဘယ်ဟိတ်တွေက ပို့တာပါလဲဘုရား။

---

**ကျမ်းညွှန်း**

၁။ စိတ္တုပ္ပါဒကဏ္ဍ၊ ကာမာဝစရကုသလ ဓမ္မုဒ္ဒေသကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာ။ (နှာ-၁၇၂)

ဆရာတော် ~ ဟုတ်ပြီ။ အရေးကြီးဆုံးက အမောဟဟေတုဆိုတဲ့ ပညာဉာဏ်က ဒီမှာ အထွင့်ရှိ အထိပ်နော်။ လူ့ပြည်လဲ ပို့နိုင်တယ်။ နတ်ပြည်လည်း ပို့နိုင်တယ်။ ဗြဟ္မာပြည်လဲ ပို့နိုင်ပါတယ်။ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ကုသလဟေတုကြောင့် နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက်တဲ့သာဓကများ ရှိပါသလားဘုရား။

## သာကီဝင်ဂေါပိကာမင်းသမီး

ဆရာတော် ~ ရှိပါတယ် ဒကာကြီး၊ ရှိပါတယ်။ အခု သတိရလာတာက သာကီဝင်ဂေါပိကာမင်းသမီးအကြောင်း ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဂေါပိကာမင်းသမီးက သီလလည်း ပြည့်စုံတယ်၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကိုလည်း မြတ်နိုးတယ်၊ နေ့စဉ် သီလပြည့်စုံတဲ့ ရဟန်းတော်သုံးပါးကိုလည်း ဆွမ်းလောင်းလှူတယ်။ သူ့မှာ ကုသိုလ်ပြုပြီးတိုင်း ဆုတောင်းတယ်။ တောင်းတဲ့ဆုက 'ယောကျာ်းဘဝ ဖြစ်ပါရစေ'တဲ့။

Dr. အောင်သူ ~ သူက မိန်းမဘဝကို ဘာကြောင့် မုန်းတာလဲဘုရား။

ဆရာတော် ~ မိန်းမဘဝဆိုတာ ယုတ်ညံ့တယ်။ ယောကျာ်းတွေရဲ့ ခြေရင်းမှာ အလုပ်အကျွေးပြုရတယ်။ ဒါကြောင့် အောက်ကျ နောက်ကျ နိုင်လွန်းတယ်။ စကြဝတေးမင်း၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း မဖြစ်နိုင်သလို၊ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါဆုလည်း ပန်လို့မရနိုင်ဘူးတဲ့။ ဒါကြောင့် သူက မိန်းမဘဝကို စက်ဆုပ် ရွံမုန်းနေတာပါ။

Dr. အောင်သူ ~ သူ့ဆုတောင်း ပြည့်သွားသလားဘုရား။

## ယုတ်ညံ့သည့် ဂန္ဓဗ္ဗနတ်ဖြစ်သွားသောရဟန်း

ဆရာတော် ~ ပြည့်တယ် ဒကာကြီး၊ သူသေပြီးတဲ့နောက် တာဝတိံသာနတ်ပြည်မှာ ဂေါပကနတ်သား ဖြစ်လာတယ်။ ထူးခြားတာက လူ့ပြည်တုန်းက သူ့ရဲ့အိမ်ကို နေ့စဉ်ဆွမ်းခံကြွတဲ့ ရဟန်းတော်သုံးပါးက ပျံလွန်တော်မူပြီးနောက် ဂေါပကနတ်သားအောက် နိမ့်ကျတဲ့ ဂန္ဓဗ္ဗကချေသည်နတ်မျိုးမှာ လာဖြစ်ကြတယ်။

Dr. အောင်သူ ~ ရဟန်းက အောက်ကျတဲ့နတ်မျိုးမှာ သွားဖြစ်ရတာ နှမြောစရာကြီးဘုရား။

ဆရာတော် ~ ဝါးချက် မင်းကျောင်းဆရာတော်ကြီး မိန့်ဖူးတာလေး နားထောင်ပါဦး ဒကာကြီး၊ ဆရာတော်ကြီးက 'အခု နိမ့်နေတဲ့ ကြမ်းပြင်ပေါ် ထိုင်နေတဲ့ ဒါယကာ၊ ဒါယိကာမတွေက လောဘပြတ်ပြီး လှူဒါန်းတတ်လို့ သေတော့ အထက်ကို သွားတယ်၊ အခု ပလ္လင်အထက် မြတ်တဲ့နေရာက ရဟန်းတော်တွေက လောဘနဲ့ သိမ်းပိုက်မိတော့ သေတော့ အောက်ကိုရောက်သွားတတ်တယ်'လို့ မိန့်ဖူးတယ်။

Dr. အောင်သူ ~ ဆရာတော်ကြီးရဲ့ တရားကလည်း အလွန် မှတ်သားထိုက်ပါတယ်ဘုရား။

ဆရာတော် ~ ရဟန်းတော်သုံးပါးလုံး ယုတ်ညံ့တဲ့ ဂန္ဓဗ္ဗနတ်မျိုးမှာဖြစ်တာက အကြောင်းမဲ့ မဟုတ်ပါဘူး။

Dr. အောင်သူ ~ သူတို့မှာလည်း ဆုတောင်း ရှိတာပါလားဘုရား။

ဆရာတော် ~ မဟုတ်ဘူး၊ ဂန္ဓဗ္ဗနတ်ဖြစ်ဖို့ ဆုတောင်းမရှိဘူး။ သူတို့က သီလ၊ သမာဓိ စတဲ့ ဈာန်တွေနဲ့ ပြည့်စုံတဲ့အတွက် အထက်အထက် နတ်ပြည်၊ ပြဟ္မာ့ပြည်ကို ရောက်နိုင်တယ်။ သို့ပါသော်လည်း ရဟန်းဘဝမဖြစ်မီ အရင်ဘဝတွေမှာ ဂန္ဓဗ္ဗ နတ်မျိုးမှာ ဖြစ်ခဲ့ဖူးတယ်လေ။ ဒါကြောင့် သူတို့က ဂန္ဓဗ္ဗနတ်အဖြစ်ကို သတိရ လွမ်းဆွတ်၊ တောင့်တနေခဲ့တဲ့စိတ်ကြောင့် ဂန္ဓဗ္ဗကချေသည်နတ်မျိုးမှာ ဖြစ်ရ တာပါ။ ဂန္ဓဗ္ဗနတ်မျိုးကို ငြိကပ်တဲ့လောဘရဲ့ သတ္တိကြောင့် ဖြစ်တာပါ။ အကြောင်းမဲ့ ဖြစ်ချင်သလိုဖြစ်လာတာတော့ မဟုတ်ပါဘူး ဒကာကြီး။

## ကုသိုလ်နှင့် အကုသိုလ်ရေသောက်မြစ်

Dr. အောင်သူ ~ ကုသိုလ်ရေသောက်မြစ်နဲ့ အကုသိုလ်ရေသောက်မြစ်ကိုတော့ သိရပါပြီဘုရား။ အဲဒီရေသောက်မြစ်တွေက အကုသိုလ်၊ ကုသိုလ်ဖြစ်အောင် ဘယ်လိုများ လုပ်တာ ပါလဲဘုရား။

ဆရာတော် ~ ကုသိုလ်၊ အကုသိုလ်ဖြစ်ဖို့က ရေသောက်မြစ် ခြောက်သွယ်နဲ့ အာရုံခြောက်ပါး[၁] အကြောင်း ပြည့်ပြည့်စုံစုံ သိထားမှကောင်းတယ်။

Dr. အောင်သူ ~ ကုသိုလ်၊ အကုသိုလ် ဖြစ်ပုံ၊ ဖြစ်နည်းကို သေသေချာချာ သိထားချင်ပါသေး တယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ အာရုံခြောက်ပါးကို အရင်ပြောပြမယ်နော်။ ၁။ မျက်စိအတွက် မြင်ဖို့အာရုံက အဆင်း ၂။ နားအတွက် ကြားဖို့အာရုံက အသံ ၃။ နှာခေါင်း အတွက် နံဖို့အာရုံက အနံ့ ၄။ လျှာအတွက်အာရုံက အရသာတွေ ၅။ ခန္ဓာကိုယ် အတွက် အာရုံက အထိအတွေ့တွေပါ။

Dr. အောင်သူ ~ တပည့်တော်တို့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နဲ့ စိတ်တွေပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သူတို့အတွက် အာရုံတွေရှိတယ်လေ။ မျက်စိအတွက် ဖြူ နီ၊ ဝါ၊ ပြာ ရောင်စုံတွေ၊ နားအတွက် ဒို၊ ရေ၊ မီ၊ ဖာ အသံစုံတွေ၊ နှာခေါင်းအတွက် ရေမွှေးအနံ့၊ စံပယ်ပန်းအနံ့၊ ခရေပန်းအနံ့ အမျိုးမျိုးတွေ၊ လျှာအတွက် ချို၊ ချဉ်၊ စပ်၊ ခါးစတဲ့ အရသာတွေ၊ ကိုယ်ခန္ဓာအတွက် ကြမ်းတမ်းတဲ့၊ နူးညံ့တဲ့၊ နွေးထွေးတဲ့ အထိအတွေ့တွေက အာရုံတွေပါပဲ။

---

**ကျမ်းညွှန်း**

၁။ (၁)၊ ပဒဘာဇနီ၊ ကာမာဝစရကုသလ၊ ဓမ္မသင်္ဂဏီပါဠိ။ (နှာ-၁၇)

* (၃၆၅)၊ ပဒဘာဇနီ၊ ဒွါဒသအကုသလနိဒ္ဒေသ၊ ဓမ္မသင်္ဂဏီပါဠိ။ (နှာ-၉၀)

## စာတ်ခံကြောင့် ကုသိုလ် အကုသိုလ်ဖြစ်တာပါ

Dr. အောင်သူ ~ အဲဒီအာရုံတွေကြောင့် ကုသိုလ်၊ အကုသိုလ် ဖြစ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သို့ပါသော်လည်း အာရုံတွေက ဘယ်သူ့အတွက်တော့ အကုသိုလ်ဖြစ်စေ၊ ဘယ်သူ့အတွက်ကိုဖြင့် ကုသိုလ်ဖြစ်စေလို့ မရှိကောင်းဘူး ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ အာရုံကအတူတူ ဘာကြောင့် လူတချို့က ကုသိုလ်တွေရကြပြီး၊ လူတချို့က အကုသိုလ်တွေ ဖြစ်ကြရတာပါလဲဘုရား။

ဆရာတော် ~ ဒါကိုသိထားဖို့လည်း အရေးကြီးပါတယ်၊ ပုဂ္ဂိုလ်သတ္တဝါ အသီးသီးတို့ရဲ့ ကိလေသာဓာတ်ခံနဲ့ ပါရမီဓာတ်ခံအပေါ် မူတည်ပြီး အဲဒီအာရုံကြောင့် ကုသိုလ်ဖြစ်နိုင်တဲ့လူတွေလည်း[၁] ရှိနိုင်သလို၊ အဲဒီအာရုံကြောင့်ပဲ အကုသိုလ် ဖြစ်ခွင့်ရှိတဲ့ လူတွေလည်း ရှိနိုင်ပါတယ်။[၂]

Dr. အောင်သူ ~ သူ့ရဲ့ဓာတ်ခံကောင်းရင် ကုသိုလ်ဖြစ်နိုင်ပြီး၊ သူ့ရဲ့ဓာတ်ခံညံ့ရင် အကုသိုလ် ဖြစ်နိုင်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ တစ်နည်းပြောရရင် ကုသိုလ်ရေသောက်မြစ် အားကောင်းတဲ့ သူအဖို့ အာရုံတွေကြောင့် ကုသိုလ်ဖြစ်ပါမယ်။ အကုသိုလ် ရေသောက်မြစ် အားကောင်းတဲ့သူအဖို့ အာရုံတွေကြောင့် အကုသိုလ်ဖြစ်ပါတယ်။

Dr. အောင်သူ ~ သဘောပေါက်ပြီဘုရား။ ဒါဆိုရင် အာရုံက ပဓာနမဟုတ်တော့ဘူး။ တပည့်တော်တို့ရဲ့ ဓာတ်ခံကသာ ပဓာန၊ ရေသောက်မြစ်ကသာ ပဓာန ဖြစ်နေပါပြီဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ် ဒကာကြီး၊ မြေကြီးအတူတူ လေ၊ ရေသောက်မြစ်က စုပ်ယူပုံ မတူလို့မို့ ပန်းတွေ အဖြူ အနီ၊ အဝါ အရောင်ကွဲနေတယ်၊ ဒီမြေကြီး တူတူ အသီးတွေကလည်း အချို၊ အချဉ်၊ အခါး အရသာတွေ ကွဲပြားနေတာလေ။

Dr. အောင်သူ ~ မှန်ပါဘုရား။ အာရုံနဲ့ ဟေတုရေသောက်မြစ် ဆက်စပ်တာကို နည်းနည်း သဘောပေါက်လာပါပြီဘုရား။

ဆရာတော် ~ ကောင်းပါပြီ။

## စိတ္တဇရုပ်

Dr. အောင်သူ ~ တပည့်တော် အခုသိချင်တာက မကောင်းတဲ့ဟိတ်တွေကြောင့် နောင်တမလွန်မှာ မကောင်းကျိုးရတယ်။ ကောင်းတဲ့ဟိတ်တွေကြောင့် တမလွန်ဘဝမှာ ကောင်းကျိုးတွေ ရတယ်လို့ မှတ်သားထားပါပြီဘုရား။ အခု ပစ္စုပ္ပန်ဘဝအတွက် ဘာမှမရဘူးလားဘုရား။

---

**ကျမ်းညွှန်း**

၁။ (၁)၊ ပဒဘာဇနီ၊ ကာမာဝစရကုသလ၊ ဓမ္မသင်္ဂဏီပါဠိ။ (နှာ-၁၇)

၂။ (၃၆၅)၊ ပဒဘာဇနီ၊ ဒွါဒသအကုသလနိဒ္ဒေသ၊ ဓမ္မသင်္ဂဏီပါဠိ။ (နှာ-၉၀)

ဆရာတော် ~ ပါတယ် ဒကာကြီး။ ပါတယ်၊ ပါတယ်။

Dr. အောင်သူ ~ ပါရင် သိချင်လှပါပြီဘုရား။

ဆရာတော် ~ လောဘ၊ ဒေါသ၊ မောဟလို မကောင်းတဲ့ ဟိတ် ၃ ပါးက ကျေးဇူးပြုတဲ့ အခါမှာ စိတ်တွေ၊ စေတသိက်တွေလည်း မကောင်းတော့ဘူး။ စိတ်ပူ၊ စိတ်ညစ်၊ စိတ်ဆိုးတွေ ဖြစ်လာတယ်၊ စိတ်တွေ မကြည်လင်တော့သလို စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေလည်း မကြည်လင် မသန့်ရှင်းတော့ဘူး။ ညစ်နွမ်းသွားပါတယ်။

Dr. အောင်သူ ~ စိတ်ဖြစ်တာနဲ့ ရုပ်က ဘယ်ကနေ ဖြစ်လာတာပါလဲဘုရား။

ဆရာတော် ~ ပစ္စယနိဒ္ဒေသထဲမှာ '*ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော*'လို့ ရှိတယ်နော်၊ ဒီပါဠိမှာ စိတ်ဝင်စားစရာ ကောင်းတာက Mind produce matter ပါလာတယ်။ စိတ်ဆိုးစိတ်ပျက် မကောင်းတဲ့ စိတ်က မကြည်လင်တဲ့ရုပ်၊ ပူတဲ့ရုပ်၊ ရှုပ်တဲ့ရုပ်တွေကို produce လုပ်လိုက်တယ်တဲ့။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဆေးသိပ္ပံပညာအရလည်း လူတစ်ယောက် စိတ်ဆိုးဒေါသ ထွက်လာရင် Stress hormones တွေ ထွက်လာတယ်။ ဒီဟော်မုန်းတွေကြောင့် လူရဲ့ နှလုံးခုန်နှုန်း၊ သွေးပေါင်၊ ကိုယ်အပူချိန်၊ အသက်ရှုနှုန်းတွေ မြန်လာ၊ တက်လာတယ်။ ဒါကို စိတ်ဆိုး၊ စိတ်ယုတ်တွေရဲ့ စိတ္တဇရုပ်ပါလားဘုရား။ စိတ်ဆိုးရင်၊ စိတ်ရှုပ်ရင်၊ စိတ်သောကဖြစ်ရင် နှလုံးခုန် မမှန်တော့တာ၊ အသက်ရှူ မမှန်တော့တာကို ဆိုလိုတာပါလားဘုရား။[၁]

ဆရာတော် ~ ဟုတ်ပါတယ်။ ရှုပ်တာ၊ ပူတာတွေက စိတ်မှာ၊ သက်ရောက်လာတာက ရုပ်မှာပါ၊ ဆိုကြပါစို့ လောဘစိတ်ကြောင့် ကျေနပ်နှစ်သက်ပြီး ပြုံးဖြီးဖြီး ဖြစ်နေတဲ့ လောဘရုပ်၊ ဒေါသစိတ်ကြောင့် ခက်ထန်ကြမ်းတမ်းနေတဲ့ ဒေါသရုပ်နဲ့ မောဟစိတ်ကြောင့် ထိုင်းမှိုင်းလေးလံပြီး တွေတွေဝေဝေနဲ့ မောဟရုပ်တို့က အကုသလဟေတုရဲ့သတ္တိကြောင့် ပေါ်ပေါက်လာတဲ့ စိတ္တဇရုပ်တွေပါပဲ ဒကာကြီး။ Mind က Procuce လုပ်လိုက်တာပါ။

Dr. အောင်သူ ~ နက်နဲလိုက်တာဘုရား။ ဘုရားရှင်ဟောတော်မူတဲ့ ဒီပဋ္ဌာန်းတရားတော်မှာ အခုလိုမျိုးလည်း ပါတာပါလားဘုရား။

## စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ

ဆရာတော် ~ ဘုရားရှင်က ပဋ္ဌာန်းတရားတော်မှာ '*စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ*'လို့ နေရာများစွာမှာ ဟောတော်မူပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးက အံ့သြစရာပါလားဘုရား။

---

**ကျမ်းညွှန်း**

၁။ www.medicalnewstoday.com/articles/162035

* www.pubmed.ncbi-nlm-nih.gov

ဆရာတော် ~ ဆက်ပြောဦးမယ်နော်။ အလောဘ၊ အဒေါသ၊ အမောဟလို ကောင်းတဲ့ဟိတ် ၃ ပါးက ကျေးဇူးပြုတဲ့အခါမှာ စိတ်တွေလည်း ကြည်လင်၊ ရုပ်တွေလည်း ကြည်လင်၊ စိတ်၊ စေတသိက်တွေလည်း ကြည်လင်ပြီး ကုသိုလ်တရားတွေ တိုးပွားလာတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ခုနလိုမျိုး စိတ်လည်းမကြည်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်လည်း မကြည်တာက အကုသိုလ်ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ သူက လောဘ၊ ဒေါသ၊ မောဟ လိုမျိုး မကောင်းတဲ့ ဟိတ် ၃ ပါးကြောင့် ဖြစ်လာတာလေ။

Dr. အောင်သူ ~ မှတ်မိပါပြီဘုရား။ ဒါဆိုရင် အလောဘ၊ အဒေါသ၊ အမောဟလို ကောင်းတဲ့ ဟိတ် ၃ ပါးကြောင့် ကုသိုလ်ဖြစ်တယ်။ ကုသိုလ်ဖြစ်ရင် စိတ်ရော၊ စိတ်ကြောင့် ဖြစ်တဲ့ရုပ်တွေပါ ကြည်လင်တာပါလားဘုရား။[၁]

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး၊ ဟုတ်တယ်၊ ဟုတ်တယ်။

## ဆေးပညာ၏ တွေ့ရှိချက်

Dr. အောင်သူ ~ ဩော် 'ဒါကြောင့် ပေးကမ်းလှူဒါန်းတဲ့အခါမျိုး၊ ရွှေတိဂုံဘုရားပေါ် ရောက်တဲ့အခါ မျိုးမှာ စိတ်ရောကိုယ်ပါ ကြည်တာကို အခုမှ သဘောပေါက်တာပါဘုရား။ ဆေး သိပ္ပံပညာမှာလည်း ပေးကမ်းလှူဒါန်းတဲ့အခါ တစ်ဖက်သားကို မေတ္တာစိတ်နဲ့ ကူညီတဲ့အခါ oxytocin လို့ခေါ်တဲ့ ဟော်မုန်း ထွက်လာတယ်။ ဒီဟော်မုန်းက စိတ်ဖိစီးမှုဟော်မုန်းတွေရဲ့ အာနိသင်ကို လျော့စေပါတယ်။ တစ်နည်းအားဖြင့် စိတ်ဖိစီးမှုကို လျော့နည်းစေပါတယ်။ oxytocin ဟော်မုန်းများလာရင် serctonin နဲ့ dopamine ဟော်မုန်းတွေ ဆက်ထွက်လာပြီး စိတ်ချမ်းသာစေတယ်။ စိတ် ကျေနပ် ပျော်ရွှင်စေပါတယ်ဘုရား။[၂]

ဆရာတော် ~ ဆေးပညာရဲ့တွေ့ရှိချက်ကလည်း တော်တော်စိတ်ဝင်စားစရာ ကောင်းပါတယ်။

Dr. အောင်သူ ~ အသားစိမ်းရောင်းတဲ့တန်းကို မနေ့က ဒကာမကြီးနဲ့ လိုက်သွားပါတယ်။ အထဲ ရောက်တော့ သွေးတွေ၊ ဝက်ခေါင်းတွေ၊ အရိုးတွေ၊ အနံ့ဆိုးတွေ၊ အသား ခုတ်ရောင်းတဲ့ လူတွေရဲ့ ကြမ်းတမ်းတဲ့ မျက်နှာတွေ၊ ဆဲဆို အော်ဟစ်နေတဲ့ အသံတွေကြောင့် တပည့်တော်စိတ်က ချက်ချင်း ရှုပ်ထွေးသွားပါတယ်ဘုရား။ အဲဒါ စိတ္တဇရုပ်လို့ ပြောလို့ရပါသလားဘုရား။

ဆရာတော် ~ ရတယ်၊ ရတယ်။ ဒကာကြီး စဉ်းစားတာ မှန်ပါတယ်။

---

**ကျမ်းညွှန်း**

၁။ (၁၉၅)၊ ပုဏ္ဏသမလ္လပုတ္တဝတ္ထု၊ မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ (နှာ-၁၁၁)

၂။ www.poychalagytoday.com (nevroscience of giving)

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ Mind produce matter ကို နားလည်ပါပြီဘုရား။ ဆက်ပြီး *'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ'* ဆိုတာကို သိချင်ပါသေးတယ်။

ဆရာတော် ~ ကောင်းပါပြီ ဒကာကြီး။

## သမ္ပယုတ္တကာနံ ဓမ္မာနံ

ဆရာတော် ~ *'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ'* က ခုနက ဟိတ် ၆ ပါးနဲ့ယှဉ်တဲ့ Associated Dhamma လို့ အဓိပ္ပာယ်ရပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ ဟိတ် ၆ ပါးနဲ့ယှဉ်တဲ့ Associated Dhamma မှာ ဘာနဲ့ယှဉ်ပြီး ဘာကို Associated ဖြစ်ရတာပါလဲဘုရား။

ဆရာတော် ~ စိတ်ဖြစ်တိုင်း သူနဲ့ ယှဉ်ဖော်ယှဉ်ဖက်စိတ်တွေနဲ့ Mental factors ခေါ်တဲ့ စေတသိက်တွေ ဖြစ်လေ့ရှိတာ ဓမ္မတာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဘာတွေကလာပြီး Associated ဖြစ်တာလဲဆိုတာ အနည်းငယ်မျှ ဖြစ်စေ သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ လောဘတစ်လုံးဖြစ်ဖို့ရာအတွက် စိတ်တစ်ခုဖြစ်ရတယ်၊ သူနဲ့အတူ Associated ယှဉ်ပြီးတော့ Mental factor တွေ ဖြစ်ကြရတယ်၊ ဖြစ်ဖော်ဖြစ်ဖက် အားဖြင့် ၂၂ ပါးလောက်ရှိမယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ အဲဒါတွေကိုလည်း ဖြစ်နိုင်ရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ Universal Mental factors လို့ ခေါ်တဲ့ သဗ္ဗစိတ္တသာဓာရဏ စေတသိက်တဲ့၊ တစ်နည်းပြောရရင် စိတ်ဖြစ်တိုင်း ဖြစ်လေ့ရှိတဲ့ စေတသိက်က ၇ ပါး ပါမယ်၊ ပကိဏ်းစေတသိက်က ၆ ပါးနော်။ ပြီးတော့ လောဘစိတ်ဖြစ်ရင် လောဘအုပ်စုနဲ့ မောဟအုပ်စုဝင် စေတသိက်တွေမှာပါမယ်။ စေတသိက်စုစုပေါင်း ၂၂ ပါးလောက် Associated ယှဉ်ပြီးတော့ ဖြစ်ကြရတယ် ဒကာကြီး။

Dr. အောင်သူ ~ အံ့သြစရာပါပဲဘုရား။ အခုမှပဲ ကြားဖူးပါတော့တယ်။ ကျေးဇူးတင်ပါတယ်ဘုရား။

## တဏှာပတ္ထနာနှင့် ဆန္ဒပတ္ထနာ

Dr. အောင်သူ ~ အကုသလဟေတုထဲက လောဘနဲ့ ဆန္ဒ အတူတူပဲလားဘုရား။

ဆရာတော် ~ ကာမဂုဏ်အာရုံကိုတွေကို လိုချင်နေတာ၊ ခံစားချင်နေတာကို လောဘလို့ ခေါ်ပြီး၊ ကုသိုလ်ကောင်းမှုပြုချင်တာ၊ သီလဆောက်တည်ချင်တာ၊ တရား ဘာဝနာ ပွားများအားထုတ်ချင်တာ၊ စာတွေတတ်ချင်တာ၊ ဒုက္ခရောက်နေတဲ့ သူတွေကို ပေးကမ်း ကူညီချင်တာတွေကို ကုသိုလ်စိတ်နဲ့တကွဖြစ်တဲ့ဆန္ဒလို့ ခေါ်နိုင်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ အကျဉ်းအားဖြင့် မှတ်သားချင်ရင် ကာမဂုဏ် စတဲ့ မကောင်းတဲ့ လိုချင်မှုမျိုးကိုတော့ လောဘ၊ ကောင်းတဲ့အရာမှာ ဖြစ်ချင်တာ၊ လိုချင်တာက ဆန္ဒပါ။

Dr. အောင်သူ ~ ယသောဓရာ အလောင်းအလျာက ဘုရားအလောင်းတော်ရသေ့ကို ကြာပန်းငါးခိုင်ပေးပြီး ဘုရားဖြစ်သည့် ဘဝတိုင် မကွဲမကွာဖြစ်ချင်တာက လောဘလို့ ယူရမလား၊ ဆန္ဒလို့ယူရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မြတ်စွာဘုရားလောင်းတော် သုမေဓာရသေ့ဘဝမှာ ယသောဓရာထေရီလောင်း သုမိတ္တာက မကွဲမကွာ ဖြစ်ရပါလိုကြောင်း ဆုတောင်းခဲ့တာက လောဘနဲ့ယှဉ်တဲ့ ဆန္ဒလို့ပဲ ယူသင့်ပါတယ်။[၁]

Dr. အောင်သူ ~ လင်မယားတွေ ဘဝဆက်တိုင်း ပေါင်းပါရစေ ဆိုရင်လည်း ကုသိုလ်ဆန္ဒကောင်းလို့ ပြောလို့ရပါသလားဘုရား။

ဆရာတော် ~ ခက်ပါပြီ ဒကာကြီးရေ။ ဒီဖြစ်စဉ်မှာ ကြည့်ရမှာက လင်မယားတွေက တစ်ယောက်နဲ့တစ်ယောက် မခွဲမခွာ ပါရမီဖြည့်ကျင့်ပြီး ကောင်းတဲ့ဘုံဘဝတွေမှသည် နိဗ္ဗာန်လိုချင်တာဆိုရင် ဆန္ဒပတ္ထနာဖြစ်မှာပါ၊ ကာမဂုဏ်အာရုံ ခံစားနိုင်ဖို့အတွက် သက်သက်သာဆိုရင်တော့ တဏှာပတ္ထနာလို့ ယူသင့်ပါတယ်ဗျာ။

## ဘဝသံသရာ ရှုပ်ထွေးပွေလိမ်

Dr. အောင်သူ ~ ဒါဆိုရင် ဘဝသံသရာရှုပ်ထွေးနေတာ ဟေတုကြောင့်ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အကုသလဟေတု အားကြီးခဲ့လို့ ဘဝသံသရာ ရှည်ကြာကာလမှာ ရှုပ်ထွေးခဲ့ဖူးလှပြီ။ ရှေ့ဆက် သံသရာဘဝတွေမှာလည်း ရှုပ်ထွေးလိမ့်ဦးမယ် ဒကာကြီး။

Dr. အောင်သူ ~ ဒီဘဝ ရှုပ်ထွေးပွေလိမ်နေတာလည်း အကုသလဟေတုကြောင့်ဆိုရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါတယ်။

Dr.အောင်သူ ~ ဒါဆိုရင် တပည့်တော်တို့မှာ ဘာကြောင့် လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသလဟေတုတွေ ဒီလောက်ကြီး အားကောင်းနေကြတာပါလဲဘုရား။

ဆရာတော် ~ စွန့်လွှတ်နိုင်စွမ်း၊ ပေးကမ်း၊ လှူဒါန်းနိုင်စွမ်းတဲ့ အလောဘရေသောက်မြစ်၊ ခွင့်လွှတ်နိုင်စွမ်းပြီး မေတ္တာပါတဲ့ အဒေါသရေသောက်မြစ်နဲ့ သုံးသပ် ဆုံးဖြတ်နိုင်စွမ်းတဲ့ အမောဟဉာဏ်ပညာပါတဲ့ ရေသောက်မြစ်တွေက အားမကောင်းလို့ပါ။ တစ်နည်းပြောရရင် အလောဘ၊ အဒေါသ၊ အမောဟ ကုသလဟေတုတွေ အားနည်းနေလို့ပါ ဒကာကြီး။

---

**ကျမ်းညွှန်း**

၁။ (၃၆၅-၃၆၆)၊ ယသောဓရာထေရီ၊ အပါဒါနပါဠိ။ (ဒုတိယတွဲ၊ နှာ-၂၆၈)

Dr.အောင်သူ ~ နက်နဲပါတယ်ဘုရား။ ဘုရားတပည့်တော် အရင်က မိသားစုတွေ ကျန်းမာ နေရင်၊ သားသမီးတွေ လိမ္မာနေရင်၊ စီးပွားတွေပြည့်စုံနေရင် ပြည့်ပြည့်ဝဝ စိတ်ချမ်းသာမှုရမှာပဲလို့ ထင်ခဲ့ဖူးပါတယ်ဘုရား။

ဆရာတော် ~ စစ်မှန်တဲ့စိတ်ချမ်းသာမှုရချင်ရင် အလောဘ၊ အဒေါသ၊ အမောဟ ကုသလ ရေသောက်မြစ်တွေ အားကောင်းအောင် လုပ်ဖို့နည်းလမ်းမှအပ တခြား ဘာမှ မရှိဘူး ဒကာကြီး။

Dr.အောင်သူ ~ တပည့်တော် နားလည်ပါပြီဘုရား။ ပြင်ပအာရုံတွေကြောင့် ခဏတာပဲစိတ်ချမ်းသာမယ်။ အမြဲ စိတ်ချမ်းသာချင်ရင် အတွင်းအဇ္ဈတ္တမှာ ကုသိုလ်သတ္တိတွေ အားကောင်းလာအောင် ကြိုးစားရမယ်ဆိုရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါပြီဗျာ။

Dr.အောင်သူ ~ လောဘ၊ ဒေါသ၊ မောဟတွေက အသက်အရွယ်ကြီးရင့်လာရင် လျော့ပါးတတ်ပါသလားဘုရား။

## သျှောင်ကြီးလျှင်ငိုက်၊ လူကြီးလျှင်မိုက်

ဆရာတော် ~ တဏှာလောဘဆိုတာမျိုးက အသိ၊ သတိတရားတွေနဲ့သာ မထိန်းသိမ်းနိုင်ရင် နွားကလေးရဲ့ ခေါင်းပေါ်ကဦးချိုက ကြီးလေ ရှည်လေဖြစ်သလိုပဲ တဏှာလောဘကလည်း အသက်အရွယ်ကြီးလေ တဏှာလောဘအား ကြီးလေပါပဲ။

Dr.အောင်သူ ~ မထိန်းသိမ်းနိုင်ရင် အိုလေ၊ ဆိုးလေပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ကြီးလေမိုက်လေမို့လို့ "ကြီးမိုက်"လို့လည်း ခေါ်သလို မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက "သျှောင်ကြီးလျှင်ငိုက်၊ လူကြီးလျှင်မိုက်"လို့ မိန့်တော်မူဖူးပါသေးတယ်။ ဘဝါဘဝက ပါလာတဲ့ ဓာတ်ခံပေါ့ဒကာကြီး။

Dr.အောင်သူ ~ ဒါဆို ဓာတ်ခံကောင်းရင် လိမ္မာတယ်၊ ဓာတ်ခံဆိုးရင် မိုက်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ ကိုယ့်မှာရှိတဲ့ ဓာတ်ခံတွေပေါ် မူတည်ပြီး အမြင်တွေလည်း မတူကြပါဘူး။ အသိတွေလည်း မတူကြ၊ အလုပ်တွေလည်း မတူကြပါဘူး။

Dr.အောင်သူ ~ မှန်ပါဘုရား။ ဘယ်လိုများ မတူတာပါလဲဘုရား။

ဆရာတော် ~ ပေးကမ်းစွန့်ကြဲလှူဒါန်းတဲ့ အလောဘဓာတ်ခံအားသန်သူက မစွန့်မကြဲ မပေးမကမ်း ကပ်စေးနှဲတဲ့ လောဘဓာတ်ခံအားသန်တဲ့သူကို မကြိုက်ဘူးလေ။

Dr.အောင်သူ ~ သူတို့က အပြန်အလှန်တစ်ယောက်ရဲ့ လုပ်ရပ်ကို တစ်ယောက်က မကြိုက်လောက်ဘူးဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒေါသဓာတ်ခံကြီးသူကလည်း အဒေါသ မေတ္တာဓာတ်ခံအားကောင်းသူရဲ့ အပြောအဆိုအလုပ်ကို ကြိုက်မှာမဟုတ်ဘူး။ ဒီမှာလည်း အပြန်အလှန်သဘောကျမှာ မဟုတ်ဘူးနော်။

Dr.အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ အခုလိုမွေ့သဘာဝကို နားလည်ထားရင် သူတစ်ပါး လုပ်ရပ်ပေါ်ကို အပြစ်မြင်တာတွေ နည်းလာမှာ သေချာပါတယ်။ တပည့်တော် သိစရာတွေ၊ တပည့်တော် ပြင်စရာတွေ အများကြီး လိုသေးတာကို သိရပါပြီ ဘုရား။ ကျေးဇူးကြီးပါတယ်ဘုရား။

## လောဘအမည်ကွဲများ

Dr.အောင်သူ ~ တဏှာတို့၊ လောဘတို့၊ ရာဂတို့၊ ကိလေသာတို့ရဲ့ အဓိပ္ပာယ်က ဘယ်လို ကွဲပြား ခြားနားပါသလဲဘုရား။

ဆရာတော် ~ လောဘဟေတုတစ်လုံးတည်းရဲ့ နာမည်ကို ၃၁[၁] လုံး တွေ့ဖူးတယ်။ နောက်ထပ် ရှိနိုင်သေးတယ် ထင်တယ်။

Dr.အောင်သူ ~ ဒါဆိုရင် တဏှာ၊ လောဘ၊ ရာဂ၊ ကိလေသာ ဆိုတာ လောဘပါပဲလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သို့သော် လောဘရဲ့ Grate တော့ ကွာတာပါ ဒကာကြီး။

Dr.အောင်သူ ~ ဘယ်လိုကွာတာပါလဲဘုရား။

ဆရာတော် ~ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ငါးပါးကို သာမန်လိုချင်မှုမျိုး မဟုတ်ဘဲ မရမက လိုချင်မှုမျိုး ဖြစ်တာကိုကျတော့ 'တဏှာ'လို့ သုံးလေ့ရှိပါတယ်။ သား၊ သမီး၊ ညီအစ်ကို၊ ခင်ပွန်း စတဲ့ အိမ်သူအိမ်သားချင်း ဆွေမျိုးသားချင်း တွေအပေါ် ချစ်ခင်မှုကိုတော့ 'ပေမ'လို့ ခေါ်ပါတယ်။

Dr.အောင်သူ ~ နက်နဲ ကျယ်ဝန်းပါတယ်ဘုရား။ ထပ်ပြီးတော့လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကာမဂုဏ်တွေကို ခံစားချင်တာ၊ ခံစားပြီးရင်း ခံစားတာကိုတော့ 'လောဘ' လို့လည်း ခေါ်လို့ရတယ်၊ ကာမအာရုံတွေကြောင့် စိတ်ကို ပူလောင်ပင်ပန်း စေတတ်လို့ 'ကိလေသာ'လို့ နာမည်ရပြန်တယ်၊ အဲဒီ ကာမဂုဏ်ငါးပါးထဲက မေထုန်မှုကို လိုလား တောင့်တတာကိုကျတော့ 'ရာဂ'ဆိုတဲ့ နာမည် ရပြန်တယ်။

MA ဦးဇင်း ~ ဘုရားရှင် ဝေါဟာရကြွယ်ဝတော်မူတာ အံ့သြစရာပါပဲဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ ဆက်ပြောပြမယ်နော်၊ မကွဲမကွာ ကြိုးနဲ့ ချည်နှောင်ထားသလိုမို့ 'သံယောဇဉ်'လို့ နာမည်ရပြန်တယ်။ မူးယစ်စေတတ်တဲ့ စိမ်ရည်၊ အရက် သောက်သုံးထားသူက အကြောင်းအကျိုး၊ အကောင်းအဆိုးကို မခွဲခြား နိုင်တော့သလို လောဘဖြစ်တဲ့သူကလည်း အကြောင်းအကျိုး၊ အကောင်းအဆိုး မဝေခွဲနိုင်တော့တဲ့အတွက် 'အာသဝ' လို့ နာမည် ရပြန်ပါတယ်။

---

**ကျမ်းညွှန်း**

၁။ (၁၀၆၅)၊ ဟေတုဂေါစ္ဆက၊ နိက္ခေပကဏ္ဍ၊ ဓမ္မသင်္ဂဏီပါဠိ။ (နှာ-၂၁၅)

## ဆုတ်နစ်သောဒေါသနှင့် ရဲရင့်သောဒေါသ

Dr. အောင်သူ ~ မှန်ပါဘုရား။ ဒေါသက လောင်ကျွမ်းစေနိုင်တယ်လို့လည်း ဖတ်ဖူးပါတယ်။ ဘာကို ဘယ်လိုလုပ်ပြီး လောင်ကျွမ်းစေတာပါလဲဘုရား။

ဆရာတော် ~ ဒေါသစိတ်ရဲ့မှီရာ ဟဒယဝတ္ထုရုပ်ကို လောင်ကျွမ်းစေတဲ့အပြင် အတူ ယှဉ်ဖော်၊ ယှဉ်ဖက် စိတ်၊ စေတသိက်တွေကိုလဲ လောင်ကျွမ်းစေပါတယ်။[၁] ဒ့ါအပြင် စိတ္တဇရုပ်တွေကိုလဲ အပူကူးစက်လောင်ကျွမ်းပါတယ်။

Dr. အောင်သူ ~ ဒေါသဖြစ်တဲ့အခါ အသားအရေနီတာတွေကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒေါသကြောင့် စိတ်စေတသိက်တွေ ပူလောင်လာတဲ့အတွက် နှလုံးခုန်မြန်လာတယ်။ အသက်ရှူမြန်လာတယ်။ မျက်ထောင့်တွေ နီလာတယ်။ ဒ့ါအပြင် ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေပါ ခက်ထန် ကြမ်းတမ်းလာ တော့တယ်။

Dr. အောင်သူ ~ ဒေါသကြောင့် လောင်ကျွမ်းလို့ အသံတွေပါ မာကြောပြီး တုန်ခါတာ၊ မျက်ရည်တွေ ကျလာတာလည်း ပါမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ပါတယ် ဒကာကြီး၊ စိတ်မှာဒေါသဖြစ်လို့ ဖောက်ပြန်တဲ့ သွင်ပြင်လက္ခဏာ မှန်သမျှ အားလုံးပါပါတယ်။

## ဒေါသနှင့် ဆေးပညာ

Dr. အောင်သူ ~ ဘုရားတပည့်တော်တို့ ဆေးပညာမှာ ဒေါသက လူကို ထိခိုက်စေတာကို လက်ခံပါတယ်ဘုရား။ ဒေါသက နှလုံးရောဂါဖြစ်နိုင်ခြေ နှစ်ဆပိုပါတယ်။ ဦးနှောက်အတွင်း သွေးကြောပေါက်ပြီး သွေးခဲနိုင်ခြေ သုံးဆမြင့်မားတဲ့အတွက် လေဖြတ်နိုင်ခြေ များပါတယ်ဘုရား။ တစ်ဆက်တည်း သိချင်သေးတာက ချုပ်တည်းတဲ့ ဒေါသနဲ့ ဆုတ်နစ်တဲ့ ဒေါသဆိုတာ အတူတူပဲလားဘုရား။

ဆရာတော် ~ တက်ကြွတဲ့ ဒေါသ၊ ရဲရင့်တဲ့ ဒေါသက တစ်အုပ်စုဖြစ်ပါတယ်၊ ဆုတ်နစ်တဲ့ ဒေါသ၊ ကြောက်ရွံ့တဲ့ ဒေါသက တစ်အုပ်စုဖြစ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ကြောက်တာကိုလည်း ပါဠိမှာ ဒေါသခေါ်တာပါလားဘုရား။

---

**ကျမ်းညွှန်း**

၁။ (၃၃)၊ ရူပက္ခန္ဓ၊ အဘိဓမ္မာဘာဇနီယ၊ ဝိဘင်္ဂပါဠိ။ (နှာ-၁၃-၁၅)

* (၇၀၂)၊ ရူပနိဗ္ဗတ္တိပဿနာကာရကထာ၊ ဝိသုဒ္ဓိမဂ္ဂ။ (ဒုတိယတွဲ၊ နှာ-၂၅၀)

ဆရာတော် ~ ဟုတ်တယ်။ စွယ်စုံကျော်ထင်ကျမ်းမှာ ပြထားတာက 'ကြောက်သည်၊ ရဲသည် ထိုနှစ်တည် မည်သည့် တရားကိုယ်တို့နည်း'လို့ မေးတာကို 'စိတ်၏ ထိတ်လန့်ခြင်း၊ ကြောက်ခြင်းသည်လည်း ဒေါသတရား၊ စိတ်၏ရဲရင့်ခြင်း ကြမ်းကြုတ်ခြင်းသည်လည်း ဒေါသတရားဖြစ်ပြီး၊ တရားကိုယ် တူတူပင်ဖြစ်သည်'[၁]လို့ ဖြေကြားထားပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ အခုမှပဲ ကြားဖူးပါတော့တယ်။

ဆရာတော် ~ ဆုတ်နစ်တဲ့ဒေါသကလည်း တက်ကြွတဲ့ ဒေါသလိုပဲ လောင်ကျွမ်းစေတဲ့ သဘောရှိပါတယ်။ ပမာပြရရင် ကြောက်စရာအာရုံတစ်ခုနဲ့ ကြုံဆုံလာရင် တစ်ကိုယ်လုံး တုန်ခါလာတာ၊ ချွေးတွေ စီးကျလာတာ၊ အသံမထွက်တော့တာ၊ စိတ်ဓာတ်ပျက်ပြားတာ၊ ထိတ်လန့်တာ၊ ငိုကြွေးတာအပြင် အသားအရေတွေ ပြာနှမ်းပြီး ညှိုးမည်းလာတာတွေက စိတ်ကြောင့်ဖြစ်လာတဲ့ စိတ္တဇရုပ်တွေလောင်ကျွမ်းတာပါ။

Dr. အောင်သူ ~ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်ဘုရား။

## ၁–လောဘ၊ အဒေါသ၊ အမောဟ

Dr. အောင်သူ ~ တချို့လူတွေ လောဘကြီးတယ်။ ဒေါသတော့နည်းပြီး၊ ဉာဏ်ပညာကြီးနေတာကို တွေ့ရပါတယ်။ သူတို့က ဘယ်လို ဟေတုတွေကြောင့်ပါလဲဘုရား။ **(၁-လောဘ၊ အဒေါသ၊ အမောဟ)**

ဆရာတော် ~ ဒါကို ဘဝတစ်ခုတည်း ကြည့်လို့မရပါဘူး။ ဘဝါဘဝမှာ ကံတွေထူထောင်တုန်းက အခြေအနေကိုလည်း ထည့်သွင်း စဉ်းစားရပါမယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော် မစဉ်းစားတတ်ပါဘုရား။

ဆရာတော် ~ ကောင်းပြီ ပြောပြမယ်နော်။ ဘဝါဘဝမှာ ကံတွေထူထောင်တုန်းက အကုသိုလ်ဖက်က လောဘအားရှိခဲ့ပြီး ကုသိုလ်ဖက်က မေတ္တာပါတဲ့ အဒေါသနဲ့ ဉာဏ်ယှဉ်တဲ့ အမောဟတို့ အားရှိခဲ့လို့ပါပဲ။ ဒါအကျဉ်းချုပ်ပြီး ပြောတာနော်။

Dr. အောင်သူ ~ တပည့်တော်က အကျယ်မှပဲ နားလည်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ။ အလောဘအားနည်းလို့ လောဘကြီးနေတာပါ။ အဒေါသနဲ့ အမောဟတို့က အားရှိတဲ့အတွက် ဒေါသနဲ့ မောဟတို့ကို နိုင်နေတာပါ။ ဒါကြောင့် သူက ဒီဘဝမှာ လောဘကြီးတယ်၊ အမျက်ဒေါသနည်းပြီး ဉာဏ်ပညာကြီးနေတာ တွေ့ရတယ်။ ဉပမာနဲ့ ပြောရရင် ရှေးရှေးဘဝတုန်းက

---

**ကျမ်းညွှန်း**

၁။ စွမ်းစုံကျော်ထင်ကျမ်း

သူကောင်းမှုကုသိုလ် ပြုတဲ့အခါမှာ ဂုဏ်ရှိဖို့ နာမည်ကြီးဖို့ အသိအမှတ်ပြုခံရဖို့ ရည်ရွယ်ခဲ့တဲ့အတွက် လောဘအား ကောင်းခဲ့ပါတယ်။ သို့သော် သူက ကံ ကံ၏ အကျိုးကို ယုံကြည်တဲ့ အမောဟ၊ သတ္တဝါအများ ချမ်းသာကောင်းစားစေလိုတဲ့ အဒေါသဆိုတဲ့ မေတ္တာစေတတ်တွေကြောင့် အခုဘဝမှာ ဒေါသနည်းတဲ့သူ၊ ဉာဏ်ပညာကြီးတဲ့သူ ဖြစ်လာတယ်။ သို့သော် လောဘဖြစ်စရာနဲ့ ကြုံလာရင်တော့ သူ့စိတ် ထိန်းသိမ်းလို့ မရနိုင်လောက်ဘူး ဒကာကြီး။

Dr. အောင်သူ ~ နည်းနည်းတော့ နားလည်လာပါပြီဘုရား။ နောက်မေးခွန်းတစ်ခုလည်း မေးလျှောက်ပါရစေဘုရား။

ဆရာတော် ~ မေးပါ၊ မေးပါ။ ဘုန်းကြီးဖြေနိုင်တာ ဖြေပေးပါ့မယ်။ မဖြေနိုင်ရင်လည်း မဖြေနိုင်ဘူးလို့ ပြောမယ်နော်။

## ၂-လောဘ၊ ဒေါသ၊ အမောဟ

Dr. အောင်သူ ~ မှန်ပါဘုရား။ ဉာဏ်ပညာကြီးတယ်။ သို့သော် လောဘနဲ့ ဒေါသကကြီးနေတာ ဘာ့ကြောင့်ပါလဲဘုရား။ **(၂-လောဘ၊ ဒေါသ၊ အမောဟ)**

ဆရာတော် ~ ကံကိုထူထောင်ခဲ့တုန်းက လောဘလည်းကြီး ဒေါသလည်းကြီးလို့ လောဘ၊ ဒေါသတို့ အားရှိတာပါ၊ ကံနဲ့ ကံ၏အကျိုးပေးကို ယုံကြည်တဲ့ ဉာဏ်ပညာက အားကြီးခဲ့လို့ အမောဟ အားကောင်းနေတာပါ။

Dr. အောင်သူ ~ မှန်ပါ။ ဒါဆိုရင် အလောဘတို့၊ အဒေါသတို့ အားနည်းခဲ့တယ်လို့ ယူရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဟုတ်ပြီ။ ပေးကမ်းစွန့်ကြဲလှူတဲ့ အလောဘတို့၊ မေတ္တာပါတဲ့ အဒေါသတို့က သူကံပြုတုန်းက အားနည်းခဲ့လို့ လောဘလဲကြီး ဒေါသလဲကြီးနေတာပါ။ ပိုင်းခြားဝေဖန် ဆန်းစစ်နိုင်တဲ့ အမောဟဉာဏ်ကကြီးခဲ့လို့မို့ အခုဘဝမှာ အသိပညာ ကြီးကျယ်နေတာပါ ဒကာကြီး။

## ၃-လောဘ၊ အဒေါသ၊ မောဟ

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ ပိုပြီး နားလည်လာပါတယ်ဘုရား။ ဒါဆိုရင် အမျက်ဒေါသတော့ နည်းပါတယ်ဘုရား၊ လောဘဟေတုနဲ့ မောဟဟေတု အားကြီးနေတဲ့သူရဲ့အကြောင်းကိုလည်း သိချင်ပါသေးတယ်ဘုရား။ **(၃-လောဘ၊ အဒေါသ၊ မောဟ)**

ဆရာတော် ~ အမျက်ဒေါသ နည်းတယ်ဆိုတာက မေတ္တာပါတဲ့ အဒေါသဟေတုနော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ သူက ကံကိုထူထောင်ခဲ့စဉ်တုန်းက သနားကြင်နာ မေတ္တာပါတဲ့ အဒေါသ ဟေတု အားကောင်းခဲ့တယ်၊ သို့သော် လောဘနဲ့ မောဟဟေတုတို့ အားကြီးခဲ့မယ် ဆိုရင် ဒီဘဝ မစွန့်နိုင်၊ မပေးနိုင်လောက်အောင် လောဘကြီးမယ်။ ပြီးတော့ ဉာဏ်ပညာနည်းမယ်။ သို့သော် အမျက်ဒေါသ အားနည်းတဲ့အတွက် သူက အေးချမ်းမယ်၊ မေတ္တာတရား အားကောင်းမယ်။

## ၄–လောဘ၊ ဒေါသ၊ မောဟ

Dr. အောင်သူ ~ ဘုရားရှင်သာသနာတော်မှာ အဖြေမရှိတဲ့ ပြဿနာ မရှိသလောက်ပါပဲလား ဘုရား၊ အံ့ဖွယ် သာသနာပါပဲဘုရား။ လူတစ်ယောက်က လောဘလဲကြီးမယ်၊ ဒေါသလဲကြီးမယ်၊ မောဟလဲကြီးနေတယ်ဆိုရင် သူ ဘဝါဘဝက ကံကို ထူထောင်ခဲ့တုန်းက လောဘ၊ ဒေါသ၊ မောဟ သုံးမျိုးစလုံး အားကြီးခဲ့တယ်လို့ ယူနိုင်ပါပြီလားဘုရား။ **(၄-လောဘ၊ ဒေါသ၊ မောဟ)**

ဆရာတော် ~ မှန်ပါတယ်။ တစ်နည်းပြောရရင် သူကံကို ထူထောင်တုန်းက အလောဘဟေတု၊ အဒေါသဟေတုနဲ့ အမောဟဟေတုတို့ အားနည်းခဲ့လို့ တူသောအကျိုးပေးကို ကြုံနေရတာပါ။ သူတို့လိုလူတွေမှာ စိတ်မှာစောင့်စည်းမှု အလွန် နည်းပါးကြတယ်။ Animal nature ကများပြီး Human nature က နည်းလွန်းပါတယ်။ လူ့ဂုဏ်ရည် နည်းတဲ့ လူမည်ကာမတ္တပေါ့ ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော်တို့ အခုဘဝ ရတာက ဘဝါ ဘဝက ထူထောင်ခဲ့ဖူးတဲ့စိတ်နဲ့ တန်တဲ့ဘဝကို ရနေတာဆိုရင် မှန်ပါလားဘုရား။

ဆရာတော် ~ မှန်ပါတယ်။

## ၅–အလောဘ၊ ဒေါသ၊ မောဟ

Dr. အောင်သူ ~ လိုချင်မှု၊ တပ်မက်မှု လောဘ သိသိသာသာကြီးနည်းတယ်။ ပြီးတော့ ဉာဏ်ပညာ တုံးပြီး ဒေါသကြီးနေတယ်ဆိုရင် ဘယ်လိုဟေတုပါလဲဘုရား။ **(၅-အလောဘ၊ ဒေါသ၊ မောဟ)**

ဆရာတော် ~ သူ ကံကိုပြုခဲ့စဉ်က အလောဘ ဒေါသ မောဟတို့ အားကြီးခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သူက လိုချင်တပ်မက်မှုနဲ့ ပတ်သက်လာရင် ကိလေသာနည်းပါးတယ်။ မက်လောက်တဲ့ အာရုံနဲ့တောင် မတုန်လှုပ်ဘူး၊ သို့သော် မေတ္တာအား ခေါင်းပါးတဲ့အပြင် ဉာဏ်ပညာလဲ နုံ့နှေးတယ်ဆိုတော့ အဒေါသ၊ အမောဟမှာ အားနည်းနေတာက သက်သေပြနေပါတယ် ဒကာကြီး။

## ၆–အလောဘ၊ အဒေါသ၊ မောဟ

Dr. အောင်သူ ~ မှန်ပါဘုရား။ လူတွေရဲ့စရိုက်သဘာဝကို ကြည့်နေ၊ မြင်နေရသလိုပါပဲဘုရား။ စိတ်ဝင်စားပါတယ်ဘုရား။ မေးလျှောက်ချင်သေးတာက တချို့လူတွေက လိုချင်မက်မောမှုလဲနည်းတယ်။ မေတ္တာဓာတ်လဲ ပြည့်ဝတယ်။ သို့သော် အသိဉာဏ်ပညာ နည်းပါးနေရတဲ့ အကြောင်းရင်းပါဘုရား။ **(၆-အလောဘ၊ အဒေါသ၊ မောဟ)**

ဆရာတော် ~ ကောင်းပါပြီ။ စဉ်းစားကြည့်ရအောင်။ ဘဝါ ဘဝက ကံကိုပြုခဲ့စဉ်က အလောဘ၊ အဒေါသတို့ အားကြီးခဲ့ပြီးတော့ အမောဟဉာဏ်ပညာ အားနည်းခဲ့လို့ပေါ့ ဒကာကြီး။ ဒါကြောင့် သူတို့တွေ တပ်မက်မှုလောဘနည်းတယ်၊ မေတ္တာအားရှိလို့ အေးချမ်းအောင် နေတတ်တယ်။ သို့သော် ဉာဏ်ပညာ နည်းပါးတဲ့အတွက် ထုံထိုင်းနေတဲ့သူ ဖြစ်ရတာပါ။

## ၇–အလောဘ၊ ဒေါသ၊ အမောဟ

Dr. အောင်သူ ~ တပည့်တော်ဒကာမကြီး ပေးကမ်းစွန့်ကြဲ ရက်ရောတယ်ဘုရား။ အသိဉာဏ်လည်း အားကောင်းပါသော်လည်း စိတ်ဆိုးတတ်တာ အလွန်ပါပဲဘုရား။ **(၇-အလောဘ၊ ဒေါသ၊ အမောဟ)**

ဆရာတော် ~ ဒကာမကြီးက ဘဝသံသရာမှာ ကံကို ထူထောင်ခဲ့တုန်းက အလောဘနဲ့ အမောဟဓာတ်တို့ အားကြီးခဲ့ပေမဲ့ မေတ္တာအခြေခံတဲ့ အဒေါသသတ္တိ ချို့တဲ့ခဲ့လို့ ဒီဘဝ လောဘနည်းသူ၊ ဉာဏ်ပညာကြီးသူ ဖြစ်ပါသော်လည်း အမျက်ဒေါသ ကြီးနေတာပါ၊ သာသနာအဆုံးအမရနေတဲ့ ဒီဘဝမှာ ကာယကံ အဒေါသမေတ္တာကို များများကြီး လေ့ကျင့်ပါမှ နောင်သံသရာခရီး လှပေတော့မယ်နော်။

## ၈–အလောဘ၊ အဒေါသ၊ အမောဟ

Dr. အောင်သူ ~ နောက်ဆုံးတစ်ခုကတော့ စိတ်ကောင်းလည်း ရှိတယ်။ ပေးကမ်းစွန့်ကြဲတာမှာလည်း ရက်ရောတယ်။ အသိဉာဏ်လည်း မြင့်မားပြီး အားလုံးကောင်းတဲ့ လူတစ်ယောက်အဖြစ်နဲ့ သံသရာခရီးကိုသွားရတာ ကောင်းပါမယ်ဘုရား။ **(၈-အလောဘ၊ အဒေါသ၊ အမောဟ)**

ဆရာတော် ~ ကောင်းပါတယ်။ တိဟိတ်ပဋိသန္ဓေရပြီး စိတ်ကောင်း၊ ဉာဏ်ကောင်းနဲ့ သံသရာခရီးသွားရတာ သင့်မြတ်ပါတယ်။ မကောင်းတဲ့ လောဘ၊ ဒေါသ၊ မောဟ

အားနည်းမယ်ဆိုရင် သံသရာမှာ လောဘနည်းသူ၊ ဒေါသနည်းသူ ပညာဉာဏ်ကြီးရင့်သူဖြစ်မှာပါ ဒကာကြီး။[၁]

Dr. အောင်သူ ~ လောဘ၊ ဒေါသ၊ မောဟတို့က ကံကို ဖြစ်စေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဘုရားရှင်က 'ရဟန်းတို့ လောဘသည် ကံတို့၏ဖြစ်ပေါ်ရန် အကြောင်းတည်း၊ ဒေါသသည် ကံတို့၏ဖြစ်ပေါ်ရန် အကြောင်းတည်း၊ မောဟသည် ကံတို့၏ဖြစ်ပေါ်ရန် အကြောင်းတည်း'လို့ ဟောတော်မူပြီးနောက် 'အလောဘသည် ကံတို့၏ဖြစ်ပေါ်ရန် အကြောင်းတည်း၊ အဒေါသသည် ကံတို့၏ဖြစ်ပေါ်ရန် အကြောင်းတည်း၊ အမောဟသည် ကံတို့၏ဖြစ်ပေါ်ရန် အကြောင်းတည်း'[၂] လို့ ဟောတော်မူထားပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဟိတ်ခြောက်ပါးနဲ့ စရိုက်တို့ရဲ့ ဆက်စပ်မှုရှိရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ စရိုက်ဆိုတာ အများအားဖြင့် ဖြစ်လေ့ရှိတဲ့ အပြုအမူ၊ အထုံဝါသနာတွေပါပဲ။

Dr. အောင်သူ ~ မှန်ပါဘုရား။ မကောင်းတဲ့စရိုက်ကို ပြုပြင်ရ လွယ်ပါ့မလားဘုရား။

ဆရာတော် ~ ညောင်လေးပင်တောရ ဆရာတော်ကြီးရဲ့ ဝိသုဒ္ဓိမဂ်အရသာ စာအုပ်ထဲမှာ "စရိုက်ညံ့ရင် ခွေးမြီးကောက်နဲ့တူတယ်၊ ကျည်တောက်စွပ်ပြီး မဖြောင့်နိုင်သလိုဘဲ၊ မိုးမမြင်၊ လေမမြင်၊ အဆင်အခြင်မရှိ၊ နွားငတ်ရေကျ၊ နွားသိုး ကြိုးပြတ်ဖြစ်တတ်တယ်။ ပဋိသန္ဓေကံ ပြုစဉ်ကကို မျိုးစေ့ပါသလို ဖြစ်နေတတ်တာပါတယ်တဲ့"[၃] လို့ ရေးသားတော်မူတာ ရှိပါတယ် ဒကာကြီး။

## ဘဝါဘဝက ကုသလဟေတု၏သတ္တိ

Dr. အောင်သူ ~ အခုဘဝ ကုသိုလ်အကုသိုလ်တွေက ဘဝါဘဝတွေထိအောင် ကျေးဇူးပြုတာပါလားဘုရား။

ဆရာတော် ~ ပြုပါတယ်၊ ပြုပါတယ်၊ သာဓကတစ်ခု ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါ။ သာဓကနဲ့ဆိုရင် ပိုပြီး မှတ်မိပါတယ်ဘုရား။

ဆရာတော် ~ ခေမာမိဖုရား နန်းစည်းစိမ်နဲ့ ကျေနပ်နေလိုက်တာများ ဘုရားရှင် သူတို့ရဲ့ တိုင်းပြည်ကို ကြွတော်မူလာတာကိုတောင်မှ သူသွားပြီး မဖူးချင်ဘူးတဲ့။

Dr. အောင်သူ ~ မိဖုရားက ဘုရားကို ဘာကြောင့် မဖူးချင်ရတာပါလဲဘုရား။

ဆရာတော် ~ 'ဘုရားရှင်က အလှအပကို ရှုတ်ချတော်မူတယ်'လို့ သူကြားဖူးတယ်၊ ဒါကြောင့် သူ ဘုရားမဖူးချင်ဘူး၊ သို့သော် မိဖုရားခေမာက ထိပ်တန်း အမျိုးကောင်းသမီးနော်၊ ဒီဘဝမှာ ကျွတ်တန်းဝင်မဲ့ ပါရမီရှင်ကြီး၊ ရဟန္တာထေရီမလောင်းလျာကြီးနော်။

---

**ကျမ်းညွှန်း**

၁။ (၄၉၈)၊ ဝိပါကုဒ္ဒါရကထာ၊ အဗျာကတပဒ၊ စိတ္တုပါဒကဏ္ဍ၊ အဋ္ဌသာလိနီအဋ္ဌကထာ။ (နှာ-၃၀၈)

၂။ (၁၁၂)၊ ပဌမနိဒါနသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၆၆)

၃။ ညောင်လေးပင်တောရဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်အရသာ။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဘုရင်ဗိမ္ဗိသာရကြီးရဲ့ ကြောင့်ကြစိုက်မှုကြောင့် ဘုရားရှင်ထံတော်ပါးရောက်ပြီး တရားနာရတာနဲ့ မိဖုရားဘဝကို ထွေးလိုက်တဲ့တံတွေးကဲ့သို့ စွန့်ပစ်ပြီး ဘိက္ခုနီမ[၁] ဖြစ်သွားတယ်လေ၊ ဘဝါဘဝက ကုသလဟေတုရဲ့ သတ္တိ ကြီးကျယ်လိုက်ပုံများ အံ့သြစရာပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ မိဖုရားစည်းစိမ်ကို ရဟန်းမဘဝနဲ့ လဲဝံ့တာ အံ့သြစရာပါပဲဘုရား။

ဆရာတော် ~ ကုသလဟေတု အားကောင်းကြတဲ့ သူတော်ကောင်းများရဲ့ တွေးတော ကြံစည် ဆုံးဖြတ်ပုံက သာမန်လူတစ်ယောက် နားလည်သဘောပေါက်ဖို့ အလွန် ခက်ခဲပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ နောက်ထပ် သာဓကများ ရှိပါသေးသလားဘုရား။

ဆရာတော် ~ ရှိပါတယ်။ သူဋ္ဌေးကတော် ဓမ္မဒိန္နာရဲ့ ဘဝအပြောင်းအလဲမှာလည်း တွေးခေါ် စဉ်းစားပုံ၊ ဆုံးဖြတ်ပုံတွေက သာမန်တစ်ယောက် နားမလည်နိုင်လောက်ဘူး။

Dr. အောင်သူ ~ မှန်ပါ။ သိပါရစေဘုရား။

ဆရာတော် ~ သူဋ္ဌေးကြီးဝိသာခက ဘုရားရှင်ထံပါး တရားနာကြားပြီးနောက် အနာဂါမ် ဖြစ်တဲ့နေ့က အဖြစ်အပျက်ကို ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါ။ သိပါရစေဘုရား။

ဆရာတော် ~ သူဋ္ဌေးကတော် ဓမ္မဒိန္နာကို သူဋ္ဌေးက ဘယ်လိုပြောသလဲဆိုရင် 'ဒီစည်းစိမ် ဥစ္စာတွေ အားလုံးကိုယူပြီး မိဘအိမ်ကို ပြန်လိုကပြန်ပါ၊ နောက်အိမ်ထောင် ပြုလိုကပြုပါ' လို့ ပြောလိုက်ပါတယ်။ သာမန် သူလိုကိုယ်လို အမျိုးသမီး တစ်ယောက်ဆိုရင် ဘာပြန်ပြောမယ်ထင်သလဲ အတွေးနဲ့ ပြောကြည့်ပါလား။

Dr. အောင်သူ ~ လင်ယောကျ်ားက ရုတ်တရက် အခုလိုအပြောခံရတဲ့ အိမ်ထောင်ရှင်မ တစ်ယောက်အနေနဲ့ အရွဲ့တိုက်ပြီး တုံ့ပြန်မှာ သေချာပါတယ်ဘုရား။ တပည့်တော် တွေးမိတာကတော့ 'ရှင်က ကျွန်မကို ဒီလိုစိန်ခေါ်တာလား'လို့ ပြောမယ်ထင်ပါ တယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒီနေရာမှာ သူဋ္ဌေးကတော် ဓမ္မဒိန္နာက လင်ယောကျ်ားဖြစ်တဲ့ သူဋ္ဌေးကြီးကို ဘယ်လိုများ ပြန်ပြောလိုက်သလဲ"ဆိုတဲ့ မေးခွန်းကို မေးဖို့ ကောင်းတယ်နော်။

Dr. အောင်သူ ~ တပည့်တော် အဲဒါကိုလည်း စဉ်းစားနေပြီး နှုတ်ကထွက်တာတခြား ဖြစ်သွား လို့ပါဘုရား။

---

**ကျမ်းညွှန်း**

၁။ (၅)၊ ခေမာထေရီဝတ္ထု၊ တဏှာဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ။ (ဒုတိယတွဲ၊ နှာ-၃၃၉)

ဆရာတော် ~ ဓမ္မဒိန္နာသူဌေးကတော်က သူဌေးကြီးကို အခွင့်ပန်ကြားပါတယ်။

Dr. အောင်သူ ~ တပည့်တော် အဲဒါကို စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ 'ဘုရားရှင်ထံတော်ပါးက သူဌေးကြီးသိရှိလာတဲ့ တရားတော်မျိုးကို သိဖို့အတွက် ရဟန်းပြုခွင့် ပြုတော်မူပါ"[၁]တဲ့ဗျာ။

Dr. အောင်သူ ~ တပည့်တော်တို့ တွေးတာနဲ့တော့ တလွဲဖြစ်သွားတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ပြဿနာတစ်ခုပေါ်မှာ နောက်ဆုံးဘဝပိုင်ရှင်ဖြစ်တဲ့ ဓမ္မဒိန္နာရဲ့ တွေးပုံတွေးနည်း Ways of thinking ကို သူလိုကိုယ်လို လူက ဘယ်မှန်းဆလို့ ရနိုင်မလဲ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော်တို့ လိုက်လို့ မမီနိုင်လောက်အောင် ဝေးသွားပါတယ်။ သို့သော် အလွန်ကို လေးစားထိုက်တဲ့ အတွေးအခေါ်ပါဘုရား။

ဆရာတော် ~ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့ရဲ့ အလောဘသတ္တိ၊ အဒေါသသတ္တိနဲ့ အမောဟ သတ္တိတို့ကို အခြေခံပြီး ထွက်ပေါ်လာတဲ့ စကားသံတွေပါပဲ ဒကာကြီး။

Dr. အောင်သူ ~ ကြည်ညိုမဆုံးပါဘုရား။

**ဆုတောင်း**

**"ရေသောက်မြစ်မှ အကိုင်းအခက်ကို စည်ပင်အောင် ထောက်ပံ့ပေးသကဲ့သို့ လူသားတို့၏ သန္တာန်၌လည်း ကောင်းမွန်သော အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်ဟိတ်တရားတို့ ရှင်သန်ကာ နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ကြပါစေသား"**


**ကျမ်းညွှန်း**

၁။ (၃၈)၊ ဓမ္မဒိန္နာထေရီဝတ္ထု၊ ဗြာဟ္မဏဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ။ (ဒုတိယတွဲ၊ နှာ-၄၅၁)

# ၂။ အာရမ္မဏပစ္စယော

## Arammanha Paccayo *(Object support condition)*

## အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောပစ္စည်း



### အာရမ္မဏပစ္စည်း၏ကျေးဇူးပြုပုံ

အာရမ္မဏပစ္စည်း၏ကျေးဇူးပြုပုံမှာ တောင်ဝှေးနှင့် ကြိုးတန်းတို့သည် အားအင်ကုန်ခန်း မစွမ်းနိုင်သူ သက်ကြီးရွယ်အိုနှင့် လူမမာတို့အား ဆွဲကိုင်မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူကြသည်နှင့်အညီ အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အတွေ့အထိအာရုံနှင့် အတွေးအကြံအာရုံ ဟူသော ခြောက်ပါးသော အာရုံတရားတို့သည် စိတ်၊ စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ဥပမာပြရသော် အရောင်အဆင်း အမျိုးမျိုးကို ဆွဲကိုင် မှီတွယ်ရမှသာ မြင်သိစိတ် ဖြစ်လာနိုင်သကဲ့သို့၊ အသံအမျိုးမျိုးကို ဆွဲကိုင်မှီတွယ်ရမှသာ ကြားသိစိတ် ဖြစ်လာနိုင်သကဲ့သို့တည်း။

Dr. အောင်သူသည် ပဋ္ဌာန်းပဥ္စဝါရပူဇော်ရာမှ ယခုအခါ ပဋ္ဌာန်း၏အနက်အဓိပ္ပာယ်ကို သိချင်လာသဖြင့် အားလပ်ရက်များတွင် ပဋ္ဌာန်းဆိုင်ရာ မေးခွန်းများကို အဆက်ပြတ် မေးမြန်းလေ့ ရှိရာ ရံခါ ပညာတတ်များ၏ ညဉ့်အားလျော်စွာ မေးခွန်းကို ကတ်ကတ်သတ်သတ် မေးတတ်သဖြင့်လည်း စာဖတ်သူများနှင့် သဘောထား မတိုက်ဆိုင်သည်များကိုတွေ့လျှင် နားလည်ပေးပါရန် ဦးစွာ မေတ္တာရပ်ခံပါသည်။

## အာရုံခြောက်ပါး

Dr. အောင်သူ ~ အာရမ္မဏနဲ့ အာရုံက အဓိပ္ပာယ်အတူတူပဲလို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာ မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါတယ်။ ပါဠိလို အာရမ္မဏကို မြန်မာက အာရုံလို့ခေါ်တာပါ။ အာရမ္မဏ ပစ္စယောကို အင်္ဂလိပ်လိုလည်း မှတ်သားထားချင်ရင်တော့ Object condition လို့ ဘာသာပြန်နိုင်ပါတယ်။

Dr. အောင်သူ ~ အာရုံကို Object လို့ ယူနိုင်တယ်ဆိုရင် တခြား Object တွေရှိရင်လည်း သိချင် ပါ သေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ။ 'ခြောက်တံခါးဝယ်၊ ခြောက်ပါးအာရုံ၊ ကြုံလတ်သောခါ'[၁] လို့ ရှင်မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့မှာ ရေးထားသလိုပဲ အာရုံဆိုတဲ့ Object က ၆ မျိုး ရှိပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ၁။ မျက်စိအတွက် အဆင်းအာရုံ ၂။ နားအတွက် အသံအာရုံ ၃။ နှာခေါင်း အတွက် အနံ့အာရုံ ၄။ လျှာအတွက် အရသာအာရုံ ၅။ ခန္ဓာကိုယ်ကောင် ကြီးအတွက် အတွေ့အထိအာရုံ ၆။ စိတ်အတွက် အတွေးအကြံအာရုံ[၂] တွေပါ။

Dr. အောင်သူ ~ တပည့်တော်ရဲ့ မျက်စိက ရောင်စုံကြည့်ရတာ ကြိုက်တယ်။ နားကလည်း အသံစုံတွေ ကြားရတာကို ကြိုက်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ ဒကာကြီး။ ဟေတုမှာ ပြောပြခဲ့သလိုပဲ မျက်စိအတွက် ဖြူ၊ နီ၊ ဝါ၊ ပြာ ရောင်စုံတွေ၊ နားအတွက် ဒို၊ ရေ၊ မီ၊ ဖာ အသံစုံတွေ၊ နှာခေါင်းအတွက် ရေမွှေးအနံ့၊ စံပယ်ပန်းအနံ့၊ ခရေပန်းအနံ့ အမျိုးမျိုးတွေ၊ လျှာအတွက် ချို၊ ချဉ်၊ စပ်၊ ခါးစတဲ့ အရသာအစုံတွေ၊ ကိုယ်ခန္ဓာအတွက် နူးညံ့တဲ့၊ နွေးထွေးတဲ့ အိစက်တဲ့ အထိအတွေ့တွေ၊ စိတ်အတွက်ကလည်း အမျိုးမျိုးဆန်းကြယ်တဲ့ အတွေးအတော တွေက ဆိုင်ရာဆိုင်ရာ အာရုံတွေပါပဲ။

## နှလုံးသွင်းမှု ဂရုပြု

Dr. အောင်သူ ~ တပည့်တော်တို့က မျက်စိကို မှန်ဘီလူးနဲ့ ကိုယ်စားပြုပြီး စဉ်းစားပါတယ်ဘုရား။ မှန်ဘီလူးမှာပေါ်သမျှ အားလုံးကို မြင်တာပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒကာကြီးလျှောက်ထားတာက စီစီတီဗီကင်မရာပေါ်သမျှ အားလုံးကို မော်နီတာမှာ မြင်ရတာလို့ ဆိုလိုတာ ဖြစ်မယ်ထင်တယ်။

---

**ကျမ်းညွှန်း**

၁။ (၃၇)၊ စတုဓမ္မသာရကိုးခန်းပျို့၊ ရှင်မဟာရဋ္ဌသာရ။ (၁၉၅၉ ဇွန်လထုတ်)

၂။ (၁)၊ ပဒဘာဇနီ၊ စိတ္တုပ္ပါဒကဏ္ဍ၊ ဓမ္မသင်္ဂဏီပါဠိ။ (နှာ-၁၇)

Dr. အောင်သူ ~ မှန်ပါဘုရား။ အဲဒီသဘောကို ပြောတာပါဘုရား။

ဆရာတော် ~ လူ့မျက်လုံးရဲ့ အလုပ်လုပ်ပုံက မှန်ဘီလူးနဲ့ အလုံးစုံမတူဘူး ဒကာကြီး။ ဒါကြောင့် မျက်ကြည်လွှာပေါ်မှာ ပေါ်သမျှပုံအားလုံးကို မြင်မှာမဟုတ်ဘူး။

Dr. အောင်သူ ~ ဒါဆိုရင် ဘယ်လောက်ပဲ မြင်ရမှာပါလဲဘုရား။

ဆရာတော် ~ လူရဲ့နှလုံးသွင်းမှု ရှိသလောက်သာ မြင်ရတာပါ။

Dr. အောင်သူ ~ ဘယ်လို နှလုံးသွင်းမှုပါလဲဘုရား။

ဆရာတော် ~ ဘုန်းကြီးရှေ့မှာ အခုထိုင်နေတာ ဘုန်းကြီးကို မြင်တာလား၊ ဘုန်းကြီးရဲ့ မျက်နှာကို မြင်တာလား ဒကာကြီး။

Dr. အောင်သူ ~ မျက်နှာကိုပါဘုရား။

ဆရာတော် ~ မျက်နှာကို မြင်တာလား မျက်မှန်ကို မြင်တာလား။

Dr. အောင်သူ ~ ခုနမြင်တာက မျက်မှန်မပါဘူး ထင်တယ်။ အခုမှ မျက်မှန်ကို မြင်တာပါဘုရား။

ဆရာတော် ~ မျက်မှန်က ဒကာကြီးရဲ့ မြင်ကွင်းအပြင်ကို ရောက်နေလို့လားဆိုတော့ မဟုတ်ဘူး။ မြင်ကွင်းထဲမှာပဲ ရှိနေတာပါနော်။

Dr. အောင်သူ ~ ဪ-သူက အာရုံပြုသလောက်ကိုသာ မြင်နိုင်တာကို လူရဲ့နှလုံးသွင်းမှုလို့ ခေါ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ နှလုံးသွင်းမှုရှိရင် မြင်ပြီလားဘုရား။

## မြင်ခြင်းကိစ္စပြည့်စုံရန်

ဆရာတော် ~ မြင်ခြင်းကိစ္စ ပြည့်စုံဖို့ အကြောင်းလေးပါး ပြည့်စုံရပါဦးမယ်။

Dr. အောင်သူ ~ အဲသည်အကြောင်းလေးပါးကိုလည်း သိပါရစေဘုရား။

ဆရာတော် ~ ၁။ စက္ခုပသာဒ ကောင်းမွန်ရမယ်၊ ၂။ ရူပါရုံလို့ခေါ်တဲ့ အဆင်းရှိရမယ်၊ ၃။ အဆင်းကို မြင်နိုင်ဖို့ အလင်းရောင်ရှိရမယ်၊ ၄။ မနသိကာရ[၁]လို့ခေါ်တဲ့ နှလုံးသွင်းမှု ရှိရပါမယ် ဒကာကြီး။

Dr. အောင်သူ ~ ဟုတ်လိုက်တာဘုရား။ သိပ္ပံကပြောတာနဲ့ တော်တော်ကြီးကို နီးစပ်ပါတယ်ဘုရား။

ဆရာတော် ~ သိပ္ပံက ရှေ့ ၃ ချက်ကိုပဲ ပြောပါတယ်။ နောက်ဆုံးတစ်ချက်က ဘုရားရှင် ဟောတော်မူတာပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ ဒါကြောင့် နှလုံးသွင်းမှုရှိမှ မြင်ခြင်းကိစ္စ ပြည့်စုံတာပါလားဆိုတာ တပည့်တော် သဘောပေါက်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။ နားနဲ့ ကြားဖို့ရာမှာလည်း လေးချက်ပဲလားဘုရား။

---

**ကျမ်းညွှန်း**

၁။ (၄၉)၊ ပရိက္ခာရဟာရဝိဘင်္ဂ၊ ပဋ္ဌိနိဒ္ဒေသဝါရ၊ နေတ္တိပါဠိ။ (နှာ-၆၇)

## ကြားခြင်းကိစ္စပြည့်စုံရန်

ဆရာတော် ~ ဟုတ်တယ်လေ။ သို့သော် အမှတ်စဉ် ၄။ မနသိကာရမှအပ ကျန်တာက ကွဲပြားပါတယ်၊ ၁။ သောတပသာဒ ကောင်းမွန်ရမယ်၊ ၂။ သဒ္ဒါရုံလို့ခေါ်တဲ့ အသံရှိရဦးမယ်၊ ၃။ လေဖြတ်သန်းသွားလာနိုင်တဲ့ အာကာသဟင်းလင်းနယ် ရှိရဦးမယ်၊ ၄။ မနသိကာရဆိုတဲ့[1] နှလုံးသွင်းမှုရှိရမယ် ဒကာကြီး။

Dr. အောင်သူ ~ ပြည့်စုံလှပါတယ်ဘုရား။ ကျန်တာလေးတွေကိုလည်း ဆက်ပြီး သိချင်ပါသေးတယ်ဘုရား။

## အနံ့သိခြင်းကိစ္စပြည့်စုံရန်

ဆရာတော် ~ နှာခေါင်းမှာ အနံ့ရဖို့ရာမှာလည်း ၁။ နှာခေါင်းအထဲက ဃာနပသာဒ ကောင်းမွန်ရမယ်၊ ၂။ ဂန္ဓာရုံလို့ခေါ်တဲ့ အနံ့ရှိရမယ်၊ ၃။ အနံ့ကို ဆောင်ယူမဲ့ လေရှိရပါမယ်၊ နောက်ဆုံးနံပါတ် ၄။ မနသိကာရ[2]ဆိုတဲ့ နှလုံးသွင်းမှု ရှိရမယ်တဲ့။

Dr. အောင်သူ ~ မှန်ပါ။ တိကျလိုက်တာဘုရား။ ပြီးတော့ အရသာကိုသိတဲ့စိတ် ဖြစ်ဖို့ရာမှာလည်း အကြောင်းက ၄ ပါးပဲလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ မြင်သိစိတ်ဖြစ်ဖို့လည်း လေးပါးပဲ။ ကြားသိစိတ်ဖြစ်ဖို့လဲ လေးပါးပဲ။ နံသိစိတ်ဖြစ်ဖို့လဲ လေးပါးပဲလေ။ ကျန်သေးတဲ့ အရသာသိစိတ် ဖြစ်ဖို့လဲ လေးပါးပဲ။ ထိသိစိတ်ဖြစ်ဖို့လဲ လေးပါးပဲ၊ နောက်ဆုံး ကြံသိစိတ်ဖြစ်ဖို့လဲ လေးပါးပဲ။ အားလုံး လေးပါးစီပါပဲ။

Dr. အောင်သူ ~ ဘုရားရှင်ဟောတော်မူတာ၊ အလွန်သေချာတာပဲဘုရား။

## အရသာသိခြင်းကိစ္စပြည့်စုံရန်

ဆရာတော် ~ ၁။ လျှာထဲက ဇိဝှာပသာဒ ကောင်းမွန်ရမယ်၊ ၂။ ရသာရုံလို့ခေါ်တဲ့ အရသာ အာရုံရှိရဦးမယ်။ နောက်တစ်ခု ထူးခြားတာက ၃။ အာပလို့ခေါ်တဲ့ လျှာရည် ရှိရမယ်တဲ့၊ နောက်ဆုံးနံပါတ် ၄။ မနသိကာရ[3]ဆိုတဲ့ နှလုံးသွင်းမှု ရှိရမှာပါ ဒကာကြီး။

Dr. အောင်သူ ~ တင်ပါဘုရား။

---

**ကျမ်းညွှန်း**

၁။ ၃။ (၄၉)၊ ပရိက္ခာရဟာရဝိဘင်္ဂ၊ ပဋိနိဒ္ဒေသဝါရ၊ နေတ္တိပ္ပကရဏပါဠိ။ (နှာ-၆၇)

၂။ (၃၇)၊ စတုဓမ္မသာရကိုးခန်းပျို့၊ ရှင်မဟာရဋ္ဌသာရ။ (၁၉၅၉ ဇွန်လထုတ်)

၃။ (၂၈၉)၊ အတီတစက္ခုရူပါဒိကထာ၊ ကာလသံသန္ဒန၊ ကထာဝတ္ထုပါဠိ။ (နှာ-၁၀၂-၁၀၃)

## ထိတွေ့သိခြင်းကိုစူပြည့်စုံရန်

ဆရာတော် ~ နောက်ဆုံးနှစ်ခုက ကိုယ်ကာယနဲ့ စိတ်ကို[၁] ပြောမယ်နော်၊ ကာယဒွါရဝီထိ ဖြစ်ဖို့ရာ ၁။ ကာယပသာဒ ကောင်းမွန်ရမယ်၊ ၂။ ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တဲ့ အထိအတွေ့ ရှိရမယ်၊ ၃။ ခက်မာတဲ့ ပထဝီရှိရမယ်တဲ့ နောက်ဆုံးနံပါတ် ၄။ ကတော့ မနသိကာရဆို[၂]တဲ့ နှလုံးသွင်းမှု ရှိရမယ်တဲ့နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ မနောဒွါရဝီထိဖြစ်ဖို့ရာမှာလည်း ၄ ပါးပဲနော်။ ၁။ မနောဒွါရခေါ်တဲ့ ဘဝင်စိတ် ရှိရမယ်၊ ၂။ အာရုံငါးပါးဖြစ်စေ၊ ဓမ္မာရုံဖြစ်စေ အာရုံတစ်ခုခု ရှိရမယ်၊ ၃။ ဟဒယဝတ္ထုလို့ခေါ်တဲ့ စိတ်ရဲ့မှီရာဝတ္ထု ရှိရမယ်၊ နောက်ဆုံးနံပါတ် ၄။ ကတော့ မနသိကာရဆိုတဲ့ နှလုံးသွင်းမှု ရှိရမယ်။

Dr. အောင်သူ ~ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ဘုရားရှင်ဟောတော်မူခဲ့တဲ့ တရားတော်တွေက အံ့သြစရာကောင်းအောင် တိကျပြီး ပြည့်စုံပါတယ်ဘုရား။ တကယ်ကို အံ့သြစရာပါဘုရား။

## တောင်ဝှေးကြိုးတန်း

Dr. အောင်သူ ~ အာရမ္မဏပစ္စယောကို မနေ့က စာအုပ်ထဲဖတ်ကြည့်တာ တောင်ဝှေးနဲ့ ကြိုးတန်းကိုင်ပြီး လူတစ်ယောက် လမ်းလျှောက်နေတဲ့ပုံကို ဆွဲထားတာ တွေ့ပါတယ်ဘုရား။ တောင်ဝှေးနဲ့ ကြိုးတန်းက အာရမ္မဏနဲ့ ဘယ်လိုများ ဆက်စပ်နေတာလဲဆိုတာ သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အခုလို နက်နဲတဲ့ ပဋ္ဌာန်းတရားတော်ကို စိတ်ဝင်တစား မေးမြန်းတာကို တန်ဖိုးထားပါတယ်။ ဘုန်းကြီး ကြိုးစားဖြေပေးမယ်နော်။

Dr. အောင်သူ ~ မှန်လှပါဘုရား။

ဆရာတော် ~ သက်ကြီးရွယ်အိုနဲ့ လူမမာများ ထနိုင်ဖို့ လမ်းလျှောက်နိုင်ဖို့ရာမှာ တောင်ဝှေးနဲ့ ကြိုးတန်းက အားကိုးစရာ၊ ဆွဲကိုင်စရာ ဖြစ်တယ်နော်။

Dr. အောင်သူ ~ ပုံထဲမှာ အဲသလို ဆွဲထားပါတယ်ဘုရား။

ဆရာတော် ~ အရောင်အဆင်း အမျိုးမျိုးကို ဆွဲကိုင်ရမှသာ မြင်သိစိတ် ဖြစ်လာနိုင်တယ်။ ကြည့်စရာ၊ မြင်စရာ အရောင်အဆင်းတွေ မရှိရင် မျက်စိနဲ့ မြင်ပြီးမှသိရတဲ့ မြင်သိစိတ် မဖြစ်နိုင်ဘူး ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ သိပ်မရှင်းသေးဘူးဘုရား။

---

**ကျမ်းညွှန်း**

၁။ ၂။ (၂၈၉)၊ အတီတစကျွရူပါဒိကထာ၊ ကာလသံသန္ဒန၊ ကထာဝတ္ထုပါဠိ။ (နှာ-၁၀၂-၁၀၃)

## အာရုံကို ဆွဲကိုင်မှ ထူနိုင်၊ ထနိုင်

ဆရာတော် ~ မြင်သိစိတ်တစ်ခု ထူနိုင်၊ ထနိုင်ဖို့အတွက် ဖြူ၊ နီ၊ ဝါ၊ ပြာ အဆင်းအာရုံ အမျိုးမျိုးကို ဆွဲကိုင်ရပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင် နားနဲ့ အသံကြောင့် ကြားသိစိတ်ဖြစ်ရာမှာ ဘာကိုဆွဲကိုင်ရပါမလဲဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ အသံအမျိုးမျိုးကို ဆွဲကိုင်ရမှသာ ကြားသိစိတ် ဖြစ်လာနိုင်တယ်။ ကြားစရာ၊ နားထောင်စရာ အသံမရှိရင် ကြားသိစိတ် မဖြစ်နိုင်ပါဘူး။

Dr. အောင်သူ ~ တင်ပါ။ ကြားသိစိတ်တစ်ခု ထူနိုင်၊ ထနိုင်ဖို့အတွက် အသံအာရုံအမျိုးမျိုးကို ဆွဲကိုင်ရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဟုတ်ပြီ။ မှန်တယ်။ သောတဝိညာဏ် ကြားသိစိတ် ဖြစ်ပေါ်လာဖို့လည်း အသံအာရုံ အမျိုးမျိုးကို ဆွဲကိုင်ရပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဒါဆိုရင် နည်းနည်း သဘောပေါက်လာပြီဘုရား။ နံသိစိတ်တို့၊ အရသာသိစိတ်တို့အတွက်လည်း အာရုံလိုမှာပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ လိုအပ်ပါတယ်။ ဃာနဝိညာဏ် နံသိစိတ်ဖြစ်ပေါ်လာနိုင်ဖို့ အနံ့အာရုံ အမျိုးမျိုးကို ဆွဲကိုင်ရပါတယ်။ နမ်းရှူစရာ၊ အနံ့မရှိရင် နံသိစိတ် မဖြစ်နိုင်ဘူးနော်။ နံသိစိတ် ထူနိုင်၊ ထနိုင်ဖို့ အနံ့အာရုံအမျိုးမျိုးကို ဆွဲကိုင်ရတာလေ ဒကာကြီး။

Dr. အောင်သူ ~ သဘောပေါက်လာပါပြီဘုရား။

ဆရာတော် ~ ချို၊ ချဉ်၊ ခါး၊ ဖန် အရသာအမျိုးမျိုးကို ဆွဲကိုင်မှသာ ဇိဝှာဝိညာဏ်ခေါ်တဲ့ အရသာသိစိတ် ဖြစ်ပေါ်နိုင်ပါတယ်။ အကြမ်း၊ အနု၊ အကောင်း၊ အညံ့ အထိအတွေ့ အမျိုးမျိုးကို ဆွဲကိုင်မှသာ ကာယဝိညာဏ် ထိသိစိတ် ဖြစ်နိုင်ပါတယ်။

Dr. အောင်သူ ~ တောင်ဝှေးကြိုးတန်းပုံရဲ့ အဓိပ္ပာယ်က အခုမှ ရှင်းပါတော့တယ်။ နက်နဲပါတယ်ဘုရား။ သို့သော် နားလည်ဖို့ မခက်ခဲလှပါဘုရား။

## ဉာဏ်ပေါ်နိုင်ရန်

Dr. အောင်သူ ~ အာရမ္မဏပစ္စည်းမှာလည်း ဟေတုတုန်းကလို အကြောင်းတရားနဲ့ အကျိုးတရားတွေကို ကွဲကွဲပြားပြား သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ စက္ခုဝိညာဏ်ဖြစ်လာဖို့အတွက် ရူပါရုံလို့ခေါ်တဲ့ အဆင်း visible object ရှိရမယ်နော်။

Dr. အောင်သူ ~ စက္ခုဝိညာဏ်ဆိုတာ ဘာပါလဲဘုရား။

ဆရာတော် ~ မြင်သိစိတ်ကို စက္ခုဝိညာဏ် eye-consciousness လို့ ခေါ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ မှတ်မိပါပြီဘုရား။
ဆရာတော် ~ ရူပါရုံအဆင်းနဲ့ မြင်သိစိတ် eye-consciousnes တို့နှစ်ခုမှာ ဘယ်ဟာက အကြောင်းတရားလဲ၊ ဘယ်ဟာက အကျိုးတရားလဲလို့ သိချင်တာထင်ပါတယ်။
Dr. အောင်သူ ~ တပည့်တော် အဲဒီအကြောင်းအကျိုးဆိုတာကို သိချင်နေတာပါဘုရား။
ဆရာတော် ~ ရူပါရုံလို့ခေါ်တဲ့အဆင်းက အကြောင်းတရားပါ ဒကာကြီး။ မြင်သိစိတ် စက္ခုဝိညာဏ်က အကျိုးတရား ဖြစ်ပါတယ်။ အခုလို အကြောင်းအကျိုး တရားကို မကြာခဏ စဉ်းစားဆင်ခြင်တဲ့ အလေ့အကျင့်လုပ်တာ သူ့ထက်မြင့်တဲ့ အသိဉာဏ်တွေပေါ်ဖို့ အခွင့်အလမ်းအများကြီး ရှိပါတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

Dr. အောင်သူ ~ ဘယ်လိုမျိုးဉာဏ်တွေ ပေါ်လာမှာလဲဘုရား။
ဆရာတော် ~ ဆိုပါစို့၊ ရူပါရုံအဆင်းမရှိဘဲ မြင်သိစိတ် မဖြစ်နိုင်ဘူး၊ ရူပါရုံအဆင်း ရှိလို့သာ မြင်သိစိတ်ပေါ်တာပါ၊ ရူပါရုံအဆင်းဆိုတဲ့ အကြောင်းတရားကြောင့် အကျိုး တရားအဖြစ် မြင်သိစိတ် စက္ခုဝိညာဏ်ပေါ်လာတယ်လို့ နားလည်လာတာက ပစ္စယပရိဂ္ဂဟဉာဏ်ပါပဲ။
Dr. အောင်သူ ~ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ ဘယ်လိုဉာဏ်ပါလဲဘုရား။
ဆရာတော် ~ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ အကြောင်းကိုသိမ်းဆည်းတဲ့ဉာဏ်ပါ ဒကာကြီး။
Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ ဉာဏ်ဆိုတာ တခြားတစ်မျိုးတစ်မည် ထင်နေတာ။ အခုလို ပဋ္ဌာန်းတရားတော်အပေါ် ဉာဏ်သက်ဝင်လာရင်လည်း ဝိပဿနာဉာဏ် ဖြစ်တာကို အခုမှ သိရပါတယ်ဘုရား။ ကျေးဇူးတင်လိုက်တာ၊ နောက်ထပ် ဉာဏ်အကြောင်းတွေကို တပည့်တော် သိချင်ပါသေးတယ်ဘုရား။
ဆရာတော် ~ ကောင်းပါပြီ။ စက္ခုဝိညာဏ်လို့ခေါ်တဲ့ မြင်သိစိတ် eye-consciousness က ပရမတ် အရှိတရားနော်။ သူ့သက်တမ်းက မြင်သိစိတ် ဖြစ်သခိုက်ကလေးပဲ ရှိတာ။ အဆင်းအာရုံတိုက်သခိုက်၊ အဆင်းအာရုံတိုက်သခိုက် အသစ် အသစ် အသစ် ထပ်ထပ်ပြီး ဖြစ်နေတာပါ။

## အသစ်ဖြစ်၊ အဟောင်းပျက်

Dr. အောင်သူ ~ မှန်ပါ။ အခုလို အသစ်၊ အသစ် ဖြစ်နေတာက အဟောင်းတွေ ပျောက်ပျောက် ကုန်လို့ပါလားဘုရား။
ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်။ အဟောင်းပျောက်၊ အသစ်ဖြစ်၊ အဟောင်းပျောက်၊ အသစ်ဖြစ်နေလို့ကို မခိုင်ခံ့တာပါ။
Dr. အောင်သူ ~ မခိုင်ခံ့လို့ကို အဟောင်းတွေ ပျောက်ပျောက်ပြီး အသစ်ဖြစ်ဖြစ်နေတာကို နားလည်ပါပြီဘုရား။

ဆရာတော် ~ ရုပ်နာမ်ဓမ္မသဘာဝက အနိစ္စဓမ္မ၊ ဒုက္ခဓမ္မ၊ အနတ္တဓမ္မ မို့လို့ကို အခုလို မခိုင်ခံ့တာပါ။ အခုလို မတည်တံ့တာပါလားလို့ နားလည်နိုင်ဖို့အတွက် ပဋ္ဌာန်းတရားတော်ကို ခန္ဓာနဲ့တိုက်ပြီး လေ့လာရတာပါ ဒကာကြီး။

Dr. အောင်သူ ~ ပေါ်သခိုက်ကလေးပဲ တည်နေနိုင်တယ်ဆိုတာကို တပည့်တော် စိတ်ဝင်စားပါတယ်ဘုရား။ ဘယ်လိုလုပ် ပေါ်တာပါလဲဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ နက်နဲတရားကို လေ့လာရင် ဥပမာနဲ့ စဉ်းစားသင့်တယ်။ ဒါကြောင့် ဂစ်တာဥပမာနဲ့ ပြောကြည့်ရအောင်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော်လည်း ဉာဏ်နည်းပါတယ်ဘုရား။ ဥပမာနဲ့ဆိုရင်တော့ ပိုပြီး နားလည်နိုင်မယ် ထင်ပါတယ်ဘုရား။

## မတည်တံ့ မခိုင်ခံ့

ဆရာတော် ~ ဂစ်တာတီးပြီး သီချင်းဆိုနေတဲ့သူကို ကြည့်ရင် ဂစ်တာကြိုးကနေ အသံတွေက အလိုလို ထွက်နေတာမဟုတ်ဘူး။ လက်ချောင်းလေးတွေကနေလည်း အသံတွေ အလိုလို ထွက်လာနေတာမဟုတ်ပါဘူး။ ဂစ်တာကြိုးနဲ့ လက်ချောင်းတို့ ထိခတ်သခိုက်၊ ထိခတ်သခိုက် တစ်ခဏ၊ တစ်ခဏအတွင်းမှာ အသံအနိမ့်အမြင့်တွေ ထွက်ထွက်နေတာပါ။ ဒကာကြီးစိတ်ထဲ ပေါ်သလား တော့မသိဘူး။

Dr. အောင်သူ ~ မျက်စိထဲ မြင်နေပါပြီဘုရား။ စဉ်းစဉ်းစားစား နားထောင်နေပါတယ်ဘုရား။

ဆရာတော် ~ တစ်ဆင့်တိုး ပြောကြည့်မယ်နော်။ အဲဒီအသံက ရှေးကတည်းကလည်းရှိနှင့်နေတာ မဟုတ်ဘူးနော်။ ပေါ်ပြီးတော့လည်း တည်တံ့ ခိုင်ခံ့နေတာ မဟုတ်ဘူး။ ပေါ်သခိုက်၊ ပေါ်သခိုက်မျှသာ ဖြစ်နေတာလေ။

Dr. အောင်သူ ~ ပေါ်သခိုက်ဖြစ်ပြီး တစ်ခဏချင်း ပျောက်ပျောက်သွားတာကို စဉ်းစားနေပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အဆင်းလည်းတူတူ၊ အသံလည်းတူတူ၊ အနံ့လည်းတူတူ၊ အရသာလည်းတူတူ ပေါ်သခိုက်ခဏပဲ တည်တံ့ပြီး ပျောက်ပျောက်သွားနေတဲ့ ဓမ္မသဘာဝကြီးကို ပိုင်ပိုင်နားလည်လာရင် ဝိပဿနာဉာဏ် ပွင့်ထွန်းလာပါပြီ။

Dr. အောင်သူ ~ တပည့်တော် လမ်းကြောင်းကို စတွေ့ပါပြီဘုရား။ တော်တော်ကြီးတော့ ကြိုးစားရဦးမယ်ထင်ပါတယ်။

ဆရာတော် ~ ဝိပဿနာမှာ ကြိုးစားတယ်ဆိုတာ *"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ"*[၁]လို့ သိမြင်နိုင်ဖို့ ကြောင့်ကြစိုက်ရတာပါ ဒကာကြီး။

---

**ကျမ်းညွှန်း**

၁။ (၁၆)၊ ပဉ္စဝဂ္ဂိယကထာ၊ မဟာခန္ဒက၊ မဟာဝဂ္ဂပါဠိ။ (ဝိနယ) (နှာ-၁၆)

* (၁၂၁)၊ ရာဟုလောဝါဒသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ (နှာ-၃၂၆)

Dr. အောင်သူ ~ တပည့်တော် မြန်မာလို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ မြန်မာလို ပြောပြမှာပေ့ါ။ 'အလုံးစုံသော ရုပ်နာမ် သင်္ခါရအပေါင်းတို့က ဖြစ်ခြင်းသဘောရှိတယ်၊ အဲဒီဖြစ်လာသမျှသော တရားအပေါင်းက ချုပ်ပျောက်ပျက်ဆုံးကြတဲ့ သဘောတရားချည်း သက်သက်သာပါတကား'[၁]လို့ အသိဉာဏ်ထဲ ရှင်းရှင်းလင်းလင်း သိမြင်လာဖို့ ကြိုးစားရတာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား နက်နဲလွန်းပါတယ်ဘုရား။

## သညာသိ၊ ဝိညာဏ်သိ၊ ပညာသိ

ဆရာတော် ~ ဟုတ်ပါတယ်။ နက်နဲပါတယ်။ ဒါက မှတ်သားထားလို့သိတဲ့ သညာသိတို့၊ ဝိညာဏ်သိ တို့လောက်ကို မဆိုလိုဘဲ၊ ပညာနဲ့သိတာမျိုးကိုသာ ဆိုလိုရင်းဖြစ်ပါတယ်။

Dr. အောင်သူ ~ သညာသိ ဝိညာဏ်သိမျိုးဆိုတာ ကြားဖူးနားဝ ဗဟုသုတအသိနဲ့မရဘူးလို့ ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ သညာသိ၊ ဝိညာဏ်သိဆိုတာ ကြားဖူးနားဝနဲ့ တွေးတောကြံဆဝေဖန်ပြီး အနုမာနနဲ့ မှန်းဆသိတာမျိုးကို ဆိုလိုတာပါ။[၂]

Dr. အောင်သူ ~ တင်ပ့ါဘုရား။ ဒါဆိုရင် ပညာသိဆိုတာက ဘယ်လို သိတာမျိုးပါလဲဘုရား။

ဆရာတော် ~ ပညာသိဆိုတာက ဝိပဿနာဉာဏ်ပညာ[၃]နဲ့ ဓမ္မသဘာဝကို အမှန်တကယ် သိတဲ့ အသိမျိုးကို ဆိုလိုတာပါ။ ဝိပဿနာဉာဏ်ပညာဆိုတာ ဘာဝနာမယဉာဏ်[၄]ပါ ဒကာကြီး။

Dr. အောင်သူ ~ တင်ပ့ါဘုရား။ မှတ်သားထားပ့ါမယ်ဘုရား။

ဆရာတော် ~ ဒီလို ဘာဝနာမယဉာဏ်ပညာသိမျိုးကို တကယ် ပိုင်ပိုင်နိုင်နိုင်သိပြီးမှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ်[၅]ကို မျက်မှောက်ပြုနိုင်တာပါ ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော်လည်း ဒီဘဝမှာ မဂ်ဉာဏ်ကို ရချင်ပါတယ်ဘုရား။ သောတာပန်လည်း ဖြစ်ချင်ပါတယ်ဘုရား။

---

**ကျမ်းညွှန်း**

၁။ (၁၆)၊ ပဉ္စဝဂ္ဂိယကထာ၊ မဟာခန္ဓက၊ ဝိနည်းမဟာဝါပါဠိတော် (မြန်မာပြန်)။ (နှာ-၁၇)

* (၁၂၁)၊ ရာဟုလောဝါဒသုတ္တ၊ သဠာယတနာဝဂ္ဂသံယုတ်ပါဠိတော် (မြန်မာပြန်)။ (နှာ-၁၀၉)

၂။ (၃၈၅)၊ ဗောဇ္ဈင်္ဂပဗ္ဗဝဏ္ဏနာ၊ မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂဋီကာ။ (နှာ-၃၂၉)

၃။ (၁၄၂)၊ ဘိက္ခုအပရိဟာနိယဓမ္မဝဏ္ဏနာ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂအဋ္ဌကထာ။ (နှာ-၁၂၇)

၄။ (၆)၊ မာတိကာဝဏ္ဏနာ၊ ဉာဏကထာ၊ မဟာဝဂ္ဂ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၁၉)

၅။ (၁၁၈)၊ ဗောဇ္ဈင်္ဂပဗ္ဗဝဏ္ဏနာ၊ သတိပဋ္ဌာနသုတ္တဝဏ္ဏနာ၊ မူလပဏ္ဏာသဋီကာ။ (ပထမတွဲ၊ နှာ-၃၈၀)

## ဥဒယဗ္ဗယဉာဏ် ပိုင်ပိုင်ပေါက်ရန် ပဓာနကျသည်

ဆရာတော် ~ ကောင်းပါပြီ။ ဝိပဿနာဘာဝနာအလုပ်မှာ အရေးကြီးဆုံးက ဥဒယဗ္ဗယဉာဏ်စခန်း ပိုင်ပိုင်နိုင်နိုင် ပေါက်ရောက်ဖို့ပါပဲ။[၁]

Dr. အောင်သူ ~ တိဟိတ်ပုဂ္ဂိုလ်တို့ကသာ အရိယာဖြစ်နိုင်တယ်လို့ စာထဲ ဖတ်ဖူးပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဝိပဿနာတရားကို နည်းမှန်လမ်းမှန် အားထုတ်နေတဲ့ ယောဂီအနေနဲ့ ဥဒယဗ္ဗယဉာဏ်ပိုင်နိုင်ရင် ပဋိသန္ဓေတိဟိတ်အစစ်လို့ မှတ်ယူနိုင်ပါပြီ ဒကာကြီး။[၂]

Dr. အောင်သူ ~ ဥဒယဗ္ဗယဉာဏ်ဆိုတာ လူတိုင်းရဖို့ လွယ်ပဲ့မလားဘုရား။

ဆရာတော် ~ ဒကာကြီးမေးလျှောက်တဲ့ ဥဒယဗ္ဗယဉာဏ်က ဝိပဿနာလုပ်ငန်းစဉ်မှာ အလွန်လည်း အရေးကြီးတယ်။ အလွန်လည်း ခက်ခဲပါတယ်။ အဲဒီဉာဏ်ကို နားလည်လာတဲ့ယောဂီက အရိယာလမ်းစဉ်မှာ အမှားအမှန်ကို ခွဲခြားနိုင်ပါပြီ။[၃]

Dr. အောင်သူ ~ ဥဒယဗ္ဗယဉာဏ်ကိုရရင် အရိယာဖြစ်ဖို့ နီးပြီလို့ ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဥဒယဗ္ဗယဉာဏ်တစ်ပါးကိုသာ ကောင်းကောင်းလှလှကြီး ပိုင်ပိုင်ပေါက်ရောက်ဖို့ အရေးအကြီးဆုံးပဲ ဒကာကြီး။ ဒီဉာဏ်ကို လှလှပိုင်ပိုင် ပေါက်ရောက်ထားရင် အထက်အထက်ဉာဏ်တွေက လှုပ်ကာလှည့်ကာနဲ့ကို ပေါက်ရောက်နိုင်ပါ[၄]တယ်လို့ ကျေးဇူးရှင် အင်ကြင်းမြောင်တောရဆရာတော်က မိန့်ကြားတော်မူဖူးပါတယ်။

Dr. အောင်သူ ~ ဆရာတော်ကြီးများရဲ့ မိန့်မှာစကားတွေက မှတ်သားစရာကောင်းလှပါတယ်။ ဘုရားတပည့်တော်က ဒီဘဝ နိဗ္ဗာန်ကို မမှန်းဝံ့ပါဘုရား။ နတ်ပြည်လောက် မှန်းထားပါတယ်။ ကောင်းမွန်တဲ့အာရုံကြောင့် နတ်ပြည်စံမြန်းခဲ့တဲ့ သာဓကများရှိရင် သိချင်ပါသေးတယ်ဘုရား။

## နတ်ပြည်ရောက်သည့်သာဓက

ဆရာတော် ~ ဒီဘဝရဲ့ နောက်ဆုံးအချိန်လေးမှာမှ ဘုရားရှင်ရဲ့ ရောင်ခြည်တော်ဆိုတဲ့ အာရုံကြောင့် နတ်ပြည်ရောက်တဲ့ သာဓကတစ်ခုကို သတိရတယ်။

Dr. အောင်သူ ~ ဘုရားရှင်ရဲ့ အာရုံကြောင့် နတ်ပြည်ရောက်တာကို သိပါရစေဘုရား။

---

**ကျမ်းညွှန်း**

၁။ (၂၅)၊ ဘာဝေတဗ္ဗနိဒ္ဒေသဝဏ္ဏနာ၊ ဉာဏကထာ၊ မဟာဝဂ္ဂ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၁၁၉)

၂။ (၄)၊ နိဒါနာဒိကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၄)

* (၁၇၀)၊ ကေပုဂ္ဂလဝဂ္ဂဝဏ္ဏနာ၊ ကေကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၇၈-၇၉)

* (၅၁)၊ အာယုသင်္ခါရောသဇ္ဇနသုတ္တဝဏ္ဏနာ၊ ဇစ္စန္ဓဝဂ္ဂ၊ ဥဒါနအဋ္ဌကထာ။ (နှာ-၂၉၅)

၃။ (၁၁၇)၊ ပဓာနိယင်္ဂပဉ္စကဝဏ္ဏနာ၊ သင်္ဂီတိသုတ္တ၊ ပါထိကဝဂ္ဂအဋ္ဌကထာ။ (နှာ-၂၁၂)

* (၃၄၄)၊ ဗောဓိရာဇကုမာရသုတ္တဝဏ္ဏနာ၊ ရာဇဝဂ္ဂ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။ (နှာ-၂၂၅)

* (၁၁၈)၊ ဗောဇ္ဈင်္ဂပဗ္ဗဝဏ္ဏနာ၊ သတိပဋ္ဌာနသုတ္တဝဏ္ဏနာ၊ မူလပဏ္ဏာသဋီကာ။ (ပထမတွဲ၊ နှာ-၃၈၀)

၄။ (၃၉၃)၊ ဆန္ဒောဝါဒသုတ္တဝဏ္ဏနာ၊ သဠာယတနဝဂ္ဂ၊ ဥပရိပဏ္ဏာသဋီကာ။ (နှာ-၄၂၁)

ဆရာတော် ~ ဘုရားရှင်လက်ထက်တော် အခါကာလက အာဒိန္နပုဗ္ဗကပုဏ္ဏားသူဌေးကြီးမှာ သားတစ်ယောက် ရှိတယ်။ တစ်နေ့ကျတော့ သူ့ရဲ့သား မဋ္ဌကုဏ္ဍလီ သတို့သားကလေးက နေမကောင်းဖြစ်ရာကနေ တဖြည်းဖြည်း အင်အားချည့်နဲ့လာပြီး သေအံ့ဆဲဆဲ ရောက်သွားတော့တယ်။ သေခါနီးနေတဲ့ သားကလေးကို ခုတင်ညောင်စောင်းပေါ်တင်ပြီး အိမ်အပြင်ဘက်မှာ ထုတ်ထားတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ သေဆုံးခါနီးဖြစ်နေတဲ့ မဋ္ဌကုဏ္ဍလီသတို့သားကလေးကို အကြောင်းပြုပြီးတော့ ဖခင်ပုဏ္ဏားကြီးအပါအဝင် လူများစွာတို့ တရားအသိတိုးမှာဖြစ်တဲ့အကြောင်း မြတ်စွာဘုရားရှင်က ဇေတဝန်ကျောင်းတော်ကြီးကနေ မြင်တော်မူတယ်။

Dr. အောင်သူ ~ တင်ပါဘုရား။

ဆရာတော် ~ ဒါကြောင့် ဘုရားရှင်က သူဌေးကြီး၏ရဲ့ အိမ်ရှေ့ကို ကြွလာတော်မူပြီး သေရာညောင်စောင်းမှာ လဲလျောင်းနေရှာတဲ့ မဋ္ဌကုဏ္ဍလီမျက်လုံးထဲကို ရောင်ခြည်တော်ခြောက်သွယ် လွှတ်တော်မူပါတယ်။ သတို့သားကလေးက မြတ်စွာဘုရားရှင်ရဲ့ ရောင်ခြည်တော်ကို ဖူးမြင်ရပြီးနောက် ကြည်ညိုတဲ့စိတ်နဲ့ သေလွန်ပြီး တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ပါတယ်။[၁]

Dr. အောင်သူ ~ ဘုရားရှင်ရဲ့ ရောင်ခြည်တော် ဖူးခွင့်ရတာကြောင့် နတ်ပြည်ရောက်နိုင်တယ်လို့ နာကြားရတာ သိပ်ကိုအားရပါတယ်ဘုရား။ ဗုဒ္ဓဘာသာဖြစ်ရတာလည်း ဂုဏ်ယူပါတယ်ဘုရား။

## အသံမှသည် စကားလုံးနှင့် အဓိပ္ပာယ်

Dr. အောင်သူ ~ မနေ့တုန်းက အရှင်ဘုရားမိန့်တော်မူတဲ့ အသံတွေက ပေါ်ပြီးပျောက်နေတယ်ဆိုတာကို ဘုရားတပည့်တော် နည်းနည်းလေး သဘောပေါက် လက်ခံလာနိုင်ပါပြီဘုရား။ အဲသလို ပေါ်ပြီး ပျောက်နေရင် သီချင်းစာသားတွေရဲ့ အဓိပ္ပာယ်က ဘယ်လိုလုပ် ပေါ်လာတာပါလိမ့်မလဲလို့ စဉ်းစားနေတာပါဘုရား။

ဆရာတော် ~ ဂစ်တာကြိုးကို တစ်ချက်ခတ်ပြီးတိုင်း အသံကလည်း တစ်ချက်ထွက်နေတယ်နော်။ တီးခတ်လိုက်တဲ့ ဂစ်တာသံက ကြိုက်တဲ့သီချင်း ဖြစ်နေတယ်ဆိုရင် စာသားတွေ စိတ်ထဲမပေါ်လာဘူးလား။

Dr. အောင်သူ ~ သီချင်းစာသားတင် မကပါဘုရား။ သီချင်းနာမည်၊ အဆိုတော်နာမည်၊ ရုပ်ပုံတွေသာမက ဘယ်ရုပ်ရှင်ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းသီချင်းဆိုတာပါ အကုန်ပေါ်ပါတယ်ဘုရား။

---

**ကျမ်းညွှန်း**

၁။ ဓမ္မပဒအဋ္ဌကထာ၊ ပထမတွဲ၊ ယမကဝဂ်၊ မဋ္ဌကုဏ္ဍလီဝတ္ထု။ (နှာ-၁၈)

* မဋ္ဌကုဏ္ဍလီဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၁၈)

ဆရာတော် ~ ကောင်းပါပြီ။ အကယ်၍ ဒကာကြီး ကြားကိုမကြားခဲ့ဖူးဘူးတဲ့ ဖိလိပ်ပိုင်ငံက တိုင်းရင်းသားတွေဆိုတဲ့ သီချင်းကိုကြားရရင် စာသားတွေ ရုပ်ပုံတွေ ပေါ်ပါ့ မလား။

Dr. အောင်သူ ~ ဘာမှမပေါ်နိုင်ပါဘုရား။

## ဆူညံသည့်အသံ

ဆရာတော် ~ တကယ်ပဲ ဘာမှမပေါ်တာလား။ ဆူညံတဲ့အသံ Noise တော့ ပေါ်မယ်နော်။

Dr. အောင်သူ ~ မှန်ပါ။ ဘာမှန်းမသိတဲ့ ဆူညံသံအဖြစ်နဲ့တော့ တပည့်တော်ရဲ့နားထဲ ကြားနေ မိမှာပါဘုရား။

ဆရာတော် ~ နားနဲ့အသံ ဆုံသခိုက်၊ ဆုံသခိုက်မှာ ကြားသိစိတ်ပေါ်တာက သဘာဝမဖွဲ့တာပါ။

Dr. အောင်သူ ~ မှန်ပါ၊ မှန်ပါဘုရား။ ခွေးလည်းကြားမှာပဲ၊ နွားလည်းကြားမှာပါပဲ။ နားမပင်းရင် အားလုံးကကြားမှာဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ အသံကို အသံမျှမနေတော့ဘဲ ဘာသီချင်း၊ ဘယ်သူဆိုတာတွေ ပေါ်လာတာက မှတ်သားထားတဲ့သညာက ဖော်ပေးနေတာပါ၊ ဖိလိပ်တိုင်းရင်း သားတွေရဲ့ သီချင်းကို ကြားတဲ့အခါမှာတော့ ဆူညံသံလို့ပဲ သူသိမယ်ထင်တယ်။

Dr. အောင်သူ ~ သဘောပေါက်ပြီဘုရား။ အဲဒီ ဖိလိပ်သီချင်းကို တပည့်တော် ကြားမှမကြားဘူး သေးတာဘုရား။ ဘာမှမသိတော့ ဆူတဲ့အသံလို့ပဲ သိမှာပါဘုရား။

ဆရာတော် ~ ဟုတ်လာပြီနော်။ ဆက်ပြောပြမယ်နော်။

Dr. အောင်သူ ~ သီချင်းသံကြားလိုက်တာနဲ့ သီချင်းစာသားကော၊ အဆိုတော်နာမည်တွေ၊ ရုပ်ရှင်ကား နာမည်တွေအကုန်လုံး စိတ်ထဲချက်ချင်းပေါ်နိုင်တာ အံ့သြလို့ပါဘုရား။

## Mental Process

ဆရာတော် ~ ကောင်းပါပြီ။ ဒကာကြီး စဉ်းစားကြည့်ရနော်။ စိတ်က တစ်ကြိမ်မှာ အလုပ်တစ်ခု ကိုပဲ လုပ်နိုင်တယ်။ သို့သော် စိတ်ရဲ့အလုပ်လုပ်တဲ့ Process က ဖြစ်ပြီးပျက်၊ အသစ်ဖြစ်၊ အဟောင်းပျက်နဲ့ အလွန်ကို မြန်ဆန်လွန်းပါတယ်။

Dr. အောင်သူ ~ စိတ်အလုပ်လုပ်နေတဲ့ Process ဆိုတာကို နားမလည်ပါဘုရား။

ဆရာတော် ~ ပြောပြမယ်လေ။ အိမ်မှာတုန်းက တီဗီရှေ့ထိုင်ပြီး ထမင်းစားဖူးမယ် ထင်ပါ တယ်။ နားမှာ သီချင်းသံလည်း ကြားနေတယ်။ မျက်စိထဲ ရောင်စုံအရုပ်တွေ လည်း မြင်နေတယ်။ နှာခေါင်းထဲ ဟင်းအနံ့လေးလည်း မွှေးနေတယ်။ လျှာပေါ်မှာ ချို၊ ချဉ်၊ ငန်၊ စပ် အရသာလည်း ပေါ်တာကိုလည်း သိနေတယ်နော်။

Dr. အောင်သူ ~ တပည့်တော် Air-condition က လေအေးအေးလေး ကိုယ်ကိုထိနေတာ အပါ အဝင် အရှင်ဘုရားမိန့်တဲ့အားလုံးကို တစ်ပြိုင်နက်တည်း မနေ့ကနေ့လယ်က သိခဲ့တာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ စိတ်တွေက အလွန်မြန်တယ်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၊ လက်ဖျောက်တစ်ချက် အတွင်းမှာကို စိတ်အကြိမ်ပေါင်း ကုဋေတစ်သိန်း[၁] လောက် ဖြစ်တယ်။ ရုပ်မြင်သံကြား ကြည့်နေတဲ့အချိန်မှာ ဆိုပါစို့ ရုပ်ကို မြင်တဲ့အခိုက်မှာ အသံကို မကြားရသေးဘူး။ ဟင်းအရသာလည်း မသိသေးဘူး။ အသံကိုကြားတဲ့ အခိုက်မှာလည်း ရုပ်ကိုမမြင်ရဘူး၊ ဟင်းအရသာလည်း မသိသေးဘူးနော်။

Dr. အောင်သူ ~ ဒါဆိုရင် တပည့်တော် ဟင်းရဲ့အရသာကို သိနေတဲ့အချိန် အခိုက်အတန့် ကလေးမှာ ကျန်တာမသိနိုင်ဘူးလို့ နားလည်ရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ စိတ်ရဲ့အလုပ်လုပ်နေတဲ့ Process က အလွန် မြန်ဆန်နေတဲ့အတွက် တစ်ခါတည်းပဲ မြင်လည်းမြင်တယ်။ ကြားလည်း ကြားတယ်။ အရသာလည်း သိနေတယ်လို့ ထင်နေတာပါ။

Dr. အောင်သူ ~ မှန်ပါ၊ အံ့ဩစရာပါပဲဘုရား။

ဆရာတော် ~ စိတ်တွေဟာ တစ်စက္ကန့်မှာ ကုဋေတစ်သိန်း ဖြစ်ပျက်နေပါတယ်။ ဒါကြောင့် စိတ်တစ်ခုရဲ့ သက်တမ်းက တစ်စက္ကန့်ရဲ့ ကုဋေတစ်သိန်းပုံ တစ်ပုံလောက်ပဲ ရှိတယ်နော်။

Dr. အောင်သူ ~ ဒီလောက်မြန်နေလို့ တပည့်တော်တို့က မြင်တာ၊ ကြားတာ၊ အရသာခံတာတွေ တစ်ဆက်တည်း တစ်ပြိုင်တည်း ဖြစ်နေတယ်လို့ အရင်က ထင်ထားတာပါလား ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သီချင်းသံကြားတာမှာလည်း တစ်ခုပြီးမှတစ်ခု ဖြစ်နေတာပါ။ စကားသံလည်း တစ်ခုပြီးမှတစ်ခု ဖြစ်နေတာပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ မျက်တောင်က တဖျတ်ဖျတ် ခတ်နေတယ်။ တစ်ခါမျက်တောင်ခတ်တိုင်း မျက်လုံးကို ပိတ်လိုက်တယ်။ မှောင်သွားသလား။

Dr. အောင်သူ ~ ဟုတ်သားပဲ။ အမှန်ဆိုရင် မှောင်သွားရမှာပါဘုရား။ မှောင်မှန်းမသိဘူး ဖြစ်နေပါတယ်။ မြန်လွန်းနေလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ~ မှန်ပါတယ်။

## စိတ်နှင့် အာရုံ

Dr. အောင်သူ ~ ပဋ္ဌာန်းတရားတော်ကို ပိုပြီး စိတ်ဝင်စားလာပါတယ်ဘုရား။ စိတ်နဲ့ အာရုံရဲ့ အကြောင်းကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ စိတ်က ဟေတု နာမ်တရားပါ။ အာရမ္မဏက အာရုံပါ။ စိတ်ဆိုတာ အာရုံနဲ့ကင်းပြီးတော့ တစ်စက္ကန့်လေးတောင်မနေပါဘူး ဒကာကြီး။

---

**ကျမ်းညွှန်း**

၁။ (၉၅)၊ ဖေဏပိဏ္ဍူပမသုတ္တဝဏ္ဏနာ၊ ပုပ္ဖဝဂ္ဂ၊ ဇန္ဒဝဂ္ဂသံယုတ္တအဋ္ဌကထာ။ (နှာ-၂၉၅)

Dr. အောင်သူ ~ အိပ်ပျော်တဲ့အချိန်မှာတော့ စိတ်အနားရနေပြီ မဟုတ်ပါလားဘုရား။

ဆရာတော် ~ အိပ်ပျော်နေစဉ်မှာ ဘဝင်စိတ် ဖြစ်နေပါတယ်။ အဲဒီအချိန်မှာလည်း စိတ်က 'ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်' တစ်ပါးပါးကို အာရုံပြုနေပါတယ်။ ဒါကြောင့် အိပ်ပျော်နေလို့မို့ စိတ်က နားနေတယ် ပြောမရပါဘူး။

Dr. အောင်သူ ~ ဒါဆိုရင် စိတ်ခမျာ အနားရတယ်လို့ကို မရှိတာပါလားဘုရား။

ဆရာတော် ~ လူဟာ တစ်နေ့တာအလုပ်ကြောင့် ပင်ပန်းလာတဲ့ ခန္ဓာကိုယ်ကြီး အပန်းပြေအောင် ဘယ်လိုလုပ်ကြရသလဲ။

Dr. အောင်သူ ~ တစ်ခါတည်း အိပ်ရာထဲဖြစ်ဖြစ်၊ တစ်နေရာမှာ လှဲပြီး ခြေပစ်လက်ပစ် နေလိုက်ရင် ကုန်သွားတဲ့အားတွေ ပြန်ပြည့်လာပြီးတော့ ခန္ဓာကိုယ် အပန်းပြေသွားပါတယ် ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ မှန်ပါတယ်။ ထို့အတူ ယောက်ယက်ခတ်နေတဲ့စိတ်ကို အပန်းဖြေချင်ရင် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါတယ်။ ကမ္မဋ္ဌာန်းဆိုတာ တဖျတ်ဖျတ်လှုပ်ပြီး တော့ ပျာယာခတ်နေတဲ့ စိတ်ကလေးကို ငြိမ်အေးသွားအောင်လုပ်ဖို့ ထိရောက်တဲ့ နည်းစနစ်ပါပဲ ဒကာကြီး။

## စိတ်၏စားကျက်

Dr. အောင်သူ ~ ဒါဆိုရင် အာရုံခြောက်ပါးက စိတ်ရဲ့ စားကျက်လို့ပြောရင် ရပါသလားဘုရား။

ဆရာတော် ~ ရပါတယ်။ လူမိုက်အတွက်လည်း အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ အတွေ့၊ အတွေးအကြံဆိုတဲ့ အာရုံခြောက်ပါး စားကျက်က ဒါပါပဲ။ လူလိမ္မာ သူတော်ကောင်းအတွက်လည်း အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအကြံဆိုတဲ့ အာရုံခြောက်ပါး စားကျက်က ဒါပါပဲ။ တစ်နည်းပြောရရင် လှပတဲ့ ဥယျာဉ်က လူရဲ့စိတ်ကို ဆွဲဆောင်သလို အဆင်း၊ အသံ၊ အနံ့၊ အရသာ စတဲ့ အာရုံခြောက်ပါးကလည်း စိတ်၊ စေတသိက်တို့ရဲ့ မွေ့လျော်ရာ ဖြစ်ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ အခုလို စိတ်၊ စေတသိက်တို့က မခွဲနိုင်၊ မခွာရက်လောက်အောင် စားကျက်ပမာ ဖြစ်ပြီး မွေ့လျော်ဖွယ်ကိုဆောင်တဲ့ သတ္တိထူးကတော့ အာရမ္မဏရဲ့ သတ္တိပါဗျာ။

Dr. အောင်သူ ~ အာရုံရဲ့ သတ္တိတွေပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အာရုံရဲ့သတ္တိပါ။

Dr. အောင်သူ ~ အာရုံခြောက်ပါး စားကျက်က တူညီနေတဲ့အတွက် လူလိမ္မာနဲ့ လူမိုက် စိတ်တွေ လည်း တူမှာပါလားဘုရား။

ဆရာတော် ~ အကုသိုလ်ဟေတု အားကောင်းလို့ စိတ်ဓာတ်မကောင်းသူကို လူမိုက်ခေါ်တာလေ ဒကာကြီး။ ကုသလဟေတု အားကောင်းလို့မို့ စိတ်ဓာတ် ကောင်းတဲ့သူကို လူလိမ္မာလို့ ခေါ်တာပါ။

Dr. အောင်သူ ~ လူမိုက်နဲ့ လူလိမ္မာတို့ ကြုံနေ၊ ဆုံနေတဲ့ အာရုံတွေက တူနေပါသော်လည်း စိတ်ဓာတ်မတူတဲ့အတွက် တုံ့ပြန်တာ ကွာခြားတာကို ဘုရားတပည့်တော် နားလည်ပါပြီဘုရား။

ဆရာတော် ~ လူမိုက်အတွက်လည်း ဒီအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအကြံဆိုတဲ့ အာရုံခြောက်ပါးကြောင့်ပဲ ဒုက္ခရောက်ကြရတယ်။ လူလိမ္မာကလည်း ဒီအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအကြံဆိုတဲ့ အာရုံခြောက်ပါးကြောင့်ပဲ ကောင်းကျိုးချမ်းသာ ရကြတာပါ ဒကာကြီး။

Dr. အောင်သူ ~ အာရုံတစ်မျိုးတည်းကြောင့် တချို့လူတွေ ငရဲရောက်နိုင်သလို၊ တချို့လူတွေလည်း နတ်ပြည် ရောက်နိုင်တာပါလားဘုရား။

## အာရုံကြောင့် ကုသိုလ်လည်းဖြစ်နိုင်၊ အကုသိုလ်လည်းဖြစ်နိုင်

ဆရာတော် ~ ရောက်နိုင်တယ် ဒကာကြီး။ ဘုရားရှင် လက်ထက်တော်က ပုံဝတ္ထုတစ်ခုကို နားထောင်ကြည့်လေ။ သာဝတ္ထိမြို့မှာ နန်းသုံးပတ္တမြားကိုထွင်းတဲ့ ကျောက်ထွင်းသမားက ရဟန္တာထေရ်အရှင်တိဿကို အလွန်ပဲ ကြည်ညိုတယ်။ မိဘ အရာထားပြီးတော့ အရိုအသေပြုတယ်။ နေ့စဉ် ဝတ်မပျက် ဆွမ်းလောင်းတယ်။

Dr. အောင်သူ ~ ကျောက်ထွင်းသမားရဲ့စိတ်မှာ ရဟန္တာအရှင်မြတ်ကြီးရဲ့အာရုံကြောင့် ကုသိုလ်တွေ တိုးနေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ကုသိုလ်တွေ အမြဲတိုးနေတာပါ။ သို့သော် ပုထုဇဉ်စိတ်က ခက်တယ် ဒကာကြီး။ တစ်နေ့ကျတော့ အဲဒီကျောက်ထွင်းသမားက ရဟန္တာအရှင်မြတ်ကြီးကို ပတ္တမြားသူခိုးလို့ စွပ်စွဲပြီး ရိုက်ပါလေရောဗျာ။

Dr. အောင်သူ ~ ကုသိုလ်တိုးနေတဲ့ ကြည်ညိုစရာအာရုံကနေ အကုသိုလ်ဖြစ်စရာအာရုံအဖြစ် ပြောင်းသွားတာပါလားဘုရား။

ဆရာတော် ~ အာရုံကတော့ ရဟန္တာထေရ်အရှင်တိဿပါပဲ။ ကျောက်ထွင်းသမားရဲ့စိတ်က ပြောင်းသွားတာပါ။ အာရုံမပြောင်းပါဘူး။

Dr. အောင်သူ ~ ပုထုဇဉ်စိတ်က အံ့သြစရာပါဘုရား။ စိတ်အပြောင်းအလဲက ကြောက်စရာကောင်းပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒါကြောင့် ကုသိုလ်နဲ့ မင်္ဂဖိုလ် နိဗ္ဗာန် မရစေနိုင်တဲ့ အာရုံခြောက်ပါး မရှိသလို၊ အပါယ်ငရဲကို မရောက်စေနိုင်တဲ့ အာရုံခြောက်ပါးလည်း မရှိကောင်းပါဘူး ဒကာကြီး။ ပုဂ္ဂိုလ်ရဲ့ဓာတ်ခံပေါ် မူတည်ပါတယ်။[၁] အာရုံတစ်မျိုးတည်းပဲ

---

**ကျမ်းညွှန်း**

* မြောင်းမြဆရာတော် ဘဒ္ဒန္တဉာဏိက-အင်္ဂလန်။

၁။ (၂၁၃)၊ ဒုတိယကုသလသုတ္တ၊ နီဝရဏဝဂ္ဂ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။ (နှာ-၈၁)

ဉာဏ်ရှိတာနဲ့ မရှိတာပေါ်မူတည်ပြီး ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဆိုပြီး သုံးမျိုး ကွဲသွားနိုင်ပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ အာရုံက တစ်မျိုး စိတ်သုံးမျိုး ဖြစ်နိုင်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။

## ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ

Dr. အောင်သူ ~ ဘုရားတပည့်တော် ပဋ္ဌာန်းပူဇော်ပါတယ်ဘုရား၊ ပဋ္ဌာန်းထဲမှာ "*ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ*'လို့ တွေ့ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သူ့ရှေ့မှာ "*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ-ပစ္စယေန ပစ္စယော*"လို့ ရှိသေးတယ်လေ။

Dr. အောင်သူ ~ မှန်ပါဘုရား။ စိတ်လောသွားလို့ ကျော်ပြီး လျှောက်မိလိုက်တာပါ၊ အဓိပ္ပာယ်လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အကြောင်းဓမ္မဖြစ်တဲ့ ကုသိုလ်တရားက အကျိုးဓမ္မဖြစ်တဲ့ ကုသိုလ်တရားကို အာရမ္မဏပစ္စယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ တစ်နည်းပြောရရင် ကုသိုလ်အာရုံက ရှေ့ဆက် ကုသိုလ်ကိုပဲ ဖြစ်စေနိုင်ပါတယ်။

Dr. အောင်သူ ~ "ဖြစ်စေ တည်စေ၊ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု"ကို သတိရပါပြီဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ စာကို အခုလို သတိရတာကောင်းတယ်။ ဆက်ပြောမယ်နော်။ "*ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ*"[၁]လို့ စာကရှိတယ်နော်။

Dr. အောင်သူ ~ စာရဲ့ဆိုလိုတဲ့ အဓိပ္ပာယ်ကို သိချင်ပါသေးတယ်ဘုရား။ ပဋ္ဌာန်းပူဇော်တဲ့အခါ ပိုလို့ ကြည်ညိုရအောင်လို့ပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အလှူဒါနပေးတယ်။ ငါးပါးသီလ ဆောက်တည်တယ်။ ရှစ်ပါးသောသီလ ဆောက်တည်တယ်။ အဲဒီ ဒါန၊ သီလ စတဲ့ ကာမာဝစရ ကုသိုလ်ကို ဆင်ခြင်တယ်လို့ ဆိုလိုပါတယ်။ ဒီမှာ သတိပြုစရာက အကြောင်းဓမ္မက ဒါန သီလဆိုတဲ့ ကုသိုလ်နော်။ အကျိုးက '*ပစ္စဝေက္ခတိ*' ဆင်ခြင်တာ အကြောင်း၊ အကျိုးနှစ်ခုစလုံး ကုသိုလ်တွေနော်။

Dr. အောင်သူ ~ တပည့်တော် ပူဇော်နေတဲ့ '*ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ*'က ဒီလောက်လေးနက်မှန်း အခုမှပဲ သိရပါတော့တယ်ဘုရား။

---

**ကျမ်းညွှန်း**

* (၂၁၆-၂၁၇)၊ အယောနိသောမနသိကာရသုတ္တ၊ နီဝရဏဝဂ္ဂ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။ (နှာ-၈၃)

၁။ (၄၀၄-၄၀၅)၊ အာရမ္မဏပစ္စယော၊ ဝိဘင်္ဂဝါရ၊ ပဉှာဝါရ၊ ကုသလတ္တိက၊ ပဋ္ဌာနပါဠိ။ (ပထမတွဲ၊ နှာ-၁၃၂)

၂။ ၃။ (၄၀၅)၊ ပစ္စယာနုလောမ၊ ဝိဘင်္ဂဝါရ၊ ကုသလတ္တိက၊ ပဉှာဝါရ၊ ပဋ္ဌာနပါဠိ။ (ပထမတွဲ၊ နှာ-၁၃၃)

## စွဲလမ်းကပ်ငြိမှုရာဂ

ဆရာတော် ~ အကြောင်းဓမ္မက ဒါန၊ သီလဖြစ်ပြီးတော့၊ အကျိုးက *'အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ'*[၂] ဆိုတာ ရှိသေးတယ်လေ ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် ပူဇော်နေတဲ့အထဲမှာ ဒါလည်း ပါပါတယ်ဘုရား။ ဆိုလိုရင်း အဓိပ္ပာယ်တော့ မသိပါဘုရား။

ဆရာတော် ~ ပြောပြမယ်နော်။ စောစောကပြောခဲ့တဲ့ ဒါန၊ သီလ စတဲ့ ကာမာဝစရ ကုသိုလ်တို့ကို အဿာဒေတိ သာယာမြတ်နိုးတယ်။ အဘိနန္ဒတိ အလွန် နှစ်သက် ကြည်နူးတယ်။ အဲဒီ သာယာ မြတ်နိုး နှစ်သက်ကြည်နူးမှုကို အာရုံပြုပြီးတော့ စွဲလမ်းကပ်ငြိမှု ရာဂ ဖြစ်ပေါ်လာတယ်။ အယူလွဲမှားမှု ဒိဋ္ဌိ ဖြစ်ပေါ်လာတယ်။ ယုံမှားသံသယ ဝိစိကိစ္ဆာ ဖြစ်ပေါ်လာတယ်။ စိတ်နှလုံး မသာယာမှုတွေက အကျိုးဓမ္မ[၃]အဖြစ် ဖြစ်လာပါတယ် ဒကာကြီး။

Dr. အောင်သူ ~ အကြောင်းက ဒါနနဲ့ သီလ အတူတူ ဘာ့ကြောင့် အကျိုးက ကုသိုလ်ဖြစ်လိုက်၊ အကုသိုလ်ဖြစ်လိုက်နဲ့ ကွဲပြားရတာပါလဲဘုရား။

ဆရာတော် ~ ပုဂ္ဂိုလ်ရဲ့ စိတ်ဓာတ်အခံ ကောင်းရင်၊ ပြည့်ဝရင် ကုသိုလ်ဖြစ်မယ်။ စိတ်ဓာတ်အခံ မကောင်းရင် အကုသိုလ်ဖြစ်တာပါ ဒကာကြီး။ တစ်နည်းပြောရရင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မကောင်းတဲ့အဓမ္မအုပ်စု ဦးစီးနေရင် ကောင်းတဲ့ ဒါန သီလ တွေကြောင့် အကုသိုလ်ဖြစ်နိုင်တာပါ၊ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကောင်းတဲ့ဓမ္မအုပ်စု ဦးစီးနေရင်တော့ ဒါန၊ သီလကြောင့် ကုသိုလ်ဖြစ်တာပါ။ ဘယ်တန်ခိုးရှင်ကမှ ဖန်ဆင်းပေးနေတာ မဟုတ်ပါဘူးဗျာ။ ဓမ္မသဘာဝ သက်သက်ကြီးပါ။

## အာရုံကို အသုံးချတတ်ရန်သာလိုသည်

Dr. အောင်သူ ~ ဒါဆိုရင် ကုသိုလ်ရအောင် အသုံးမချတတ်သူနှင့် အသုံးချတတ်သူသာ ကွာခြား တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ တချို့က ဒီအာရုံတွေကြောင့် ကျေးဇူးများပြီး တချို့က ဒီအာရုံ တွေကြောင့်ပဲ အကျိုးကျေးဇူး နည်းသွားတာပါ။ ဟိတ်ခြောက်ပါး ဓာတ်ခံက ပဓာနအဓိကပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ အာရုံနဲ့ ဓာတ်ခံအကြောင်းကို အခုလို ပြည့်ပြည့်စုံစုံ သိခွင့်ရလို့ ကျေးဇူး တင်ပါတယ်ဘုရား။

ဆရာတော် ~ သတ္တဝါတွေမှာရှိတဲ့ စိတ်ရဲ့သဘာဝက ဒီအာရုံဝတ္ထုနဲ့ ကြုံဖန်၊ ဆုံဖန်၊ သုံးစွဲဖန် များလာရင် မခွဲနိုင် မခွာနိုင်အောင် မူးမူးမေ့မေ့ကြီးကို စွဲလမ်းတော့တယ်။ ဒါကြောင့် တိပိဋကဓရမင်းကွန်းဆရာတော်ဘုရားကြီးက "ဝတ္ထုကာမ၊ သဘာဝ ကား၊ ကာလရှည်ကြာ၊ သုံးမိပါမူ၊ ပမာဒစု၊ မေ့လျော့မှုကြောင့်၊ သူ့ဟာကိုပင်၊ ကိုယ့်ဟာထင်၏"လို့ ဆုံးမဖူးပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ မှတ်သားပါ့မယ်ဘုရား။ *'ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ'*ကို အခုထက် အကျယ်ကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ နောက် အကြောင်းဆုံတဲ့တစ်နေ့ ပြောပြမယ်နော်။

## ပဋ္ဌာန်းတရာတော်လေ့လာတာ အမှန်ကို သိမြင်လာရန်

Dr. အောင်သူ ~ ပဋ္ဌာန်းတရားတော်ကို ပူဇော်ရင် ဉာဏ်ကောင်းတယ်ဆိုတာ ကြားဖူးတယ်။ ဘယ်လိုဉာဏ်မျိုးကို ပြောတာပါလဲဘုရား။

ဆရာတော် ~ ဘုရားရှင်က ပဋ္ဌာန်းတရားတော်မှာ အကြောင်းအကျိုးတရားတွေကို အသေး စိတ် ဟောကြားတော်မူထားပါတယ်။ အခုလို အကြောင်းအကျိုးတရားကို ပိုင်းခြားသိနိုင်ရင် အသိအမြင် မှန်ကန် ကောင်းမွန်လာနိုင်ပါတယ်။ ဒါကြောင့် ပူဇော်တာလည်း ကောင်းပါတယ်။ ပူဇော်ပြီး ပဋ္ဌာန်းတရားတော်ကို လေ့လာနိုင်ရင် ပိုလို့ကောင်းပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ပဋ္ဌာန်းတရားတော်ကို လေ့လာရင် ဘာတွေသိလာမှာပါလဲ ဘုရား။

ဆရာတော် ~ ပဋ္ဌာန်းအာရမ္မဏပစ္စည်းရဲ့ အစလေးကို ပူဇော်ကြည့်ပါဦး ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ *'အာရမ္မဏပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"*[၁]။

## ပညတ်နှင့် ပရမတ်

ဆရာတော် ~ စက္ခုဝိညာဏဓာတုမှာ ဓာတုကို ဓာတ်လို့ပဲ ဘာသာပြန်ရပါတယ်။ ဒီနေရာမှာ စက္ခုဝိညာဏ်ခေါ်တဲ့ မြင်တဲ့စိတ်ကလေးဖြစ်လာဖို့ အဆင်းရူပါရုံရှိရမယ်။ ရူပါရုံမရှိရင် မြင်တဲ့စိတ် မရှိနိုင်ပါဘူး။ ဒါကြောင့် မြင်တာမှာ ဘယ်သူမြင်တာလဲ

---
**ကျမ်းညွှန်း**

၁။ (၂)၊ ပစ္စယနိဒ္ဒေသ၊ တိကပဋ္ဌာနပါဠိ (ပထမတွဲ၊ နှာ-၁)

ငါကမြင်တာလားဆိုတော့ 'ငါ နဲ့ မြင်' တို့ကို ဆန်းစစ်ကြည့်ရင် ငါကပညတ်နော်။ မြင်တဲ့စိတ်က ပရမတ်နော်။

Dr. အောင်သူ ~ မှန်ပါ။ စဉ်းစဉ်းစားစား နားထောင်နေပါတယ်ဘုရား။

ဆရာတော် ~ နားမလည်တော့လည်း ပြန်မေးပေါ့နော်။ 'ပရမတ်' ဆိုတာက တကယ်ရှိတာ။ 'ငါ' က တကယ်ရှိရဲ့လားဆိုတော့ ရှိကို မရှိတာ။ သက်သက်မဲ့ ဥပါဒါန်စွဲနေတာပါ။ အဲဒီဥပါဒါန် 'ငါ' ကို ကိုယ့်ကိုယ်လို့ စွဲနေတာပါ။ အဆင်းကို မြင်တာမှာ ငါမြင်တာ မဟုတ်ဘူးနော်။ စက္ခုဝိညာဏ်က မြင်တာပါ၊ ပဋ္ဌာန်းကို လေ့လာရင် အခုလို သဘောပေါက်လာနိုင်ပါတယ်၊ ဒါက အမှန်ကို သိလာတာပါ၊ ငါကမြင်တယ်ဆိုရင် Wrong view, Wrong understood.နော်။

## အမှန်မြင်

Dr. အောင်သူ ~ Right Understanding ဖို့ ပဋ္ဌာန်းတရားတော်ကို လေ့လာရတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်လေ။ ငါဆိုတာက ပညတ်နော်။ တကယ်မရှိဘူး။ မြင်တဲ့စိတ် ပရမတ်ကတော့ တကယ်ရှိတယ်။ ပညတ်က ဖြစ်စရာပျက်စရာ မရှိဘူး။ နဂိုကမှ မရှိတဲ့ တရားဆိုတော့ 'ငါ'ဆိုတဲ့ တရားပေါ်မှာ ဖြစ်ပျက်မှု ရှုစရာမလိုတော့ပါဘူး။ စက္ခုဝိညာဏ်ဓာတ် ပရမတ်ကတော့ ဖြစ်ပျက်ရှိတယ်။ အကြောင်းတိုက်ဆိုင်မှ ပေါ်လာပြီး ခဏမဆိုင်းဘဲ ပျက်သွားပါတယ်။ အကြောင်းတရားပေါင်းများစွာ ပေါင်းဆုံပြီးမှ ဖြစ်ရတယ်ဆိုတော့ မဖြစ်ခင် ဘယ်နေရာက လာတာလဲဆိုရင် ဘယ်နေရာကမှ လာတာမဟုတ်ပါဘူး။ တစ်နေရာက လာတယ်ဆိုရင် သဿတဒိဋ္ဌိ။ ပျက်ပြီးတော့ တစ်နေရာ ရောက်နေတယ် ဆိုပြန်ရင်လဲ သဿတဒိဋ္ဌိပဲ ဖြစ်မှာပါ။[၁] အခုအတိုင်းပဲ ကြားတာက သောတဝိညာဏ်က ကြားတာ။ နံတာက ဃာနဝိညာဏ်က နံတာ။ အရသာ ခံစားတာက ဇိဝှာဝိညာဏ်က ခံစားတာ။ ထိတာက ကာယဝိညာဏ်က ထိတာ။ သိတာက မနောဝိညာဏ်[၂]က သိတာပါ။

Dr. အောင်သူ ~ စက္ခုဝိညာဏ်က မြင်တာ။ ငါမြင်တာမဟုတ်ဘူးလို့ သဘောပေါက်တာကို Right Understanding ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ငါမြင်တယ်ဆိုရင် သက္ကာယဒိဋ္ဌိ Wrong understood စက္ခုဝိညာဏ်က မြင်တယ်ဆိုရင် Right Understood သောတဝိညာဏ်က ကြားတာ၊ ငါကြားတာ မဟုတ်ဘူး၊ ငါကြားတယ်ဆိုရင် သက္ကာယဒိဋ္ဌိ Wrong understood အခုလို ရွတ်နေ၊ ဆိုနေတာ မဟုတ်ဘူးနော်။

**ကျမ်းညွှန်း**

၁။ (၁၁၃)၊ အာသယာနုသယဉာဏနိဒ္ဒေသဝဏ္ဏနာ၊ ဉာဏကထာ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ။ (ဒုတိယတွဲ-၂၊ နှာ-၄)

၂။ (၂၀၄)၊ မဓုပိဏ္ဍိကသုတ္တ၊ သီဟနာဒဝဂ္ဂ၊ မူလပဏ္ဏာသပါဠိ။ (နှာ-၁၅၈)

## ဦးဖြူနှင့် ယုန်

Dr. အောင်သူ ~ မှန်ပါ။ စိတ်ထဲဉာဏ်ထဲမှာ သဘောပေါက်တာကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဥပမာနဲ့ ပြောပြဦးမယ်လေနော်။ ဦးဖြူက ယုန်ကလေးတစ်ကောင်ကို မြင်လိုက်တယ် ဆိုပါစို့။ ဦးဖြူဆိုတဲ့အမည်က ပညတ်၊ ယုန်ကလေးအမည် နာမပညတ်၊ ယုန်ကိုမြင်တဲ့ မြင်သိစိတ်ကတော့ ပရမတ်ပါ။

Dr. အောင်သူ ~ တင်ပါ။ နားလည်နိုင်သေးပါတယ်ဘုရား။

ဆရာတော် ~ အကြောင်းကြောင့် ဖြစ်လာတဲ့ စက္ခုဝိညာဏ်စိတ်က ဘယ်လောက်ကြာကြာ တည်နေသလဲဆိုရင် မြင်တဲ့စိတ်က တစ်ခဏချင်း ဖြစ်ပြီးပျက်သွားနေတဲ့ Process မျှပါပဲ။

Dr. အောင်သူ ~ တင်ပါ၊ တင်ပါဘုရား။ နာမည်ပညတ်ဖြစ်တဲ့ ဦးဖြူတို့၊ ယုန်တို့က မပျက်ဘူးလားဘုရား။

ဆရာတော် ~ အဲဒါက အခေါ်အဝေါ်ပညတ်တရားကတော့ တည်တာလည်း မရှိဘူး၊ ပျက်တာလည်း မရှိပါဘူး။ အမှန်တကယ် ထင်ရှားရှိတဲ့ ပရမတ္ထတရား စက္ခုဝိညာဏ်စိတ်ဟာ ဖြစ်ပြီး ပျက်သွားနေတယ်။ အမှန်တကယ် ထင်ရှားရှိတဲ့ ပရမတ္ထတရား၊ မျက်စိအကြည် ရုပ်ကလည်း ဖြစ်ပြီး ပျက်သွားနေတယ်။ အမှန်တကယ် ထင်ရှားရှိတဲ့ ပရမတ္ထတရား၊ ရူပါရုံဟာလည်းဖြစ်ပြီး ပျက်သွားနေပါတယ်။ စက္ခုဝိညာဏ် စိတ်ဖြစ်ဖြစ်၊ ရူပါရုံဖြစ်ဖြစ်၊ မျက်စိအကြည်ဖြစ်ဖြစ် ဖြစ်လာရင် ပျက်သွားတာပဲလို့ ပိုင်ပိုင်သိနိုင်ရင် အနိစ္စကို မြင်တာပါပဲ၊ အနိစ္စဉာဏ်ပါ ဒကာကြီး။

Dr. အောင်သူ ~ တင်ပါဘုရား။ နက်နဲလှပါတယ်ဘုရား။ ဥပမာရှိရင် သိချင်ပါသေးတယ်ဘုရား။

## သမ္မုတိပညတ်အခေါ်မျှသာ

ဆရာတော် ~ လူတို့ရဲ့ယဉ်ကျေးမှုအလိုက်၊ လူမျိုးအလိုက်၊ ဒေသအလိုက် ကာလအလိုက် အများသဘောတူပြီးတော့ ခေါ်ဝေါ်သမုတ်ကြတာကိုပဲ ပညတ်လို့ ခေါ်ပါတယ်။ အင်္ဂလိပ်လို Concept လို့ပြောနိုင်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဥပမာအားဖြင့် ဘယ်လိုအမည်နာမတွေပါလဲဘုရား။

ဆရာတော် ~ ပညတ်ထားတာမှန်သမျှ အားလုံးပါပဲ။ ဆိုပါစို့ လူ၊ နတ်၊ ယောက်ျား၊ မိန်းမ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ခွေး၊ ကြောင်၊ ကြက်၊ ငှက်တွေလည်းပါသလို၊ ဒကာအောင်တင့်၊ ဒကာမသောင်းတင်လည်း ပါပါတယ်။

Dr. အောင်သူ ~ နားလည်ပါပြီဘုရား။ တပည့်တော်နာမည် ကိုအောင်တင့်လို့ ပညတ်ထားတာကနေ ကိုအောင်မြင့်လို့ ပြောင်းပြီး ပညတ်ရင်လည်း ရတာမျိုးကို ဆိုလိုတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဒီပညတ်ဆိုတာက ကာလအလိုက်၊ ဒေသအလိုက်လည်း ပြောင်း ခေါ်နိုင်ပါသေးတယ်။ ပမာပြောရရင်ငယ်နာမည် မိသေးကို တက္ကသိုလ် ကျောင်းသူဖြစ်လာတော့ မကေသက်လို့ ပြောင်းပြီး ခေါ်နိုင်တယ်လေ။ ပညတ်နယ်မှာ ခေါ်ဝေါ်ပြောဆိုသမျှတို့ဟာ *"သမုတိသစ္စံ မုသာဝါဒ ပဋိပက္ခံ"*လို့ စာထဲမှာလာတဲ့အတိုင်း၊ လိမ်လည်လှည့်ဖြားရာ မရောက်လို့ မုသာဝါဒကံ မမြောက်ဘူးတဲ့။ နောက်ထပ် ဥပမာနဲ့ပြောရရင် ဟိုဆွမ်းစားပွဲပေါ်က သီးမွှေး ငှက်ပျောသီး မချိုဘူးလားဗျာ။

Dr. အောင်သူ ~ သီးမွှေးငှက်ပျောသီး ချိုပါတယ်ဘုရား။

## ပုံသဏ္ဌာန် Form

ဆရာတော် ~ 'ငှက်ပျောသီး ချိုတယ်' လို့ပြောတာမှာ 'ငှက်ပျောသီး'ဆိုတာက ပုံသဏ္ဌာန် Form ကို ပညတ်ထားတဲ့ အမည်သက်သက်မျှပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ နှစ်သက်သလို ပညတ်လို့ရပါတယ်။ သူ့ရဲ့သဏ္ဌာန် Form ကိုမြင်ရတာနဲ့ ဒါကို Banana ဆိုတာ လူတွေအားလုံး နားလည်ကြတယ်။ ချိုတဲ့အရသာ 'ရသဓာတ် ရုပ်ပရမတ်'ပါ။ နှစ်ပိုင်းနော်။ ငှက်ပျောသီးက ပညတ်၊ ချိုတဲ့သဘောက ပရမတ်နော်။

Dr. အောင်သူ ~ မှတ်သားနေပါတယ်ဘုရား။ ငှက်ပျောသီးနဲ့ ချိုတာ နှစ်ပိုင်းတော့ ကွဲပါပြီဘုရား။ သို့သော် မမြဲဘူးဆိုတာ ဘယ်အပိုင်းက မမြဲတာပါလဲဘုရား။

ဆရာတော် ~ ဒီငှက်ပျောသီးဆိုတဲ့ပညတ်က မမြဲဘူးဆိုလည်းရတယ်။ မြဲတယ်ဆိုရင်လည်း ရပါတယ်။

Dr. အောင်သူ ~ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ~ သူက မူလကတည်းကကို မရှိတာလေ။ သဏ္ဌာန် Form ကို ပညတ်တင်ပြီး ခေါ်ထားတာမို့လို့ပါ။ သို့သော် ချိုတဲ့အရသာ ရုပ်ပရမတ်ကတော့ မမြဲဘူး သူကတော့ အမြဲ ပြောင်းလဲဖောက်ပြန်နေပါတယ်။

Dr. အောင်သူ ~ ငှက်ပျောသီးကို ငှက်ပျောသီးလို့ခေါ်တာ မမှားပါဘူးဘုရား။

ဆရာတော် ~ မမှားဘူးလေ။ ငှက်ပျောသီးကို ငှက်ပျောသီးလို့ခေါ်တာ သမုတိသစ္စာ အမှန်တရားပါ ဒကာကြီး။ ဒီတစ်ခုကို နားလည်ရင် ကျန်တာကို နားလည်ဖို့ လမ်းစ ပေါ်လာနိုင်ပါတယ်။

Dr. အောင်သူ ~ သဘောပေါက်ပြီ။ တပည့်တော် နားလည်ပြီ။ ဒါကြောင့် လောကီအလိုက် မှန်ကန်နေလို့ သမုတိသစ္စာလို့ ခေါ်တာထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဒီအထိနားလည်လာရင် ဆက်ပြောပြမယ်နော်။

Dr. အောင်သူ ~ တပည့်တော်ရဲ့စိတ်ကို ဒီပညတ်၊ ပရမတ်က ဖမ်းထားပါတယ်ဘုရား။ သိပ်ကို စိတ်ဝင်စားတာပါ။

## ပညတ်ကို အမှန်ထင်ကြသည်

ဆရာတော် ~ ကောင်းပါပြီ။ လောကလူအများက ပညတ်ကို အဟုတ်အမှန်တကယ် ရှိတယ်လို့ ထင်ကြတယ် ဒကာကြီး။ သို့သော် အသေအချာ ခွဲခြမ်း ဆန်းစစ်လိုက်တဲ့အခါမှာ အမှန်တကယ်မရှိဘူး ဖြစ်နေတယ်။

Dr. အောင်သူ ~ ဒါတော့ နည်းနည်းမြင့်သွားပြီ။ တပည့်တော် နားမလည်တော့ဘူးဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒါဆိုရင် ဥပမာနဲ့ပြောမယ်လေနော်။ မော်တော်ကားဆိုတဲ့ ပညတ်ကို ဆန်းစစ်ကြည့်ရအောင်လေ။ ကားရဲ့ဘီးတွေကို တစ်ပုံ၊ ဘော်ဒီကို တစ်ပုံ၊ အင်ဂျင်ကိုတစ်ပုံ၊ ဂီယာဘောက်စ်ကိုတစ်ပုံစီပုံထားရင် ဘယ်ဟာကို ကားလို့ ခေါ်တော့မလဲ။ ပေါင်းစုထားလို့သာ ကားလို့ ပညတ်ထားတာနော်။ ကားလို့ ပညတ်တင်ပြီး ခေါ်စရာ ပျောက်သွားသလို ပညတ်တွေအားလုံးက ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးများက "ပညတ်က ရှိတယ်။ သို့သော် မရှိတဲ့တရား၊ ပရမတ်က ကြည့်နိုင်လေ ရှိလေတရား"တဲ့ ဒကာကြီး။

Dr. အောင်သူ ~ ဒါဆိုရင် ဒီပညတ်ဆိုတာကြီးက ဘယ်ပေါ်မှာ အခြေခံပြီး သတ်မှတ်ထားတာ ပါလဲဘုရား။

## Reality and Concept

ဆရာတော် ~ အမည်နာမတွေ Name ၊ ပုံပန်းသဏ္ဌာန်တွေ Form ၊ အရပ်မျက်နှာတွေ Drection၊ အချိန်ကာလတွေ Time and space စတာတွေက သတ်မှတ်ချက်တွေပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် တရားအားထုတ်လို့ သတိ၊ သမာဓိ အားကောင်းတဲ့ ယောဂီတွေမှာ Drection တွေ Time and space တွေ ပျောက်နေတယ်ဆိုတာ ကိုယ်တွေ့အားဖြင့် သိနိုင်ပါတယ်။

Dr. အောင်သူ ~ ပညတ်ကို ရိပ်မိလာပါပြီ။ ပရမတ်ကို ဘယ်လိုသိနိုင်ပါသလဲဘုရား။

ဆရာတော် ~ ပရမတ်သဘောဆိုတာ Reality ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ Concept မဟုတ်ပါဘူး။ ဒါကြောင့် ဘယ်အချိန်၊ ဘယ်ဒေသ၊ ဘယ်လိုအခြေအနေမျိုးနဲ့မှ ပြောင်းလဲ ဖောက်ပြန်ခြင်း မရှိတတ်တဲ့သဘောမျိုးပါ ဒကာကြီး။

Dr. အောင်သူ ~ Reality ကို ဥပမာနဲ့ သိပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ လောဘမှာ လိုချင်မှုသဘော၊ သိမ်းပိုက်လိုမှုသဘော အမြဲပါနေတယ်။ အလောဘမှာ ပေးကမ်းစွန့်ကြဲ လှူဒါန်းလိုမှုသဘော အမြဲပါနေတယ်။ ဒါတွေက အမြဲထာဝရ မဖောက်မပြန် တစ်သမတ်တည်း Reality အဖြစ်နဲ့ ပါနေတာပါ။ အခုလိုပြောပြလို့ နားလည်တာထက် ထဲထဲဝင်ဝင် ပိုင်ပိုင်နိုင်နိုင် နားလည်ဖို့တော့ နည်းမှန်လမ်းမှန် တရားအားထုတ်မှုပဲဖြစ်မယ် ဒကာကြီး။

Dr. အောင်သူ ~ အားထုတ်နိုင်အောင်လည်း ကြိုးစားပါ့မယ်ဘုရား။ အခုသိသင့်တာလည်း သိချင်ပါသေးတယ်။

ဆရာတော် ~ ကောင်းပါပြီ။ ဥပမာနဲ့ ဆက်ပြောပြမယ်နော်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးကို ဆန်းစစ်ကြည့်ရင် ပထဝီက မာတဲ့၊ ပျော့တဲ့ သဘော၊ တေဇောက ပူတဲ့၊ အေးတဲ့သဘော၊ ဝါယောက တွန်းကန် လှုပ်ရှားတဲ့ သဘောတွေ အမြဲထာဝရ မဖောက်မပြန် တစ်သမတ်တည်း Reality အဖြစ်နဲ့ တည်နေတယ်။

Dr. အောင်သူ ~ ဒါဆိုရင် ပရမတ်သဘောဆိုတာ ဘယ်အချိန်၊ ဘယ်ဒေသ၊ ဘယ်လို အခြေအနေမျိုးနဲ့မှ ပြောင်းလဲ ဖောက်ပြန်ခြင်း မရှိတတ်တဲ့သဘောမျိုးလို့ နားလည်ရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ ဟုတ်ပါတယ်။

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။

## အသိနှင့် အကျင့်

ဆရာတော် ~ '*ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ*'ကို နည်းနည်းချဲ့ပြီး သိချင်တယ်လို့ ဒကာကြီး လျှောက်ထားတာ ရှိတယ်လေ။ အဲဒါ ဒီကနေ့ ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား၊ ဒါနက အမြဲပြုနေပါတယ်။ ဒါကြောင့် ဘုရားရှင်အလိုတော်ကျ ဒါနပြုတတ်ချင်လို့ပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒါနက စရဏတရားပါ။ သံသရာမှာ ကျင်လည်ရတဲ့ ပုဂ္ဂိုလ်တွေမှာ စရဏတရားဖြစ်တဲ့ ဒါနမပြည့်စုံခဲ့လို့ရှိရင် သံသရာမှာ ဆင်းရဲ မွဲတေ၊ ငတ်မွတ်တတ်တယ်၊ ဘဝ အောက်တန်း နောက်တန်းကျတတ်တယ်၊ လူ့ဘဝပဲ ဖြစ်ဖြစ်၊ နတ်ဘဝပဲဖြစ်ဖြစ် စရဏမပါရင် ဘဝအထက်တန်း မရောက်နိုင်ဘူး။

Dr. အောင်သူ ~ ဒါဆိုရင် တိရစ္ဆာန်ဘဝရောက်ရင်လည်း ဒါနအကျိုး ပါမှာပါလားဘုရား။

ဆရာတော် ~ ပါတယ်။ တချို့ခွေးတွေဆိုရင် နေစရာမရှိဘူး။ ဟိုနားသွားလည်း ခဲနဲ့ပေါက် မောင်းထုတ်။ ဒီနားကပ်ရင်လည်း တုတ်နဲ့ရိုက် မောင်းထုတ်ခံနေရတယ်။ တချို့ခွေးများ ကားစီးလို့၊ အင်္ကျီတွေဝတ်လို့၊ ညအိပ်တော့ ဆိုဖာခုတင်နဲ့ အိပ်တာ၊ စားတော့ တိုက်ပန်းကန်ပြားနဲ့ စားရတယ်။ နေမကောင်းတော့ ဆရာဝန်က သွေးပေါင်တွေတိုင်းပေးပြီး ဆေးကုသမှု ခံယူရတယ်။ ဘဝ အကြောင်းကံ မညီညွတ်လို့ ခွေးတိရစ္ဆာန် ဖြစ်နေပါသော်လည်း သံသရာမှာ ဖြည့်ကျင့်ခဲ့တဲ့ စရဏသတ္တိကြောင့် ဘဝကွာခြားပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင် စရဏတရားဆိုတာ ဒါနတစ်ခုထဲပါလားဘုရား။

## ဝိဇ္ဇာနှင့် စရဏ

ဆရာတော် ~ ဒါန၊ သီလ၊ ဘာဝနာ အပါအဝင် ပုညကြိယာဝတ္ထု ဆယ်ပါးစလုံး စရဏတရား[၁] တွေပါ။ စရဏတရားရဲ့ တရားကိုယ်ကတော့ သီလနဲ့ သမာဓိ[၂] ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစရဏတရား တစ်ခုသာရှိပြီး ဝိဇ္ဇာလို့ဆိုတဲ့ ပညာတရားမရှိခဲ့လို့ရှိရင် ဒီပုဂ္ဂိုလ်တွေဟာ သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားရှင်နဲ့ ဖူးတွေ့ရသည့် တိုင်အောင် အကျွတ်တရား[၃] မရနိုင်ပါဘူး။

Dr. အောင်သူ ~ ဝိဇ္ဇာက ဘယ်လို အဓိပ္ပာယ်ပါလဲဘုရား။

ဆရာတော် ~ ဝိဇ္ဇာက အသိ၊ အလိမ္မာ၊ ဉာဏ်ပညာကို ပြောတာပါ ဒကာကြီး။

Dr. အောင်သူ ~ စရဏအကျင့်ကို သိရပါပြီဘုရား။ ဝိဇ္ဇာပညာကိုလည်း သိရပါပြီဘုရား။ သံသရာမှာ အဲဒီနှစ်ခု မပြည့်စုံခြင်းရဲ့ အပြစ်က ဘာပါလဲဘုရား။

ဆရာတော် ~ သာဓကပြရရင် ကောသလမင်းကြီးက မြတ်စွာဘုရားရှင်နဲ့ အင်မတန် ရင်းနှီးပါတယ်။ ကျောင်းကြီးဆောက်ပြီး လှူဒါန်းထားတယ်။ ဘုရားရှင်ထံတော်ပါး ကိုလည်း မပြတ်မလပ်သွားပါတယ်။ မြတ်စွာဘုရားကလည်း သူ့ကို သင့်တော်တဲ့ တရား ဟောပေးတော်မူပါတယ်။ သို့သော် ဘုရင်ကြီးက စရဏတရားနဲ့သာ ပြည့်စုံပြီး ဝိဇ္ဇာတရားမရှိတဲ့အတွက် သက်တော်ထင်ရှား ဘုရားရှင်နဲ့ တွေ့ရသည့် တိုင်အောင် တစ်မဂ်တစ်ဖိုလ် မရခဲ့ရှာဘူး ဒကာကြီး။

Dr. အောင်သူ ~ မှန်လှပါဘုရား။ ဝိဇ္ဇာနဲ့ စရဏ ကြားဖူးနေတာ ဒီမျှအရေးပါမှန်း မသိခဲ့ဖူးပါဘုရား။

ဆရာတော် ~ စရဏထဲပါတဲ့ ဒါနအကြောင်း ဆက်သွားရအောင်နော်။

## ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ

Dr. အောင်သူ ~ မှန်ပါ။ *'ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ'* ကိုလည်း အကျယ် သိပါရစေဘုရား။

ဆရာတော် ~ 'ဒါနံ ဒတွာ' ဒါနကုသိုလ်တွေ လုပ်လိုက်တယ်။ စဉ်းစားကြည့်ရအောင်နော်။ ဒါနဝတ္ထုပစ္စည်းကို Analyse လုပ်ပြီး ဆန်းစစ်ကြည့်ရင် 'ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ' တို့နဲ့ ဖွဲ့စည်းနေတဲ့ 'အဝိနိဗ္ဘောဂ'[၄] ရုပ်တရားပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ လှူဒါန်းမဲ့ဝတ္ထုပစ္စည်းက ရုပ်တရား အာရုံဆိုတာကို နားလည်ပါပြီဘုရား။

---

**ကျမ်းညွှန်း**

၁။ (၈၉)၊ သာသနပဋ္ဌာန၊ ပဋ္ဌိနိဒ္ဒေသဝါရ၊ နေတ္တိပ္ပကရဏပါဠိ။ (နှာ-၁၀၇)

၂။ (၂၇၉)၊ ဝိဇ္ဇာစရဏကထာ၊ အမ္ဗဋ္ဌသုတ္တ၊ သီလက္ခန္ဓဝဂ္ဂပါဠိ။ (နှာ-၉၃-၉၄)

၃။ (၃၄၄)၊ ဗောဓိကုမာရသုတ္တဝဏ္ဏနာ၊ မဇ္ဈိမပဏ္ဏာသဋ္ဌကထာ။ (နှာ-၂၂၅)

၄။ (၂၇)၊ အဝိနိဗ္ဘောဂရုပ်၊ ရုပ်ပိုင်း၊ အဘိဓမ္မတ္ထသင်္ဂဟ။ (နှာ-၁၀၁)

ဆရာတော် ~ ကောင်းပြီ။ အလျှုပစ္စည်းက အာရုံ၊ အာရမ္မဏ နော်။ စွန့်လွှတ်လှူဒါန်းမယ် ဆိုတဲ့ အလောဘ ဒါနကုသိုလ် စေတနာတွေက နာမ်တရားပေါ့နော်။

Dr. အောင်သူ ~ ရုပ်တရားက အလှူပစ္စည်း၊ နာမ်တရားက ဒါနကုသိုလ် စေတနာပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒကာကြီး အခုလို ရုပ်တရား၊ နာမ်တရားတွေကို သိရှိနားလည်ပြီး လှူဒါန်းတတ်လာရင် ပညာရှိလာပြီလို့ ခေါ်နိုင်ပါတယ်။

Dr. အောင်သူ ~ တင်ပါ၊ တင်ပါဘုရား။ ဝိဇ္ဇာတရားနဲ့ ပြည့်စုံပြီလို့လည်း ခေါ်နိုင်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ပြည့်စုံပြီလို့ မဟုတ်သော်လည်း ခေါ်လို့တော့ ရပါပြီ။ ဒါကြောင့် ဖြစ်လေရာဘဝတိုင်းမှာ ဝိဇ္ဇာနဲ့ စရဏတရားတွေကို အမြဲ ဖြည့်ကျင့်နေရပါမယ်။ ယခု ဒီပဋ္ဌာန်းတရားတော်ဆိုင်ရာစာတွေ ဖတ်ရှုလေ့လာနေတာလည်း ဝိဇ္ဇာစရဏတရား ဖြည့်ကျင့်နေတာပဲလေ။ ပဋ္ဌာန်းတရားတော်မှာပါတဲ့ အကြောင်းတရား၊ အကျိုးတရား ပစ္စည်း၊ ပစ္စယုပ္ပန်တရားတွေကို နားလည်ဖို့ ဆည်းပူးလေ့လာ ကြံစည်နေတာတွေကလည်း ဝိဇ္ဇာစရဏတရား ဖြည့်ကျင့်နေတာပါပဲ။

Dr. အောင်သူ ~ နက်နဲပါတယ်ဘုရား။ သို့သော် တပည့်တော်တို့ ဘဝထဲကအကြောင်းတွေကို သိခွင့်ရတဲ့အတွက် ကျင့်နိုင်ပါတယ်ဘုရား။

## ကုသိုလ်ကို ဆင်ခြင်ရင် ကုသိုလ်တိုး

ဆရာတော် ~ ဟုတ်ပြီ။ စာကို ပြန်ဆက်ရအောင်နော်။ 'မိမိပြုခဲ့ပြီးတဲ့ ဒါနကို အာရုံပြုပြီး ဆင်ခြင်မယ်၊ သူတော်ကောင်းတို့ ဖြည့်ကျင့်တော်မူလေ့ရှိတဲ့ မြင့်မြတ်တဲ့ ဒါနကုသိုလ်ကို အခုပြုခွင့်ရလေပြီ' လို့ ဆင်ခြင်တဲ့အခါမှာ ဒါနစေတနာကို အာရုံပြုပြီး ကုသိုလ်ပြန်ဖြစ်တယ်။ အဲဒါက 'ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ' လို့ ဟောတော်မူတာ ဒကာကြီး။

Dr. အောင်သူ ~ ခဏခဏ ဆင်ခြင်ရင် ထပ်ပြန် ထပ်ပြန် ကုသိုလ်ရနိုင်တာပါလားဘုရား။

ဆရာတော် ~ ဆင်ခြင်တိုင်း ကုသိုလ်ရပါတယ်။ သို့သော် ဆင်ခြင်တိုင်း ကုသိုလ်ရအောင်တော့ ဒါနပြုတတ်ဖို့ လိုတယ်နော်။

Dr. အောင်သူ ~ လှူဒါန်းပြီးတော့ အဲဒီလှူဒါန်းခဲ့တာကို ဆင်ခြင်ရင် ကုသိုလ်မတိုးတာလည်း ဖြစ်တတ်ပါသလားဘုရား။

ဆရာတော် ~ ရှိနိုင်ပါတယ် ဒကာကြီး။ တချို့ ဒါနပြုတာမှာ သူများတွေက မိမိကို အံ့သြပြီး ချီးမွမ်းကြရအောင်၊ မိမိကို အထင်ကြီးအောင် ရည်မှန်းပြီး လှူဒါန်းရင်တော့ ပြန်ဆင်ခြင်ရင်လည်း အဲဒါတွေပဲ ပြန်ပေါ်နေတော့မှာလေ။

Dr. အောင်သူ ~ ဒါဆိုရင် လှူဒါန်းပြီးတော့ ကုသိုလ်မတိုးတော့ဘူးပေါ့ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒါကြောင့် ဉာဏ်ရှိဖို့လိုတယ်။ ဉာဏ်ရှိမှ ကုသိုလ်တိုးမယ်၊ နို့မဟုတ်ရင် ကုသိုလ်လိုချင်လို့ လှူဒါန်းတာ၊ အလှူမတတ်တော့ စိတ်တွေ ဆင်းရဲပြီး အကုသိုလ်တွေ တိုးတတ်တယ် ဒကာကြီး။

Dr. အောင်သူ ~ သီလဆောက်တည်တာလည်း စရဏအကျင့် ဖြစ်ပါသလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ သီလလည်း စရဏအကျင့် တရားပါပဲ။

Dr. အောင်သူ ~ '*သီလံ သမာဒိယိတွာ*' ကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ '*သီလံ သမာဒိယိတွာ*'ကတစ်ခု '*တံ ပစ္စဝေက္ခတိ*' က တစ်ခုပါ ဒကာကြီး။ မိမိဆောက်တည်ထားတဲ့ သီလကုသိုလ်စေတနာကို ပြန်ဆင်ခြင်တာပါ။

Dr. အောင်သူ ~ ဆင်ခြင်တိုင်း ကုသိုလ်တိုးပါသလားဘုရား။

## တဏှာလောဘတိုး

ဆရာတော် ~ ဒါနမှာလိုပါပဲ။ သူ့ရဲ့ မူလစိတ် စေတနာပေါ် မူတည်ပါတယ်။ ငါဆောက်တည်တဲ့ သီလကုသိုလ်ကြောင့် စီးပွားတိုးဖို့၊ ဈေးရောင်းကောင်းဖို့၊ နတ်သားဖြစ်ဖို့၊ နတ်မင်းရဲ့ မိဖုရားဖြစ်ဖို့ဆိုရင်တော့ ပြန်ဆင်ခြင်ရင်လည်း ကုသိုလ် ဘယ်လိုတိုးတော့မလဲ။ တဏှာအစွမ်းသတ္တိတွေ ပါနေတယ်။

Dr. အောင်သူ ~ တချို့က သီလဆောက်တည်ပြီး မာနကြီးတာ ရှိသေးတယ်ဘုရား။ သူတို့မှာ ကုသိုလ်တိုးပါ့မလား။

ဆရာတော် ~ ဟုတ်တယ်၊ ငါသာလျှင် သီလနဲ့ ပြည့်စုံတယ်။ သူများတွေကြည့် ဝါတွင်းသုံးလ ဥပုသ်စောင့်ရမှန်းတောင် မသိရှာဘူးဆိုပြီး သူများကို နှိမ့်ချ၊ ကိုယ့်ကိုယ်ကိုယ် မြှောက်ကြွနေရင်တော့ သူ့ရဲ့သီလဟာ ညစ်နွမ်းသွားပါပြီ။ ဒါကို စာမှာ ယုတ်ညံ့တဲ့ '*ဟီန သီလ*'လို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဆရာတော်များ မကြာခဏ သင်ပေးတော်မူသလို သံသရာ အနှောင်အဖွဲ့ကနေ လွတ်မြောက်ဖို့ ရည်သန်ပြီး သီလဆောက်တည်မှ မှန်ကန်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်ပါတယ်။ ပုညကြိယာဝတ္ထု ဆယ်ပါးထဲက ဒါနတွေ၊ သီလတွေ၊ ဘာဝနာတွေ၊ အပစာယနတွေ၊ ဝေယျာဝစ္စတွေ၊ ပတ္တိဒါန စတာတွေကို လုပ်ဆောင်ရာမှာလည်း ဘဝသံသရာက လွန်မြောက်ဖို့ ရည်သန်ပြီး လုပ်ရမယ်။ ဒါမှ '*တံ ပစ္စဝေက္ခတိ*' အနေနဲ့ ပြန်ဆင်ခြင်တဲ့အခါမှာလည်း ကုသိုလ်တွေ တိုးမှာပေါ့နော်။

Dr. အောင်သူ ~ မှန်ပါ။ တပည့်တော် အသိနဲ့အကျင့်ကို တွဲပြီး ဘဝမှာ နည်းနည်းတော့ နေတတ်တော့မယ် ထင်ပါတယ်ဘုရား။

## အသိဉာဏ်အဆင့်ဆင့် မြင့်တက်ခြင်း

Dr. အောင်သူ ~ အာရုံကြောင့် ဉာဏ်ဖြစ်နိုင်တာများ ရှိပါသလားဘုရား။

ဆရာတော် ~ အာရုံကြောင့် ဉာဏ်ဖြစ်နိုင်ပါတယ်။ အသိဉာဏ်နည်းသူအဖို့တော့ အာရုံကြောင့် လောဘ၊ ဒေါသ၊ မောဟ စတဲ့ စိတ်ဆိုး၊ စိတ်ယုတ်တွေ ဖြစ်နိုင်ပါတယ်။

Dr. အောင်သူ ~ အာရုံကို စွဲလမ်းလို့ စိတ်ဆိုး၊ စိတ်ယုတ်တွေ ဖြစ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အာရုံကို သဘောကျတယ်၊ သာယာတယ်၊ နှစ်သက်တယ်ဆိုရင် အဲဒီအာရုံကို မစွန့်နိုင်၊ မခွာနိုင်ဖြစ်သွားပြီ။ ဒါကို ပဋ္ဌာန်းသိပ္ပံ ဆရာတော်က ဥပမာပေးတော်မူတာရှိတယ်။ 'သံဒယ်အိုးကို ဘာမှမထည့်ဘဲနဲ့ မီးဖိုပေါ် တင်ထားလိုက်တာ ကြာလာတော့ ပူရုံမကဘူး၊ ရဲလာတဲ့အခါကျမှ အသားတုံး တစ်တုံးကို အိုးထဲပစ်ထည့်လိုက်ရင် ရှဲဆိုပြီး ကြားရမယ်။ ဒယ်အိုးကို ကြည့်လိုက်ရင် အိုးမှာ အသားတုံးကပ်နေပြီ။ အဲဒီ အသားတုံးကို သံယောက်မနဲ့ ထိုးခွာလို့တောင် ခွာမရတော့ဘူး။[၁] အကယ်၍ ရအုံးတော့ နည်းနည်းလောက်ပဲ ရတော့မယ်။ ဒယ်အိုးမှာ ကပ်ကျန်ရစ်ခဲ့တာများမယ်' တဲ့။

Dr. အောင်သူ ~ ဆိုလိုရင်းကို တပည့်တော် နားမလည်သေးပါဘုရား။

ဆရာတော် ~ ရာဂဆိုတာ မခွဲနိုင် မခွာနိုင်အောင် တပ်မက် နှစ်သက်တတ်တဲ့သဘော ရှိတယ်ဒကာကြီး။ သင့်တယ်၊ မသင့်ဘူး၊ တော်တယ်၊ မတော်ဘူး မစဉ်းစား မချင့်ချိန်တတ်တော့ဘူး။ ပူနေတဲ့ သံဒယ်အိုးထဲက အသားတုံးကို သံယောက်မနှင့် ထိုးခွာရင် ခွာမရအောင်ကပ်သလိုမျိုး လိုချင်မှုရာဂနဲ့ စွဲစွဲလမ်းလမ်းကြီး ဖြစ်ပြီး ပူးကပ်သွားပြီဆိုရင် အဲဒီအာရုံကနေ ခွာမရတော့ပါဘူး။[၁]

Dr. အောင်သူ ~ တင်ပါဘုရား။ အမြင်အာရုံပေါ်မှာ သဘောကျသွားရင် ကြည့်လို့မဝလို့ ခဏ ခဏ ကြည့်ချင်နေတော့တယ်။ အဲဒီကနေ တစ်ဆင့်တိုးပြီး ပိုင်ဆိုင်ချင်တဲ့အထိ ဖြစ်တတ်တာကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်တယ် ဒကာကြီး။ သို့သော် ရူပါရုံအဆင်းတစ်ခုထဲကို ကြည့် မဝဖြစ်နေတာ မဟုတ်တော့ဘူး၊ သဒ္ဒါရုံ အသံလည်း ကြားမဝဖြစ်တာပဲ။ ရယူပိုင်ဆိုင်ချင်တာပဲ၊ ဂန္ဓာရုံအနံ့လည်း အတူတူပဲ၊ ရသာရုံ အရသာလည်း အတူတူပဲ၊ ဖောဋ္ဌဗ္ဗာရုံ အထိအတွေ့အာရုံလည်း အတူတူပဲ ကပ်သွားရင် ခွာမရတော့ဘူး။[၂]

Dr. အောင်သူ ~ ဟုတ်ပြီဘုရား။ တပည့်တော်တို့ အခုလိုပဲ ဖြစ်နေပါတယ်ဘုရား။ ကြိုက်ရင်၊ သဘောကျရင် အပိုင်ကို ရချင်တော့တာပါဘုရား။

---

**ကျမ်းညွှန်း**

၁။ ၂။(၃၆၅)၊ အကုသလပဒဘာဇနီယဝဏ္ဏနာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ အဋ္ဌသာလိနီအဋ္ဌကထာ။(နှာ-၂၉၁)

* (၄၇၉)၊ သင်္ခါရက္ခန္ဓကထာ၊ ခန္ဓနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-၂။ (နှာ-၉၈)

* ပဋ္ဌာန်းသိပ္ပံဆရာတော်၏ ပဋ္ဌာန်းသိပ္ပံကျမ်း

၂။ (၄၀၉)၊ ပဥ္စဝါရ၊ ဝိဘင်္ဂဝါရ၊ တိကပဋ္ဌာနပါဠိ-၁။ (နှာ-၁၃၄)

ဆရာတော် ~ ဒါကြောင့် ဘုရားရှင်က *"အဿာဒေတိ အဘိနန္ဒတိ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ . . . . "*[၂]လို့ ဟောတော်မူတာပါ ဒကာကြီး။

Dr. အောင်သူ ~ ဘုရားရှင်က တပည့်တော်တို့ စိတ်ကိုသိပြီး ဟောတော်မူနေသလိုပဲ၊ အင်မတန်မှကို ကွက်တိ ကျပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ လောကမှာ ဘုရားရှင် ပွင့်ထွန်းတော်မူလာလို့သာ ဒီတရားတွေ သိခွင့်၊ ကြားခွင့် ရနေတာပါ ဒကာကြီး။ ဘုရားရှင်သာ ပွင့်ထွန်းတော်မမူရင် လူ့ဘုံနဲ့ တိရစ္ဆာန်ဘုံ နှစ်ခုကိုပဲ သိကြမယ်။ ဘုရားရှင် ပွင့်ထွန်းတော်မူလို့သာ ပြဟ္မာဘုံ၊ နတ်ဘုံ၊ ငရဲဘုံ၊ ပြိတ္တာဘုံ အစရှိသဖြင့် ၃၁ ဘုံကို သိကြရတာပါ။

Dr. အောင်သူ ~ မှန်ပါ။ ကျေးဇူးတင်ပါတယ်ဘုရား။ ဘုရားတပည့်တော်ကို ဉာဏ်ရှိတာနဲ့ ဉာဏ်မရှိတာ သိနားလည်လွယ်အောင် မိန့်တော်မူပေးပါဦးဘုရား။

## ဉာဏ်ခရီး

ဆရာတော် ~ ကောင်းပါပြီ။ ဉာဏ်နည်းတာကနေ ဉာဏ်အဆင့်ဆင့် မြင့်တက်လာတာ နားလည်လွယ်အောင် ပြောပြမယ်နော်။ အသိဉာဏ် အလွန်နည်းလွန်းတဲ့လူက သူများတွေ သီလချိုးဖောက်ပြီးတော့ မကောင်းတဲ့ မိစ္ဆာအာဇီဝနဲ့ စီးပွားရှာပြီး ပိုက်ဆံချမ်းသာနေတာကို တွေ့မိရင် လေးစားတတ်တယ်။ အားကျတတ်တယ်။ တပည့်ခံချင်တယ်။ သို့သော် မိမိရဲ့ဘဝကိုကျတော့ အားမလို အားမရဖြစ်တယ်၊ အမြဲ မကျေမနပ် ဖြစ်နေတတ်တယ်။

Dr. အောင်သူ ~ တပည့်တော် အရင်က ဒီလိုစိတ်မျိုး အပြည့် ရှိခဲ့ပါတယ်ဘုရား။

ဆရာတော် ~ ဒကာကြီး အခုလို ရိုးသားစွာ ဝန်ခံဝံ့တာကို ဘုန်းကြီး တန်ဖိုးထားပါတယ်။ ဆက်ပြောပြမယ်နော်။ အခု ဒကာကြီးတို့လို သီလကို ဖြည့်ကျင့်စမှာ သူများတွေ သီလချိုးဖောက်နေတာကိုတွေ့ရင် အထင်သေးတတ်တယ်။ ကဲ့ရဲ့ ပြစ်တင်တတ်တယ်။ သို့သော် ဉာဏ်နည်းနည်းရှိလာတဲ့ အခါမှာတော့ "ငါလည်း မသိခင်တုန်းက အဲဒါမျိုးတွေ လုပ်ခဲ့ဖူးတယ်။ အဲသလိုနည်းမျိုးနဲ့လည်း စီးပွားရှာဖူးတယ်။ သူတို့ မသိရှာလို့ လုပ်နေကြတာပါလား" ဆိုပြီး ဖြည့်တွေးပေးတတ်လာတယ်။ နားလည်ပေးနိုင်လာတယ် အရင်လို အပြစ်တင် မစောတော့ဘူး။

Dr. အောင်သူ ~ ဒါလည်း တပည့်တော်ကို ပြောနေသလိုပါပဲ။ ဒီဖက်ပိုင်းမှာ သူများကို နည်းနည်း ဖြည့်တွေး ပေးတတ်လာပါတယ်ဘုရား။

ဆရာတော် ~ အခုထက် ဉာဏ်ရှိလာတဲ့ အခါမှာတော့ "ငါအတိတ်က ထူထောင်ခဲ့မိတဲ့ အကြောင်းက Cause ကြောင့် အခုဘဝ အကျိုးပေး Effect ကြုံနေတာပါလား"လို့ သေသေချာချာ သိလာတယ်။ ဒါကြောင့် သူများကို အပြစ်မတင်တော့သလို၊

မိမိကိုယ်ကိုလည်း မာန်မတက်တော့ပါဘူး။ ဒီဘဝမှာ ငါ အကြောင်းတွေ ကောင်းအောင် ထူထောင်တော့မယ်လို့ ဆုံးဖြတ်တတ်လာတယ်။

Dr. အောင်သူ ~ ဒါတော့ နည်းနည်း ရိပ်မိရုံပဲ ရှိပါသေးတယ်ဘုရား။

ဆရာတော် ~ ဒီထက်ကို ဉာဏ်ကြီးလာတဲ့အခါ အကြောင်းကောင်းအောင် ငါလုပ်တာ မဟုတ်ဘူး။ ကုသလဟေတုက အကြောင်းကောင်းအောင် လုပ်နေတာ။ အကုသလဟေတုက မကောင်းတဲ့အကြောင်းကို လုပ်နေတာ။ သူမရှိ၊ ငါမရှိ၊ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ အကျိုးပေးကို ခံနေ၊ စံနေတဲ့ပုဂ္ဂိုလ် သတ္တဝါမရှိဘဲ အတ္တဆိတ်သုဉ်းနေတဲ့ သဘာဝသဘောတရား အမှန်ကို နားလည်လာတယ်။

Dr. အောင်သူ ~ မြင့်သွားပြီဘုရား။ လိုက်လို့ သိပ်အဆင်မပြေသေးပါဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ။ ဒါဆိုရင် နိဂုံးချုပ်စို့နော်။ အသိဉာဏ်ရှိလာတဲ့သူက ကောင်းတဲ့ အကျိုးပေးတွေ အခုဘဝမှာကြုံနေတာကို ပျော်မနေတော့ဘူး။ ကောင်းတဲ့ အကြောင်းကံတွေ ထူထောင်ရင်း နေ့စဉ်ဘဝမှာ ပျော်တတ်လာတယ် ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် ခပ်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပါပြီဘုရား။

ဆရာတော် ~ ခုလိုလည်း မဟုတ်ပါဘူး။ ဉာဏ်ခရီးဆိုတာ နီးရင်လည်း ကပ်လျက်ပါပဲ။ ဝေးရင်တော့လည်း ကမ္ဘာခြားတတ်တာပေါ့ ဒကာကြီး။

Dr. အောင်သူ ~ ကြိုးစားပါ့မယ်ဘုရား။

**ဆုတောင်း**

**"တွေ့ကြုံလာသမျှ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာရုံတို့က လူသားတို့ကို အရိယာဖြစ်သည့်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသော"**

## ၃ – အဓိပတိပစ္စယော

**Adhipati paccayo *(Predominance condition)***

### အကြီးအကဲအဖြစ် ကျေးဇူးပြုသောပစ္စည်း



### အဓိပတိပစ္စည်း၏ကျေးဇူးပြုပုံ

စကြဝတေးမင်းသည် ပြိုင်သူမရှိ အကြီးအမှူးအဖြစ် အုပ်စိုးဘိသကဲ့သို့ အကြီးအကဲ လွှမ်းမိုး အစိုးရခြင်းသတ္တိဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။ အဓိပတိပစ္စည်း၌ (၁) အာရမ္မဏာဓိပတိနှင့် (၂) သဟဇာတာဓိပတိဟူ၍ နှစ်ပါးလာရှိပါသည်။

(၁) အာရမ္မဏာဓိပတိ၏ ကျေးဇူးပြုပုံမှာ စကြဝတေးမင်း၏အာဏာကဲ့သို့ လွန်စွာ ထက်မြက် လှပေသည်။ သာမညအာရုံမဟုတ်ဘဲ စိတ်ကို ဖမ်းစားနိုင်သည်အထိ လွှမ်းမိုးနိုင်သော အာရုံမှာ အာရမ္မဏာဓိပတိဖြစ်သည်။ အာရုံပြုသော စိတ်၊ စေတသိက်တို့အပေါ်၌ လွှမ်းမိုး အုပ်စိုး၍ ကျေးဇူးပြုခြင်းကို အာရမ္မဏာဓိပတိဟု ခေါ်ပါသည်။

(၂) ဆန္ဒ၊ ဝီရိယ၊ စိတ္တနှင့် ဝီမံသ ဤလေးပါးတို့သည် သဟဇာတာဓိပတိပစ္စည်း သရုပ် ဖြစ်ပါသည်။ အတူတကွ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော စိတ်၊ စေတသိက်တို့အပေါ်၌ လွှမ်းမိုးအုပ်စိုး၍ ကျေးဇူးပြုခြင်းကို သဟဇာတာဓိပတိဟု ခေါ်ပါသည်။

Dr.အောင်သူ၏သား MA ကျောင်းသားသည် ဘွဲ့ယူပြီးနောက် တက္ကသိုလ်၌ ဆရာ လုပ်မည်ဟု ရည်မှန်းထားခဲ့သော်လည်း ရဟန်းဘဝကို မြတ်နိုးသဖြင့် ရဟန်းဖြစ်ရန် မိဘများထံ နောက်ထပ်တစ်ဖန် ခွင့်တောင်းပါသည်။ မိဘများခွင့်ပြုသည့်နေ့၏ ညနေ၌ပင် ရဟန်းပြုခဲ့ပါသည်။ ထို့ကြောင့် သူ၏အမည်ကို မှတ်မိလွယ်ရန် MA ဦးဇင်းဟု သုံးနှုန်းထားပါသည်။ သူသည် သူလေ့လာ မိသမျှ၊ သူတွေးမိသမျှတို့ကို မေးမြန်းလျှောက်ထားလေ့ ရှိပါသည်။

## အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း

MA ဦးဇင်း ~ အဓိပတိပစ္စယောကိုလည်း အကြီးအကဲဖြစ်တယ်၊ အစိုးရတယ်လို့ ဖတ်ရပါတယ်ဘုရား။ တစ်ခါ ဣန္ဒြိယပစ္စယောရဲ့ အဓိပ္ပာယ်ကလည်း ခပ်ဆင်ဆင် ဖြစ်နေပါတယ်။ ပဋ္ဌာန်းမှာ ဒီပစ္စည်းနှစ်ပါးရဲ့ အဓိပ္ပာယ်က တခြားစီလား တူတူပဲလားဘုရား။

ဆရာတော် ~ ဦးဇင်းက ပဋ္ဌာန်းတရားတော်ကို အခုလို စေ့စေ့စပ်စပ် လေ့လာနေပြီလား။

MA ဦးဇင်း ~ ပဋ္ဌာန်းကျမ်းကြီးကို ပူဇော်နေပါပြီဘုရား။ ဆရာတော်များရဲ့ ပဋ္ဌာန်းအရကောက်ကျမ်းနဲ့ မြန်မာပြန်စာအုပ်တွေကို ဖတ်ကြည့်ရင်းမှာ အခုလိုတွေ့တာနဲ့ မေးလျှောက်တာပါဘုရား။

ဆရာတော် ~ ပဋ္ဌာန်းမှာ ဒီပစ္စည်းနှစ်ပါးရဲ့အဓိပ္ပာယ် ကွဲဖို့လိုပါတယ် ဦးဇင်း။ စာထဲက ဥပမာအတိုင်းပြောရရင် အဓိပတိက အတုမရှိပြိုင်ဘက်ကင်းတဲ့ စကြာမင်းရဲ့အစိုးရမှုကို ယူရမယ်၊ ဣန္ဒြိယက ထီးပြိုင်၊ နန်းပြိုင်မင်းတို့ရဲ့ အစိုးရတာမျိုးကို ယူရမယ်လို့ ပြပါတယ်။

MAဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ နောက်တစ်နည်း ပြောရရင် အဓိပတိဆိုတာ အကြီးအကဲနော်။ စာထဲက ဥပမာအတိုင်း ဒီကနေ့ စကြဝတေးမင်းကြီးရှိမယ်ဆိုရင် အရာရာအားလုံး စကြဝတေးမင်းရဲ့ အလိုဆန္ဒအတိုင်း ဖြစ်ကြရမှာပါ။ ဘာကြောင့်လဲဆိုရင် စကြဝတေးမင်းဆိုတာ တစ်ကမ္ဘာလုံးကို အုပ်စိုးနိုင်စွမ်းလို့ပါ ဦးဇင်း။

MAဦးဇင်း ~ တင်ပ့ါဘုရား။ အဓိပတိပစ္စယောမှာ အကြောင်းတရားက အကျိုးတရားကို အကြီးအမှူးအဖြစ်နဲ့ ကျေးဇူးပြုတယ်လို့ယူရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်တယ်ဦးဇင်း။ မှန်ပါတယ်။

MAဦးဇင်း ~ တင်ပါဘုရား။ ဒါဆိုရင် တပည့်တော်တို့နိုင်ငံမှာ သမ္မတရဲ့ပါဝါကို အဓိပတိပစ္စည်းယူပြီး၊ ဝန်ကြီးများရဲ့ ပါဝါကိုတော့ ဣန္ဒြိယပစ္စည်းယူရင်လည်း ရမယ်ထင်ပါတယ်ဘုရား။

## ဉာဏ်စွမ်းအား

ဆရာတော် ~ ရတယ်၊ ရတယ်။ အခုလို စဉ်းစားတတ်လာတာ ကောင်းတယ် ဦးဇင်း။ ပဋ္ဌာန်းတရားကို လေ့လာရာမှာ စဉ်းစားပုံတစ်မျိုး ပြောပြဦးမယ်နော်။

MA ဦးဇင်း ~ သိချင်ပါတယ်ဘုရား။ တပည့်တော် ပဋ္ဌာန်းတရားကို စဉ်းစားရတာ ပိုပြီး ဝါသနာပါလာတယ်ဘုရား။

ဆရာတော် ~ ဘုရားရှင်က နတ်ဗြဟ္မာတွေရှေ့ ဟေတုပစ္စည်းကို စတင်ဟောတော်မူတဲ့ အချိန်မှာပဲ ပါရမီအားကြီးရုံမက ဉာဏ်ပညာစွမ်းပကား ကြီးမားတဲ့နတ် ဗြဟ္မာတွေက "တို့တစ်တွေ သံသရာလည်နေတာဟာ ဒီလောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဆိုတဲ့ ဟိတ် ၆ ပါးကြောင့်ပါပဲလား။ တစ်လောကလုံးမှာ ဒီဟိတ် ၆ ပါး ကြောင့်ပဲ ရုပ်တွေ နာမ်တွေ ဖြစ်နေတာပါလား"လို့ ထိုးထွင်းသဘောပေါက်ပြီး တစ်ခါတည်း ကျွတ်တမ်းဝင်သွားကြမှာပဲနော် ဦးဇင်း။

MA ဦးဇင်း ~ တင်ပါ့ဘုရား။

ဆရာတော် ~ ဆက်ပြီးတော့ အာရမ္မဏပစ္စည်းကို ဟောတော်မူတဲ့အခါမှာ ဉာဏ်ပညာကြီးပြီး ပါရမီပြည့်နေတဲ့ နတ်ဗြဟ္မာများက "တစ်လောကလုံး ဖြစ်နေတဲ့ ရုပ်နာမ်တွေဆိုတာ အာရုံကြောင့်ပါပဲလား"လို့ ဆင်ခြင်လိုက်တာနဲ့ အကျယ်ချဲ့သိပြီးတော့ ကျွတ်တမ်းဝင်သွားကြမှာပဲ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ အသိမပြည့်စုံသေးတဲ့ နတ်ဗြဟ္မာများအတွက် အဓိပတိကို ဟောတော်မူတာပါလားဘုရား။

ဆရာတော် ~ အခုလိုပဲ တွေးဆင်ခြင်ပြီး သဗ္ဗညုတဉာဏ်တော်ကို ကြည်ညိုရတာပေါ့ ဦးဇင်း၊ ဘုရားရှင်က အဓိပတိပစ္စည်းမှာ နှစ်မျိုးဟောတော်မူပါတယ်။ ပြင်ပအားဖြစ်တဲ့ အာရမ္မဏာဓိပတိနဲ့ အတွင်းအားဖြစ်တဲ့ သဟဇာတာဓိပတိ ဟောတော်မူရာမှာလည်း ဆိုင်ရာဆိုင်ရာ နတ်ဗြဟ္မာများ အသိပြည့်စုံပြီး ကျွတ်တမ်းဝင်ကြမှာပါ။

## **အဓိပတိလေးပါး**

MA ဦးဇင်း ~ အဓိပတိက လေးပါးရှိတာကို မှတ်သားရပါတယ်ဘုရား။ လေးပါးလုံးက တစ်ပြိုင်တည်းအစိုးရတာပါလား။

ဆရာတော် ~ ဒါမေးသင့်တဲ့ မေးခွန်းပဲနော်။ အဓိပတိလေးပါးက ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသနော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ လေးပါးလုံးက ရှင်ဘုရင်တွေပါလားဘုရား။

ဆရာတော် ~ အဓိပတိပစ္စည်းကို လေ့လာနေတာလေ။ လေးပါးလုံး သမ္မတဖြစ်လို့ မရဘူးလေ။ ဘာ့ကြောင့်လဲဆိုရင် ရှင်ဘုရင်ဆိုတာ ပြိုင်ဘက်ကင်းပြီး တစ်ပါးတည်းပဲ ဖြစ်ရမှာလေ ဦးဇင်း။

MA ဦးဇင်း ~ ဘုရားတပည့်တော် အဲသလိုတော့လည်း စဉ်းစားမိပါသေးတယ်ဘုရား။

ဆရာတော် ~ ဒါကြောင့် ဆန္ဒကအဓိပတိဖြစ်ရင် ကျန်တဲ့သုံးပါးက ဆန္ဒရဲ့နောက်လိုက်ဖြစ်ပြီ၊ ဆန္ဒခိုင်းသမျှကို လုပ်ပေးရတယ်။ ဝီရိယက ဦးဆောင်ရင်လည်း ကျန်သူတို့က နောက်လိုက်၊ စိတ္တကဦးဆောင်ရင်လည်း ကျန်သူတို့က နောက်လိုက်ဖြစ်သွားပါတယ်။

MA ဦးဇင်း ~ သိပ်မရှင်းသေးဘူးဘုရား။

ဆရာတော် ~ ဆိုပါစို့။ ဒေါသဖြစ်လာရင် အဲဒီဒေါသစိတ်က အဓိပတိဖြစ်ပြီနော်။ ဒီတော့ ကျန်တဲ့ နာမ်ခန္ဓာတွေက နောက်လိုက်အဖြစ်နဲ့ ဒေါသစိတ်အလိုကျ အားလုံးက သောင်းကျန်း ပေးရတော့မယ်။

MA ဦးဇင်း ~ မှန်ပါ။ ပါးစပ်ကလည်း ဆဲဆို၊ လက်ကလည်း ပါတာမျိုးပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဘယ်သူခေါင်းဆောင်ပြီး ထွက်သလဲ။ သူ့နောက်ကို လိုက်ကြရတာပါ။ သတိပြုစရာတစ်ခုရှိတာက အကုသိုလ်ကို တွေးတာ၊ ကြံတာ၊ ပြောဆို လုပ်ကိုင်မှုတိုင်းမှာ ဝီမံသလို့ခေါ်တဲ့ ဉာဏ်ပညာမပါဘူးနော်။

## ကုသိုလ်ပြုရာ၌ ဉာဏ်ပညာပါသည်

MA ဦးဇင်း ~ တင်ပါဘုရား။ ကုသိုလ်မှာတော့ ဉာဏ်ပညာ ပါမှာပါလားဘုရား။

ဆရာတော် ~ ကုသိုလ်မှာတော့ ဉာဏ်ပညာပါတယ်။ အကုသိုလ်အလုပ်မှာတော့ ဉာဏ်ပညာရဲ့ ဦးဆောင်မှုမပါတဲ့အတွက် ဝီရိယထက်သန်ရင် ထက်သန်သလောက်၊ စိတ် သန်ရင်သန်သလောက်၊ ဆန္ဒပြင်းပြရင် ပြင်းပြသလောက် မိုက်မဲကြတယ်၊ ရမ်းကားကြပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ ဉာဏ်ပညာဦးစီးတဲ့ အဓိပတိစိတ်ဓာတ်က လူကောင်းတွေမှာပဲ ဖြစ်တာများမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ အဓိပတိစိတ်ဓာတ်က သာမန် လူနုံ၊ လူအတွေမှာ ဖြစ်ခဲပါတယ်။ သံသရာ ခေါင်းဆောင်ကြီးဖြစ်တော်မူတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကလောင်းလျာ ကြီးများနဲ့ ကမ္ဘာလောကကြီးကို ကြီးပွား၊ တိုးတက်အောင်၊ ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်ကြတဲ့ ကမ္ဘာ့ခေါင်းဆောင်ကြီးတို့ရဲ့သန္တာန်မှာ ဒီအဓိပတိပစ္စည်းက ထင်ရှားပါတယ် ဦးဇင်း။

MA ဦးဇင်း ~ အဲသလိုခေါင်းဆောင်ကြီးတွေကလည်း လူထဲကလူ ဖြစ်ပါသော်လည်း ဆန္ဒတွေ၊ ဝီရိယတွေ၊ စိတ္တတွေ၊ ဉာဏ်ပညာတွေ အဓိပတိပြုပြီး ကြိုးစားကြလို့ တကယ့် အားကိုးရတဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့။ ဦးဇင်းလည်း ဒီအဓိပတိလေးပါးထဲက တစ်ပါးပါးနဲ့ ဦးဆောင်ပြီး ကြိုးစားမယ်ဆိုရင် အဓိပတိရဟန်းကောင်း ဖြစ်နိုင်တယ်လေ။

MA ဦးဇင်း ~ ကြိုးစားပါ့မယ်ဘုရား။

## နုံ့နဲ့နဲ့က နုံ့နဲ့နဲ့ကို အကျိုးပေးသည်

ဆရာတော် ~ အဓိပတိလေးပါးထဲက တစ်ပါးပါး ဦးမဆောင်ဘဲ ဆန္ဒကလည်း နုံ့နဲ့နဲ့၊ ဝီရိယကလည်း နုံ့နဲ့နဲ့၊ စိတ္တကလည်း နုံ့နဲ့နဲ့ ပညာကလည်း နုံ့နဲ့နဲ့ ဆိုရင်တော့ ဘဝသံသရာမှာ လူနုံ၊ နတ်နုံ၊ ခွေးဖြစ်ရင်တောင် ခွေးနုံပဲ ဖြစ်ပါတော့မယ်ဘုရား။ ဒါကြောင့် သူတော်ကောင်းဖြစ်ချင်ရင် အဓိပတိထိုက်တဲ့ ကုသိုလ်ဖြစ်အောင် လုပ်ရမယ် ဦးဇင်း။

MA ဦးဇင်း ~ အခုလို နာကြားရတာ ဘဝလမ်းညွှန်ကောင်းရသလို အားတက်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အကုသိုလ်ဖြစ်စရာအာရုံတွေကို မိုးလင်းမိုးချုပ် ရှာကြံပြီး အဓိပတိတပ်နေရင်တော့ လောင်နေတဲ့ ကိလေသာအပူမီး ဘယ်တော့မှ ငြိမ်းမှာမဟုတ်ပါဘူး။

MA ဦးဇင်း ~ ရဟန်းကောင်းဖြစ်အောင် မှတ်သားလိုက်နာပါ့မယ်ဘုရား။

## ဆန္ဒာဓိပတိ

MA ဦးဇင်း ~ တပည့်တော် ဒီမနက် ပဋ္ဌာန်းပူဇော်ရင်း အဓိပတိလေးပါးအကြောင်း အသေးစိတ်သိချင်လာပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဆန္ဒကနေ စပြောပြမယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဒီနေရာမှာ လောဘကလည်း လိုချင်တာ၊ ဖြစ်ချင်တာ၊ ဆန္ဒ ကလည်း လိုချင်တာ၊ ဖြစ်ချင်တာဆိုတော့ တူသလိုလို ဖြစ်နေပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဟုတ်ပြီ။ ပြောပြမယ်နော်။ ပစ္စုပ္ပန်သံသရာမှာ သားအတွက်၊ မယားအတွက်၊ ခင်ပွန်း ယောကျ်ားအတွက် စီးပွားဥစ္စာတွေကို လိုချင်တာ၊ ကာမဂုဏ်အာရုံတွေ ခံစားဖို့ လိုချင်တာတွေက လောဘလို့ မှတ်ပါလေ။ လောကသံသရာအတွက် ကုသိုလ်ကောင်းမှုပြုတာတွေက ဆန္ဒလို့ မှတ်ပါလေ။

MA ဦးဇင်း ~ ဖြစ်ချင်တာ၊ လိုချင်တာချင်း တူသော်လည်း ကာမဂုဏ်ချမ်းသာကို လိုချင် တာက အကုသိုလ် လောဘဖြစ်ပြီး၊ ကုသိုလ်ကောင်းမှု ဖြစ်စရာက ဆန္ဒလို့ ယူရမှာပါလားဘုရား။

## ဆန္ဒတိုင်း အဓိပတိမထိုက်ပါ

ဆရာတော် ~ ဟုတ်တယ်ဗျာ။ ဆန္ဒမှာ ရိုးရိုးဆန္ဒရှိသလို အဓိပတိထိုက်တဲ့ ဆန္ဒလည်း ရှိတယ်နော်။ စိတ်တိုင်း အဓိပတိမထိုက်သလို ဆန္ဒတိုင်းလည်း အဓိပတိ မထိုက်ပါဘူး။

MA ဦးဇင်း ~ နည်းနည်း အကျယ်အားဖြင့် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ လူတိုင်း သူဌေးဖြစ်ချင်တဲ့ ဆန္ဒတွေ၊ ရာထူး၊ အာဏာ၊ ပါဝါတွေရှိချင်တဲ့ ဆန္ဒတွေ၊ သူများထက် သာလိုတဲ့ဆန္ဒတွေ ရှိကြပါသော်လည်း လူတိုင်း မဖြစ်ကြဘူးနော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ လူတိုင်းဖြစ်ထွန်းတာ မတွေ့ရပါဘုရား။

ဆရာတော် ~ ဘယ်လိုဘဲ ဆန္ဒတွေရှိပါစေ၊ ဖြစ်ရာဖြစ်ကြောင်းတွေကိုသာ စွန့်စွန့်စားစား၊ ကြိုးကြိုးစားစား မနေမနား၊ ထက်ထက်သန်သန်နဲ့ မလုပ်ဘူးဆိုရင် အဲဒါက အဓိပတိထိုက်တဲ့ ဆန္ဒမဟုတ်ပါဘူး။

MA ဦးဇင်း ~ နားလည်ပါပြီဘုရား။ ဒါဆိုရင် ကမ္ဘာကျော် လူဆိုး၊ ဓားပြ၊ သူခိုးတွေမှာလည်း ဆန္ဒရှိတာပါလားဘုရား။

ဆရာတော် ~ ဆန္ဒဆိုတဲ့စေတသိက်က အကုသိုလ်နဲ့ပေါင်းရင် အကုသိုလ်ဖြစ်ပြီး၊ ကုသိုလ်နဲ့ ပေါင်းရင် ကုသိုလ်ဖြစ်သွားတယ်။

MA ဦးဇင်း ~ မှတ်သားစရာပါပဲဘုရား။ တရားထူးရတာလည်း ဆန္ဒပါမယ်ထင်ပါတယ်။

ဆရာတော် ~ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ လုပ်ငန်းခွင်မှာ ပယ်ရမဲ့တရားဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မစ္ဆရိယစတဲ့ အကုသိုလ်တရားတွေကို ပယ်နိုင်ဖို့ရာမှာလည်း ဆန္ဒအား ကောင်းရတာပါ။ ဆန္ဒာဓိပတိဖြစ်မှ အကုသိုလ်ကို ပယ်နိုင်တာနော်။

MA ဦးဇင်း ~ မှန်ပါ။ ဆန္ဒက ဘယ်လိုလုပ်မှ အဓိပတိ ဖြစ်နိုင်တာပါလဲဘုရား။

ဆရာတော် ~ ဆန္ဒအားကောင်းရင် အဓိပတိထိုက်ပါတယ်။ နုံ့နုံ့နဲ့နဲ့ဖြစ်ရင်တော့ အဓိပတိ မထိုက်ပါဘူး။ ဒါကြောင့် သာမန်ဖြစ်ချင်တဲ့ဆန္ဒ မဟုတ်တော့ဘူး။ ဘယ်လို အလုပ်ပဲလုပ်လုပ် ဖြစ်ကိုဖြစ်ရမယ်။ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ဆန္ဒက အဓိပတိ ဆန္ဒ ဖြစ်သွားတာပါ။

MA ဦးဇင်း ~ တင်ပါဘုရား။

## ဘုရားလောင်းတော်၏ ဆန္ဒာဓိပတိ

ဆရာတော် ~ ဘုရားအလောင်းတော်က ဒီပင်္ကရာမြတ်စွာဘုရားရှင် ရှေ့မှောက်မှာ ဗျာဒိတ် ခံယူတော်မူချိန်မှာ နိဗ္ဗာန်က လက်တစ်ကမ်းမှာကို ရှိနေပြီ။ ဒါပေမဲ့ "ငါကဲ့သို့သော အားအစွမ်းနဲ့ ပြည့်စုံပြီး ဘုရားအဖြစ်ကို ရယူနိုင်တဲ့ ယောကျ်ားဖြစ်ပါလျက် တစ်ယောက်တည်း ကူးသွားသဖြင့် ဘာအကျိုးရှိမှာလဲ၊ တစ်လောက လုံးမှာရှိတဲ့ လူတွေ နတ်တွေ သတ္တဝါတွေကို ကယ်တင်နိုင်ဖို့ရာ ဘုရားအဖြစ်ကို ရအောင်ယူမယ်"ဆိုတဲ့ ဆန္ဒ၊ သတ္တဝါတွေကို ကယ်တင်ချင်တဲ့ ဆန္ဒ၊ ဘုရားဖြစ်လိုတဲ့ ဆန္ဒက အဓိပတိထိုက်နေပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်လှပါဘုရား။

ဆရာတော် ~ ပါရမီ ၁၀ ပါး၊ အပြား ၃၀ ကို ကျင့်နိုင်တာ ဆန္ဒကြောင့်ပါ။ သတ္တဝါတွေကို ကယ်တင်ချင်တာ ဆန္ဒကြောင့်၊ ဘုရားဖြစ်လိုတာလည်း ဆန္ဒကြောင့်ပါ။ ဒီဆန္ဒက အဓိပတိထိုက်တဲ့အတွက် ဆန္ဒာဓိပတိ ဖြစ်ပါတယ်။

MA ဦးဇင်း ~ ဇနီးမယား၊ သားသမီးများကို စွန့်တာလည်း ဆန္ဒက အဓိပတိဖြစ်တာကြောင့် လို့ ထင်ပါတယ်။

ဆရာတော် ~ ဟုတ်တယ်။ ဇနီးနဲ့ သားသမီးတင်မကဘူး၊ စွန့်ခြင်းကြီး ၅ ပါး ရှိသေးတယ်။

MA ဦးဇင်း ~ ဘုရားအလောင်းတော်များရဲ့ အဓိပတိထိုက်တဲ့ စွန့်ခြင်းကြီးတွေကိုလည်း နာကြားပြီး ကုသိုလ်ပွားပါရစေဘုရား။

ဆရာတော် ~ (၁) ဓနပရိစ္စာဂတဲ့၊ မင်းစည်းစိမ်တွေ၊ စီးပွားဥစ္စာတွေကို ဘဝများစွာမှာ စွန့်တော်မူခဲ့တာ၊ (၂) ပုတ္တပရိစ္စာဂတဲ့၊ သားသမီးတွေကိုလည်း ဘဝများစွာ စွန့်တော်မူခဲ့တယ်၊ (၃) ဘရိယပရိစ္စာဂတဲ့၊ ဇနီးမယားကိုလည်း စွန့်တော်မူခဲ့တယ် (၄) အင်္ဂပရိစ္စာဂတဲ့၊ ဘဝပေါင်းများစွာမှာ လက်တွေ၊ ခြေတွေ၊ နှာခေါင်းတွေ စတဲ့ အင်္ဂါကြီးငယ်တွေကို စွန့်တော်မူခဲ့တယ်။ ဘုရားဖြစ်လိုတဲ့ ဆန္ဒကြောင့် စွန့်တော်မူတာနော်။ ဆန္ဒာဓိပတိပါ။ နောက်ဆုံးနံပါတ် (၅) ဇီဝိတပရိစ္စာဂတဲ့၊ အသက်နဲ့ ခန္ဓာကိုယ်ကိုပါ စွန့်တော်မူခဲ့တယ်။ ဘာကြောင့် စွန့်ရတာလဲဆိုရင် ဘုရားဖြစ်လိုတဲ့ဆန္ဒ၊ သတ္တဝါတွေကို ကယ်တင်လိုတဲ့ ဆန္ဒကြောင့်ပါ။ ဒီနေရာမှာ ဆန္ဒက အဓိပတိထိုက်တာ သိပ်ကို ထင်ရှားပါတယ်။

MA ဦးဇင်း ~ ပါရမီ ၁၀ ပါး၊ အပြား ၃၀ ဖြည့်ကျင့်တော်မူတာ၊ ကိုယ်အင်္ဂါတွေပါ စွန့်တော်မူခဲ့တာ ဘုရားဖြစ်လိုတဲ့ဆန္ဒ သတ္တဝါတွေကို ကယ်တင်လိုတဲ့ ဆန္ဒကို အခုလို သိခွင့်ရတာ ကျေးဇူးတင်ပါတယ်ဘုရား။ ဘုရားမဖြစ်ခင် ဘုရားလောင်းတော် ဘဝမှာကို ကြည်ညို ထိုက်ပါပြီဘုရား။ ဦးခိုက် ပူဇော်ထိုက် နေပါပြီဘုရား။

ဆရာတော် ~ ဒါကြောင့် ဘယ်အရာကမှ ဟန့်တားမရနိုင်လောက်အောင် ထက်သန်နေတဲ့ ဆန္ဒ ပြင်းပြနေသူအဖို့ "*ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဈတိ*" "အို ဆန္ဒ ကြီးမားရင် ဘာကိစ္စ မအောင်မြင်ဘဲ ရှိရမလဲ"လို့ ပြောကြတာပါ ဦးဇင်း။

## ဝီရိယာဓိပတိ

MA ဦးဇင်း ~ ဆန္ဒအကြောင်းပြီးတော့ ဘုရားတပည့်တော် ဝီရိယအကြောင်းကိုလည်း သိချင်ပါတယ်ဘုရား။

ဆရာတော် ~ အဓိပတိဝီရိယမျိုး ရှိတဲ့သူတွေက ဘယ်အလုပ်ပဲလုပ်လုပ် ခံယူချက် ပြင်းထန်တယ်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ ဝီရိယလိုမျိုးက အဓိပတိ ထိုက်တဲ့ ဝီရိယပါ။ မိုးရွာနေလို့၊ နေပူနေလို့၊ စောနေသေးလို့၊ မိုးချုပ်သွားလို့ ဆိုပြီး နောက်ဆုတ်တတ်တဲ့လူမျိုး မဟုတ်ပါဘူး။

MA ဦးဇင်း ~ တင်ပါ့ဘုရား။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ အဲဒီ ဝီရိယအဓိပတိခါတ်က အုပ်စိုးလိုက်တဲ့အခါမှာ ဝီရိယအဓိပတိက အကုန်လုံးကို အုပ်စိုးပါတော့တယ်။ ဝီရိယနောက်ကို စိတ္တဆိုတဲ့ စိတ်ကော၊ ဆန္ဒကော အားလုံး၊ အားလုံး လိုက်ပါကြရတယ်။ အဓိပတိဆိုတဲ့ အထွတ်အထိပ်က တစ်ချိန်မှာ တစ်ခုသာ ဖြစ်နိုင်တယ် ဦးဇင်း။

MA ဦးဇင်း ~ ဒီလေးပါးက ထက်ထက်သန်သန်ကြီး ပြင်းပြလာရင် ဘာမဖြစ်ဘဲ ရှိတော့မလဲ။ ဖြစ်ရမှာပါဘုရား။

## Power

ဆရာတော် ~ ဟုတ်ပါတယ်။ ဒါကြောင့် ဒီ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသလို့ ခေါ်တဲ့ အဓိပတိ တရားလေးပါးကို ဣဒ္ဓိ Power လို့လည်း ခေါ်တယ် ဦးဇင်း။ ဘာကြောင့်လဲ ဆိုရင် သူရှိလာရင် မဖြစ်ဘဲကို မနေဘူး၊ အောင်ကိုအောင်မြင်တယ်။

MA ဦးဇင်း ~ တပည့်တော်လည်း အဓိပတိ Power ရှိလာအောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ Power ကို ဝီရိယာဓိပတိနဲ့ ယှဉ်ပြီးပြောရရင် ရိုးရိုးဝီရိယနဲ့ အဓိပတိထိုက်တဲ့ ဝီရိယဆိုပြီး နှစ်မျိုးရှိသေးတယ်။ အဓိပတိထိုက်တဲ့ ဝီရိယက တန်ခိုးကြီးတယ်၊ ခိုင်ခံ့တယ်၊ မပျောက်ပျက်လွယ်ဘူး။ အဓိပတိထိုက်တဲ့ ဝီရိယကြောင့် မောတယ်၊ ပင်ပန်းတယ်ရယ်လို့ မရှိတော့ဘူး။

MA ဦးဇင်း ~ အသက်သေရင်လည်း သေပါစေတော့။ အသက်ကိုလည်း မငဲ့ကွက်တော့ဘူး။ မဖြစ်နိုင်ဘူးလို့ တွေးလည်းမတွေးဘူး။ မိမိရည်မှန်းရာ ပန်းတိုင်ကို မမှိတ်မသုန် တွင်တွင်ကြီး သွားတာမျိုးကို အောင်မြင်တဲ့သူများရဲ့ အတ္ထုပ္ပတ္တိစာအုပ်တွေမှာ ဖတ်ဖူးတယ်ဘုရား။

## ရှဉ့်မင်း၏ဝီရိယ

ဆရာတော် ~ ဟုတ်ပါတယ်။ ဒီမှာသတိရတဲ့အကြောင်းအရာ တစ်ခုပြောပြဦးမယ်။ ဘုရားလောင်း ရှဉ့်မျိုးမှာဖြစ်နေတဲ့ ဘဝတစ်ခုမှာတုန်းက မိုးတွေ သည်းသည်းမည်းမည်းကြီးကို ရွာချနေတယ်။ အဲဒီမိုးကြောင့် ရှဉ့်ရဲ့သားကလေးတွေနေတဲ့ အသိုက်က သမုဒ္ဒရာရေပြင်ကြီးထဲကို မျောပါသွားတော့တယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဘုရားအလောင်းရှဉ့်ကလေး ရေထဲမျောပါသွားတဲ့ သားသမီးငယ်တွေကယ်ဖို့ အတွက် တစ်နေကုန်တစ်နေခန်း အဲဒီသမုဒ္ဒရာရေကို သူ့အမြီးစုတ်ဖွားလေးနဲ့ ဆွတ်ယူပြီးတော့ ကုန်းပေါ်မှာ ခါခါချနေတယ်။

MA ဦးဇင်း ~ သမုဒ္ဒရာရေ ခန်းခြောက်အောင် လုပ်ချင်တာ။

ဆရာတော် ~ ဟုတ်တယ်။ သူ့သားသမီးတွေ ကယ်ထုတ်နိုင်ဖို့ ကြိုးပမ်းနေတာလေ။ မဖြစ်နိုင်တာ၊ ဖြစ်နိုင်တာ ထားပါလေ။ ဘုရားအလောင်းရဲ့ လုံ့လဝီရိယကို လေးစားဖို့ ကောင်းလိုက်တာ၊ ကမ္ဘာမြေပြင်မှာ ဖြစ်နေတဲ့ ဒီဖြစ်စဉ်ကို မြင်မိတဲ့ သိကြားမင်းကြီးက ရှဉ့်ဆီကိုလာပြီး "သမုဒ္ဒရာရေ ဘယ်တော့ကုန်မလဲ"လို့ မေးတာကို ဘုရားလောင်းရှဉ့်က သိကြားမင်းကို ဘယ်လိုပြောလိုက်သလဲဆိုရင် "သင်တို့လို လူပျင်းနဲ့ ငါစကားမပြောလိုဘူး၊ လာမနှောင့်ယှက်ပါနဲ့၊ ထွက်သွားပါ"တဲ့။

MA ဦးဇင်း ~ သိကြားမင်းကို နှင်လွှတ်လောက်အောင်ကို ဘုရားလောင်းရှဉ့်မင်းရဲ့ လုံ့လဝီရိယကို လေးစားပါတယ်ဘုရား။

ဆရာတော် ~ ဒီမှာလည်း ဝီရိယက အဓိပတိဖြစ်နေလို့ ကျန်တဲ့သူနဲ့ ယှဉ်ဘက် နာမ်တရားတွေကလည်း ဝီရိယနောက်လိုက်ပါပြီး သဟဇာတာဓိပတိသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ဒါကြောင့် ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာ *"ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော"* လို့ ဟောတော်မူတာပါ ဦးဇင်း။[၁]

## ဇနကမင်းသား၏ဝီရိယ

MA ဦးဇင်း ~ ဘုရားတပည့်တော် ဘုရားလောင်းမင်းသားလေး ပင်လယ်ထဲ လက်ပစ်ကူးတာကိုလည်း ဝီရိယလို့ဖတ်ဖူးတာ မှတ်မိနေပါသေးတယ်ဘုရား။

ဆရာတော် ~ မြတ်စွာဘုရားအလောင်းတော် ဇနကမင်းသားရဲ့ လုံ့လဝီရိယကလည်း အဓိပတိထိုက်ပါတယ် ဒကာကြီး။ မင်းသားလေးရဲ့ ခမည်းတော် ဘုရင်မင်းမြတ်က ဘထွေးတော်နဲ့ စစ်ဖြစ်လို့ ကျဆုံးသွားတယ်။ မယ်တော်က ထွက်ပြေးလာခဲ့ပြီး တက္ကသိုလ်ပြည်မှာ သူ့ကို ဖွားမြင်တယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ အရွယ်ရောက်လာတဲ့အခါမှာ ဘထွေးတော်ကို စစ်တိုက်ပြီး တိုင်းပြည်အာဏာပြန်ယူဖို့ စိတ်ဆုံးဖြတ်တယ်။ ဒါကြောင့် သမုဒ္ဒရာကိုဖြတ်ကျော်ပြီးတော့ သုဝဏ္ဏဘူမိကိုသွားပြီး အရောင်းအဝယ်လုပ်မယ်။ လူသူလက်နက်စုဆောင်းဖို့ ရွက်လှေကြီးနဲ့ ခရီးသွားတာ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ ခုနစ်ရက်လောက်ကြာတော့ လေတွေ၊ လှိုင်းတွေထန်လာပြီး ရွက်လှေကြီး နစ်ပါတော့တယ်။

MA ဦးဇင်း ~ စစ်မတိုက်ရသေးဘဲ ရေနစ်ပြီးတော့ သေသွားမယ်ထင်တယ်။

ဆရာတော် ~ မသေဘူးလေ။ ရွက်သင်္ဘောကြီးနစ်လို့ သုဝဏ္ဏဘူမိကို မရောက်လိုက်ဘူး။ ရွက်လှေကြီးနစ်တော့ လူတွေအားလုံးက နတ်တွေကို ပူဇော်ပသကြတယ်။

---

**ကျမ်းညွှန်း**

၁။ (၂၀၁) သုပ္ပတိဋ္ဌိတပါဒတာလက္ခဏဝဏ္ဏနာ၊ လက္ခဏသုတ္တဝဏ္ဏနာ၊ ပါထိကဝဂ္ဂအဋ္ဌကထာ။ (နှာ-၁၀၂)

ဘုရားလောင်းတော်က ဘယ်နတ်မှ တိုင်မတည်ဘူး။ သင်္ဘောပေါ်မှာပါလာတဲ့ ပျားရည်နဲ့ ပေါက်ပေါက်ကို ထောပတ်နဲ့နယ်ပြီး အားရှိအောင်စားတယ်။ ပြီးတော့ သူ့ရဲ့အင်္ကျီပုဆိုးတွေကို ထောပတ်ဆီတွေနဲ့ သုတ်လိမ်းပြီးတော့ ရွက်တိုင်ထိပ်ကို တက်တယ်၊ ခမည်းတော်ကြီးရဲ့ပြည်ဟာ ဒီဘက်မှာရှိမှာပဲလို့ မှန်းဆပြီးတော့ ရေထဲခုန်ချပြီး နေ့နေ့ညည လက်ပစ်ကူးနေတာပါပဲ။

MA ဦးဇင်း ~ ရွက်လှေထဲ ကျန်ခဲ့တဲ့လူတွေ သေကုန်သလားဘုရား။

ဆရာတော် ~ သူတို့အားလုံး ငါးစာ၊ ငါးမန်းစာတွေ ဖြစ်ကုန်တယ်။ ဆယ့်ငါးနှစ်သားလောက်ပဲ ရှိသေးတဲ့ အလောင်းတော်က ဝီရိယရှိတယ်။ သတ္တိရှိတယ်။ နောက်မဆုတ်ဘူးနော်။ စားစရာဘာမှမရှိတဲ့ ပင်လယ်ပြင်ကြီးထဲမှာ လက်ပစ်ကူးရင်း ဥပုသ်စောင့်လိုက်သေးတယ်။ အဲဒါ ဝီရိယာအဓိပတိပေါ့ ဦးဇင်း။

MA ဦးဇင်း ~ ခုနစ်ရက်လောက်ကြာမှ မဏိမေခလာနတ်သမီးက သိလို့ ကယ်လိုက်တယ်လို့ ကြားဖူးတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သူကယ်ပြီး ခမည်းတော်တိုင်းပြည်ကို ပို့ပေးလို့ ရှင်ဘုရင်ဖြစ်တာပါ၊ ဝီရိယာဓိပတိနော်။[၁]

MA ဦးဇင်း ~ တင်ပါဘုရား။ ဘုရားအလောင်းတော်ရဲ့ ဝီရိယက အလွန်ပဲ မှတ်သားထိုက်ပါတယ်ဘုရား။

ဆရာတော် ~ ဒီပင်္ကရာမြတ်စွာဘုရားရှင် ခြေတော်ရင်းမှာ ဗျာဒိတ်ခံယူပြီးတဲ့ အချိန်ကစပြီး ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ ဘုရားဖြစ်လိုတာကြောင့် ပါရမီ ၁၀ ပါးထဲက ဝီရိယပါရမီကိုလည်း ထက်ထက်သန်သန်ကြီးကို ဖြည့်ကျင့်တော်မူတာပါပဲ ဦးဇင်း။

MA ဦးဇင်း ~ အားရကျေနပ် ကြည်ညိုပါတယ်ဘုရား။

ဆရာတော် ~ ဒီကနေ့လည်း သာသနာနဲ့ကြုံတုန်း ဝီရိယစိုက်ထုတ်ပြီး အားထုတ်မယ်လို့ နှလုံးသွင်းပါ ဦးဇင်း။ ကိုယ့်ဘက်က လုံ့လဝီရိယလျှော့လိုက်တာနဲ့ ဘဝသံသရာ လွတ်မြောက်ရေး လမ်းစဉ်ပေါ်ကနေ ကျသွားနိုင်ပါတယ်။ သူတော်ကောင်းတို့ သွားရာ မဂ်ဖိုလ်နိဗ္ဗာန်လမ်းဟာ ပျင်းရိသူတို့နဲ့ မထိုက်တန်ပါဘူး။ ဝီရိယရှိသူတို့နဲ့သာ ထိုက်တန်ပါတယ်။

## စိတ္တာဓိပတိ

MA ဦးဇင်း ~ စိတ်က အဓိပတိဖြစ်လို့မို့ စိတ္တာဓိပတိလို့ ခေါ်တာပါလားဘုရား။

ဆရာတော် ~ အင်အားကောင်းတဲ့ စိတ်ကို အဓိပတိထိုက်တဲ့စိတ်လို့ ခေါ်ပါတယ်။ လျှော့ခွက်ချည်းကျန် အလံမလှဲဆိုတဲ့ စိတ်ဓာတ်မျိုးပါ။

---

**ကျမ်းညွှန်း**

၁။ မဟာဇနကဇာတကဝဏ္ဏနာ၊ မဟာနိပါတ္တ၊ ဇာတကအဋ္ဌကထာ (ဆဋ္ဌမတွဲ၊ နှာ-၃၉)

MA ဦးဇင်း ~ သူများတွေတောင် လုပ်နိုင်သေးရင် ငါလည်း လုပ်နိုင်ရမယ်ဆိုတဲ့ ခံယူချက်ကို အဓိပတိစိတ်လို့ ခေါ်နိုင်ပါသလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ ခေါ်နိုင်ပါတယ်။ ဘာတွေပဲလုပ်နေလုပ်နေ စိတ်ကတော့ ကိုယ်ဖြစ်ချင်တာကိုပဲ အမြဲ အာရုံပြုနေရမယ်လို့ ဆိုလိုတာပါ။

MA ဦးဇင်း ~ နိဗ္ဗာန်ကို လိုချင်ရင်လည်း အမြဲမပြတ် စိတ်ထဲ ရှိနေရမယ်လို့ ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်လေ။ နိဗ္ဗာန်ကိုတော့ လိုချင်တယ်။ ဒါပေမဲ့ ဘုရားသောက်တော်ရေကပ်တော့ အသက်ရှည်ချင်တယ်လို့ ဖြစ်သွားပြန်တယ်။ ဘုရားမှာ ပန်းလဲလဲရော ဖြစ်လေရာဘဝဆက်တိုင်း ဒီပန်းကလေးလို လှချင်တယ်လို့ ဖြစ်သွားပြန်ရော၊ တစ်ခါ သံဃာဆွမ်း ထွက်လောင်းတော့ ဖြစ်လေရာဘဝတိုင်း မရှိစကားမကြားပါရစေနဲ့ဘုရား ဖြစ်ပြန်ရောဗျာ။ ဒီမှာကြည့်ပါလား အဓိပတိက ပျောက်နေတယ်။

MA ဦးဇင်း ~ တစ်ခါလုပ် စိတ်က တစ်မျိုး၊ တစ်မျိုး ပြောင်းပြောင်းနေရင် နိဗ္ဗာန်နဲ့ ဝေးသွားမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဝေးပြီလေ။ ဒါကြောင့် ဘယ်ကောင်းမှုလုပ်လုပ် နိဗ္ဗာန်ဘက်ကိုပဲ အာရုံပြုရမယ်။ ဘယ်ကုသိုလ်လုပ်လုပ် နိဗ္ဗာန်ဘက်ကိုပဲ အာရုံပြုရမယ်။ ဒီအာရုံပြုတဲ့စိတ်က အားကြီးနေဖို့ လိုပါတယ်။ ဒါမှ စိတ္တာဓိပတိ ဖြစ်မှာနော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ လောကီ၊ လောကုတ္တရာ အောင်မြင်ဖို့အတွက် နည်းလမ်းကောင်းပါဘုရား။

## တိပိဋကဆရာတော်၏ အဓိပတိစိတ်

ဆရာတော် ~ ဟုတ်တယ်။ လောကီအောင်မြင်ရေးဆိုလို့ သတိရတာလေး ပြောပြဦးမယ်။ ဆရာတော်ကြီးတစ်ပါးကို တိပိဋက မင်းကွန်းဆရာတော်ကြီးက “တပည့်တော်ဟာ ဘာပဲလုပ်လုပ် အဓိပတိစိတ်နဲ့ လုပ်ပါတယ်။ ဖြစ်သလို မလုပ်တတ်ဘူး။ စိတ်ကို နှစ်ပြီးတော့ လုပ်တာပါဘုရား။ ဒါကြောင့် အခုလို အခြေအနေကို ရောက်လာတာပါဘုရား” လို့ မိန့်တော်မူဖူးပါတယ်။

MA ဦးဇင်း ~ မင်းကွန်းဆရာတော်ကြီးက စာပေအရာမှာလည်း ထိပ်တန်းအဆင့် ရောက်တော်မူခဲ့သလို သာသနာပြုအလုပ် လုပ်ရာမှာလည်း စွမ်းစွမ်းတမံ အောင်မြင်တော်မူခဲ့တာက အဓိပတိစိတ်နဲ့ ဆောင်ရွက်တော်မူခဲ့ကြောင်းကို အခုမှ သိရလို့ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ~ ဆရာတော်ကြီးများရဲ့ စိတ်ဓာတ်တော်က ကြည်ညိုမဆုံးအောင်ပါပဲ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဒါဆိုရင် ဘယ်ဘုရား၊ ဘယ်နတ်၊ ဘယ်တန်ခိုးရှင်မှ မ-စတာ၊ ကယ်တင်တာ မဟုတ်ဘူး။ တပည့်တော်တို့ရဲ့ စိတ်ဆန္ဒ ပြင်းပြမှုကြောင့်ပဲ ဘဝမှာ အောင်မြင်တာကို သိရလို့ တပည့်တော် အားတက်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒါ စိတ္တာဓိပတိနော်။ စိတ်ကို အဓိပတိတပ်လိုက်တော့ ဆန္ဒကလဲ စိတ်အလိုအတိုင်း သွားတော့တယ်။ ဝီရိယကလည်း စိတ်အလိုအတိုင်းပဲ သွားတော့တာပဲ။ ဝီမံသလို့ခေါ်တဲ့ ပညာကလည်း စိတ်အလိုအတိုင်းပဲ အကောင်အထည် ဖော်တော့တယ်။ ယှဉ်ဘက် စေတသိက်တွေကလည်း သွားတယ်။ ဒါတင်မကသေးဘူး။ ဒီစိတ်၊ စေတသိက်တွေကြောင့် ဖြစ်တဲ့ရုပ်တွေကလည်း စိတ်အလိုအတိုင်းပဲ သွားတော့တာပဲ။ ဒါ အဓိပတိရဲ့သတ္တိတွေက မောင်းနှင်လိုက်တာမို့လို့ မဖြစ်ဘဲ ဘယ်နေတော့မလဲ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် နားလည်သလို လျှောက်ထားရရင် အဓိပတိစိတ်ကြောင့် သဒ္ဓါတွေ၊ ဝီရိယတွေ အစရှိတဲ့ နာမ်တရားတွေအပါအဝင် ကိုယ်အမူအရာတွေ နှုတ်အမူအရာတွေပါ ဖြစ်လာကြပါတယ်ဘုရား။

## အဓိပတိစိတ်က အကြောင်းတရား

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်ဦးဇင်း။ ဒါကြောင့် ဒီမှာ အဓိပတိစိတ်က အကြောင်းတရားနော်။ အဲဒီ အဓိပတိစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တွေ၊ နာမ်တွေက အကျိုးတရားတွေပါ။ ဉာဏ်ထဲပေါ်ရဲ့လားမသိဘူး။

MA ဦးဇင်း ~ တပည့်တော် သတိရတဲ့စာကို လျှောက်ပ့ါမယ်ဘုရား။ မှားရင် ပြင်ပေးပါဘုရား။ *'ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ-ပစ္စယေန ပစ္စယော'* ဆိုရင် ရပါသလားဘုရား။

ဆရာတော် ~ ဟုတ်တယ်ဗျာ၊ ဟုတ်တယ်။ မှန်တယ်။ ကုသိုလ် အဓိပတိစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇရုပ်တွေ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာ လို့ ခေါ်တဲ့ ကုသိုလ်နာမ်ခန္ဓာတွေလေ။

MA ဦးဇင်း ~ အဓိပတိစိတ်က အကြောင်းတရား အဓိပတိစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တွေ၊ နာမ်တွေက အကျိုးတရား ဆိုတာတော့ နည်းနည်းစီ နားလည်လာပါ ပြီဘုရား။

ဆရာတော် ~ မှန်တယ်၊ ဟုတ်တယ်။

MA ဦးဇင်း ~ ဒါဆိုရင် ပဋ္ဌာန်းတရားတော်ဆိုတာ တပည့်တော်တို့ရဲ့ နေ့စဉ်ဘဝထဲ ပါနေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်လေ။ ပဋ္ဌာန်းတရားတော်ဆိုတာ တပည့်တော်တို့၊ အရှင်ဘုရားတို့ရဲ့ နေ့စဉ်ဘဝထဲမှာ အမြဲပါနေပါတယ်။ သို့သော် လူတိုင်းက နာမည်မတပ်တတ်ဘူး။ အခု ဦးဇင်းရဲ့ နေ့စဉ်ဘဝထဲမှာ ပဋ္ဌာန်းတရားကို နည်းနည်းတွေ့လာပြီနော်။

MA ဦးဇင်း ~ တင်ပါ။ ပဋ္ဌာန်းဆိုတာ တပည့်တော်တို့ရဲ့ ဘဝပါပဲလားဆိုတာကို နည်းနည်း တွေးတတ်လာပါတယ်ဘုရား။

ဆရာတော် ~ ပိုပြီးတွေးတတ်လာအောင် ပြောပြဦးမယ်နော်။ ဆိုပါစို့၊ တရားကို ပုံမှန်အချိန် ပေးပြီး နေ့စဉ်ရက်ဆက် ထိုင်လေ့ရှိတဲ့သူအဖို့ အဲဒီအချိန်ရောက်ပြီဆိုရင် တရား ထိုင်ကိုထိုင်ချင်နေတာမျိုး၊ အဲသလိုတရားကို အာရုံပြုနေရတုန်းမှာလဲ စိတ်က အေးချမ်းလို့။ ဥပုသ်သီလ ဆောက်တည်တဲ့ အချိန်ကျတော့လည်း ဥပုသ်ကို ဆောက်တည်ရမှ၊ ဘုရားရှိခိုးတဲ့ အချိန်ကျရင်လည်း ဘုရားရှိခိုးကို ရှိခိုးရမှ၊ ဒါက ဘာလဲဆိုရင် ကုသိုလ်စိတ်၊ အဓိပတိစိတ်ဖြစ်နေလို့ ကုသိုလ်တွေကို မလုပ်ဘဲ နေလို့ကို မရတော့တာပါ။

MA ဦးဇင်း ~ မှန်ပါ။ ပဋ္ဌာန်းတရားတော်က ဘဝထဲကို ရောက်လို့ရောက်မှန်းမသိ ရောက်နေ တာကို နည်းနည်းပိုပြီး နားလည်ပါပြီဘုရား၊ ဒါဆိုရင် စိတ်ကိုပဲ ဦးဆောင်နေရာ၊ အဓိပတိနေရာ အမြဲထားရတာလားဘုရား။

## အဓိပတိလေးပါး

ဆရာတော် ~ တချို့က 'ဒီစိတ်ကကို ပျော့ညံ့နေလို့ပါ၊ စိတ်ဓာတ်သာ ထက်သန်လို့ရှိရင် ဘာမဖြစ်ဘဲ ရှိနိုင်ရမလဲ'တဲ့။ ဒီလိုပုဂ္ဂိုလ်မျိုးမှာ စိတ္တာဓိပတိပေါ့၊ ဒါပေမဲ့ တချို့ပုဂ္ဂိုလ်ကျတော့ အဲသလိုမဟုတ်ပြန်ဘူး' ဝီရိယမရှိလို့ပါ၊ ဝီရိယသာရှိရင် ဘာမဖြစ်ဘဲ နေနိုင်မလဲ'တဲ့ ဒီလိုလူမျိုးကျတော့ ဝီရိယာဓိပတိပေါ့ ဦးဇင်း၊ တချို့က 'ဉာဏ်ပညာတုံးနေလို့ပါ၊ ဉာဏ်ပညာသာ ထက်သန်လို့ရှိရင် ဘာမဖြစ်ဘဲ ရှိမလဲ' ဆိုတော့ ဝီမံသခေါ်တဲ့ ပညာအဓိပတိ ဖြစ်လာပြန်ရော၊ ပုဂ္ဂိုလ်အား လျော်စွာ ဘဝါဘဝကသတ္တိရဲ့အဟုန်လည်း ပါတာပေါ့ ဦးဇင်း။

MA ဦးဇင်း ~ အဓိပတိသတ္တိဆိုတာ စိတ်မှာရော၊ ကိုယ်မှာရော တစ်ကိုယ်လုံးမှာကို ပါလာတော့ အောင်မြင်ပြီပေါ့ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဒီပင်္ကရာမြတ်စွာဘုရားရှင် ခြေတော်ရင်းမှာ ဗျာဒိတ်ခံပြီးတဲ့ အချိန်ကစလို့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘုရား လောင်းတော် ဘဝါဘဝတွေမှာ ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့ပါတယ်။ ဘဝတွေကတော့ နိမ့်ချည် မြင့်ချည် ရှိတယ်။ ဆိုလိုတာက နိမ့်ကျသွားတဲ့ ဘဝအမျိုးမျိုးတွေလည်း ဖြစ်ခဲ့ဖူးတယ်။ သို့သော် အဲဒီနိမ့်ကျသွားတဲ့ ဘဝတွေ မှာလည်း ဘုရားဖြစ်ချင်တဲ့ စိတ်ဓာတ်တော်က ပျောက်မသွားဘူး။ ဘယ်လောက်ပဲ ဒုက္ခတွေ တွေ့ရတွေ့ရ အလောင်းတော်မှာ ဘုရားဖြစ်လိုတဲ့စိတ်က မပျောက် သွားဘူး။ စိတ်ဓာတ်တော်က အဓိပတိထိုက်နေပါတယ်။ မြင့်မြတ်တဲ့ဘဝတွေ

ရောက်ပြီး လူစည်းစိမ်၊ နတ်စည်းစိမ်တွေ ခံစားနေရတဲ့ အခါမှာလည်း ဣဋ္ဌာရုံ ဖြစ်တဲ့ ကောင်းတဲ့အာရုံတွေနဲ့ ပျော်မွေ့နေရပါသော်လည်း ဘုရားဖြစ်လိုတဲ့ စိတ်ဓာတ်တော်ကြီးက မပျောက်သွားဘူး ဦးဇင်း။ တစ်ခါတည်း စိတ္တာဓိပတိ ထိုက်နေတဲ့အတွက် စွဲမြဲနေတော့တယ်။

MA ဦးဇင်း ~ အံ့သြစရာပါဘုရား။ အခုလိုတပည့်တော်တို့ရဲ့ စိတ်အကြောင်းကို သိရလို့ ဝမ်းသာမဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ~ ဒါကြောင့် အဘိဓမ္မာပဋ္ဌာန်းတရားမှာ ဇာတ်ကောင်မရှိဘူး ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ မိမိကိုယ်တိုင် ဇာတ်ကောင်နေရာကို ရောက်နေသလို ခံစားရပါတယ်ဘုရား။

ဆရာတော် ~ မှန်ပါတယ်။ ဝိနည်းမှာ ဘယ်ရဟန်းကို အကြောင်းပြုပြီး သိက္ခာပုဒ် ပညတ်တော်မူတယ်လို့ရှိတယ်။ သုတ္တန်မှာ ဘယ်ပုဏ္ဏားကို အကြောင်းပြု ဟောတော်မူတယ်။ ဘယ်နတ်က မေးလျှောက်လို့ ဟောတော်မူတယ်ဆိုတာ ရှိပါတယ်။ အဘိဓမ္မာမှာက ဇာတ်ဆောင်က မိမိကိုယ်တိုင် ဖြစ်နေပါတော့တယ် ဦးဇင်း။

## ဝီမံသာဓိပတိ

MA ဦးဇင်း ~ ပညာအဓိပတိကိုလည်း တပည့်တော်တို့ရဲ့ ဘဝထဲရောက်အောင် နားလည်ချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အဓိပတိပညာဆိုတာ ထက်မြက်သွက်လက်တဲ့ ဉာဏ်မျိုးကို ဆိုလိုတာပါ။ ဒီအဓိပတိပညာကို ပဋ္ဌာန်းပါဠိတော်မှာ ဝီမံသာဓိပတိလို့ ခေါ်ပါတယ်နော်။ ဝီမံသာဓိပတိလို့ခေါ်တဲ့ အဓိပတိပညာက ကုသိုလ်အမှုမှာပဲ ဦးဆောင်တယ်နော်။ ဒါကြောင့် ဆန္ဒတွေ၊ စိတ္တတွေ၊ ဝီရိယတွေက အဓိပတိတရားတွေ ပြည့်စုံပါသော်လည်း ဉာဏ်ပညာမရှိရင် အကုသိုလ်တွေ အစွမ်းကုန်လုပ်ပြီး မိုက်နေကြလိမ့်မယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ~ တင်ပါ့ဘုရား။

ဆရာတော် ~ ဒါကြောင့် ဆန္ဒတို့၊ စိတ္တတို့၊ ဝီရိယတို့က ကုသိုလ်နဲ့ ယှဉ်ခွင့်ရရင်လည်း ကောင်းမှုအဖုံဖုံကို မနားမနေ ထက်ထက်သန်သန်ကြီးပြုပါတယ်။ အကုသိုလ်နဲ့ ယှဉ်ပြန်ရင်လည်း မကောင်းမှုအဖုံဖုံကို မနားမနေ ထက်ထက်သန်သန်ကြီးကို လုပ်ကြပေတော့တယ်။[၁]

---

**ကျမ်းညွှန်း**

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီ

## ဉာဏ်ပညာ၏ အထိန်းအကွပ်လို့သည်

MA ဦးဇင်း ~ အခုလိုဖြစ်ရတာ ဉာဏ်ပညာရဲ့ အထိန်းအကွပ် မရတာကြောင့်ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်။ ဒါကြောင့် ဉာဏ်ပညာကြီးတဲ့သူကို ဉာဏ်ပညာနုံ့တဲ့လူတွေက ကဲ့ရဲ့ကြတယ်။ ဉာဏ်ပညာကြီးဖို့အတွက်လည်း စိတ်မညွတ်ကြရုံမကဘူး၊ ဉာဏ်ပညာအားနည်းတဲ့သူတွေက ဉာဏ်ပညာကြီးမြတ်သူတို့ရဲ့ လုပ်ရပ်တွေ စိတ်ဓာတ်တွေ၊ ဝီရိယတွေကို အားကျဖို့ဝေးစွ 'ယောက်ျားမြတ်တို့ကသာ လုပ်နိုင်ကြတာပါ။ ငါတို့ရဲ့အရာ မဟုတ်ဘူးကွာ'ဆိုပြီး တစ်ခါတည်း လက်မြှောက်လိုက်ကြတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ တပည့်တော် သတိပြုမိတာတစ်ခုက ပျင်းတဲ့သူတွေကလည်း လုံ့လဝီရိယ ရှိတဲ့သူရဲ့လုပ်ရပ်ကို ကဲ့ရဲ့ ပြစ်တင်ကြတယ်ဘုရား။

ဆရာတော် ~ မှန်တယ်။ စိတ်ဆန္ဒထက်သန်သူတို့ရဲ့ လုပ်ရပ်ကို စိတ်ဓာတ်အား၊ ဆန္ဒအား နိမ့်ပါးတဲ့သူတွေက မကြိုက်ကြပါဘူး။

MA ဦးဇင်း ~ ဉာဏ်ပညာကြီးမားတဲ့သူများ ပင်ပန်းခံဖို့ကြုံရင် သည်းခံနိုင်ကြပါသလားဘုရား။

ဆရာတော် ~ ကိုယ် စိတ် ဘယ်လောက်ပင်ပန်းပါစေ၊ အချိန်ကာလ ဘယ်လောက်ကြာမြင့်ပါစေ ဉာဏ်ပညာကြီးမြတ်သူတို့က လက်မလျှော့ဘဲ ဆုံးခန်းတိုင် ပြီးမြောက်အောင် ဆောင်ရွက်ကြပါတယ်။ ဒါကြောင့် 'အို အသိဉာဏ်ပညာသာကြီးမားရင် ဘာကိစ္စ မအောင်မြင်ဘဲ ရှိရမလဲ'လို့ ဆိုလေ့ရှိတာလေ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ ပညာဉာဏ်အားကြီးတဲ့ ပုဂ္ဂိုလ်တွေက သူတကာ ပြုနိုင်ခဲတာကို နေ့နေ့ညည လုပ်နေရလည်း ပင်ပန်းတယ်ရယ်လို့ မြင်တော်မမူကြဘူး။ ရည်မှန်းရာပန်းတိုင်ကို ရောက်အောင် ဒီတစ်ဘဝမက ဘဝအဆက်ဆက် လုပ်ရမယ်ဆိုရင်လည်း မငြီးငွေ့ကြဘူး။ စိတ်ဓာတ်တွေ၊ ဆန္ဒတွေ တစ်ခါတည်း ထက်သန်နေတော့တာပါပဲ။

MA ဦးဇင်း ~ မှန်ပါဘုရား။

## ဘဝပြောင်းသော်လည်း အလုပ်မပြောင်းပါ

ဆရာတော် ~ ဘုရားအလောင်းတော်က ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်းမှာ ဝီမံသဆိုတဲ့ ပညာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပါတယ်။ အခု ပဋ္ဌာန်းအဓိပတိပစ္စည်းနဲ့ကြည့်ရင် ဝီမံသာဓိပတိ ထိုက်နေတယ်နော်။

MA ဦးဇင်း ~ ဆရာတော် တစ်ခါမိန့်တော်မူဖူးတာ 'သူတို့က ဘဝသာ ပြောင်းသွားတယ်၊ သူတို့ရဲ့ လုပ်လက်စအလုပ်က မပြောင်းဘူး။ ဘာကြောင့်လဲဆိုရင် သူတို့က သေပြီး

ဘဝခြားခြင်းကြောင့် သူတို့ရဲ့ ရည်မှန်းချက်၊ သူတို့ရဲ့ ရည်ရွယ်ချက်၊ သူတို့ရဲ့ ပန်းတိုင်ကို ဘာမှထိခိုက်ခြင်း မရှိဘူး’ ဆိုတာ သတိရနေပါသေးတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း။ ဒါကလည်း ရည်မှန်းချက်က အလွန်ကို ကြီးမားပြီး အဓိပတိ ထိုက်နေလို့ပါပဲ။

MA ဦးဇင်း ~ မှန်ပါ။ အဲဒီပုဂ္ဂိုလ်တို့မှာ ဆန္ဒလည်း အဓိပတိ၊ ဝီရိယလည်း အဓိပတိ၊ စိတ္တလည်း အဓိပတိ၊ ဝီမံသပညာလည်း အဓိပတိ ဖြစ်နေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ အလွန် မှတ်သားထိုက်ပါတယ်ဘုရား။ လောဘနဲ့ ဆန္ဒက သဘောချင်းတူတူပဲလားလို့ မေးလျှောက်ပါရစေဘုရား။

## အန္တဗာလတွေမှာ လောဘအားကြီးသည်

ဆရာတော် ~ အန္ဓဗာလပုထုဇဉ်တွေမှာ လောဘက ဆန္ဒထက် အလွန်ကိုအားကြီးကြတယ်၊ ပညာရှိသူတော်ကောင်းတို့ရဲ့ သန္တာန်၌မှာကျတော့ ဆန္ဒက လောဘထက် အားကြီးလေ့ရှိပါတယ်။

MA ဦးဇင်း ~ ဘာ့ကြောင့် အခုလို ကွဲပြားရတာပါလဲဘုရား။

ဆရာတော် ~ အကယ်၍ လောဘက ဆန္ဒထက် အားကြီးနေမယ်ဆိုရင် ဘယ်ပုဂ္ဂိုလ်ကမှ မိမိရဲ့ ပြည့်စုံနေတဲ့ဘဝကို စွန့်ခွာပြီး နိက္ခမပါရမီကို ဖြည့်ကျင့်မှာ မဟုတ်ပါဘူး ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ တပည့်တော် အခုလို မတွေးထားမိဘူးဘုရား။

ဆရာတော် ~ ဆန္ဒက အဓိပတိထိုက်တယ်နော်။ လောဘတို့၊ ဒေါသတို့၊ မောဟတို့က အဓိပတိ မထိုက်ဘူးလေ။

MA ဦးဇင်း ~ ဟုတ်သားပဲ။ ဝီရိယက အဓိပတိထိုက်တယ်၊ လောဘတို့၊ ဒေါသတို့က အဓိပတိ မထိုက်ဘူးဘုရား။

ဆရာတော် ~ ဝီရိယနဲ့ ဆန္ဒက ကုသိုလ်လည်း မဟုတ်ဘူး၊ အကုသိုလ်လည်း မဟုတ်ပါဘူး။ ကုသိုလ်နဲ့ပေါင်းရင် ကုသိုလ်သတ္တိတိုးပြီး၊ အကုသိုလ်နဲ့ပေါင်းမိရင် သူတို့ကြောင့် အကုသိုလ်တန်ခိုးတွေ ထွားတော့တယ်။

MA ဦးဇင်း ~ ဟုတ်သားပဲ၊ ဟေတုပစ္စည်းမှာ လောဘပါတယ်။ အဓိပတိပစ္စည်းမှာ လောဘ မပါလာဘဲ ဆန္ဒပါလာပါတယ်ဘုရား။

ဆရာတော် ~ ဦးဇင်း ပဋ္ဌာန်းတရားကို အခုလို စဉ်းစားတတ်လာတာ ကောင်းတယ်။ လောဘက အကုသိုလ်နဲ့သာ ပေါင်းတယ်နော်။ သူကကုသိုလ်နဲ့ မပေါင်းဘူး။ ဆန္ဒကတော့ ကုသိုလ်နဲ့လည်းပေါင်းတယ်၊ အကုသိုလ်နဲ့လည်းပေါင်းတယ်။

## အဓိပတိ မရသည့်ဟိတ်

MA ဦးဇင်း ~ ဟိတ်ခြောက်ပါးမှာ အဓိပတိထိုက်တာ ဘယ်နှစ်ခုရပါသလဲဘုရား။

ဆရာတော် ~ ဟိတ်ခြောက်ပါးမှာ အဓိပတိရတာဆိုလို့ အမောဟတစ်ပါးပဲရှိတယ်။ အလောဘ ဟောတုတို့၊ အဒေါသဟေတုတို့က အမောဟလို့ခေါ်တဲ့ ဉာဏ်နဲ့ပေါင်းမိမှသာ အားကောင်းလာတာပါ။ ဒီနေရာမှာ စဉ်းစားဖို့လိုတာက အဓိပတိထိုက်တဲ့ တရားသုံးပါးက အကုသိုလ်စေတသိက်ထဲလည်းမပါဘူး။ ကုသိုလ်စေတသိက် ထဲလည်းမပါဘူး။ ဒါ သတိထားစရာ တစ်ခုနော်။ ဒါကြောင့် ဆန္ဒက ကောင်းတာ လည်းရှိနိုင်သလို၊ မကောင်းတာလည်း ရှိနိုင်တယ်။ ဝီရိယကလည်း ကောင်းတာ ရှိနိုင်သလို၊ မကောင်းတာလည်း ရှိနိုင်ပါတယ်။ စိတ်ကလည်း ကောင်းတာ ရှိနိုင်သလို မကောင်းတာလည်း ရှိနိုင်တယ်နော် ဦးဇင်း။

MA ဦးဇင်း ~ တင်ပါဘုရား၊ နက်နဲလှပါတယ်ဘုရား။ ပညာက ဘယ်လိုများ ရှိတာပါလဲဘုရား။

ဆရာတော် ~ ဝီမံသလို့ခေါ်တဲ့ပညာက အကုသိုလ်ဘက်မှာ မရှိဘူး။ ကုသိုလ်ဘက်မှာသာ အမြဲရှိပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှတ်သားထားပါ့မယ်ဘုရား။ အဓိပတိလေးပါးလုံးရပြီး တရားရသွားတဲ့ သာဓကများ ရှိပါသလားဘုရား။

## သမဏနတ်သား

ဆရာတော် ~ ရှိတယ်၊ ရှိတယ် ဦးဇင်း။ လူ့ပြည်မှာ တရားအားထုတ်ပြီး နတ်သားဘဝရောက်တဲ့ အထိ ဆက်အားထုတ်တဲ့ သာဓကတစ်ခုကို ပြောပြမယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ရဟန်းတစ်ပါး တောထဲမှာ ကြိုးစားတရားအားထုတ်ရင်း ပျံလွန်တော်မူသွားပြီး တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ပါတယ်။ သူတရားအားထုတ်နေတဲ့အခါမှာ တရားထူး တရားမြတ်တွေရအောင် အားထုတ်မယ်ဆိုတဲ့ဆန္ဒ ပြင်းပြနေပါတယ်။ အဲဒါ ဆန္ဒာဓိပတိ ဖြစ်နေတယ်။ မအိပ်မနေ အားထုတ်တဲ့ လုံ့လ ဝီရိယက ဝီရိယာဓိပတိ ဖြစ်နေတယ်။ စွဲစွဲမြဲမြဲစိတ်နဲ့ အားထုတ်နေလိုက်တာ သူနတ် ပြည်ရောက်ပြီး နတ်သားဖြစ်တာတောင် သူမသိဘူး။ သူ ဘာထင်နေသလဲဆိုရင် တောထဲမှာ တရားအားထုတ်နေတဲ့ ရဟန်းလို့ပဲ သူထင်နေတယ်။ ဒါက စိတ္တာ ဓိပတိ ဖြစ်နေတာပါ။

MA ဦးဇင်း ~ မှန်ပါ။ ပျံလွန်ပြီး ဘဝအသစ်ကိုရတာတောင်မှ စိတ်က ခိုင်မြဲလိုက်တာဘုရား။ သူဘဝပြောင်းသွားတောင်မှ ဒီစိတ်ပဲ ရှိနေသေးတဲ့အတွက် စိတ္တာဓိပတိ ထိုက် တယ်လို့ ယူရတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်ပါတယ်။ အလွန်စိတ်ဝင်စားစရာ ကောင်းတာက လူ့ပြည်က အဓိပတိထိုက်နေတဲ့သတ္တိက နတ်ပြည်ထိအောင် ပါသွားတယ်။ ဒီနတ်သားမှာ အဓိပတိတရား ၄ ပါးလုံး ရနေတယ်နော်။

MA ဦးဇင်း ~ တရားထူးရပြီးမှ နတ်သား ဖြစ်သွားတာပါလားဘုရား။

ဆရာတော် ~ လူ့ပြည်မှာ တရားထူးမရသွားဘူး။ နတ်ပြည်ရောက်ပြီး ဘုရားရှင်ထံတော်ပါးမှ တရားနာကြားပြီးမှ တရားရတာ ဦးဇင်း။

MA ဦးဇင်း ~ လူ့ပြည်မှာ ကြိုးစားပါသော်လည်း သူတရားမရလိုက်ဘဲ နတ်ပြည်ရောက်တော့ တရားရဖို့ လွယ်သွားတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ နတ်ပြည်ဆိုတာ ကံအဟုန်ကြီးမားတဲ့ ဘုံဘဝဖြစ်တော့ ဉာဏ်တွေက အလွန် ထက်မြက်တယ်။ တစ်ကွေးတစ်ဆန့် အတွင်းမှာကို တရားထူး တရားမြတ်တွေ ရသွားနိုင်တယ်။ နှလုံးသွင်း ဆင်ခြင်ရှုမှတ်လိုက်လို့ရှိရင် ဂါထာ တစ်ပုဒ်အဆုံးမှာတင် တရားရသွားနိုင်တယ်။ သို့သော် လူ့ပြည်က တရားသတ္တိတွေ ပါသွားဖို့တော့ လိုတယ်နော်။ နို့မဟုတ်ရင် နတ်ကာမဂုဏ် အာရုံတွေနဲ့ မူးမေ့ သွားနိုင်တယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဘုရားတပည့်တော် အဓိပတိလေးပါးကို တော်တော်လေး သိရပါပြီ ဘုရား။ အခု အာရုံအဓိပတိ ဆိုတာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ အဲဒီ ဆန္ဒ၊ စိတ္တ၊ ဝီရိယနဲ့ ဝီမံသက မိမိတို့ရဲ့ အတွင်းဘက်က စွမ်းအားနော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ အာရုံတွေက အပြင်ဘက် စွမ်းအားပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ သူက အပြင်ဘက်က ဖြစ်ပါတယ်။

## အာရမ္မဏာဓိပတိ

MA ဦးဇင်း ~ စွမ်းပကားနှစ်မျိုးကို မှတ်မိပါပြီဘုရား။ တပည့်တော် အာရုံဖြစ်တဲ့ အာရမ္မဏာ ဓိပတိကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ရူပါရုံအဆင်းမှာ သာမန်ရူပါရုံအဆင်းနဲ့ အလွန်အကဲလှပတဲ့ ရူပါရုံအဆင်း ဆိုပြီး နှစ်မျိုးရှိတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ သာမန်ရူပါရုံအဆင်းက အာရမ္မဏသတ္တိပဲရှိတယ်။ လွန်ကဲတဲ့ ရူပါရုံမှာ ကျတော့ အာရမ္မဏသတ္တိနဲ့ အာရမ္မဏာဓိပတိသတ္တိ နှစ်မျိုးရှိတယ် ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော်တို့ တစ်နေ့တစ်နေ့ တွေ့ဆုံနေတဲ့ သာမန်အာရုံတွေမှာ အဓိပတိ သတ္တိ မရှိဘူးဆိုတာ အခုမှ သတိထားမိတာပါဘုရား။

ဆရာတော် ~ အာရမ္မဏာဓိပတိ သတ္တိရှိတဲ့ရူပါရုံက စိတ်ကို လွှမ်းမိုးချင်တိုင်း လွှမ်းမိုးနိုင်တယ်၊ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နိုင်ပါတယ်။

MA ဦးဇင်း ~ ဒါကြောင့် မမြင်ရရင်၊ မကြားရရင် မနေနိုင်အောင် ဖြစ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်ပါတယ်။ ဒါကြောင့် ပဘာဝတီရဲ့ ရူပါရုံက မင်းကုသအတွက် အာရမ္မဏာဓိပတိထိုက်တဲ့အတွက် ယူဇနာတစ်ရာ၊ မိုင်ရှစ်ရာလောက်ဝေးတဲ့ ခရီးကို မနားမနေသွားနိုင်လောက်အောင် အားတွေရှိနေတာပါ။

MA ဦးဇင်း ~ အဓိပတိသတ္တိက အံ့ဩစရာပါပဲဘုရား။

## စိတ်ကို ဖမ်းစားနိုင်သောအာရုံ

ဆရာတော် ~ ဂုတ္တိလစောင်းဆရာကြီးရဲ့ စောင်းသံက ပြည့်တန်ဆာမအတွက် အာရမ္မဏာဓိပတိ ထိုက်လို့မို့ ပြည့်တန်ဆာမ လေသာပြတင်းကနေ ခုန်ဆင်းမိတဲ့အထိကို ဖြစ်သွားပါတယ်။ အခုလို သာမန်အာရုံထက် လွန်လွန်ကဲကဲ ဆွဲဆောင်နိုင်လောက်အောင် သတ္တိထူးရှိလို့ အာရမ္မဏာဓိပတိထိုက်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ အာရုံအဓိပတိက အလွန် စိတ်ဝင်စားစရာကောင်းပါတယ်ဘုရား။

ဆရာတော် ~ အာရမ္မဏာဓိပတိမှာ အာရမ္မဏကတစ်လုံး၊ အဓိပတိကတစ်လုံး ဖြစ်ပါတယ်။ အာရမ္မဏရဲ့ အဓိပ္ပာယ်က အာရုံနော်။ ဒီတော့ အာရမ္မဏာဓိပတိကို မြန်မာလို ရိုးရိုးကလေး ပြောရရင် စိတ်ကို ဆွဲဆောင်နိုင်စွမ်းတဲ့အာရုံ၊ စိတ်ကို ညှို့ယူ နိုင်စွမ်းတဲ့ အာရုံ၊ စိတ်ကို ဖမ်းစားနိုင်စွမ်းတဲ့ အာရုံပါပဲ။

MA ဦးဇင်း ~ မှန်ပါ။ တစ်ခါကြည့်ပြီးရင် မကြည့်ဘဲ မနေနိုင်တာ၊ တစ်ခါကြားပြီးရင် နားမ ထောင်ဘဲ မနေနိုင်တာမျိုးကို ဆိုလိုတာထင်ပါတယ်။

ဆရာတော် ~ ဟုတ်ပါတယ် ဦးဇင်း။ မှန်ပါတယ်။ အားကောင်းပြီး စိတ်ကို ဆွဲဆောင်နိုင်တဲ့ အာရုံမျိုးပါ။ ဆိုပါစို့ အသံမှာလည်းပဲ အဲဒီအသံကိုသာ နားထောင်နေရရင် ထမင်းမေ့၊ ဟင်းမေ့၊ ဆွေမေ့၊ မျိုးမေ့လိုမျိုးက အဓိပတိထိုက်တဲ့ အသံဖြစ်ပါတယ်။

## ကုသိုလ်၊ အကုသိုလ် အဓိပတိဖြစ်ခွင့်ရှိသည်

MA ဦးဇင်း ~ အသံတိုင်းတော့ မဟုတ်လောက်ဘူးဘုရား။ ဒါဆိုရင် ကုသိုလ်ဖြစ်စရာ အာရုံ တွေကပဲ အဓိပတိဖြစ်တာပါလား။ အကုသိုလ်ဖြစ်စရာ အသံမှာလည်း အဓိပတိ ထိုက်တာ ရှိကောင်းပါသလားဘုရား။

ဆရာတော် ~ အကုသိုလ် ဖြစ်စရာအာရုံမှာလည်း အဓိပတိထိုက်တာ ရှိနိုင်တာပါပဲ။

MA ဦးဇင်း ~ မှန်ပါ။

ဆရာတော် ~ ဣဋ္ဌ၊ အနိဋ္ဌအာရုံအားလုံး၊ ကုသိုလ်၊ အကုသိုလ် အာရုံအားလုံး အဓိပတိ ထိုက်ခွင့် ရှိပါတယ် ဦးဇင်း။ ဥပမာတစ်ခု သတိရလာတယ်။

MA ဦးဇင်း ~ တင်ပါ။ ဥပမာကို နားထောင်ချင်ပါတယ်ဘုရား။

## ဥဒေါင်းမင်းအတွက် ဒေါင်းမ၏ တွန်ကျူးသံက အာရမ္မဏာဓိပတိဖြစ်သည်

ဆရာတော် ~ ပါရမီဖြည့်နေတဲ့ ဘုရားအလောင်းတော် ရွှေဥဒေါင်းမင်းအတွက် ဥဒေါင်းမရဲ့ တွန်ကျူးသံက အာရမ္မဏာဓိပတိဖြစ်လို့ ညွှတ်ကွင်းမိသွားတဲ့အကြောင်းပါ ဦးဇင်း။

MA ဦးဇင်း ~ *'ဥဒေတယံ စက္ခုမာ ဧကရာဇာ'* ဂါထာရွတ်ဖို့ မေ့သွားတဲ့ ဇာတ်ကြောင်းထင်ပါတယ်ဘုရား။ အဲဒီဇာတ်ဝတ္ထုအသေးစိတ်ကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ ဗာရာဏသီပြည့်ရှင်မင်းရဲ့ မိဖုရားက ရွှေဥဒေါင်းမင်းထံပါးကနေ တရားနာရတယ်လို့ အိပ်မက်မက်သတဲ့။ ဒါကို ဘုရင်ကြီးကို ပြောပြပြီး ရွှေဥဒေါင်းရှာပေးဖို့ ပူဆာပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ မင်းကြီးက မုဆိုးတွေကို တာဝန်ပေးပြီး ဟိမဝန္တာတောင်မှာနေတဲ့ ရွှေဥဒေါင်းမင်းကို ညွှတ်ကွင်းနဲ့ဖမ်းဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါသော်လည်း မအောင်မြင်ခဲ့ကြပါဘူး။ ဘာကြောင့်လဲဆိုရင် ဘုရားလောင်းတော် ရွှေဥဒေါင်းမင်းက နံနက်တိုင်း နေထွက်ချိန်မှာ ဦးဇင်းခုနလျှောက်ထားတဲ့ *'ဥဒေတယံ စက္ခုမာ ဧကရာဇာ၊ ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော'* ဂါထာနဲ့ ပရိတ်အရံအတားပြုပြီး သွားလာလေ့ရှိလို့မို့ ကျော့ကွင်း မနင်းမိတာပါ။

MA ဦးဇင်း ~ တင်ပါဘုရား။ တပည့်တော် ခမည်းတော်ကြီးလည်း ဒီဂါထာကို မနက်တိုင်း ပူဇော်ပါတယ်ဘုရား။

ဆရာတော် ~ နှစ်ကာလ ရှည်ကြာခဲ့ပြီးနောက် လိမ္မာပါးနပ်တဲ့ မုဆိုးတစ်ယောက်က ဘုရင်မင်းထံပါး ခွင့်ပြုချက်တောင်းပြီး ဥဒေါင်းမတစ်ကောင်ကို လေ့ကျင့်ပေးတယ်။ ဘယ်လို လေ့ကျင့်သလဲဆိုရင် မုဆိုးလက်ခုပ်တီးသံနဲ့တူတူ ကခုန်တတ်၊ တွန်ကျူးတတ်တဲ့အထိကို ပိုင်ပိုင်နိုင်နိုင် သင်ကြားပေးလိုက်ပါတယ်။

MA ဦးဇင်း ~ ဒေါင်းမနဲ့မျှားပြီး ဘုရားလောင်း ရွှေဥဒေါင်းမင်းကို ဖမ်းတော့မှာလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ မုဆိုးက ဥဒေါင်းမကိုပိုက်ပြီး အလောင်းတော် ရွှေဥဒေါင်းမင်း ကျက်စားတဲ့ ဟိမဝန္တာတောင်မှာ သွားပြီး ကျော့ကွင်းထောင်ထားပြီးတော့ ဥဒေါင်းမကို တွန်ကျူးစေတယ်။ ဘုရားလောင်း ရွှေဥဒေါင်းမင်းက ဒေါင်းမရဲ့ တွန်ကျူးသံကို ကြားတာနဲ့ ကိလေသာထကြွလာပြီး *'ဥဒေတယံ'* ရွတ်ပြီး အရံအတားလုပ်ဖို့ကို မစွမ်းနိုင်တော့လို့ မုဆိုးရဲ့ကျော့ကွင်းထဲ အမိခံလိုက်ရတော့တယ်။

MA ဦးဇင်း ~ ဘုရားလောင်းဥဒေါင်းမင်းက ဒေါင်းမရဲ့အသံကို ကြားပြီးရင်း၊ ကြားချင်ရင်း ဖြစ်လာတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဥဒေါင်းမရဲ့ တွန်ကျူးတဲ့အသံအာရုံက ရွှေဥဒေါင်းမင်းအတွက် အကြီးအမှူး အဓိပတိထိုက်လို့ အနှစ်နှစ်အလလက အလေ့အကျင့်ကောင်းခဲ့တဲ့ ပရိတ်အရံအတားဂါထာကိုတောင် မရွတ်ဆိုနိုင်တော့ဘူး။

MA ဦးဇင်း ~ ရွှေဥဒေါင်းမင်းက မုဆိုးကြီးလက်ထဲကို ဖမ်းမိသွားသလားဘုရား။

ဆရာတော် ~ မုဆိုးလက်ထဲ ရောက်သွားရှာတာပေါ့ ဦးဇင်း။

## မယ်ပဒုမာအတွက် ကိုဒါသ၏အာရုံက အာရမ္မဏာဓိပတိဖြစ်သည်

ဆရာတော် ~ အာရုံက အဓိပတိဖြစ်တဲ့ နောက်ဝတ္ထုတစ်ခု သတိရလို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဘယ်အကြောင်းအရာပါလဲဘုရား။

ဆရာတော် ~ ကျွန်နောက်ကို လိုက်သွားတဲ့ ပဒုမာစာရီအကြောင်းပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ပဒုမာစာရီက သူတို့အိမ်က ကျေးကျွန်အစေအပါး ဒါသတစ်ယောက်နဲ့ ချစ်ကြိုက်မိပြီး ခိုးရာလိုက်ပြေးပါတယ်။

MA ဦးဇင်း ~ ကျွန်ရဲ့နာမည်က ကိုဒါသပါလားဘုရား။

ဆရာတော် ~ မဟုတ်ပါဘူး။ ပါဠိလို ဒါသဆိုတာ ကျွန်ယောကျ်ားကိုခေါ်တာ။ ဒါသီဆိုတာ ကျွန်မိန်းမကို ခေါ်တာပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ သူဌေးသမီးနဲ့ ကိုဒါသတို့ တောဇနပုဒ်မှာ နေလာလိုက်တာ သားဦးရတနာကို ဖွားမြင်မဲ့ကာလ ရောက်လာတော့တယ်။ မိခင်လောင်းဖြစ်တဲ့ မယ်ပဒုမာက သူ့မိဘ ရပ်ထံ ပြန်ချင်တဲ့အကြောင်း ကိုဒါသကို ပြောပြတယ်။ သူက သူ့သခင်မကို ခိုးလာတဲ့ ကျွန်ဖြစ်နေတဲ့အတွက် မိဘများရဲ့အိမ်ကို ဘယ်သွားဝံ့မလဲ။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဒါကြောင့် လင်ဖြစ်သူ ကိုဒါသအလုပ်သွားတဲ့အခိုက် မိဘရပ်ထံကို မယ်ပဒုမာ ခိုးပြီးထွက်လာခဲ့တာ ခရီးဆုံးမရောက်ခင် လမ်းခုလတ်မှာပဲ သားဦးယောကျ်ား ကလေး ဖွားမြင်ခဲ့လို့ တောရွာကို ပြန်လာကြတယ်။ ဒီလိုနဲ့ပဲ ဒုတိယရင်သွေး ကိုလည်း မိုးကြီး လေကြီးကျနေတုန်း လမ်းခုလတ်မှာပဲ ဖွားမြင်ခဲ့တယ်။ ကိုဒါသက လမ်းဘေးမှာ အမိုးအကာလေး လုပ်နိုင်အောင်လို့ တောထဲကို ဝင်သွားလိုက်တာ အဆိပ်ပြင်းတဲ့ မြွေကြီးတစ်ကောင် ကိုက်ပြီးတော့ နေရာမှာပဲ သေဆုံးသွားတယ်။ မနက်မိုးလင်းတော့ သားကြီးက ရေထဲမျောပါပြီး သေဆုံးသွားတယ်။ ဖွားမြင်ခါစ သားငယ်ကလေးကို စွန်ကြီးတစ်ကောင်က သုတ်ချီသွားလို့ သေဆုံးသွားပြန်တယ်။

MA ဦးဇင်း ~ မယ်ပဒုမာအဖြစ်က ဆိုးလိုက်တာဘုရား။

ဆရာတော် ~ ဒါတင်မကသေးဘူး။ ပဋာစာရီအဖို့ လင်သေ သားဆုံးသွားတဲ့အပြင် မိဘတွေပါ နေအိမ်ပြိုပြီး မိသားတစ်စုလုံး သေဆုံးသွားပြီလို့ ကြားတဲ့နောက် သူသွက်သွက်ခါ ရူးသွပ်သွားပါတော့တယ်။

MA ဦးဇင်း ~ ဒီဖြစ်စဉ်ကြီးတစ်ခုလုံးမှာ ကိုဒါသရဲ့ ရုပါရုံအဆင်းက မယ်ပဋာအတွက် အာရမ္မဏာဓိပတိပစ္စည်း ဖြစ်ခဲ့တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း။ ကိုဒါသဆိုတဲ့ အာရုံက ပဋာစာရီသူဌေးသမီးအတွက် အလွန့်အလွန် နှစ်သက်စရာ၊ မြတ်နိုးစရာဖြစ်နေပြီး အဓိပတိသတ္တိရှိနေတဲ့ည အတွက် သူဌေးသမီး ဖြစ်ပါသော်လည်း ကျေးကျွန် ကိုဒါသအလိုနိုင်ငံကို လိုက်ပါရဲတာ ဖြစ်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဒါက အကုသိုလ် အာရုံအဓိပတိကြောင့် မယ်ပဋာ ဒုက္ခရောက်ခဲ့ရှာတဲ့ သာဓကဝတ္ထုပါ ဦးဇင်း။

## အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ ကွာခြားချက်

MA ဦးဇင်း ~ ပဋ္ဌာန်းပဉ္စာဝါရမှာ အာရမ္မဏာဓိပတိကို တွေ့ပါတယ်ဘုရား။ ပြီးတော့ အာရမ္မဏူပနိဿယကိုလည်း တွေ့ပါသေးတယ်။ ဒီနှစ်ခုက အဓိပ္ပာယ်အတူတူလို့လည်း မှတ်သားမိပါတယ်။ ကွဲလွဲမှု လုံးလုံး မရှိတာပါလားဘုရား။

ဆရာတော် ~ မိုးကုတ်ဆရာတော်ကြီးရဲ့ ဥပမာနဲ့ပြောပြမှ ဒီမေးခွန်းက အဆင်ပြေတော့မယ်ထင်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဆရာတော်ကြီး ဥပမာကို သိပါရစေဘုရား။

ဆရာတော် ~ ဆရာတော်ကြီးက 'သမီးကလေးတစ်ယောက် ဖွားမြင်လာတယ် ဆိုပါစို့တဲ့။ သမီးလေး ငယ်တုန်းအရွယ်မှာ မိဘတွေ ဂရုကာတဗ္ဗမျှသာ စောင့်ရှောက်ရတဲ့အတွက် အာရမ္မဏာဓိပတိမှတ်ပါတဲ့။'

MA ဦးဇင်း ~ မှန်ပါ၊ အာရမ္မဏာဓိပတိ မှတ်မိပါပြီဘုရား။

ဆရာတော် ~ 'တဖြည်းဖြည်းနဲ့ အပျိုအရွယ်ကလေး ရောက်လာတဲ့အခါကျတော့ ငယ်ငယ်တုန်းက စောင့်ရှောက်ရတာနဲ့ မတူတော့ဘဲ အထူးသဖြင့် စောင့်ရှောက်ရမှာဖြစ်တဲ့အတွက် ဗလဝကာရဏဖြစ်လာလို့ အာရမ္မဏူပနိဿယ မှတ်ပါတဲ့ဗျာ။'

MA ဦးဇင်း ~ မှန်ပါဘုရား၊ ဒီသမီးကိုပဲ အရွယ်အားလျော်စွာ စောင့်ရှောက်မှု ပြောင်းတာကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ငယ်ငယ်တုန်းကလည်း ဒီရုပါရုံပဲလေ ကြီးတော့လည်း ဒီရုပါရုံပဲ၊ ဘာထူးခြားသွားသလဲဆိုရင် ငယ်ငယ်တုန်းကရုပါရုံက ယောက်ျားပျိုတွေရဲ့

စိတ်နှလုံးကို မရွှင်ပြုံးစေနိုင်သေးလို့ သာမညမျှသာ စောင့်ရှောက်ရင်လည်း ရတဲ့အတွက် အာရမ္မဏာဓိပတိတဲ့ ဦးဇင်း။

MA ဦးဇင်း ~ တင်ပါ။ သဘောနည်းနည်းပေါက်လာပါပြီဘုရား။

ဆရာတော် ~ နောက် အပျိုအရွယ်ကလေး ဖြစ်လာတဲ့အခါကျတော့ ယောက်ျားပျိုကလေးတွေရဲ့ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သက်စေနိုင်တဲ့အတွက် အထူးစောင့်ရှောက်ရလို့ အာရမ္မဏူပနိဿယမှတ်ပါတဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ~ ဒါဆိုရင် အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယက တူပါသော်လည်း သတ္တိကလေးက ထူးတယ်လို့ မှတ်သားထားရင် ပြည့်စုံပါသလားဘုရား။

ဆရာတော် ~ ပြည့်စုံပါတယ် ဦးဇင်း။ ပြည့်စုံပါတယ်။ ပြည့်စုံပါတယ်။

MA ဦးဇင်း ~ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**“စကြာမင်းသည် ပြိုင်သူမရှိ အုပ်စိုးဘိသကဲ့သို့ လူသားတို့သန္တာန်၌လည်း<br>ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတရားတို့ ထက်မြက်ကြပြီး<br>နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား”**


**ကျမ်းညွှန်း**

၁။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သုံးချက်စုချုပ်ဖို့စဉ် အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စု

## ၄–အနန္တရပစ္စယော

## Anantara Paccayo *(Proximity condition)*

## အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း



### အနန္တရပစ္စည်း၏ကျေးဇူးပြုပုံ

စကြဝတေးမင်းကြီး နတ်ရွာစံပြီးသည်၏ အခြားမဲ့၌ သားကြီးအိမ်ရှေ့မင်းသားသည် ဘုရင်ဖြစ်လာသကဲ့သို့ ရှေးရှေးနာမ်တရားများသည် ချုပ်ပျောက်၍၊ ချုပ်ပျောက်၍ သွားခြင်းသည် နောက်နောက်နာမ်တရားများ အခြားမဲ့၌ အကြားမရှိ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပါသည်။

ပထမဇောသည် ဒုတိယဇောအား အခြားမဲ့၌ အကြားမရှိ ဖြစ်ပေါ်လာအောင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

ဒုတိယဇောသည် တတိယဇောအား အခြားမဲ့၌ အကြားမရှိ ဖြစ်ပေါ်လာအောင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

တတိယဇောသည် စတုတ္ထဇောအား အခြားမဲ့၌ အကြားမရှိ ဖြစ်ပေါ်လာအောင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

စတုတ္ထဇောသည် ပဉ္စမဇောအား အခြားမဲ့၌ အကြားမရှိ ဖြစ်ပေါ်လာအောင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။ စုတိစိတ်သည် ပဋိသန္ဓေစိတ်အား အခြားမဲ့၌ အကြားမရှိ ဖြစ်ပေါ်လာအောင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

## အနန္တရပစ္စည်း

MA ဦးဇင်း၏ခမည်းတော် Dr. အောင်သူသည် ပဋ္ဌာန်းတရားတော်ကို ဘာသာရပ်တစ်ခု သင်ယူသကဲ့သို့ လေ့လာနေပါသည်။ ပဋ္ဌာန်းစာအုပ် တစ်ခုခုဖတ်ပြီးပါက မှတ်စုထုတ်သည်။ website ထဲဝင်ရှာသည်။ ထိုမှုဖြင့် မရှင်းသေးပါက ကျောင်းလာပြီး မေးမြန်းလျှောက်ထားတတ်သည်။ သူဖတ်မှတ်ထားသည့် မှတ်စုနှင့်လည်း တိုက်ဆိုင်စစ်ဆေးကြည့်တတ်သည်။ ယနေ့ နေ့လယ်၌ အနန္တရပစ္စည်းကို မေးလျှောက်ပါရစေဟု ဖုန်းဆက်ထားသောကြောင့် ဆရာတော်က ဝီထိအစဉ် ကျက်ထားမှ အနန္တရပစ္စည်းကို နားလည်နိုင်မည်ဟုလို့ မိန့်တော်မူထားပါသည်။

Dr. အောင်သူ ~ ပဋ္ဌာန်းတရားတော်မှာ အနန္တရပစ္စယောက သိပ်ခက်တယ်လို့ ကြားဖူးပါတယ်။ ဟုတ်ပါသလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ 'သင်္ဂြိုဟ်မှာ ဝီထိ၊ ယမိုက်မှာ သင်္ခါရ၊ ပဋ္ဌာန်းမှာ အနန္တရပစ္စည်းကို သဘောကျပါမှ အဘိဓမ္မာကို ပိုင်တယ်' လို့ ရှေးဆရာမြတ်များက မိန့်ကြားတော်မူဖူးကြတယ်။

Dr. အောင်သူ ~ တပည့်တော်တို့ရဲ့ဉာဏ်နဲ့ လိုက်လို့ မီနိုင်ပါ့မလားဘုရား။ နားလည်နိုင်ပါ့မလားဘုရား။

ဆရာတော် ~ စနစ်တကျ လေ့လာတဲ့နည်းစနစ်ရထားရင် သဘောပေါက်နိုင်ပါတယ်။

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် အနန္တရရဲ့အဓိပ္ပာယ်ကနေစပြီး သိပါရစေဘုရား။

ဆရာတော် ~ အနန္တရကို လေ့လာရင် (န+အန္တရ) 'အန္တရ = အကြား၊ ကွက်လပ်၊ န = မရှိ' တာလို့ ပြောနိုင်ပါတယ်။

Dr. အောင်သူ ~ ဘယ်လိုနေရာမှာ ကွက်လပ် အကြားမရှိတာလဲဘုရား။

ဆရာတော် ~ ရှေ့စိတ်နဲ့ နောက်စိတ်တို့ရဲ့အကြား Space in between မှာ ကွက်လပ်မရှိတာ။ ရှေ့စိတ်၊ နောက်စိတ် နှစ်ခုမဟုတ်ဘဲ တစ်ဆက်တည်း ဖြစ်နေသလားလို့ ထင်မှတ်မှားလောက်အောင် အကြားမရှိတာကို ဆိုလိုတာပါ။

Dr. အောင်သူ ~ စိတ်က အမြဲဖြစ်နေတာပါလားဘုရား။

ဆရာတော် ~ စိတ်ရဲ့အစဉ်ကို စိတ္တသန္တတိလို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ စိတ္တသန္တတိ စိတ်အစဉ် ဆိုတာကို နားမလည်ပါဘုရား။

ဆရာတော် ~ အင်္ဂလိပ်လို Mental Continuity လို့ ခေါ်နိုင်ပါတယ်။ အစဉ်အတန်းကြီးကို ပြောတာပါ။

# ဝီထိစိတ် နှင့် ဘဝင်စိတ်

Dr. အောင်သူ ~ အိပ်ပျော်နေရင်လည်း စိတ်အစဉ်အတန်းကြီးက မပြတ်ဖြစ်နေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဖြစ်ပါတယ်။ သို့သော် အိပ်ပျော်နေတဲ့ စိတ်ရဲ့ Quality က တစ်မျိုး၊ နိုးနေတဲ့အခါမှာရှိတဲ့ စိတ်ရဲ့ Quality က တစ်မျိုးပါ။

Dr. အောင်သူ ~ မှန်ပါဘုရား၊ အဲဒီစိတ်နှစ်မျိုးကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ သာမန်အားဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့စိတ်ကို ဘဝင်စိတ်လို့ ခေါ်ပါတယ်။ သာမန် နိုးနိုးကြားကြား ရှိနေတဲ့စိတ်ကို ဝီထိစိတ်လို့ ခေါ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ သူတို့နှစ်မျိုး အလုပ်လုပ်ပုံ မတူတာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် လို့ဆိုတဲ့ တံခါးတွေမှာ အဆင်းတွေ၊ အသံတွေ၊ အနံ့တွေ စတဲ့ အာရုံတစ်ခုခုနဲ့ မကြုံဆုံရဘဲ အိပ်ပျော်နေသလို ဖြစ်နေတတ်တဲ့ သဘာဝက ဘဝင်စိတ်ပါ၊ သူကအိမ်ရှင်စိတ်ပါ။ သူ့ကို Sub-consciousness လို့လည်းခေါ်ပြီး တချို့နေရာတွေမှာတော့ The part of life, Life continuum လို့လည်း ခေါ်ပါသေးတယ် ဒကာကြီး။

Dr. အောင်သူ ~ အဲဒီ The part of life , Life continuum က အမြဲဖြစ်နေတာပါလားဘုရား။

ဆရာတော် ~ အနန္တရဆိုတာကကို အကြားမရှိတာလို့ အဓိပ္ပာယ်ရတယ်လေ။ အကြောင်းတရားနဲ့ အကျိုးတရားတို့ရဲ့ကြားမှာ ခြားကွယ်တာ မရှိတာပါ။ မပြီးစီးနိုင်တဲ့ စိတ်အစဉ်အတန်းကြီးက တစ်ခုပြီးတစ်ခု သူ့အစီအစဉ်နဲ့ သူ့နိယာမအတိုင်း တရစပ် ဖြစ်နေတာပါ။

Dr. အောင်သူ ~ တစ်ဆက်တစ်စပ်တည်း ဖြစ်တာပါလားဘုရား။

ဆရာတော် ~ စိတ်အစဉ်အတန်းကြီးထဲက စိတ်တစ်ခု၊ စိတ်တစ်ခု၊ စိတ်တစ်ခုခြင်းက ဖြစ်လိုက်ပျက်လိုက်နဲ့ ပြောင်းလဲသွားနေတဲ့ ဖြစ်စဉ်ကြီး၊ အင်္ဂလိပ်လိုပြောရင် Mental process ပါ ဒကာကြီး။

Dr. အောင်သူ ~ ရှေ့စိတ်ပျက်ရင် နောက်စိတ်သည် ချက်ချင်း၊ ချက်ချင်းကြီး ဖြစ်လာတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ နောက်စိတ်ကလည်း ချက်ချင်း၊ ချက်ချင်းကြီးကို ဖြစ်လာပြီးနောက် ပျက်ပျက်သွားပြီး နောက်ထပ် နောက်ထပ် စိတ်အသစ်တွေ ဖြစ်ဖြစ်လာနေတဲ့ process ပါ ဒကာကြီး။

Dr. အောင်သူ ~ နားလည်ဖို့တော့ ခက်သားပဲ။ သို့သော် တပည့်တော်ကလည်း သိချင်နေတာပါဘုရား။ နားလည်အောင် ကြိုးစားနေပါတယ်ဘုရား။ ပဋ္ဌာန်းတရားတော်က

အကြောင်းအကျိုးကို ဟောနေတာလို့ နားလည်ပါတယ်ဘုရား။ အခု အနန္တရပစ္စည်းမှာ ဘယ်ဟာအကြောင်းတရားလဲ။ ဘယ်ဟာက အကျိုးတရားလဲဆိုတာကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ အခုလို ရှေ့စိတ်က ပျက်လိုက်၊ နောက်စိတ်က ဖြစ်လာလိုက်နဲ့ မရပ်မနား သွားနေတဲ့ စိတ်အစဉ်အတန်းကြီးဆိုတာကို နားလည်ရင် ဆက်ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ စိတ်အစဉ်အတန်းကြီးရဲ့ ရှေ့စိတ်က အကြောင်းတရားပါ။ နောက်စိတ်က အကျိုးတရားပါ ဒကာကြီး။

## ဝီထိစိတ်အစဉ်

Dr. အောင်သူ ~ အဖြေက အလွန်ပင် တိုသော်လည်း တပည့်တော် ရိပ်မိလာပါပြီဘုရား။ အဲဒီ ရှေ့စိတ်၊ နောက်စိတ်ဆိုတာက ဘယ်လိုစိတ်မျိုးပါလဲဘုရား။

ဆရာတော် ~ ဝီထိစိတ်ကို ရှင်းပြမယ်နော်။ ဒါမှ နားလည်တော့မယ်လေ။ လူတစ်ယောက် သရက်သီးတွေ မှည့်နေတဲ့ အပင်အောက်မှာ အိပ်နေတဲ့ဥပမာကို ပြောပြမယ်။

Dr. အောင်သူ ~ ဝီထိဆိုတာ ဘယ်လိုအဓိပ္ပာယ်ရပါသလဲဘုရား။

ဆရာတော် ~ 'ဝီထိ' ရဲ့အဓိပ္ပာယ်က 'အစဉ်အတိုင်း' လို့ ရပါတယ်။ လူတွေသွားလာတဲ့ခရီးက ရွာစဉ်ကိုမကျော်ဘဲ တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့ အစဉ်အတိုင်း ဖြတ်သန်းသွားရသလို စိတ်တွေကလည်း စိတ္တနိယာမအရ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း စသဖြင့် အစဉ်အတိုင်း ဖြစ်ကြရပါတယ်။ ဥပမာနဲ့ ဆက်ပြောမယ်လေနော်။

Dr. အောင်သူ ~ မှန်ပါ။ နက်နဲခက်ခဲတဲ့ပညာရပ်ကို လေ့လာရာမှာ ဥပမာနဲ့ဆိုရင် ပိုပြီး နားလည်လွယ်မယ် ထင်ပါတယ်ဘုရား။

## သရက်သီးကြွေကျသည့်ဥပမာ

ဆရာတော် ~ ဟုတ်တယ်။ လူတစ်ယောက် ခရီးပင်ပန်းလာတဲ့အတွက် သရက်ပင်အောက်မှာ အိပ်ပျော်နေတယ် ဆိုပါစို့။ ဒါကို ဝီထိစိတ်တွေမဖြစ်ခင်က ငြိမ်သက်တဲ့ ဘဝင်စိတ် ဖြစ်နေတာနဲ့ တူတယ်။ သူ့ရဲ့အနားကို သရက်သီးအမှည့်တစ်လုံး ကြွေကျလာတာက ပြင်ပက အာရုံနဲ့ ဒွါရတို့ တိုက်ဆုံတာနဲ့တူတယ် ဒကာကြီး။

Dr. အောင်သူ ~ ဥပမာကို မျက်စိထဲ မြင်နေပါတယ်ဘုရား။

ဆရာတော် ~ သရက်သီးကြွေကျသံကြောင့် သူအိပ်ရာက နိုးလာပြီး ဦးခေါင်းလှုပ်လာတာက အာရုံဒွါရ တိုက်ဆုံလို့ ဘဝင်နှစ်ကြိမ်လှုပ်တာနဲ့ တူတယ်ဒကာကြီး။

Dr. အောင်သူ ~ ဘဝင်နှစ်ကြိမ်လှုပ်တယ်ဆိုတာ ဘယ်ဘဝင်ပါလဲဘုရား။

ဆရာတော် ~ ကောင်းပါပြီ အခုအစက ပြန်ပြောပြပါမယ်။ အိပ်နေတာက (၁-အတီတ ဘဝင်) Past Bhavanga နဲ့ တူတယ်၊ နိုးလာပြီး ဦးခေါင်းလှုပ်လာတာက (၂-ဘဝင်္ဂစလန) Vibrating Bhavanga (၃-ဘဝင်္ဂုပစ္ဆေဒ Arrest Bhavanga) ဘဝင်စိတ် ပြတ်သွားတာနဲ့ တူပါတယ်ဒကာကြီး။

Dr. အောင်သူ ~ ဘဝင်နှစ်ကြိမ် လှုပ်တယ်ဆိုတာက (ဘဝင်္ဂစလန) Vibrating Bhavanga နှင့် (ဘဝင်္ဂုပစ္ဆေဒ) (Arrest Bhavanga) ဆိုတာ သဘောပေါက်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီနော်။ ခေါင်းထောင်ပြီးတော့ 'ဘာသံပါလိမ့်'လို့ ဆင်ခြင်တာက (၄-ပဉ္စဒွါရာဝဇ္ဇန်း) five door adverting နော် ဒကာကြီး။

Dr.အောင်သူ ~ မှန်ပါဘုရား၊ တပည့်တော် သေသေချာချာ မှတ်သားနေပါတယ်ဘုရား။

ဆရာတော် ~ သူဆင်ခြင်ပြီးတော့ သရက်သီးကို မြင်သွားတာက (၅-စက္ခုဝိညာဏ်) eye-door adverting နဲ့ တူပါတယ်။ ပြီးတော့ သူက သရက်သီးကို လှမ်းယူလိုက်တယ်နော်။ လှမ်းယူတာက အာရုံလက်ခံတာပါ၊ ပါဠိလို (၆-သမ္ပဋိစ္ဆိုင်း) Receiving Consciousness နဲ့တူပါတယ်။

Dr. အောင်သူ ~ (၁-အတီတဘဝင်)(၂-ဘဝင်္ဂစလန)(၃-ဘဝင်္ဂုပစ္ဆေဒ)(၄-ပဉ္စဒွါရာဝဇ္ဇန်း) (၅-စက္ခုဝိညာဏ်) နဲ့ (၆-သမ္ပဋိစ္ဆိုင်း)အထိ လိုက်လို့ရပါပြီဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဆက်ပြောမယ်နော်။ သူက သရက်သီးကို နှိပ်ကြည့်ပြီး မှည့်မမှည့်၊ ကောင်းမကောင်း စူးစမ်းတာက (၇-သန္တီရဏ) Investigating စူးစမ်းပြီးတော့ ဒီသရက်သီးစားလို့ရတယ်လို့ ဆုံးဖြတ်တာက (၈-ဝုဋ္ဌော) Determining နဲ့ တူပါတယ်၊ ပြီးတော့ စားလို့ရတယ်လို့ ဆုံးဖြတ်ပြီးမှတော့ သရက်သီးကို ၇ လုပ် ကိုက်စားလိုက်တာက (ဇော-၇ ကြိမ်) Impulsion ပါဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ (၇-သန္တီရဏ)၊ (၈-ဝုဋ္ဌော) နဲ့ (ဇော-၇ ကြိမ်) အထိရပါပြီဘုရား။ တဒါရုံ ကျန်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ သရက်သီးစားပြီးတော့ နှုတ်ခမ်းလေးကို လျှာနဲ့သတ်တာက (၁၆-၁၇ တဒါရုံစိတ်) Registering နဲ့ တူတယ်၊ တဒါရုံက နောက်ဆုံးမှာ အဆုံးသတ်စိတ်ပါပဲ။

Dr. အောင်သူ ~ သူပြန်အိပ်တယ်ဆိုရင် ဘဝင်စိတ်နဲ့ တူတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး၊ ဟုတ်တယ်၊ ဒါက မနားတမ်းဖြစ်နေတဲ့ စိတ်ဖြစ်စဉ် Mental process ပါဒကာကြီး။ တစ်နည်းပြောရရင် တဒါရုံနဲ့အဆုံးသတ်စိတ် ဖြစ်ပြီးတော့ စိတ်ဖြစ်စဉ်တစ်ခု ပြီးဆုံးသွားပါတယ်။ ဒီဖြစ်စဉ် Mental process ကို 'ဝီထိစိတ်'လို့ ခေါ်ပါတယ်ဗျာ။

## ဝီထိအကျဉ်း

Dr. အောင်သူ ~ ဝီထိကို ဥပမာနဲ့ အကျဉ်းချုံးပြီး သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ (၁-အတီတဘဝင်)က အိပ်နေတာ၊ (၂-ဘဝင်္ဂစလန)နဲ့ (၃-ဘဝင်္ဂုပစ္ဆေဒ)က နိုးလာပြီး ဦးခေါင်းလှုပ်လာတာ၊ (၄-ပဉ္စဒွါရာဝဇ္ဇန်း)က 'ဘာသံပါလိမ့်'လို့ ဆင်ခြင်တာ၊ (၅-စက္ခုဝိညာဏ်)က သရက်သီးကို မြင်သွားတာ၊ (၆-သမ္ပဋိစ္ဆိုင်း) က သရက်သီးကို လှမ်းယူတာ၊ အာရုံလက်ခံတာပါ၊ (၇-သန္တီရဏ) က သရက်သီးကို နှိပ်ကြည့်ပြီး မှည့်မမှည့်၊ ကောင်းမကောင်း စူးစမ်းတာ၊ (၈-ဝုဋ္ဌော)က သရက်သီးစားလို့ရတယ်လို့ ဆုံးဖြတ်တာ၊ (၉ မှ ၁၅ - ဇောခုနစ် ကြိမ်)က သရက်သီးကို (၇) လုပ်ကိုက်စားလိုက်တာနဲ့ နောက်ဆုံး (၁၆ မှ ၁၇ - တဒါရုံ) က သရက်သီးစားပြီးတော့ နှုတ်ခမ်းလေးကို လျှာနဲ့သတ်တာပါ။ မှတ်မိ လောက်ပြီ ထင်ပါတယ်။

Dr. အောင်သူ ~ အခုမှ ဝီထိအစဉ်ကို ရှင်းရှင်းမြင်ပါတော့တယ်ဘုရား။

ဆရာတော် ~ အခု သူ့ကို လင်္ကာနဲ့ သင်္ကေတနဲ့ပါ ပြပေးဦးမယ်နော်။

Dr. အောင်သူ ~ တပည့်တော် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ '၁-၂-၃-ဘဝင်လှုပ်ပြတ်၊ ၄-ဆင်ခြင်လတ်။ ၅-မြင်အပ်၊ ၆-လက်ခံတုံ၊ ၇-စုံစမ်း၊ ၈-ဆုံးဖြတ်၊ ၉-၁၅-စိတ်ဇောသတ်၊ ၁၆-၁၇-နှစ်ရပ် တဒါရုံ'တဲ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ၁-အတီတဘဝင်။ ၂-ဘဝင်္ဂစလန။ ၃-ဘဝင်္ဂုပစ္ဆေဒ။ ၄-ပဉ္စဒွါရာဝဇ္ဇန်း။ ၅- စက္ခုဝိညာဏ်။ ၆-သမ္ပဋိစ္ဆိုင်း။ ၇-သန္တီရဏ။ ၈-ဝုဋ္ဌော။ ၉-၁၅ ဇော။ ၁၆-၁၇ တဒါရုံကို သင်္ကေတနဲ့ရေးတဲ့အခါမှာတော့ 'တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ ဘဝင်' လို့ ရေးရပါတယ်။

Dr. အောင်သူ ~ လင်္ကာကို လျှောက်ကြည့်ပါမယ်ဘုရား။ မှားမှာစိုးရိမ်မိလို့ပါဘုရား။ "ဘဝင်လှုပ်ပြတ်၊ ဆင်ခြင်လတ်၊ မြင်အပ် လက်ခံတုံ၊ စုံစမ်းဆုံးဖြတ်၊ စိတ်ဇောသတ်၊ နှစ်ရပ် တဒါရုံ" ဆိုရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါတယ်။ မှန်ပါတယ်။

## မနောဒွါရဝီထိ

ဆရာတော် ~ အခုပြောပြီးခဲ့တဲ့ ဝီထိအစဉ်က စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဒွါရဝီထိ အစဉ်တွေပါ ဒကာကြီး။

Dr. အောင်သူ ~ ဒီငါးခုအပြင် ဘာများကျန်ပါသေးသလဲဘုရား။

ဆရာတော် ~ မနောဒွါရဝီထိ ကျန်ပါသေးတယ်။
Dr. အောင်သူ ~ တပည့်တော် မနောဒွါရကိုလည်း ပြည့်ပြည့်စုံစုံ သိချင်ပါသေးတယ်ဘုရား။
ဆရာတော် ~ ကောင်းပါပြီ၊ အခုနပြောပြသလို ဂဏန်းစဉ်ပြီး ပြောပြမယ်နော်။
Dr. အောင်သူ ~ အခုနည်းက ပိုပြီး နားလည်လွယ်ပါတယ်ဘုရား။
ဆရာတော် ~ ၁-ဘဝင်္ဂစလန၊ ၂-ဘဝင်္ဂုပစ္ဆေဒ၊ ၃- မနောဒွါရာဝဇ္ဇန်း၊ ၄ မှ ၁၀-ဇော ခုနစ်ကြိမ်၊ ၁၁ မှ ၁၂-တဒါရုံ နှစ်ကြိမ်။
Dr. အောင်သူ ~ မနောဒွါရဝီထိက (၁၇)လုံး မရှိဘဲ (၁၂)လုံးပဲ ရှိတာပါလားဘုရား။
ဆရာတော် ~ ဟုတ်ပါတယ်။ သင်္ကေတနဲ့ ပြဦးမယ်နော်။
Dr. အောင်သူ ~ မှန်ပါဘုရား၊ သင်္ကေတနဲ့ ပိုမှတ်မိလွယ်ပါတယ်ဘုရား။
ဆရာတော် ~ 'န ဒ မ ဇော ဇော ဇော ဇော ဇော ဇော ဇော ဒါ ဒါ'။
Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် ၃ ရက်လောက် ကြိုတင်လေ့လာထားလို့ထင်တယ်။ နားလည်လွယ်လို့ ဝမ်းသာပါတယ်ဘုရား။

## မျက်စိတစ်မှိတ် ကုဋေ ၁ သိန်း

Dr. အောင်သူ ~ စိတ်ဖြစ်တာ တော်တော်မြန်တယ်လို့ ဖတ်ဖူးတယ်ဘုရား။ ဘယ်လောက်များ မြန်တာပါလဲ။
ဆရာတော် ~ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာကို စိတ်အကြိမ်ပေါင်း ကုဋေတစ်သိန်းလောက်ထိ ဖြစ်ပါတယ်။
Dr. အောင်သူ ~ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်ကို တစ်စက္ကန့်လို့ ယူရင်ရနိုင်မလားဘုရား။
ဆရာတော် ~ တစ်စက္ကန့်ထက်ကို တိုတောင်းတဲ့အချိန်ပါပဲ။ သို့သော် သင်္ချာရေတွက်လို့ လွယ်ကူအောင် တစ်စက္ကန့်လို့ပဲ ယူကြည့်ရအောင်နော်။
Dr. အောင်သူ ~ မှန်ပါဘုရား။
ဆရာတော် ~ တစ်စက္ကန့် ကုဋေတစ်သိန်းဆိုရင် တစ်ရဲ့နောက်မှာ သုည ဆယ့်နှစ်လုံးရှိမယ် ဒကာကြီး။
Dr. အောင်သူ ~ $10^{12}$ Per Second အထိ မြန်ဆန်တဲ့အရှိန်ကြီးနဲ့ သွားနေတာပါလားဘုရား။
ဆရာတော် ~ ဟုတ်တယ်။ ဒါကြောင့် ရုပ်မြင်သံကြား ကြည့်နေတဲ့အချိန်မှာ ရုပ်ကိုမြင်နေတဲ့အခိုက် အသံကို မကြားရသေးဘူး။ အသံကို ကြားတဲ့အခိုက်မှာလည်း ရုပ်ကို မမြင်ရသေးဘူး။ သို့သော် အလွန်မြန်လွန်းတဲ့အတွက် တစ်ဆက်တည်းပဲ မြင်နေရသလို၊ တစ်ဆက်တည်းပဲ ကြားနေရသလို ဖြစ်တာပါ။

## ရှေ့စိတ်နောက်စိတ် မခြားဘဲ တစ်ဆက်တည်းထင်ရ

Dr. အောင်သူ ~ စိတ်တွေက တစ်ခုပြီးမှ တစ်ခုဖြစ်တယ်လို့ကို မထင်ရလောက်အောင် မြင်တာနဲ့ ကြားတာ တစ်ပြိုင်တည်း ဖြစ်နေတယ် ထင်ရပါတယ်ဘုရား။

ဆရာတော် ~ အဲ့ဒါြစရာကောင်းအောင် မြန်ဆန်လွန်းပါတယ်။ ဘယ်မှာထင်ရှားသလဲဆိုရင် စုတိပြီး ဘဝအသစ်ရတဲ့အခါမျိုးမှာ တချို့လူတွေမှာ သိပ်သိသာထင်ရှားပါတယ်။

Dr. အောင်သူ ~ သာဓကရှိရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ အခုခေတ် သာဓကတစ်ခုကို အရင်ပြောပြမယ်နော်။ ဒါယကာတစ်ယောက် လည်ပင်းကင်ဆာရောဂါဖြစ်ပြီး ဆုံးသွားတယ်။ ဆုံးပြီးတော့ သူက ပြိတ္တာ ဘဝမှာ သွားဖြစ်တယ်။ ဆုံးခါနီးမှာ သူငယ်ချင်းတွေ လာတယ်လို့တော့ ပြောနေသေးတယ်။ အိမ်ကလူတွေက ကယောင်ကတမ်းပြောတယ် ထင်နေကြတာ၊ နောက်တော့မှ သူအိပ်မက်ပေးတယ်။ သူသေတာ မသိလိုက်ဘူးတဲ့၊ အမျှဝေတာလည်း မသိလိုက်ဘူးတဲ့၊ သေခါနီး သူငယ်ချင်းလာတယ်ဆိုတာ ပြိတ္တာတွေလာတာ ဖြစ်နေတယ်။ အခုလမ်းဘေးက ကုက္ကိုလ်ပင်ကြီးမှာ တစ္ဆေဖြစ်နေလို့ အမျှဝေပေးကြပါလို့ အိပ်မက်ထဲလာပြောမှ သူ့အကြောင်းစုံ သိရတော့တာ ဒကာကြီး။

Dr. အောင်သူ ~ ဒီဘဝရဲ့ စုတိစိတ်နဲ့ ဒုတိယဘဝရဲ့ ပဋိသန္ဓေစိတ်နှစ်ခုတို့ရဲ့ကြား မခြားဘူးလားလို့ကိုထင်ရတာ အခု စဉ်းစားလို့ရပါပြီဘုရား။ သို့သော် နားလည်တယ်လို့တော့ ပြောမရသေးပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒါဆိုရင် ရဟန်းတစ်ပါးအကြောင်း ပြောပြဦးမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ရဟန်းအကြောင်းလည်း စိတ်ဝင်စားပါတယ်ဘုရား။

## စုတိစိတ်နှင့် ပဋိသန္ဓေစိတ်

ဆရာတော် ~ တောထဲမှာ သီတင်းသုံးတော်မူတဲ့ ရဟန်းတစ်ပါးက ကမ္မဋ္ဌာန်းတရားကို နေ့နေ့ညည မပြတ်မလပ် အားထုတ်တော်မူတယ်။ တစ်နေ့ စင်္ကြံကမ္မဋ္ဌာန်း အားထုတ်နေတုန်း ရုတ်တရက် ပျံလွန်တော်မူသွားပါတယ်။ ဒီခေတ်အနေနဲ့ ပြောရင် ဦးနှောက်သွေးကြောပြတ်တဲ့ရောဂါလို့ ခေါ်နိုင်မယ်ထင်ပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ နှလုံးရောဂါကြောင့်လည်း ဖြစ်နိုင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ရဟန်းဘဝကနေ စုတိစိတ်ကျပြီးခဏမခြား တာဝတိံသာနတ်ပြည်မှာ ဥပပတ္တိပဋိသန္ဓေနဲ့ နတ်သားဖြစ်လာတယ်။ ဒီနေရာမှာ ရဟန်းဘဝနဲ့ နတ်သားဘဝဆိုတဲ့ ဘဝနှစ်ခုကို စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်တို့က ဆက်စပ်ပေးပါတယ်။

Dr. အောင်သူ ~ ဒီစုတိစိတ်နဲ့ ပဋိသန္ဓေစိတ်က ဘယ်လောက်ဝေးကွာပါသလဲဘုရား။

ဆရာတော် ~ ဒီမေးခွန်း တော်တော်ကို အရေးကြီးပါတယ် ဒကာကြီး။ တစ်နည်းပြောရရင် စုတိစိတ် ဖြစ်၊ တည်၊ ပျက်ပြီးတာနဲ့ ပဋိသန္ဓေစိတ်က ဖြစ်လာတာမို့လို့ $10^{12}$ Per Second ရဲ့အပုံတစ်ပုံလောက်ပဲ ကြားမှာခြားပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင်တော့ မှန်းဆလို့မရလောက်အောင်ကို မြန်ဆန်လွန်းနေပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာကို ရဟန်းဘဝကနေ နတ်သားဘဝ ရသွားတယ်လို့ နားလည်ရင် ရပါပြီ။

Dr. အောင်သူ ~ နောက်ထပ်များ ဥပမာရှိသေးသလားဘုရား။

ဆရာတော် ~ အခုရောက်တဲ့ထိ မရှင်းသေးဘူးလား ဒကာကြီး။

Dr. အောင်သူ ~ ရှင်းတော့ရှင်းပါတယ်။ သို့သော် သိပ်မရှင်းသေးလို့ပါ။

## မယားအိပ်နေတာကို အသုဘအာရုံထင်

ဆရာတော် ~ ကောင်းပါပြီ။ ဥပမာနဲ့ ပြောပြဦးမယ်နော်။ သာဝတ္ထိမြို့သား အမျိုးသား တစ်ယောက်က နွားပျောက်လို့ လိုက်ရှာရာကနေ ဘုန်းကြီးကျောင်းတစ်ကျောင်း ကို ရောက်လာတယ်။ နေမွန်းတည့်ပြီဖြစ်လို့ ဘုန်းကြီးတွေစွန့်တဲ့ ဆွမ်းကျန် ကွမ်းကျန်ကို စားရတယ်။ အခုလိုစားရတာကို သူတော်တော်ပျော်သွားတယ်။ ကျောင်းမှာနေရင် အိမ်မှာထက် ကောင်းကောင်းစားရမှာမို့ ရဟန်းဝတ်ဖို့ ဆုံးဖြတ် လိုက်တယ်။

Dr.အောင်သူ ~ သာသနာတော်မှာဝင်လာတာ တရားအားထုတ်ချင်လို့၊ စာသင်ချင်လို့မဟုတ်ဘဲ အစားကောင်းကောင်း စားချင်လို့ဝင်လာသလို ဖြစ်နေပါတယ်ဘုရား။

ဆရာတော် ~ ဒါဖြစ်စဉ်မှန်ပါပဲ ဒကာကြီး။ ဒါနဲ့ သူက ရဟန်းဖြစ်ပြီးနောက် နေ့စဉ်အစား အသောက်ကောင်းတွေ စားရလို့ ဝဖြိုးလာတဲ့အခါ အိမ်ကို သတိရလာတယ်။ ဒါကြောင့် သူက လူထွက်လိုက်တယ်။ ပြီးနောက် မကြာခင် ရဟန်းဝတ်ပြန်တယ်။ အဲသလိုနဲ့ပဲ စိတ္တဟတ္ထမထေရ် အလောင်းလျာက ရဟန်းဝတ်လိုက် ထွက်လိုက် ဖြစ်နေခဲ့ပါတယ်။

Dr. အောင်သူ ~ ဘယ်နှစ်ကြိမ် ရဟန်းဝတ်ပြီး ထွက်တာပါလဲဘုရား။

ဆရာတော် ~ စာထဲက မှတ်တမ်းအတိုင်းပြောရရင် ၆ ကြိမ်၊ ၆ ခါတိုင်အထိ လူထွက်တယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ခုနစ်ကြိမ်မြောက် ရဟန်းဝတ်ဖို့ စိတ်ပိုင်းဖြတ်ထားတဲ့ တစ်နေ့မှာတော့ လယ် တောကနေ ထွန်တုံး၊ ထွန်တံတို့ကိုယူပြီး အိမ်မှာထားတယ်၊ ပြီးတော့ အိမ်ထဲမှာ သူသိုမှီးသိမ်းဆည်းထားတဲ့ သပိတ် သင်္ကန်းတွေကိုယူဖို့ အိမ်ခန်းထဲ ဝင်သွား

---

**ကျမ်းညွှန်း**

၁။ စိတ္တဟတ္ထတ္ထေရဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ပထမတွဲ၊ နှာ- ၁၉၄)

လိုက်တဲ့အချိန်မှာ ကိုယ်လေးလက်ဝန်ရှိနေတဲ့ သူ့မယားက အဝတ်တွေ ကွင်းလုံး ကျွတ်ပြီး အိပ်ရာပေါ် အိပ်ပျော်နေပါတယ်။ ပြီးတော့ ခံတွင်းပေါက် ဟင်းလင်း ပွင့်ပြီး အရိအရွဲတွေ ယိုစီးနေတယ်။ ပြီးတော့ နှာခေါင်းကလည်း တရှုတ်ရှုတ်အသံ မြည်နေတာကို တွေ့လိုက်ရတဲ့အခါမှာ စိတ္တဟတ္ထမထေရ်လောင်းလျာရဲ့ စိတ် အစဉ်မှာ အိပ်ပျော်နေတဲ့ဇနီးလို မမြင်တော့ဘဲ ဖူးဖူးရောင်နေတဲ့ အလောင်း ကောင်ပုပ်ပမာ ရွံရှာစက်ဆုပ်ဖွယ် ထင်လာတဲ့အတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ မပြတ်မလပ်ဆင်ခြင်ပြီး လမ်းလျှောက်သွားနေတုန်းမှာပဲ ကျောင်းမရောက်ခင် သောတာပတ္တိမဂ်ကို မျက်မှောက်ပြုပါတော့တယ်။

Dr. အောင်သူ ~ သင်္ကန်းထုပ်ကိုင်ပြီး ကျောင်းမရောက်ခင် သောတာပန်အရိယာဖြစ်တာပါလား ဘုရား။

ဆရာတော် ~ သူ့အိမ်ကအထွက်မှာ ပုထုဇဉ်ပဲရှိသေးတယ်။ ကျောင်းရောက်တော့ အရိယာ ဖြစ်ပြီးနေပြီ ဒကာကြီး။ စိတ်အစဉ်က အဲသလောက်ကြီးကို မြန်ဆန်တာပါ။

Dr. အောင်သူ ~ အံ့သြစရာပါဘုရား။

ဆရာတော် ~ သူ့ထက်အံ့သြစရာရှိသေးတယ်။ ယသောဓရာရဟန္တာထေရီမကြီးက တစ်ခု တည်းသော အာဝဇ္ဇန်းရှိတဲ့ ဝီထိစိတ်အစဉ်နဲ့ တစ်ဆယ့်ခြောက်အသင်္ချေတိုင်တိုင် မပြတ်မလပ် တစ်ပြိုင်တည်း မြင်တော်မူနိုင်စွမ်းတယ်။ ဒါကြောင့် ဒီသာသနာ တော်မှာ ဉာဏ်အမြင်ကြီးတဲ့အရာမှာ 'မဟာဘိညာ ဧတဒဂ်' အရာ ထားတော် မူခြင်း ခံရပါတယ်။[၁]

Dr. အောင်သူ ~ အံ့သြမဆုံး၊ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။ အကြိမ်ကြိမ် ဦးညွှတ် ကန်တော့ပါတယ်ဘုရား။

ဆရာတော် ~ ဘုရားဝတ်တက်ချိန် ရောက်ပြီလေ။ တော်ကြဦးစို့နော်။

Dr. အောင်သူ ~ သာဓု၊ သာဓု၊ သာဓုပါဘုရား။

## ရူပါယတနံ စက္ခုဝိညာဏဓာတုယာ

ဆရာတော် ~ ဒီကနေ့ မြင်သိစိတ်တစ်ခုကို ဝိပဿနာရှုကွက်ပေါ်တဲ့အထိ ဆန်းစစ်ကြည့် ရအောင်လေနော်။

Dr. အောင်သူ ~ တင်ပါ့ဘုရား။ တပည့်တော် ပဋ္ဌာန်းဝိပဿနာကို သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ပဋ္ဌာန်းဝိပဿနာရယ်လို့ သီးခြားမရှိပါဘူး။ မဟာသတိပဋ္ဌာန်မှာလာတဲ့ ဝိပဿနာ ရှုကွက်ကိုပဲ ပဋ္ဌာန်းဘက်ကနေ စဉ်းစားတာပါ။ ဝိပဿနာရှုကွက် အသစ် မဟုတ်ပါဘူး ဒကာကြီး။

---

**ကျမ်းညွှန်း**

၁။ ဘဒ္ဒါကစ္စာနာထေရီဝတ္ထု၊ ဧကကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ။ (နှာ-၂၈၉)

Dr. အောင်သူ ~ တင်ပါဘုရား။

ဆရာတော် ~ မြင်သိစိတ်ပေါ်ဖို့ မျက်စိရယ်၊ အဆင်းရယ် ဆုံမှနော်။ မျက်စိဆိုတာက စက္ခုပသာဒ ရုပ်ပရမတ်၊ မြင်မှုက စက္ခုဝိညာဏ် စိတ်ပရမတ်နော် ဒကာကြီး။ နောက်တစ်နည်း စဉ်းစားရင် မျက်စိက ရုပ်တရား၊ အဆင်းကလည်း ရုပ်တရား၊ မြင်မှုက နာမ် တရားဖြစ်ပါတယ်။

Dr. အောင်သူ ~ နားလည်ပါသေးတယ်ဘုရား။ မှတ်သားနေပါတယ်။

ဆရာတော် ~ ဒီရုပ်ဓာတ် နာမ်ဓာတ်တွေက ရူပါရုံမျိုးစုံကို မြင်နိုင်တယ်။ အကောင်းအဆိုး မရွေးမြင်နိုင်တယ်။ စက္ခုပသာဒ ရုပ်ပရမတ်က မြင်ရုံမြင်နိုင်တာ၊ သိဖို့ ကျတော့ စက္ခုဝိညာဏ် မြင်သိစိတ်ကမှ သိတာနော် ဒကာကြီး။ ဒီအထိ ဗဟုသုတအနေနဲ့ ရှင်းရဲ့လားဗျာ။

Dr. အောင်သူ ~ ရှင်းသလောက်တော့ ရှိနေပါတယ်ဘုရား။

ဆရာတော် ~ အခုလို မြင်သိစိတ် နာမ်ပရမတ်က မြင်နိုင်တာ၊ မျက်စိအကြည်ခေါ်တဲ့ ရုပ် ပရမတ်က မြင်တာမဟုတ်ဘူးလို့ ဉာဏ်နဲ့ ခွဲခြားသိနိုင်ရင် ဝိပဿနာဉာဏ်ပါ ဒကာကြီး။ နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်နိုင်ပါတယ်။ အခုလို သိလာတာကို အသိအမြင် မှန်ကန်လာတယ်လို့ ပြောလို့ရပါတယ်။

Dr. အောင်သူ ~ ဘယ်လိုအသိအမြင် မှန်ကန်လာတာပါလဲဘုရား။

ဆရာတော် ~ 'ငါမြင်တယ်၊ ငါ့မျက်စိနဲ့ တပ်အပ်မြင်တယ်'လို့ ပြောလည်း ပြောကြတယ်။ ပြောသလိုလည်း မှတ်သားထားကြတယ်။ 'ငါ + မြင်တယ်'ကို ဆန်းစစ်ကြည့်ရင် ငါက ပညတ်၊ မြင်တာက ပရမတ် နှစ်ခုနော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ နောက်တစ်နည်းပြောရရင် 'ငါ'က ပုဂ္ဂလပညတ်၊ ပုရိသပညတ်၊ ဣတ္ထိပညတ်၊ သတ္တဝါပညတ်၊ သဏ္ဌာနပညတ်၊ သမူဟပညတ်တွေထဲက ဖြစ်ပါတယ်။ သူကခေါ်ရရုံ မှည့်ထားတဲ့ အမည်သက်သက်မျှသာဖြစ်တယ် ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် နားလည်ပါပြီ။ ငါက မြင်လို့မှမရတာဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဟုတ်နေပြီ ဒကာကြီး။ ငါကမြင်တာမဟုတ်ဘူး စက္ခုဝိညာဏ်စိတ် ပရမတ်မြင်သိစိတ်က 'မြင်'တာနော်။

Dr. အောင်သူ ~ ရပြီဘုရား။ ရှင်းပါတယ်ဘုရား။ ငါက ပညတ်သက်သက်ဆိုတာ ရှင်းတယ်ဘုရား။

ဆရာတော် ~ အခုလို သမ္မာဒိဋ္ဌိ Wright understanding အမြင်မှန်ရဖို့ ဘုရားရှင် ဟောကြား တော်မူတာပါ ဒကာကြီး။

## စိတ်သက်

Dr. အောင်သူ ~ စိတ်တွေက အခုလို ဝီထိအစဉ်အတန်းအတိုင်း မပျောက်မပျက်ဘဲ အမြဲဖြစ် တည်နေတာပါလားဘုရား။

ဆရာတော် ~ ထာဝရဖြစ်တည်နေတဲ့ သဘာဝမဟုတ်ပါဘူး။ စိတ်တစ်ခုရဲ့ အသက်က အလွန့် အလွန်ကို တိုတောင်းလှပါတယ်။ ဝီထိအစဉ် လှေ့လာတုန်းက မှတ်သားခဲ့ရတဲ့ အတီတဘဝင်ကလည်း ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်)၊ ဘဝင်္ဂစလနလည်း ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်)၊ ဘဝင်္ဂုပစ္ဆေဒလည်း ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်)နဲ့ မရပ်မနားစီးဆင်းနေတဲ့ မြစ်ရေအလျဉ်လိုပဲ တရစပ် ဖြစ်ပျက် ပြောင်းလဲနေပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဘုရားရှင် တရားတော်တွေက သိပ်ကို အသေးစိတ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ နားထောင်ကြည့်ဦးလေ။ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) သွားနေတဲ့အစဉ်မှာ ဖြစ်ခဏ၊ တည်ခဏ၊ ပျက်ခဏဆိုပြီး ခဏငယ်သုံးချက် ရှိတယ်။ အဲဒီခဏငယ်သုံးချက်ကို စိတ္တက္ခဏ တစ်ချက်လို့ ခေါ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ခဏငယ်သုံးချက်ကို စိတ္တက္ခဏတစ်ချက်လို့ခေါ်တာ မှတ်မိပါပြီဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ ရပြီဆိုရင် စိတ္တက္ခဏ ၁၇ ချက် ၁ ဝီထိလို့ မှတ်ပါဦးလေ။

Dr. အောင်သူ ~ မှန်ပါ။ သတိပြုမိပါပြီဘုရား။

ဆရာတော် ~ အခုအသံကို ကြားနေတုန်း တစ်ခဏမှာကို ဝီထိစိတ်ပေါင်း ကုဋေများစွာ ဖြစ်နေပြီနော်။

Dr. အောင်သူ ~ လက်ဖျစ် တစ်တွက်၊ မျက်စိတစ်မှိတ် ကာလတိုတိုကလေးမှာ စိတ္တက္ခဏတွေ ကုဋေတစ်သိန်းကျော် ဖြစ်နိုင်တယ်လို့ နားလည်ရမှာပါလားဘုရား။

ဆရာတော် ~ မှန်တယ် ဒကာကြီး။ မှန်တယ်။

Dr. အောင်သူ ~ စိတ်တစ်ခုရဲ့အသက်ကို မှန်းဆလို့ ခပ်ရေးရေးလေး သိရပါပြီဘုရား။

ဆရာတော် ~ သိနိုင်ပြီလေ။ စိတ်တစ်ခုရဲ့အသက်က တစ်စက္ကန့်ရဲ့ ကုဋေတစ်သိန်းပုံ တစ်ပုံပဲ ရှိပါတယ်။

Dr. အောင်သူ ~ တပည့်တော် သိပြီဘုရား။ စိတ်တစ်ခုရဲ့ သက်တမ်းက (၀. ၀၀၀၀၀၀၀၀၀၀၁) စက္ကန့်လောက်ပဲ ရှိပါတယ်ဘုရား။

## ရုပ်သက်

ဆရာတော် ~ ကောင်းပါပြီ။ ဒကာကြီး စိတ်တစ်ခုရဲ့ အသက်ကို နားလည်ပြီဆိုရင် ရုပ်တစ်ခုရဲ့ အသက်က စိတ္တခဏ ၁၇ ချက်နဲ့ ညီမျှတယ်၊ ခဏငယ်နဲ့ ရေတွက်ပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါ။ စဉ်းစားပြီး နားထောင်နေပါတယ်ဘုရား။

ဆရာတော် ~ ခဏငယ် ၁၇ × ၃ = ၅၁ က ရုပ်သက်ပါဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။

ဆရာတော် ~ နားမလည်သေးရင် ဖြည်းဖြည်းစဉ်းစားပါနော်။ လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ်ကာလအတွင်းမှာ ရုပ်ကလာပ်ပေါင်း ကုဋေ ၅၈၀၀ ကျော် ရှေ့ဆင့် နောက်ဆင့် ဖြစ်ပျက်သွားနေကြပါတယ်။

Dr. အောင်သူ ~ မှန်ပါ၊ ရုပ်သက်ကကောဘုရား။

ဆရာတော် ~ ရုပ်ကလာပ်တစ်ခုရဲ့ အသက်က ကုဋေ ၅၈၀၀ စက္ကန့်ရဲ့ အပုံတစ်ပုံပဲရှိပါတယ်။

Dr. အောင်သူ ~ ဘုရားဟောစာတွေက အံ့ဩစရာကောင်းအောင် သိပ်ကို တိကျလွန်းပါတယ် ဘုရား။ ကြည်ညိုမဆုံးပါဘုရား။

## စိတ္တနိယာမ

Dr. အောင်သူ ~ တပည့်တော် ဆက်ပြီးသိချင်တာက အတီတဘဝင်၊ ဘဝင်စလန စသည်အားဖြင့် စိတ်က အစဉ်အတန်းအတိုင်း ဖြစ်နေတော့တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သူက တစ်စုံတစ်ယောက်သော တန်ခိုးရှင်ပုဂ္ဂိုလ်က ဖန်ဆင်းထားတာမဟုတ်ဘဲ သူ့သဘာဝအတိုင်း ဖြစ်နေတာမို့လို့ နိယာမတရားလို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ အခုလို သူ့သဘာဝအတိုင်း ဖြစ်နေတတ်တဲ့ နိယာမတရားတွေ အများကြီး ရှိပါသလားဘုရား။

ဆရာတော် ~ နိယာမတရား ၅ ပါး ရှိတယ်လို့ ဗုဒ္ဓစာပေမှာ လာရှိပါတယ်။

Dr. အောင်သူ ~ အဲဒီနိယာမတွေကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ ၁- ကမ္မနိယာမ၊ ၂- ဥတုနိယာမ၊ ၃- ဗီဇနိယာမ၊ ၄- ဓမ္မနိယာမ နှင့် ၅- စိတ္တနိယာမတို့ပါပဲ။

Dr. အောင်သူ ~ မှန်ပါဘုရား။ အကျဉ်းနဲ့ တပည့်တော် နားမလည်သေးပါဘုရား။ အကျယ် သိလိုပါတယ်ဘုရား။

## ကမ္မနိယာမ

ဆရာတော် ~ ကောင်းပါပြီ၊ ပထမဆုံး ကမ္မနိယာမကနေ စပြောရအောင်နော်။ ကုသိုလ်ကံက ကောင်းကျိုးကို ပေးတယ်။ အကုသိုလ်ကံက မကောင်းကျိုးကို ပေးတယ်။ အခုလို ကောင်းကျိုး၊ မကောင်းကျိုးတွေ ပေးလာအောင် တစ်စုံတစ်ခုသော ဖန်ဆင်းရှင်၊ တန်ခိုးရှင်က ဖန်ဆင်းပေးတာ မဟုတ်ဘူး။ သူ့သဘာဝအတိုင်း ဖြစ်နေတာမို့လို့ ကမ္မနိယာမလို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ကမ္မနိယာမကို တပည့်တော် နားလည်ပါပြီဘုရား။

## ဥတုနိယာမ

ဆရာတော် ~ ဒုတိယက ဥတုနိယာမဖြစ်ပါတယ်။ ကမ္ဘာပေါ်က နေရာဒေသအသီးသီးမှာရှိကြတဲ့ စပါးမျိုး၊ မြက်မျိုး၊ သစ်ပင်မျိုးတွေက သူ့ဥတုရာသီအချိန်ကျလာရင် နှိုးဆော်သူ

ရှိသလို တညီတညွတ် သီးကြ ပွင့်ကြတယ်။ သူ့အချိန် သူ့အခါမှာ မိုးရွာတယ်။ လေ တိုက်တယ်။ ဆီးနှင်းကျတယ်။ ပင်လယ်သမုဒ္ဒရာတွေမှာ ဒီရေတက်တယ် ဒါတွေက ပြုပြင်သူမရှိဘဲ ဥတုကိုအစွဲပြုပြီးတော့ သူ့သဘာဝအလျောက် ဖြစ်မြဲ ဖြစ်နေတာမို့လို့ ဥတုနိယာမလို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ နားလည်ပါပြီဘုရား။ သဘာဝကျပါတယ်ဘုရား။

## ဗီဇနိယာမ

ဆရာတော် ~ တတိယ ဗီဇနိယာမကို ပြောပြမယ်နော်။ ဥပမာ ထိကရုံးပင်ကို တို့ထိလိုက်ရင် ရှုန်းပြီးစုသွားတာ၊ မြက်သစ်ပင်တို့ မျိုးဗီဇအားလျော်စွာ အခါးမျိုးစေ့က အခါးသီး သီးတာ၊ အချိုမျိုးစေ့က အချိုသီးသီးတာ၊ သရက်စေ့ကနေ သရက်ပင်ဖြစ်လာတာ၊ ကြက်ဟင်းခါးစေ့ကနေ ကြက်ဟင်းခါးပင်ဖြစ်လာတယ်၊ ဝါးပင်တွေ သက်တမ်း ကုန်ရင် ဝါးသီးသီးလာတယ်၊ ငှက်ပျောပင် သက်တမ်းကုန်ဖို့ ငှက်ပျောခိုင် ထွက်ပေးရတယ်။ ပြီးတော့ သံသတ္တုတို့က သံလိုက်ရှိရာကို အလိုအလျောက် ရောက်လာတာကလည်း ပြုပြင်သူ၊ စီမံသူမရှိဘဲ သူ့သဘာဝအလျောက် ဖြစ်မြဲ ဖြစ်နေမို့လို့ ဗီဇနိယာမလို့ ခေါ်တာပါဒကာကြီး။

Dr. အောင်သူ ~ အလွန် စိတ်ဝင်စားစရာ ကောင်းပါတယ်ဘုရား။ ဟုတ်သားပဲ ဘယ်သူမှ မစီမံရဘဲ သူ့အလိုလိုဖြစ်နေတာကို မသိတဲ့သူတွေက ကောင်းကင်ဘုံကနေ တန်ခိုးရှင် ဖန်ဆင်းတယ်လို့ ထင်နေတတ်ကြပါတယ်ဘုရား။

## ဓမ္မနိယာမ

ဆရာတော် ~ ဟုတ်ပါတယ်၊ နိယာမတရား ၅-ပါးကို မသိထားရင် ထာဝရဖန်ဆင်းရှင်ကြီးက ဖန်ဆင်းထားတယ်လို့ ထင်ကြတာပါ။ အခုဆက်ပြီး ဓမ္မနိယာမကို ပြောမယ်နော်၊ ဘုရားလောင်းတော်တို့ ပဋိသန္ဓေ နေတော်မူစဉ်ကာလ၊ ဖွားတော်မူစဉ် ကာလ တွေမှာ မြေတုန်လှုပ်တာ၊ အရောင်အလင်းတွေပေါ်တာ၊ သုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးတွေပေါ်တာက ဓမ္မနိယာမပါ။

Dr. အောင်သူ ~ ဓမ္မနိယာမက ကျယ်ဝန်းလိုက်တာဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဆက်ပြီး နားထောင်ကြည့်ဦးလေ။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ မသိမှုမောဟ (အဝိဇ္ဇာ) ဆိုတဲ့ အကြောင်းတရားတစ်ခုကြောင့် သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ စတဲ့ အကျိုးတရားတွေ ဖြစ်လာတာ ဓမ္မနိယာမပါ။ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်လိုက်သည်ရှိသော် ဆိုင်ရာ ကိလေသာ ကုန်ခန်းတာလည်း ဓမ္မနိယာမပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ စိတ္တနိယာမ ကျန်ပါသေးတယ်ဘုရား။

ဆရာတော် ~ မျက်စိ၊ နား စတဲ့ တံခါးတွေမှာ အာရုံ တစ်ခုတိုက်လာရင် ပြုပြင်စီရင်သူ မရှိပါဘဲ သဘာဝအလျောက် ဝီထိစိတ် အစဉ်အတန်း ဖြစ်ရတာက စိတ္တနိယာမပါ ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် သတိရပြီဘုရား။ ၁-အတီတဘဝင်၊ ၂-ဘဝင်စလန၊ ၃-ဘဝင်ုပစ္ဆေဒ၊ ၄- ပဉ္စဒွါရာဝဇ္ဇန်း၊ ၅- စက္ခုဝိညာဏ်၊ ၆-သမ္ပဋိစ္ဆိုင်း၊ ၇-သန္တီရဏ၊ ၈-ဝုဋ္ဌော၊ ၉-၁၅ ဇောတွေက နိယာမအလျောက်ဖြစ်တာကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်ဗျာ။ စိတ္တနိယာမပါ ဒကာကြီး။

## နိရောဓသမာပတ်၏ အနန္တရသတ္တိ

Dr. အောင်သူ ~ လူတစ်ယောက်အနေနဲ့ စိတ်မရှိတဲ့ အခြေအနေဆိုတာ ရှိနိုင်ပါသလားဘုရား။

ဆရာတော် ~ ဘဝမှာ နာမသန္တတိအစဉ် Mental continuity ပြတ်တဲ့အခြေ အနေမျိုးက မရှိကောင်းပါဘူး။ ဒါပေမဲ့ အခြေအနေနှစ်ရပ်မှာတော့ စိတ်အစဉ် ပြတ်တာ ရှိတတ်တယ် ဒကာကြီး။

Dr. အောင်သူ ~ Mental continuity ပြတ်တောက်တဲ့ အခြေအနေနှစ်မျိုးကို သိပါရစေဘုရား။

ဆရာတော် ~ နိရောဓသမာပတ် ဝင်စားနေတဲ့ကာလနဲ့ အသညသတ်ပြဟ္မာဘုံမှာဖြစ်တဲ့ ကာလမှာ စိတ်အစဉ်တွေ သာမန် Condition နဲ့ မတူတော့ဘူး။ ဒါကို ကြံဆ စိတ်ကူးလို့ သိကောင်းတဲ့ အခြေအနေတော့ မဟုတ်ပါဘူး ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ အသေးစိတ် အမိန့်ရှိပေးတော်မူပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အနာဂါမ်နဲ့ ရဟန္တာပုဂ္ဂိုလ်တို့ နိရောဓသမာပတ်ဝင်စားတော့မယ် ဆိုရင် ပထမဦးဆုံး ရူပါဝစရပထမဈာန်ကနေစပြီး ဈာန်ကို အဆင့်ဆင့် ဝင်စား ရပါတယ် ဒကာကြီး။

Dr. အောင်သူ ~ တင်ပါဘုရား။

ဆရာတော် ~ နောက်ဆုံး နူးညံ့သိမ်မွေ့လွန်းတဲ့ နေဝသညာနာသညာယတနဈာန်စိတ် ဖြစ်ပြီး တာနဲ့ တစ်ပြိုင်နက် နောက်ထပ် ဘာစိတ်မှ မဖြစ်တော့ဘူး။ တစ်နည်းပြောရရင် စိတ်တွေ၊ စေတသိက်တွေ အပါအဝင် စိတ္တဇရုပ်တွေပါ ချုပ်ငြိမ်းသွားပါတယ်။

Dr. အောင်သူ ~ အလွန်အံ့သြစရာကောင်းပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တွေနဲ့ ခန္ဓာအစဉ်ကြီးက ၇ ရက် နေနိုင်ပါတယ်။ အဓိဋ္ဌာန်စေ့ပြီးတဲ့နောက် နိရောဓသမာပတ်ကနေ ထတဲ့ အခါကျမှ စိတ်တွေစဖြစ်မယ် ဒကာကြီး။

Dr. အောင်သူ ~ အံ့သြစရာပါဘုရား။ အကြိမ်ကြိမ် လက်အုပ်ချီမိပါတယ်ဘုရား။ သမာပတ်က နေထတဲ့အခါမှာ ဘာစိတ်က အစဦးဆုံး ဖြစ်တာပါလဲဘုရား။

ဆရာတော် ~ အနာဂါမ်ပုဂ္ဂိုလ်က အနာဂါမိဖိုလ်စိတ် ဦးဆုံးဖြစ်မယ်။ ရဟန္တာပုဂ္ဂိုလ်က အရဟတ္တဖိုလ်စိတ် ဦးဆုံးဖြစ်မယ်။

Dr. အောင်သူ ~ မှန်ပါဘုရား၊ မှန်လှပါဘုရား။

ဆရာတော် ~ နိရောဓသမာပတ်မဝင်စားမီ နောက်ဆုံးဖြစ်ခဲ့တဲ့ နေဝသညာနာသညာယတနစျာန်စိတ်နဲ့ နိရောဓသမာပတ်ကနေ ထတဲ့အခါမှာ အစဦးဆုံးဖြစ်တဲ့ အနာဂါမိဖိုလ်စိတ် ဒါမှမဟုတ် အရဟတ္တဖိုလ်စိတ်တို့ရဲ့ အကြားမှာ ကာလအားဖြင့် ၇ ရက်လုံးလုံး ကြာသွားတယ်နော် ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် သေသေချာချာ သတိပြုမိနေပါတယ်ဘုရား။

ဆရာတော် ~ အဲဒီ ၇ ရက်လုံးလုံး ဘာစိတ်မှ မဖြစ်တော့ဘူး။ တစ်နည်းပြောပြရရင် သမာပတ်မဝင်စားခင် နောက်ဆုံးဖြစ်ခဲ့တဲ့ နေဝသညာနာသညာယတနစျာန်စိတ်နဲ့ ပထမဦးဆုံးဖြစ်တဲ့ ဖိုလ်စိတ်တို့အကြားမှာ ဘယ်နာမ်ခန္ဓာမှ မဖြစ်တော့ဘူး။ ဒါကြောင့် နိရောဓသမာပတ် မဝင်စားမီကစိတ်နဲ့ နိရောဓသမာပတ်မှ ထတဲ့အချိန်မှာဖြစ်တဲ့စိတ်ကို အကြားအလပ်မရှိတဲ့ အနန္တရသတ္တိက ကျေးဇူးပြုပါတယ်။

Dr. အောင်သူ ~ ကမ္မဇရုပ်၊ ဥတုဇရုပ်နဲ့ အာဟာရဇရုပ်တွေက ၇ ရက်လုံးလုံးနေနိုင်တာ အံ့သြမဆုံးပါဘုရား။

ဆရာတော် ~ အံ့သြစရာ အလွန်ကောင်းပါတယ် ဒကာကြီး။ သို့သော် စုတိနဲ့ ပဋိသန္ဓေအကြားကာလ အားဖြင့် ကပ်ကမ္ဘာ ၅၀၀ သက်တမ်း ကြာတဲ့တိုင် အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာ ရှိသေးတယ်။

Dr. အောင်သူ ~ အသေးစိတ်သိရှိပြီး ကြည်ညိုပါရစေဘုရား။

## အသညသတ်ဗြဟ္မာတို့၏ အနန္တရသတ္တိ

ဆရာတော် ~ စျာန်ရပြီးနောက် အသညသတ်ပြဟ္မာဘုံကို ရောက်နိုင်တဲ့ စျာနလာဘီပုဂ္ဂိုလ်ရဲ့ စုတိနဲ့ ပဋိသန္ဓေအကြားကာလ ကပ် ၅၀၀ သက်တမ်း ကြာမြင့်ပါတယ် ဒကာကြီး။ အဲဒီ အသညသတ်ပြဟ္မာ့ဘုံမှာ သိတတ်၊ ခံစားတတ်၊ မှတ်သားတတ်၊ စေ့ဆော်တတ်တဲ့ နာမ်တရားတွေမရှိဘဲ ရုပ်တရားကြီးသက်သက် သက်တမ်းအရှည်ကြီး တည်နေနိုင်တာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။ မှန်ပါဘုရား။ အံ့သြစရာပါပဲဘုရား။ ပြဟ္မာ့ဘုံက ပြဟ္မာတွေရဲ့စိတ်ကသိပ်ကို စင်ကြယ်နေမှာပဲနော်ဘုရား။

ဆရာတော် ~ အသညသတ်ပြဟ္မာဘုံကိုထားပြီး ကျန်တဲ့ပြဟ္မာဘုံကို ပြောရအောင်နော်။ ပြဟ္မာတို့မှာ လူတွေလို ကာမရာဂစိတ်လည်း မရှိဘူး။ ဒေါသဗျာပါဒစိတ်တွေလည်း မရှိဘူး။ ကိုယ်အနေအထားက ခံ့ညားထွားကျိုင်းတဲ့ ယောကျ်ားအသွင်အပြင်နဲ့ပဲရှိတယ်လို့ စာထဲပြပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်လှပါဘုရား။

## ပရိနိဗ္ဗာန်စံမှ စိတ်အစဉ်ပြတ်ပါတော့သည်

ဆရာတော် ~ ဒကာကြီးစိတ်ဝင်စားနေတဲ့ Mental continuity စိတ်အစဉ် အပြီးတိုင် ပြတ်တောက်ဖို့ကတော့ ပရိနိဗ္ဗာန်စံမှပဲ ပြတ်တော့မယ်။

Dr. အောင်သူ ~ ရဟန္တာဖြစ်ပြီးနောက် ပရိနိဗ္ဗာန် စံတော်မူကြတာကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဆိုပါစို့။ သုမေဓာရသေ့ဘဝကနေစပြီး စဉ်းစားကြည့်ရအောင်နော်။

Dr. အောင်သူ ~ တင်ပါ့ဘုရား။

ဆရာတော် ~ ပါရမီဖြည့်ကျင့်လာတဲ့ သုမေဓာရသေ့ဘဝကနေ ဘုရားဖြစ်တော်မူတဲ့ အချိန်ထိ စိတ်အစဉ်တန်းကြီးက တောက်လျှောက် ဖြစ်နေပါတယ်။ ဘုရားဖြစ်တော်မူပြီးနောက် သက်တော် ၈၀ အရွယ် ကုသိနာရုံမြို့အနီးက အင်ကြင်းတောမှာ ခန္ဓပရိနိဗ္ဗာန် ပြုတော်မူမှသာ စိတ်အစဉ်အတန်းကြီးက အပြီးတိုင် ချုပ်ငြိမ်းသွားတော့တယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဒါဆိုရင် တပည့်တော်တို့ လောကလူသားအားလုံး နိဗ္ဗာန်ကို မျက်မှောက်မပြုမချင်း စိတ်အစဉ်တန်းကြီး ဖြစ်နေတော့တာပါလားဘုရား။

ဆရာတော် ~ စိတ်အစဉ်တန်းကြီး Mental continuity က ထာဝရတည်မြဲပြီး ဖြစ်တည်နေတာ တော့မဟုတ်ဘူး။ သူ့အစီအစဉ်နှင့်သူ ရှေ့စိတ် ပျက်သွားလိုက်၊ နောက်စိတ် ဖြစ်လာလိုက်၊ ရှေ့စိတ်ပျက်သွားလိုက် နောက်စိတ် ဖြစ်လာလိုက်နဲ့ မပြတ်တရစပ် သွားနေတဲ့အစဉ်ပါ ဒကာကြီး။

Dr. အောင်သူ ~ သိနိုင်ခဲ၊ ကြားနိုင်ခဲတဲ့ ဗဟုသုတတွေကြားနာရလို့ ကျေးဇူးတင်ပါတယ်ဘုရား။


**ဆုတောင်း**

**"စကြာမင်းနတ်ရွာစံသော် သားကြီးနန်းတက်ခါ ခြားပြတ်ခြင်းမရှိသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း ကောင်းမြတ်သော ကုသိုလ်စိတ်အစဉ်တို့သာ ခြားပြတ်ခြင်းမရှိဘဲ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာဖြစ်ပြီး ကျေးဇူးပြုနိုင်ပါစေသား"**

## ၅။ သမနန္တရပစ္စယော

**Samanantara Paccayo *(Contiguity condition)***

## ကောင်းစွာအခြားမဲ့ (တစ်ဆက်တည်းအကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောပစ္စည်း



သမနန္တရပစ္စည်း၏ကျေးဇူးပြုပုံ

စကြဝတေးမင်းကြီး နန်းစည်းစိမ်စွန့်ပြီး တောထွက်သွားသည်နှင့် တစ်ပြိုင်နက် သားကြီး အိမ်ရှေ့မင်းသားသည် ဘုရင်ဖြစ်လာသကဲ့သို့ပင် ရှေးရှေးနာမ်တရားများသည် ချုပ်ပျောက်၍၊ ချုပ်ပျောက်၍ သွားခြင်းသည် နောက်နောက်နာမ်တရားများ တစ်ပြိုင်နက်တည်း အကြားမရှိ တစ်စိတ်တည်း ထင်ရလောက်အောင် ကျေးဇူးပြုပါသည်။

### အနန္တရပြီးနောက် သမနန္တရကိုဟောတော်မူပါသည်

Dr. အောင်သူ ~ ဘုရားတပည့်တော် အနန္တရပစ္စယောကို လေ့လာရင်း သမနန္တရပစ္စယောကိုပါ တွဲပြီး ဖတ်ပါတယ်ဘုရား။ သို့သော် ဆရာတော်ကြီးများရဲ့ အဖွင့်ကျမ်းစာအုပ်တွေမှာလည်း သမနန္တရပစ္စယောကို အထူးတလည် အကျယ်ဖွင့်ပြတာ မတွေ့တဲ့အတွက် ဒီကနေ့ တနင်္ဂနွေရုံးပိတ်လို့ ကျောင်းလာတာပါဘုရား။

ဆရာတော် ~ အနန္တရကို သဘောကျအောင် နားလည်လာရင် သမနန္တရက သိပ်မထူးခြားဘူး။ နားလည်ဖို့ မခက်ခဲတော့ပါဘူး ဒကာကြီး။

Dr. အောင်သူ ~ အဲဒီပစ္စယောနှစ်ခုမှာ ကွာခြားချက် နည်းနည်းဖြစ်ဖြစ် ရှိမယ်လို့ ထင်ပါတယ်။

ဆရာတော် ~ ရှိပါတယ် ဒကာကြီး။ ရှိပါတယ်။ အနန္တရပစ္စည်းကို ဟောတော်မူပြီးနောက်မှာ သမနန္တရ ပစ္စည်းကို ဟောတော်မူတဲ့အကြောင်းကို ဆရာတော်ကြီးများ မိန့်ကြားတော် မူတာရှိတယ်။ အဲဒါပြောပြမယ်လေနော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ပဋ္ဌာန်းတရားတော်ကို နာကြားနေကြတဲ့ နတ်၊ ဗြဟ္မာ ပရိသတ်တွေထဲက အချို့သော ပုဂ္ဂိုလ်က အနန္တရကိုဟောရုံနဲ့ နားလည်နိုင်ကြပါသော်လည်း အချို့သောပုဂ္ဂိုလ်က အနန္တရပစ္စည်းဟောရုံနဲ့ မလုံလောက်တဲ့အတွက် သမနန္တရ ပစ္စည်းကို ဟောတော်မူရတယ်လို့ ဖွင့်ဆိုတော်မူကြပါတယ်။

Dr. အောင်သူ ~ သူတို့ရဲ့ နားလည်နိုင်တဲ့ စွမ်းရည် Understanding ability အလျောက် ဟောတော်မူတယ်လို့ နားလည်ရမှာပါလားဘုရား။

ဆရာတော် ~ ရှေးဆရာမြတ်များကလည်း ကျွတ်ထိုက်တဲ့ သတ္တဝါအသီးသီးတို့ရဲ့ ခါတ်ခံစရိုက်၊ ဉာဏ်ရည်ဉာဏ်သွေးပေါ် မူတည်ပြီး သမနန္တရကို ဟောတော်မူကြောင်း ဖွင့်ဆို တော်မူကြပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား၊ အဓိပ္ပာယ်ကဘယ်လိုများ အထူး ကွဲပြားပါသလဲဘုရား။

ဆရာတော် ~ သမနန္တရပစ္စယောရဲ့ အဓိပ္ပာယ်ကို လိုရင်းပြောရရင် အခြားမဲ့ ဖြစ်စေတယ်တဲ့။ လေးနက်အောင်လို့ ထပ်ဟောတော်မူတယ်လို့ ဆိုနိုင်မယ် ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သဘောအဓိပ္ပာယ်က အနန္တရနဲ့တူနေလို့ပါ။ အနန္တရ ပစ္စယောက (န + အန္တရ + ပစ္စယော) အကြားအလပ်မရှိ ကျေးဇူးပြုနိုင်တယ်။ သမနန္တရပစ္စယောက (သံ + အနန္တရ + ပစ္စယော) ကောင်းစွာ အကြားမရှိဘဲ နောက်စိတ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်တာပါ ဒကာကြီး။

Dr. အောင်သူ ~ စာထဲက ဥပမာက စကြာမင်းလို့ရေးတာ ဖတ်ရပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ စကြာမင်းနတ်ရွာစံတာက အိမ်ရှေ့မင်းသား စကြာမင်းဖြစ်ဖို့ ကျေးဇူး ပြုတာကို အနန္တရပစ္စည်းမှာ ဥပမာပြုပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ စကြာမင်း ထီးနန်းစည်းစိမ်စွန့်ပြီး တောထွက်တာက အိမ်ရှေ့မင်းသား စကြာမင်း ဖြစ်ဖို့ ကျေးဇူးပြုတာကို သမနန္တရပစ္စည်းမှာ ဥပမာပြုတော်မူကြပါတယ်။

Dr. အောင်သူ ~ အနန္တရ၊ သမနန္တရတို့နဲ့ သဘောချင်းတူညီတဲ့ ပစ္စည်းများ ရှိပါသေးသလားဘုရား။

ဆရာတော် ~ ရှိတယ်။ ရှိတယ် ဒကာကြီး။ ပြီးတော့ပြောပြမယ်။ အနန္တရပစ္စည်းရဲ့သဘောက ရှေ့စိတ်နဲ့ နောက်စိတ် နှစ်ခုကြားမှာ နာမ်တရားအစု အခြားမရှိစေဘဲ ကျေးဇူး ပြုတာပါ။

Dr. အောင်သူ ~ ကျေးဇူးပြုတာဆိုတာက ဖြစ်စေတာ၊ တည်စေတာလို့ မှတ်ယူပါမယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အရင်ပြောခဲ့တာတွေ မမေ့မှ ရှေ့တိုးနားလည်မယ်နော်။

Dr. အောင်သူ ~ အနန္တရပြီးတော့ နောက်ပစ္စည်းတွေ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ အနန္တရပြီးတော့ သမနန္တရပစ္စည်းရဲ့ ကျေးဇူးပြုပုံက ရှေ့စိတ်နဲ့ နောက်စိတ် တစ်ခုတည်းကို ထင်ရလောက်အောင် ကျေးဇူးပြုတာပါ။

Dr. အောင်သူ ~ မှတ်မိပါပြီဘုရား။

## Mind to mind

ဆရာတော် ~ အနန္တရနဲ့ သမနန္တရပြီးတော့ အနန္တရူပနိဿယကို ပြောပြဦးမယ်နော်။ သူက နောက်စိတ်ဖြစ်ဖို့အတွက် လွန်ကဲကြီးမားတဲ့အကြောင်း great cause အဖြစ် ကျေးဇူးပြုတယ်။ ဖြစ်စေတယ်။

Dr. အောင်သူ ~ သိသင့်တာ ကျန်သေးရင် မှတ်သားထားချင်ပါတယ်ဘုရား။

ဆရာတော် ~ နတ္ထိနဲ့ ဝိဂတပစ္စည်း ကျန်သေးတယ်။ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိနဲ့ ဝိဂတတို့အားလုံးရဲ့ Function က Mind to mind ဖြစ်လို့ ကျေးဇူးပြုပုံ တူတယ်။ နတ္ထိကျေးဇူးပြုပုံက နောက်စိတ်ဖြစ်ခွင့်ရဖို့ ရှေ့စိတ်ချုပ်ပေးရတယ်။ ဝိဂတက မရှိရုံမကဘူး သူ့ရဲ့သတ္တိပါ ကင်းခြင်းအားဖြင့် ကျေးဇူးပြုပါတယ် ဒကာကြီး။

## စိတ်အစဉ် ပြတ်တောက် ရပ်နားသွားတာ မရှိပါ

Dr. အောင်သူ ~ ပြီးခဲ့တဲ့ဘဝကို စုတိပြီး ဒီဘဝပဋိသန္ဓေကို နည်းနည်း နားလည်လာပါပြီဘုရား။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တဲ့အခါမှာတော့ စိတ်က အနားရတယ်လို့ တပည့်တော် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ပဋိသန္ဓေကစပြီး ဒီနေ့အထိ စိတ်အစဉ်တန်းကြီး Mental continuity က အပြတ်အတောက် အရပ်အနား လုံးဝမရှိဘူး ဒကာကြီး။ မြင်စရာ အဆင်းအာရုံနဲ့ ဆုံရင် မြင်သိစိတ်ဖြစ်မယ်။ ကြားစရာ အသံအာရုံနဲ့ဆုံရင် ကြားသိစိတ်ဖြစ်မယ်။ ကြားထဲမှာလည်း ဘဝင်စိတ်တွေက ခြားနေမယ်။

Dr. အောင်သူ ~ မှန်ပါ။ ဒါဆိုရင် ဘဝင်စိတ်တွေခြားပြီး အနန္တရ၊ သမနန္တရအစဉ်နဲ့ သွားနေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ယုတ်စွအဆုံး အိပ်ပျော်နေရင်တောင်မှ Mental continuity နာမ်တရားအစဉ်က မပြတ်မတောက် ဖြစ်နေပါတယ်။ ဆိုပါစို့ နိုးကြားနေတဲ့အခါ ဝီထိစိတ်အစဉ်ဖြစ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရင်တော့ ဘဝင်စိတ်အစဉ်

ဖြစ်နေပါမယ်။ ဒါကြောင့် စိတ်အစဉ် Mental continuity ပြတ်မသွားပါဘူး ဒကာကြီး။ တဖြည်းဖြည်းချင်း စဉ်းစားပါလေ။

Dr. အောင်သူ ~ ဒါဆိုရင် စိတ်အစဉ်ကြီးက parmenent ဖြစ်ပြီး တည်တံ့ ခိုင်ခံ့နေတာတော့ မဟုတ်လောက်ဘူးဘုရား။

## ဥပါဒ်၊ ဌီ၊ ဘင်

ဆရာတော် ~ ဟုတ်ပြီ။ ဒီနေရာ မှားတတ်တယ် ဒကာကြီး။ စိတ်အစဉ်က တည်တံ့ခိုင်ခံ့နေတာ တော့မဟုတ်ဘူး။ ဥပါဒ်၊ ဌီ၊ ဘင်။ ဥပါဒ်၊ ဌီ၊ ဘင်။ ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်၊ တည်၊ ပျက်၊ ဖြစ်၊ တည်၊ ပျက်ပြီး အသစ်၊ အသစ်ဖြစ်လာလိုက်၊ အဟောင်း အဟောင်းတွေ ပျက်သွားလိုက်နဲ့ အပြတ်အလပ်မရှိ သွားနေတဲ့ နာမသန္တတိ Mental continuity အစဉ်အတန်းကြီးပါ ဒကာကြီး။ နားလည်ဖို့များ ခက်နေသလား။

Dr. အောင်သူ ~ မှန်ပါ စဉ်းစဉ်းစားစား နားထောင်နေပါတယ်ဘုရား။

ဆရာတော် ~ ဆက်ပြောပြမယ်နော်။ ရဟန္တာမဖြစ်သေးရင် နောက်ဘဝတစ်ခုရဦးမယ်၊ ဒီဘဝ စုတိစိတ် ကျပြီးတာနဲ့ ရှေ့ဘဝရဲ့ ပဋိသန္ဓေ ဆက်ဖြစ်တော့တယ် ဒကာကြီး။ တစ်နည်း ရှင်းပြရရင် စုတိစိတ် ဥပါဒ်၊ ဌီ၊ ဘင် ချုပ်သွားတာနဲ့ ပဋိသန္ဓေစိတ် ဥပါဒ်၊ ဌီ၊ ဘင် ဆက်ဖြစ်သွားတယ်။ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်တို့ရဲ့ အကြားမှ ဘာမှမခြားဘူးနော်။ အနန္တရ၊ သမနန္တရ ပစ္စည်းတွေကို အခုလို နားလည်လာရ မှာပါ ဒကာကြီး။ ဆက်ပြီး လေ့လာပါဦးနော်။

## ဘုရားလောင်းပါရမီဖြည့်တော်မူ

Dr. အောင်သူ ~ တပည့်တော် စိတ်ဝင်စားပါတယ်ဘုရား။ ဥပမာများရှိရင် ပိုပြီးနားလည်လွယ် မလားလို့ တွေးမိပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ ဘုရားလောင်း သုမေဓာရှင်ရသေ့ဘဝ ဗျာဒိတ်ခံယူပြီး ပါရမီတော် တွေကို ရှည်ကြာကာလ ဘဝများစွာ ဖြည့်ကျင့်လာခဲ့ပါတယ်။ သံသရာဘဝ များစွာ ခြားခဲ့ပါသော်လည်း နာမ်တရားအစဉ် Mental continuity ရပ်တန့် မသွားခဲ့ဘူးလေ။ ဒါကြောင့် ကုသိုလ်ပဲလုပ်လုပ်၊ အကုသိုလ်ပဲလုပ်လုပ် စိတ် တွေက လက်ဖျောက်တစ်ချက်တီး ကုဋေတစ်သိန်း $10^{12}$ အရှိန်အဟုန်နဲ့ မရပ်မနား အလုပ်လုပ်နေမှာပါ ဦးဇင်း။

Dr. အောင်သူ ~ မှန်ပါ၊ မှန်ပါဘုရား။ အဲသလို မရပ်မနားဖြစ်ပြီး ပြတ်တောက်မသွားခဲ့လို့သာ ပါရမီတော်တွေ ပြည့်စုံပြီး ဘုရားဖြစ်တော်မူတာပေါ့နော်ဘုရား။ ပြတ်တောက် ပျောက်ကွယ်သွားမယ်ဆိုရင် ပါရမီဘယ်ပြည့်တော့မလဲဆိုတာ သဘောပေါက် ပါပြီဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ မှန်ပါတယ် ဒကာကြီး။

## သေခြင်း ၄ မျိုး

Dr. အောင်သူ ~ တပည့်တော် သေခြင်း ၄ မျိုးရှိတယ်လို့ စာအုပ်ထဲ ဖတ်ဖူးတယ်ဘုရား။ အခုတော့ မေ့နေပြီ။ အဲဒါလေးလည်း တစ်ဆက်တည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ သေခြင်း ၄ မျိုးက (၁) အသက်တမ်းကုန်လို့သေတာ၊ (၂) ကံကုန်လို့သေတာ၊ (၃) အသက်တမ်းရော ကံပါကုန်လို့သေတာနဲ့ (၄) ဥပစ္ဆေဒကကံကြောင့် သေတာပါ။ ပိုပြီး မှတ်မိအောင်လို့ ဥပမာနဲ့ ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ရှေးဆရာတော်ကြီးများက ဆီမီးနဲ့ဥပမာ ပြုတော်မူကြပါတယ်။ အသက်တမ်းကို 'မီးစာ'တဲ့၊ ကံစွမ်းကိုတော့ 'ဆီ' တဲ့နော်၊ ဒီဆီမီးငြိမ်းဖို့ အကြောင်းလေးချက် ရှိနိုင်တယ်၊ (၁) မီးစာကုန်ရင် မီးငြိမ်းမယ်၊ (၂) ဆီကုန်ရင်လည်း မီးငြိမ်းမယ်နော်၊ (၃) မီးစာနဲ့ ဆီ နှစ်မျိုးလုံးကုန်လို့လည်း မီးငြိမ်းနိုင်တယ်၊ (၄) မီးစာလည်း ရှိသေးတယ်၊ ဆီလည်းမကုန်သေးသော်လည်း လေပြင်းတိုက်လို့ဖြစ်စေ၊ တမင် ငြိမ်းသတ်လိုက်လို့ဖြစ်စေ မီးငြိမ်းနိုင်ပါသေးတယ် ဒကာကြီး။

Dr. အောင်သူ ~ မျက်စိထဲ မြင်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒါဆိုရင် ရှေ့ဆက်နည်းနည်းပြောပြမယ်နော်။ အသက်တမ်းကုန်လို့ သေတာ၊ ကံကုန်လို့သေတာ၊ အသက်တမ်းရော ကံပါကုန်လို့ သေတာတွေကို အချိန်ကာလနဲ့အညီ သေကြရတာဖြစ်လို့ 'ကာလမရဏ'လို့ ခေါ်တယ်။

Dr. အောင်သူ ~ မှန်ပါ။ ကာလမဟုတ်ဘဲသေတာ ရှိသေးတာပါလားဘုရား။

ဆရာတော် ~ ရှိသေးတယ်။ လေပြင်းတိုက်လို့ ငြိမ်းတာ၊ တမင်ငြိမ်းသတ်လိုက်လို့ ငြိမ်းတာက ဥပစ္ဆေဒကကံကြောင့် သေတာပါ။

Dr. အောင်သူ ~ ဘယ်လိုသေတာပါလဲဘုရား။

ဆရာတော် ~ ဥပမာ ရေနစ်သေတာ၊ ကားတိုက်သေတာ၊ အဆိပ်သောက်သေတာမျိုးကို ဆိုလိုတာပါ၊ ဒါကိုတော့ 'အကာလမရဏ'လို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင် ကမ္ဘာပေါ်မှာ ရှိရှိသမျှသတ္တဝါတွေက ဒီသေနည်းလေးမျိုးထဲက တစ်နည်းနည်းနဲ့ သေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဒီသေနည်းလေးမျိုးထဲက တစ်မျိုးမျိုးနဲ့ သေကြတာပါ။ သေဆုံးပြီးတာနဲ့ ဘဝအသစ်ရပါတယ်။

## ဖားနတ်သား

Dr. အောင်သူ ~ သေပြီးတာနဲ့ဘဝကူးတာ အလွန်မြန်တယ်ဆိုတာတော့ တပည့်တော်ရိပ်မိလာပါပြီဘုရား။

ဆရာတော် ~ ဒါဆိုရင် သာဓကတစ်ခုကို ပြောပြမယ်လေနော်။ ဖားကလေးတစ်ကောင်က ဘုရားရှင် ဟောကြားတော်မူနေတဲ့ တရားတော်ရဲ့ အနက်အဓိပ္ပာယ်တွေကိုတော့

မသိရှာဘူး။ သို့သော် ဘုရားရှင်ရဲ့ တရားအသံတော်ကိုတော့ သူအာရုံ ပြုနေရှာတယ်။ အဲဒီချိန်မှာ ဖားကလေးရဲ့စိတ်က ကြည်သာရွှင်လန်းနေတော့တယ်။

Dr. အောင်သူ ~ မှန်ပါ၊ ဘုရားတပည့်တော်ရဲ့ မျက်စိထဲ ဖားကလေးကို မြင်နေပါပြီဘုရား။

ဆရာတော် ~ အခုလိုစိတ်အစဉ်ရှိနေသခိုက်မှာပဲ နွားကျောင်းသားတစ်ယောက် ရောက်လာပြီး သူ့လက်ထဲကတုတ်နဲ့ တရားအသံကိုနားထောင်နေတဲ့ ဖားကလေးရဲ့ ဦးခေါင်းကို ထောက်မိပြီး စုတိစိတ်ကျသွားရှာတယ်။

Dr. အောင်သူ ~ ဖားကလေး စိတ်ကြည်လင်နေတုန်း သေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ သေတယ်လို့မစဉ်းစားဘဲ စုတိစိတ်ကျတယ်လို့ ယူရအောင် လေနော်။ အဲဒီစုတိစိတ်ရဲ့အခြားမဲ့မှာ တာဝတိံသာနတ်ပြည်မှာ ဖားနတ်သား ဖြစ်လာတယ်။ ဒီနေရာမှာ ဖားကလေးရဲ့ စုတိစိတ်က ဖားနတ်သားရဲ့ ပဋိသန္ဓေစိတ်ကို အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ သတ္တိတွေနဲ့ ကျေးဇူးပြုပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ နောက်ထပ် သာဓကေများရှိသေးရင် သိပါရစေဘုရား။

## ရောဟိဏီမင်းသမီး

ဆရာတော် ~ ကောင်းပါပြီ။ အခု အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးရဲ့ညီမ ရောဟိဏီမင်းသမီး အကြောင်း ပြောပြဦးမယ်နော်။ သူက အတိတ်ဘဝတစ်ခုတုန်းက အားပါးတရ လွှန်ကျူးခဲ့တဲ့ ဒုစရိုက်မကောင်းမှုတစ်ခု ရှိခဲ့ဖူးတယ်။ အဲဒီအကုသိုလ်ကံက အကျိုးပေးလာလို့ ဒီဘဝမှာ နူနာရောဂါဖြစ်နေရှာတယ်။ ရဟန္တာအရှင်မြတ်ကြီးက ညီမကို သူပိုင်လက်ဝတ်ရတနာတွေ ထုခွဲရောင်းချပြီးတော့ ဆွမ်းစားကျောင်း ဆောက်လှူခိုင်းတော်မူတယ်။

Dr.အောင်သူ ~ အရှင်မြတ်ကြီးက အကုသိုလ်အကျိုးပေးနေတဲ့အတွက် ကုသိုလ်ဆက်ခိုင်းတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ကျောင်းမှာ နေ့စဉ်နေ့တိုင်း သောက်ရေ၊ သုံးရေတွေကို ဖြည့်ခိုင်းတယ်။ တံမြက်လှည်းတဲ့ ကုသိုလ်ကိုလည်း ယူခိုင်းတော်မူတယ်။ ကျောင်းဆောက်ပြီးလို့ ကျောင်းရေစက်ချတဲ့အခါ ဘုရားရှင်ကိုယ်တိုင် ကြွတော်မူပြီး တရားဟော ပေးတော်မူပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ အဲသလို ကုသိုလ်တွေ ဆက်ဆက်လုပ်နေတဲ့ ရောဟိဏီမင်းသမီးက မြတ်စွာဘုရားတရားတော်ကို နာကြားရတဲ့အတွက် သောတာပတ္တိဖိုလ်မှာ တည်ပါတယ်။ သက်တမ်းကုန်၊ ကံကုန်လို့ စုတေတဲ့အခါမှာ စုတေစိတ်ရဲ့အခြားမဲ့မှာ တာဝတိံသာနတ်ပြည်မှာ ဥပပတ္တိပဋိသန္ဓေရပြီး ချောမောလှပတဲ့ နတ်သမီးတစ်ပါး ဖြစ်လာပါတယ်။ သူ့ရဲ့နာမည်က ရောဟိဏီနတ်သမီးတဲ့ ဒကာကြီး။

---

**ကျမ်းညွှန်း** - ရောဟိဏီခတ္တိယကညာဝတ္ထု၊ ကောဓဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ဒုတိယတွဲ၊ နှာ-၁၉၂)

## ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်

Dr. အောင်သူ ~ မှန်ပါဘုရား။ သေခါနီး နိမိတ်တွေ ပေါ်တတ်တယ်ဆိုတာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ သတ္တဝါတိုင်း သေခါနီးအချိန်မှာ 'ကံ'ရယ်၊ 'ကမ္မနိမိတ်'ရယ်နဲ့ 'ဂတိနိမိတ်' သုံးမျိုးအနက် တစ်ခုခုပေါ်ရတာ ဓမ္မတာပါ။

Dr. အောင်သူ ~ အဲဒီနိမိတ်တွေက ဘယ်လိုပေါ်လာတာပါလဲဘုရား။ သေခါနီးတဲ့အခါ လူက စဉ်းစားလို့ ပေါ်လာတာပါလားဘုရား။

ဆရာတော် ~ စဉ်းစားနေတာ မဟုတ်ဘူး။ ကုသိုလ်ဘက်က ဆိုရင်လည်း အခုပဲ အလှူပေးနေရသလိုမျိုး။ အကုသိုလ်ဘက်က ဆိုရင်လည်း အခုပဲ သတ်နေ ဖြတ်နေ ညှဉ်းဆဲနေရသလိုမျိုး စိတ်အာရုံထဲမှာ ထင်ထင်ရှားရှားကြီးကို ပေါ်လာတာပါ။ အာရုံပြောင်းပြီး ဖယ်ရှားဖို့ မတတ်နိုင်လောက်အောင်ကို လွှမ်းမိုးထားတာပါ။

Dr. အောင်သူ ~ ရှင်းရှင်းလင်းလင်း နားမလည်သေးပါဘုရား။ ထပ်ပြီး အကျယ်တဝင့် သိချင်ပါသေးတယ်။

ဆရာတော် ~ ကောင်းပါပြီ။ သေခါနီးအခြေအနေကို ရင်ဆိုင်နေရတဲ့သူရဲ့ ခန္ဓာကိုယ်က သိပ်ပြီးခွန်အားနည်းလွန်းနေပါတယ်။ စိတ်ဆိုတာက ရုပ်ကိုမှီပြီး ဖြစ်ရတာဆိုတော့ ဒီအချိန်မှာ လူမမာက သူ့အလိုရှိရာကို စဉ်းစားနိုင်စွမ်းတောင် မရှိတော့ပါဘူး။ ဒါကြောင့် ဘဝတစ်သက်တာ သူလုပ်ခဲ့တဲ့ အကြောင်းအရာများစွာထဲက စွမ်းအားအကောင်းဆုံးအကြောင်းအရာက စဉ်းစားလို့ မဟုတ်ဘဲ သူ့သဘာဝအရကို ပေါ်လာပါတော့တယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဥပမာ မထင်မှတ်ထားတဲ့ အိပ်မက်တစ်ခု ရုတ်တရက် မက်လိုက်သလိုမျိုးပါ။

Dr. အောင်သူ ~ အိပ်မက်ဆိုးလားဘုရား။

ဆရာတော် ~ သေခါနီးတဲ့လူတိုင်းအတွက် အိပ်မက်ဆိုးမက်တယ်လို့ ပြောမရပါဘူး ဒကာကြီး။ စင်ကြယ်တဲ့စိတ်အစဉ်က လွှမ်းမိုးထားသူအဖို့ သာယာလှပတဲ့အိပ်မက် ဖြစ်နိုင်သလို၊ မစင်ကြယ်တဲ့စိတ်အစဉ် လွှမ်းမိုးထားခံရသူအတွက်တော့ အိပ်မက်ဆိုးဖြစ်နိုင်ပါတယ်။

Dr. အောင်သူ ~ သူတစ်သက်တာပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်အရ ပေါ်လာတဲ့ စိတ်အစဉ်ကို ဆိုလိုကြောင်း နားလည်ပါပြီဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ လူမမာရဲ့ စိတ်တံခါးဝကို အင်အားကြီးကြီးနဲ့ လွှမ်းမိုးလာတဲ့ အာရုံက သူရွေးချယ်လို့ ရောက်လာတာ မဟုတ်ဘူးနော်။ ဒါလေး နားလည်ဖို့ အရေးကြီးတယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဘုရားတပည့်တော် ဂရုတစိုက်မှတ်သားပြီး နားထောင်နေပါတယ်ဘုရား။

## ဘဝအသစ်ကို ကံက ဖန်တီးပေးတာပါ

ဆရာတော် ~ ဒီသဘာဝတရားကြီးက ဘဝအသစ်တစ်ခုကို ဖန်တီးပေးပါတော့မယ်။

Dr. အောင်သူ ~ အလွန် စိတ်ဝင်စားစရာ ကောင်းပါတယ်ဘုရား။ အခုလိုသေပြီး ဘဝအကူး အပြောင်းနဲ့ဆိုင်တဲ့ တခြားသိသင့်တာတွေ ရှိသေးရင်လည်း သိချင်ပါသေး တယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဘဝတစ်သက်တာ သူအလေ့အလာများခဲ့တာတွေထဲက သေခါ နီးမှာ နိမိတ်သင်္ကေတအဖြစ် ပေါ်လာတတ်ပါတယ်။ ပမာပြရရင် ကြွက်တွေ သတ်ခဲ့ဖူးရင် သတ်ခဲ့တဲ့လုပ်ရပ်တွေပေါ်မယ်။ မဟုတ်ရင် ဝက်လောက်ရှိတဲ့ ကြွက်ကြီးတွေ အုပ်လိုက်ကြီး သူ့ကိုကိုက်သတ်ဖို့ လာတယ်လို့မြင်ပြီး အော်ဟစ် ပြီးနေချင်နေမယ်။ သူမြင်နေတဲ့ အဲဒီကြောက်စရာကောင်းတဲ့ အာရုံက စိတ် တံခါးဝကို အင်အားကြီးကြီးနဲ့ နေရာယူလိုက်တာမို့ လူမမာက ဒါကို ရှောင်လွှဲ လို့ လည်းမရ၊ မမြင်ချင်လို့လည်း မြင်နေရ၊ မကြုံချင်လို့လည်း မရဘဲ၊ သူကြုံတွေ့ နေရတော့တယ်။

Dr. အောင်သူ ~ လူမမာရဲ့ စိတ်ဆန္ဒအလျောက် ပေါ်တာမဟုတ်လို့ အိပ်မက်ဆိုးလို့ ပြောရရင် ရမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဒီနေရာမှာ အိပ်မက်ဥပမာကိုယူရင် ရနိုင်ပါတယ်။ သဘာဝတရားကြီးက သူ့ကို ဘဝအသစ်တစ်ခုကို ပို့ဆောင်ဖို့ရာ အခြေအနေတစ်ခုကို ဖန်တီးပေးပါတော့မယ်။

Dr. အောင်သူ ~ တန်ခိုးရှင်တစ်ဦးဦး၊ ဖန်ဆင်းရှင်တစ်ပါးပါးက ဘဝကို ဖန်ဆင်းပေးတာ မဟုတ်ဘူးဆိုတာ ဘုရားတပည့်တော် ကျေကျေနပ်နပ်ကြီး နားလည်လက်ခံ နိုင်ပါပြီဘုရား။ အလွန်ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ~ ဝိပဿနာတရားကို နည်းမှန်လမ်းမှန် အားထုတ်ထားတဲ့ ဗုဒ္ဓဘာသာဝင်တစ် ယောက်အဖို့ သေခြင်းအဘိဓမ္မာရဲ့ သဘာဝသဘောတရားကို လက်ခံနိုင်ဖို့ အခက်အခဲ မရှိပါသော်လည်း အခြားဘာသာဝင်တွေက လက်ခံဖို့ အလွန်ပဲ ဝန်လေးကြပါတယ်။ သို့သော် ဒီကနေ့ ဆေးသိပ္ပံပညာရဲ့ သုတေသနတွေ့ရှိ ချက်မှာ ဖော်ပြလာတာက သေခါနီးတဲ့အခါမှာ မထင်မှတ်ဘဲ ပေါ်လာတတ်တဲ့ အာရုံနိမိတ်ကြောင့် လူမမာတွေရဲ့ မတူညီတဲ့ တုံ့ပြန်ချက်တွေ များစွာကိုလေ့လာ ဆန်းစစ် သုတေသနပြုကြပြီး ကောက်ချက်တစ်ခုထုတ်တာကို ဖတ်ရပါတယ်။

Dr. အောင်သူ ~ သေခါနီးမှာ ပေါ်လာတတ်တဲ့ အာရုံနိမိတ်တွေအတွက် သိပ္ပံပညာရဲ့ ကောက် ချက်က ဘယ်လိုထုတ်ခဲ့တာပါလဲဘုရား။

ဆရာတော် ~ 'Another world ကို သွားမဲ့လမ်း သူမြင်နေပြီ'လို့ သိပ္ပံပညာက ကောက်ချက် ချလာကြပါတယ်။ သိပ္ပံပညာရှင်တွေက နောက်ဘဝရှိတယ်ဆိုတာကို လက်ခံလာ၊ စဉ်းစားလာတာကို တွေ့ရပါတယ်။

Dr. အောင်သူ ~ တပည့်တော်တို့ သိပ္ပံဘက်က နောက်ဘဝရှိတယ်ဆိုတာကို သေသေချာချာ ပိုင်ပိုင်နိုင်နိုင် လက်ခံတာမဟုတ်သော်လည်း လေ့လာဆန်းစစ်ပြီး တွေ့ရှိလာတဲ့ အချက်က နောက်ဘဝကို ငြင်းပယ်မရသလိုတော့ ဖြစ်လာနေပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အခုလိုဖြစ်လာနေတယ်။

## မရဏာသန္နဝီထိ

Dr. အောင်သူ ~ ဒါဆိုရင် တပည့်တော် သေခါနီး အာရုံနိမိတ်တွေ ပေါ်လာတတ်တာကိုတော့ သေသေချာချာ သိရပါပြီဘုရား။ ဗုဒ္ဓစာပေအရ သေခါနီးစိတ်အစဉ်ကိုလည်း အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ သေခါနီး စိတ်အစဉ်ကို မရဏာသန္နဝီထိအစဉ် The mind that is near death. လို့ ခေါ်ပါတယ်။ ဒီစိတ်ရဲ့နောက် ကပ်လျှက်မှာ စုတိစိတ်ကျပါတယ်။

Dr. အောင်သူ ~ စုတိစိတ်ကျပြီးမှ သေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဗုဒ္ဓစာပေမှာ သေတာကို စုတိစိတ်ကျတာနဲ့ ဆုံးဖြတ်ပါတယ် ဒကာကြီး။ ဆေးသိပ္ပံပညာကတော့ နှလုံးခုန်ရပ်တန့်သွားတာ၊ အသက်မရှူတော့တာ၊ မျက်လုံးထဲက သူငယ်အိမ် မလှုပ်ရှားတော့တာနဲ့ ဆုံးဖြတ်တယ် လို့ မှတ်သားထားဖူးတယ်။

Dr. အောင်သူ ~ ဆေးသိပ္ပံပညာရဲ့ ဆုံးဖြတ်ချက်က အဲဒီသုံးချက်နဲ့ ဆုံးဖြတ်ရပါတယ်ဘုရား။ ဆေးပညာက သေပြီလို့ ဆုံးဖြတ်ပြီးတော့ စုတိစိတ်မကျသေးတာမျိုးလည်း ဖြစ်နိုင်မယ်လို့ တွေးနေမိပါတယ်ဘုရား။

## သေပြီးနောက် သိနိုင်သေးသည်ဟု သိပ္ပံကဆိုသည်

ဆရာတော် ~ လူတစ်ယောက်ကို သေပြီလို့ ဆုံးဖြတ်ပြီးတော့ အလောင်းပြင်ထားပြီးခါမှ ပြန်ရှင်လာတာမျိုး၊ သုသာန်ကိုပို့ပြီး ကျင်းထဲထည့် မြေဖို့မယ်လုပ်ခါမှ ပြန်ရှင်လာတာမျိုး၊ ဆေးရုံက ရင်ခွဲရုံထဲပို့ပြီးမှ ပြန်ရှင်လာတာမျိုးက ဆေးပညာရဲ့ ဆုံးဖြတ်ချက်မှာ တစ်ခုခု မပြည့်မစုံဖြစ်နေတယ်လို့ ယူဆစရာ ရှိနေပါတယ် ဒကာကြီး။ ဒီရက်ပိုင်းမှာ သေဆုံးပြီလို့ ဆုံးဖြတ်ပြီးနောက် ကြုံတွေ့လာရတဲ့ အကြောင်းကို သုတေသနပြုထားတဲ့ စာတမ်းတစ်ခုကို ဖတ်ရတယ်။

Dr. အောင်သူ ~ သေဆုံးပြီးနောက် အတွေ့အကြုံတွေကို ဘယ်သူတွေက ဘယ်နေရာမှာ ဘယ်လိုများ သုတေသန ပြုတာပါတဲ့လဲဘုရား။

ဆရာတော် ~ ဩစတြေးလျနိုင်ငံ Southampton တက္ကသိုလ်က သိပ္ပံပညာရှင်တွေက ဦးဆောင်ပြီး ဗြိတိန်၊ အမေရိကန်နဲ့ ဩစတြေးလျနိုင်ငံတွေမှာရှိတဲ့ ဆေးရုံ (၁၅)ခုကနေ

သုတေသနပြုတာပါ။ နှလုံးဖောက်ပြန်လို့ အသည်းအသန်ဖြစ်ပြီး သေဆုံးခါနီး လူမမာ (၂၀၆၀) ယောက်နဲ့ သုတေသနလုပ်ခဲ့တာပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ သူတို့ရဲ့ တွေ့ရှိချက်ကိုလည်း သိပါရစေဘုရား။

ဆရာတော် ~ သုတေသနရဲ့ တွေ့ရှိချက်က 'နှလုံးခုန်တာ ရပ်တန့်သွားပြီး မိနစ်အနည်းငယ် အတွင်း ဦးနှောက်အလုပ်ပါ ရပ်သွားတယ်လို့ ကျွန်တော်တို့ အစဉ်အလာက သိထားတာပါ။ ဒါပေမဲ့ နှလုံးရပ်တန့်သွားပြီး မိနစ်အတန်ကြာတဲ့အထိ အသိစိတ် ရှိနေသေးတယ်။ အာရုံခံစားနိုင်သေးတယ်ဆိုတာ ခုမှသိလာရတယ်' လို့ Dr. Parnia က ပြောပါတယ်။

Dr. အောင်သူ ~ လေးစားစရာကောင်းတဲ့ သုတေသနပါဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ သူတို့ အခုလို ခိုင်ခိုင်မာမာ တွေ့ရှိလာပါတယ်။ ဒါကြောင့် လူမမာကို မေတ္တာပို့သတာ၊ တရားနာကြားတာတွေကို သေဆုံးသွားပြီဆိုပြီး ချက်ချင်း မရပ်တန့်သင့်ပါဘူး။ နာရေးဆိုင်ရာ ကိစ္စရပ်တွေကိုလည်း အလျင်စလို မပြုလုပ်သေးဘဲ (၁၅) မိနစ်လောက် အသက်ရှင်နေတဲ့ လူမမာကို ပြုစု ဆက်ဆံနေသလို စောင့်ရှောက်ပေးသင့်ပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင် စုတိစိတ်က ဘယ်အချိန်မှာ ကျမှာပါလဲဘုရား။

ဆရာတော် ~ သေခါနီးမှာဖြစ်တဲ့ မရဏာသန္နဝီထိရဲ့ ဇောအဆုံးမှာလည်း စုတိစိတ် ကျပါတယ်။

Dr. အောင်သူ ~ နောက်ထပ် စုတိစိတ်ကျတာ ရှိပါသေးသလားဘုရား။

ဆရာတော် ~ အားလုံးပေါင်း ၄ ပါးရှိပါတယ်။ စောစောကပြောခဲ့တဲ့ (၁) ဇောနောက်က စုတိရယ်၊ (၂) ဇောနောက် ဘဝင်ဖြစ်ပြီးမှ စုတိစိတ်ကျတာလည်းရှိတယ်၊ ပြီးတော့ (၃) ဇောနောက် တဒါရုံပြီး စုတိကျတာလည်းရှိတယ်။ (၄) ဇောနောက် တဒါရုံ၊ တဒါရုံနောက် ဘဝင်ပြီးမှ စုတိကျတာလည်း ရှိပါတယ်။

## စုတိ၊ ပဋိသန္ဓေကြားမှာ စိတ်မခြားပါ

Dr. အောင်သူ ~ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်ကြားမှာ ဘာစိတ်တွေများ ရှိနိုင်ပါသေးသလဲဘုရား။

ဆရာတော် ~ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်တို့ရဲ့အကြား ဘာစိတ်မှ မခြားပါဘူး။ စုတိစိတ်ပြီးတာနဲ့ ပဋိသန္ဓေစိတ်ပါပဲ။ ကြားမှာ ဘာစိတ်မှမခြားပါဘူး ဒကာကြီး။

Dr. အောင်သူ ~ ဒါဆိုရင် ပဋိသန္ဓေစိတ် ဖြစ်လျှင်ဖြစ်ချင်း ဘဝသစ် ဖြစ်တော့တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ မရဏာသန္နဝီထိစိတ်ချုပ်ပြီးနောက် ဆက်တိုက် ဘဝင်စိတ်တွေ ဖြစ်နေတယ်။ ဟဒယဝတ္ထုရုပ်ကိုမှီပြီး နောက်ဆုံးဖြစ်တဲ့ ဘဝင်စိတ်ကို စုတိစိတ် လို့ခေါ်တာပါ ဒကာကြီး။

Dr. အောင်သူ ~ ဒီဘက်ဘဝ စုတိစိတ်က ဟဒယဝတ္ထုရုပ်ပေါ် မှီတာကို သိရပါပြီဘုရား။ ဘဝ အသစ်ရဲ့ ပဋိသန္ဓေစိတ်က ဘယ်ဟဒယဝတ္ထုကို မှီမှာပါလဲဘုရား။

ဆရာတော် ~ သိပ်ကောင်းတဲ့အတွေးပဲ။ ဒကာကြီး နည်းနည်းတွေးတတ်လာပြီနော်။ ဒီဘက် ဘဝက စုတိစိတ်ရဲ့နောက်မှာ ဆက်တိုက်ဖြစ်လာတဲ့ ဘဝင်စိတ်ကိုပဲ ပဋိသန္ဓေ စိတ်လို့ခေါ်တာ မှတ်မိသေးတယ်နော်။

Dr. အောင်သူ ~ မှတ်မိပါသေးတယ်ဘုရား။

ဆရာတော် ~ ဒါဆိုရင် နည်းနည်းချဲ့ပြောပြမယ်လေနော်။ အမိဝမ်းထဲမှာ ပဋိသန္ဓေတည်တဲ့ သတ္တဝါတွေမှာ နာမ်တရားအဖြစ် ပဋိသန္ဓေဝိညာဏ်စိတ်နဲ့ စေတသိက် ၃၃ ပါး ရယ်။ ရုပ်တရားအဖြစ် ကာယဒသက၊ ဘာဝဒသကနဲ့ ဝတ္ထုဒသကဆိုတဲ့ ကံ ကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ကလာပ်သုံးစု (သုံးစည်း)တို့ တစ်ပြိုင်နက် ဖြစ်ကြတယ်။

Dr. အောင်သူ ~ အဲဒီ ကာယဒသကတို့၊ ဘာဝဒသကတို့၊ ဝတ္ထုဒသကတို့ကို တပည့်တော် မသိပါဘူးဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ ရှင်းပြပေးမယ်နော်။ ကာယဒသကဆိုတာ ကာယပသာဒဇီဝိတ အဋ္ဌကလာပ် ရုပ်တွေပါပဲ။ ဘာဝဒသကဆိုတာ ကမ္မဇကရုပ်ကလာပ်မှာပါတဲ့ ရုပ်တွေဖြစ်ပါတယ်။ သူက အထီး၊ အမကို ခွဲခြားစေပါတယ်။ နောက်ဆုံးဝတ္ထု ဒသကဆိုတာ ဟဒယဝတ္ထုရုပ် ဇီဝိတအဋ္ဌကလာပ်ရုပ်ဆိုတဲ့ ဝတ္ထုဒသကပါ။ ပဋ္ဌာန်းတရားတော်မှာ စိတ်တွေရဲ့ မှီရာရုပ်ကို ဝတ္ထုရုပ်လို့ မြတ်စွာဘုရားက ဟောတော်မူထားပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ကြိုးစား မှတ်သားနေပါတယ်ဘုရား။

ဆရာတော် ~ ဘဝအသစ်ရဲ့ ပဋိသန္ဓေစိတ်က ဘယ်ဟဒယဝတ္ထုကိုမှီပြီး ဖြစ်သလဲဆိုရင် ပဋိသန္ဓေ ဝိညာဏ်နဲ့ အတူဖြစ်လာတဲ့ ဟဒယဝတ္ထု ရုပ်အသစ်ကိုမှီပြီး ဖြစ်ပါတယ်ဒကာကြီး။

Dr. အောင်သူ ~ နက်နဲလွန်းပြီး တိကျလွန်းပါတယ်ဘုရား။

ဆရာတော် ~ အကျဉ်းချုပ်မှတ်ဖို့ကတော့ ဘဝဟောင်းရဲ့ ဟဒယဝတ္ထုရုပ်ကိုမှီပြီး နောက်ဆုံး ဖြစ်တဲ့စိတ်ကို စုတိစိတ်လို့ ခေါ်ပါတယ်။ ဘဝသစ်ရဲ့ ဟဒယဝတ္ထုရုပ်ကိုမှီပြီး ပထမဆုံးဖြစ်တဲ့စိတ်ကို ပဋိသန္ဓေစိတ်လို့ ခေါ်ပါတယ်။ ဘုရားဉာဏ်တော်နဲ့ ဟောတော်မူလို့သာ သိရတာပါဗျာ။

Dr. အောင်သူ ~ ဒါဆိုရင် စုတိစိတ်၊ ပဋိသန္ဓေစိတ်နဲ့ ဘဝင်စိတ်တွေ အားလုံးက မရဏာသန္န ဝီထိစိတ်ရဲ့နောက်မှာ ဆက်တိုက်ဖြစ်တဲ့ ဘဝင်စိတ်တွေပဲလို့ မှတ်ထားရင် ပြည့်စုံ ပါသလားဘုရား။

ဆရာတော် ~ အလွန်ကို ပြည့်စုံပါပြီ ဒကာကြီး။

## ဘဝဟောင်း၏စုတိနှင့် ဘဝသစ်၏ပဋိသန္ဓေ

Dr. အောင်သူ ~ သေခါနီးအချိန်မှာပေါ်တဲ့ အာရုံအားလျော်စွာ ဘဝသစ်ရဲ့ ပဋိသန္ဓေဖြစ်တယ်လို့ ဘုရားတပည့်တော် မှတ်သားတာ မှန်ပြီလားဘုရား။

ဆရာတော် ~ သူထူထောင်ထားခဲ့တဲ့ကံ၊ ထိုကံပြုစဉ်က အခြေအနေတွေကို မသေခင်ကတည်းက မြင်နေရတယ်။ အဲဒီအာရုံက စိတ်ကို ဖုံးလွှမ်းထားတယ်၊ အဲဒီအာရုံကိုပဲ အာရုံပြုပြီး ပဋိသန္ဓေစိတ် ပေါ်ရတာပါ။

Dr. အောင်သူ ~ အမေ့ဗိုက်ထဲနေရတဲ့ ပဋိသန္ဓေကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဒီနေရာမှာ အမေ့ဗိုက်ထဲနေရတဲ့ ပဋိသန္ဓေတစ်ခုတည်းကို မဆိုလိုပါဘူး။ ဥခွံထဲမှာနေတဲ့ ပဋိသန္ဓေလည်း ရှိသေးတယ်။ နတ်ဗြဟ္မာတွေလို ဥပပတ္တိ ပဋိသန္ဓေလည်း ရှိပါသေးတယ်။ ပဋ္ဌာန်းတရားတော်ကိုလေ့လာရင် ဒကာကြီးလည်း Frame ကျယ်ကျယ် ကြည့်တတ်လာတော့မှာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။ သေခါနီးအချိန်မှာပေါ်တဲ့ အာရုံအားလျော်စွာ ဘဝသစ်ဖြစ်တာကို နားလည်သလိုလိုပဲ ရှိသေးတယ်။ ဒါကြောင့် ဥပမာတစ်ခုခုနဲ့ သိချင်ပါသေးတယ်ဘုရား။

## ဦးဖိုးဝနှင့် မောင်ဖိုးဝ၏ စုတိ ပဋိသန္ဓေအကြောင်း

ဆရာတော် ~ နားလည်လွယ်အောင် ဥပမာနဲ့ ပြောပြမယ်လေနော်။ သေဆုံးခါနီး မြောနေတဲ့ ဦးဖိုးဝ သေလည်းသေရော သူသေခါနီးယူထားတဲ့ အာရုံအတိုင်းပဲ နောက်ဘဝမှာ မောင်ဖိုးဝလေး ပေါ်လာတယ်ဆိုပါစို့။

Dr. အောင်သူ ~ လူကြီးသေပြီး လူကလေး ဖြစ်တာပါလားဘုရား။

ဆရာတော် ~ ဒီနေရာမှာ ဥပမာအနေနဲ့ နားလည်လွယ်အောင် ဦးဖိုးဝသေပြီး မောင်ဖိုးဝ ဖြစ်တာလို့ ပြောတာပါ။ လူသေတိုင်း လူဖြစ်တယ်လို့ အမြဲကေန် ဘယ်ယူလို့ရမလဲ၊ မရဘူးလေ။ ယူမိရင် အယူလွဲတော့မှာပေါ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ သဘောကျပါပြီဘုရား။

ဆရာတော် ~ ဆက်ပြောပြမယ်နော်။ ဦးဖိုးဝ ဘဝတုန်းက နောက်ဆုံးယူထားခဲ့တဲ့ အာရုံတွေက မောင်ဖိုးဝကလေးရဲ့ ပဋိသန္ဓေစိတ်ကို ဖန်ဆင်းပေးလိုက်ပါတယ်။

Dr. အောင်သူ ~ မှန်ပါ၊ ဘုရားသခင် ဖန်ဆင်းတာမဟုတ်ဘဲ ကံက ဘဝအသစ်ဖန်ဆင်းတာကို နားလည်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒါအမြင်မှန် Right understanding, Right view နော် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား၊ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ~ ဦးဖိုးဝရဲ့ စုတိစိတ်ကလေး ချုပ်သွားတဲ့အချိန်လေးမှာ မောင်ဖိုးဝလေးရဲ့ ပဋိသန္ဓေစိတ်ကလေး ပေါ်လာတယ်။ ဦးဖိုးဝရဲ့ စုတိစိတ်ကလေး မချုပ်မချင်း မောင်ဖိုးဝလေးရဲ့ သန္ဓေစိတ်မပေါ်သေးဘူး။ အဲဒီ စုတိစိတ်ကလေးဖြစ်ပြီး ချုပ်သွားတဲ့နောက် ပဋိသန္ဓေစိတ်အသစ်ပေါ်လာဖို့ 'အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော'တို့က ကျေးဇူးပြုပါတယ်။

Dr. အောင်သူ ~ နက်နဲလှပါတယ်ဘုရား။ ဦးဖိုးဝရဲ့ စုတိစိတ်ကပဲ မောင်ဖိုးဝလေးရဲ့ ပဋိသန္ဓေစိတ် ဖြစ်သွားတာပါလားဘုရား။

ဆရာတော် ~ မဟုတ်ဘူး။ ဦးဖိုးဝရဲ့ စုတိစိတ်ကပဲ မောင်ဖိုးဝလေးရဲ့ ပဋိသန္ဓေစိတ် ဖြစ်သွားတယ်လို့ ပြောလို့မရဘူး။ ဦးဖိုးဝရဲ့ စုတိစိတ်က အတိတ်ကံကြောင့် ဖြစ်လာတာ။ တစ်နည်းပြောရရင် ဦးဖိုးဝရဲ့ ပဋိသန္ဓေစိတ်က အတိတ်ကံကနေ ဖြစ်လာတယ်။ အဲဒီကံကနေ အကျိုးပေးလိုက်လို့ ဦးဖိုးဝရဲ့ တစ်သက်တာမှာ ဘဝင်စိတ်တွေ ဖြစ်လာတယ်။ နောက်ဆုံး စုတိစိတ်ဖြစ်လာတယ်ဆိုတာ ပေါ်ပြီလား ဒကာကြီး။

Dr. အောင်သူ ~ ဘုရားတပည့်တော် စဉ်းစဉ်းစားစား နားထောင်နေပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ၊ ဆက်ပြောမယ်နော်။ ဆိုပါစို့။ ဦးဖိုးဝရဲ့ ပဋိသန္ဓေစိတ်က 'ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ်' ထဲက တစ်ခုခုနဲ့ ပဋိသန္ဓေနေလာတယ်ဆိုရင် သူ့ရဲ့ ဘဝင်စိတ်ကလည်း ဉာဏဝိပ္ပယုတ်ပဲ ဖြစ်မယ်။ သူ့ရဲ့စုတိစိတ်ကလည်း ဉာဏဝိပ္ပယုတ်ပဲ ဖြစ်မယ်နော်။

Dr. အောင်သူ ~ မှန်လှပါဘုရား။ စုတိစိတ်၊ ပဋိသန္ဓေစိတ်နဲ့ ဘဝင်စိတ်တို့ရဲ့သတ္တိ တူတယ်ဆိုတာ မှတ်သားထားပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ သင်ပြီးသားစာဆိုတာ အခုလို မမေ့မှ အဆင်ပြေတာ၊ ဆက်ပြောမယ်နော်။ ဦးဖိုးဝရဲ့ဘဝမှာ သူကတရားနာတယ်၊ သူတရားတွေ အားထုတ်တယ်၊ စွမ်းအားရှိသမျှ ဒါနတွေပြုတယ်၊ အဘိဓမ္မာစာပေတွေ လေ့လာ ဆည်းပူးတယ်၊ ကုသိုလ်ကောင်းမှုတွေ ဆက်ဆက်လုပ်တယ် ဆိုပါစို့နော်။ ဦးဖိုးဝ စုတိစိတ် ချုပ်သွားပြီးတဲ့အခါ နောက်ထပ် မောင်ဖိုးဝလေးရဲ့ ပဋိသန္ဓေကျတော့ ဦးဖိုးဝ အရင်လုပ်ခဲ့တဲ့ ကုသိုလ်ကံတွေကြောင့် 'သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်'က အကျိုးပေးမှာပါ။

## သိပ္ပံပညာက ခြေရာမခံမိသေးသည့် စုတိစိတ်နှင့် ပဋိသန္ဓေစိတ်

Dr. အောင်သူ ~ ဦးဖိုးဝရဲ့ ရှေ့ဘဝက ဉာဏ်မဲ့တဲ့ ဉာဏဝိပ္ပယုတ်စိတ်ကနေ အခု ဦးဖိုးဝရဲ့ဘဝမှ ပြုခဲ့တဲ့ ကောင်းမှုတွေကြောင့် မောင်ဖိုးဝဘဝမှာ ဉာဏ်ရှိတဲ့ ဉာဏသမ္ပယုတ်စိတ် ဖြစ်လာတာ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်ဘုရား။ တပည့်တော်တို့ရဲ့ ဆည်းပူးလေ့လာ ဖြည့်ကျင့်နေတဲ့ သီလ၊ သမာဓိ၊ ပညာတွေ အလဟဿ မဖြစ်မှန်း ပိုလို့ သဘောပေါက်လာပါတယ်ဘုရား။

ဆရာတော် ~ ဒါကြောင့် ဗုဒ္ဓဘာသာက လက်တွေ့ကျတဲ့၊ အာမခံချက်ရှိတဲ့ ဘာသာပါ။ ဆက်ပြောပြမယ်နော်။ ဦးဖိုးဝဘဝတုန်းကတော့ ဉာဏဝိပ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေနေလာတယ်။ ဘဝင်နဲ့ စုတိလည်း ဉာဏဝိပ္ပယုတ်ပဲ ဖြစ်တယ်။ မောင်ဖိုးဝလေးရဲ့ ပဋိသန္ဓေစိတ်ကျတော့ ဉာဏသမ္ပယုတ်ဖြစ်သွားတယ်။ မောင်ဖိုးဝလေးရဲ့

ဘဝင်စိတ်ကလည်း ဉာဏသမ္ပယုတ်ဖြစ်သွားတယ်နော်။ ဒါကိုနားလည်ရင် ဆက်ပြီး စဉ်းစားဖို့လိုလာတာက ဦးဖိုးဝရဲ့ စုတိစိတ်က ဉာဏဝိပ္ပယုတ်ဖြစ်တယ်။ မောင်ဖိုးဝလေးရဲ့ ပဋိသန္ဓေစိတ်ကျတော့ ဉာဏသမ္ပယုတ်ဖြစ်သွားတယ်။ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်ဟာ မတူတော့ဘူး။ ကံတရားကနေ ဖန်တီးသွားတာ။ သေခါနီးအခြေအနေက အရေးကြီးသလို ဘဝတစ်သက်တာ နေစဉ်ကလည်း ပိုလို့တောင် အရေးကြီးပါသေးတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်လှပါဘုရား။ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်က ဘဝကို ခြားပေးလိုက်တဲ့သဘာဝက အလွန် စိတ်ဝင်စားစရာ ကောင်းပါတယ်ဘုရား။ သိပ္ပံခြေရာခံမိရင် သိပ်ကောင်းမှာပဲလို့ တွေးမိပါတယ်။

ဆရာတော် ~ ဦးဖိုးဝရဲ့ စုတိစိတ်နဲ့ မောင်ဖိုးဝရဲ့ ပဋိသန္ဓေစိတ်တို့က ဘဝချင်းမတူကြတော့ဘူးဆိုတာ မှန်ပါတယ်။ ဘဝခြားသွားတယ်ဆိုတာ ဟုတ်ပါတယ်။ သို့သော် ကာလမခြားဘူးနော်။ အောက်ထစ်ဆုံး တစ်စက္ကန့်ကလေးတောင် မခြားဘဲ ဦးဖိုးဝကနေ မောင်ဖိုးဝ ဖြစ်သွားတာပါ။ ဒီမှာ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ တို့ရဲ့ သတ္တိနဲ့ ကျေးဇူးပြုပုံကို နားလည်နိုင်ဖို့ အခွင့်သာမယ်။

## စုတိ ပဋိသန္ဓေကို နားလည်လာတာ သမ္မာဒိဋ္ဌိပါ

Dr. အောင်သူ ~ မှန်လှပါဘုရား။ အခုလို သေတဲ့ Process မှာ ဘဝတွေ ခြားသွားပါသော်လည်း နာမ်တရားအစဉ် Mental continuity ရပ်တန့်မသွားဘူးဆိုတာ သိရပါပြီဘုရား။ အခုလို သဘာဝတရားကြီးကို သိခွင့်ရလိုက်တဲ့အခါမှာ တပည့်တော်အတွက် သေခြင်းကိုအခက်အခဲမရှိဘဲ လက်ခံနိုင်ပြီလို့ ထင်ပါတယ်ဘုရား။ သေခြင်းဟာ ကြောက်စရာ မဟုတ်တော့ပါဘူး။ တပည့်တော်ရဲ့ တမလွန်ဘဝကို ကိုယ်ကိုယ်တိုင် ကောင်းမွန်စွာ ပြင်ဆင်ပြီး ရင်ဆိုင်တဲ့နည်း ရလာပါပြီဘုရား။

ဆရာတော် ~ သာဓုပါဒကာကြီး။ တကယ်တမ်းဘဝဆိုတာ Physical process နဲ့ Mental process မျှပဲဆိုတာကို နားလည်လာသူအဖို့ 'ငါ' အတွက် နေရာပျောက်သွားပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ သဘာဝတရားဖြစ်တဲ့ ဒီ process ကို သိခွင့်ရတာ ကျေးဇူးတင်မဆုံးပါဘုရား။ လူဖြစ်ရကျိုး နပ်လိုက်တာလို့ စိတ်ထဲဖြစ်မိပါတယ်။

ဆရာတော် ~ ဝိပဿနာတရားကို အားထုတ်ပြီ အသိဉာဏ်အဆင့်ဆင့် မြင့်တက်လာတဲ့ ယောဂီတွေ မိမိရရှိထားတဲ့ဘဝကို အလွန် ကျေနပ်ကြပါတယ်။ ဘဝကိုလည်း ဉာဏ်ယှဉ်ပြီး တန်ဖိုးရှိအောင် နေတတ်ကြတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဒီဘဝရဲ့စုတိစိတ်နဲ့ နောက်လာလတ္တံ့သော ဘဝရဲ့ပဋိသန္ဓေစိတ်ကို အခုလိုသိလာတဲ့အတွက် တပည့်တော်စိတ်ထဲ ဝိညာဉ်၊ လိပ်ပြာဆိုတာ

မရှိတော့ဘူးဘုရား။ စိတ်ထဲရှင်းသွားပြီဘုရား။ ဓမ္မသဘာဝ သက်သက်ပဲ ဆိုတာ ကွက်ကွက်ကွင်းကွင်း နားလည်လာပါပြီဘုရား။

ဆရာတော် ~ ဒီအသိက သမ္မာဒိဋ္ဌိပါ။ Right understanding ပါ။ Right view အမှန်မြင်လာတာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော် ပဋ္ဌာန်းတရားတော်ကို နာကြားလေ့လာရင်း တရားအားထုတ်ရင်းနဲ့ အခုလိုနားလည်သလောက် နားလည်လာတာပါဘုရား။ ကျေးဇူးတင်မဆုံးပါဘုရား။

**ဆုတောင်း**

**“စကြဝဠာမင်းသည် အရှည်ဝါသီ တောရပ်မှီသောအခါ သားကြီးရတနာမှာ တစ်ဆက်တည်း အကြားမရှိ ဘုရင်ဖြစ်လာသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း ကောင်းမြတ်သော ကုသိုလ်စိတ်အစဉ်တို့သာ ခြားပြတ်ခြင်းမရှိဘဲ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာဖြစ်ပြီး ကျေးဇူးပြုနိုင်ပါစေသား”**

## ၆။ သဟဇာတပစ္စယော

**Sahajata Paccayo** ***(Presence condition) (Born together)***

**ပစ္စယုပ္ပန်တရားတို့ကို အတူတကွအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း**



**သဟဇာတပစ္စည်း၏ကျေးဇူးပြုပုံ**

မှောင်နေသည့် တိုက်ခန်းထဲ၌ ဆီမီးညှိထွန်းလိုက်သည်နှင့် မီးတောက်ခြင်း၊ အလင်းရောက်ခြင်းနှင့် အမှောင်ပျောက်ခြင်းတို့သည် တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်း ပေါ်ပေါက်လာကြသကဲ့သို့ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူခဲ့ကြပါသည်။ ထိုနည်းအတူ နာမ်ခန္ဓာ ၄ ပါး၊ မဟာဘုတ် ၄ ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်တို့သည်လည်း ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် တစ်ပြိုင်တည်း၊ တစ်ချိန်တည်း အတူတကွ ဖြစ်ပေါ်လာစေရန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## Born together, Born earlier, Born later

Dr.အောင်သူ ~ သဟဇာတကို အင်္ဂလိပ်လို Born together လို့လည်း ဘာသာပြန်တာ တွေ့ရပါတယ်ဘုရား။

ဆရာတော် ~ ပါဠိစကား သဟဇာတကို လေ့လာရင် (သဟ + ဇာတ) လို့ရတယ်။ 'သဟ' က Together အတူတကွလို့ အဓိပ္ပာယ်ရပြီး၊ 'ဇာတ'က Born လို့ ယူနိုင်ပါတယ်။ ဒါကြောင့် Born together အတူတကွဖြစ်တယ်လို့ နားလည်ရင်လည်း ပြည့်စုံပါတယ် ဒကာကြီး။

Dr.အောင်သူ ~ ဘာတွေက Born together ဆိုပြီး အတူတကွ ဖြစ်လာကြတာပါလဲဘုရား။

ဆရာတော် ~ ဒါက ဥပမာနဲ့ ပြောပြမှ ပိုကောင်းမယ်နော်။

Dr.အောင်သူ ~ တင်ပါ။ ဥပမာနဲ့ဆိုရင် ပိုနားလည်လွယ်ပါတယ်ဘုရား။

ဆရာတော် ~ မနက် နေလုံးကြီး ထွက်လာပြီဆိုရင် အလင်းရောင်နဲ့ အနွေးဓာတ်တွေက သူနဲ့ အတူတကွ ဖြစ်လာကြတယ်။ နေရယ်၊ အလင်းရောင်ရယ်၊ အနွေးဓာတ် ဆိုတာတွေကို ခွဲခြားလို့ မရကောင်းဘူး ဒကာကြီး။

Dr.အောင်သူ ~ နေနဲ့ အပူဓာတ် ခွဲမရလို့ Born together ပြီးတော့ နေနဲ့အလင်းရောင်ကို ခွဲမရလို့လည်း Born together လို့ ဆိုလိုတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်ဗျာ။ ဟုတ်ပြီ၊ ဟုတ်ပြီ။ အဋ္ဌကထာလို့ ခေါ်တဲ့ Comentry တွေမှာ သဟဇာတပစ္စယောရဲ့ ကျေးဇူးပြုပုံကို ဥပမာတစ်မျိုး ပြတာရှိသေးတယ်။

Dr.အောင်သူ ~ အဲဒီဥပမာလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ပြောပြပါမယ်။ မှောင်မိုက်နေတဲ့ တိုက်ခန်းထဲမှာ ဆီမီးခွက်ကို ထွန်းညှိလိုက်ပြီ ဆိုရင် မီးတောက်တာ၊ အလင်းရောက်တာနဲ့ အမှောင်ပျောက်တာတို့ဟာ တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်း ပေါ်ပေါက်လာစမြဲမို့လို့ Born together ဖြစ်တယ်လို့ ဥပမာပြတော်မူကြပါတယ်။

Dr.အောင်သူ ~ မှန်ပါ၊ ပေါ်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။ သဟဇာတပစ္စယောအပြင် ပုရေဇာတပစ္စယောနဲ့ ပစ္ဆာဇာတပစ္စယောက အဓိပ္ပာယ် သိပ်မဝေးဘူးလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ~ စကားလုံးဝေါဟာရက နီးသလိုရှိတာ အဓိပ္ပာယ်ကဝေးတယ် ဒကာကြီး။ ပုရေဇာတက Born earlier ၊ ပစ္ဆာဇာတက Born later ပါ။

Dr.အောင်သူ ~ မှန်ပါ။ ဘာတွေက Born earlier ဖြစ်ပြီး ဘာက Born later ဖြစ်ရတာပါလဲဘုရား။

ဆရာတော် ~ အကြောင်းတရားက ဦးစွာပေါ်ပြီး အကျိုးတရားက နောက်မှပေါ်တာမို့လို့ Born earlier ပုရေဇာတပါ။ အကျိုးတရားက ဦးစွာပေါ်ပြီး အကြောင်းတရားက နောက်မှပေါ်တာမို့လို့ Born later ပစ္ဆာဇာတပါ။ အကြောင်းတရားနဲ့ အကျိုးတရားတွေ တစ်ပြိုင်နက်တည်း ပေါ်ပေါက်လာတာမို့လို့ Born together သဟဇာတပါ ဒကာကြီး။

Dr.အောင်သူ ~ နက်နဲလိုက်တာဘုရား။ အခုလို ပြည့်ပြည့်စုံစုံသိရလို့ ကျေးဇူးတင်ပါတယ် ဘုရား။ Born together သဟဇာတကို တပည့်တော်နားလည်လာသလို လျှောက်ထား ကြည့်ပါ့မယ်ဘုရား။ မှားရင် ပြင်ပေးပါဘုရား။ မှောင်နေတဲ့ အခန်းထဲမှာ မီးထွန်းလိုက်တာနဲ့ အလင်းရောင်ပေါ်လာတာ၊ အမှောင်ပျောက်သွားတာ၊ ပစ္စည်းဝတ္ထုတွေကို မြင်ရတာ သုံးမျိုးစလုံး အကုန်လုံးတစ်ပြိုင်နက် ဖြစ်လာတာကို သဟဇာတ Born together ပါဘုရား။

ဆရာတော် ~ ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ။ ဆက်သိရဦးမှာက သတ္တဝါတို့ရဲ့ သန္တာန်မှာလည်း စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေက Moment to Moment တဒင်္ဂချင်း၊ တဒင်္ဂချင်း အတူတကွ ပြိုင်တူဖြစ်သွားနိုင်တဲ့ သဘောတရားတွေမို့လို့ သဟဇာတပါ ဒကာကြီး။

Dr.အောင်သူ ~ မှန်ပါ။ နည်းနည်းအကျယ်တဝင့် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ စိတ်နဲ့ စေတသိက်တွေကို ခန္ဓာဖွဲ့လိုက်ရင် နာမ်ခန္ဓာလေးပါးရတယ်၊ ရုပ်ခန္ဓာက တစ်ပါးရပါတယ်။ စုစုပေါင်း ခန္ဓာ ၅ ပါး ရှိတယ်နော်။

Dr.အောင်သူ ~ တင်ပါဘုရား။ နာမ်ခန္ဓာလေးပါးကို တပည့်တော် အလွတ်မှတ်မိပါတယ်ဘုရား။ ၁။ ဝေဒနာက္ခန္ဓာ၊ ၂။ သညာက္ခန္ဓာ၊ ၃။ သင်္ခါရက္ခန္ဓာနဲ့ ၄။ ဝိညာဏက္ခန္ဓာ တို့ပါဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်ဗျာ။ စာက အခုလိုမှတ်မိနေမှ နေရာကျတာ။ ဒါဆိုရင် နည်းနည်း ပြောကြည့်ဦးမယ်လေ။ အဲဒီ သဘာဝတရားတွေက 'ဧကုပ္ပါဒ နိရောဓာ၊ ဧကာလမ္ဗဏဝတ္ထုကာ၊ စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ' လို့ စာပေမှာလာတဲ့အတွက် သူတို့က 'ဖြစ်အတူ၊ ချုပ်အတူ၊ အာရုံတူ၊ မှီရာတူတယ်' ဒကာကြီး။ ဒါကြောင့် သဟဇာတ Born together ပါဗျာ။ နားလည်သေးရဲ့လား။

Dr.အောင်သူ ~ တင်ပါ။ ပါဠိတွေများလို့ နည်းနည်းထွေးသွားတယ်ဘုရား။

ဆရာတော် ~ ဒါဆိုရင် နောက်မှဆက်ကြရအောင်၊ ဆွမ်းချိန်နီးနေပြီလေနော်။

## ကုသိုလ်စိတ်ဖြစ်စဉ်နှင့် သဟဇာတပစ္စည်း

Dr.အောင်သူ ~ တပည့်တော် ဆွမ်းကပ်နေတုန်း တစ်ယောက်တည်း စဉ်းစားနေမိတာလေး လျှောက်ပါရစေဘုရား။

ဆရာတော် ~ ဘာများစဉ်းစားနေမိတာလဲ ဒကာကြီး။

Dr.အောင်သူ ~ တပည့်တော် ဆွမ်းကပ်တဲ့ကုသိုလ်စိတ် ဖြစ်နေတဲ့အခါမှာ ဒီသဟဇာတပစ္စည်း က ဘယ်လိုများ အလုပ်လုပ်သလဲဆိုတာ သိချင်လာတာပါဘုရား။

ဆရာတော် ~ ပြောပြမှာပေါ့ ဒကာကြီး။ ပထမဦးဆုံး သိထားရမှာက ကုသိုလ်စိတ်ဖြစ်တဲ့ အခါမှာ စေတသိက် အများဆုံး ၃၈ ပါးအထိ ယှဉ်နိုင်တယ်နော်။

Dr.အောင်သူ ~ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ ဒါဆိုရင် ဆက်ပြောပြမယ်နော်။ အဲဒီ ကုသိုလ်စိတ်နဲ့ စေတသိက်တွေက သဟဇာတသတ္တိနဲ့ အချင်းချင်း ကျေးဇူးပြုတယ်။ တစ်နည်းပြောရရင် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် တစ်ချိန်တည်း အတူတကွ Born together ဖြစ်ဖို့ သဟဇာတသတ္တိနဲ့ ကျေးဇူးပြုပါတယ် ဒကာကြီး။

Dr.အောင်သူ ~ ဒီမျှပဲလားဘုရား။

ဆရာတော် ~ အဲဒီ ကုသိုလ်စိတ်နဲ့ စေတသိက်တွေက စိတ္တဇရုပ်တွေကို တစ်ချိန်တည်း အတူတကွ Born together ဖြစ်ဖို့ သဟဇာတသတ္တိနဲ့ ကျေးဇူးပြုပါသေးတယ်။

Dr.အောင်သူ ~ တင်ပါဘုရား။

ဆရာတော် ~ အဲဒီစိတ္တဇရုပ်တွေမှာပါတဲ့ မဟာဘုတ်ဓာတ်လေးပါးတို့က သဟဇာတသတ္တိနဲ့ အချင်းချင်း ကျေးဇူးပြုပါသေးတယ် ဒကာကြီး။

Dr.အောင်သူ ~ မှန်ပါ။ မှတ်သားနေပါတယ်ဘုရား။

ဆရာတော် ~ တစ်ခါ အဲဒီမဟာဘုတ်ဓာတ်ကြီးလေးပါးတို့က ဥပါဒါရုပ်တွေကို တစ်ချိန်တည်း အတူတကွဖြစ်ဖို့ သဟဇာတသတ္တိနဲ့ ကျေးဇူးပြုပြန်သေးတယ်။

Dr.အောင်သူ ~ အခုလို အပြန်ပြန်အလှန်လှန် တစ်ချိန်တည်း တစ်ပြိုင်နက်တည်း အတူတကွ ဖြစ်ပြီး အလုပ်လုပ်နေတာပါလားဘုရား။

## သဘာဝတရား

ဆရာတော် ~ ဟုတ်ပါတယ်။ ဒီသဘာဝတရားကြီးက အမြဲထာဝရတည်တံ့နေတာ မဟုတ်ဘူး။ ဥပါဒ်၊ ဌီ၊ ဘင်လို့ခေါ်တဲ့ ဖြစ်၊ တည်၊ ပျက်အားဖြင့် တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်း အတူတကွ ဖြစ်ပြီးပျက်နေတဲ့ Process မျှသာ ဖြစ်ပါတယ် ဒကာကြီး။ ပုဂ္ဂိုလ်သတ္တဝါ ကင်းပျောက်နေပါတယ်။ အခုလို နားလည်လာဖို့ ပဋ္ဌာန်းတရားတော်ကို လေ့လာဆည်းပူး အားထုတ်ကြရတာပါ ဒကာကြီး။ အခုလိုနားလည်လာဖို့ ဝိပဿနာတရားကို လေ့လာဆည်းပူး အားထုတ်နေကြရတာပါ။

Dr.အောင်သူ ~ တပည့်တော် ရည်ရွယ်ချက်နဲ့ ပန်းတိုင်ကို နားလည်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။ ပဋ္ဌာန်းတရားတော်ကို နာကြားရင်၊ ဆည်းပူးလေ့လာရင် ဝိပဿနာဉာဏ်တွေ ဖြစ်လာနိုင်တာကို သဘောပေါက်ပါပြီဘုရား။

ဆရာတော် ~ ဘုရားရှင်ပွင့်ထွန်းတော်မူလို့သာ အခုလို သိရတာပါ ဒကာကြီး။ ဘုရားရှင်သာ မပွင့်ထွန်းခဲ့ရင် ဖန်ဆင်းရှင်ဖန်ဆင်းတာ ပြောရုံမှအပ အခြားမသိနိုင်ပါဘူး။

Dr.အောင်သူ ~ မှန်ပါဘုရား။ ဘုရားရှင်သာ ပွင့်ထွန်းတော်မမူခဲ့ရင် အခုလို နက်နဲတရားတွေကို ဘယ်လိုလုပ် နာကြားခွင့်ရတော့မလဲဘုရား။ တပည့်တော်တို့ဘဝ သာသနာတော်နဲ့ ကြုံခွင့်ရတာ အရတော်လိုက်တာလို့ ဖြစ်မိပါတယ်ဘုရား။

## ခန္ဓာငါးပါး တစ်ပေါင်းတည်းဖြစ်ပြီး တစ်ပေါင်းတည်းချုပ်ကြသည်

Dr.အောင်သူ ~ ဒါဆိုရင် အခုလိုခန္ဓာငါးပါးစလုံး ပြိုင်တူဖြစ် ပြိုင်တူချုပ်ကြတာပါလားဘုရား။

ဆရာတော် ~ ခန္ဓာငါးပါးဆိုတာ ရုပ်ခန္ဓာတစ်ပါးနဲ့ နာမ်ခန္ဓာ ၄ ပါး ရှိတဲ့ထဲက နာမ်ခန္ဓာ ၄ ပါးက အတူတကွဖြစ်ကြလို့ Born together သဟဇာတလို့ ခေါ်တာပါ။ သူတို့က ပြိုင်တူဖြစ် ပြိုင်တူချုပ်ကြပါတယ် ဒကာကြီး။

Dr.အောင်သူ ~ တပည့်တော် သိပ်ပြီး စိတ်ဝင်စားပါတယ်ဘုရား။ ဒါဆိုရင် အဲဒီစိတ်တွေကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တွေက ဘယ်လိုဖြစ်သွားသလဲဘုရား။

ဆရာတော် ~ နာမ်တရားတွေ ချုပ်ပျောက်သွားရင် နာမ်တရားကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် Mind produce matter ကလည်း ချုပ်ပျောက်တာပဲလေ။ အကြောင်းတရားတွေ ချုပ်သွားတဲ့အတွက် အကျိုးတရားတွေလည်း ရပ်တည်လို့မရတော့ဘူး ဒကာကြီး။

Dr.အောင်သူ ~ တော်တော် ရှင်းလာပါပြီဘုရား။ တပည့်တော် တွေးနေတာလေးတစ်ခု ရှိပါတယ်။

ဆရာတော် ~ ဘာများတွေးနေတာလဲ။

Dr.အောင်သူ ~ တရားအားထုတ်တဲ့အခါ ဒီလောက်များတဲ့ အကြောင်းတရားတွေကို တပည့်တော် ဉာဏ်နဲ့မီအောင် စဉ်းစားနိုင်ပါ့မလားဘုရား။

ဆရာတော် ~ တကယ်တမ်း ယောဂီရဲ့ တရားလုပ်ငန်းခွင်မှာ တစ်ချိန်မှာ တစ်ခုပဲပေါ်မယ်။ ဥပမာ ရှူကွက်တစ်ခု ဖော်ကြည့်မယ်ဆိုရင် ကဲ့ကော်ပင်အောက် စကြံလျှောက်နေတဲ့ ယောဂီရဲ့နှာခေါင်းဝမှာ ကဲ့ကော်ပန်းအနံ့ ရတယ်ဆိုပါစို့။ အဲဒီတစ်ခဏ Moment မှာ ကောင်းလိုက်တာဆိုတဲ့ ဝေဒနာက္ခန္ဓာဖြစ်စေ၊ ကဲ့ကော်ပန်းနံ့ပါလား ဆိုတဲ့ သညာက္ခန္ဓာဖြစ်စေ တစ်ခုပေါ်တစ်ခုသိ၊ နောက်တစ်ခုပေါ် နောက်တစ်ခုသိပါပဲ ရိုးရှင်းပါတယ် ဒကာကြီး။

## Moment to Moment

Dr.အောင်သူ ~ မှန်ပါ။ Moment တစ်ခုမှာ ခန္ဓာငါးပါးလုံး မမိနိုင်ဘဲ၊ တစ်ပါးလောက် မိမယ်လို့ နားလည်ပါပြီဘုရား။ ဒါဆိုရင် တပည့်တော် အားထုတ်နေတာနဲ့ ကိုက်ညီပါတယ်ဘုရား။

ဆရာတော် ~ ဒကာကြီး အားထုတ်နေတာနဲ့ တူတယ်ဆိုရင်၊ ဆက်ပြောပြမယ်နော်။ ခန္ဓာငါးပါးက Moment to Moment တဒင်္ဂချင်း၊ တဒင်္ဂချင်းမှာ ပြိုင်တူဖြစ်ပြီး၊ ပြိုင်တူဖြစ်လာတဲ့ တရားအားလုံး ချုပ်ပျောက်နေတာမို့ အားလုံးဖမ်းမမိနိုင်ဘူး၊ အာရုံဒွါရတိုက်ပြီး ထင်ရှားတာတစ်ခုကိုသာ ဖမ်းလို့မိနိုင်ပါတယ်။

Dr.အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ သဟဇာတကလည်း တရားအားထုတ်တဲ့ထဲ ပါနေတာတွေ့ရလို့ ဝမ်းသာပါတယ်ဘုရား။

ဆရာတော် ~ တစ်နေ့တာဘဝမှာ အားထုတ်တာနဲ့ စပ်လျဉ်းတဲ့ ဥပမာတစ်ခု သတိရလာတယ်။

Dr.အောင်သူ ~ တရားအားထုတ်တာနဲ့ သက်ဆိုင်တာကိုတော့ အထူးသိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဒါက ဒကာမများနဲ့ ပိုပြီး ဆိုင်မလားမသိဘူး။ ဟင်းချိုဟင်းကို ချက်ပြီး မြည်းကြည့်လိုက်တဲ့အခါမှာ 'ဒီဟင်းက တယ်ပြီးချိုပါလား' ဆိုရင် ဝေဒနာကပြောတာနော်။ သညာက ချိုတဲ့အရသာကို မမှတ်ဘူးလားဆိုရင် မှတ်တယ်။ သို့သော် ဒီကိစ္စမှာ ဝေဒနာက ဦးစီးနေတယ်။ ဒါကြောင့် သညာ၊ သင်္ခါရတွေရဲ့ သဘောသတ္တိတွေ မထင်ရှားဘဲ ငုပ်လျှိုးပြီးနေနေတယ်။

Dr.အောင်သူ ~ ဒါဆိုရင် သူတို့မပါဘူးလို့ယူရင် ရပါသလားဘုရား။

ဆရာတော် ~ အဲဒီတဒင်္ဂ တစ်ခဏအခိုက်မှာ ပြဋ္ဌာန်းတဲ့ဓမ္မသာ ထင်ရှားပြီး မပြဋ္ဌာန်းတဲ့ ဓမ္မတွေလည်း ပါဝင်နေပါတယ်ဆိုတာကို သိစေခြင်းအကျိုးငှာ သဟဇာတ ပစ္စည်းကို ဟောတော်မူတယ်လို့ မိုးကုတ်ဆရာတော်ကြီး မိန့်တော်မူဖူးတယ်။

Dr.အောင်သူ ~ နက်နဲလှပါတယ်ဘုရား။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ နောက်ထပ် ဥပမာတစ်ခု သတိရလာတယ်။ မှောင်မည်းနေတဲ့ အခန်းထဲမှာ မီးခြစ် ခြစ်လိုက်တာနဲ့ အလင်းရောင် ရောက်လာတယ်။ မီးက တေဇောနော်။ အလင်း ရောင်ကဝဏ္ဏ။ တေဇောမဟုတ်ဘူး။ အလင်းရောင်က ဥပါဒါရုပ်လို့ ခေါ်နိုင်တယ်။ ဥပါဒါရုပ်က မဟာဘုတ်ကိုမှီပြီး ဖြစ်ရတယ်။ ဒါ့ကြောင့် မဟာဘုတ်မှာရှိတဲ့ တေဇောက ပြဋ္ဌာန်းတယ်။ ဒီနေရာမှာ သတိပြုစရာတစ်ခုက ပရမတ္ထဓမ္မတွေမှာ တစ်ခုသောတရားပြဋ္ဌာန်းရင် မပြဋ္ဌာန်းတဲ့တရားတွေလည်း ပါတယ်ဆိုတာကို သိရမယ်လို့ ရှေးရှေးဆရာမြတ်များက မိန့်တော်မူဖူးတယ် ဒကာကြီး။

Dr.အောင်သူ ~ တင်ပါဘုရား။ မှတ်သားထားပါ့မယ်ဘုရား။

## ခန္ဓာငါးပါး

Dr.အောင်သူ ~ ငါးပါးခန္ဓာအစုလို့ ဖတ်ဖူးတယ်။ အစုအပုံပါလားဘုရား။

ဆရာတော် ~ ခန္ဓာငါးပါးဆိုတာ ဖောက်ပြန်မှုသဘော၊ ခံစားမှုသဘော၊ မှတ်သားမှု ပြုပြင်မှု သဘော၊ သိမှုသဘောလို့ ရှိပါတယ်။ သဘောလို့ပြောနေမှတော့ အကောင် အထည်အနေနဲ့ ဘယ်ရှိမလဲ ဒကာကြီး။ အစုအပုံလို့ စာကပြောပေမဲ့ သဲပုံကြီး ပုံထားသလိုမျိုး၊ လမ်းခင်းကျောက်ပုံကြီး ပုံထားသလို အပုံလိုက်ကြီးတော့ မဟုတ်ဘူးလေ။

Dr.အောင်သူ ~ တပည့်တော်က ခန္ဓာငါးပါးကို အစုအပုံလို့ ဖတ်ဖူး၊ မှတ်ဖူးလို့ မေးမိတာပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သူက သဘောတရားအနေနဲ့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အား ဖြင့် စုလို့ရတဲ့အတွက်ကြောင့် အစုလို့ခေါ်ရတာပါ ဒကာကြီး။ လူတွေပြောကြတဲ့ အစုလိုက် အပုံလိုက် မဟုတ်ပါဘူး။

Dr.အောင်သူ ~ မှန်ပါ။ အဲဒီ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဆိုတာ ဘယ်လိုပါလဲဘုရား။

ဆရာတော် ~ ဒီခန္ဓာငါးပါးက အတိတ်မှာလည်း ဖြစ်ခဲ့တယ်၊ ပစ္စုပ္ပန်မှာလည်း ဖြစ်နေတယ်။ အနာဂတ်မှာလည်း ဖြစ်ဦးမယ်။ ဒါကြောင့် အခုလို ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် သုံးခုနဲ့ စုပေါင်းပြီး ရေတွက်ရတဲ့အတွက်ကြောင့် အစုလို့ခေါ်တာပါ။ ပါဠိလိုတော့ ခန္ဓာပေါ့။ မြန်မာလိုကတော့ အစုအဝေးပေါ့။ အင်္ဂလိပ်လို Aggregate, Collection လို့ ဘာသာပြန်နိုင်ပါတယ်။

Dr.အောင်သူ ~ တပည့်တော်က အစုအပုံဆိုတော့ သဲပုံ၊ ကျောက်ပုံ၊ စပါးပုံလို ထင်နေတာပါဘုရား။

ဆရာတော် ~ အခုရှင်းပြီနော်။ ဆိုပါစို့၊ ခံစားမှုဝေဒနာဆိုတာမှာလည်း သဘောတရားလေး သက်သက်၊ မှတ်သားမှုသညာကလည်း သဘောတရားသက်သက်ပါ။ ဒါကို ခံစားမှုတစ်စု၊ မှတ်သားမှုတစ်စုလို့ စာအရခေါ်ရတာပါ။

Dr.အောင်သူ ~ မှန်ပါ။ ဒါဆိုရင် Mind produce matter ကလည်း သဘောသက်သက်ပါပဲလား ဘုရား။

ဆရာတော် ~ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေဟာလည်းပဲ ဖောက်ပြန်တတ်တဲ့ သဘောမျှပါပဲ၊ အကောင်အထည်အနေနဲ့ အမြဲထာဝရ တည်တံ့နေတာမျိုး မဟုတ်ပါဘူး။

Dr.အောင်သူ ~ တော်တော်တော့ ရှင်းပါပြီဘုရား။ ဒီခန္ဓာငါးပါးကြီးက ဘယ်နေရာတွေက ဖြစ်လာ တာပါလဲဘုရား။

ဆရာတော် ~ မြင်၊ ကြား၊ နံ၊ စား စတဲ့ ခြောက်ဒွါရကနေ ခန္ဓာငါးပါးဖြစ်မယ်။ ဒီနေရာမှာ သိဖို့ လိုတာက သဟဇာတကိုကြည့်ရင် ခန္ဓာငါးပါးက တစ်ပေါင်းတည်း ဖြစ်ပြီးတော့ တစ်ပေါင်းတည်းပဲ ပျက်သွားပါတယ် ဒကာကြီး။ ဆိုပါစို့ အသံက ကြားကြားချင်း ပျောက်သွားတယ်။

Dr.အောင်သူ ~ အသံက ရုပ်တရားပါလားဘုရား။

## ခန္ဓာတစ်ပါးပေါ်လျှင် ကျန်တာပါပြီး

ဆရာတော် ~ ဟုတ်တယ်။ အသံဟာ ရုပ်တရား ရူပက္ခန္ဓာ၊ ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘောရှိတယ်နော်။ ရုပ်ရဲ့ဖောက်ပြန်မှုလေး ပေါ်သွားတယ်။ နားကကြားလိုက် တယ်။ နားကကြားတော့ စိတ်ကခံစားတယ်။ သီချင်းသံကလေး ကောင်းတယ် ဆိုရင် ခံစားချက်က သုခဝေဒနာ ဖြစ်သွားတယ်။

Dr.အောင်သူ ~ မှန်ပါ၊ မှန်ပါဘုရား။ နားလည်ပြီဘုရား။ ဒီနေရာမှာ ဝေဒနာက္ခန္ဓာတစ်ပါး ပေါ်သွားတယ်။

ဆရာတော် ~ ဟုတ်ပြီ။ မှတ်သားမှုကျတော့ ဘယ်သူဆိုတဲ့သီချင်း၊ ဘယ်ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းမှာဆိုတာ သိလိုက်ပြီ။

Dr.အောင်သူ ~ မှန်ပါ၊ သညာက္ခန္ဓာပေါ်တာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ သညာက္ခန္ဓာတစ်ပါးကို မိလိုက်ပေမဲ့ ကျန်လေးပါးလည်း ပါပြီးသားလို့ နားလည်ရမယ်နော်။

Dr.အောင်သူ ~ ဒါဆိုရင် ကြားတဲ့နေရာမှာလည်း ခန္ဓာငါးပါးပေါ်နေတယ်။ စားတဲ့နေရာမှာလည်း ခန္ဓာငါးပါးပေါ်နေတယ်။ မြင်တဲ့နေရာမှာလည်း ခန္ဓာငါးပါးပေါ်နေတယ်ဆိုရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါတယ်။ စိတ်မှာ သတိ၊ ဝီရိယ၊ ဉာဏ်အားကောင်းနေရင် ကောင်းသလောက် သိနိုင်ပါတယ်။

Dr.အောင်သူ ~ အခုလို ခန္ဓာငါးပါးက လူကြီး၊ လူငယ်အားလုံးမှာ ပေါ်နေတာပဲလားဘုရား။
ဆရာတော် ~ ဟုတ်တယ်။ လူတင်ဘယ်ကမလဲ ခွေးတွေ၊ ကြွက်တွေ၊ ကြောင်တွေ၊ ငှက်တွေမှာလည်း မျက်စိ၊ နား၊ နှာခေါင်းတွေ ရှိနေတယ်။ ရုပ်နဲ့စိတ်ရှိနေတော့ ခန္ဓာငါးပါး ရှိနေတာပဲလေ ဒကာကြီး။

## ပေါ်ပြီးပျောက်နေသည့်ဖြစ်စဉ်

Dr.အောင်သူ ~ ဝိပဿနာရှုရာမှာ ခန္ဓာငါးပါးလုံး ပေါ်သော်လည်း မသိနိုင်တာပါလားဘုရား။
ဆရာတော် ~ ဟုတ်တယ်။ သဟဇာတမှာ အတူတကွဖြစ်၊ အတူတကွပျက်တာလေ။ ဒါကြောင့် တစ်ခုရှုမိတာ ကျန်တာတွေ လွတ်သွားပါသော်လည်း အားထုတ်မှုကိစ္စ ပြည့်စုံပါတယ်လို့ မှတ်ပါဒကာကြီး။
Dr.အောင်သူ ~ မှန်ပါ၊ ဒါဆိုရင် ခုနဥပမာထဲကလို သီချင်းသံကြားလိုက်တာနဲ့ ကြိုက်တာ၊ ဘယ်သူဆိုတာ၊ ဘာသီချင်းအထိ ဆက်မနေဘူးလားဘုရား။
ဆရာတော် ~ ဒီနေရာမှာ မျက်စိလည်တတ်တယ်။ ဒကာကြီးက စာတစ်ခုမေ့နေလို့ ဖြစ်မှာပါ။ စိတ်ရဲ့ အမြန်နှုန်းက လက်ဖျောက်တစ်ချက်တီး ကုဋေတစ်သိန်းရှိတာလေ။
Dr.အောင်သူ ~ မှန်ပါ၊ သတိရပါပြီဘုရား။
ဆရာတော် ~ သီချင်းကို ကြိုက်တယ်ဆိုတာ ပေါ်ပြီး ပျောက်သွားပြီနော်။ ပြီးမှ ဘယ်သူဆိုတာလို့ သိတာ။ တစ်ခုပြီးမှ တစ်ခုပေမဲ့ သိပ်ကိုမြန်လွန်းနေလို့ တစ်ဆက်တည်း၊ တသီတတန်းကြီးပဲလို့ ထင်တာပါ။ အမှန်က တစ်ခုပြီးမှတစ်ခုဆိုတာကို တရားအားထုတ်ပြီး စိတ်ကို အတန်အသင့် စောင့်ရှောက်တတ်လာတဲ့ ယောဂီများ ကိုယ်တွေ့သိနိုင်ကြပါတယ် ဒကာကြီး။
Dr.အောင်သူ ~ တပည့်တော်လည်း အားထုတ်မှုအပိုင်းကို ကြိုးစားရပါဦးမယ်ဘုရား။
ဆရာတော် ~ သာခုပါဗျာ၊ ဒီကနေ့ တော်ကြဦးစို့နော်။

## ဝိပဿနာဉာဏ်

Dr.အောင်သူ ~ တပည့်တော် တွေးမိနေတာက ခန္ဓာငါးပါးဆိုတာ သဘောသက်သက်ကြီးဆိုတော့ ဘယ်ခိုင်ခံ့တော့မလဲလို့ စိတ်ထဲ တောက်လျှောက် ဖြစ်နေပါတယ်ဘုရား။ အဲဒါ မှန်ပါသလား။
ဆရာတော် ~ မခိုင်ခံ့ဘူးဆိုတာ မှန်ပါတယ်။ စိတ်နဲ့အာရုံ နှစ်မျိုးလုံး ဖြစ်ဆဲပစ္စုပ္ပန်ခဏမှာ ဆုံလိုက်တယ်။ ပြီးတော့ ပျောက်ပျက်သွားတယ်။ သူ့ရဲ့သက်တမ်းက တစ်ခဏကလေးသာရှိတယ်လို့တောင် ပြောမရပါဘူး။
Dr.အောင်သူ ~ တပည့်တော် အဲဒါကို လျှောက်ထားချင်တာပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဆိုပါစို့။ အဲဒီသီချင်းသံကို ကြားတဲ့ ကြားသိစိတ်နဲ့ ဆိုင်ရာ စေတသိက်တွေ နဂိုကလည်း မရှိဘူး။ အသံနဲ့နား တိုက်ဆိုသခိုက်၊ တဒင်္ဂ အခိုက်အတန့်ကလေး ပေါ်လာကြတာပါ။

Dr.အောင်သူ ~ ပေါ်ပြီးနောက် ဘယ်ကိုရောက်သွားသလဲဘုရား။

ဆရာတော် ~ ထွန်းထားတဲ့ ဖယောင်းတိုင်မီး မှုတ်လိုက်ရင် ငြိမ်းသွားတယ်။ ဒါကို ဘယ်ကို ရောက်သွားသလဲလို့မေးရင် ဘယ်လိုဖြေရင်ကောင်းမလဲ။

Dr.အောင်သူ ~ ဘယ်ရောက်တယ်ရယ်လို့ ပြောမရပါဘုရား။

ဆရာတော် ~ ဒီရုပ်နာမ်သဘာဝတရားကလည်း ပေါ်ပြီးတာနဲ့ အစအနကို ရှာမတွေ့အောင် ပျောက်ပျောက်သွားနေတဲ့ ဖြစ်စဉ်ကြီးပါ။ ဘယ်ရောက်တယ် ပြောမရနိုင်တဲ့ Process သက်သက်မျှသာ ဖြစ်ပါတယ်။

Dr.အောင်သူ ~ မှန်ပါ။ ဝိပဿနာဉာဏ်ဆိုတာက ဘယ်နေရာမှာ ဝင်လာမှာလဲဘုရား။

ဆရာတော် ~ အခုလို တရားအားထုတ်တဲ့ယောဂီက ရုပ်ဓမ္မပေါ်ဖြစ်ဖြစ်၊ နာမ်ဓမ္မပေါ်ကို ဖြစ်ဖြစ် မမြဲတဲ့သဘာဝတရားကြီးပါလားလို့ သိလာတာ၊ သဘောပေါက်လာတာ၊ နားလည်လာတာကို ဝိပဿနာဉာဏ်လို့ ခေါ်ပါတယ် ဒကာကြီး။

Dr.အောင်သူ ~ တင်ပါဘုရား။

## ဉာဏ်ကသိသည်

ဆရာတော် ~ အဲသလိုသိလာတာ လူကသိတာလည်း မဟုတ်ဘူး။ စိတ်ကသိတာလည်း မဟုတ်ဘူး။ ဉာဏ်ကသိလာတာပါ။

Dr.အောင်သူ ~ တပည့်တော် ဝိပဿနာဉာဏ်ကို အလွန် စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဆက်ပြောပြမယ်နော်။ အကြောင်းကြောင့် ဖြစ်နေတဲ့ သဘာဝ တရားကို မဖြစ်အောင်လည်း တားမရပါလား။ မပျက်အောင်လည်း တားမရ တာပါလားလို့ သိနားလည်လာတာလည်း ဉာဏ်ပါပဲ။

Dr.အောင်သူ ~ လူကသိတာမဟုတ်ဘူး ဆိုတာကိုတော့ ရိပ်မိလာပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ လူကသိလာတာလည်း မဟုတ်ဘူး။ စိတ်က သိလာတာလည်း မဟုတ် ဘူး။ အကြောင်းမဲ့ ဖြစ်နေတာလည်း မဟုတ်ဘူးဆိုတာ သဘောပေါက်လာ တာလည်း ဝိပဿနာဉာဏ်ပါပဲ။ ဒါကို ဓမ္မစကြာပါဠိတော်မှာ *'ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ'* လို့ ဟောတော်မူပါတယ်။

Dr.အောင်သူ ~ ပါဠိလို နားမလည်နိုင်ပါဘုရား။

ဆရာတော် ~ ယံကိဉ္စိ = ရှိသမျှတရားအားလုံးဟာ၊ သမုဒယဓမ္မံ = အကြောင်းကြောင့် ဖြစ်ပေါ်လာကြတယ်၊ တံ သဗ္ဗံ = အဲဒီဖြစ်ပေါ်လာတဲ့ တရားမှန်သမျှဟာ၊ နိရောဓ ဓမ္မံ = ပျက်သုဉ်းခြင်းသဘောသာ ရှိပါတယ်။ နောက်တစ်နည်း ပြောရရင်

အကြောင်းကြောင့်ဖြစ်တဲ့ သဘောတရားအားလုံးဟာ ပျက်တတ်တယ်။ အကြောင်းတရားမရှိတော့မှ ပျက်ခြင်းဆိုတဲ့အကျိုးတရား မရှိတော့မှာပါလို့ မှတ်ရင်လည်း ရပါတယ် ဒကာကြီး။

## Everything changes, nothing remains without change

Dr.အောင်သူ ~ အံ့ဩစရာ ကောင်းလှပါတယ်ဘုရား။ နာကြားရတာ ကျေးဇူးတင်မဆုံးပါဘုရား။

ဆရာတော် ~ နောက်တစ်နည်းပြောရရင် Everything changes, nothing remains without change တဲ့ ဒကာကြီး။

Dr.အောင်သူ ~ မှန်လှပါဘုရား။ အခုနားလည်ပါပြီဘုရား။

ဆရာတော် ~ ဒါဆိုရင် ဆက်ပြောမယ်နော်။ ဒီ Change က အိုမင်းမှုဆီကိုပဲ အရှိန်အဟုန်နဲ့ ဦးတည်သွားနေတယ်။ ကလေးလေးနီတာရဲက တစ်နေ့တခြား ကြီးထွားလာတယ်။ တစ်နည်းပြောရရင် တစ်နေ့တစ်ခြား အိုမင်းလာနေပါတယ်။

Dr.အောင်သူ ~ တပည့်တော်တို့ အရပ်ထဲမှာကျတော့ ပါးရေ၊ နားရေတွန့်လိမ်ပြီး၊ ခါးကုန်း နားထိုင်းမှ အိုတယ်လို့ နားလည်ပါတယ်ဘုရား။ သဘာဝဓမ္မကပြတဲ့ အိုခြင်းက မျက်စိလည်လောက်အောင် ကွာဟနေပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ လူတွေပညတ်ထားတဲ့ ဝေါဟာရလောက်နဲ့ မရောင့်ရဲဘဲ အခုလို လေ့လာမှ အသိတိုးမှာပါ ဒကာကြီး။

Dr.အောင်သူ ~ မှန်လှပါဘုရား။

ဆရာတော် ~ စုန်ဆင်းနေတဲ့ လောကကြီးထဲမှာ သူတို့ပျော်နေကြတယ်။ ဉာဏ်ရှိလာရင် သူတို့အဲသလိုကြီး စိတ်လွတ်ကိုယ်လွတ်ကြီး ပျော်လို့မရတော့ပါဘူး။

Dr.အောင်သူ ~ မှန်ပါဘုရား။ ကမ္ဘာ့လူသားတွေအားလုံး အခုလိုသိကြရင် သိပ်ကောင်းမှာပဲ၊ လူသားတွေသိပ်ကို အေးချမ်းကြမှာဘုရား။

ဆရာတော် ~ မလွယ်ဘူး ဒကာကြီး။ မဖြစ်နိုင်ပါဘူး။ လူသားအများစုကတော့ တည်တံ့ချင်ကြတယ်။ ခိုင်ခံ့ချင်ကြတယ်။ ဒါကြောင့် သမိုင်းမှာ ကြီးကျယ်ထင်ရှားခဲ့တဲ့ ရှေးရှေးမဟာရာဇာတွေကစပြီး ဒီနေ့ ကမ္ဘာ့ခေါင်းဆောင်တိုင်း ရဲတိုက်ကြီးတွေ၊ ခံတပ်ကြီးတွေ၊ ချုံကလီးယား စစ်လက်နက်ပစ္စည်းတွေ တည်ဆောက်ပြီး 'ငါ့ စွမ်းပကားနဲ့ တည်ဆောက်ထားတဲ့ ဒီအင်ပါယာကြီးက အမြဲထာဝရတည်တံ့ စေရမယ်'လို့ ခံယူထားကြတယ်။

Dr.အောင်သူ ~ ဒါကြောင့် မတည်တံ့ဘူး၊ မခိုင်ခံ့ဘူး၊ အစိုးမရဘူးဆိုတဲ့ သဘာဝဖြစ်စဉ် အမှန်တရားကို သူတို့ မကြားချင်ကြတာနေမှာဘုရား။

ဆရာတော် ~ မှန်တာပေါ့ဗျာ။ သိပ်မှန်တဲ့စကားပဲ။

## စတ္တာရော ခန္ဓာ

Dr.အောင်သူ ~ သတဇာတပစ္စယောကို ပူဇော်တဲ့အခါ စတ္တာရောခန္ဓာနဲ့ စတ္တာရော မဟာဘူတာဆိုတာ ပူဇော်ရပါတယ်ဘုရား။ အဓိပ္ပာယ် အကျယ်တဝင့် သိပါရစေဘုရား။

ဆရာတော် ~ '*စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော*'မှာ အရူပိနော ရုပ်မဟုတ်ဘူးလို့ ဆိုတော့ နာမ်ပေါ့ ဒကာကြီး။ ဒါက ပါဠိစာပေရဲ့ အသုံးအနှုန်းပါ။ Negative အနေနဲ့ပြတဲ့ Usage ပါ။

Dr.အောင်သူ ~ မှန်ပါ။ ရုပ်မဟုတ်ဘူးဆိုတော့ နာမ်ခန္ဓာကို ပြောလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်လေ။ ၁။ ဝေဒနာက္ခန္ဓာ၊ ၂။ သညာက္ခန္ဓာ၊ ၃။ သင်္ခါရက္ခန္ဓာနဲ့ ၄။ ဝိညာဏက္ခန္ဓာ တို့ကို ဆိုလိုတာပါ။

Dr.အောင်သူ ~ နားလည်ပါပြီဘုရား။ အခု စတ္တာရော မဟာဘူတာဆိုတာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ '*စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော*'ကို ဆိုလိုတာ ထင်ပါတယ်။ စတ္တာရော မဟာဘူတာကို မြန်မာပြန်ရင် မဟာဘုတ်လေးပါးရပါတယ်။

Dr.အောင်သူ ~ တင်ပါ့ဘုရား။

## ဘုရားရှင်၏ဉာဏ်တော်

ဆရာတော် ~ ဒီနေရာမှာ စိတ်ဝင်စားစရာကောင်းတာက နာမ်အစုအဝေး လေးစုနဲ့ ရုပ်အစုအဝေးတစ်စုတို့နဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ဟောဒီခန္ဓာငါးပါး အစုအဝေးကိုပဲ လူလို့ခေါ်တာပါ။

Dr.အောင်သူ ~ မှန်ပါ။ တောင်ပံတွေနဲ့ ခန္ဓာငါးပါးအစုအဝေးဆိုရင် ငှက်လို့ ခေါ်ရမှာပါဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဒီခန္ဓာငါးပါးအစုအဝေးက (သဟ = အတူ + ဇာတ = ဖြစ်တယ်) သဟဇာတ အတူတကွ တစ်ပြိုင်နက်ဖြစ်တာကို ဒီမှာဆိုလိုပါတယ်။ တစ်နည်းပြောရရင် တစ်ပါးထက် တစ်ပါးက စောဖြစ်တဲ့ထုံးစံမရှိသလို နောက်ကျပြီးမှ ဖြစ်တဲ့အစဉ်အလာလည်း မရှိပါဘူး။

Dr.အောင်သူ ~ ဘုရားရှင်ရဲ့ဉာဏ်တော် အံ့သြစရာကောင်းအောင် ကြီးကျယ်လိုက်တာဘုရား။ အရင်က တပည့်တော်တို့မှာ ဉာဏ်မရှိလို့ 'ငါရယ်၊ ငါ့စိတ်ရယ်၊ ငါ့ကိုယ်ရယ်' ဆိုပြီး အားလုံးကို တစ်ပေါင်းတစ်စည်းတည်းလို့ပဲ ထင်မြင်ယူဆခဲ့တာပါဘုရား။ ဒီလိုတရားမျိုးကိုသာ နာကြားဆည်းပူးခွင့်မရရင် ဒီတစ်သက် အမှန်ကိုသိဖို့ မဖြစ်နိုင်ပါဘူးဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ ဒါကြောင့် ဘုရားကိုလည်း ကျေးဇူးတင်တယ်။ အခုလို နားလည်အောင် သင်ကြားပြသပေးတော်မူခဲ့တဲ့ ဆရာသမားများကိုလည်း ကျေးဇူးတင်ပါတယ်။ စောစောက မဟာဘုတ်လေးပါးအကြောင်း ဆက်ကြ ဦးစို့နော်။

Dr.အောင်သူ ~ မှန်လှပါဘုရား။

## စတုဓာရော မဟာဘူတာ

ဆရာတော် ~ မဟာဘုတ် The four great element တို့က သီးခြားစီ တည်ရှိနိုင်စွမ်း မရှိကြဘူး။ ရုပ်ကလာပ်တွေ အများကြီး စုဖွဲ့ပြီးနေတယ်။ ဒီမှာတော့ မဟာဘုတ်လေးပါး သာမကဘဲ အခြား၊ အခြားသော ရုပ်တရားတွေလည်း ပါဝင်ပါတယ်။

Dr.အောင်သူ ~ Great element ဆိုတော့ မဟာဘုတ်လေးပါးကို အခြေခံအုတ်မြစ်လို့ယူရင် ရပါသလားဘုရား။ မှားရင် ပြင်ပေးပါဘုရား။ တပည့်တော် အင်္ဂလိပ်လို စဉ်းစား လိုက်တာပါဘုရား။

ဆရာတော် ~ မမှားပါဘူး။ ဒီဘာသာပြန်ဆိုချက်က ပါဠိတော်နဲ့ ဆီလျော်ပါတယ်။

Dr.အောင်သူ ~ ဒါဆိုရင် မဟာဘုတ်ဆိုတာက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောကိုပဲ ယူရ မှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ မာတဲ့သဘော ပျော့တဲ့သဘောက ပထဝီပေါ့။ တွန်းကန်လှုပ်ရှားတဲ့ သဘောက ဝါယော၊ ပူတဲ့ အေးတဲ့သဘောက တေဇော၊ ယိုစီးတဲ့သဘော၊ ဖွဲ့စည်းတဲ့သဘောက အာပေါပါ ဒကာကြီး။

Dr.အောင်သူ ~ တော်တော်ကြီးကို ရှင်းသွားပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**"ဆီမီးတောက်နှင့်အလင်းရောင်တို့သည် အတူတကွဖြစ်ကြသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း ကောင်းမွန်သောနာမ်တရားနှင့် ကောင်းမွန်သောရုပ်တရားတို့ အတူတကွဖြစ်ကြပြီး နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ကြပါစေသား"**

## ၇ – အညမညပစ္စယော

Aññamañña Paccayo (Mutuality condition)

## အချင်းချင်းအပြန်အလှန် ထောက်ပံ့လျက် ကျေးဇူးပြုသောပစ္စည်း



အညမညပစ္စည်း၏ကျေးဇူးပြုပုံ

အညမညပစ္စည်း၏ ကျေးဇူးပြုပုံမှာ 'သစ်သားသုံးခွ တိဒဏ္ဍသို့' ဟူ၍ သစ်သားသုံးချောင်း ထောက်သကဲ့သို့ဟု ရှေးအဋ္ဌကထာဆရာမြတ်တို့က မိန့်ဆိုတော်မူကြသည်။ ထိုသုံးချောင်း၌ ခြေတစ်ချောင်းနှင့် တစ်ချောင်းတို့သည် လဲပြိုမသွားစေရန် အချင်းချင်း အပြန်အလှန် အားပေး ထောက်ကူကာ အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ နာမ်ခန္ဓာ (၄)ပါး ၊ မဟာဘုတ် (၄)ပါး၊ ပဋိသန္ဓေ စိတ်၊ စေတသိက်၊ ဟဒယဝတ္ထုတို့သည်လည်း ပစ္စယုပ္ပန်ကွဲပြားသော်လည်း အချင်းချင်း အပြန် အလှန် ထောက်ပံ့လျက် အညမညသတ္တိဖြင့် ကျေးဇူးပြုကြသည်။

### အချင်းချင်း အပြန်အလှန်

Dr. အောင်သူ ~ ဘုရားတပည့်တော် ဒီကနေ့မနက်ပိုင်းမှာ အညမညပစ္စယောအကြောင်းကို ပြည့်ပြည့်စုံစုံလေး သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အညမညကို မြန်မာစကားနဲ့ 'အချင်းချင်း အပြန်အလှန်'လို့ ရိုးရိုး လေး ဘာသာပြန်နိုင်ပါတယ် ဒကာကြီး။ ပဋ္ဌာန်းဖြစ်နေလို့ စာသံပေသံလေးနဲ့ ဆိုရင်တော့ အကြောင်းတရားနဲ့ အကျိုးတရားကို ပြောရပါလိမ့်မယ်။

Dr. အောင်သူ ~ မှန်ပါ။ အကြောင်းတရား၊ အကျိုးတရားကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ခွေးခြေခုံရဲ့ခြေထောက်သုံးချောင်းကို ကြည့်မယ်ဆိုရင် တစ်ခုနဲ့တစ်ခု အပြန်အလှန် မှီနေကြလို့ လဲမကျတာပါ။ ဒီအညမညပစ္စည်းမှာလည်း အကြောင်းတရားနဲ့ အကျိုးတရားတွေဟာ အပြန်အလှန် မှီနေကြပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီတာကို အညမညပစ္စယောလို့ နားလည်ရင် ရပါသလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်ပါတယ် ဒကာကြီး။ ပဋ္ဌာန်းပူဇော်တဲ့အခါ 'စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော' လို့ တွေ့တယ်မဟုတ်ဘူးလား။

Dr. အောင်သူ ~ တပည့်တော် ဒီမနက်အစော ပူဇော်ခဲ့ပါသေးတယ်ဘုရား။

## နာမ်ခန္ဓာ ၄ ပါး

ဆရာတော် ~ ဟုတ်ပြီ။ စတ္တာရောဆိုတာ လေးပါးနော်။ အရူပိနောရဲ့ အဓိပ္ပာယ်က နာမ်ခန္ဓာကို ပြောမှာပါ။ ၁-ဝေဒနာက္ခန္ဓာ၊ ၂-သညာက္ခန္ဓာ ၃-သင်္ခါရက္ခန္ဓာနှင့် ၄- ဝိညာဏက္ခန္ဓာ တို့ကို ပြောတာ။

Dr. အောင်သူ ~ တပည့်တော် နာမ်ခန္ဓာကို နားလည်ပါပြီဘုရား။ ရုပ်မပါသေးဘူး ဖြစ်နေပါတယ်။

ဆရာတော် ~ ခန္ဓာ ၅ ပါး ရှိတယ်လေ။ ရုပ်ခန္ဓာက တစ်ပါးနော်။ ခုနပြောပြခဲ့တဲ့ နာမ်ခန္ဓာက ၄ ပါးနော်။

Dr. အောင်သူ ~ ရပြီဘုရား။ ခန္ဓာ ၅ ပါးကို သဘောပေါက်ပါပြီ။ အခုတပည့်တော်စိတ်ထဲ အကြောင်းအကျိုး မပေါ်လာသေးပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ နာမ်ခန္ဓာ ၄ ပါးထဲမှာ ဝေဒနာက္ခန္ဓာက အကြောင်းဆိုရင် ကျန်တဲ့ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့က အကျိုးဖြစ်ပါတယ်။

Dr. အောင်သူ ~ ရုပ်မှာ အကြောင်းအကျိုးမရှိဘူးလား ဘုရား။

ဆရာတော် ~ အကြောင်းအကျိုးမရှိလို့ မရဘူးလေ၊ ရှိတယ်၊ ရှိတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုပြီး ဓာတ် ၄ ပါးကလည်း အပြန်အလှန် မှီနေကြတယ်။ ဒီမှာလည်း ပထဝီကအကြောင်းဆိုရင် အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်သုံးပါးက အကျိုးဖြစ်သွားပါတယ်။

Dr. အောင်သူ ~ နားလည်ပါပြီဘုရား။ အကြောင်းကင်းတဲ့ အကျိုးတရားဆိုတာ မရှိဘူးဆိုတာ သတိရပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## Causeless မရှိပါ

ဆရာတော် ~ ကောင်းပါပြီ။ ရုပ်ခန္ဓာ ၁-ပါးနဲ့ နာမ်ခန္ဓာ ၄-ပါးတို့ သူ့အလုပ် သူလုပ်နေတယ်။ ကိုယ်ကောင်ကြီးထဲမှာ ဝိညာဉ်လိပ်ပြာဆိုတဲ့ အနှစ်သာရဘာမှ မရှိဘူး ဆိုတာကို နားလည်ဖို့အတွက် ပဋ္ဌာန်းတရားတော်ကို လေ့လာရတာပါ။

Dr. အောင်သူ ~ အခုလိုနားလည်လာရင် ဖန်ဆင်းရှင်က ဖန်တီးတယ်။ ထာဝရဘုရားက တာဝန်ယူတယ်ဆိုတာ မှားနေမှန်း သိရပါပြီဘုရား။

ဆရာတော် ~ ကောင်းပါပြီ ဒကာကြီး။ ဘုရားရှင်က အကျိုးတရားတစ်ရပ် ပေါ်ပေါက်လာဖို့ အတွက် အကြောင်းတရားဆိုတာ ရှိရတယ်လို့ ဟောတော်မူပါတယ်။ တစ်နည်း ပြောရရင် အကြောင်းတရားကင်းတဲ့ အကျိုးတရားဆိုတာ မရှိကောင်းဘူးလို့ နားလည် သဘောပေါက်ရပါမယ်။

Dr. အောင်သူ ~ တင်ပါဘုရား။ Causeless ဆိုတာ မရှိကောင်းဘူးလို့ နားလည်ပါပြီဘုရား။

## Right view

ဆရာတော် ~ ကောင်းပါပြီ။ အခုလိုအကြောင်းတရားတွေ ပေါင်းဆုံလို့ဖြစ်ပေါ်လာတတ်တဲ့ သဘောအမှန်ကို နားလည်လာရင် တစ်စုံတစ်ခုသော တန်ခိုးရှင်၊ ဖန်ဆင်းရှင်က ဖန်ဆင်းတာလည်းမဟုတ်ဘူး။ အကြောင်းမဲ့ဖြစ်နေတာလည်း မဟုတ်ဘူး၊ ဖြစ်သင့်တဲ့အကြောင်းတရားကြောင့် ဖြစ်သင့်တဲ့အကျိုးတရား ပေါ်ပေါက်နေတာ သာဖြစ်တယ်လို့ သိလာနိုင်တယ်။ ဒါကို သမ္မာဒိဋ္ဌိ Right understanding, Right view လို့ ခေါ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် နည်းနည်းရိပ်မိလာပါပြီဘုရား။ အကျိုးတရားတစ်ခု မဖြစ်ပေါ်နိုင်လောက်တဲ့ အကြောင်းတရားကြောင့် အကျိုးတရား မဖြစ်နိုင်ဘူးလို့ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ခြံထဲမှာ သရက်စေ့တစ်စေ့ စိုက်ထားရင် ချိုတဲ့သရက်သီး သီးမယ်။ ခါးတဲ့ကြက်ဟင်းခါးသီး မသီးနိုင်ဘူး။ စပ်တဲ့ငရုတ်သီး မသီးနိုင်ဘူးပေါ့ ဒကာကြီး။

Dr. အောင်သူ ~ နားလည်ပါပြီဘုရား။

ဆရာတော် ~ ဒါကြောင့် ဖြစ်သင့်တဲ့ အကြောင်းတရားကြောင့်သာ ဖြစ်သင့်တဲ့ အကျိုးတရား ပေါ်ပေါက်လာတာပါလားဆိုတဲ့ အသိမှန်ရဖို့ ဘုရားဟောပဋ္ဌာန်းတရားတော်ကို လေ့လာနေတာပါ။ အခုလို နားမလည်နိုင်ရင် အဟေတုကမိစ္ဆာဒိဋ္ဌိတို့၊ အကြိယာမိစ္ဆာဒိဋ္ဌိတို့၊ ဥစ္ဆေဒဒိဋ္ဌိတို့၊ သဿတဒိဋ္ဌိတို့ ဖြစ်နေတော့မယ်။

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် အသိအမြင်မှန်အောင် ကြိုးစားပါ့မယ်ဘုရား။

## ရူပ၊ အရူပဘုံဌာနများ

Dr. အောင်သူ ~ ပဋ္ဌာန်းစာအုပ်ထဲမှာ 'စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော'ကို ကြည့်ပြီးတော့မှ တပည့်တော်စိတ်ထဲ တွေးမိတာလေးက လောကတစ်ခုလုံးမှာ အခုလိုပဲ နာမ်ခန္ဓာလေးပါး၊ ရုပ်ခန္ဓာတစ်ပါး စုစုပေါင်း ခန္ဓာငါးပါး ရှိကြတာ ပါလားဘုရား။

ဆရာတော် ~ မဟုတ်ပါဘူး ဒကာကြီး။ ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာလေးပါး ပေါင်းခန္ဓာငါးပါး ရှိတဲ့ ပဉ္စဝေါကာရဘုံဆိုတာ အခု လူ့ဘုံပါတယ်။ နာမ်ခန္ဓာမရှိဘဲ ရုပ်ခန္ဓာ တစ်ပါးသာရှိတဲ့ ဧကဝေါကာရဘုံ ရှိပါသေးတယ်။

Dr. အောင်သူ ~ အဲဒါက ဘယ်လိုသတ္တဝါပါလဲဘုရား။

ဆရာတော် ~ အသညသတ်ပြဟ္မာဘုံကို ပြောတာပါ ဒကာကြီး။ ပြီးတော့ရှိသေးတယ် ရုပ်ခန္ဓာ မရှိဘဲ နာမ်ခန္ဓာလေးပါးသာရှိတဲ့ 'စတုဝေါကာရ' အရူပပြဟ္မာဘုံ။

Dr. အောင်သူ ~ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## ဘုရားလောင်း ဆတ်မင်း၊ လိပ်နှင့် ခေါက်ရှာငှက်

Dr. အောင်သူ ~ အညမညပစ္စယောကို စာထဲက ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ၊ ရူပ၊ အရူပတွေကို လေ့လာ ပြီးပါပြီဘုရား၊ လောကမှာလည်း အညမညလို့ ပြောကြပါတယ်။ ဒါကိုလည်း ဖြစ်နိုင်ရင် သိပါရစေဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ စာတွေလေးသွားတယ်။ လောကထဲက အညမညအကြောင်းလည်း ရှိပါနေတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဘုရားလောင်းဆတ်မင်းအကြောင်းကို ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဘုရားလောင်းဆတ်မင်းကျက်စားတဲ့ တောထဲက ရေအိုင်ထဲမှာ လိပ်တစ်ကောင် နေတယ်။ အနားက သစ်ပင်ပေါ်မှာတော့ ခေါက်ရှာငှက်တစ်ကောင်နေတယ်။

Dr. အောင်သူ ~ သူတို့အချင်းချင်း သိကြသလားဘုရား။

ဆရာတော် ~ ဒီတိရစ္ဆာန်တွေက အချင်းချင်းသိရုံမကဘူး၊ ချစ်ချစ်ခင်ခင် နေကြပါတယ်။ တစ်နေ့မှာတော့ မုဆိုးတစ်ယောက်ရောက်လာပြီး ရေဆိပ်မှာ ဘုရားလောင်း ဆတ်မင်းရဲ့ခြေရာကို မြင်သွားပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင် မုဆိုးက သူတို့ကို ဒုက္ခပေးတော့မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ရေအိုင်အစပ်မှာ ကျော့ကွင်းထောင်ခဲ့တယ်လေ။ ညဦးယာမ် ရောက်တဲ့အခါမှာ ဘုရားလောင်းဆတ်မင်း ရေသောက်ဖို့ဆင်းလာတဲ့အခါ သားသတ်မုဆိုးရဲ့ ကျော့ကွင်းထဲ မိသွားပါတော့တယ် ဒကာကြီး။

Dr. အောင်သူ ~ သနားပါတယ်ဘုရား။

ဆရာတော် ~ သနားစရာပဲ။ ဒါနဲ့ဆတ်မင်းက အန္တရာယ်တွေ့ကြုံနေလို့ အော်မြည်လိုက်တယ်။ ဆတ်မင်းရဲ့အသံကို ကြားလို့ သစ်ပင်ပေါ်ကနေ ခေါက်ရှာငှက်က ဆင်းလာပါတယ်။ လိပ်ကလည်း ရေထဲကနေ တက်လာတယ်။ မိတ်ဆွေဆတ်မင်းကို ကျော့ကွင်းကနေ လွတ်မြောက်ရေးအတွက်ခေါက်ရှာငှက်က လိပ်ကိုခေါ်ပြီးတော့ "အဆွေလိပ် သင့်ရဲ့သွားနဲ့ ကျော့ကွင်းကို ဖြတ်ပါ၊ ငါကမုဆိုးနေတဲ့ရွာကိုသွားပြီး သူလာရာခရီး နှောင့်နှေးအောင် လုပ်မယ်"လို့ တိုင်ပင်ကြသတဲ့ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ ငှက်နဲ့ လိပ်ကဘာတွေလုပ်ကြသလဲဘုရား။

ဆရာတော် ~ လိပ်က ကျော့ကွင်းကိုသူ့သွားနဲ့ ကိုက်ဖြတ်ဖို့ ကြိုးစားတယ်။ ခေါက်ရှာငှက်က မုဆိုး ရွာထဲကထွက်တာနဲ့ မျက်နှာကို တောင်ပံနဲ့ပုတ်ပုတ်ပြီး အော်မြည်နေ ပါတော့တယ်။

Dr. အောင်သူ ~ မုဆိုးက အတိတ်နိမိတ်မကောင်းဘူးလို့ ထင်တော့မယ်နဲ့တူတယ်။

## မုဆိုးကြီးခရီး နှောင့်နှေးပြီ

ဆရာတော် ~ ဟုတ်တယ်၊ ဒကာကြီးပြောသလိုပဲ မုဆိုးက "ဒီငှက်ယုတ်မာက ငါရဲ့မျက်နှာကို ပုတ်ခတ်ပြီး စောစောစီးစီးအော်မြည်နေတာက ကျက်သရေမင်္ဂလာ မရှိလိုက်တာ" လို့ ညည်းတွားပြီး အိမ်ထဲ ဝင်အိပ်တယ်။ မိုးမလင်းခင် နောက်တစ်ကြိမ်အထွက် မှာလည်း အခုလိုပဲ တောင်ပံနဲ့ ပုတ်ခတ်ခံရတော့ အိမ်ထဲဝင်အိပ်ပြန်တယ်။

Dr. အောင်သူ ~ မုဆိုးကလည်း အတိတ်နိမိတ်ယူတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်မှာပါလေ။ ဒီလိုနဲ့ပဲ မိုးလင်းသွားလို့ မုဆိုးက ဓားလှံကိုင်ပြီး ရေအိုင်ဆီကို ပြေးပြီးလာတယ်။ ငှက်က သစ်ပင်ထိပ်ကနေ "မုဆိုးကြီးလာနေပြီ" လို့ အသံပြု လိုက်ပါတယ်။

Dr. အောင်သူ ~ လိပ်ကိုက်ဖြတ်နေတဲ့ ကျော့ကွင်းက ပြတ်ပြီလားဘုရား။

ဆရာတော် ~ လိပ်ကတစ်ညလုံး ကိုက်ဖြတ်နေရှာတာ ပြတ်လုလုတော့ဖြစ်နေပြီ၊ သို့သော် လိပ်ရဲ့ ခံတွင်းက သွေးအလိမ်းအလိမ်း ဖြစ်နေရှာတယ်။ အဲဒီချိန်မှာ လှံကိုင်ထားတဲ့ မုဆိုး လာတာကိုမြင်တာနဲ့ ဘုရားလောင်းဆတ်မင်းက အားနဲ့ရုန်းလိုက်တာ ကျော့ကွင်း ပြတ်သွားတယ်။ ဒါကြောင့် မုဆိုးနဲ့ဝေးရာ တောထဲကို ပြေးဝင်သွားတယ်။ ခေါက်ရှာ ငှက်က သစ်ပင်ပေါ်မှာနေတယ်။ လိပ်က ပင်ပန်းနေရှာလို့ ရေစပ်နေရာမှာပဲ

ဝပ်နေရှာတယ်။ မုဆိုးက ကျော့ကွင်း ပြတ်နေတာကြည့်ရင်း အနားမှာ လိပ်ကို တွေ့လို့ ဖမ်းပြီး သူ့အိတ်ထဲထည့်တယ်။ ပြီးတော့ သစ်ငုတ်မှာ ချိတ်ထား လိုက်တယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ မျက်စိထဲမြင်ပါတယ်ဘုရား။

ဆရာတော် ~ အဲဒီအချိန်မှာ ဘုရားလောင်းဆတ်မင်းက လိပ်ကို မုဆိုးဖမ်းတာမြင်တဲ့အတွက် "ငါ့မိတ်ဆွေရဲ့အသက်ကို ငါကိုယ်တိုင်ကယ်မယ်"လို့ ဆုံးဖြတ်လိုက်ပါတယ်။ မုဆိုးတောနက်ကြီးထဲ ဆတ်မင်းကို လိုက်ရင်း မျက်ခြည်ပြတ်လောက်တဲ့အခါမှာ ရေအိုင်ကိုလာပြီးတော့ ဆတ်မင်းရဲ့ချိုနဲ့ မုဆိုးအိတ်ကို ချီပြီးတော့ မြေပေါ် ချပေး လိုက်တယ်။ လိပ်ကလည်း ရေအိုင်ထဲ ဆင်းသွားပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဒီဝတ္ထုမှာ ဆတ်မင်း၊ ခေါက်ရှာငှက်နဲ့ လိပ်တို့က အချင်းချင်း အပြန်အလှန် အညမညဖြစ်ပြီး ညီညွတ်ကြတဲ့အတွက် မုဆိုးရဲ့လက်တွင်းကနေ လွတ်မြောက်ပြီး အားလုံး အသက်ချမ်းသာရာ ရကြပါတယ် ဒကာကြီး။

Dr. အောင်သူ ~ အပြန်အလှန်ကျေးဇူးပြုတဲ့ အညမညပစ္စယောကို ခုလိုလည်း စဉ်းစားနိုင်တာကို သိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**"သစ်သားသုံးချောင်း အချင်းချင်းထောက်ကန်ထားသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း ကောင်းမွန်သောနာမ်တရားနှင့် ကောင်းမွန်သောရုပ်တရားတို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်ကြပါစေသား"**

❀ ❀ ❀ ❀ ❀

---


**ကျမ်းညွှန်း**

၁။ ကုရုင်္ဂမိဂဇာတကဝဏ္ဏနာ၊ ဒုကနိပါတ၊ ဇာတကအဋ္ဌကထာ (ပထမတွဲ၊ နှာ-၁၃၉)

## ၈။ နိဿယပစ္စယော

## Nissaya Paccayo *(Dependence condition)*

## တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း



နိဿယပစ္စည်း၏ကျေးဇူးပြုပုံ

သစ်ပင်စိုက်သောအခါ သစ်ပင်သည် မြေကြီးကိုမှီ၍ ပေါက်ရသဖြင့် မြေကြီးသည် သစ်ပင်တို့၏ တည်ရာဖြစ်သကဲ့သို့ ဟူ၍လည်းကောင်း ပန်းချီရေးဆွဲသောအခါ ရေးဆွဲလိုသော အရုပ်များသည် ပန်းချီကားချပ်ကို မှီ၍ဖြစ်လာရသဖြင့် ပန်းချီကားချပ်သည် အရုပ်များ၏ မှီရာဖြစ်သကဲ့သို့ ဟူ၍လည်းကောင်း ရှေးရှေးဆရာမြတ်များက ဖွင့်ဆိုတော်မူသည်နှင့်အညီ နာမ်ခန္ဓာ ၄ ပါး၊ မဟာဘုတ် ၄ ပါး၊ ပဋိသန္ဓေ စိတ်၊ စေတသိက်၊ ဟဒယဝတ္ထု၊ မြင်၊ ကြား၊ နံ၊ စား၊ ထိသိစိတ်တို့သည် ဆိုင်ရာဝတ္ထုများကို မှီ၍ဖြစ်ကြသဖြင့် တည်ရာ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုကြသည်။

## Dependence condition

MA ဦးဇင်းသည် ဆွမ်းခံကြွလာပြီးနောက် ပဋ္ဌာန်းနိဿယစာအုပ် လက်ထဲကိုင်ပြီး ရောက်ရှိလာပါသည်။

MA ဦးဇင်း ~ နိဿယပစ္စည်း ဘာသာပြန်တာကို ဖတ်ကြည့်တဲ့အခါ အဓိပ္ပာယ်ကို မှီရာလို့ ရေးထားတယ်ဘုရား။ ဘယ်ဟာက ဘယ်ဟာကို မှီတာပါလဲဘုရား။

ဆရာတော် ~ အကျိုးတရားက အကြောင်းတရားအပေါ်မှာ မှီနေတာပါ။ အင်္ဂလိပ်လို ပြောရရင် The Nissaya means something depend on.လို့ ပြောနိုင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ Dependence condition လို့ ပြောနိုင်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ပြောလို့ရပါတယ် ဦးဇင်း။ အဋ္ဌကထာဆရာတော်များရဲ့ ဥပမာတွေ ရှိပါသေးတယ်။ သစ်ပင်ဟာ မြေကြီးပေါ်မှာ မှီနေတယ်။ မြေကြီးမရှိရင် သစ်ပင်မရှိနိုင်ပါဘူး။ ဒါကြောင့် မြေကြီးဟာ သစ်ပင်ရဲ့ မှီရာ depend ပဲ။ ဒါကြောင့် အကျိုးတရားဆိုတာ အကြောင်းတရားအပေါ်မှာ မှီနေရတယ်။ အကြောင်းတရားကလည်း အကျိုးတရားအပေါ်မှာ မှီနေတာပါပဲ။

MA ဦးဇင်း ~ မှီရာက အကြောင်းတရားပေါ့ဘုရား။ မှီတဲ့တရားက အကျိုးတရားလို့ယူရင် ရပါသလားဘုရား။

ဆရာတော် ~ ရတယ်လေ။ ရတယ်ဦးဇင်း။ မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတာက နိဿယပစ္စည်းပါပဲ။

MA ဦးဇင်း ~ မှတ်မိပါပြီဘုရား။

## သဟဇာတနိဿယနှင့် ပုရေဇာတနိဿယ

ဆရာတော် ~ ဒီနိဿယပစ္စည်းမှာ မှတ်သားစရာတွေ ရှိပါသေးတယ် ဦးဇင်း။ ဘာတွေလဲဆိုရင် သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတနိဿယနဲ့ ဝတ္ထာရမ္မဏပုရေဇာတနိဿယပါ။

MA ဦးဇင်း ~ အဓိပ္ပာယ်အကျယ်ကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ သဟဇာတနိဿယဆိုတာမှာ သဟဇာတကတစ်ပုဒ် နိဿယကတစ်ပုဒ်ပါ။ ဒါကြောင့် သူ့ကို (သဟဇာတ + နိဿယ) လို့ လေ့လာနိုင်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ နောက်တစ်ခု ပုရေဇာတနိဿယကိုလည်း (ပုရေဇာတ + နိဿယ) လို့ လေ့လာနိုင်ပါတယ်။ နောက်ဆုံးတစ်ခု ဝတ္ထုပုရေဇာတနိဿယကိုတော့ (ဝတ္ထု + ပုရေဇာတ + နိဿယ) လို့ လေ့လာနိုင်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ အကျယ်သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ သဟဇာတရဲ့အဓိပ္ပာယ်က အတူတကွ Born togather နော်။ ပြီးတော့ နိဿယအဓိပ္ပာယ်က မှီရာတည်ရာ Depend နော်။ ဒီတော့ အတူတကွဖြစ်ပြီးတော့ မှီရာတည်ရာအဖြစ် ကျေးဇူးပြုတာလို့ အဓိပ္ပာယ်ရပါတယ် ဦးဇင်း။

MA ဦးဇင်း ~ နားလည်သလိုတော့ ရှိပါတယ်ဘုရား။ သို့သော် ဘာတွေက Born together အတူတကွ ဖြစ်လာတာပါလဲဘုရား။

ဆရာတော် ~ ဒါမေးသင့်တဲ့ မေးခွန်းပါပဲ။ ပြောပြမှာပေါ့နော်။ နိဿယပစ္စည်းကို ပူဇော်ရင် "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"နော် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ မှတ်မိပါတယ်ဘုရား။ "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"ကိုလည်း စာသားက အတူတူလိုဖြစ်နေတာနဲ့ အလွတ်ရနေပါတယ်ဘုရား။

## ပုရေဇာတ Born earlier ဟူသည်

ဆရာတော် ~ ဟုတ်ပြီ။ စက္ခုအကြည်က မြင်သိစိတ်ကို မှီရာအဖြစ်နဲ့ ကျေးဇူးပြုရာမှာ မြင်သိစိတ်မဖြစ်သေးခင် အကြည်ရုပ်က အရင်ဖြစ်နှင့်နေရတယ်။ တစ်နည်း နားလည်အောင်ပြောရရင် မြင်သိစိတ်မဖြစ်သေးခင် မျက်စိက အရင်ဖြစ်နှင့် နေရတယ်။ ဒါကို Born earlier လို့ ခေါ်တာပါ ဦးဇင်း။

MA ဦးဇင်း ~ မျက်စိက မြင်သိစိတ်မဖြစ်ခင်ကတည်းက ကြိုဖြစ်နေတာမို့လို့ Born earlier ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း။ ဟုတ်တယ်။ ကြားသိစိတ် မဖြစ်ခင်ကတည်းက နားက ဖြစ်နှင့်နေရတယ်။

MA ဦးဇင်း ~ ကြားတာကို သိတဲ့စိတ် မဖြစ်သေးခင် နားကအရင်ဖြစ်ရတယ်ဆိုတာ သဘာဝကျပါတယ်ဘုရား။

ဆရာတော် ~ နားကိုမှီပြီး၊ ကြားပြီး သိတဲ့စိတ် ဖြစ်လာနိုင်တာပါ။

MA ဦးဇင်း ~ နားလည်ပါပြီဘုရား။ နှာခေါင်း၊ လျှာ၊ ကိုယ်တွေကိုလည်း အခုအတိုင်းပဲ စဉ်းစားလို့ရပါပြီဘုရား။ မှီရာအဖြစ် ကြိုတင်ဖြစ်ရလို့ Born earlier ကို တပည့်တော် နားလည်ပါပြီဘုရား။ တပည့်တော် သိချင်သေးတာက နိဿယပစ္စည်းမှာ 'စတ္တာရော ခန္ဓာ အရူပိနော' နှင့် 'စတ္တာရော မဟာဘူတာ' ဆိုတာ ဘာကို ပြောနေတာပါလဲဘုရား။

## စတ္တာရော ခန္ဓာ နှင့် စတ္တာရော မဟာဘူတာ

ဆရာတော် ~ 'စတ္တာရော ခန္ဓာ အရူပိနော' ဆိုတာ ရုပ်မဟုတ်တဲ့ ခန္ဓာလေးပါးကို ပြောတာပါ ဦးဇင်း။

MA ဦးဇင်း ~ ရုပ်မဟုတ်ရင် နာမ်ခန္ဓာလေးပါးကို ပြောတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့။ ဒါက ပါဠိ၊ သက္ကတ၊ နာဂရီ ဘာသာစကားမှာ အခုလို အငြင်းဝါကျနဲ့ ပြောတဲ့အလေ့ ရှိပါတယ်။ နာမ်ခန္ဓာလေးပါးကို မှတ်မိသေးတယ် မဟုတ်ဘူးလား။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတွေနော်။

MA ဦးဇင်း ~ မှန်ပါ၊ ပါဠိ၊ သက္ကတ၊ နာဂရီ ဘာသာစကားရဲ့ Grammer အသုံးကို သိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ 'စတ္တာရော မဟာဘူတာ' ကိုလည်း သိပါရစေဘုရား။

ဆရာတော် ~ 'စတ္တာရော'ဆိုတာ လေးပါးနော်။ 'မဟာဘူတာ'ကိုတော့ မြန်မာစကားမှာ မဟာဘုတ်လို့ပဲ ခေါ်ပါတယ်။

MA ဦးဇင်း ~ တပည့်တော် သတိရပြီဘုရား။ 'စတ္တာရော မဟာဘူတာ' ဆိုတာ မဟာဘုတ် လေးပါးကို ဆိုလိုတာ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတွေ ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ရှေ့ကစာတွေ အခုလိုမှတ်မိမှ လေ့လာရတာ ခရီးရောက်တယ် ဦးဇင်း။

## မှီရာနိဿယကောင်းကြောင့် ရဟန္တာဖြစ်တော်မူသည့် ဝက္ကလိမထေရ်

MA ဦးဇင်း ~ တပည့်တော် တစ်ခုတွေးနေတာက မှီရာနိဿယကောင်းကြောင့် ဘဝအောင်မြင်တာတွေလည်း ရှိကောင်းရှိနိုင်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ရှိတယ် ဦးဇင်း။ ရှိပါတယ်။

MA ဦးဇင်း ~ ရှိရင် သိပါရစေဘုရား။

ဆရာတော် ~ ဘုရားရှင်ထံပါးမှာ မှီရာနိဿယရလို့ ဘဝမှာ အထွဋ်အထိပ်အမြင့်ဆုံး အောင်မြင်တော်မူခဲ့တဲ့ အရှင်ဝက္ကလိမထေရ်ရဲ့ ဝတ္ထုအကြောင်း ပြောပြမယ်နော်။

MA ဦးဇင်း ~ မှန်ပါ၊ ဝတ္ထုကြောင်းနဲ့ဆိုရင် ပိုပြီး မှတ်မိလွယ်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အရှင်ဝက္ကလိမထေရ်လောင်းလျာက သာဝတ္ထိပြည်မှာ နေပါတယ်။ ပုဏ္ဏားမျိုးနွယ်ဖြစ်တယ်။ အရွယ်ရောက်တဲ့အခါမှာ ရဟန်းဖြစ်လာတယ်။ သူက မြတ်စွာဘုရားရှင်ကို ဖူးမြင်ရတာ အားမရနိုင်ဘူး၊ မဝနိုင်ဘူး ဖြစ်နေပါတယ်။ ဒါကြောင့် သူက ကမ္မဋ္ဌာန်းလည်းအားမထုတ်ဘူး၊ စာလည်းမသင်ဘူး။ ဘုရားရှင်ရဲ့ မျက်နှာတော်ကို ဖူးမြော်ကြည်ညိုပြီး တစ်နေ့တစ်နေ့ ကုန်နေပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ အခုလိုနေတဲ့အတွက် ဘုရားရှင်က အရှင်မြတ်ကို ဆုံးမစကားများ တစ်စုံတစ်ခု မိန့်ကြားတော်မူပါသေးသလားဘုရား။

ဆရာတော် ~ အရှင်ဝက္ကလိမထေရ်မြတ် ပညာဉာဏ်မရင့်ကျက်သေးလို့ ဘုရားရှင်က ဆုံးမစကား ဘာမှ မိန့်တော်မမူသေးပါဘူး။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ သင့်တော်တဲ့တစ်နေ့မှာတော့ အရှင်ဝက္ကလိကို "ချစ်သား ဝက္ကလိ၊ သုံးဆယ့်နှစ်ဝကောဋ္ဌာသ ဒီအပုပ်ကောင်ကို ကြည့်နေလို့ သင့်မှာ ဘာမှအကျိုးထူးလာမှာ မဟုတ်ဘူး၊ ငါဘုရား ဟောကြားခဲ့တဲ့ တရားတော်ကို ပညာမျက်စိနဲ့ မြင်အောင် ကြည့်ရှုတဲ့သူသည်သာ ငါဘုရားကို ဖူးမြင်သူဖြစ်ပေတယ်" လို့ မိန့်တော်မူပြီးနောက် အရှင်ဝက္ကလိကို ဝေးရာကိုထွက်သွားဖို့ မိန့်ကြားတော်မူလိုက်ပါတယ်။

MA ဦးဇင်း ~ သနားပါတယ်။ အရှင်ဝက္ကလိ ဘုရားမဖူးရလို့ တော်တော် စိတ်မကောင်းဖြစ်ရှာမယ်ထင်ပါတယ်။

ဆရာတော် ~ ဟုတ်တယ်။ သူက စိတ်မကောင်းရုံမကဘူး၊ "ငါက မြတ်စွာဘုရားရှင်ကို ဖူးမြော်ခွင့် မရတော့တဲ့အတွက် ငါအသက်ရှင်နေတာ ဘာမှအကျိုးမရှိတော့ဘူး၊ ဒါကြောင့်

ဂိဇ္ဈကုဋ်တောင်ထိပ်ကနေ ခုန်ချပြီး ငါသတ်သေတာပဲ ကောင်းပါတော့မယ်” လို့ကို ဆုံးဖြတ်လိုက်ပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ တကယ်ပဲ သတ်သေပြီး ပျံလွန်တော်မူသွားပါသလားဘုရား။

ဆရာတော် ~ ဘုရားရှင်က ဝက္ကလိမထေရ်ရဲ့ စိတ်အကြံကို သိတော်မူတဲ့အတွက် ဝက္ကလိမထေရ်ရှိရာတောင်ထိပ်ကို ဘုရား ရောင်ခြည်တော်ကို လွှတ်တော်မူပြီး တရားဟောပေးတဲ့အတွက် ရဟန္တာဖြစ်တော်မူပါတယ်။ ဒါတင်မကဘူး ဒီသာသနာတော်မှာ သဒ္ဓါအားကြီးတဲ့အရာမှာ အသာဆုံး အမြတ်ဆုံး “သဒ္ဓါဓိမုတ္တ” ဧတဒဂ်ဘွဲ့ကိုပါ ဘုရားရှင် ချီးမြှောက်တော်မူပါသေးတယ်။

MA ဦးဇင်း ~ အရှင်မြတ်ကြီးဝက္ကလိမထေရ်မြတ်က ဘုရားရှင်ကို မှီရာနိဿယရတဲ့အတွက် သံသရာကနေ ထွက်မြောက်တဲ့အထိ အကျိုးများတာကို သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ ဒါဆိုရင် တပည့်တော်တို့ရဲ့ တစ်နေ့တာဘဝမှာ ပဋ္ဌာန်းပစ္စည်းတွေက ဘက်ပေါင်းစုံကနေ ပါနေတာပါလားဘုရား။

## ခြင်တစ်ကောင်ကို သတ်သနိုက်၌ပါဝင်သည့် ပဋ္ဌာန်းပစ္စည်းများ

ဆရာတော် ~ ပါတယ် ဦးဇင်း။ ပါတယ်။ နာမည်တပ်ပြီး မခေါ်တတ်လို့သာ၊ ဘုရားရှင်က အမည်နာမ အသီးသီးတပ်ပေးတော်မူလို့ အခုလို ကြားသိလာရတာပါ။

MA ဦးဇင်း ~ ကုသိုလ်ကံ၊ အကုသိုလ်ကံ တစ်ခုခုပြုရာမှာ ပါဝင်နိုင်တဲ့ ပဋ္ဌာန်းတရားတော်ကိုလည်း တပည့်တော် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ပါဏာတိပါတကံကို လွန်ကျူးတဲ့ အခိုက်အတန့်မှာ ဖြစ်ခွင့်ရှိတဲ့ ပဋ္ဌာန်းပစ္စည်းကို လေ့လာကြည့်ရအောင်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ အကုသိုလ်ဘက်က လေ့လာရင် ပိုပြီးနားလည်လွယ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ညနေ မှောင်ရီပျိုးအချိန်မှာ ဘယ်ဘက်လက်မောင်းသွေးစုပ်ဖို့ ခြင်တစ်ကောင် လာနားတယ် ဆိုပါစို့။ အဲဒီခြင်ကို ညာဘက်လက်ဖဝါးနဲ့ မိမိရရ ရိုက်သတ်လိုက်တာ အချိန်ဘယ်လောက်ကြာမလဲ။

MA ဦးဇင်း ~ အချိန်အားဖြင့် တစ်ခဏတာကလေးပါဘုရား။ အလွန်ပင် တိုတောင်းပါတယ်။

ဆရာတော် ~ ကောင်းပြီ၊ အဲဒီတိုတောင်းလှတဲ့ အချိန်တိုကလေးအတွင်းမှာ ပဋ္ဌာန်းပစ္စည်းနဲ့ ကြည့်ရင် ခြင်ဆိုတဲ့အာရုံက ‘အာရမ္မဏပစ္စည်း’ နော်။ ကိုယ့်ရဲ့လက်မောင်း သွေးလာစုပ်တာကို မကြိုက်တဲ့ဒေါသက ‘ဟေတုပစ္စည်း’ ပါ။ သတ္တဝါတို့ရဲ့

---

**ကျမ်းညွှန်း**

၁။ ဝက္ကလိသုတ္တ၊ ထေရဝဂ္ဂ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ (နှာ-၉၇)

အသက်ကို သတ်ကောင်းတယ်၊ မသတ်ကောင်းဘူးဆိုတာကိုတောင် မဝေဖန် မဆန်းစစ်နိုင်တော့တဲ့ မောဟကလည်း 'ဟေတုပစ္စည်း' နော်။

MA ဦးဇင်း ~ တင်ပါဘုရား။ နားလည်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ။ ဒါ့အပြင် မောဟနဲ့အတူ ယှဉ်တွဲဖြစ်တဲ့ စိတ်စေတသိက်တွေ၊ ဒေါသနဲ့အတူ ယှဉ်တွဲဖြစ်တဲ့ စိတ်စေတသိက်တွေရဲ့ သတ္တိတွေလည်း ပါသေးတယ်နော်။ ပဋ္ဌာန်းတရားနဲ့ပြောရင် 'အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော'ကို သတိရပါလေ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ နေ့စဉ် ပူဇော်နေတဲ့ ပဋ္ဌာန်းစာကို မှတ်မိနေပါတယ်ဘုရား။

ဆရာတော် ~ ဆက်ပြောပြမယ်နော်။ ဒေါသနဲ့ မောဟဟေတုတို့ရဲ့သတ္တိကြောင့် စိတ်စေတသိက်နဲ့ စိတ္တဇရုပ်တွေ ဖြစ်လာတဲ့အတွက် ညာဘက်လက်ကို မြှောက်ပြီး ခြင်ကလေး အရိုက်ခံလိုက်ရတာပါ။

MA ဦးဇင်း ~ အလွန်စိတ်ဝင်စားရာ ကောင်းပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ စိတ်ဝင်စားသေးရင် ဆက်ပြောပြမယ် ဦးဇင်း။ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ အာသေဝနပစ္စည်း၊ နတ္ထိပစ္စည်းနဲ့ ဝိဂတပစ္စည်းတို့အရ လက်ဖျစ်တစ်ချက်တီးလောက် တိုတောင်းတဲ့ ခြင်ကလေး အရိုက်ခံလိုက်ရတဲ့ အခိုက်အတန့်အတွင်း ဒေါသစိတ်၊ မောဟစိတ်တို့နဲ့ ယှဉ်ဖက် စေတသိက်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ကြတယ်။ စာမှတ်မိရင် ပြောကြည့်ပါလား ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် ကြိုးစားကြည့်ပါမယ်ဘုရား။ *'ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော'၊ 'ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရ-ပစ္စယေန ပစ္စယော'၊ 'ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော'၊ 'ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော'၊ 'ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော'* ပါဘုရား။ မှားရင်လည်း ပြင်ပေးတော်မူပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဟုတ်ပြီ ဦးဇင်း၊ မမှားပါဘူး။ ဆက်ပြီး စဉ်းစားကြည့်ရအောင်နော်။

MA ဦးဇင်း ~ မှန်ပါ။ စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ ခြင်ကလေးကို ညာဘက်လက်နဲ့ရိုက်ပြီး သတ်တော့မဲ့ ဒေါသအခိုက်အတန့်အတွင်းမှာ သဟဇာတ၊ အညမည၊ နိဿယပစ္စည်းတို့ရဲ့ နာမ်ခန္ဓာတစ်ပါးက သူနှင့်ဖြစ်ဖော်ဖြစ်ဖက် နာမ်ခန္ဓာသုံးပါးကို၊ နာမ်ခန္ဓာသုံးပါးက သူနဲ့ဖြစ်ဖော်ဖြစ်ဖက် နာမ်ခန္ဓာတစ်ပါးကို၊ နာမ်ခန္ဓာနှစ်ပါးက သူနဲ့ဖြစ်ဖော်ဖြစ်ဖက် နာမ်ခန္ဓာနှစ်ပါးကို အချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုကြတာမို့ ကြမ်းတမ်းပြင်းပြလှတဲ့ စိတ်စေတနာဆိုးတွေက တိုက်တွန်းတဲ့အတွက် အဲဒီခြင်ကလေးကို

မညှာမတာ လက်ဝါးနဲ့ ရိုက်ပုတ်သတ်ဖြတ်ခဲ့တာပါ ဦးဇင်း။ ပဋ္ဌာန်းပါဠိ စဉ်းစား လို့ရရင် ပူဇော်ပါဦးဘုရား။

MA ဦးဇင်း ~ စာအုပ်ထဲ ရှာကြည့်ပြီး ဆိုခွင့်ပြုပါဘုရား။

ဆရာတော် ~ ရှာပြီးတော့ ပူဇော်ပါ ဦးဇင်း။

MA ဦးဇင်း ~ *'အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော' 'အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော' 'အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော'* ပါ ဘုရား။ မှားရင် ပြင်ပေးတော်မူပါဘုရား။

ဆရာတော် ~ မမှားပါဘူး ဦးဇင်း။

MA ဦးဇင်း ~ ခြင်ကလေးတစ်ကောင်သတ်ဖို့အရေးမှာ ဘုရားတပည့်တော်များရဲ့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာမှာဖြစ်သွားတဲ့ဖြစ်စဉ်က အလွန်တရာကို များပြားတာကို စဉ်းစား ဆင်ခြင်တတ်လာပါပြီဘုရား။

ဆရာတော် ~ ဒါကြောင့် သူ့ရဲ့စိတ်စေတနာအားလျော်စွာ အကုသိုလ်အပြစ်က အဆင့်ဆင့် ကြီးလေးသွားတာပါ ဦးဇင်း။

MA ဦးဇင်း ~ ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးကို အံ့ဩမဆုံးပါဘုရား။

ဆရာတော် ~ အခုလို နည်းနည်းပါးပါး နားလည်လာတာကို အံ့ဩရင် ဒီထက်တိုးလေ့လာပါ၊ ပိုပြီး နားလည်လာရင် ဗုဒ္ဓဘာသာကနေ တခြားဘာသာကို ဘယ်တော့မှ ပြောင်းမှာမဟုတ်တော့ပါဘူး ဦးဇင်း။

MA ဦးဇင်း ~ သာဓု၊ သာဓု၊ သာဓု ပါဘုရား။

**ဆုတောင်း**

**"မြေကြီးသည် သစ်ပင်တို့ကို ထောက်ပံ့ပေး၍ တည်ရာမှီရာဖြစ်သကဲ့သို့ လူသားတို့သည်လည်း ကောင်းမွန်သော နာမ်တရားနှင့် ရုပ်တရားတို့ကို အမှီရ၍ ကောင်းကျိုးအစုစုကို ပြုနိုင်ကြပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသည့်တိုင် ကျေးဇူးပြုနိုင်ပါစေသား"**

# ၉ – ဥပနိဿယပစ္စယော

## Upanissaya Paccayo (*Strong dependence condition*)

## အားကြီးသော မှီရာအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း



### ဥပနိဿယပစ္စည်း၏ကျေးဇူးပြုပုံ

ဥပနိဿယပစ္စည်း၏ကျေးဇူးပြုပုံမှာ "ရွာချသည့်မိုးက သက်ရှိ၊ သက်မဲ့အရာအားလုံးတို့အတွက် ကြီးစွာသော မှီရာဖြစ်စေသကဲ့သို့"ဟု ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူခဲ့ကြပါသည်။ ထိုနည်းအတူ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ၊ ကာယိကသုခ၊ ကာယိကဒုက္ခ၊ ဥတု၊ ဘောဇဉ်၊ ပုဂ္ဂိုလ်၊ ကျောင်းအိပ်ရာ နေရာတို့သည် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားများ ဖြစ်ပေါ်လာစေရန် အားကြီးသောမှီရာအဖြစ် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

### အင်အားကြီးသောမှီရာ

MA ဦးဇင်း ~ ဘုရားတပည့်တော် ပဋ္ဌာန်းပဉ္စဝါရ နေ့တိုင်း ပူဇော်ပါတယ်ဘုရား။ ဒီကနေ့ မနက်ဆွမ်းခံမကြွခင် ကုသလတိက် ဥပနိဿယပစ္စည်းကို ပူဇော်ခဲ့ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါတယ် ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် ဥပနိဿယပစ္စည်းအကြောင်းကို သေသေချာချာလေး သိချင်နေပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ အခ်ိပ္ပာယ်က စပြောပြမယ်နော်။ ဥပနိဿယရဲ့သဘောက အကျိုးတရားတွေ မလွဲမသွေ ဖြစ်ပေါ်စေနိုင်တဲ့အထိ အားကြီးတဲ့အကြောင်းဖြစ်လို့မို့ သူ့ကို မဟာပစ္စယ၊ ဗလဝကာရဏတဲ့၊ မြန်မာလို ဧရာမအကြောင်းတရားပေ့ါ။ အင်္ဂလိပ်လို ဘာသာပြန်ရင် The great cause, Strong cause လို့ ဘာသာပြန်ပြီး နားလည်လို့ရပါတယ်။

MA ဦးဇင်း ~ အခု အင်္ဂလိပ်လို ဘာသာပြန်လိုက်တော့ တစ်မျိုးနားလည်မှု တိုးပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ၊ ဒါဆိုရင် အင်္ဂလိပ်လို ပြောပြဦးမယ်နော်။ Upa means very strong. Nissya mean depend. ဆိုတော့ ဥပနိဿယဆိုတာ Very strong dependence condition. လို့ ဘာသာပြန်နိုင်ပါတယ်။

MA ဦးဇင်း ~ Very strong dependence ကြောင့် ဘာတွေဖြစ်တာကို ဥပနိဿယလို့ ခေါ်တာပါလဲဘုရား။

ဆရာတော် ~ အခြေအနေတစ်ခုကို ဖန်တီးဖြစ်ပေါ်နိုင်လောက်အောင် အင်အားကြီးတဲ့မှီရာဖြစ်ပါတယ်။ ဥပမာ ပုဂ္ဂိုလ်တစ်ဦးဦးကို အကြောင်းပြုပြီး မိမိတိုင်းပြည်၊ မိမိမြို့ရွာ၊ မိမိရဲ့ဘဝ တိုးတက်မြင့်မားလာတယ်ဆိုရင် *“ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော”*လို့ ပြောရသလို၊ ပုဂ္ဂိုလ်တစ်ဦးဦးရဲ့ ပယောဂကြောင့် မိမိတို့ဘဝ ဆုတ်ယုတ် ပျက်ပြားသွားရင်လည်း *“ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော”*ပါ ဦးဇင်း။

MA ဦးဇင်း ~ ဒါဆိုရင် အခြေအနေကောင်း၊ အခြေအနေဆိုးတစ်ခုခု ဖြစ်ပေါ်လာအောင် အထောက်အပံ့ပေးတဲ့ အကြောင်းတရားမှန်သမျှ ဥပနိဿယပါလားဘုရား။

## Cause and Effect

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း၊ ဟုတ်တယ်။ အခြေအနေတစ်ခုခု ဖြစ်လာတာက အကျိုးတရား Effect နော်၊ အဲဒီအခြေအနေ ဖြစ်ပေါ်လာဖို့ အထောက်အပံ့က အကြောင်းတရား Cause လို့ မှတ်သားနိုင်ပါတယ်။

A ဦးဇင်း ~ မှန်ပါဘုရား။ တပည့်တော် နားလည်သလို လျှောက်ပါ့မယ်ဘုရား။ လုပ်ရပ်က Cause အကြောင်းတရား၊ ဖြစ်ပေါ်လာတဲ့ အခြေအနေက Effect အကျိုးတရား ဆိုရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါတယ်၊ ဒါကအရေးကြီးလို့ ဥပမာနဲ့ ထပ်ပြောပြဦးမယ်နော်။ မိတ်ဆွေတစ်ယောက်ကခေါ်လို့ တောရကျောင်းကိုသွားပြီး ဆွမ်းလောင်းခဲ့ရလို့ ဝမ်းသာပီတိဖြစ်တဲ့ဒါယကာနဲ့ စာအုပ်မဝယ်နိုင်လို့ စိတ်ဆင်းရဲနေရှာတဲ့ ကိုရင်လေးကို စာအုပ်ဝယ်လှူရလို့ ဝမ်းသာပီတိဖြစ်တာမှာ အကြောင်းအကျိုးကို ဝေဖန်ကြည့်ပါဦးဇင်း။

MA ဦးဇင်း ~ လှူဒါန်းတာကအကြောင်း၊ ဝမ်းသာပီတိဖြစ်တာက အကျိုးပါဘုရား။ နှစ်ခုလုံး တူတူပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ အဲဒါကို ပဋ္ဌာန်းမှာ *"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"* လို့ ဘုရားရှင် ဟောတော်မူတာပါ။

MA ဦးဇင်း ~ မှန်ပါဘုရား၊ နားလည်ပါပြီဘုရား။

ဆရာတော် ~ အဓိပ္ပာယ် ပြောဦးမယ်နော်။ ပုရိမာ ပုရိမာ - ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ - ကုသိုလ်တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ- နောက်နောက်၌ ဖြစ်ကုန်သော၊ ကုသလာနံ ဓမ္မာနံ - ကုသိုလ်တရားတို့အား၊ ဥပနိဿယပစ္စယေန - ဥပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော - ကျေးဇူးပြုသည်၊ ဟောတိ- ဖြစ်ပါပေ၏တဲ့။

MA ဦးဇင်း ~ *"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော"* ကို ဥပမာနဲ့ သိပါရစေဘုရား။

ဆရာတော် ~ ရှေ့'ကုသိုလ်'က အကြောင်းနော်။ နောက် 'အကုသိုလ်'က အကျိုးနော်၊ သတိပြုမိရဲ့လား။

MA ဦးဇင်း ~ မှန်ပါ၊ မှတ်မိပါပြီဘုရား။

## ဒါနက အကြောင်း၊ မာနက အကျိုး

ဆရာတော် ~ ဘုရားဟောတော်မူတာကို လောကဥပမာနဲ့ ပြောရရင် အလှူဒါနလုပ်တယ်။ ကုသိုလ်နော်၊ သူပြုခဲ့တဲ့ဒါနကို အကြောင်းပြုပြီး "သူတို့ ငါ့လို ကြီးကြီးကျယ်ကျယ် လှူနိုင်ကြလို့လား"ဆိုပြီး မာနဖြစ်တယ်။

MA ဦးဇင်း ~ သဘောပေါက်ပြီဘုရား။ ဒါနက အကြောင်း၊ မာနက အကျိုးပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဟုတ်ပြီ ဦးဇင်း။

MA ဦးဇင်း ~ ဘုရားတပည့်တော် မနက်က ပူဇော်ခဲ့တဲ့ ပဋ္ဌာန်းပဋ္ဌာဝါရမှာ *"ဒါနံ ဥပနိဿာယ မာနံ ဇပ္ပေတိ"*လို့ ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဒီဖြစ်စဉ်ကို ပြောတာပါ။ ဒါနကိုအကြောင်းပြုပြီး မာနဖြစ်တာနော်။

MA ဦးဇင်း ~ *"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"*ကို လည်း လောကဥပမာနဲ့ သိပါရစေဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ အယူဝါဒလွဲမှားတာကို ယူပြီး တိရစ္ဆာန်တွေကို လည်လှီးသတ်တယ်။

MA ဦးဇင်း ~ မှတ်မိပြီဘုရား။ *"ဒိဋ္ဌိံ ဥပနိဿာယ ပါဏံ ဟနတိ"* လို့ စာထဲ တွေ့ထားပါသေးတယ်ဘုရား။

ဆရာတော် ~ ဒီစာထဲမှာ အကြောင်းအကျိုး ပေါ်ရဲ့လားဘုရား။

MA ဦးဇင်း ~ အခုပေါ်ပါပြီဘုရား။ အယူမှားတာက အကြောင်းပါဘုရား။ လည်လှီးသတ်တာက အကျိုးပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ မှန်ပါပြီ ဦးဇင်း။

## သတ်တာအကြောင်း လှူတာကအကျိုး

MA ဦးဇင်း ~ *"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော"*ကို လောကဥပမာနဲ့ စဉ်းစားလို့ မရသေးပါဘုရား။

ဆရာတော် ~ ရှေ့အကုသိုလ်က နောက်ကုသိုလ်ကို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ် ဆိုတာက သားကောင်တွေ သတ်တယ်၊ ရလာတဲ့အသားကို လှူဒါန်းတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား၊ သတ္တဝါတွေသတ်တာက အကုသိုလ်ပါဘုရား၊ လှူဒါန်းတာက ကုသိုလ်ပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ ဦးဇင်း၊ အကြောင်းအကျိုးကိုဆက်ပြီး စဉ်းစားကြည့်ရအောင်နော်။

MA ဦးဇင်း ~ သတ်တာကအကြောင်း၊ လှူတာက အကျိုးပါဘုရား။

ဆရာတော် ~ ပဋ္ဌာန်းက အခုလို အကြောင်းအကျိုးကို စဉ်းစားတတ်မှ ဉာဏ်ပေါ်တာပါဘုရား။

MA ဦးဇင်း ~ မှန်ပါ။ စဉ်းစားတဲ့အလေ့အကျင့် ကြိုးစားလုပ်ပါ့မယ်ဘုရား။

## ကုသိုလ်လုပ်ရာ၌ အကုသိုလ်ဖြစ်မှန်းမသိ ဖြစ်သွားတတ်သည်

MA ဦးဇင်း ~ ကုသိုလ်လုပ်တဲ့အခါ ဥပနိဿယရရင် အားပိုကြီးတယ်ဆိုတာ ဘယ်လိုမျိုးကို ဆိုလိုတာပါလဲဘုရား။

ဆရာတော် ~ ဥပနိဿယက မဟာပစ္စယ၊ ဗလဝကာရဏလေ၊ The great cause, Strong cause ဖြစ်နေတယ်။

MA ဦးဇင်း ~ မှန်ပါ၊ ဒီပဋ္ဌာန်းပစ္စည်းကို တပည့်တော်များရဲ့ ဘဝထဲမှာ လက်တွေ့အသုံးချ ရှုထောင့်ကနေ သိချင်တာပါဘုရား။

ဆရာတော် ~ ယုံကြည်မှုသဒ္ဓါတရား၊ ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းမှုနဲ့ သီလတရားတွေ အားကောင်းရင် ကုသိုလ်ဖြစ်မယ်၊ လိုချင်တပ်မက်မှု ရာဂ၊ မုန်းတီးရက်စက်မှု ဒေါသတွေ အားကောင်းရင် အကုသိုလ်ဖြစ်မယ်လေ။

MA ဦးဇင်း ~ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ သို့သော် ပဋ္ဌာန်းပဉ္ဇာဝါရမှာက အခြေခံတစ်ခုကြောင့် ကုသိုလ်လည်း ဖြစ်ခွင့် ရှိတယ်။ အကုသိုလ်လည်း ဖြစ်ခွင့်ရှိနေတယ်။ သူ့နှလုံးသွင်းပေါ်မူတည်ပြီး နှစ်မျိုးလုံး ဖြစ်ခွင့်ရှိတယ်။

MA ဦးဇင်း ~ ဥပမာနဲ့ဆိုရင် ပိုပြီး နားလည်လွယ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ၊ မိမိရဲ့ ပိုင်ဆိုင်မှုကို စွန့်လွှတ်ပြီး လှူဒါန်းတယ်။

MA ဦးဇင်း ~ ပေးကမ်း စွန့်ကြဲလှူဒါန်းတာက ကုသိုလ်ပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ မှန်တယ်၊ သို့သော် မိမိပေးကမ်းစွန့်ကြဲလှူဒါန်းခဲ့တဲ့ ကုသိုလ်ပေါ် မူတည်ပြီး "ဟိုကောင့် အလှူတုန်းက ငါးခြောက်ဟင်းကျွေးတာ။ ကြည့် ငါ့အလှူမှာ ဝက်နှစ်ကောင်သတ်ပြီး ထမင်းအဝကျွေးတာ တစ်ရွာလုံး မီးခိုးတိတ်ကွ"ဆိုပြီး ကြွားတယ်။

MA ဦးဇင်း ~ တစ်ရွာလုံး မီးခိုးတိတ် ထမင်းအဝကျွေးတာ ကုသိုလ်မရပါလားဘုရား။

ဆရာတော် ~ ရတယ် ဦးဇင်း။ ရပါတယ်။ သို့သော် ဗဟုသုတမရှိရှာတဲ့အတွက် အကုသိုလ် ဖြစ်မှန်းမသိ ဖြစ်သွားလိုက်တာကို ကြည့်ပါလား။ ဝက်နှစ်ကောင်သတ်တာက သူ့အသက်ကို သတ်တဲ့ကံ လွန်ကျူးပြီ။ ဝက်သတ်မှတော့ ချက်ပြုတ်ကူတဲ့ လူတွေ၊ သတ်ကူတဲ့လူတွေ ဧည့်ခံဖို့ သောက်စရာတွေ ပါရတော့မယ်။

MA ဦးဇင်း ~ မှန်ပါ။ မြင်ပါပြီဘုရား။ ကုသိုလ်လုပ်ရင်းနဲ့ကို အကုသိုလ် ကြမ်းကြမ်းတမ်းတမ်း ကြီးတွေ ဖြစ်သွားတာကို နားလည်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီနော်။ ဆက်ကြည့်ရအောင် "ငါ့အလှူမှာ ဝက်နှစ်ကောင်သတ်ပြီး ထမင်းအဝကျွေးတာ တစ်ရွာလုံး မီးခိုးတိတ်ကွ" ဆိုပြီး ကြွားလုံးထုတ်တယ်။ ဘယ်မှာလဲ ကုသိုလ်။

MA ဦးဇင်း ~ အကုသိုလ် နုနုလေးတွေကော၊ အကုသိုလ် ကြမ်းကြမ်းကြီးတွေပါ ဖြစ်နေတာ အခုမှ တွေးမိပါပြီဘုရား။

ဆရာတော် ~ ဘုရားရှင်ဟောတော်မူတဲ့ တရားဗဟုသုတအရာမှာ ဆင်းရဲမွဲတေကြလို့ အခုလို ဖြစ်ရတာပါဘုရား။

## Quality and Quantity

MA ဦးဇင်း ~ မှန်ပါဘုရား၊ တရားနာဖို့၊ တရားစာတွေဖတ်ဖို့ အလွန်ကို အရေးကြီးတာသိရ ပါပြီဘုရား။ တပည့်တော် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်က ပဋ္ဌာန်း ကျမ်းကြီးရဲ့ စာမျက်နှာဘယ်လောက်ကို တစ်နေ့တစ်နေ့ ပူဇော်တယ်။ ဂုဏ်တော် ပုတီး ဘယ်နှစ်ပတ်စိပ်တယ်ဆိုတာ မကြာခဏ ပြောပြောပြတတ်တယ်ဘုရား။

ဆရာတော် ~ မလုပ်တဲ့သူနဲ့ယှဉ်ရင် အများကြီးကောင်းပါတယ်။ အဓိဋ္ဌာန်ကျင့်စဉ်အရ ကြည့်ရင်လည်း ကောင်းပါတယ်။ ပြောပြနေတဲ့သူရဲ့ ရည်ရွယ်ချက်ပေါ် မူတည် ပေလိမ့်မယ်။ သို့သော် Quality နဲ့ Quantity ကိုတော့ နားလည်ရမယ် ထင်ပါတယ်။

MA ဦးဇင်း ~ ဒီနေရာမှာ ဘယ်လိုလုပ်ပြီး အဆင့်မြင့်ပညာရပ်တွေမှာ တိုင်းတာနှိုင်းချိန်တဲ့ Quality နဲ့ Quantity ပါလာရတာလဲဘုရား။

ဆရာတော် ~ လောကမှာ မြတ်စွာဘုရားရှင်ရဲ့ တရားတော်လောက် အဆင့်မြင့်တဲ့ပညာရပ် မရှိဘူးလေ ဦးဇင်း။ ဒါကြောင့် ဒီ Method နဲ့ နှိုင်းချိန်ရတာပါ။

MA ဦးဇင်း ~ မှန်ပါဘုရား၊ ချိန်ဆပုံလေးတွေ သိပါရစေ။

ဆရာတော် ~ စိတ်ထားဖြူစင်မြင့်မြတ်ဖို့ ကြိုးစားရတဲ့ လုပ်ငန်းစဉ်ဖြစ်လို့ အရေအတွက်ဖြစ်တဲ့ Quantitative ထက် အရည်အချင်းဖြစ်တဲ့ Qualitative က ပိုလို့ အရေးပါပါတယ် ဦးဇင်း။

MA ဦးဇင်း ~ အခုလိုစဉ်းစားရတဲ့ ရှုထောင့်ကိုတော့ တပည့်တော် အလွန်နှစ်သက်ပါတယ် ဘုရား။

ဆရာတော် ~ အရည်အချင်းဖြစ်တဲ့ Qualitative မြင့်မားလာရင် ဝါကြွားစရာ မလိုဘူးပေါ့။ Quantitative မှာတော့ ရေတွက်ရတာမို့ I am big. I can do. ပေါ့ဘုရား။"ငါက ဘယ်လောက်ကြီးကွ၊ သူက ဘယ်လောက်ကလေး"ဆိုတာ တိုင်းတာလို့ ရတယ်လေ။ သာမန်တိုင်းတာထက် လွန်ကဲသွားရင် ကုသိုလ်လုပ်ရာကနေ ကြွားဝါတဲ့ မာနဘက် ရောက်သွားနိုင်တယ်နော်။

## အကုသိုလ်လုပ်ရာ၌လည်း ကုသိုလ်ဖြစ်ခွင့်ရှိသည်

MA ဦးဇင်း ~ ပဋ္ဌာန်းတရားတော်မှာ "*ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ*" ဆိုပြီး ဥပနိဿယပစ္စယောမှာ တပည့်တော် အလွန် စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ ဘုရားရှင်ဉာဏ်တော်ကြီးနဲ့ ဟောတော်မူလို့သာ သိရတာပါ ဦးဇင်း။ သာမန် သူလို ကိုယ်လို တွေးသိ၊ ကြံသိလို့ ရကောင်းတာ မဟုတ်ပါဘူး။

MA ဦးဇင်း ~ မှန်ပါဘုရား၊ အသေးစိတ် သိပါရစေ။

ဆရာတော် ~ "အကုသိုလ်တည်းဟူသော အကြောင်းဓမ္မက ကုသိုလ်တည်းဟူသော အကျိုးဓမ္မကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်" ဆိုတာတော့ ဦးဇင်း သိလောက်ပါပြီ လေ။ ပဋ္ဌာန်းတရားတော်က အကြောင်းတရားနဲ့ အကျိုးတရားကို ဟောတော်မူတာပါ။

MA ဦးဇင်း ~ မှန်ပါ။ အကုသိုလ်က အကြောင်းတရားပါဘုရား။ ကုသိုလ်က အကျိုးတရား ပါဘုရား။ ဒါကို တပည့်တော်တို့ နေ့စဉ်ဘဝထဲမှာ ဘယ်လို အသုံးချရမလဲဆိုတဲ့ ရှုထောင့်ကနေ သိချင်နေတာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ပဋ္ဌာန်းပါဠိတော်မှာပါတဲ့စာတွေကို နည်းနည်း မြင်တတ်လာပြီဆိုတော့ Apply method ဘက်က စဉ်းစားကြည့်ရအောင်နော်။ အကြောင်းဓမ္မက အကုသိုလ် ဖြစ်နေတယ်။ အကျိုးဓမ္မဘက်က ကုသိုလ်ဖြစ်နေတယ်နော်။ အကုသိုလ်ဆိုတော့ သတ်တာ၊ ခိုးတာ၊ ကာမဂုဏ် မှားယွင်းတာတွေလည်း ပါတာပေါ့နော်။

MA ဦးဇင်း ~ မှန်ပါ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေလည်း ပါမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ပါရမယ်။ အသုံးချရှုထောင့်က ကြည့်မယ်ဆိုရင် ပဋ္ဌာန်းပဥ္စာဝါရမှာ *"ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ"*လို့ ဟောတော်မူ ထားတာရှိတယ်။ အဓိပ္ပာယ်က သူတစ်ပါးအသက်ကို သတ်ထားတဲ့အပြစ်ကို ပြေပျောက်ဖို့အတွက် အလှူဒါနပေးတယ်။ သီလဆောက်တည်တယ်။ ရှစ်ပါးသော ဥပုသ်သီလကို ဆောက်တည်တယ်။ ဈာန်ကို ဖြစ်ပေါ်စေတယ်။ ဝိပဿနာကို ဖြစ်ပေါ်စေတယ်။ မဂ်ကိုဖြစ်ပေါ်စေတယ်။ အဘိညာဉ်ကို ဖြစ်ပေါ်စေတယ်၊ ပြီးတော့ သမာပတ်ကို ဖြစ်ပေါ်စေတယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဒီစာပိုဒ်က ပူဇော်တဲ့အထဲပါလို့ အလွတ်ရပါတယ်ဘုရား။ သတ်ခဲ့ဖူးတဲ့ အကုသိုလ်ကို ပယ်ဖျောက်ဖို့အတွက် ကုသိုလ်ဖြစ်တဲ့သီလကို ဆောက်တည်တယ်။ ဒါနကို ပြုတယ်ဆိုတာ နားလည်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။

## အနန္တရိယကံကျူးလွန်ထားပါက တရားရနိုင်ပါသလား

MA ဦးဇင်း ~ တပည့်တော် တစ်ခုမေးလျှောက်ချင်နေတာ ကြာပါပြီဘုရား။

ဆရာတော် ~ မေးလျှောက်ပါလေ။ ဖြေနိုင်ရင်လည်း ဖြေမှာပေါ့၊ မဖြေနိုင်ရင်လည်း မဖြေတတ်ဘူးလို့ ပြောမှာပေါ့ ဦးဇင်း။

MA ဦးဇင်း ~ မိဘကိုသတ်ခဲ့တဲ့ အနန္တရိယကံကို ကျူးလွန်ထားရင် တရားရနိုင်ပါဦးမလားလို့ တွေးနေမိတာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဒီပကတူပနိဿယပစ္စည်းမှာ *"မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ သံဃံ ဘိန္ဒိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ"* လို့ ရှိတယ်လေ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ တပည့်တော် စာအုပ်ကြည့်လိုက်ပါမယ်ဘုရား။ ပဋ္ဌာန်းကျမ်း ပထမတွဲ စာမျက်နှာ ၁၄၉ မှာ တွေ့ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ အမိကိုသတ်တာ၊ အဖကိုသတ်တာ၊ ရဟန္တာကိုသတ်တာ၊ ပြစ်မှားချင်တဲ့စိတ်နဲ့ ဘုရားရှင်အား သွေးစိမ်းတည်အောင်လုပ်တာနဲ့ သံဃာသင်းခွဲတာက ဦးဇင်းမေးလျှောက်တဲ့ ပဉ္စာနန္တရိယကံတွေပါ။ ဒီကံတွေ လွန်ကျူး ထားရင် အပေါ်ကစာအတိုင်းဆိုရင် *"ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ"* အထိပဲရမယ်။ ဒါနပြုမယ်၊ ငါးပါးသီလ ဆောက်တည်မယ်၊ ရှစ်ပါး သီလဆောက်တည်မယ်တဲ့ ဒီအထိပဲရပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ တရားအားထုတ်ပြီး ဈာန်၊ မဂ်၊ ဖိုလ် တရားထူးရတာတွေကို စာမှာ မပါဘူး ဖြစ်နေလို့ပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ပဉ္စာနန္တရိယကံကို ကျူးလွန်ထားတဲ့သူတွေက သူတို့ကျူးလွန်ထားတဲ့ အကုသိုလ်ကံရဲ့ ဖိစီးနှိပ်စက်မှုကြောင့် ဈာန်၊ မဂ်၊ ဖိုလ် ရနိုင်လောက်အောင်၊ ဝိပဿနာတရား ရှုပွားနိုင်လောက်အောင် စိတ်တည်ကြည်မှုကို မရနိုင်တော့ပါဘူး။ သူတို့က အနန္တရိယကံကို လွန်ကျူးထားတဲ့အတွက် ငရဲကို ဧကန် ရောက်ရမှာ ဖြစ်ပါတယ်။

MA ဦးဇင်း ~ ဒါကြောင့် *"ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ"*ပဲ ရမဲ့အကြောင်း ပဋ္ဌာန်းမှာ တွေ့ရတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ စာနဲ့တရားနဲ့ အခုလို စဉ်းစားတတ်လာတာ ကောင်းတယ်။ ဆက်ကြည့်ရအောင် ဒုစရိုက်ဆယ်ပါး လွန်ကျူးတဲ့ သူတွေအတွက်ကျတော့ *"တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ"*အထိ ဘုရားရှင် ဟောတော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ~ ဒုစရိုက် လွန်ကျူးသူတိုင်း အခုလို တရားရမှာပါလားဘုရား။

ဆရာတော် ~ ဦးဇင်း ပဋ္ဌာန်းတရားတော် လေ့လာတဲ့အခါမှာ Posibility ဖြစ်နိုင်ခြေတွေ အားလုံးကို နယ်ကုန် ဟောတော်မူနေတာကို သတိပြုပါလေ။

MA ဦးဇင်း ~ မှန်ပါဘုရား။ တပည့်တော် စိတ်နည်းနည်းလောပြီး မေးမိလို့ပါဘုရား။

## ကုသိုလ်ပြုပြီးတိုင်း ဆုတောင်းသင့်သည်

MA ဦးဇင်း ~ ကုသိုလ်ကောင်းမှုပြုပြီးရင် ဆုတောင်းဖို့ လိုအပ်တယ်၊ မလိုအပ်ဘူးဆိုပြီးတော့ ပြီးခဲ့တဲ့ အပတ်က ပြောဖြစ်တယ်၊ သို့သော် တိကျတဲ့အဖြေတော့ မရခဲ့ပါဘူး ဘုရား။

ဆရာတော် ~ ကုသိုလ်ပြုပြီးရင် ဆုတောင်းသင့်ပါတယ်။

MA ဦးဇင်း ~ အခြားဘာသာတွေမှာရှိတဲ့ ဆုတောင်းနဲ့ ဗုဒ္ဓဘာသာဝင်များရဲ့ ဆုတောင်း ဘယ်လိုများ ကွာခြားမှု ရှိပါသလဲဘုရား။

ဆရာတော် ~ အလွန်ကြီးကို ကွာခြားပါတယ်။ ဗုဒ္ဓဘာသာမှာ ဆုတောင်းတယ်ဆိုတာက အလုပ်နဲ့တန်တဲ့ဆုကို တောင်းရတာပါ ဦးဇင်း။ ဆိုပါစို့ လူတစ်ယောက်က သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဆိုတဲ့ သူတော်ကောင်းတရား ၅ ပါးကို ဖြည့်ကျင့်တယ်၊ ဆုတောင်းလည်း ရှိတယ်ဆိုရင် ဂတိမြဲတယ်၊ တစ်ယောက်မှာကျတော့ ဆုတောင်း တော့ရှိတယ် သူတော်ကောင်းတရားငါးပါး မရှိဘူးဆိုရင် သူ့ရဲ့ဂတိ မမြဲပါဘူး ဦးဇင်း။

MA ဦးဇင်း ~ ဆုမတောင်းရင် သူပြုထားတဲ့ ကုသိုလ်ကောင်းမှု အကျိုးမပေးတာပါလားဘုရား။

ဆရာတော် ~ ကုသိုလ်က ကောင်းတဲ့အကျိုး၊ အကုသိုလ်က မကောင်းတဲ့အကျိုးကို ပေးပါတယ်။ စာထဲက ဥပမာတစ်ခု သတိရလို့ ပြောပြရရင် ကောင်းကင်ပေါ်ကို ပစ်လိုက်တဲ့ တုတ်ချောင်းက မြေပြင်ပေါ်ကို အရင်းပိုင်းနဲ့ကျမယ် ဒါမှမဟုတ် အဖျားပိုင်းနဲ့ ကျမယ်ဆိုတာကို ဧကန်မပြောနိုင်သလို သတ္တဝါတို့ရဲ့ ရှေ့လာမဲ့ဘဝရဲ့ ဂတိ ကိုလည်း ကုသိုလ်နဲ့ ဆုတောင်း မရှိထားရင် ဧကန် ပြောမရပါဘူးတဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ နားလည်ပါပြီဘုရား။ ဒါဆိုရင် ဗုဒ္ဓဘာသာမှာ အကောင်းဆုံး ဆုတောင်းက ဘာပါလဲဘုရား။

ဆရာတော် ~ ဘုရားရှင်အလိုကျ အမြင့်ဆုံး အမြတ်ဆုံး ဆုတောင်းကတော့ နိဗ္ဗာန်ဆုပါပဲ။

MA ဦးဇင်း ~ နောက်နောင် ဘဝတွေမှာ စည်းစိမ်ဥစ္စာရဖို့ ရုပ်ရည်ရူပကာယ ပြည့်စုံဖို့အတွက် လည်း လိုအပ်မယ်လို့ တွေးထင်မိပါတယ်ဘုရား။

ဆရာတော် ~ သံသရာကောင်းစားရေးဆုတွေက "တပည့်တော် အိုဘေးဆိုးကြီး ကြုံစမ်းပါရ စေဘုရား။ တပည့်တော် အနာရောဂါ ဘေးဆိုးကြီးကိုလည်း ကြုံစမ်းပါရစေ ဘုရား။ တပည့်တော် သေဘေးဆိုးကြီးနဲ့လည်း မလွဲတမ်း ဆက်ဆက် ကြုံစမ်း ပါရစေဘုရား"လို့ ဆုတောင်းတာနဲ့ အလားသဏ္ဍာန်တူနေတယ်လို့ ဆရာတော် ကြီးများက သွန်သင်တော်မူပါတယ်။ ဦးဇင်းကိုယ်တိုင် စဉ်းစား ဆုံးဖြတ်ပါလေ။

## ကေသဉ္စိနှင့် ကိဉ္စိကာလေ တူပါသလား

MA ဦးဇင်း ~ ဘုရားတပည့်တော် ပဋ္ဌာန်းပူဇော်ရင် တချို့နေရာတွေမှာ "ကေသဉ္စိ"တို့၊ "ကိဉ္စိကာလေ" ဆိုတာ တွေ့ရပါတယ်။ ဒါရဲ့ ဆိုလိုရင်းအကျယ်နဲ့ အဓိပ္ပာယ် ကိုလည်း သိပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ပထမဝေါဟာရရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို လေ့လာကြရအောင် နော်။ 'ကေသဉ္စိ' နဲ့ 'ကိဉ္စိကာလေ'ရဲ့ အဓိပ္ပာယ်က မတူပါဘူး။ 'ကေသဉ္စိ' က 'တချို့' Something ကို ပြောတာပါ၊ 'ကိဉ္စိကာလေ' က 'တစ်ခါတစ်ရံ' Sometime when something ကို ပြောတဲ့နေရာမှာ သုံးရတာပါ။

MA ဦးဇင်း ~ ပဋ္ဌာန်းပူဇော်ရင်း တပည့်တော် သတိထားမိတဲ့နေရာက *"ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ကေသဥ္စိ ဥပနိဿယပစ္စယေန ပစ္စယော"* နဲ့ *"ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ကေသဥ္စိ ဥပနိဿယပစ္စယေန ပစ္စယော"*မှာ 'ကေသဥ္စိ' ကို ထင်ထင်ရှားရှား သတိထားမိပါတယ်ဘုရား။

ဆရာတော် ~ ဒီ 'ကေသဥ္စိ' ဆိုတဲ့စကားက အနန္တရူပနိဿယ မဖြစ်နိုင်ဘူး၊ အာရမ္မဏူပ-နိဿယနဲ့ ပကတူပနိဿယတော့ ဖြစ်နိုင်တယ်လို့ ဆိုလိုတယ်။ နောက်တစ်နည်း ပြောရရင် *"ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ"* မှာ အနန္တရူပနိဿယ မရနိုင်ဘူးလို့ ဆိုလိုပါတယ်။

MA ဦးဇင်း ~ ဒါကြောင့် အနန္တရူပနိဿယ မရသော်လည်း "ကေသဥ္စိ' 'တချို့' Something က ရတယ်လို့ ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်တယ် နားလည်ဖို့ လွယ်သားနော်။

MA ဦးဇင်း ~ တပည့်တော် ပါဠိကို အင်္ဂလိပ်နဲ့ဘာသာပြန်ရင် စာပိုမြင်မိလို့ပါဘုရား။

ဆရာတော် ~ နေဦးလေ။ "ကေသဥ္စိ' က *"ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ကေသဥ္စိ ဥပနိဿယပစ္စယေန ပစ္စယော"*မှာ တွေ့နိုင်သေး တယ်လေ။

MA ဦးဇင်း ~ ဟုတ်သားပဲ။ ဒါဆို ဘာကြောင့် အနန္တရူပနိဿယ မရတာပါလဲဘုရား။

ဆရာတော် ~ မရတဲ့အကြောင်းရင်းက Mental Process ထဲက ဝီထိအစဉ်မှာ ကုသိုလ်နဲ့ အကုသိုလ်က သဘာဝတရားအရ တစ်ဆက်တည်းကြီး ဖြစ်ရိုးထုံးစံ မရှိဘူး၊ တစ်နည်း ပြောရရင် ရှေ့စိတ်က ကုသိုလ်၊ နောက်စိတ်က အကုသိုလ် ဖြစ်ခွင့် မရှိတာပါ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် အနန္တရဝီထိ လေ့လာခဲ့တုန်းက နည်းနည်းလေး သတိပြုခဲ့ဖူးပါ တယ်ဘုရား။

ဆရာတော် ~ Mental Process တစ်ခုထဲမှာ ရှေ့စိတ်က ကုသိုလ်ဆိုလို့ရှိရင် နောက်စိတ်တွေက ကုသိုလ် ဒါမှမဟုတ်ရင် အဗျာကတ လာလို့ရတယ်နော်။ ကုသိုလ်နဲ့ အကုသိုလ်က သဘာဝချင်း မတူတဲ့အတွက်ကြောင့်မို့လို့ ဆက်တိုက် လာလို့မရပါဘူး။

MA ဦးဇင်း ~ ဒါကြောင့် အနန္တရူပနိဿယ မရတာကို ရိပ်မိပါပြီဘုရား။

ဆရာတော် ~ အခုထက် ပြည့်စုံအောင်ပြောရရင် ကုသိုလ်ဇောဝီထိ ချကြည့်ရင် ကုသိုလ်ဇော နောက် အကုသိုလ်ဇောဖြစ်ဖို့အတွက် နောက်ဝီထိ ကျရတယ်လေ၊ အနန္တရ ပစ္စည်းတုန်းက ဝီထိချခဲ့တာကို သတိရပါဦးလေ။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ကုသိုလ်လုပ်တာ အကုသိုလ်တွေ ဖြစ်ကုန်တယ်လို့ ပြောတာက ပကတူပနိဿယ ကို ပြောလို့ရမယ်၊ အနန္တရူပနိဿယက မရနိုင်ဘူး။ ဒါကြောင့် "ကေသဥ္စိ"ကို ဟောတော်မူတာပါ။

## ဥပနိဿယမှာ 'ကေသဉ္စိ'၊ သဟဇာတမှာ 'ကိဉ္စိကာလေ'

MA ဦးဇင်း ~ မှန်လှပါဘုရား။ 'ကေသဉ္စိ'ကို ဥပနိဿယမှာ တွေ့တာပါဘုရား၊ 'ကိဉ္စိကာလေ' ကို သဟဇာတမှာ တွေ့တာပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သဟဇာတရဲ့သဘောက တစ်ပြိုင်နက် အတူတကွဖြစ်တာကိုပြတဲ့ ပစ္စည်းပါ။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ နာမ်ကို နာမ်ချင်းကျေးဇူးပြုပုံတွေ အနန္တရ၊ သမနန္တရမှာ လေ့လာခဲ့ပြီးပြီနော်။

MA ဦးဇင်း ~ မှတ်မိပါတယ်ဘုရား။

ဆရာတော် ~ အခု သဟဇာတမှာကျတော့ နာမ်တရားနဲ့ ရုပ်တရားတွေ တစ်ပြိုင်နက် အတူတကွ ဖြစ်တာကို လေ့လာကြမှာပါ။

MA ဦးဇင်း ~ အဲဒီနာမ်တရားနဲ့ ရုပ်တရားတွေ အမြဲ တစ်ပြိုင်နက် အတူတကွ ဖြစ်တာပါ လားဘုရား။

ဆရာတော် ~ ဒါ အရေးကြီးတဲ့ မေးခွန်းပါဦးဇင်း။ အမြဲထာဝရ နေရာတိုင်း၊ အခြေအနေတိုင်း မှာသာ တစ်ပြိုင်နက် အတူတကွဖြစ်နေရင် သဟဇာတပစ္စည်းမှာ 'ကိဉ္စိကာလေ'လို့ ပါစရာ မလိုတော့ဘူးလေ။ မဖြစ်တဲ့နေရာရှိလို့ Sometime လို့ ပြောရတာပါ။

MA ဦးဇင်း ~ တင်ပါ၊ တင်ပါဘုရား။ ဘယ်နေရာတွေမှာ မဖြစ်တာရှိလို့ အခုလို 'ကိဉ္စိကာလေ' Sometime လို့ ဟောတော်မူတာပါလဲဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ စာကြည့်ရအောင်နော်။ သဟဇာတပစ္စယောမှာ "*ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ၊ န သဟဇာတပစ္စယေန ပစ္စယော*"လို့ ရှိတယ်နော်။ နိဿယကြည့်ရအောင် "ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထု ရုပ်တို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဋိသန္ဓေဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ ကိဉ္စိကာလေ၊ ပဋိသန္ဓေ ကာလ၌။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာ ရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏"တဲ့။

MA ဦးဇင်း ~ နားမလည်သေးပါ၊ နိဿယနဲ့လည်း သဘောမပေါက်သေးပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ရှင်းပြမှာပေါ့၊ ကျန်တဲ့အခြေအနေတွေမှာ နာမ်တရားနဲ့ ရုပ်တရားတွေ တစ်ပြိုင်နက် အတူတကွဖြစ်တယ်။ သို့သော် ပဋိသန္ဓေအခိုက်မှာတော့ နာမ် တရားနဲ့ ရုပ်တရားတွေ တစ်ပြိုင်နက် အတူတကွမဖြစ်တဲ့အတွက် 'ကိဉ္စိကာလေ' Sometime ရံခါရတယ်။ ရံခါ မရဘူးလို့ ဟောတော်မူတာပါ။

MA ဦးဇင်း ~ မှန်ပါဘုရား၊ နက်နဲလွန်းပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အခု မေးသင့်တဲ့မေးခွန်းက ပဋိသန္ဓေအခိုက်မှာ ဘယ်နာမ်တရား တွေက အရင်ဖြစ်ပြီး၊ ဘယ်ရုပ်တရားတွေက ပြီးမှဖြစ်တာလဲ၊ ဘယ်လောက်

ကာလခြားပြီး ဖြစ်ကြတာလဲ၊ ဘာ့ကြောင့် အတူတကွ မဖြစ်နိုင်တာလဲ စတာတွေ မေးခွန်းပေါ်နိုင်ပါသေးတယ် ဦးဇင်း။ သို့သော် ဦးဇင်းရဲ့ဉာဏ် မောနေလောက်ပြီ ထင်တယ်။

MA ဦးဇင်း ~ မှန်ပါဘုရား၊ မေးခွန်းကို မပေါ်နိုင်လောက်အောင် မောသွားပြီဘုရား။

ဆရာတော် ~ ဒါဆိုရင် နောက်သဟဇာတပစ္စည်းကျတော့မှ အကျယ်တဝင့် လေ့လာကြတာပေ့ါနော်။

MA ဦးဇင်း ~ မှန်ပ့ါဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## အဗျာကတဟူသည် အဘယ်နည်း

MA ဦးဇင်း ~ တပည့်တော် ပဋ္ဌာန်းလေ့လာတိုင်း အဗျာကတတရားဆိုတာ အမြဲတွေ့ပါတယ်။ အဗျာကတရဲ့ အဓိပ္ပာယ်ကို သေသေချာချာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ အဗျာကတ မဟုတ်တာကို အရင်ပြောပြမယ်နော်။ ကုသိုလ်စိတ်က အဗျာကတ မဟုတ်ဘူး။ အကုသိုလ်စိတ်လည်း အဗျာကတ မဟုတ်ဘူးဘုရား။

MA ဦးဇင်း ~ ဒါဆိုရင် အဗျာကတဟုတ်တာက ဘယ်တရားတွေပါလဲဘုရား။

ဆရာတော် ~ ရုပ်က အဗျာကတတရား၊ ဝိပါက်စိတ်ကလည်း အဗျာကတတရား၊ ကြိယာစိတ်ကလည်း အဗျာကတတရား၊ နိဗ္ဗာန်လည်း အဗျာကတတရားပါ။

MA ဦးဇင်း ~ မှန်ပါ။ ဒီအထိ မှတ်မိပါပြီဘုရား။ ဒီထက် အသေးစိတ်ရှိသေးရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အဘိဓမ္မာမှာ စိတ်စုစုပေါင်း ၈၉ ပါးရှိတယ်။ စေတသိက် ၅၂ ပါးနော်။ ရုပ်က ၂၈ ပါးနဲ့ နိဗ္ဗာန်ဆိုပြီး ပရမတ္ထတရား လေးပါးရှိပါတယ်။

MA ဦးဇင်း ~ ပရမတ္ထတရားအားလုံး အဗျာကတပါလားဘုရား။

ဆရာတော် ~ မဟုတ်ပါဘူး။ စိတ် ၈၉ ပါးထဲက ကုသိုလ်စိတ် ၂၁ ပါးနဲ့ အကုသိုလ်စိတ် ၁၂ ပါးကို နုတ်ရအောင် ဘယ်လောက်ကျန်မလဲဗျာ။

MA ဦးဇင်း ~ ၈၉ ထဲက ၃၃ နုတ်တော့ ၅၆ ပါဘုရား။

ဆရာတော် ~ အဲဒီ ၅၆ ပါးက အဗျာကတပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ ရပါပြီဘုရား။

ဆရာတော် ~ ထပ်ပြီး အသေးစိတ်ဦးမယ်နော်။ ခုန အဗျာကတ ၅၆ ပါးထဲမှာ ဝိပါက်စိတ်က ၃၆ ပါး၊ ကြိယာစိတ်က ၂၀ ဆိုပြီး ခွဲလေ့လာလို့ ရပါသေးတယ်။

## ဝိပါက်နှင့် ကြိယာဟူသည် အဘယ်နည်း

MA ဦးဇင်း ~ ဒီနေရာမှာ သိချင်သေးတာက ဝိပါက်စိတ်ဆိုတာနဲ့ ကြိယာစိတ်ဆိုတာ ဘယ်လို စိတ်မျိုးပါလဲဘုရား။

ဆရာတော် ~ ကောင်းပြီ၊ နားလည်လွယ်အောင်ပြောရရင် ဝိပါက်စိတ်ဆိုတာ Result အကျိုးစိတ်တွေ ဝိပါကပစ္စယောမှာ အကျယ်တဝင့် ပြောပြဦးမယ်လေ။ နောက်တစ်ခု ကြိယာစိတ်ဆိုတာက ဘုရား၊ ရဟန္တာတို့ရဲ့စိတ်ကို ဆိုလိုတာပါ ဦးဇင်း။

MA ဦးဇင်း ~ ဒီ (၃၆ + ၂၀) = ၅၆ ပါးမှာ ဝိပါက်က အဗျာကတ၊ ကြိယာကလည်း အဗျာကတ တရားလို့ မှတ်ထားရင် ပြည့်စုံပါသလားဘုရား။

ဆရာတော် ~ ပြည့်စုံပါပြီ။ စိတ်ပိုင်းနဲ့ ပတ်သက်လို့ ပြည့်စုံပါပြီ။ စေတသိက်နဲ့ ရုပ်တွေတော့ ကျန်ပါသေးတယ်။

MA ဦးဇင်း ~ အဲဒီ စေတသိက်နဲ့ ရုပ်တွေကိုလည်း သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ အဲဒီဝိပါက်နဲ့ ကြိယာမှာ အများဆုံး ယှဉ်ခွင့်ရှိတဲ့ စေတသိက် ၃၈ ပါး ကလည်း အဗျာကတ တရားပါပဲ။

MA ဦးဇင်း ~ ဘုရားဟောတရားတော်က တိကျလိုက်တာဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အဗျာကတကို ဆက်ပြောဦးမယ်နော်။ ရုပ် ၂၈ ပါးကလည်း အဗျာကတပါ။ နိဗ္ဗာန်ကလည်း အဗျာကတပါ။

MA ဦးဇင်း ~ တင်ပါ့ဘုရား။ ကုသိုလ်၊ အကုသိုလ်မဟုတ်တဲ့ တရားတွေက အဗျာကတ ဆိုတာ နားလည်ပါပြီဘုရား။ ဆက်သိချင်လာတာက "*ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော*" ဆိုရင် ဘယ်လိုယူရမလဲဘုရား။

ဆရာတော် ~ ကုသိုလ်က ဝိပါက်ကို ပစ္စည်းတစ်ပါးပါးနဲ့ ကျေးဇူးပြုရင် "*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ*" နော်၊ ကုသိုလ်က ရုပ်ကို ပစ္စည်းတစ်ပါးပါးနဲ့ ကျေးဇူး ပြုရင်လည်း "*ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ*" ပဲရမယ်။ ဆိုလိုတာ ချက်ချင်းမပေါ်သေးရင် ဖြည်းဖြည်းချင်း စဉ်းစားပါလေ။

## ဥတု၊ ဘောဇန၊ သေနာသနလည်း အဗျာကတ

MA ဦးဇင်း ~ မှန်ပါ။ အားလုံးတော့ နားမလည်သေးပါဘုရား။ ဥပနိဿယထဲက ဥတု၊ ဘောဇန၊ သေနာသနတွေက အဗျာကတပဲ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဥတုတို့ ဘောဇနတို့ သေနာသနတို့က ကုသိုလ်လည်း မဟုတ်ဘူး။ အကုသိုလ်လည်း မဟုတ်ဘူး၊ သူတို့က အဗျာကတတွေပါ၊ ဒါကြောင့် "*ကာယိကံ သုခံ ကာယိကံ ဒုက္ခံ ဥတုဘောဇနံ သေနာသနံ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော*"လို့ ပဋ္ဌာဝါရမှာ ဟောတော်မူပါတယ်။

MA ဦးဇင်း ~ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿမှာ ပါတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဥပနိဿယပစ္စည်း (ဗျာ-ဗျာ) မှာ ဟောတော်မူတာပါ။

MA ဦးဇင်း ~ ဒါရဲ့ အဓိပ္ပာယ်ကိုလည်း ဖြစ်နိုင်ရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ စာလိုပဲ ပြောပြမယ်နော်။ "ကိုယ်ချမ်းသာခြင်း သုခသည်၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခသည်၊ အအေးအပူ ဥတုသည်၊ အစာအာဟာရသည်၊ အိပ်ရာနေရာသည်၊ ကိုယ်ချမ်းသာခြင်းအားလည်းကောင်း၊ ကိုယ်ဆင်းရဲခြင်းအားလည်းကောင်း၊ ဖလသမာပတ်အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" ပါပဲဗျာ။

## ကုသိုလ်၊ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုပုံ

MA ဦးဇင်း ~ ကုသိုလ်၊ အကုသိုလ်က အဗျာကတတရားကို ကျေးဇူးပြုတယ်ဆိုတာ ဘုရားတပည့်တော် စဉ်းစားမရသေးပါဘုရား။

ဆရာတော် ~ ဦးဇင်း ပဋ္ဌာန်းပဉ္စာဝါရမှာ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာရှိတယ်လေ။

MA ဦးဇင်း ~ မှန်ပါ။ အဲဒီအဗျာကတဆိုတာ နားလည်ဖို့ခက်နေလို့ အားလုံးကို သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ။ အစဉ်အတိုင်း ပြောပြမယ်နော်။ ပထမဦးဆုံး အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာရှိတယ်။ လွယ်လွယ်စဉ်းစားလို့ မပေါ်တတ်တဲ့ စာက "ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော"တဲ့။

MA ဦးဇင်း ~ အဗျာကတက ဘယ်ဟာပါလဲဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ အကြောင်းဓမ္မက ကုသိုလ်ကံတွေနော်၊ အကျိုးဓမ္မက ဝိပါက်ဆိုတာ မြင်ဖို့လိုတယ်နော်။

MA ဦးဇင်း ~ မှန်ဘုရား။ 'ကုသလံ ကမ္မံ'က အကြောင်းတရား ထင်ပါတယ်ဘုရား။ 'ဝိပါကဿ'က အကျိုးတရား ထင်ပါတယ်ဘုရား။ မှားရင် ပြင်ပေးပါဘုရား။

ဆရာတော် ~ မမှားဘူး၊ မမှားဘူး။ ဦးဇင်း နည်းနည်းစဉ်းစားတတ်လာပြီ။

MA ဦးဇင်း ~ အကြောင်းအကျိုးကို စမ်းကောက်ကြည့်တာပါဘုရား။ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ မပေါ်သေးပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ပြောပြမှာပေါ့၊ ဒါနပြုတာ၊ သီလဆောက်တည်တာ စတဲ့ ကာမာဝစရကုသိုလ်က လူ့ပြည်၊ နတ်ပြည်တွေအထိ အကျိုးပေးတယ်နော်။

MA ဦးဇင်း ~ မှန်ပါ၊ နားလည်ပါသေးတယ်ဘုရား။

ဆရာတော် ~ မဟဂ္ဂုတ်ကုသိုလ်က ဗြဟ္မာ့ပြည်အထိ အကျိုးပေးမယ်နော်။

MA ဦးဇင်း ~ ရပါသေးတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒီဘဝက ဒါန၊ သီလ၊ သမထ စတဲ့ကုသိုလ်ကောင်းမှုက နောက်ဘဝ လူ၊ နတ်၊ ဗြဟ္မာ ပဋိသန္ဓေနာမ်ခန္ဓာကို ဖြစ်စေပါတယ်။

MA ဦးဇင်း ~ အဗျာကတဆိုတာကြီး ပျောက်နေတယ်ဘုရား။

## ဝိပါက်က အဗျာကတ

ဆရာတော် ~ ပြောပြမယ်လေ။ အဲဒီ လူ၊ နတ်၊ ဗြဟ္မာတို့ရဲ့ ပဋိသန္ဓေ နာမ်ခန္ဓာဆိုတာ ဝိပါက် ခန္ဓာ၊ ဝိပါက်စိတ်တွေလေ ဦးဇင်း။

MA ဦးဇင်း ~ သတိရပြီဘုရား။ ကုသိုလ်က ဝိပါက်ကို ပစ္စည်းတစ်ပါးပါးနဲ့ ကျေးဇူးပြုရင် 'ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ'လို့ ရမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီဗျာ။ ပြောပြီးသားစာတွေ အခုလို မှတ်မိမှ နေရာကျတာ။ ဒါဆိုရင် ကုသိုလ်က အကြောင်းတရားနော်။ ပဋိသန္ဓေနာမ်ခန္ဓာဆိုတဲ့ ဝိပါက်က အကျိုး တရားပေါ့နော်။

MA ဦးဇင်း ~ ရပြီဘုရား။ ရပြီ။ ရပြီ။ ဝိပါက်ကို အဗျာကတယူရတာ ရှင်းပြီဘုရား 'ရှေ့က ကုသိုလ် နောက်က အဗျာကတ' နားလည်ပြီဘုရား။

ဆရာတော် ~ ဒီဘဝမှာလုပ်တဲ့ ဒါန၊ သီလ စတဲ့ ကုသိုလ်တွေက နောက်ဘဝ ပဋိသန္ဓေဝိပါက် နာမ်ခန္ဓာကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ စာသံ၊ ပေသံနဲ့ ပြောလို့ရတယ်ဘုရား။

MA ဦးဇင်း ~ စာသံကို အခုတော့ နားလည်ပါပြီဘုရား။ သမဏနတ်သားအလောင်းအလျာ ရဟန်းတော်က ရဟန်းသီလ စင်ကြယ်အောင်ဆောက်တည်ပြီး တောထဲမှာ ကမ္မဋ္ဌာန်းတရားကို ကြိုးစား အားထုတ်တော်မူနေရင်းမှာ ပျံလွန်ပြီး တာဝတိံသာ နတ်ပြည်မှာ နတ်သားဖြစ်တော်မူတာကို ဒီစာနဲ့ယူရင် ရနိုင်မယ်ထင်ပါတယ် ဘုရား။

ဆရာတော် ~ ရတာပေါ့ဘုရား။ ရဟန်းသီလ ဆောက်တည်တာ၊ ကမ္မဋ္ဌာန်းဘာဝနာ အား ထုတ်တော်မူတာ ကုသိုလ်တွေက အကြောင်းတရားနော်။ နတ်ပဋိသန္ဓေ နာမ်ခန္ဓာ ဆိုတဲ့ ဝိပါက်က အကျိုးတရားနော်။

MA ဦးဇင်း ~ မှန်ပါ။ နားလည်ပါပြီဘုရား။

ဆရာတော် ~ တစ်ဆက်တည်း "အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော" ကိုလည်း နားလည်ဖို့ မခက်တော့ဘူးထင်ပါတယ်။

MA ဦးဇင်း ~ "အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ"ကို မိန့်တော်မူတာ ထင်ပါ တယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်ပါတယ်။ ဥပနိဿယပစ္စည်းပါ။

MA ဦးဇင်း ~ မှန်ပါ။ နားလည်သလိုလေး စဉ်းစား လျှောက်ပါမယ်ဘုရား။ သူ့အသက် သတ်တယ်၊ သူ့ဥစ္စာခိုးတယ် အဲဒီအတွက် နောက်ဘဝတွေမှာ အပါယ်ဘုံမှာ ဖြစ်ရတယ်။

ဆရာတော် ~ ဒီအထိ ဟုတ်ပြီ။ သူပြခဲ့တဲ့ အကုသိုလ်ကံက အပါယ်ပဋိသန္ဓေ ဝိပါက်နာမ်ခန္ဓာကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာပါ။

MA ဦးဇင်း ~ မှန်ပါ၊ မှန်ပါ။ ဒါမှ *"အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော"* ဖြစ်မယ် ထင်ပါတယ်ဘုရား။

## ဉာဏ်မမောသေးပါက

ဆရာတော် ~ ဟုတ်ပါပြီဗျာ။ ဟိုတစ်ပတ်က စာတစ်ခု ဆက်လိုက်ပါဦးမယ်။

MA ဦးဇင်း ~ ဘယ်စာများပါလဲဘုရား။

ဆရာတော် ~ ဦးဇင်း ဉာဏ်မောခဲ့တဲ့ 'ကိဥ္စကာလေ'ဆိုတဲ့စာပါ။

MA ဦးဇင်း ~ သတိရပါပြီဘုရား။ ဒီနေ့တော့ ဉာဏ်မမောသေးပါဘုရား။

ဆရာတော် ~ ဉာဏ်မမောလောက်သေးလို့ ပြောပြမှာပါ။ အကုသိုလ်ကံတွေ လွန်ကျူးထားလို့ အပါယ် ပဋိသန္ဓေရတဲ့အခါမှာ အကုသလဝိပါက် နာမ်ခန္ဓာ ၄ ပါးဟာ ကမ္မဇရုပ်နဲ့ ပြိုင်တူ သွားဖြစ်ပါတယ်။ ဖြည်းဖြည်း စဉ်းစားပါနော်။

MA ဦးဇင်း ~ မှန်ပါ။ တဖြည်းဖြည်း စဉ်းစားပါရစေဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ။ နက်နဲတဲ့တရားကို စဉ်းစဉ်းစားစားနဲ့ အချိန်ယူ လေ့လာရပါတယ်ဘုရား။

MA ဦးဇင်း ~ ဘုရားတပည့်တော် ကြိုးစားပါ့မယ်ဘုရား။

**ဆုတောင်း**

**" ရွှာသောမိုးသည် သက်ရှိ၊ သက်မဲ့ အရာအားလုံးတို့အတွက်**
**ကြီးစွာသော မှီရာဖြစ်စေသကဲ့သို့ လူသားတို့သည်လည်း**
**ကုသိုလ်တိုးစရာ အာရုံကောင်းများကို အမှီရကြပြီး**
**နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား"**

## ၁၀။ ပုရေဇာတပစ္စယော

**Purejata Paccayo (*Prenascence condition*)**

### အကျိုးတရားများမဖြစ်လာမီ ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုသောပစ္စည်း



ပုရေဇာတပစ္စည်း၏ကျေးဇူးပြုပုံ

ရှေးဆရာမြတ်များက ပုရေဇာတပစ္စည်းကို နေနှင့်လတို့ဖြင့် ဥပမာ ပြတော်မူကြပါသည်။ သားသမီးနှင့် မိဘကိုလည်း ပမာပြုနိုင်ပါသည်။ နေ၊ လတို့သည် လူသားတို့ထက် ရှေးကဖြစ်နှင့်ကာ သတ္တဝါတို့၏ အကျိုးကို ပြုကြသကဲ့သို့လည်းကောင်း၊ မိဘများက သားသမီးတို့ထက်အရင် ဖြစ်နှင့်ကြသကဲ့သို့လည်းကောင်း အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအားဖြင့် အာရုံ ၅ ပါးနှင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထုအားဖြင့် ဝတ္ထု ၆ ပါးတို့သည်လည်း ဆိုင်ရာသိစိတ်တို့အား ရှေးဦးဖြစ်၍ ဖြစ်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုကြသည်။

### မမေ့သင့်သည့် ဇာတသုံးပါး

MA ဦးဇင်း ~ ပုရေဇာတပစ္စယောအကြောင်းကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဇာတသုံးပါးကို ခပ်စောစောကလည်း ပြောခဲ့ကြပြီးပြီနော်။

MA ဦးဇင်း ~ မှန်ပါ။ သဟဇာတတုန်းကပါဘုရား။

ဆရာတော် ~ အခုထပ်ပြောရရင် ပုရေဇာတက Born earlier နော်၊ ပစ္ဆာဇာတဆိုတာ Born later ပါ။ သဟဇာတကတော့ Born together ဖြစ်ပါတယ်။ မှတ်မိဦးမယ် ထင်ပါတယ်။

MA ဦးဇင်း ~ အင်္ဂလိပ်စာနဲ့တွဲပြီး မှတ်ထားတဲ့အတွက် မမေ့သေးပါဘုရား။

ဆရာတော် ~ ဘယ်လိုဘာသာစာပေနဲ့ပဲ မှတ်ထား မှတ်ထား သဘောပေါက်ထားဖို့နဲ့ မမေ့ဖို့က အဓိကပါ ဦးဇင်း။

## ဝတ္ထုပုရေဇာတ

MA ဦးဇင်း ~ မှန်လှပါဘုရား။ တပည့်တော် စိတ်ဝင်စားနေတာက ပုရေဇာတမှာ ဝတ္ထုပုရေဇာတနဲ့ အာရမ္မဏပုရေဇာတဆိုပြီး ပဋ္ဌာဝါရမှာ နှစ်မျိုးတွေ့ပါတယ်ဘုရား။ အာရမ္မဏက အာရုံလို့နားလည်ပေမဲ့ ဝတ္ထုဆိုတာကို သဘောမပေါက်လို့ မေးလျှောက်တာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဝတ္ထုပုရေဇာတကို ပြောပြမယ်လေ။ မျက်စိမလည်နဲ့နော် ဦးဇင်း၊ အကြည်ဓာတ်ကို တချို့နေရာမှာ ဝတ္ထုလို့တွေ့ရမယ်၊ တချို့နေရာမှာတော့ ဣန္ဒြေလို့ တွေ့ရတယ်၊ တချို့နေရာမှာ ပသာဒလို့သုံးတယ်။ အခု ပုရေဇာတမှာကျတော့ ဝတ္ထုလို့ပြပါတယ်။

MA ဦးဇင်း ~ ဒါဆိုရင် စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထုနဲ့ ဟဒယဝတ္ထုတွေကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း။ ဟုတ်တယ်။ စက္ခုပသာဒ၊ သောတပသာဒကိုလည်း တွေ့ခဲ့ဖူးပြီလေနော်။

MA ဦးဇင်း ~ အကြည်ဓာတ်ကိုလည်း မှတ်သားပါ့မယ်ဘုရား။ အလွယ်တကူ မျက်လုံးအသားစိုင်ထဲက မြင်စေနိုင်စွမ်းတဲ့အရာလို့ မှတ်သားထားပါမယ်ဘုရား။

ဆရာတော် ~ စာကိုစာလိုလည်းသိရမယ်။ မိမိကိုယ်ပိုင်အသိနဲ့လည်း သိရဦးမယ်လေနော်။

## အာရမ္မဏပုရေဇာတ

MA ဦးဇင်း ~ မှန်ပါဘုရား။ အခု အာရမ္မဏပုရေဇာတတစ်ခု ကျန်နေပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အာရမ္မဏကိုမြင်တာနဲ့ အာရုံဆိုတာကိုတော့ သတိရရောပေါ့နော်။

MA ဦးဇင်း ~ ရပါပြီဘုရား။

ဆရာတော် ~ ဒါဆိုရင် အာရုံငါးပါးမှတ်မိရင် ပြောကြည့်ပါဦး ဦးဇင်း။

MA ဦးဇင်း ~ ရူပါရုံက အဆင်း၊ သဒ္ဒါရုံက အသံ၊ ဂန္ဓာရုံက အနံ့၊ ရသာရုံက အရသာနဲ့ ဖောဋ္ဌဗ္ဗာရုံက အထိအတွေ့ပါဘုရား။

ဆရာတော် ~ အခုလိုမှတ်မိနေတာ ကျေးဇူးတင်ပါတယ်။ ဒါမှ စာက ရှေ့ကို လေ့လာနိုင်တာပါ။

MA ဦးဇင်း ~ ဘုရားတပည့်တော် စိတ်ဝင်စားလို့ မှတ်မိနေတာပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အခု ဝတ္ထုပုရေဇာတကို ရှင်းပြမယ်၊ သေချာစဉ်းစားပြီး နားထောင်ပါနော်။ မြင်သိစိတ် စက္ခုဝိညာဏ် ပေါ်လာနိုင်ဖို့ တည်ရာမှီရာ Base အဖြစ် မျက်စိအကြည်ဓာတ် ရှိရမယ်။

MA ဦးဇင်း ~ သဘောပေါက်ပြီဘုရား။ စက္ခုဝတ္ထုက မြင်သိစိတ်မပေါ်ခင်က ရှေးအရင်ဖြစ်ရတာမို့လို့ ဝတ္ထုပုရေဇာတပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေ့ါ ဦးဇင်း။ ဒါဆိုရင် ကျန်တာလည်း ရလောက်ပြီထင်တယ်။

MA ဦးဇင်း ~ ရပြီဘုရား။ စာတစ်ခုနားလည်လိုက်တော့ စိတ်ထဲ ပျော်သွားတယ်ဘုရား။

ဆရာတော် ~ အခုလိုပျော်ဖို့ ဘာတွေပါပြီလဲ။

MA ဦးဇင်း ~ တပည့်တော် နားထောင်နေတော့ သောတဝတ္ထု၊ မြင်နေရတဲ့အတွက် စက္ခုဝတ္ထုပါတယ်ဘုရား။

ဆရာတော် ~ ပျော်တာက ဟဒယဝတ္ထုကိုလည်း ယူပါဦးလေ။

MA ဦးဇင်း ~ ကျေးဇူးတင်ပါတယ်။ ရှင်းသွားပြီဘုရား။ မေးစရာကို မကျန်တော့ပါဘုရား။

ဆရာတော် ~ ကျန်သေးတယ်၊ အာရမ္မဏပုရေဇာတ ရပြီလား။

MA ဦးဇင်း ~ မှန်ပါ။ ဟုတ်တယ်။ ကျန်သေးတယ်ဘုရား။

ဆရာတော် ~ တစ်ခုနားလည်ရင် နောက်တစ်ခုက လွယ်သွားပါပြီ။ ပုရေဇာတက Born earlier နော်၊ မြင်သိစိတ်ပေါ်ဖို့ အာရုံက အရင်ဖြစ်နေရတယ်လေ။

MA ဦးဇင်း ~ တင်ပါဘုရား။ ဟုတ်သားပဲ ဒါမှ Born earlier ဖြစ်မှာပါဘုရား။

ဆရာတော် ~ ဒါကိုပဲ ပုရေဇာတလို့ခေါ်တာပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ သိသင့်တာရှိသေးရင် သိချင်ပါသေးတယ်ဘုရား။

## ပစ္စယနိဒ္ဒေသနှင့် ပဥ္စာဝါရ

ဆရာတော် ~ ကောင်းပြီ၊ ပြောပြဦးမယ်နော်၊ ဒါကို ဘုရားရှင်က ပဥ္စာဝါရမှာ "ရူပါယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော" လို့ ဟောတော်မူပါတယ် ဦးဇင်း။ ပစ္စယနိဒ္ဒေသ ပါဠိတော်မှာကျတော့ "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော" လို့ ဟောတော်မူပါတယ်။

MA ဦးဇင်း ~ မှန်ပါ။ ဒီမှာ 'စက္ခုဝိညာဏဓာတုယာ' ဆိုတာ ပါလာလို့ ဆိုလိုရင်းအဓိပ္ပာယ် လင်းခနဲ မဖြစ်လာဘူးဘုရား။

ဆရာတော် ~ ဟုတ်လိမ့်မယ်။ ဒီနေရာမှာ 'စက္ခုဝိညာဏဓာတု'ရဲ့ အဓိပ္ပာယ်က 'စက္ခုဝိညာဏ်'ပါပဲ။

MA ဦးဇင်း ~ 'စက္ခုဝိညာဏဓာတု' ရယ်၊ 'စက္ခုဝိညာဏ်' ရယ် အဓိပ္ပာယ်အတူတူပဲလားဘုရား။ ဒါဆိုရင် အဓိပ္ပာယ်ရပြီဘုရား။ မြင်သိစိတ်ပါဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း မြင်သိစိတ်၊ ကြားသိစိတ်တွေကို ပြောနေတာပါ။ စောစောက ပြောပြခဲ့သလိုပဲလေ မြင်သိစိတ် စက္ခုဝိညာဏ်ပေါ် လာနိုင်ဖို့ တည်ရာမှီရာ Base အဖြစ် မျက်စိအကြည်ဓာတ်၊ စက္ခုပသာဒ၊ စက္ခုဝတ္ထု ရှိရမယ် ဦးဇင်း။

MA ဦးဇင်း ~ ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် စဉ်းစားနေတာ တစ်ခုတော့ရှိသေးတယ်ဘုရား။

## အချိန်ကာလ အဘယ်မျှစောပြီး Born earlier ဖြစ်ပါသနည်း

ဆရာတော် ~ ဘာတွေစဉ်းစားနေတာလဲ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် စဉ်းစားတာ ဘေးများထွက်သွားပြီလား မသိဘူးဘုရား။အခု ပုရေဇာတမှာ Born earlier ကို လေ့လာတာဆိုတော့ ဘယ်လောက်ကာလ ကြာကြာ ရှေ့ကဖြစ်နေနှင့်တာလဲဆိုတာ သိချင်နေတာပါဘုရား။ မေးခွန်းမှားရင်လည်း ခွင့်လွှတ်ပေးတော်မူပါဘုရား။

ဆရာတော် ~ အလွန်မေးသင့်တဲ့ မေးခွန်းတစ်ခုပါဦးဇင်း။

MA ဦးဇင်း ~ ကျေးဇူးတင်ပါတယ်ဘုရား။ ဒါဆိုရင် သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ စက္ခုပသာဒလို့ခေါ်တဲ့ မျက်စိအကြည်ကလည်း ရုပ်သက်၊ နာမ်သက်တို့ရဲ့ သဘာဝနိယာမအတိုင်း Mental Process ထဲမှာ ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်၊ တည်၊ ပျက်နဲ့ သွားနေတယ်နော်။

MA ဦးဇင်း ~ တင်ပါဘုရား။ ဖြစ်၊ တည်၊ ပျက်ပြီး သွားနေပါတယ်။ ဒါကို ဘယ်လိုများ ရှေ့က Born earlier ဖြစ်လာရတာပါလဲလို့ တပည့်တော် တွေးနေမိတာပါဘုရား။

ဆရာတော် ~ ရုပ်ရဲ့ သက်တမ်းကိုလေ့လာရင် စိတ္တက္ခဏ ၁၇ ချက်ရှိတယ်။ နောက်တစ်နည်းပြောရရင် (၁၇ × ၃= ခဏငယ် ၅၁) ချက်ရှိပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ မှတ်မိပါပြီဘုရား။

ဆရာတော် ~ မှတ်မိတယ်ဆိုဦးတော့ နောက်တစ်နည်း ပြောပြဦးမယ်။ ရုပ်ရဲ့အသက်ကို ယူတဲ့နေရာမှာ 'အတီတဘဝင်'ရဲ့ ဥပါဒ်ခဏကနေစပြီးတော့ ဒုတိယတဒါရုံရဲ့ ဘင်ခဏမှာ ဆုံးတယ်။ ရသေးသလား။

MA ဦးဇင်း ~ ကြိုးစား နားထောင်နေပါတယ်ဘုရား။

ဆရာတော် ~ ခက်ခဲနက်နဲတဲ့ အကြောင်းအရာဖြစ်တာမို့လို့ တစ်ခါတည်းနဲ့ နားလည်ဖို့ မဖြစ်နိုင်လောက်ဘူးထင်တယ်။ ပြန်ပြန်လေ့လာရဦးမယ်နော်။

MA ဦးဇင်း ~ တင်ပါဘုရား။ ထပ်ပြီး လေ့လာပါဦးမယ်ဘုရား။

## လက်ဖျောက်တစ်တွက် ကုဋေတစ်သိန်း

ဆရာတော် ~ ဆက်ပြောပြမယ်နော်။ လက်ဖျောက်တစ်တွက်တီး အချိန်တိုကလေးမှာ ကုဋေတစ်သိန်းနှုန်းနဲ့ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်နေတဲ့ Process ဖြစ်တာမို့လို့ အလွန့်အလွန် တိုတောင်းလှပါတယ်။ ဂဏန်းချပြဖို့တောင် မဖြစ်နိုင်လောက်ဘူး။ အဲဒီကာလတိုတိုကလေးမှာ စိတ္တက္ခဏ ၄ ချက် စောပြီးတော့ ပုရေဇာတ Born earlier ကြိုတင်ဖြစ်နှင့်တာကို ပြောတာပါ။

MA ဦးဇင်း ~ မျက်စိအကြည်နဲ့ အဆင်းတွေက အခုလို စိတ္တက္ခဏ ၄ ချက်စောပြီးတော့ ဖြစ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်ပါတယ်ဗျာ။ ဆက်လေ့လာဦးနော်။

MA ဦးဇင်း ~ ဘုရားတပည့်တော်ရဲ့စိတ်ကို ပဋ္ဌာန်းတရားတော်က ဖမ်းစားထားပါတယ်ဘုရား။ လေ့လာပါ့မယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ ဦးဇင်း။

## ကုသိုလ်ဖြစ်ကြောင်းတရား ၄–ပါး

MA ဦးဇင်း ~ စိတ်တွေက ဒီလောက်ကြီးမြန်ဆန်ပြီး ဖြစ်နေတာကို သိရတဲ့အတွက် ဘုရားတပည့်တော်ရဲ့ဘဝကို ကုသိုလ်နဲ့ပဲ အမြဲနေချင်ပါတော့တယ်ဘုရား။ ကုသိုလ်တွေ စဉ်ဆက်မပြတ်ဖြစ်နေနိုင်ဖို့ ဘယ်လိုများ ပြုမူနေထိုင်ရပါမလဲဘုရား။ နည်းရှိရင် သိပါရစေ။

ဆရာတော် ~ ဘုရားဟောတော်မူတဲ့ ကုသိုလ်ဖြစ်ကြောင်းတွေ များစွာရှိတဲ့ထဲက အဋ္ဌသာလိနီ အဋ္ဌကထာမှာလာတဲ့ ကုသိုလ်ဖြစ်ကြောင်းတရား ၄ ပါးကို ဦးဇင်းကို အခုပြောပြပေးမယ်နော်။

MA ဦးဇင်း ~ မှန်ပါ။ မှတ်သားပြီး လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ~ ပထမဦးဆုံး နိယမိတ = ကုသိုလ်ဖြစ်ဖို့အတွက် စိတ်ထဲမှာ Determination ရှိရမယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။

ဆရာတော် ~ ဆက်ပြီးတော့ ဒုတိယက ပရိဏာမိတ = စိတ်ကလေးကို ကုသိုလ်ဘက် ညွတ်ကိုင်းထားရမယ်။ အင်္ဂလိပ်လို Inclination ဖြစ်ရပါမယ်။

MA ဦးဇင်း ~ တင်ပါ။ ပါဠိစာထက် အင်္ဂလိပ်စာက ပိုလို့ နားလည်နေပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အခု တတိယက အာဘုဇိတ = ကုသိုလ်ဖြစ်ဖို့အတွက် နှလုံးသွင်းမှု Attention ရှိရမယ် ဦးဇင်း။

MA ဦးဇင်း ~ သုံးခုရပါပြီဘုရား။ တစ်ခုကျန်ပါသေးတယ်။

ဆရာတော် ~ နောက်ဆုံးတစ်ခုက (၄) သမုဒါစာရ- စဉ်ဆက်မပြတ် ကုသိုလ်ဖြစ်နေဖို့အတွက် အမြဲအလေ့အကျင့် Practice ရှိနေရမယ်။ ဒီလေးချက်ကို အကျဉ်းချုပ်မှတ်တဲ့ နည်းကို ပြောပြမယ်လေနော်။

MA ဦးဇင်း ~ မှန်ပါ။ လေ့ကျင့်နိုင်ဖို့အတွက် အမြဲ မှတ်မိနေချင်ပါတယ်ဘုရား။

ဆရာတော် ~ အပေါ်က အင်္ဂလိပ်စာလုံး လေးလုံး Determination , Inclination , Attention , Practice ဆိုတော့ ဒီစာလုံးလေးလုံးရဲ့ အစစာလုံးတွေကိုယူရင် ဘာရမလဲ ဦးဇင်း။

MA ဦးဇင်း ~ DIAP ရပါတယ်ဘုရား။။

ဆရာတော် ~ ဟုတ်ပြီ။ အဲဒီ DIAP ကို ပြောင်းပြန်လှန်လိုက်ရင် PAID ရမယ်နော်။

MA ဦးဇင်း ~ PAID ဆိုရင် တပည့်တော် မှတ်မိပါပြီဘုရား။ အဲဒီ PAID ကို တရားအားထုတ်ရာမှာ ဘယ်လိုသုံးရမလဲဆိုတာ သိချင်ပါသေးတယ်ဘုရား။

## PAID

ဆရာတော် ~ ဟုတ်ပါပြီ၊ ဦးဇင်းစိတ်ဝင်စားနေတဲ့ မေတ္တာကမ္မဋ္ဌာန်းအားထုတ်တာကို PAID နဲ့ ချိန်ထိုးပြမယ်လေနော်။

MA ဦးဇင်း ~ မှန်ပါ။ ဝါသနာပါလို့ ပြည့်ပြည့်စုံစုံလေး သိချင်နေပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ မေတ္တာကမ္မဋ္ဌာန်းကို အားထုတ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက် Determination က ပထမဦးစွာ ရှိရပါမယ်။

MA ဦးဇင်း ~ မှန်ပါ။ နားလည်ပါပြီဘုရား။ ဘယ်လုပ်ငန်းဖြစ်ဖြစ် လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက် Determination က ဦးစွာ ရှိရပါမယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဆက်ပြောပြမယ်နော်၊ မေတ္တာကမ္မဋ္ဌာန်းကိုရှုပွားဖို့ စိတ်ကလေးကို မေတ္တာဖက်ကို ညွတ်ကိုင်းပေးရပါမယ်၊ ဒါက ပရိဏာမိတ အင်္ဂလိပ်လို Inclination ပါဦးဇင်း။

MA ဦးဇင်း ~ ပိုပြီးတော့ အလုပ်နဲ့ ဆက်စပ်လာပါပြီဘုရား။

ဆရာတော် ~ အခု တတိယအချက်က အာဘုဇိတ၊ မေတ္တာပွားဖို့အတွက် နှလုံးသွင်းမှု Attention ရှိရမယ်တဲ့။

MA ဦးဇင်း ~ ဟုတ်သားပဲ၊ တပည့်တော် နှလုံးသွင်းမရှိဘဲ မေတ္တာကမ္မဋ္ဌာန်း ရှုပွားလို့မှမရတာ ဘုရား။

ဆရာတော် ~ နောက်ဆုံးအချက်က Practice နော်။ သမုဒါစာရ၊ စဉ်ဆက်မပြတ် မေတ္တာစိတ်တွေ ဖြစ်နေဖို့အတွက် လေ့ကျင့်နေရမယ်။

MA ဦးဇင်း ~ တပည့်တော် နေ့စဉ်ဘဝထဲ မေတ္တာကမ္မဋ္ဌာန်းပွားရာမှာ PAID က ပါရင်ပါ သလောက် တိုးတက်မယ်ဆိုတာ နားလည်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ မေတ္တာကမ္မဋ္ဌာန်းလိုပဲ ကုသိုလ်က နိဗ္ဗာန်ရောက်တဲ့ဘဝတိုင်အောင် မိဘသဖွယ်၊ ဆွေမျိုးရင်းသဖွယ် မိမိတို့ကို လိုက်ပြီးတော့ စောင့်ရှောက်ပါတယ်၊ အကုသိုလ်က ရန်သူသဖွယ် မိမိတို့ကို လိုက်ပြီးတော့ နှိပ်စက်တတ်တယ်လို့ ရှေးဆရာမြတ်တို့က ဆုံးမတော်မူထားတယ်။

MA ဦးဇင်း ~ တပည့်တော် လေးပါးလုံးကို လိုက်နာကျင့်ကြံပါမယ်ဘုရား။

## စက်လေးပါးတရား

ဆရာတော် ~ ဦးဇင်း အခုလိုစိတ်ဝင်စားနေတဲ့အတွက် ဆက်ပြောပြမယ်နော်၊

MA ဦးဇင်း ~ တပည့်တော် သိသင့်သိထိုက်တဲ့အကြောင်းကို မိန့်ပေးတော်မူပါဘုရား။

ဆရာတော် ~ မိမိရဲ့တရားလုပ်ငန်း တိုးတက်ဖို့အတွက် လိုက်နာစရာ အချက်လေးချက်ရှိသေးတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ သိပါရစေဘုရား။

ဆရာတော် ~ တရားတိုးတက်ဖို့အတွက် ပထမဦးဆုံးတစ်ခုက ပတိရူပဒေသဝါသ=သင့်လျော်တဲ့ အရပ်မှာ နေထိုင်ရမယ် ဦးဇင်း။ To live suitable place.လို့ ပြောနိုင်ပါတယ်။

MA ဦးဇင်း ~ မှတ်မိပါပြီဘုရား။

ဆရာတော် ~ တရားတိုးတက်ဖို့ရာအတွက် ဒုတိယတစ်ခုက ပုဗ္ဗေစကတပုည = ဘဝါဘဝက ကောင်းမှုအထူး ပြုခဲ့ဖူးရဦးမယ် ဦးဇင်း။

MA ဦးဇင်း ~ အင်္ဂလိပ်လိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ အင်္ဂလိပ်လို To have done good deed past life. ပြောနိုင်ပါတယ်။

MA ဦးဇင်း ~ တတိယတစ်ခု သိပါရစေဘုရား။

ဆရာတော် ~ အတ္တသမ္မာပဏိဓိ = မိမိရဲ့ကိုယ်စိတ်နှစ်ဖြာကို ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ရမယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ စိတ်ထဲ သိပ်ပြီးမရှင်းသေးပါဘုရား။ ရံခါ အင်္ဂလိပ်လိုပြောတာက ပိုလို့ အသိရှင်းတတ်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ To keep one's mind and body in a proper way. လို့ ပြောရပါတယ် ဦးဇင်း။

MA ဦးဇင်း ~ ဒါလည်း တပည့်တော် လိုက်နာစောင့်ထိန်းရမယ်ဆိုတာ နားလည်ပါပြီဘုရား။ အခုနောက်ဆုံးတစ်ခု ကျန်နေပါသေးတယ်ဘုရား။

ဆရာတော် ~ နောက်ဆုံးတစ်ခုက သပ္ပုရိသူပနိဿယ = ဆရာကောင်းသမားကောင်းကို အမှီပြုရမယ် ဦးဇင်း။ To depend good person. လို့ ဘာသာပြန်နိုင်ပါတယ်။

MA ဦးဇင်း ~ ဒီအဆုံးအမလေးပါးထဲက တချို့က တပည့်တော်ဘဝထဲ ကျင့်ပြီးသား ဖြစ်နေပါတယ်ဘုရား။

ဆရာတော် ~ သာဓုပါ ဦးဇင်း။ အခုလို မိမိဘဝတစ်ခုလုံးကို ကုသိုလ်နဲ့ ထုံမွမ်းနေဖို့က မိမိတို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါနော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ တပည့်တော် လိုက်နာကျင့်သုံးပါ့မယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ မိမိရဲ့စိတ်ကိုလည်း အကဲခတ်တဲ့ အလေ့အကျင့်ကောင်း ရှိဖူးမယ်၊ ပြီးတော့ မိမိရဲ့စိတ်ကိုလည်း ပြင်ဖို့ ဆုံးဖြတ်ဖူးမယ်၊ ပြင်လဲပြင်ဖူးမယ်ဆိုရင် ကုသလဓမ္မတွေ ထုံမွမ်းလာအောင် မပင်မပန်း လေ့ကျင့်နိုင်ပါပြီ။

MA ဦးဇင်း ~ မှန်လှပါ။ တပည့်တော် ကြိုးစားပါ့မယ်ဘုရား။


**ဆုတောင်း**

**"လူသားတို့၏သန္တာန်၌လည်း ကောင်းသောအာရုံ ၅ ပါး၊**
**ကောင်းသော ဟဒယဝတ္ထုရုပ်များ**
**ရှေးဦးစွာ ကြို့တင်ဖြစ်နှင့်ပြီး နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား"**

## ၁၁။ ပစ္ဆာဇာတပစ္စယော

## Pacchajata Paccayo (*Postnascence condition, Born later*)

## နာမ်တရား၏နောက်၌ဖြစ်၍ ရုပ်များအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း



### ပစ္ဆာဇာတပစ္စည်း၏ ကျေးဇူးပြုပုံ

ရှေးရှေးဆရာမြတ်များက ပစ္ဆာဇာတပစ္စည်းကို နို့ထိန်းမိခင်နှင့်တူသည်ဟု ပြဆိုကြပါသည်။ နို့စို့မည့်သားငယ်က ဦးစွာဖြစ်နှင့်ပြီး နို့ထိန်းမိခင်က နောက်မှ ဖြစ်လာသည်ကို ပမာပြုကြပါသည်။ တစ်ဖန် လင်းတငယ်ကလေး၏ အစာအာဟာရကို တောင့်တသော အာသာစေတနာသည် နောက်၌ဖြစ်သော သူ၏ခန္ဓာကိုယ်ကို ကြီးပြင်းလာအောင် ထောက်ပံ့ ကျေးဇူးပြုသကဲ့သို့ဟူ၍လည်း ပမာပြုကြပါသေးသည်။

### ပစ္ဆာဇာတဟူသည်

MA ဦးဇင်းသည် တောထဲ၌ တစ်ဝါဆိုနိုင်ခဲ့ပါသည်။ ဒုတိယဝါမဆိုခင် ပါဠိ စာပေသင်ကြားနိုင်ရန် စီစဉ်ထားပြီး ယခုအခါ ပဋ္ဌာန်းတရားတော်ကို တစ်ဖက်၌ လေ့လာနေပြီး တစ်ဖက်၌လည်း ဝိနည်း စာဝါ လိုက်နေပါသည်။ တရားအားထုတ်ချိန်ကိုလည်း သီးခြားယူ၍ ပုံမှန်အားထုတ်လေ့ရှိပါသည်။ ယနေ့ ဥပုသ်နေ့ညနေပိုင်း၌ ပဋ္ဌာန်းတရားတော်ဆိုင်ရာ မေးခွန်းများကို မေးမြန်းလျှောက်ထားပါသည်။

MA ဦးဇင်း ~ ဘုရားတပည့်တော် ပဋ္ဌာန်းတရားတော်ကို လေ့လာခွင့်ရခဲ့တာ အလွန်ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် ဒီကနေ့ အချိန်ရရင် ပစ္ဆာဇာတပစ္စယောကို မေးလျှောက်ချင်ပါတယ်ဘုရား။

ဆရာတော် ~ ဦးဇင်းက ပစ္ဆာဇာတထဲက ဘာကိုများမေးလျှောက်မှာလဲ။ ဖြေနိုင်တာရှိရင်လည်း ဖြေပေးပါ့မယ်။ မဖြေနိုင်ရင်လည်း သည်းခံပါနော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ ပစ္ဆာဇာတကို အင်္ဂလိပ်လိုဘာသာပြန်ရင် Born later လို့ မှတ်သားထားတာ မှန်ပါသလားဆိုတာ မေးလျှောက်ချင်တာပါဘုရား။ ပြီးတော့ ပစ္ဆာဇာတကို ဥပမာနဲ့မှပဲ တပည့်တော် နားလည်နိုင်တော့မယ် ထင်ပါတယ်ဘုရား။ ပစ္ဆာဇာတအဖွင့်ကို တပည့်တော် သုံးခါဖတ်ပြီးပြီ နားမလည်လို့ပါဘုရား။

## ပစ္ဆာဇာတဥပမာ

ဆရာတော် ~ ကောင်းပါပြီ။ အဲသလို ခက်ခဲနက်နဲတာတွေကို သိနိုင်ဖို့ ပညာရှိတွေက ဥပမာတွေ ပြပေးထားတာရှိပါတယ် ဦးဇင်း။ အားမငယ်နဲ့နော်။ စိတ်ဓာတ်လည်း မကျပါနဲ့ ဦးဇင်း။ အခုန အင်္ဂလိပ်စာနဲ့ Born later က ပစ္ဆာဇာတရဲ့ အဓိပ္ပာယ်ကို အတန်အသင့် ခြုံမိငုံမိပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဥပမာနဲ့ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဥပမာပြောပြပါမယ်။ ရှေးရှေးဆရာများက ပစ္ဆာဇာတပစ္စည်းကို နို့ထိန်းမိခင်နဲ့ တူတယ်တဲ့။ ဘာကြောင့်လဲဆိုရင် နို့စို့မဲ့သားငယ်က ဦးစွာဖြစ်နှင့်ပြီး နို့ထိန်းမိခင်က နောက်မှ ဖြစ်လာလို့ပါပဲတဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ ပစ္ဆာဇာတပစ္စယောရဲ့ အကြောင်းအကျိုးသဘောက သိပ်မရှင်းသေးတာပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ၂၄ ပစ္စည်းထဲမှာ ဒီပစ္ဆာဇာတပစ္စည်းရဲ့ ထူးခြားချက်က အကြောင်းနာမ်တရားက နောက်မှဖြစ်ပြီး အကျိုးတရားဖြစ်တဲ့ ရုပ်တရားက ရှေးဦးစွာဖြစ်တယ်။

MA ဦးဇင်း ~ မှန်ပါ။ အခုမှ ၂၄ ပစ္စည်းထဲမှာ ပစ္ဆာဇာတပစ္စည်းရဲ့ ထူးခြားချက်ကို တပည့်တော် သတိပြုမိပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ ဒီလိုပဲ နည်းနည်းစီ နားလည်လာမှာပါ ဦးဇင်း။

## ရုပ်တရားများ

MA ဦးဇင်း ~ ပဋ္ဌာန်းပူဇော်ရင် 'ပစ္ဆာဇာတာ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော'လို့ ပူဇော်ရပါတယ်ဘုရား။ နာမ်တရားကို တပည့်တော်သိပါတယ်။ ရှေ့ကဖြစ်တဲ့ ရုပ်တရားဆိုတာက ဘယ်ဟာတွေပါလဲဘုရား။

ဆရာတော် ~ ရုပ်ကို ၄ မျိုး မှတ်ထားပါလေ။ အဲဒီလေးမျိုးက ဘာတွေလဲဆိုရင် ကံကြောင့်ဖြစ်တဲ့ ရုပ်ရှိတယ်၊ သူ့ကို ကမ္မဇရုပ်လို့ခေါ်တယ်။ စိတ်ကြောင့်ဖြစ်တဲ့ရုပ် ရှိတယ်၊ သူ့ကို စိတ္တဇရုပ်လို့ခေါ်တယ်။ ဥတုကြောင့်ဖြစ်တဲ့ ရုပ်ရှိတယ်၊ သူ့ကို ဥတုဇရုပ်လို့ခေါ်တယ်။ နောက်ဆုံး အာဟာရကြောင့်ဖြစ်တဲ့ ရုပ်ရှိတယ်၊ သူ့ကို အာဟာရဇရုပ်လို့ခေါ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် ကံ၊ စိတ်၊ ဥတု၊ အာဟာရလို့ အကျဉ်းချုပ်ပြီး မှတ်ထားပါ့မယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်တဲ့ရုပ်လို့ မှတ်ထားရင် ရပါတယ်။ ဒီနေရာမှာ သတိပြုဖို့လိုတာက ဘယ်ရုပ်ကိုပဲဖြစ်ဖြစ် စိတ်က အထောက်အပံ့ ပေးနိုင်တယ်နော်။

MA ဦးဇင်း ~ စိတ်ပျိုရင် ကိုယ်နုတာမျိုးကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့။ စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု၊ စိတ် ကြည်ရင် ကိုယ်ကြည်တယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ စိတ်မှာဒေါသဖြစ်တာနဲ့ စိတ်က ကြမ်းတမ်းသွားပြီ။ စိတ်မကြည်တော့ရင်၊ စိတ်ကြမ်းသွားရင် ကိုယ်လည်း မကြည်တော့ဘူး၊ ကြမ်းတမ်းပြီနော်။

MA ဦးဇင်း ~ ဒေါသဖြစ်တဲ့စိတ်ထက် စောပြီးတော့ ရုပ်ကဖြစ်နေခဲ့တာကို ဆိုလိုတာပါလား ဘုရား။

## ပဋ္ဌာန်းပစ္စည်းကို နှိုင်းယှဉ်လေ့လာသင့်သည်

ဆရာတော် ~ ဟုတ်ပါတယ်။ ဒါကြောင့် နောက်မှဖြစ်တဲ့ စိတ်စေတသိက် နာမ်တရားတွေက အကြောင်းတရားနော်၊ ရှေ့ကဖြစ်တဲ့ ရုပ်တရားတွေက အကျိုးတရားနော် ဦးဇင်း။ ဒါကြောင့် သူ့ကို ပစ္ဆာဇာတပစ္စည်း Born Later လို့ ခေါ်တာပါ။

MA ဦးဇင်း ~ ပစ္ဆာဇာတပစ္စည်းကို ပြောင်းပြန်စဉ်းစားမှ အဓိပ္ပာယ်ပေါ်လာပါတယ်ဘုရား။

ဆရာတော် ~ ရပါတယ်။ ဆိုလိုရင်း အဓိပ္ပာယ်ပေါ်ဖို့ အဓိကပါ ဦးဇင်း။ ရှေ့မှာလာလိမ့်ဦးမယ် ဦးဇင်း၊ သမ္ပယုတ္တနဲ့ ဝိပ္ပယုတ္တတို့၊ အတ္ထိနဲ့ နတ္ထိ၊ ဝိဂတနဲ့ အဝိဂတတို့ကလည်း အခုလိုပဲ ပြောင်းပြန်လှန်ပြီးဖြစ်စေ၊ နှိုင်းယှဉ်ပြီးတော့ Comparative study အနေနဲ့ စဉ်းစားရင် ပိုပြီး နားလည်လွယ်မယ် ထင်ပါတယ်ဘုရား။

MA ဦးဇင်း ~ ပုရေဇာတနဲ့ ပစ္ဆာဇာတကို တပည့်တော် အခုမှနှိုင်းယှဉ်ပြီး လေ့လာမိတာပါဘုရား။

ဆရာတော် ~ ပုရေဇာတက Born Earlier နော်၊ ပစ္ဆာဇာတ Born Later ပေါ့ ဦးဇင်း။

MA ဦးဇင်း ~ ဒါကြောင့် ပစ္ဆာဇာတပစ္စည်းကို နို့ထိန်းမိခင်နဲ့ တူတယ်လို့ပြောတာကို အခုမှ နားလည်လာတယ်ဘုရား။ နို့စို့မဲ့သားငယ်က ရှေးဦးစွာဖြစ်နှင့်ပြီးတော့ နို့ထိန်းမိခင်က နောက်မှဖြစ်ရတာကို အခုသဘောပေါက်ပါပြီဘုရား။

## နောက်မှဖြစ်ပြီး ကျေးဇူးပြုသည့် ဗျာဒိတ်စကား

ဆရာတော် ~ ကောင်းပါပြီ၊ အခု နောက်တစ်မျိုး ရှင်းပြဦးမယ်နော်။

MA ဦးဇင်း ~ မှန်ပါ။ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဘုရားအလောင်းတော် သုမေဓာရသေ့က ဒီပင်္ကရာမြတ်စွာဘုရားရှင် ခြေတော်ရင်းမှာ အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုတော်မူနိုင်တယ် ဦးဇင်း။ သို့သော် သုမေဓာရသေ့ကြီးက ‘ငါကဲ့သို့သောပုဂ္ဂိုလ်က သာသနာတော်မှာ မထင်မရှား ရဟန်းတစ်ပါးအဖြစ် နိဗ္ဗာန်ကို မျက်မှောက်ပြုလို့ ဘယ်အကျိုးရှိတော့မလဲ၊ သဗ္ဗညု ဘုရားအဖြစ်ကို ရောက်အောင် ကြိုးကုတ်အားထုတ်မယ်၊ များစွာသော သတ္တဝါ အပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲကနေ ကယ်တင်မယ်လို့’ အကြံအစည်ဖြစ်လာတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဒီပင်္ကရာမြတ်စွာဘုရားရှင်က သုမေဓာရှင်ရသေ့ကို “နောင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလမှာ ဘုရားအဖြစ်သို့ ရောက်တော်မူလတ္တံ့”လို့ ဗျာဒိတ် စကားကို မိန့်တော်မူတယ်။

MA ဦးဇင်း ~ မှန်ပါ။ ပုရေဇာတပစ္စယောက ဘယ်လိုများ ကျေးဇူးပြုမှာပါလဲဘုရား။

ဆရာတော် ~ ပုရေဇာတပစ္စယော ကျေးဇူးပြုပုံကို ပြောပါမယ်လေ။ သုမေဓာရှင်ရသေ့က ဒီပင်္ကရာဘုရားရှင် ထံတော်ပါးကနေ ‘နောင်လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းမှာ ဂေါတမအမည်ဖြင့် ဘုရားအဖြစ်သို့ ရောက်လတ္တံ့’လို့ မိန့်ကြားတော်မူတဲ့ ဗျာဒိတ်စကားကြောင့် အခုဘဝ မျက်မှောက်ပြုနိုင်တဲ့ နိဗ္ဗာန်ချမ်းသာကို စွန့်လွှတ် တော်မူနိုင်တာလေ ဦးဇင်း။

## ပဋာစာရီထေရီမ လောင်းလျာ

MA ဦးဇင်း ~ သဘောပေါက်ပါပြီဘုရား။ နိဗ္ဗာန်ကို စွန့်လွှတ်တာက အခုဘဝပါဘုရား။ ဘုရား ဖြစ်တော်မူမှာက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းနောက် ကြာမှဖြစ်မှာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ စာကို အခုလိုမြင်မှကောင်းတာ ဦးဇင်း။ အခုဆက်ပြောပြဦးမယ်။ ပဋာစာရီထေရီမလောင်းလျာက သားသေ၊ လင်ဆုံး၊ မိဘများပျက်စီးလို့ ရူးသွပ် သွားရှာပါသော်လည်း နောင်ရလတ္တံ့ဖြစ်တဲ့ အရဟတ္တဖိုလ်ဉာဏ်က ကျေးဇူး

---

**ကျမ်းညွှန်း**

၁။ သုမေဓပတ္ထနာကထာဝဏ္ဏနာ၊ ဗုဒ္ဓဝံသအဋ္ဌကထာ။ (နှာ-၈၅)

ပြုတဲ့အတွက် အရှူးရောဂါ ပျောက်ရုံမကဘူး ပဋိသမ္ဘိဒါလေးပါးနဲ့တကွ ရဟန္တာ ထေရီမ ဖြစ်တယ် ဦးဇင်း။

MA ဦးဇင်း ~ ပဋာစာရီက ပစ္ဆိမဘဝိကပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့ ဦးဇင်း။ ဟုတ်တယ်။ ထေရီမက 'အဂ္ဂဝိနယဓါရီ' ဧတဒဂ်ဘွဲ့တောင် ချီးမြှောက်ခြင်း ခံရသေးတယ်ဘုရား။

MA ဦးဇင်း ~ အခုမရသေးဘူး။ နောင်ရလာမဲ့ အရဟတ္တဖိုလ်ဉာဏ်က ကျေးဇူးပြုတယ်ဆိုတာ တပည့်တော် နားလည်ပါပြီဘုရား။ ပစ္ဆာဇာတကို အခုလိုစဉ်းစားနည်းကို သိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဥပုသ်ပြုဖို့ အချိန်ရောက်ပြီလေ။ တော်ကြဦးစို့နော်။

**ဆုတောင်း**

**"လင်းတင့်က်ကလေး၏ အစာအာဟာရကို တောင့်တသော အာသာစေတနာသည် သူ၏ခန္ဓာကိုယ်ကို ကြီးထွားလာအောင် အထောက်အပံ့ပြုသကဲ့သို့ လူသားတို့၏ သန္တာန်၌လည်း ရှေးရှေးကဖြစ်သော ရုပ်တရားတို့အား နောက်နောက်၌ဖြစ်သော ကုသိုလ်နာမ်တရားတို့က နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား"**

❀ ❀ ❀ ❀ ❀


**ကျမ်းညွှန်း**

၁။ ပဋာစာရာထေရီဝတ္ထု၊ သဟဿဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၄၃၇)

## ၁၂။ အာသေဝနပစ္စယော

**Asevana Paccayo *(Repetitive condition)***

**နောက်နောက်ဇောများအား ဂုဏ်သတ္တိသာလွန်အားကောင်းရန် အကြိမ်ကြိမ် ထုံမွမ်းခြင်းဖြင့် ကျေးဇူးပြုသောပစ္စည်း**



### အာသေဝနပစ္စည်း၏ကျေးဇူးပြုပုံ

နံ့သာတုံး၊ နံ့သာခဲများသည် အတူတူ ထုံထားသော အဝတ်တန်ဆာတို့အား ပို၍ မွှေးကြိုင်စေရန် ကျေးဇူးပြုသကဲ့သို့၊ ကျမ်းဂန်စာပေတို့ ရှေးရှေးသင်ယူမှုသည် နောက်နောက်သင်ယူမှုအား လွယ်ကူအောင် ပို၍ တတ်သိလာအောင် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးကုသိုလ်၊ အကုသိုလ်၊ ကိရိယာဇောစိတ်များသည် နောက်နောက်ဖြစ်ပေါ်သော ကုသိုလ်၊ အကုသိုလ်၊ ကိရိယာဇောစိတ်များအား ဂုဏ်သတ္တိသာလွန်ရန်၊ အားကောင်းလာရန် အကြိမ်ကြိမ် ထုံမွမ်းသောအားဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

### အာသေဝန

MA ဦးဇင်း ~ အာသေဝနပစ္စယောနဲ့ “အသေဝနာ စ ဗာလာနံ”လို့ ဖတ်ဖူးပါတယ်။ ဒီ အာသေဝနနှစ်ခု ဘယ်လိုကွာခြားပါသလဲဘုရား။

ဆရာတော် ~ မင်္ဂလသုတ်ထဲက အသေဝနက မပေါင်းသင်းရဘူးလို့ ဆိုလိုပါတယ်။ ဒီပဋ္ဌာန်းထဲက အာသေဝနက အထပ်ထပ် ထုံမွမ်းတာလို့ အဓိပ္ပာယ်ရပါတယ်။

MA ဦးဇင်း ~ အင်္ဂလိပ်လိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ပဋ္ဌာန်းထဲက အာသေဝနကို အင်္ဂလိပ်လို ဘာသာပြန်ရရင် Repetition. Doing something again and again လို့ပြန်ရပါတယ်။ မဂ်လသုတ်ထဲက "အသေဝနာ စ ဗာလာနံ" ကို ဘာသာပြန်ရင် Not associated လို့ ရမယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ပဋ္ဌာန်းထဲက Doing something again and again ကို ဥပမာနဲ့လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ စာထဲမှာလည်း ဥပမာတွေ ပေးထားပါတယ်။ နွေကာလပူပူကြီးမှာ ရေဖလားနဲ့ ရေလောင်းချိုးတယ်ဆိုပါစို့။ တစ်ဖလားလောင်းတယ် မအေးသေးဘူးနော်။ နှစ်ဖလားလောင်းတယ် မအေးလာသေးဘူး။ သုံးဖလား၊ လေးဖလား၊ ငါးဖလား ဆက်တိုက် လောင်းပေးတော့မှ ခန္ဓာကိုယ်ကြီးက တဖြည်းဖြည်း အေးအေးလာသလိုပါပဲ။ အာသေဝနကလည်း ဒီသဘောပါပဲ။

MA ဦးဇင်း ~ မှန်ပါ၊ ဒါကြောင့် Doing something again and again လို့ ဆိုတာ နားလည်သဘောပေါက်ပါပြီဘုရား။

ဆရာတော် ~ ဒီမှာအရေးကြီးတာက "ရှေ့ရေက ခန္ဓာကိုယ်အေးလာဖို့ နောက်ရေကို ကျေးဇူးပြုနေတယ်"နော်၊ တစ်နည်းပြောရရင် ရေတစ်ဖလားပြီး တစ်ဖလားလောင်းပေးတဲ့အတွက် ရှေ့ရေက နောက်ရေကို ခန္ဓာကိုယ်ကြီးအေးလာအောင် လုပ်ပေးနေတာပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဆရာတော်သင်ပေးထားတဲ့ "ဖြစ်စေ တည်စေ၊ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု"ကို မမေ့သေးပါဘုရား။

## ဇောစိတ်အကြောင်း

ဆရာတော် ~ ကောင်းပါပြီ။

MA ဦးဇင်း ~ မှန်ပါဘုရား၊ အာသေဝနပစ္စယောကို သေသေချာချာနားလည်ဖို့ ဇောစိတ်ရဲ့ အကြောင်းကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဇောစိတ်အကြောင်း ဘာကိုသိချင်တာပါလဲ ဦးဇင်း။

MA ဦးဇင်း ~ ဇောဆိုတာ ပါဠိစကားပါလားဘုရား။

ဆရာတော် ~ မူလပါဠိကတော့ 'ဇဝန' ဖြစ်ပါတယ်။ မြန်မာမှာက ဇောလို့ခေါ်တာပါ။ ဇဝနနဲ့ ဇောက အတူတူပါပဲ။ အရှိန်အဟုန်လို့ အဓိပ္ပာယ်ရတယ်။ သူက အရှိန်အဟုန်ပြင်းလွန်းလို့ အာရုံပေါ်မှာတည်ပြီး ၇ ကြိမ်လောက် ဖြစ်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဒီဇောနဲ့ပတ်သက်လို့ ရှေးကဆရာတော်ကြီးများက 'လျင်မြန်တယ်'လို့ အဓိပ္ပာယ် ဖွင့်ဆိုတော်မူခဲ့ဖူးတယ်။ ဒါကို လယ်တီဆရာတော်ကြီးက လျင်မြန်တဲ့ အဓိပ္ပာယ်ကို နှစ်သက်တော်မမူဘူး၊ ဒါကြောင့် ဆရာတော်ကြီးရဲ့ ပရမတ္ထဒီပနီကျမ်းမှာ "လျင်မြန်တယ်' ဆိုတဲ့ အဓိပ္ပာယ်မဟုတ်ဘူး၊ ဇောဆိုတာ 'အရှိန်အဟုန်' လို့ ပြတော်မူဖူးပါတယ်။

MA ဦးဇင်း ~ မှန်ပါ။ ဇောက ဘယ်နှစ်မျိုးများ ရှိတာပါလဲဘုရား။

## အာသေဝနက မျိုးတူမှ ကျေးဇူးပြုပါသည်

ဆရာတော် ~ အမျိုးအစားအနေနဲ့ပြောရရင် သုံးမျိုး ပြောလို့ရပါတယ်။ ကုသိုလ်ဇော၊ အကုသိုလ်ဇောနဲ့ ကြိယာဇောတွေပါပဲ။

MA ဦးဇင်း ~ မှန်ပါ။ အာသေဝနပစ္စယောကို ဇောစိတ်နဲ့ လေ့လာရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း။ အာသေဝနပစ္စည်းရဲ့ ထူးခြားချက်တစ်ခုက အမျိုးချင်းတူမှ သူကကျေးဇူးပြုတယ်နော်။

MA ဦးဇင်း ~ ဘယ်လိုအမျိုးပါလဲဘုရား။

ဆရာတော် ~ ဆိုပါစို့၊ ရှေးရှေးဇောက ကုသိုလ်ဇောဆိုရင် နောက်ကလည်း ကုသိုလ်ဇောဖြစ်မှ သူကကျေးဇူးပြုတယ်။

MA ဦးဇင်း ~ ဒါဆိုရင် ရှေးရှေးအကုသိုလ်ဇောဆိုရင် နောက်ကလည်း အကုသိုလ်ဇောဖြစ်မှပဲ သူက ကျေးဇူးပြုမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ အာသေဝနကို အလွတ်ရတယ် မဟုတ်ဘူးလား၊ ဆိုကြည့်ပါလား ဦးဇင်း။

MA ဦးဇင်း ~ ရပါတယ်ဘုရား။ "*အာသေဝနပစ္စယောတိ၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော*" ပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒီမှာကြည့်ရအောင် "ရှေးရှေး ကုသိုလ်ဇောစိတ်က နောက်နောက် ကုသိုလ်ဇောစိတ်ကို အာသေဝနပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်။ ရှေးရှေးအကုသိုလ် ဇောစိတ်က နောက်နောက် အကုသိုလ်ဇောစိတ်ကို အာသေဝနပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်။ ရှေးရှေးကိရိယာဇောစိတ်က နောက်နောက်ကိရိယာဇောစိတ်ကို အာသေဝနပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ ဒါမျိုးကို အမျိုးတူတယ် ခေါ်တာပါလားဘုရား။

## အမျိုးတူမှ ကျေးဇူးပြု

ဆရာတော် ~ ဟုတ်ပါတယ်။ အမျိုးတူမှ၊ သဘာဝတူမှ သူကကျေးဇူးပြုတာပါ။
MA ဦးဇင်း ~ အမျိုးမတူဘဲ ကျေးဇူးပြုတာလည်း ရှိလို့လားဘုရား။
ဆရာတော် ~ ရှိတယ်၊ ရှိပါတယ်။ ပါဠိလို ကြည့်ရအောင်နော်။
MA ဦးဇင်း ~ ဘယ်ပစ္စည်းပါလဲဘုရား။
ဆရာတော် ~ အနန္တရပစ္စည်းကို အရင်ကြည့်ရအောင်နော်။ ဦးဇင်း ပုရိမာ၊ ပုရိမာ ပါဠိ ဆိုကြည့်ပါဦးလား။
MA ဦးဇင်း ~ မှန်ပါ။ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"။
ဆရာတော် ~ သူက အာသေဝနနဲ့တူသေးသလား။
MA ဦးဇင်း ~ မတူတော့ဘူးဘုရား။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသလို၊ ကုသိုလ်က အဗျာကတကိုပါ ကျေးဇူးပြုတာပါ။
ဆရာတော် ~ အကုသိုလ်ကို ဆက်ကြည့်ပါဦးဘုရား။
MA ဦးဇင်း ~ တင်ပါဘုရား။ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"
ဆရာတော် ~ အာသေဝနမှာ အကုသိုလ်က အကုသိုလ်ကိုပဲ ကျေးဇူးပြုပါသော်လည်း ဒီမှာက အဗျာကတ ပါလာတယ်နော်။
MA ဦးဇင်း ~ မှန်ပါဘုရား။ အဗျာကတကို ပူဇော်ရမလားဘုရား။
ဆရာတော် ~ ကောင်းတယ်။
MA ဦးဇင်း ~ "ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"
MA ဦးဇင်း ~ အဗျာကတမှာက သုံးမျိုးစလုံး ရနေတယ်။ သတိထားမိရဲ့လား ဦးဇင်း။
MA ဦးဇင်း ~ သတိပြုမိပါတယ်ဘုရား။ အဗျာကတက အဗျာကတကို ကျေးဇူးပြုတယ်။ အဗျာကတက ကုသိုလ်ကိုကျေးဇူးပြုတယ်။ အဗျာကတက အကုသိုလ်ကို ကျေးဇူးပြုပါတယ်ဘုရား။
ဆရာတော် ~ ဟုတ်ပြီနော်။ ဒီအာသေဝန၊ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိနဲ့ ဝိဂတတို့က Mind to Mind ကျေးဇူးပြုတာမှာ ကွာခြားချက်တစ်ခုက အာသေဝနမှာ

ကုသိုလ်ဇောက ကုသိုလ်ဇောကိုပဲ ကျေးဇူးပြုပြီး၊ အကုသိုလ်ဇောကလည်း အကုသိုလ်ဇောကိုပဲ ကျေးဇူးပြုတယ်၊ အဗျာကတကလည်း ထိုနည်းအတူ သူနဲ့ မျိုးတူကိုပဲ ကျေးဇူးပြုပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဒါကြောင့် အာသေဝနပစ္စည်းမှာ "ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ"လို့ မပြတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အာသေဝနမှာ "အကုသလောဓမ္မော ကုသလဿဓမ္မဿ"ကိုလည်း မတွေ့ရသလို အကုသလောမှာ အဗျာကတလည်း မတွေ့ရတာပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ စိတ်ဝင်စားပါတယ်ဘုရား။ မှတ်သားထားပါမယ်ဘုရား။

## ပထမဇောကြဉ်၊ သတ္တမဇောကြဉ်

MA ဦးဇင်း ~ ပဋ္ဌာန်းမှာ အာသေဝနကိုဖတ်ရင် ပထမဇောကြဉ်တယ်တို့၊ သတ္တမဇော ကြဉ်တယ်တို့ ဖတ်ရပါတယ်။ အာသေဝနမှာ ဘာကြောင့် ကြဉ်ရတာပါလဲဘုရား။

ဆရာတော် ~ ဒါက မေးသင့်တဲ့ မေးခွန်းတစ်ခုပါ ဦးဇင်း။ ဒါဆိုရင် ဝီထိအစဉ်ကို ကြည့်ရအောင်၊ မှတ်မိသေးတယ်နော်။

MA ဦးဇင်း ~ မှတ်မိပါတယ်ဘုရား။

ဆရာတော် ~ ဝီထိအစဉ်ကို မမှတ်မိဘဲနဲ့တော့ ဒီအာသေဝန၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတတွေကို နားလည်မှာ မဟုတ်ဘူး။ ဖတ်လေ ခေါင်းမူးလေ ဖြစ်တော့မှာ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် ဝီထိအစဉ် အပိုင်ကျက်ထားပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ဒါဆိုရင် ပထမဇောရဲ့ရှေ့မှာ ဘာရှိသလဲ၊ သတ္တမဇောရဲ့ နောက်မှာ ဘာရှိသလဲ စိတ်ထဲပေါ်ပြီလား။

MA ဦးဇင်း ~ ပေါ်ပါပြီဘုရား။ တပည့်တော် လျှောက်ပါ့မယ်။ "ဝုဋ္ဌော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ တဒါရုံ"ပါဘုရား။

ဆရာတော် ~ တော်တယ်။ ဟုတ်ပြီ။ သင်ပြီးသားစာကို အခုလိုရနေမှ ရှေ့ဆက် နားလည်နိုင်တာပါ။ ဦးဇင်းရဲ့မေးခွန်း ဖြေတော့မယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ပထမဇောရှေ့က ဝုဋ္ဌောက အဗျာကဖြစ်လို့ ဇာတ်မတူဘူး။ သတ္တမဇော နောက်က တဒါရုံကလည်း သတ္တမဇောနဲ့ ဇာတ်ချင်းမတူဘူး။ ဘာကြောင့်လဲ ဆိုရင် ဝုဋ္ဌောက အဗျာကတဖြစ်နေလို့ပါ။

MA ဦးဇင်း ~ သတိရပါပြီဘုရား။ ဇောနဲ့ အမျိုးဇာတ်ချင်း မတူတော့ဘူး။

ဆရာတော် ~ ဟုတ်ပြီ။ ဟုတ်နေပြီ။ အဗျာကတနဲ့ ဇောက အမျိုးမတူလို့မို့ ကျေးဇူးမပြုဘူးလေ။ ဒါကြောင့် ပထမဇောကြဉ်သော နောက်နောက်ဇောလို့ လာသလို၊ သတ္တမဇော ကြဉ်သော ရှေးရှေးသောဇောလို့ စာမှာလာတာပါ။

MA ဦးဇင်း ~ နားလည်ပါပြီဘုရား။ အလယ်ဇောငါးပါးကတော့ ကျေးဇူးပြုမှာပါဘုရား။

ဆရာတော် ~ ပထမဇောက ဒုတိယဇောကို ကျေးဇူးပြုသေးတယ်လေ။ ဆဋ္ဌမဇောကလည်း သတ္တမဇောကို ကျေးဇူးပြုပါသေးတယ် ဦးဇင်း။ ပထမဇောက အကြောင်းခံမှ ဖြစ်လို့ရတယ်။ သတ္တမဇောက အကြောင်းခံမှဖြစ်လို့ မရတော့ဘူး။

MA ဦးဇင်း ~ မြင်ပါပြီဘုရား။ သူတို့ရှေ့နဲ့နောက်မှာက အဗျာကတတွေ ရှိနေလို့ပါဘုရား။

ဆရာတော် ~ ဟုတ်ပြီဦးဇင်း။ ဟုတ်ပြီ။ ညဉ့်နက်လှပြီ၊ တော်ကြဦးစို့နော်။

## အကောင်းအဆိုး ဖန်တီးရှင်

MA ဦးဇင်း ~ ဘဝရဲ့ ကောင်းကံ၊ ဆိုးကံတွေက ဒီဇောကနေ ဖြစ်လာတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း။ ကောင်းကျိုးဆိုးကျိုး ဖန်တီးရှင်က ဇောပါပဲ။ အတီတဘဝင်က အဗျာကတနော်၊ သူက ကောင်းကျိုးလည်း မပေးနိုင်သလို ဆိုးကျိုးလည်း မပေးနိုင်ပါဘူး။

MA ဦးဇင်း ~ မှန်ပါ၊ နားလည်ပါပြီဘုရား။

ဆရာတော် ~ ဘဝင်စလနလည်း အတူတူပဲ၊ သူလည်း ကောင်းကျိုး၊ ဆိုးကျိုးမပေးနိုင်ဘူး၊ ဆက်ကြည့်ရအောင် ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌောတို့ ကလည်း ကောင်းကျိုးလည်းမပေးနိုင် ဆိုးကျိုးလည်း မပေးနိုင်ပါဘူး။

MA ဦးဇင်း ~ ဇောက ကောင်းကျိုးဆိုးကျိုး ပေးနိုင်တယ်ဆိုတာ နားလည်ပါပြီဘုရား။ သို့သော် သူက ဖြစ်တည်ပျက်၊ ဖြစ်တည်ပျက် အစဉ်ရှိနေတဲ့အတွက် ကောင်းကျိုးဆိုးကျိုးကို ဘယ်လိုများ ပေးမှာပါလဲဘုရား။ ပျက်ပျက်သွားတာ မဟုတ်ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပြီ ဦးဇင်း။ ပဋ္ဌာန်းတရားတော်ကို အခုလို စဉ်းစဉ်းစားစား လေ့လာတာ ကောင်းတယ်။ ပြောပြမယ်နော်။ ရှေးရှေးဇောက ပျက်ပျက်သွားတာ၊ ချုပ်ချုပ်သွားတာမှန်တယ်။ သို့ပါသော်လည်း သူ့မှာရှိတဲ့ အားအစွမ်းသတ္တိက ပျက်ပြယ်မသွားဘူး။ ဖြစ်တည်ပျက်၊ ဖြစ်တည်ပျက်သွားနေတဲ့ နာမသန္တတိ အစဉ်လို့ခေါ်တဲ့ Mental continuity process မှာ သတ္တိအဖြစ်နဲ့ ပါနေတယ်။

MA ဦးဇင်း ~ တပည့်တော် နားလည်သလို လျှောက်ပါ့မယ်။ မှားရင် ပြင်ပေးတော်မူပါဘုရား။

ဆရာတော် ~ လျှောက်မှာသာ လျှောက်ပါလေ။

MA ဦးဇင်း ~ တပည့်တော်ရဲ့ သူငယ်ချင်းတွေက ပဋ္ဌာန်းတရားအကြောင်း စိတ်မဝင်စားကြဘူး၊ သူတို့ လေ့လာရမှာခက်တဲ့အတွက် ကြောက်တယ်လို့ ပြောကြတယ်ဘုရား၊ တပည့်တော်က ပဋ္ဌာန်းတရားဆိုတာ ဘယ်လောက်ကြီး ခက်နေပါစေ စိတ်ဝင်စားတယ်ဘုရား။ အဲ့ဒါကို ပြောတာပါလားဘုရား။

## Potential energy

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်ပါတယ် ဦးဇင်း။ ဘဝါဘဝကပါလာတဲ့ သတ္တိကြောင့် ဘယ်လောက်ကြီး ခက်နေပါစေ သိချင်နေတယ်။ ဒါကို အင်္ဂလိပ်လို Potential energy လို့ ခေါ်လို့ရပါတယ်။

MA ဦးဇင်း ~ ဒါဆိုရင် တပည့်တော် အတိတ်ဘဝတွေမှာ ပဋ္ဌာန်းတရားကို လေ့လာသင်ယူခဲ့တဲ့အတွက် အခုဘဝမှာ ဆက်ပြီးသိချင်နေတာ Potential energy ကြောင့်လို့ ပြောရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့ ဦးဇင်း။ ဆက်ပြီး စဉ်းစားကြည့်ရအောင်၊ ပဋ္ဌာန်းတရားတော်ဆိုတာ ဘုရားပွင့်မှသိရတာလေ၊ ဒီတော့ ဦးဇင်းက ဘုရားသာသနာတော်နဲ့ ကြုံခဲ့လို့ ပဋ္ဌာန်းတရားရဲ့ မျိုးစေ့ပါလာတာလေ။

MA ဦးဇင်း ~ ဟုတ်ပြီ။ နားလည်ပြီဘုရား။ ဒါဆိုရင် ဘာမှပျော်စရာမရှိတဲ့ အခုလို တောထဲနေရတဲ့ ရဟန်းကောင်းဘဝကို ချစ်မြတ်နိုးနေတာလည်း အဲဒီ Potential energy ကြောင့်လို့ပဲ ဖြစ်ရမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အခုလို ဝိနည်းတွေ၊ ဓုတင်တွေကို မပင်မပန်း ကျင့်နေနိုင်တာလည်း အတိတ်ဘဝတစ်ခုခုတုန်းက ဘုရားရှင်သာသနာမှာ ရဟန်းပြုခဲ့လို့၊ ဓုတင်ဆောင်ခဲ့လို့ပါ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် အတိတ်ဘဝအကြောင်း အခုလို သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ ဒီဘဝ ရဟန်းကောင်းအဖြစ် နေပါ့မယ်ဘုရား။

ဆရာတော် ~ သာဓု၊ သာဓု၊ သာဓုပါဘုရား။

## အကြောင်းတရားနှင့် အကျိုးတရား

MA ဦးဇင်း ~ ပဋ္ဌာန်းက အကြောင်းအကျိုးတရားလို့ သိထားပါတယ်၊ အခု အာသေဝနပစ္စည်းမှာလည်း အကြောင်းတရားနဲ့ အကျိုးတရားကို သိချင်ပါတယ်ဘုရား။

ဆရာတော် ~ အာသေဝနမှာ အကြောင်းအကျိုးယူပုံက တခြားပစ္စည်းနဲ့ မတူဘူး။ အမျိုးဇာတ်တူရမယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ သဘာဝချင်းတူတဲ့ ဇောစိတ်က နောက်နောက်ဇောစိတ်တွေကို ကျေးဇူးပြုတယ်။ ကုသိုလ်ဇောက ကုသိုလ်ဇောကို ကျေးဇူးပြုတယ်။ အကုသိုလ်ဇောကလည်း အကုသိုလ်ဇောကို ကျေးဇူးပြုပါတယ်။

MA ဦးဇင်း ~ မှတ်မိပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒါဆိုရင် ဆက်ပြောပြဦးမယ်နော်။ ပထမဇောက အကြောင်းဆိုရင် ဒုတိယဇောက အကျိုးဖြစ်သွားတယ်။ ဒုတိယဇောကအကြောင်း တတိယ ဇောက အကျိုးဖြစ်သွားတယ်။

MA ဦးဇင်း ~ မှန်ပါ။ ဒါဆို ရပြီဘုရား။ တတိယဇောက အကြောင်းဆိုရင် စတုတ္ထဇောက အကျိုးပါဘုရား။ စတုတ္ထဇောကအကြောင်း၊ ပဉ္စမဇောက အကျိုး။ ပဉ္စမဇောက အကြောင်း၊ ဆဋ္ဌမဇောက အကျိုးပါဘုရား။ ဆဋ္ဌမဇောက အကြောင်းဖြစ်ရင် သတ္တမဇောက အကျိုးပါဘုရား။ သတ္တမဇောက အကြောင်းဆိုရင်--။

ဆရာတော် ~ နေဦး။ နေဦး ဦးဇင်း။ သတ္တမဇောနောက် တဒါရုံက အမျိုးမတူတော့ဘူးလေ။

MA ဦးဇင်း ~ သတိရပါပြီဘုရား။ တဒါရုံက အဗျာကတဖြစ်တဲ့အတွက် အာသေဝနပစ္စည်းမှာ သတ္တမဇောက အကြောင်းဖြစ်ခွင့် မရှိတော့ပါဘူး။ တပည့်တော်လျှောက်တာ မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်တယ် ဦးဇင်း။ ဟုတ်တယ်။ မှန်တယ်။

## ကံအကျိုးပေးပုံ

MA ဦးဇင်း ~ တပည့်တော် ကံရဲ့အကျိုးပေးပုံကို သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ။ ပထမဇောထက် ဒုတိယဇော၊ ဒုတိယဇောစိတ်ထက် တတိယဇော စိတ်တို့က ပို၍ ပို၍ အားကောင်းလာကြတာကို သတိပြုကြည့်နော်။ စတုတ္ထဇော ထိအောင် အရှိန်အဟုန် မြင့်တက်လာတယ်။ နောက်ဆုံး သတ္တမဇောမှာ အဆုံး သတ်သွားတယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ မြင်ပါပြီဘုရား။ ဒီဇောက ဘယ်ဘဝမှာ ဘယ်လိုများအကျိုးပေးမှာ ပါလဲဘုရား။

ဆရာတော် ~ သူ့ရဲ့သဘောသဘာဝ ကြည့်ရအောင်၊ ပထမဇောက အာသေဝနပစ္စည်းရဲ့ ကျေးဇူးပြုခြင်းကို မခံရဘူး၊ ဒါကြောင့် သူက အားအနည်းဆုံး ဖြစ်ပါတယ်။

MA ဦးဇင်း ~ နားလည်ပါပြီဘုရား။ ပထမဇာက အကြောင်းတရားပဲရတယ်။ အကျိုးတရား နေရာမှာ မရှိပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ အဲသလိုပဲ သတ္တမဇောကလည်း အကျိုးတရားပဲရမယ်။ အရှိန်ကုန် သွားပြီ။ သို့ပါသော်လည်း အာသေဝနရဲ့ ကျေးဇူးပြုတာကိုခံရလို့ ပထမဇော ထက်တော့ အင်အားရှိပါတယ်။

MA ဦးဇင်း ~ ဘယ်လိုအင်အားရှိတာလဲဘုရား။

ဆရာတော် ~ ပထမဇောစိတ်မှာဖြစ်တဲ့ ကုသိုလ်၊ အကုသိုလ် စေတနာတွေက မျက်မှောက်ဘဝ၊ ဒီဘဝမှာသာ အကျိုးပေးနိုင်တယ်။ သူ့ကို ဒိဋ္ဌဓမ္မဝေဒနီယကံလို့ ခေါ်တယ်။ ဒီဘဝ အကျိုးပေးခွင့်မရတော့ရင် အဟောသိကံတဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ရပြီနော်။ ဆက်ပြောမယ်နော်။ ပထမဇောထက် အားကောင်းတဲ့ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးနိုင်တယ်။ သူ့ကို ဥပပဇ္ဇဝေဒနီယကံလို့ခေါ်တယ်။

MA ဦးဇင်း ~ နောက် ဒုတိယဘဝမှာ အကျိုးပေးခွင့်မရရင် အဟောသိကံပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့။ ဆက်ကြည့်ရအောင်၊ ဘာကျန်သေးသလဲဆိုတော့။

MA ဦးဇင်း ~ ပထမဇောနဲ့ သတ္တမဇောပဲ ပြီးသေးတယ်ဘုရား။ အလယ်ဇောငါးပါး ကျန်နေပါသေးတယ်။

ဆရာတော် ~ ဟုတ်ပါပြီ။ အလယ်ဇောငါးပါးက အစဦးဖြစ်တဲ့ ပထမဇောနဲ့ နောက်ဆုံးဖြစ်တဲ့ သတ္တမဇောတို့ထက် ပိုလို့ အားကောင်းတယ်။ ဒါကြောင့် အလယ်ဇောငါးပါးက တတိယဘဝကနေစပြီး သံသရာဘဝအဆက်ဆက်တိုင်အောင် အကျိုးပေးနိုင်ပါတယ်။ သူ့ကိုတော့ အပရာပရိယ ဝေဒနီယကံလို့ ခေါ်ပါတယ်။

MA ဦးဇင်း ~ သူ့မှာ အဟောသိကံ မရှိတော့ဘူးလားဘုရား။

ဆရာတော် ~ အကျိုးပေးခွင့်ရှိတဲ့ ဒီရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး အစုအဝေးကြီးမရှိတော့ရင် အကျိုးပေးမဲ့ကံတွေ အဟောသိကံဖြစ်မှာပါ ဦးဇင်း။

MA ဦးဇင်း ~ ဘယ်အချိန်မှာပါလဲဘုရား။

ဆရာတော် ~ အနုပါဒိသေသ ပရိနိဗ္ဗာန်စံဝင်ရင် ကံတွေ အကျိုးပေးစရာ မရှိတော့ဘူးပေါ့ဘုရား။

MA ဦးဇင်း ~ သာဓု၊ သာဓု၊ သာဓုပါဘုရား။

## အဖန်ဖန် ထုံမွမ်းထားသည့်စိတ် (၁)

MA ဦးဇင်း ~ တပည့်တော် တွေးနေမိတာလေးတစ်ခုက စိတ်ကိုအခုလို Repetative codition အရ Doing something again and again လိုမျိုး အာသေဝနနဲ့ ထုံမွမ်းထားရင် အရေးကြီးတဲ့အခါ ထုံမွမ်းနေတဲ့စိတ်တွေကပဲ ထွက်လာမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ~ စဉ်းစားမိတာ ကောင်းပါတယ်။ ဒါကို အောက်စ်ဖို့ဒ်ဆရာတော်ရဲ့ ကိုယ်တွေ့နဲ့ ပြောပြမယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဆရာတော်ကြီးက ချော်လဲတဲ့အတွက် ခြေထောက်ကိုခွဲစိတ်ပြီး စတီးချောင်းထည့်ရမဲ့အခြေအနေကို ရောက်တယ်တဲ့။

MA ဦးဇင်း ~ ဒါဆိုရင် ဆေးရုံမှာ ခွဲစိတ်ခန်းဝင်ရမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဆရာတော်က အမြဲ မေတ္တာကမ္မဋ္ဌာန်း၊ ကရုဏာကမ္မဋ္ဌာန်း၊ မုဒိတာ ကမ္မဋ္ဌာန်းတွေကို ကျင့်တော်မူတယ်။ ဆိုလိုတာက စိတ်ကို အဲသလိုကမ္မဋ္ဌာန်းနဲ့ ထုံမွမ်းထားတော်မူတယ်။

MA ဦးဇင်း ~ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ရင်း ခွဲခန်းဝင်တော်မူတယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဆရာတော့်စာအုပ်ထဲ ဖတ်ဖူးတာတော့ ဘာဝနာကမ္မဋ္ဌာန်းရှုပွားရင်း မေ့ဆေးကြောင့် မေ့သွားတယ်တဲ့။ ခွဲခန်းကနေ ထွက်လာပြီး သတိရလာတာနဲ့ ဆရာတော်ကြီး ပထမဦးဆုံး ဘာပြောသလဲဆိုရင် “ခွဲခန်းထဲကို ပြန်ပို့ပေးကြပါ”တဲ့။

MA ဦးဇင်း ~ ဘာဖြစ်လို့လဲဘုရား။

ဆရာတော် ~ အနားမှာရှိတဲ့ ဒကာတွေက ဦးဇင်းမေးသလိုပဲ ဆရာတော်ကို မေးကြတယ်။ ဆရာတော် ဘာမိန့်သလဲဆိုရင် ဆေးရုံခွဲစိတ်ခန်းထဲက ဆရာဝန်တွေ၊ သူနာပြု တွေကို Thank you မပြောရသေးလို့ပါတဲ့။

MA ဦးဇင်း ~ ဆရာတော်ကြီးရဲ့စိတ်က သူတစ်ပါးရဲ့ ကျေးဇူးတရားကို သိတတ်တဲ့စိတ်က ထုံမွမ်းနေတဲ့အတွက် အခုလို မိန့်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း။

MA ဦးဇင်း ~ စိတ်ဝင်စားစရာပါဘုရား။ နောက်ထပ် အခုလိုသိစရာများ ရှိသေးရင်သိပါရ စေဘုရား။

## အဖန်ဖန် ထုံမွမ်းထားသည့်စိတ် (၂)

ဆရာတော် ~ နောက်တစ်ခုကတော့ ဘုန်းကြီးကိုယ်တိုင် ကြုံခဲ့တာကို ပြောပြပါမယ်။

MA ဦးဇင်း ~ ဆေးရုံတက်တဲ့ အတွေ့အကြုံပါလားဘုရား။

ဆရာတော် ~ ဆေးရုံတက်တာတော့ မဟုတ်ပါဘူး၊ ဆေးရုံမှာဖြစ်ခဲ့တဲ့ အတွေ့အကြုံပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ သိပါရစေဘုရား။

ဆရာတော် ~ နေပြည်တော် ဇမ္ဗူသီရိဆေးရုံမှာ အစာအိမ်မှန်ပြောင်းကြည့်ဖို့ ရှိလာတယ်။ ဆရာဝန်က မှန်ပြောင်းကို ပါးစပ်ထဲ မထည့်သေးခင် ဆေးတစ်လုံး ထိုးပေးတယ်။ “ဒီဆေးကြောင့် နည်းနည်းလေး မှိန်းပါလိမ့်မယ်ဘုရား”လို့လျှောက်တယ်။ တကယ်တန်းကျတော့ နည်းနည်းမကဘူး တော်တော်ကြီးကို အိပ်ပျော်သွားတာ ထင်တယ်။

MA ဦးဇင်း ~ ဘာမှမသိတော့တာပါလားဘုရား။

ဆရာတော် ~ နောက်ဆုံး သိလိုက်တာက ဆရာဝန်လက်ထဲက မှန်ပြောင်းနဲ့ သူ့လက်ထဲက နာရီကြည့်မိတာ မနက်ခုနစ်နာရီတိတိရှိပြီ။ နောက်ပိုင်း ဘာမှမသိတော့ဘူး။

နိုးလာတဲ့အခါမှ အခန်းထဲက နာရီကိုကြည့်တော့ ကိုးနာရီထိုးနေတယ်။ ၂ နာရီ လုံးလုံး ဘာဖြစ်မှန်းမသိတော့ဘူး။ ဒီကနေ့အထိ စဉ်းစားလို့မရတော့ဘူး။

MA ဦးဇင်း ~ ဘာတွေများ ထူးထူးခြားခြား ဖြစ်သွားလို့ပါလဲဘုရား။

ဆရာတော် ~ အစာအိမ်မှန်ပြောင်းကြည့်မယ့် ခုတင်ပေါ်ကို ဘုန်းကြီးကိုယ်တိုင် သားရေနယ် ခင်းပြီး လှဲအိပ်ခဲ့ပါတယ်။ နိုးလာတဲ့အခါမှာတော့ ခုနကအခန်းလည်း မဟုတ်တော့ဘူး။ ခုန ခုတင်လည်းမဟုတ်တော့ဘူး။

MA ဦးဇင်း ~ အခင်းသားရေနယ်လည်း မရှိတော့ဘူးလားဘုရား။

ဆရာတော် ~ သားရေနယ်ခင်းထားတဲ့ ခုတင်ပေါ်က နိုးလာတာလေ။ ဒီနေရာကို ဘယ်လို လုပ်ရောက်လာတာလဲဆိုတာကို စဉ်းစားလို့မရတာနဲ့ ကပ္ပိယကျောင်းသားကို မေးကြည့်တယ်။ ကျောင်းသားက အံ့သြပြီး ပြန်မေးတယ် "အရှင်ဘုရား မသိဘူးလား"တဲ့၊ "ဘုန်းကြီး လုံးလုံးကိုမသိဘူး၊ ဘယ်လိုလုပ် ဒီအခန်းထဲကို ရောက်လာတာလဲ" လို့ မေးကြည့်တော့မှ သူတို့ အခုလိုပြောပြကြတယ် ဦးဇင်း။

MA ဦးဇင်း ~ ဘယ်လိုပြောပြသလဲဘုရား။

ဆရာတော် ~ သူတို့ပြောတာက "အစာအိမ်မှန်ပြောင်း ကြည့်ပြီးတဲ့အခါမှာ တပည့်တော်တို့က ထမ်းပြီးတော့ ဘီးတပ်ထားတဲ့ တွန်းလှည်းပေါ်တင်ဖို့ ပြင်ဆင်နေတုန်းမှာ အရှင်ဘုရားက ထထိုင်ပါတယ်။ ပြီးတော့ သားရေနယ်ကို လက်တစ်ဖက်နဲ့ကိုင်ပြီး ဒရွတ်တိုက်ရွှေ့ပြီး ဘီးတပ်တွန်းလှည်းပေါ်ကိုရောက်တာကြောင့် တပည့်တော်တို့ ဘာမှ မလုပ်လိုက်ရဘူး"တဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဒါနဲ့ အခုဒီခုတင်ပေါ်ကို ဘယ်လိုလုပ်ရောက်တာလဲလို့ မေးကြည့်တော့ "အရှင်ဘုရား မသိဘူးလား"တဲ့၊ မသိဘူးလို့ ပြောလိုက်တဲ့အခါမှာ ကပ္ပိယကျောင်းသားက "ဘီးတပ်တွန်းလှည်းကနေ ခုတင်ပေါ်ကိုရွှေ့ဖို့ရာ ထမ်းမယ်လုပ်နေတုန်းမှာပဲ အရှင်ဘုရားက ထထိုင်ပါတယ်၊ ပြီးတော့ သားရေနယ်ကို ဆုပ်ကိုင်ပြီး ခုတင်ပေါ်ကို ရွှေ့မယ်လုပ်နေတုန်း တွန်းလှည်း နည်းနည်း ကွာနေလို့ တပည့်တော်တို့ဘက်ကိုကြည့်ပြီး လက်ဟန်နဲ့ တွန်းလှည်းကို ကပ်ခိုင်းပါတယ်။ အဲဒီအချိန်မှာ မှန်ပြောင်းကြည့်ပေးတဲ့ ဆရာဝန်ရောက်လာလို့ ဆရာဝန်ကို နှုတ်ဆက်လိုက်ပါသေးတယ်၊ အရှင်ဘုရား သိတယ်ထင်နေတာ" လို့ လျှောက်တယ်။ ဒီကနေ့အချိန်ထိ စဉ်းစားလို့မရဘူး။

MA ဦးဇင်း ~ ဝိနည်းအရ သားရေနယ်က အရေးကြီးလို့မို့ ဘယ်နေရာရောက်ရောက် ဆွဲယူတာပါလားဘုရား။

ဆရာတော် ~ ဟုတ်လိမ့်မယ်ထင်တယ်။ သို့သော် အဲဒီချိန်မှာ ဘုန်းကြီးက သိလျက်၊ သတိရလျက် ဝိနည်းအရ ဆွဲယူတာတော့မဟုတ်ဘူး ဦးဇင်း။

MA ဦးဇင်း ~ ဒါဆိုရင်ဝိနည်းပေါ်မှာ အထပ်ထပ် ထုံမွမ်းထားတဲ့ အာသေဝနသတ္တိလို့ပြောရင် ရမယ်ထင်ပါတယ်ဘုရား။ Doing something again and again. ဆိုသလို၊ ရဟန်းတစ်သက် စောင့်ထိန်းထားတဲ့သီလက မနိုး၊ တနိုး မသိတသိအချိန်မှာ တောင် ဝင်လာပြီး အလုပ်လုပ်တာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါလိမ့်မယ် ထင်ပါတယ်။

MA ဦးဇင်း ~ အောက်စ်ဖို့ဒ်ဆရာတော်ရဲ့ ကိုယ်တွေ့ဖြစ်စဉ်နဲ့ တော်တော်ကြီးတူနေတာ စိတ်ဝင်စားစရာပါပဲဘုရား။ အထပ်ထပ် ထုံမွမ်းထားတဲ့ သတ္တိကဘဝရဲ့ နောက်ဆုံးအချိန်မှာလည်း မသိစိတ်ကနေ ဝင်ပြီး အလုပ်လုပ်ပေးမယ်လို့ ထင်ပါတယ်ဘုရား။ အကယ်၍ မကောင်းတာတွေနဲ့ စိတ်ကို ထုံမွမ်းထားရင်လည်း မကောင်းတဲ့ စိတ်ကပဲ လွှမ်းမိုးလာမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါလိမ့်မယ်။ ဒီကနေ့က တပေါင်းလပြည့်နေ့ ဥပုသ်နေ့၊ သိမ်ထဲသွားပြီး ဥပုသ်ပြုကြစို့ ဦးဇင်း။

**ဆုတောင်း**

**"ရှေးရှေးနံ့သာကို သာလွန်မွှေးအောင် ထပ်ခါထပ်ခါ ထုံမွမ်းသကဲ့သို့**
**လူသားတို့၏ သန္တာန်၌လည်း**
**မကောင်းသော အကုသိုလ်တရားတို့ အဖန်တလဲလဲ မထုံမွမ်းဘဲ**
**ကောင်းမွန်သော ကုသိုလ်တရားတို့ကိုသာ အဖန်တလဲလဲ ထုံမွမ်းနိုင်ကြပါစေ"**

## ၁၃ – ကမ္မပစ္စယော

## Kamma Paccayo *(Khamma condition)*

## စေ့ဆော်ခြင်းသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း



### ကမ္မပစ္စည်း၏ကျေးဇူးပြုပုံ

ကမ္မပစ္စည်းကို ရှေးဆရာမြတ်များက သစ်ပင်တစ်ပင်၏ အခြေခံဖြစ်သည့် မျိုးစေ့နှင့် ဥပမာပေးတော်မူကြပါသည်။ ပရမတ္ထသရူပဘေဒနီကျမ်းပြု ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံဆရာတော်က "သစ်ပင်တို့အား မျိုးစေ့လားသို့"ဟု မိန့်တော်မူပါသည်။ သစ်ပင်များ၏ မျိုးစေ့တို့သည် ဆိုင်ရာအပင်ပေါက်လာအောင် ကျေးဇူးပြုသကဲ့သို့ ဖြစ်ဆဲ သဟဇာတစေတနာ၊ ဥပါဒ်၊ ဌီ၊ ဘင် ခဏအသီးသီး၌ဖြစ်သော နာနာက္ခဏိကစေတနာတို့သည်လည်း ဆိုင်ရာရုပ်နာမ်ခန္ဓာများ စေ့ဆော်ခြင်းသဘောအားဖြင့် ဖြစ်ပေါ်လာအောင် တည်ရှိလာအောင် ကျေးဇူးပြုကြလေသည်။

### ကံနှင့် ကံ၏အကျိုး

Dr. အောင်သူသည် သကြ်န်ကာလ ရုံးပိတ်ရက်၌ ဒုလ္လဘရဟန်းဝတ်ဖြင့် တရားအားထုတ်ပါသည်။ "အသက်သိပ်မကြီးသေးခင် ရဟန်းဘဝကို နေစမ်းကြည့်ချင်တာပါဘုရား"ဟု သူ၏ရဟန်းပြုရခြင်း ရည်ရွယ်ချက်ကိုလည်း လျှောက်ပါသည်။ ရဟန်းထွက်ပြီးသော်လည်း သူ၏စိတ်ကို

ပဋ္ဌာန်းတရားတော်က အလွန်ပင် ဆွဲဆောင်ထားဟန်တူသည်။ အကြောင်းဆုံမိသည်နှင့် ပဋ္ဌာန်း အကြောင်းကိုသာ မေးလျှောက်လေ့ရှိပါသည်။

Dr. အောင်သူ ~ တပည့်တော်က ကံရဲ့အကျိုးပေးကို ယုံကြည်ပါတယ်ဘုရား။ သူငယ်ချင်းတချို့က ကံကို မယုံဘူးလို့ ပြောကြတယ်။

ဆရာတော် ~ ကံနဲ့ ကံရဲ့အကျိုးပေးကို ယုံကြည်တာနဲ့ မယုံကြည်တာတွေကြောင့် အကျိုး သက်ရောက်မှုမှာ အထူး မပြောင်းလဲပါဘူး ဒကာကြီး။

Dr. အောင်သူ ~ ကံနဲ့ ကံအကျိုးပေးဆိုတာကို Action နဲ့ Re-action လို့ယူရင် ရနိုင်ပါသလား ဘုရား။

ဆရာတော် ~ ကံကို Action လို့ယူပြီး၊ ကံရဲ့အကျိုးပေးကို Re-action လို့ယူရင် ရနိုင်ပါတယ်။ သူက law of cause and effect တွေ ဖြစ်ပါတယ်။

Dr. အောင်သူ ~ ကံကို ထူထောင်ရတာကို Action အကျိုးပေးတာက Re-action ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ကံကိုထူထောင်ရာမှာ Action ရှိတယ်၊ ကြောင့်ကြ၊ လှုံ့လစိုက် ထုတ်ရတာ ရှိတယ်၊ အခုလို ကြောင့်ကြ၊ လှုံ့လစိုက်တာကို ပါဠိစာမှာ "ဗျာပါရ" လို့ သုံးပါတယ်၊ ဗျာပါရက နှစ်မျိုးရှိတယ်။ ပုဂ္ဂလဗျာပါရနဲ့ ဓမ္မဗျာပါရတွေပါ။

Dr. အောင်သူ ~ ကံက ဘာဗျာပါရလဲဘုရား။

ဆရာတော် ~ ကံက ပုဂ္ဂလဗျာပါရ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကံကို ထူထောင်တဲ့ အခါမှာ ပုဂ္ဂိုလ် အားစိုက်မှုပါရတယ်၊ ကိုယ်ကာယနဲ့ ဖြစ်ဖြစ်၊ နှုတ်နဲ့ဖြစ်ဖြစ် လုပ်မှ၊ ပြောမှ ကံမြောက်တာလေ။

Dr. အောင်သူ ~ ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ လုပ်ရလို့ ပုဂ္ဂလဗျာပါရ ခေါ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကောင်းကံ၊ မကောင်းကံရဲ့ အကျိုးပေးဖို့ရာ မှာကျတော့ ပုဂ္ဂိုလ်အားစိုက်မှု ဘာမှကိုမပါတော့တာ။ ဒါကြောင့် သူ့ကို ဓမ္မဗျာပါရလို့ ခေါ်ပါတယ်။

## Karma, Kamma

Dr. အောင်သူ ~ ကံကို Karma လို့လည်း ဖတ်ရတယ်၊ Kamma လို့လည်း စာအုပ်တွေထဲတွေ့ ပါတယ်။ ဘယ်ဟာ အမှန်ပါလဲဘုရား။

ဆရာတော် ~ သက္ကဋစာပေမှာ ကံကို Karma လို့ သုံးတယ်၊ ပါဠိမှာ Kamma လို့ သုံးပါတယ်၊ အဓိပ္ပာယ်က တူတူပါပဲ ဒကာကြီး။

Dr. အောင်သူ ~ သက္ကဋမှာလည်း ကာယကံ၊ ဝစီကံ၊ မနောကံဆိုပြီး ကံသုံးမျိုးပဲ ယူတာပါ လားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ ကမ္မရဲ့အဓိပ္ပာယ်က အလုပ်ပါပဲ၊ အလုပ်က ကိုယ်အလုပ်၊ နှုတ် အလုပ်နဲ့ စိတ်အလုပ်ဆိုပြီး သုံးမျိုးရှိပါတယ်။

Dr. အောင်သူ ~ သူ့အသက်ကို သတ်တာ ကိုယ်ကာယရဲ့အလုပ်၊ သူတစ်ဖက်သားကို ဆဲတာ၊ လိမ်တာက နှုတ်အလုပ်၊ "ဒီနေ့ မိုးခြိမ်းနေတယ်၊ ဒီလူကြီး မိုးကြိုးပစ်ပြီး သေသွားရင်ကောင်းမှာ"လို့ တွေးထင်နေတာက စိတ်အလုပ်လို့ တပည့်တော်တွေးနေတာ မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါတယ်၊ ဒကာကြီးက မကောင်းတာတွေကိုဘဲ လျှောက်တာကိုး၊ လှူဒါန်းပေးကမ်းတာ ကိုယ်အလုပ်၊ ဘုရားရှိခိုးတာ၊ ပဋ္ဌာန်းရွတ်တာတွေက နှုတ်အလုပ်၊ ဘုရားဂုဏ်တော် အာရုံပြုပွားနေတာ၊ မေတ္တာပွားတာတွေက စိတ်အလုပ်တွေပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော်စိတ်ထဲမှာ မကောင်းတာတွေများနေလို့ မကောင်းတာတွေ အများကြီး လျှောက်မိတာထင်ပါတယ်။

## နာနာက္ခဏိကကံနှင့် သဟဇာတကံ

ဆရာတော် ~ ဟုတ်လိမ့်မယ်။ ပဋ္ဌာန်းပဉ္စာဝါရလေ့လာရင် ကံကို နှစ်မျိုးတွေ့ရတယ် ဒကာကြီး။

Dr. အောင်သူ ~ ကုသိုလ်ကံနဲ့ အကုသိုလ်ကံပါလားဘုရား။

ဆရာတော် ~ ဒါလည်း ဟုတ်ပါတယ်။ အခုပြောရမှာက နာနာက္ခဏိကကံနဲ့ သဟဇာတကံတွေပါ ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် တစ်ခါမှ မကြားဘူးပါဘုရား။ နာနာက္ခဏိကကံဆိုတာ ဘယ်လိုကံမျိုးပါလဲဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ပြောပြမယ်နော်။ ပါဠိလို နာနာဆိုတာက အထူးထူး၊ အပြားပြား Various လို့ အဓိပ္ပာယ်ရပါတယ်။ နာနာက္ခဏိကကံရဲ့သဘောက ကံပြုတာက တစ်ချိန်၊ ကံအကျိုးပေးတာက တစ်ချိန်ပါ။

Dr. အောင်သူ ~ ကံပြုတာကတစ်ချိန်၊ ကံအကျိုးပေးတာကတစ်ချိန် ဆိုတာက ဘယ်လောက်များ အချိန်ကွာခြားတာပါလဲဘုရား။

ဆရာတော် ~ အချိန်အမျိုးမျိုး ကွာခြားတာကို ပြောရမယ်ဆိုရင် ဘဝတစ်ခုမှာ ထူထောင်ထားခဲ့တဲ့ကံက ဘဝတစ်ရာ၊ ဘဝတစ်ထောင်၊ တစ်သောင်း ခြားပြီးတော့လည်း အကျိုးပေးနိုင်ပါတယ်။ ဒါကြောင့် ဒီကနေ့ လူအများပြောကြတဲ့ ကံနဲ့ ကံရဲ့အကျိုးပေးအတိုင်းဆိုတာက ဒီနာနာက္ခဏိကကံကို ပြောတာပါ။ သဟဇာတကံကို ပြောတာမဟုတ်ပါဘူး ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ ပြဲဆဲ Momentary မှာ အကျိုးပေးတာမဟုတ်ဘဲ Various Moment မှာ အကျိုးပေးတာကို နားလည်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ အကယ်၍ ချက်ခြင်းအကျိုးပေးရမယ်ဆိုရင်၊ သံဃာတော်ရဲ့ သပိတ်ထဲ ဆွမ်းလောင်းသခိုက်မှာပဲ ချက်ချင်း နတ်သမီးဖြစ်ရတော့မှာလေ။ တံငါသည်ရဲ့ ငါးမျှားချိတ်ထဲကို ငါးမိလို့ ဆွဲနေသခိုက်မှာပဲ ငရဲမီးတွေ ထလောင်ရတော့မှာပေါ့ ဒကာကြီး။

## စေတနာကံ

Dr. အောင်သူ ~ ထူထောင်ထားခဲ့တဲ့ကံတစ်ခု အကျိုးပေးဖို့ရာ အချိန်ကာလတစ်ခု လိုတယ်ဆိုတာ နားလည်ပါပြီဘုရား။ အခု သဟဇာတကံဆိုတာကြီးက ဘယ်လိုကံပါလဲဘုရား။

ဆရာတော် ~ သဟဇာတကံကို နာနာက္ခဏိကကံလောက် လူတွေစိတ်ဝင်တစား မရှိကြဘူး။

Dr. အောင်သူ ~ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ~ လူအများ သတိမပြုမိကြလို့ပါ။ သူက ကံထူထောင်စဉ်က စေတနာကို ပြောတာပါ။ တစ်နည်းပြောရရင် စေတနာကိုပဲ ကံလို့ ပြောတာပါ။ စေတနာကောင်းရင် ကံကောင်းမှာပေါ့ ဒကာကြီး။

Dr. အောင်သူ ~ စေတနာ ထက်ထက်သန်သန်ရှိရင် အကျိုးပေးလည်း ထက်သန်မယ်လို့ နားလည်ရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့ ဒကာကြီး။ စေတနာထက်သန်ဖို့ ကြောင့်ကြဗျာပါရ များခဲ့ရတယ်လေ။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဥပမာနဲ့ သိပါရစေဘုရား။

ဆရာတော် ~ လူတစ်ယောက်ဈေးဝယ်နေတုန်း ဈေးသည်နဲ့ စကားအချေအတင်ဖြစ်ပြီး စိတ်ဆိုးတယ်ဆိုပါစို့ ဒကာကြီး။ စိတ်ဆိုးတာက ဒေါသဟေတုရဲ့သတ္တိနော်။ ဒေါသနဲ့ ယှဉ်ဖော်ယှဉ်ဖက်စေတနာကလည်း ထက်ထက်သန်သန်နဲ့ တစ်ခါတည်း မဲ့ရွဲ့ပြီး ပါးစပ်ကနေ ကြမ်းတမ်းတဲ့စကားတွေ ထွက်လာတယ်။ သဟဇာတစေတနာကို မြင်ရဲ့လား ဒကာကြီး။

Dr. အောင်သူ ~ အခုလို ဥပမာနဲ့ဆိုတော့ မြင်ပါပြီဘုရား။ အဲဒါ ကံမြောက်တာပါလားဘုရား။

ဆရာတော် ~ ဒီနေရာမှာ သေသေချာချာပြောရင် ရန်ဖြစ်ခိုက်က စေတနာကတော့ ပေါ်ပြီး ပျောက် ဖြစ်ပေါ်လာပြီး ချုပ်သွားပြီ။ သို့သော် နောင်အကျိုးပေးမဲ့ သတ္တိကို ချန်ရစ်ခဲ့တယ်။

Dr. အောင်သူ ~ အဲဒီစေတနာကံရဲ့သတ္တိက ဘဝတစ်ခုမှာ အကြောင်းဆုံရင် အကျိုးပေးတာကို နာနာက္ခဏိကကံလို့ ခေါ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ ဟုတ်တယ်ဗျာ။

## ကံအကျိုးပေးဖို့ သမ္ပတ္တိနှင့် ဝိပတ္တိအကြောင်း

Dr. အောင်သူ ~ တပည့်တော်တို့ အခုလုပ်ထားတဲ့ ကံရဲ့အကျိုးပေးမဲ့အချိန်ကာလကို သိနိုင်ကောင်းပါသလားဘုရား။

ဆရာတော် ~ တိတိကျကျ မဟုတ်ရင်တောင် အနီးစပ်ဆုံး သိနိုင်လောက်ပါတယ်။

Dr. အောင်သူ ~ အနီးစပ်ဆုံးဖြစ်ဖြစ် သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ပထမဦးဆုံး ကံကို နှစ်မျိုးထားပြီး စဉ်းစားကြည့်ရအောင်၊ ကောင်းကျိုးပေးတဲ့ ကုသိုလ်ကံနဲ့ မကောင်းကျိုးပေးတဲ့ အကုသိုလ်ကံ။

Dr. အောင်သူ ~ ကောင်းကံ၊ မကောင်းကံဆိုပြီး ကံနှစ်မျိုးကို နားလည်ပါပြီဘုရား။

ဆရာတော် ~ ကောင်းကံတွေ အကျိုးပေးနိုင်ဖို့အတွက်လည်း Condition အခြေအနေတစ်ရပ် လိုအပ်ပါတယ်။ မကောင်းကံတွေ အကျိုးပေးနိုင်ဖို့အတွက်လည်းပဲ Condition အခြေအနေတစ်ရပ် လိုအပ်ပါတယ်။

Dr. အောင်သူ ~ အဲဒီ Condition က ဘာတွေပါလဲဘုရား။

ဆရာတော် ~ သမ္ပတ္တိတရား ၄ ပါးနဲ့ ဝိပတ္တိတရား ၄ ပါးတို့ပါပဲ။

Dr. အောင်သူ ~ တပည့်တော်တို့ ဘုရားရှိခိုးတိုင်း ဆိုနေတဲ့ "ဝိပတ္တိတရား ၄ ပါးမှ ကင်းဝေးရပါလို၏" ဆိုတာနဲ့ တူတူပဲလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အဲဒီ ဝိပတ္တိတရားပါပဲ ဒကာကြီး။

Dr. အောင်သူ ~ ဝိပတ္တိတရား၊ သမ္ပတ္တိတရားလို့ ဆိုသာဆိုနေတာဘုရား၊ ဘာအဓိပ္ပာယ်လဲဆိုတာ အခုထိ မသိသေးပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ သမ္ပတ္တိဆိုတဲ့ပါဠိက ဆိုင်ရာဆိုင်ရာအကြောင်းတွေ ပြည့်စုံတယ်လို့ အဓိပ္ပာယ်ရပြီး၊ ဝိပတ္တိဆိုတဲ့ပါဠိက ဆိုင်ရာဆိုင်ရာအကြောင်းတွေ ချွတ်ယွင်းတယ်၊ ပျက်စီးဖောက်ပြန်တယ်လို့ အဓိပ္ပာယ်ရပါတယ်။

## ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂ

Dr. အောင်သူ ~ မှတ်မိပါပြီဘုရား။ အဲဒီ ဝိပတ္တိတရား ၄ ပါး၊ သမ္ပတ္တိတရား ၄ ပါး ဆိုတာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒီနေရာမှာ ဝိပတ္တိတရားလေးပါးလို့ ဆိုထားတဲ့အတွက် Condition လေးပါးရှိရပါမယ်၊ အဲဒါဘာတွေလဲဆိုရင် (၁) ကာလသမ္ပတ္တိ = ခေတ်အခါကောင်းနဲ့ ကြုံတွေ့ရတာ၊ (၂) ဂတိသမ္ပတ္တိ = လူ့ဘဝ၊ နတ်ဘဝလိုမျိုး ကောင်းတဲ့ဘုံဘဝမှာဖြစ်တာ၊ (၃) ဥပဓိသမ္ပတ္တိ = ခြေလက်အင်္ဂါ ညီညာပြည့်စုံပြီး ရုပ်ရည်ရူပကာယ တင့်တယ်တာ၊ အခုနောက်ဆုံး (၄) ပယောဂသမ္ပတ္တိ = သတိ၊ ဝီရိယ၊ ဉာဏ်တွေနဲ့ ပြည့်စုံတဲ့ အားထုတ်မှု လုံ့လရှိတာ။

Dr. အောင်သူ ~ ပါဠိစကားတွေများလို့ မမှတ်မိနိုင်တော့ပါဘုရား။

ဆရာတော် ~ နည်းနည်း ကြိုးစားမှတ်ဖို့တော့ လိုလိမ့်မယ်။ မှတ်မိလွယ်အောင် ဒီလိုလေး ဆိုပြမယ်နော်။ "ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂ"တဲ့။

Dr. အောင်သူ ~ အခုလို တိုတိုဆိုရင်တော့ တပည့်တော် မှတ်နိုင်လောက်ပါတယ်ဘုရား။ ဒါက ကောင်းတဲ့ ကုသိုလ်ကံ အကျိုးပေးဖို့ အခြေအနေ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ မကောင်းတဲ့ကံ အကျိုးပေးကြုံဖို့က ပြောင်းပြန်လှန် စဉ်းစားပါလေ။

Dr. အောင်သူ ~ ကောင်းတဲ့ကံ အကျိုးပေးဖို့အတွက် “ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂ”ကို Success ဖြစ်တဲ့ သမ္ပတ္တိနေရာထားပြီး မကောင်းတဲ့ကံ အကျိုးပေးအတွက် “ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂ”ကို Failure ဖြစ်တဲ့ ဝိပတ္တိနေရာ ထားနိုင်ပါသလားဘုရား။ တပည့်တော် လျှောက်ထားတာ မှားရင်လည်း ပြင်ပေးတော်မူပါဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး၊ ဟုတ်တယ် အဲသလို စဉ်းစားရတာပါ၊ မှန်တယ်။ မှန်တယ်။

Dr. အောင်သူ ~ မှန်ပါ။ ကျေးဇူးတင်ပါတယ်ဘုရား။ သို့သော် တပည့်တော်က ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂလောက်နဲ့ နားမလည်သေးပါဘုရား။ အကျယ်ရှင်းပြမှပဲ ဖြစ်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ရှင်းပြမှာပေါ့နော်။ ပထမဦးဆုံး “ကာလဝိပတ္တိ”ကို ပြောကြဦးစို့။

## ကာလဝိပတ္တိ

Dr. အောင်သူ ~ ဘယ်လိုအချိန်အခါကို ကာလဝိပတ္တိလို့ ခေါ်ရတာပါလဲဘုရား။

ဆရာတော် ~ မင်းဆိုး၊ မင်းညစ်၊ မင်းယုတ်တို့ အုပ်စိုးနေတဲ့ အခါကာလကို ကာလဝိပ္ပတ္တိလို့ ခေါ်ပါတယ်။ တိုင်းပြည်မှာ စစ်တွေဖြစ်နေတဲ့အခါ၊ ကူးစက်ရောဂါကြီးတွေ ဖြစ်နေတဲ့အခါ၊ အစာရေစာ ငတ်မွတ်ခေါင်းပါးနေတဲ့ အခါကိုလည်းပဲ ကာလဝိပတ္တိလို့ ခေါ်နိုင်ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား၊ အဲဒီကာလဝိပတ္တိက လူတွေအပေါ် ဘယ်လိုအထိ အကျိုးသက်ရောက်မှာပါလဲဘုရား။

ဆရာတော် ~ ကာလဝိပတ္တိ ကြုံတဲ့အခါမှာ ရှေးကပါလာခဲ့တဲ့ အကုသိုလ်ကံတွေ အကျိုးပေးဖို့ အခွင့်သာကြတယ်။ ဘယ်လိုလဲဆိုရင် လူအများ ဆင်းရဲငတ်မွတ်ပြီး ဒုက္ခရောက်ကြရတဲ့အခါမှာ ကုသိုလ်ကံကြီးမားတဲ့ သူတွေမှာတောင် ကုသိုလ်ကံ အကျိုးပေးကို မရနိုင်ဘဲ ပုန်းရ၊ လျှိုးရ၊ ပုံးခိုကျင်းတွေထဲနေရ၊ စားချင်တာ မစားရ၊ ရောဂါဖြစ်လို့ ဆေးကုသခွင့်မရလို့ မသေသင့်တဲ့ ရောဂါသေးသေးလေးနဲ့ သေတဲ့အထိ ဒုက္ခရောက်ကြရတယ်လေ ဒကာကြီး။

Dr. အောင်သူ ~ ရေခဲသေတ္တာတွေ၊ အဲယားကွန်းတွေ ရှိသော်လည်း ပူပြင်းတဲ့ နွေကာလရောက်လို့ လျှပ်စစ်မီးမလာတာကြောင့် အခုလို ယပ်ခတ်ပြီး နေရတာလည်း ကာလဝိပတ္တိလို့ ယူရင် ရပါသလားဘုရား။

ဆရာတော် ~ ရပါတယ်ဒကာကြီး။ ရတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား၊ အကုသိုလ်ကံတွေ အကျိုးပေးဖို့ အခွင့်သာတဲ့ကာလကို ကာလဝိပတ္တိဆိုတာ သိရပါပြီဘုရား။ ကုသိုလ်ကံ အကျိုးပေးဖို့ အခွင့်သာတဲ့ကာလက ကာလသမ္ပတ္တိပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့။

## ဂတိသမ္ပတ္တိ

Dr. အောင်သူ ~ တပည့်တော်တို့ရဲ့ နေ့စဉ်ဘဝထဲက ဖြစ်စဉ်တွေပါနေလို့ ပိုပြီး စိတ်ဝင်စားလာပါတယ်ဘုရား။ အချိန်ရသေးရင် ဂတိဝိပတ္တိကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဂတိသမ္ပတ္တိကို အရင်ပြောရအောင်လေ။ လူ့ဘဝ၊ နတ်ဘဝလိုမျိုး ကောင်းတဲ့ဂတိကြုံရတာ ဂတိသမ္ပတ္တိဖြစ်ပါတယ်။ ဂတိဝိပ္ပတ္တိဆိုတာ တိရစ္ဆာန်ဘဝ၊ ငရဲသားဘဝတွေကို ဆိုလိုပါတယ်။ အဲသလိုမျိုး ဘဝက နှံချာနေရင် အကျိုးပေးမဲ့ကံတွေက အပြည့်အဝ အကျိုးမပေးနိုင်တော့ပါဘူး။ သတ္တဝါတိုင်းမှာ အကောင်းအဆိုးကံတွေ ရှိနေပါသော်လည်း ငရဲသားမှာ အကောင်းကံတွေ အကျိုးပေးခွင့် မရနိုင်ဘူး၊ တိရစ္ဆာန်စတဲ့ အပါယ်ဘုံသားတွေက ဘုရားပွင့်တဲ့ အခါကာလကောင်းနဲ့ ကြုံနေတာတောင်မှ သူတို့ ဘဝဂတိညံ့ဖျင်းနေလို့ တရားထူး၊ တရားမြတ်ကို မရနိုင်တော့ဘူးလေ။

Dr. အောင်သူ ~ မှန်ပါ၊ လူဖြစ်သော်လည်း ဆွံ့အ နားမကြားတာ၊ ရူးနေတာဆိုရင်လည်း လူ့ဘဝရဲ့ ကောင်းကံ မစံစားရဘူးလို့ပြောရင် ရပါသလားဘုရား။

ဆရာတော် ~ ရတယ်၊ ဥပမာ ကျောင်းသားတစ်ယောက် ဉာဏ်ကောင်းတယ်။ သို့သော် သူ့မိဘတွေ ဆင်းရဲနေမယ်ဆိုရင် အင်ဂျင်နီယာတို့၊ ဆရာဝန်တို့ ဖြစ်ခွင့်နည်းသွားတယ်၊ နိုင်ငံရပ်ခြားသွားပြီး ပညာသင်ခွင့် မရတော့ဘူး။ သူ့ဘဝက နှံချာနေလို့လေ။

Dr. အောင်သူ ~ တင်ပါဘုရား၊ ဘဝဂတိကလည်း အရေးကြီးတာကို တဖြည်းဖြည်း ပိုမြင်လာပါပြီဘုရား။

ဆရာတော် ~ သို့သော် လူကဖြင့် တော်ပါသေးတယ် ဒကာကြီး။ ဂတိနိမ့်ကျတဲ့ တိရစ္ဆာန်တွေက အစာငတ်ဖို့၊ ရေငတ်ဖို့၊ နေပူမိုးရွာကြောင့် ဆင်းရဲဖို့၊ တုတ်ခဲလက်နက်နဲ့ အရိုက်အနှက် အသတ်အဖြတ်ခံရဖို့ တစ်ကောင်နဲ့တစ်ကောင် နှိပ်စက် သတ်ဖြတ်စားသောက်ခံရဖို့အခွင့် ဘယ်လောက်သာနေသလဲဆိုတာ စဉ်းစားသာကြည့် ဒကာကြီး။

Dr. အောင်သူ ~ ဟုတ်သားပဲဘုရား။ သေးငယ်တဲ့ ပိုမွှားတိရစ္ဆာန်လေးတွေဆိုရင် သွားရင်းလာရင်း သူကနင်း ငါကနင်းပြီး သေခြင်းဆိုးနဲ့ သေကြဖို့ အကုသိုလ်ကံတွေ အလွန့်အလွန် အခွင့်သာကြပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ အဲသလို ဂတိဝိပတ္တိ ဆိုက်နေတဲ့အခါ ရှေးရှေးဘဝက ကုသိုလ်ကံတွေပါရင်တောင်မှ ကယ်တင်ဖို့ အခွင့်မရတော့ဘူးနော်။

Dr. အောင်သူ ~ တပည့်တော် သဘောပေါက်ပြီဘုရား။ ဂတိသမ္ပတ္တိ ပြည့်စုံနေရင် အကုသိုလ်ကံတွေ အကျိုးပေးခွင့် များများကြီး မရကြတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်ဗျာ။ ကောင်းကံတွေ အကျိုးပေးခွင့် ရဖို့ဆိုတာ ရထားတဲ့ဘဝက အကောင်းကံတွေနဲ့ ထိုက်တန်တဲ့ဘဝမျိုး ဖြစ်နေရမယ်။ ဒါကို ဂတိသမ္ပတ္တိ ခေါ်တာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော်တို့ရဲ့ နေ့စဉ်ဘဝထဲ ပါနေတဲ့အတွက် အလွန် စိတ်ဝင်စားဖို့ ကောင်းပါတယ်ဘုရား။ ဥပဓိအကြောင်းကိုလည်း ဆက်ပြီး သိချင်ပါသေးတယ်ဘုရား။

## ဥပဓိသမ္ပတ္တိ

ဆရာတော် ~ ဥပဓိသမ္ပတ္တိဆိုတာ ခြေလက်အင်္ဂါ ညီညာပြည့်စုံပြီး ရုပ်ရည် ရူပကာယလည်း တင့်တယ်တာကို ဆိုလိုတာပါ။ ဝိပတ္တိဆိုရင် ခြေလက်အင်္ဂါ မပြည့်စုံတာ၊ ရုပ်ရည် ရူပကာယ မတင့်တယ်တာမျိုးကို ပြောတာပါ။

Dr. အောင်သူ ~ အခုလို ဥပဓိချို့ယွင်းတဲ့အတွက် ဘဝကံ နုံချာတာကို ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဥပမာဆိုပါစို့။ စာလည်းတော်တယ်။ ဉာဏ်လည်းကောင်းတယ်။ စိတ်ထားလည်း ကောင်းတယ်၊ ဘွဲ့လည်းရတယ်၊ သို့သော် မွေးရာပါ မျက်လုံး တစ်ဖက် ကွယ်နေတယ်။

Dr. အောင်သူ ~ သူ့ကို ဥပဓိဝိပတ္တိလို့ ပြောရမှာလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒါကြောင့် သူအလုပ်လျှောက်တဲ့အခါ အကြိမ်ကြိမ် ငြင်းပယ်ခံရရှာတယ်။ ဒါနဲ့ သူက ဘုန်းကြီးဆီကိုလာပြီး ရဟန်းပြုခွင့် တောင်းတယ်၊ သူ့ဥပဓိ ချို့ယွင်းလို့ ရဟန်းဖြစ်ခွင့်ရဖို့ ခဲယဉ်းသွားပါတယ်။

Dr. အောင်သူ ~ ရဟန်းဖြစ်ပြီးမှ မျက်လုံးကွယ်ရင်တော့ ရဟန်းဘဝမှာ ဆက်နေခွင့် ရှိပါသလားဘုရား။

ဆရာတော် ~ ရဟန်းဘဝရောက်ပြီးမှ မျက်လုံးကွယ်တာဆိုရင် နေခွင့်ရှိပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား၊ အလုပ်လျှောက်တဲ့အခါ တပည့်တော်တို့ ဥပဓိရုပ်ကို အကဲခတ်ပြီးမှ အလုပ်ခန့်လေ့ ရှိပါတယ်ဘုရား။ ရုပ်ချောရမယ်လို့ မဆိုလိုပါသော်လည်း ရုပ်ရည် ပြေပြစ်ရမယ်လို့ ဆိုပါတယ်ဘုရား။ ရုပ်က ပြေပြစ်ရုံမကဘူး၊ ရုပ်ချောရင်တော့ အလုပ်ရှင်က ပိုလို့ ဦးစားပေးပြီး ခန့်တတ်ပါတယ်။ သူက ဥပဓိသမ္ပတ္တိဖြစ်လို့ အခွင့်အရေး ပိုရတာကို တပည့်တော်ကိုယ်တွေ့နဲ့ နားလည်ပါပြီဘုရား။

## ပယောဂသမ္ပတ္တိ

ဆရာတော် ~ မိမိဘဝ အတွေ့အကြုံပေါ် မူတည်ပြီး ဘုရားဟောစာကို အခုလိုနားလည်ထားရင် နောင်မမေ့တော့ဘူးပေါ့။ အခု နောက်ဆုံးတစ်ခုပဲ ကျန်တော့တယ်၊ ပယောဂ သမ္ပတ္တိတဲ့။

Dr. အောင်သူ ~ ပယောဂဆိုတာကိုလည်း သိချင်ပါတယ်ဘုရား။ တပည့်တော်က စုန်း၊ ကဝေ၊ ပယောဂလို့ပဲ သိထားလို့ပါဘုရား။

ဆရာတော် ~ ပယောဂဝိပတ္တိကို ပြောရင်းနဲ့ ဒကာကြီး နားလည်လာမှာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ သတိ၊ ဝီရိယ၊ ဉာဏ်လည်းမရှိဘူး၊ လုံ့လဝီရိယကင်းပြီး ဖျင်းအ ထိုင်းမှိုင်းတယ်၊ မနာလို ဝန်တို ဣဿာ မစ္ဆရိယကလည်း များတယ်။ ဒေါသကလည်းကြီး၊ မာန်မာနကလည်း မလျှော့ဘူး၊ ဒါတွေ အားလုံးက ပယောဂဝိပတ္တိတွေပါပဲ။

Dr. အောင်သူ ~ ဒီလိုအခြေအနေနဲ့ဆိုရင် လူ့ဘဝမှာ အောင်မြင်မှုရဖို့ ခက်ခဲမှာပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒါကြောင့် ပယောဂဝိပတ္တိလို့ ခေါ်တာပါ။ ရိုးရိုးသားသား ကြိုးစားရင် အောင်မြင်နိုင်တဲ့ အသိုင်းအဝိုင်းမှာ ရောက်နေပါလျက် ကြိုးစားမှုမရှိလို့ ပညာမတတ်တာ၊ စီးပွားမဖြစ်တာ၊ ရာထူးမရတာတွေ အများကြီးရှိပါတယ်၊ လုပ်သင့်တဲ့အချိန် မလုပ်ဘူး၊ မလုပ်သင့်တဲ့အချိန် ထလုပ်တယ်၊ အဲသလို ဉာဏ်မရှိတာနဲ့ဘဲ ဘဝက နုံချာသွားတာကိုလည်း ပယောဂဝိပတ္တိလို့ ပြောနိုင်ပါတယ်။

## ကံအကျိုးပေးရန်

Dr. အောင်သူ ~ အလွန်ကို မှတ်သားစရာ ကောင်းလှပါတယ်ဘုရား။ တပည့်တော်သိချင်တာ ကံတစ်ခုခုကို လုပ်ပြီးတာနဲ့ ချက်ချင်းအကျိုးပေးတာ မဟုတ်ဘူးလို့ထင်ပါတယ်၊ မှန်ပါသလားဘုရား။

ဆရာတော် ~ ယေဘုယျအားဖြင့် မှန်ပါတယ်။ ကံအကျိုးပေးချိန်ကို ကျေးဇူးရှင် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရက "ကံတရားဟူသည် အချိန်နဲ့လိုက်၍ အကျိုးပေးသည်။ ယနေ့ ပြုထားသောကံသည် ပြုထားသူအား နောင်တစ်ချိန်တွင် အခါအခွင့်သင့်တိုင်း ထိုကံတို့က အကျိုးပေးရန် ဆိုက်ရောက်လာပေလိမ့်မည်။ မိုးဦးက စိုက်ပျိုးထားသော သစ်ပင်သည် မိုးလယ်တွင် စားသုံးရသည်လည်းရှိ၏။ မိုးနှောင်းကာလမှ စားသုံးရသည်လည်းရှိ၏။ ထိုနှစ်တွင် မစားသုံးရသေးဘဲ နှစ်နှစ်၊ သုံးနှစ်ကြာမှသော်လည်းကောင်း၊ ဆယ်နှစ်ကြာမှသော်လည်းကောင်း စားသုံးကြရသော အပင်မျိုးလည်း ရှိ၏၊ ကံတရား၏ အကျိုးပေးချိန်သည်လည်း ထိုသဘာဝနဲ့ ထပ်တူဖြစ်၏"တဲ့ ဒကာကြီး။

Dr. အောင်သူ ~ အလွန် မှတ်သားထိုက်ပါတယ်ဘုရား။

ဆရာတော် ~ ကျေးဇူးရှင် အရှင်ဇနကာဘိဝံသဆရာတော်ကြီးက "ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးပေးတယ်ဆိုတာ ဓာတ်သတ္တိအရှိန်အဝါတွေ မပျက်ဘဲ ပါလာပြီးတော့ အခွင့်ရတဲ့အခါ ဝင်ပြီး အကျိုးပေးတာ။ အကုသိုလ်ကံ အကျိုးပေးနေတဲ့အခိုက်မှာ ကုသိုလ်ကံတွေက ဘေးဖယ်နေကြတယ်။ ကောင်းကံ၊ မကောင်းကံ ဆိုတာ

တွေဟာ ပြုလုပ်ပြီးလို့ အထမြောက်ပြီးကတည်းက အကျိုးပေးဖို့ စောင့်မျှော်နေသလို ဖြစ်တော့တယ်”လို့ မိန့်တော်မူခဲ့ဖူးတယ်။ ပြီးတော့ ကျေးဇူးရှင် ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်ကြီးကလည်း “ကုသိုလ်ရဲ့ အကျိုးပေးကလည်း ရုတ်တရက် ချက်ချင်းကြီး မပေးသေးဘူး။ ရင့်ကျက်မှ ပေးတဲ့ကံဆိုတာရှိတယ်။ မရင့်ကျက်သေးဘဲ အကျိုးပေးတဲ့ကံဆိုတာလဲ ရှိတယ်။ ကံရဲ့သဘာဝက အကျိုးပေးချိန်တန်မှ အကြောင်းညီညွတ်မှ အကျိုးပေးတာ”လို့ မိန့်တော်မူခဲ့ဖူးပါသေးတယ် ဒကာကြီး။

Dr. အောင်သူ ~ ဒီလို နက်နဲတဲ့တရားတွေက ဗုဒ္ဓဘာသာတရားမှာပဲ ရှိတာပါဘုရား။ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာ အလွန် ကျေနပ်ဂုဏ်ယူပါတယ်ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## ကံအကျိုးပေးထက်သန်စေရန် စက်လေးပါးတရား

Dr. အောင်သူ ~ ဒီနေ့မနက်က ဆရာတော်ကြီးတစ်ပါးရဲ့တရားကို တီဗီထဲမှာလာနေလို့ နာခဲ့ရတယ်ဘုရား။

ဆရာတော် ~ ဘာတရားကိုများ နာခဲ့ရသလဲ။

Dr. အောင်သူ ~ ဆရာတော်ကြီးက “ရပ်ပြစ်ရှစ်ပါးကင်းပြီး နဝမခေတ်အတွင်း စက်လေးပါးစုံ သမ္ပတ္တိကြုံတဲ့ လူ့ဘုံလူ့ဘဝ” လို့ ဟောတော်မူပါတယ်။ အဲဒီမှာ သမ္ပတ္တိကြုံကိုတော့ မနေ့က သိရပါပြီဘုရား။ စက်လေးပါးစုံ ဆိုတာကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ စက်လေးပါးတရားကို ဦးစွာ မှတ်မိအောင် ပြောမယ်နော်။ စက်လေးပါး မှတ်မိဖို့ ပရိတ်ကြီး (၁၁)သုတ်ထဲက မင်္ဂလသုတ်ကို ရထားရင် ကောင်းတယ်။ အဲဒီထဲမှာ “ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊ အတ္တသမ္မာပဏိဓိ စ” ဆိုပြီး (၃)ပါး ပါတယ်။ ဒါကို “သပ္ပုရိသူပနိဿယ” တစ်ပါးတိုးပေးရင် စက်လေးပါး တရား ရပါပြီဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် ပါဠိကို ကြားသာကြားဖူးတာ သေသေချာချာ နားမလည်ပါဘုရား။

ဆရာတော် ~ မြန်မာဘာသာလည်း ပြန်ပေးပါမယ်။ ပြီးတော့ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်ရဲ့ မင်္ဂလာကဗျာကိုလည်း ပြောပြဦးမယ် ဒကာကြီး။

Dr. အောင်သူ ~ ကဗျာနဲ့ဆိုရင် ပိုပြီး မှတ်မိလွယ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ကဗျာကို ဆိုပြမယ်နော်။ “ကုသိုလ် ပညာ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ၊ ရှေးက တင်ကြို ပြုခဲ့ဖူးသည့် ကောင်းမှုအထူး ရှိပါစေ၊ မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ”တဲ့ ခုနက ပြောပြခဲ့တဲ့ အချက်သုံးချက်ပေါ့နော်။

Dr. အောင်သူ ~ မှတ်မိပါပြီဘုရား။ ငယ်တုန်းက ဆိုဖူးတယ်။ နောက်တစ်ချက် ကျန်နေပါသေးတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒီသုံးပါးထဲကို "သပ္ပုရိသူပနိဿယ = ဆရာသမားကောင်း၊ သူတော်ကောင်း၊ မိတ်ဆွေကောင်းတို့ကို မှီခိုရခြင်း"ဆိုတာ ထည့်လိုက်ရင် အောင်မြင်ပြည့်စုံခြင်းရဲ့ အကြောင်းတရား သမ္ပတ္တိစက်လေးပါး ဖြစ်သွားပါတယ် ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် မင်္ဂလသုတ်ကိုတော့ အလွတ်ရပါတယ်ဘုရား။ အဓိပ္ပာယ်ကို မသိတာပါဘုရား။

## To live in a suitable place.

ဆရာတော် ~ (၁) ပတိရူပဒေသဝါသဆိုတာက သင့်တော်တဲ့အရပ်မှာ နေထိုင်ခြင်းတဲ့။ အင်္ဂလိပ်လို မှတ်ထားချင်ရင် To live in a suitable place. လို့ ဘာသာပြန်လို့ ရပါတယ် ဒကာကြီး။

Dr. အောင်သူ ~ အင်္ဂလိပ်လို ဘာသာပြန်တာက တပည့်တော်အတွက် ရှင်းရှင်းလင်းလင်းကြီးကို သဘောပေါက် လွယ်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဟုတ်ပြီ။ ဒါဆိုရင် ကျန်တဲ့သုံးပါးကိုလည်း မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ ပြောပေးမယ်နော်။ (၂) ပုဗ္ဗေ စ ကတပုည ဆိုတာက ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုရှိတာ To have done meritorious deeds in the past. (၃) အတ္တသမ္မာပဏိဓိ လို့ဆိုတာက မိမိရဲ့ ကိုယ်စိတ်နှစ်ပါး ထိန်းသိမ်းစောင့်ရှောက်တာ To keep one's mind and body in a proper way. (၄) သပ္ပုရိသူပနိဿယရဲ့ အဓိပ္ပာယ်က ဆရာကောင်းကို မှီခိုဆည်းကပ်တာ To depend good person. တဲ့။

Dr. အောင်သူ ~ တပည့်တော် စိတ်ဝင်စားသွားပြီဘုရား။ ထပ်ပြီး သိချင်ပါသေးတယ်။

ဆရာတော် ~ ကုသိုလ်ကံ အကျိုးပေးသန်ဖို့အတွက် သမ္ပတ္တိတရားလေးပါး ပြည့်စုံရတယ်။

Dr. အောင်သူ ~ တပည့်တော် နားလည်ပြီဘုရား။ ဝိပတ္တိတရားနဲ့ကြုံရင်တော့ အကုသိုလ်ကံက ထက်ထက်သန်သန် အကျိုးပေးမှာပါဘုရား။

## ကံမျိုးစေ့ကောင်း၊ ကံမျိုးစေ့ညံ့

ဆရာတော် ~ မှန်တယ်။ ဟုတ်တယ် ဒကာကြီး။ ကံမျိုးစေ့လည်း ကောင်းမည်။ သမ္ပတ္တိတရားနဲ့လည်း ပြည့်စုံရင် ကုသိုလ်ကံက ပြည့်ပြည့်ဝဝ ကောင်းကျိုးပေးတော့မယ်နော်။ အဲဒီအတိုင်းပဲ ကံမျိုးစေ့လည်း ညံ့မည်။ ဝိပတ္တိတရားနဲ့လည်း ကြုံလာရင်တော့ ပေးစရာရှိတဲ့ အကုသိုလ်ဆိုးကျိုး ပြည့်ပြည့်ဝဝ ပေးတော့မယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ ကံရဲ့အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင် လေ့လာထားဖို့ အရေးကြီးတယ်လို့ မြင်မိပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ အတိတ်ဘဝါဘဝက မိမိပြုခဲ့ဖူးတဲ့ အကုသိုလ်ကံ၊ ကုသိုလ်ကံက သူနဲ့ထိုက်တန်တဲ့ ဘုံဘဝတစ်ခုကို ပေးပြီးပြီးနော်။

Dr. အောင်သူ ~ မှန်ပါ။ ဘုရားတပည့်တော် အခု စဉ်းစားနေမိတာပါဘုရား။

ဆရာတော် ~ ဒါတင်မကသေးဘူးဒကာကြီး ကံက မိမိတို့ကို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ ဝတ္ထုတို့ကိုလည်း ထုထောင်ပေးပြီးပြီ။ ဒါတင်လားဆိုတော့ မကသေးဘူး။ နာမ်ဓာတ်ခံကောင်းဖြစ်တဲ့ သဒ္ဓါတွေ၊ ဝီရိယတွေ၊ သတိတွေ၊ သမာဓိ၊ ပညာတွေကိုလည်း ကံရဲ့အမွေအဖြစ် သူက စီမံပေးလိုက်သေးတယ်ဗျာ။

Dr. အောင်သူ ~ ဒါဆိုရင် အတိတ်ကံရဲ့တာဝန် ကျေပြီလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အခုဘဝမှာ ကံအပင်တွေ သန်စွမ်းလာဖို့အတွက် ကြိုးစားဖို့ပဲ လိုတော့တယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ စောစောက စက်လေးပါးတရားပြည့်စုံရင် ဧကန်မုချ တရား တိုးတက်မှာပါလားဘုရား။

## ပစ္ဆိမဘဝိက

ဆရာတော် ~ ဒီနေရာမှာ စဉ်းစားစရာတွေ ပါလာတယ် ဒကာကြီး။ ပစ္ဆိမဘဝိကသားလို့ခေါ်တဲ့ ဒီဘဝမှာ မုချ ရဟန္တာဖြစ်လောက်အောင် ပါရမီပြည့်စုံနေတဲ့ လက်ဝဲရံ လက်ျာရံ အလောင်းတော်များတို့၊ အင်္ဂုလိမာလတို့လို ပုဂ္ဂိုလ်မျိုးအတွက်တော့ လုံလောက် တန်ပါတယ်။

Dr. အောင်သူ ~ မလုံလောက်တာလည်း ရှိပါသလားဘုရား။

ဆရာတော် ~ ရှိတယ်။ သာမန်ပါရမီရှင်များဖြစ်ကြတဲ့ ကုဋေရှစ်ဆယ် သူဌေးသားတို့၊ အဇာတသတ်တို့၊ ရှင်ဒေဝဒတ်တို့လို ပုဂ္ဂိုလ်မျိုးအတွက်တော့ မလုံလောက်ခဲ့ဘူးလေ။ ပေါ်ရဲ့လား ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ ရှင်ဒေဝဒတ်ဟာ ပတိရူပဒေသမှာလည်း ဖြစ်ရတယ်။ တကယ့် သပ္ပုရိသ ဘုရားရှင်ကိုလည်းမီခဲ့တယ်။ ရှင်ဘုရင့်သားလည်း ဖြစ်တယ်ဆို ကတည်းက ရှေးကောင်းမှုဆိုတာလည်း ရှိခဲ့ပြီးသားပဲ။ ဒါပေမဲ့ အတ္တသမ္မာပဏိဓိ ဆိုတဲ့ မိမိရဲ့ကိုယ်စိတ်တို့ကို ကောင်းအောင် ဆောက်တည်နိုင်မှု ပျက်တဲ့အတွက် အားလုံး အချည်းနှီး ဆုံးရှုံးခဲ့ရှာရပါတယ်ဆိုရင် မှန်ပါသလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ မှန်ပါတယ်။ ကုဋေရှစ်ဆယ် သူဌေးသားတို့၊ အဇာတသတ်တို့လည်း တူတူပေါ့နော်။

## ကံအကျိုးပေး ဆန်းကြယ်ပုံ

Dr. အောင်သူ ~ မကောင်းတဲ့ကံရဲ့ အကျိုးပေးကို ရှောင်လွှဲနိုင်ခဲ့တဲ့ သာဓကများ ရှိပါသလားဘုရား။

ဆရာတော် ~ ကံအကျိုးပေးက ဆန်းကြယ်လွန်းပါတယ်။ သာဓကအဖြစ် ဇာတ်ဝတ္ထုတစ်ခု ပြောပြမယ်လေနော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ တက္ကသိုလ်ပြည်မှာ ပညာရှိ ပုရောဟိတ်ပုဏ္ဏားကြီး မိသားတစ်စုနေကြတယ်။ ပုဏ္ဏားကြီးဟာ ဗေဒင်ပညာမှာ တစ်ဖက်ကမ်းခပ် တော်တယ်။ လူတစ်ယောက်ကို ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာမှာ ဘယ်လိုပုံစံနဲ့ သေမယ်ဆိုတာအထိ ဟောနိုင်သတဲ့။

Dr. အောင်သူ ~ ပုရောဟိတ်ပုဏ္ဏားကြီးက သူများအတွက်ပဲ ဗေဒင်တွက်တာလား၊ သူ့အတွက်လည်း ဗေဒင်တွက်ပါသလားဘုရား။

ဆရာတော် ~ သူများကိုလည်း တွက်ပေးတယ်။ သူ့ကိုယ်သူလည်း တွက်တယ်။ သူ့ဟောကိန်းက သူ ၅ နှစ်ပဲ နေရတော့မယ်တဲ့။ ဒါနဲ့ ဟောကိန်းသေချာအောင်လို့ မိတ်ဆွေပရောဟိတ်တစ်ပါးကို တွက်ခိုင်းတော့ အဖြေက တူနေတဲ့အပြင် သေပြီးရင် မျောက်ဘဝကို ရောက်မယ်ဆိုတာပါ အဟောထွက်သတဲ့ ဒကာကြီး။

Dr. အောင်သူ ~ မျောက်ဘဝကို ရောက်မယ်ဆိုတော့ ပုရောဟိတ်ပုဏ္ဏားဆရာကြီးက ဘာများလုပ်ပါသလဲဘုရား။

ဆရာတော် ~ ပုဏ္ဏားကြီးက "ငါသေမှာ သေချာပြီ။ ငါသေပြီး မျောက်ဘဝရောက်ရင် ကောင်းကောင်းနေရအောင် ဥယျာဉ်တွေလုပ်မယ်" လို့ ဆုံးဖြတ်သတဲ့။

Dr. အောင်သူ ~ ကုသိုလ်ကောင်းမှုမလုပ်ဘဲ၊ ဥယျာဉ် လုပ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ပြောပြမယ်လေနော်။ သူက မျောက်ဘဝရောက်ရင် သူနေဖို့ သစ်ပင်စိုက်တာလေ။ ဇရပ်တွေဆောက်တယ်လေ။ စားဖို့ ငှက်ပျောပင်တွေ၊ သရက်ပင်တွေ စိုက်တယ်။ ရေတွင်းတွေ တူးတယ်။ ချောင်းတွေ၊ မြောင်းတွေမှာ တံတားဆောက်တယ်။ သူဆောက်ထားတဲ့ ဇရပ်တွေမှာ ခရီးသွားတွေက အနားယူကြတယ်။ သူတူးထားတဲ့ ရေတွင်းတွေမှာ ရွာသူရွာသားတွေက ရေခပ်ကြ၊ သောက်ကြ၊ သုံးကြတယ်။ သူစိုက်ထားတဲ့ သီးပင် စားပင်ကနေ သီးလာတဲ့ အသီးတွေကို လူတွေစားသုံးကြတယ်။ ဒါကို ပုဏ္ဏားကြီးက သွားသွားကြည့်ပြီး နေ့တိုင်း ဝမ်းသာပီတိ ဖြစ်နေတယ်၊ ဒါနဲ့ ၅ နှစ်ပြည့်ပြီ။ ပုဏ္ဏားကြီးက မသေဘူး။

## ဗေဒင်ဟောကိန်း လွဲတတ်သည်

Dr. အောင်သူ ~ ဗေဒင်ဟောကိန်း လွဲတာလားဘုရား။

ဆရာတော် ~ လွဲသလို ဖြစ်နေပြီလေ။ ဒါကြောင့် မြတ်စွာဘုရားထံပါး သွားပြီးတော့ အကြောင်းစုံလျှောက်ထားတယ်၊ ဘုရားရှင်က "ပုဏ္ဏားကြီးသေရင် မျောက်ဘဝမှာ ကောင်းကောင်းနေနိုင်အောင် ဆောက်လုပ်ထားတဲ့ ဇရပ်တွေ၊ ရေတွင်းတွေ၊ သီးပင်စားပင်တွေကို လူသူအများသုံးတာကို ကြည့်ပြီး နေ့စဉ် ကြည်နူးပီတိဖြစ်တဲ့ ကုသိုလ်ကြောင့် အခုလို အသက်ရှည်တာပါ"လို့ မိန့်တော်မူပါတယ်။

Dr. အောင်သူ ~ သူက ကုသိုလ်တွေလုပ်ပြီးသားဖြစ်နေတာကို နားလည်ပါပြီဘုရား။ ဒါဆိုရင် ကုသိုလ်တွေ အားကြီးရင် ဗေဒင်ဟောတာ လွဲတတ်သလို၊ အကုသိုလ်တွေ အားကြီးရင်လည်း လွဲမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဗေဒင်ဟောရာမှာ ရှေးဆရာ အစဉ်အဆက် လက်ခံကျင့်သုံးခဲ့တဲ့ အဆိုအမိန့် တစ်ခုရှိတယ် "လူတစ်ယောက် ကံဇာတာက သိပ်ကောင်းတော့မယ်လို့ ဗေဒင်ကိန်းခန်းမှာ ပေါ်တယ်။ ကာယကံရှင်ကလည်း ကုသိုလ်ကောင်းမှု အစုစု ပြုလေ့ရှိတယ်။ သမ္မာအာဇီဝနဲ့ အသက်မွေးဝမ်းကျောင်း ပြုတယ်ဆိုရင် အကောင်းတွေအားလုံး အပြည့်အစုံ ဟောလိုက်ပါတဲ့။ အကယ်၍ သူ့ရဲ့နေ့စဉ် ဘဝက မစင်ကြယ်ဘူး၊ အသက်မွေးဝမ်းကျောင်းလည်း မကောင်းဘူး ဆိုရင်တော့ ကောင်းတာတွေအားလုံး မဟောလိုက်နဲ့ဦးတဲ့ အဟောမှားတတ်တယ်"တဲ့ ဒကာကြီး။

Dr. အောင်သူ ~ စိတ်ဝင်စားစရာပါပဲဘုရား။ ဒါဆိုရင် ကံဇာတာတော့ မကောင်းဘူး။ သို့သော် သူက ကုသိုလ်ကောင်းမှုတွေလုပ်တယ်။ အသက်မွေးဝမ်းကျောင်းလည်း ကောင်းနေရင် အဟောက ဘယ်လိုထွက်မလဲဘုရား။

ဆရာတော် ~ ဒါဆိုရင် မကောင်းကျိုးအားလုံးကို မဟောလိုက်နဲ့ဦးတဲ့။ ခုနပုဏ္ဏားကြီးလို အဟောလွဲတတ်တယ်တဲ့။

Dr. အောင်သူ ~ သူလုပ်တဲ့ ကောင်းမှုကံတွေက ယတြာချေသလို ဖြစ်သွားတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး ဟုတ်တယ်။

## သေဆုံးခါနီးလာပါက အာရုံနိမိတ် ထင်ခြင်း

Dr. အောင်သူ ~ ဒီဘဝကနေ နောက်ဘဝတစ်ခုကို ကူးတဲ့အချိန်ရဲ့ အနီးကပ်ဆုံး ကံအကြောင်းတွေကို ဘုရားဟောရှိရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဘုရားဟောထဲမှာ ရှိပါတယ် ဒကာကြီး။ ဘဝတစ်ခုကနေ သေဆုံးပြီး အခြား ဘဝအသစ်တစ်ခုကို ကူးပြောင်းတဲ့ဖြစ်စဉ်ကို မေးတာ ထင်တယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။ သေခါနီးအကြောင်းလည်း သိချင်ပါတယ်။ သေပြီးနောက် ဘဝ အသစ်ကို ဘယ်လို ရောက်တာလဲဆိုတာလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဒီဘဝရဲ့ နောက်ဆုံးစိတ်ကို စုတိစိတ်လို့ ခေါ်တယ်၊ နောက်ဘဝရဲ့ ပထမဦးဆုံး စိတ်ကို ပဋိသန္ဓေစိတ်လို့ ခေါ်ပါတယ်။ ဒီစိတ်နှစ်ခုက စကားနဲ့တင်စားပြီး ပြောလို့တောင် ခက်ခဲပြီး အလွန့်အလွန် လျင်မြန်တဲ့ စိတ်အစဉ်တန်းကြီး Mental Process ထဲက အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ လူတစ်ယောက် သေခါနီးအချိန်ရယ်၊ သေပြီးအချိန်ရယ် နှစ်ခု ရှိတဲ့အထဲက သေခါနီး စုတိစိတ် မကျခင်အချိန်က ဒီဘက်ဘဝ၊ စုတိစိတ်ကျပြီး တဲ့နောက် ပဋိသန္ဓေက ဘဝအသစ်လို့ ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ ဘဝတစ်ခုကနေ ဘဝတစ်ခုကို ကူးပြောင်းတယ်ဆိုတာ စိတ်အစဉ်အတန်းကြီးထဲက စိတ်တစ်လုံးဖြစ်ပြီး ပျက်သွားတယ်၊ နောက်စိတ် တစ်လုံး ဖြစ်ပေါ်လာတယ်ဆိုတဲ့ သဘောပါပဲ။

Dr. အောင်သူ ~ ဒီလောက်ကြီးမြန်ရင် ကာယကံရှင်က "ငါသေပြီ"လို့တောင် သိနိုင်ပါ့မလားဘုရား။

ဆရာတော် ~ မှတ်တမ်းတွေအရ တချို့လူတွေသေပြီး တစ္ဆေဘဝရောက်သွားတာကို မသိ လိုက်ဘူး။ မိတ်ဆွေ တစ္ဆေတွေနဲ့တွေ့ပြီး ဘုရားဖူးလိုက်သွားတာ ရက်လည် ဆွမ်းသွတ်တဲ့နေ့မှာ သူက သာဓုမခေါ်လိုက်ရဘူး၊ သူ့ကို အမျှဝေပေးပါလို့ အိပ်မက်ပေးတာမျိုး ရှိခဲ့ဖူးတယ်။

Dr. အောင်သူ ~ အခုမှသေတာ တစ္ဆေတွေနဲ့ မိတ်ဆွေဖြစ်တာ မြန်လွန်းလိုက်တာဘုရား။

ဆရာတော် ~ ပြိတ္တာဘုံသားဖြစ်နေတဲ့ တချို့ တစ္ဆေတွေက ကိုယ့်ဆွေမျိုးတွေ၊ အိမ်နီးနားချင်း တွေလည်း ရှိနိုင်တယ်။ ဒါကြောင့် သူက အခုမှ မိတ်ဆွေအသစ်ဖြစ်တာ မဟုတ်ဘူး။ အရင် သူတို့လူ့ဘဝကတည်းက သိကျွမ်းနေတာလည်း ဖြစ်နိုင်တယ်။

## သေခြင်းနှင့် ဆေးသိပ္ပံအကြောင်း

Dr. အောင်သူ ~ ကံနဲ့ ကံရဲ့အကျိုးပေးကို လက်မခံတဲ့ ဆေးသိပ္ပံသုတေသနတွေမှာလည်း သေခါနီးလူမမာတွေမှာ Visual or Auditory Hallucinations က နားမှာ၊ မျက်စိမှာ အာရုံနိမိတ် ပေါ်တတ်တာကို အသိအမှတ် ပြုပါတယ်ဘုရား။

ဆရာတော် ~ သဘာဝတရားက ဆန်းကြယ်ပါတယ်။ သေခါနီးအချိန်မှာ လူမမာမှာ အာရုံ နိမိတ်တွေ ထင်စမြဲဖြစ်ပါတယ်။ အဲဒီအာရုံက လှပပြီး ကြည်နူးစရာကောင်းတဲ့ အာရုံတွေလည်း ဖြစ်နိုင်သလို၊ ထိတ်လန့်စရာကောင်းတဲ့ အာရုံတွေလည်း ဖြစ်နိုင် ပါတယ်၊ သူတစ်သက်တာ ဖြည့်ကျင့်ခဲ့တဲ့ ကံနဲ့လျော်ညီတဲ့နိမိတ် ထင်လာမှာပါ ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော်တို့ ဆေးရုံမှာ ကောင်းတဲ့အာရုံနိမိတ်ထင်တဲ့ သေခါနီးလူမမာ ကတော့ ညင်ညင်သာသာနဲ့ပဲ ဘဝကူးပြောင်းတာ တွေ့ရပါတယ်ဘုရား။ ဆိုးတဲ့ အာရုံနိမိတ်ကြုံနေတဲ့ လူမမာအတွက်ကြောင့် ဘေးပတ်ဝန်းကျင်ကနေ စောင့် ရှောက်ပေးနေတဲ့ သူနာပြုတွေ၊ ဆေးဝန်ထမ်းတွေပါ မမြင်ရက် မကြားရက်တဲ့ အထိ စိတ်မချမ်းမမြေ့ ဖြစ်ရပါတယ်။ တကယ့်ကို ကသောင်းကနင်းပါပဲဘုရား။ လူမမာကြုံနေတဲ့ အာရုံနိမိတ်တွေကို ဘေးကလူတွေလည်း မြင်နိုင်၊ ကြားနိုင် ပါသလားဘုရား။

ဆရာတော် ~ သေခါနီးလူမမာ ကြုံနေ၊ ဆုံနေတဲ့အာရုံတွေကို အနားမှာ စောင့်ရှောက်ပေးနေတဲ့ သူတွေတောင် မမြင်ပါဘူး၊ မကြားပါဘူး၊ ဘာသာရေးကို ဘက်မလိုက်ဘဲ သုတေသနပြုကြတဲ့ သိပ္ပံပညာရှင်တွေကတော့ သူသွားရမဲ့ ရှေ့ဘဝ Another world ကို ပြနေတာဆိုပြီး မှတ်ချက်ပြုတာကို ဘုန်းကြီး ဖတ်ဖူးတယ်။

Dr. အောင်သူ ~ တချို့သေခါနီးလူမမာတွေ အော်ဟစ်ရုန်းကန်နေကြတာက နာကျင်လို့ မဟုတ်ပါဘူးဘုရား။

## သေခြင်းကြောင့် နာကျင်ခံစက်မရှိပါ

ဆရာတော် ~ ဘဝတစ်ခုရဲ့ နောက်ဆုံးအချိန်ကို ရင်ဆိုင်နေရတဲ့ လူမမာရဲ့ ခန္ဓာကိုယ်မှာ နာကျင်မှု ရှိကောင်းရှိနိုင်ပါတယ်။ သို့သော် စိတ်ဖြစ်စဉ်မှာတော့ သေခြင်းကြောင့် နာကျင်ခံခက်စရာ အကြောင်းမရှိပါဘူး။

Dr. အောင်သူ ~ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ~ ဒီဘဝရဲ့ နောက်ဆုံးစုတိစိတ်ဆိုတာ ဘဝကို ဆက်ပေးထားတဲ့ ဘဝင်စိတ်နဲ့ Quality တူတဲ့အတွက် စုတိစိတ်ကြောင့် နာကျင်ခံခက်စရာအကြောင်း ဘာမှ မရှိပါဘူး။

Dr. အောင်သူ ~ သေခါနီးအချိန်မှာ ခန္ဓာကိုယ်က နာကျင်မှုတွေကြောင့် စိတ်မှာခံရခက်တာ မရှိနိုင်ဘူးလားဘုရား။

ဆရာတော် ~ ကိုယ်မှာနာတာကြောင့် စိတ်မှာအခံရခက်တဲ့သူ ရှိနိုင်သလို၊ ဝိပဿနာတရား အားထုတ်ထားတဲ့သူနဲ့ သေခြင်းသဘောတရားကို ကြိုတင် လေ့လာထား သူတွေက သေခါနီး ခန္ဓာကိုယ်ဖောက်ပြန်တာကို လက်ခံနိုင်ကြတာတွေ့ရပါတယ် ဒကာကြီး။

## ဘဝအသစ်တစ်ခုကို ဖန်တီးပေးမည့်ကံ

Dr. အောင်သူ ~ သေခါနီး မေ့မြောနေတဲ့သူက ဘာမှ မသိတော့တာပါလားဘုရား။

ဆရာတော် ~ သေခါနီးလို့ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရလို့ဖြစ်စေ မေ့မြောနေတဲ့ လူမမာများက အမြဲတမ်း မေ့မေ့မြောမြော နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေတာ မဟုတ်ပါဘူး။ Sometime aware, sometime deepsleep လို့ ဆေးပညာရှင်တွေက သုံးသပ်တာကို ဖတ်ဖူးတယ်။

Dr. အောင်သူ ~ ဟုတ်ပါတယ်ဘုရား။ အဲဒီလူမမာတွေက ရံခါ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သလို ဖြစ်ပြီး ရံခါ နိုးနေတတ်ပါတယ်ဘုရား။ ဘာကြောင့်လဲဆိုရင် သူတို့ရဲ့ ခန္ဓာကိုယ်မှာ

ဖြစ်တဲ့ နာကျင်မှုကို ကိုယ် နှုတ် အမူအရာနဲ့ မဖော်ပြနိုင်ပါဘုရား။ နှလုံးခုန်နှုန်း ပြောင်းသွားတာ၊ အသက်ရှူနှုန်း ပြောင်းသွားတာကိုကြည့်ပြီး သူတို့ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ နာကျင်မှုဝေဒနာကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ စိတ်က ရုပ်ကို မှီရတယ်။ သေခါနီး အခြေအနေမှာ ရုပ်ခန္ဓာကိုယ်က သိပ်ပြီး ခွန်အားနည်းနေတဲ့အတွက် သူက စဉ်းစားနိုင်စွမ်း မရှိတော့ပါဘူး။ အဲဒီအချိန်တိုကလေးက ဘဝတစ်ခုကို အဆုံးအဖြတ်ပေးတော့မယ်နော်။

Dr. အောင်သူ ~ တပည့်တော်တို့ ဆေးပညာက အခုလို ဘဝတစ်ခုရဲ့ အဆုံးအဖြတ်ပေးမဲ့ အခြေအနေကိုတော့ မသိပါဘုရား။

ဆရာတော် ~ ဘုန်းကြီးတို့လည်း မသိပါဘူး ဒကာကြီး။ ဘုရားရှင်ဟောတော်မူတဲ့ စာတွေအရ သိရတာပါ။ အဆုံးအဖြတ် ဘယ်လိုပေးမှာလဲဆိုရင် သူ့ဘဝတစ်သက်တာမှာ ထူထောင်ထားခဲ့တဲ့ ကံအကြောင်းအရာအများကြီးထဲက စွမ်းပကားအကောင်းဆုံး ဖြစ်စဉ်တစ်ခုက ရုတ်တရက် အိပ်မက်တစ်ခု မက်လိုက်သလို စိတ်တံခါးဝမှာ ပေါ်လာပါလိမ့်မယ်။

Dr. အောင်သူ ~ လူမမာက စဉ်းစားလို့ ပေါ်တာပါလားဘုရား။

ဆရာတော် ~ စဉ်းစားလို့လည်း မဟုတ်ဘူး။ လူမမာက ရွေးချယ်လို့ ပေါ်လာတာလည်း မဟုတ်ဘူး။ သို့သော် အဲဒီဖြစ်စဉ်ကို သူက တွန်းဖယ်လို့ မရတော့ဘူး။

Dr. အောင်သူ ~ အိပ်မက်ဆိုး မက်တာမျိုးပါလားဘုရား။

## အာရုံနိမိတ်

ဆရာတော် ~ ဟုတ်တော့ဟုတ်တယ်။ သို့သော် ပေါ်နေတဲ့ အာရုံတိုင်းက အဆိုးကြီးမဟုတ်ဘူး။ တချို့သူတွေမှာ ကောင်းတဲ့အာရုံလည်း ပေါ်နေတတ်ပါတယ်။

Dr. အောင်သူ ~ အာရုံပေါ်တယ်ဆိုတာကို တပည့်တော် သိပ်နားမလည်သေးဘူးဘုရား။ ဥပမာနဲ့ဆိုရင် ပိုနားလည်မယ် ထင်ပါတယ်။

ဆရာတော် ~ ကောင်းပါပြီ။ တစ်သက်လုံး ဖား၊ ငါး သတ်ခဲ့တဲ့ တံငါသည်က သေခါနီးမှာ မော်တော်ကားလောက်ကြီးတဲ့ ဖားကြီးတွေ အများကြီးက သူ့ကို ကိုက်ခဲနေလို့ ကြောက်လန့်ပြီး အော်ဟစ်နေတာမျိုး၊ ဆင်လောက်ရှိတဲ့ ခွေးကြီးတွေက သူ့ကိုက်ဖို့ ဝိုင်းအုံနေလို့ ကြောက်လန့်ပြီး အော်ဟစ်နေတာမျိုးကို စဉ်းစားကြည့်ပါလေ။

Dr. အောင်သူ ~ ခန္ဓာကိုယ်က အားအလွန်နည်းနေလို့ ပေါ်နေတဲ့အာရုံကို တွန်းဖယ်မရတော့ဘူး ဆိုတာကို တပည့်တော် နားလည်ပြီဘုရား။

ဆရာတော် ~ ခုတင်ပေါ် လဲလျောင်းနေရှာတဲ့ လူမမာက အဲဒီအာရုံတွေကို မတွေ့ချင်သော်လည်း တွေ့နေရတယ်။ သူ့ဆန္ဒအလျောက် ရွေးချယ်ခွင့် မရှိတော့ဘူး။

Dr. အောင်သူ ~ အဲဒီအာရုံကပဲ ဘဝအသစ်တစ်ခုကို ပေးတော့မှာပါလားဘုရား။

ဆရာတော် ~ မကောင်းတဲ့ အာရုံနိမိတ် ထင်လာတဲ့ လူမမာတွေက ရုတ်တရက် ကြောက်လန့်တကြား အထိန်းအကွပ်မဲ့ အော်ဟစ်လာတတ်ပါတယ်။ ကာယကံရှင် ထူထောင်ထားခဲ့တဲ့ကံနဲ့ ကံရဲ့ အကျိုးဆက်ပါပဲ၊ သူနဲ့ ထိုက်တန်တဲ့ ဘဝကို သဘာဝတရားက ဆုံးဖြတ်ပေးတော့မှာပါ။

Dr. အောင်သူ ~ မေ့မြောနေရင်လည်း ပေါ်တာပဲလားဘုရား။

ဆရာတော် ~ သူက သဘာဝနိယာမ ဖြစ်လို့ အာရုံနိမိတ်တွေပေါ်ပြီးမှ စုတိစိတ်ကျပြီး ဘဝအသစ်ကို လားရစမြဲပါ ဒကာကြီး။ သေဆုံးခါနီး ဒီဘဝရဲ့ နောက်ဆုံးစိတ်ကို ဖန်တီးပေးတဲ့သူက တန်ခိုးရှင်၊ ဖန်ဆင်းရှင် မဟုတ်ပါဘူး။ မိမိပြုလုပ်ခဲ့တဲ့၊ မိမိထူထောင်ထားခဲ့တဲ့ ကံတွေပါပဲ။

## ကံလေးမျိုး

Dr. အောင်သူ ~ ဒါဆိုရင် ဘဝကို ဖန်တီးပေးနိုင်စွမ်းတဲ့ ကံက ဘယ်လောက်များ ရှိပါသလဲဘုရား။

ဆရာတော် ~ ဘဝတစ်ခုကို ဖန်တီးပေးနိုင်စွမ်းတဲ့ကံက လေးမျိုးရှိတယ် ဒကာကြီး။

Dr. အောင်သူ ~ အဲဒါကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ (၁) ကြီးလေးတဲ့ ဂရုကံ ဥပမာအားဖြင့် မိဘကိုသတ်တဲ့ ပဉ္စာနန္တရိယကံမျိုးပေါ့ ဒကာကြီး။ (၂) သေခါနီးကာလမှာ ကပ်ပြီးပြုတဲ့ကံ ဆိုပါစို့။ သေခါနီးမှာ သံဃာတော်များထံပါးကနေ ပရိတ်တရားတွေကို နာကြားတာ၊ သပိတ်၊ သင်္ကန်း လှူဒါန်းတာမျိုး၊ ဒါကို အာသန္နကံလို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ကြီးလေးတဲ့ ဂရုကံနဲ့ အလေ့အလာများတဲ့ အာသန္နကံ နှစ်ပါးကို မှတ်မိပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ နောက်တစ်ခု နံပါတ် (၃) ဘဝတစ်လျှောက်လုံး ကြိမ်ဖန်များစွာ အလေ့အကျင့် များများလုပ်ခဲ့တာ။ ဒါမှမဟုတ် တစ်ကြိမ်တစ်ခါကလေးပဲ လုပ်ခဲ့ပါသော်လည်း စိတ်မှာ ထပ်တလဲလဲ ပေါ်နေတတ်တဲ့ ကုသိုလ်၊ အကုသိုလ်ကံကို အာစိဏ္ဏကံလို့ ခေါ်ပါတယ်။ နောက်ဆုံး တစ်ခုရှိသေးတယ်။

Dr. အောင်သူ ~ မှန်ပါ။ ကံသုံးပါးကို မှတ်မိပါပြီဘုရား။

ဆရာတော် ~ နောက်ဆုံးနံပါတ် (၄)က ခုနပြောပြခဲ့တဲ့ ကံသုံးမျိုးထဲက တစ်ခုခု အာရုံနိမိတ်အဖြစ် ထင်ဟပ်မလာရင် ဘဝါဘဝများစွာက ပြုလုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံတွေ များစွာထဲက တစ်ခုခုက စိတ်တံခါးဝမှာ ထင်ဟပ်လာမယ်။ ဒါကို ကဋတ္တာကံလို့ ခေါ်ပါတယ်။ ဒီကံလေးပါးထဲက တစ်ပါးပါးက ဘဝအသစ်တစ်ခုကို ဆုံးဖြတ်ပေးမှာပါ ဒကာကြီး။

Dr. အောင်သူ ~ သေခါနီး နောက်ဆုံး ဆုံးဖြတ်ပေးတဲ့စိတ်ရဲ့ အခြေအနေကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဆိုပါစို့။ လူမမာအနားမှာ ရဟန်းတော်တွေက ပရိတ်တရားဟောနေရင်တောင်မှ သူ့စိတ်မှာ ထင်ဟပ်နေတဲ့ အဲဒီအာရုံကို မဖယ်ရှားနိုင်တော့ဘူး။ အဲသလို ပေါ်နေတဲ့ အာရုံကပဲ ဘဝအသစ်တစ်ခုကို ဖော်ဆောင်ပေးပါတော့မယ်။

## ကံကိုမယုံ၍ အကျိုးပေးမလျော့ပါ

Dr. အောင်သူ ~ အကယ်၍ သေခါနီး လူမမာတစ်ယောက်ယောက်က ဗုဒ္ဓဘာသာဘုရားဟောကို မယုံရင်ကောဘုရား။

ဆရာတော် ~ ဒါက သဘာဝနိယာမ တရားကြီးဖြစ်တာမို့ ဘာသာလူမျိုးနဲ့လည်း မသက်ဆိုင်သလို ယုံကြည်တာ၊ မယုံကြည်တာနဲ့လည်း မဆိုင်ဘူး။ ဥပမာ ဟောဒီအဆိပ်ရည်သောက်ရင် သေမယ်ဆိုတာကို တစ်ယောက်ယောက်က "ငါမယုံဘူးကွာ"ဆိုပြီး သောက်ရင် မသေဘဲ နေပါ့မလား။

Dr. အောင်သူ ~ သေမှာပါဘုရား။

ဆရာတော် ~ အဲသလိုပဲ မယုံကြည်တာနဲ့ အဲဒီအဆိပ်ရည်က နတ်သုဒ္ဓါ ဖြစ်သွားတာမှ မဟုတ်တာ။ ကံကို မယုံကြည်ရုံနဲ့ ကံအကျိုးပေး ပျက်ပြယ်မှာ မဟုတ်ပါဘူး ဒကာကြီး။

## ဘဝများစွာခြား၍ အကျိုးပေးနိုင်သည်

Dr. အောင်သူ ~ ကံရဲ့အကျိုးပေးဆိုတာ ဘဝများစွာခြားပြီး ဝေးကွာသည့်တိုင် လိုက်ပြီးတော့ အကျိုးပေးတတ်တယ်ဆိုတာ ဘယ်လိုမျိုးပါလဲဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ပြောပြမယ်နော်။ ဒီနာနာက္ခဏိကကံရဲ့သဘောက အချိန်ကာလအားဖြင့် ဘဝတစ်သိန်း၊ ဘဝတစ်သန်း ခြားသော်လည်း အကျိုးပေးနိုင်တယ်။ "ကံနဲ့ကံအကျိုးပေးအတိုင်းပါပဲ"လို့ ပြောဆိုကြတာက ဒီနာနာက္ခဏိကကံကို ဆိုလိုတာပါ။

Dr. အောင်သူ ~ အနန္တရပစ္စည်းတုန်းက လေ့လာခဲ့တဲ့ အလယ်ဇော ၅ ပါးက အကျိုးပေးတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ စာကို အခုလိုမှတ်မိတာ ကောင်းတယ်ဒကာကြီး။ အလယ်ဇော ၅ ပါး အကျိုးပေးတဲ့ကံကို အပရာပရိယ ဝေဒနီယကံလို့ ခေါ်တယ်လေ။ ကမ္မပစ္စည်းရဲ့ သတ္တိက အလွန်ကျယ်ဝန်းတဲ့အတွက် သာမန်အားဖြင့် နားလည်ဖို့ ခက်ခဲတယ်။

ဘာကြောင့်လဲဆိုရင် ကံပြုတာကတစ်ချိန်ဖြစ်ပြီး အဲဒီကံရဲ့ အကျိုးပေးက တစ်ချိန် ဖြစ်နေလို့ပါပဲ။

Dr. အောင်သူ ~ ကံပြုပြီး ဒီဘဝထဲမှာတင် အကျိုးပေးတာ မရှိဘူးလားဘုရား။

ဆရာတော် ~ ရှိကောင်းပါတယ်။ အကြောင်းဆုံရင် ဒီနေ့ ကံကိုထူထောင်ပြီး၊ ဒီနေ့ပဲဖြစ်စေ၊ မနက်ဖြန်ဖြစ်စေ၊ သဘက်ခါဖြစ်စေ၊ နောက်ဘဝမှာဖြစ်စေ၊ ဘဝသိန်းသန်း ခြားပြီးမှဖြစ်စေ အကျိုးပေးနိုင်ပါတယ်၊ ကမ္ဘာပေါင်းများစွာ ခြားပြီးတော့လည်း နောက်ဆုံး ကျွတ်တမ်းဝင်မဲ့နေ့အထိ အကျိုးပြုခဲ့တဲ့ သာဓကတွေလည်း ရှိပါတယ် ဒကာကြီး။

Dr. အောင်သူ ~ သာဓကရှိရင် သိချင်ပါတယ်ဘုရား။

## ဆွမ်းဝအောင် မဘုဉ်းပေးရှာသည့် ရဟန္တာအရှင်မြတ်

ဆရာတော် ~ ကောင်းပါပြီ၊ ကဿပဘုရားရှင်လက်ထက်က ထူထောင်ခဲ့တဲ့ကံက ဂေါတမ မြတ်စွာဘုရားရှင်လက်ထက် ကျွတ်တမ်းဝင်မဲ့နေ့အထိ ဒုက္ခပေးခဲ့တဲ့ သာဓက တစ်ခုကို ပြောပြမယ်နော်။

Dr. အောင်သူ ~ အလွန်စိတ် ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ ရှေးဘုရားရှင်လက်ထက် တောကျောင်းဘုန်းကြီးတစ်ပါးက အာဂန္တုရဟန္တာ မထေရ်မြတ်ကြီးအပေါ် မစ္ဆရိယဖြစ်သွားတယ်။

Dr. အောင်သူ ~ တောကျောင်းဘုန်းကြီးက ဘာလို့များ မစ္ဆရိယဖြစ်တာပါလဲဘုရား။

ဆရာတော် ~ သူ့ရဲ့ဒကာက အာဂန္တုရဟန္တာမထေရ်မြတ်ကြီးကို ကြည်ညိုနေတာကို ကြည့်မရ ဖြစ်နေတာကတစ်ခု၊ နောက်နေ့မနက် ဆွမ်းစားပင့်တဲ့အတွက် တောကျောင်း ဘုန်းကြီးက အရပ်လိုပြောရရင် ဝန်တိုနေတာပေါ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ ဘုန်းကြီးတွေလည်း ဝန်တိုတတ်တာပါလားဘုရား။

ဆရာတော် ~ ဒကာကြီး ပုထုဇဉ်သွေး၊ ကိလေသာအပြည့်လေ၊ ဘုန်းကြီးမို့လို့ ကိလေသာက ချမ်းသာပေးမယ် ထင်လို့လား။

Dr. အောင်သူ ~ နားလည်ပါပြီဘုရား။ ဘုန်းကြီးတွေမှာ အဲသလိုစိတ်မျိုး မရှိဘူးထင်လို့ မေး မိတာပါဘုရား။

ဆရာတော် ~ ရှိတယ်။ ရှိတယ်။ တချို့ဘုန်းကြီးတွေမှာ လူထက်တောင် များသေးတယ် ဒကာကြီး။ ဒါနဲ့ဆက်ပြောရအောင်၊ နောက်နေ့မနက်ကျတော့ ဒကာက အာဂန္တု မထေရ်အတွက် ဆွမ်းလှူလိုက်တယ်။ တောကျောင်းဘုန်းကြီးက “ဒီလို ဆွမ်း ကောင်းတွေသာ စားနေရရင် ဒီကိုယ်တော် ငါ့ကျောင်းက ဆွဲချလို့တောင် သွားမှာမဟုတ်တော့ဘူး” ဆိုပြီး လှူတဲ့ဆွမ်းတွေကို တောမီးလောင်နေတဲ့ မီးလောင်ပြင်တစ်ခုမှာ သွန်ပစ်လိုက်တယ်။

Dr. အောင်သူ ~ လုပ်ရက်လိုက်တာဘုရား။ မစ္ဆရိယစိတ်က ကြောက်စရာကောင်းလိုက်တာ။

ဆရာတော် ~ တောကျောင်းဘုန်းကြီး စုတေပြီးနောက် ငရဲကို ရောက်သွားတယ်၊ ငရဲသက်တမ်းစေ့လို့ တက်ပြီးနောက် ဘီလူးဘဝ ၅၀၀၊ ခွေးဘဝ ၅၀၀ ဖြစ်ခဲ့တယ်၊ ဖြစ်လေရာ ဘဝတိုင်းမှာ အစာဝအောင် မစားရရှာဘူး။ အခုလို ဆင်းဆင်းရဲရဲကြီး ဘဝသံသရာကို ကျင်လည်ရင်း ဂေါတမဘုရားရှင်လက်ထက်မှာ တံငါသည်မရဲ့သား ဖြစ်လာတယ်။ သူငယ်ကလေး သူ့ခြေနဲ့သူသွားလာနိုင်တဲ့ အရွယ်ရောက်တဲ့အခါမှာတော့ အမေက ခွက်ကလေးတစ်လုံးကို ကလေးလက် အပ်ပြီး လမ်းမှာ ပစ်ထားရစ်ခဲ့တယ်ဗျာ။

Dr. အောင်သူ ~ ဝမ်းနဲ့လွယ်မွေးထားတဲ့အမေတောင် မေတ္တာပျက်လောက်တဲ့ ဘဝပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဘဝများစွာကြာတုန်းက ထူထောင်ထားခဲ့တဲ့ အကုသိုလ်ကံဟောင်းက လာပြီး ဒုက္ခပေးနေတာပါ။ တောင်းစားတဲ့ အဲဒီကလေးငယ်လေးက အိမ်တစ်အိမ်ကနေ ထမင်းအိုးဆေးတဲ့ရေ စွန့်သွန်လိုက်တဲ့နေရာမှာ ထမင်းလုံးတစ်လုံးစီ ကောက်ယူစားနေရရှာတယ်။

Dr. အောင်သူ ~ သူကျူးလွန်ထားတဲ့ အကုသိုလ်ကံကြောင့် ထမင်းဝအောင် မစားရဘူးထင်ပါတယ်ဘုရား။

## လောသကတိဿရဟန်း

ဆရာတော် ~ ဟုတ်တယ်လေ။ သူထူထောင်ထားခဲ့တဲ့ကံက တူသောအကျိုး ပေးနေတာလေ။ တစ်နေ့တော့ ဆွမ်းခံကြွတော်မူလာတဲ့ အရှင်သာရိပုတ္တရာမထေရ်ကြီးက ဒီဒုက္ခိတသတ္တဝါကို မြင်တော်မူပြီး အလွန်သနားတော်မူလို့ ကျောင်းကိုခေါ်ပြီး ကိုယ်တိုင်ခဲဖွယ် ဘောဇဉ်တွေ ကျွေးမွေး၊ ကိုယ်တိုင်ရေချိုးပေးပြီး ရှင်ပြုပေးတော်မူလိုက်ပါတယ်။ အသက်နှစ်ဆယ်ပြည့်တဲ့အခါ ရဟန်းခံပေးတော်မူပါတယ်။ သာသနာ့သမိုင်းမှာ လောသကတိဿရဟန်းလို့ မှတ်တမ်းဝင်ပါတယ်။[၁]

Dr. အောင်သူ ~ လောသကတိဿမထေရ် ရဟန္တာဖြစ်သလားဘုရား။

ဆရာတော် ~ ဖြစ်တယ်။ သို့သော် ရှေးဘုန်းကံနည်းလွန်းလို့ ဆွမ်းဝအောင် မဘုဉ်းပေးရရှာဘူး။ အသက်ရှင်ရုံမျှပဲ စားရတယ်။ လောသကတိဿ ပရိနိဗ္ဗာန်စံတော်မူမဲ့နေ့မှာ ဆရာရင်းဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာမထေရ်ကြီးက "ဒီနေ့ ငါ့တပည့် ပရိနိဗ္ဗာန်စံတော့မယ်။ ငါသည် ငါ့တပည့်အား အစားအစာဝအောင် လှူဒါန်း ကျွေးမွေးသင့်ပေတယ်"လို့ နှလုံးသွင်းတော်မူပြီး ဆွမ်းခံခေါ်သွားတော်မူတယ်။ အဲဒီမနက် အရှင်သာရိပုတ္တရာမထေရ်ကြီးက ကန်တော့ဆွမ်းတောင် မရခဲ့ဘူး။ ဒါကြောင့် သူ့ကို ပြန်လွှတ်လိုက်ပြီး အရှင်သာရိပုတ္တရာတစ်ပါးတည်း ဆွမ်းခံတော်မူတဲ့အခါမှာ ဆွမ်းပြည့်ပြည့်စုံစုံ ရတော်မူတယ်။

---

**ကျမ်းညွှန်း**

၁။ လောသကဇာတကဝဏ္ဏနာ၊ အတ္ထကာမဝဂ်၊ ဧကကနိပါတဇာတကအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၂၅၁)

Dr. အောင်သူ ~ တစ်ဘဝတာမှာ မသိမလိမ္မာလို့ လွန်ကျူးခဲ့မိတဲ့ အကုသိုလ်ဝဋ်မှုက ကြောက်စရာကောင်းလှပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ အရှင်သာရိပုတ္တရာက အိမ်တစ်အိမ်မှာ ဆွမ်းဘုဉ်းတော်မူပြီး ဒါယကာများကို လောသကတိဿဆီ ဆွမ်းပို့လွှတ်လိုက်တာ သူတို့က သတိမေ့ပြီး လမ်းမှာ ထိုင်စားလိုက်ကြတယ်။ ညနေစောင်းမှ အရှင်သာရိပုတ္တရာ သိတော်မူလို့ ကောသလမင်းထံသွားပြီး စတုမဓုအလှူခံပြီးတော့ ကျွေးတော်မူရတယ်။ အဲသလိုကျွေးရာမှာလည်း သပိတ်ကို လွှတ်ပေးလိုက်ရင် သပိတ်ကွယ်ပျောက်သွားမှာ စိုးရိမ်တော်မူလို့ အရှင်သာရိပုတ္တရာကိုယ်တော်တိုင် သပိတ်အနားကို ကိုင်ပြီးကျွေးတော်မူမှ စတုမဓုကို အဝဘုဉ်းပေးတော်မူပြီး ပရိနိဗ္ဗာန်စံရတယ်။

Dr. အောင်သူ ~ ကံရဲ့ အကျိုးပေးက ရှောင်လွှဲမရတာကို နားလည်ပါပြီဘုရား။ သံဝေဂဖြစ်ဖို့လည်း ကောင်းပါတယ်ဘုရား။

ဆရာတော် ~ ဒါကြောင့် ကိုယ်ပြုခဲ့တဲ့ကံတွေက Online ဖြစ်သွားတယ်လို့ ပါမောက္ခချုပ် ဆရာတော်ကြီးက မိန့်တော်မူတာလေ။

Dr. အောင်သူ ~ မှတ်သားလိုက်နာပါ့မယ်ဘုရား။ အခုရထားတဲ့လူ့ဘဝမှာ လိမ္မာအောင်လည်း နေပါ့မယ်ဘုရား။

ဆရာတော် ~ သာဓု၊ သာဓု၊ သာဓုပါ ဒကာကြီး။

**ဆုတောင်း**

**“မျိုးစေ့တို့သည် ဗီဇအလိုက် ရှင်သန်ပေါက်ရောက်သကဲ့သို့ဟု အဋ္ဌကထာလာသည်နှင့်အညီ လူသားတို့၏ သန္တာန်၌လည်း ကောင်းမွန်သော ကုသိုလ်ကံမျိုးစေ့တို့ကို ထူထောင်နိုင်ကြပြီး သံသရာ၌ ကောင်းကျိုးအဆက်ဆက် ရရှိ ခံစားနိုင်ကြပါစေသား”**

## ၁၄။ ဝိပါကပစ္စယော

Vipaka Paccayo (Resultant condition)

### အားထုတ်မှုမရှိ ငြိမ်သက်ခြင်းအားဖြင့် ကျေးဇူးပြုသောပစ္စည်း



### ဝိပါကပစ္စည်း၏ကျေးဇူးပြုပုံ

'ချမ်းရိပ်နားနေ၊ ညှင်းလေပြည်သို့'ဟု လာရှိသည်နှင့်အညီ အရိပ်အာဝါသကောင်းသော သစ်ပင်၏အောက်၌ အနားယူနေသူအား လေပြေလေညင်း တိုက်ခတ်လာသောအခါ ကြောင့်ကြဗျာပါရမရှိ ငြိမ်သက်အေးဆေးစွာ ဖြစ်နေသကဲ့သို့ ကုသိုလ်၊ အကုသိုလ် အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဝိပါက်ခန္ဓာတို့သည် မိမိနည်းတူ အချင်းချင်း ငြိမ်သက်အေးဆေးစွာ ဖြစ်ပေါ်လာအောင် တည်ရှိလာအောင် ကျေးဇူးပြုကြသည်။ ကမ္မပစ္စည်းက အလုပ်ကို ကြိုးစားလုပ်သည်နှင့် တူသဖြင့် ကြောင့်ကြဗျာပါရရှိပြီး ဝိပါကပစ္စည်းမှာ လုပ်ခလစာထုတ်ယူပြီး ခံစားစံစားသည်နှင့် တူသောကြောင့် ကြောင့်ကြဗျာပါရမရှိ အကျိုးပေးသက်သက်သာ ဖြစ်ပေတော့သည်။

### ဝိပါက်တော်

Dr. အောင်သူ ~ ဝိပါကနဲ့ ဝိပါက်ဆိုတာကို ကွဲကွဲပြားပြား သိချင်ပါတယ်ဘုရား။ အကျယ်တဝင့်လည်း သိချင်နေပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ မူလပါဠိပုဒ်က 'ဝိပါက' ဖြစ်ပါတယ်။ အဲဒီ ဝိပါကထဲမှာရှိတဲ့ 'က' အက္ခရာအပေါ်ကို 'အသတ်'တင်ပြီးတော့ မြန်မာမှုပြုလိုက်တဲ့အခါမှာ ဝိပါက် ဖြစ်သွားတာပါ ဒကာကြီး။

Dr. အောင်သူ ~ ဒါမျိုးကို Burmanize လုပ်တာလို့ ဖတ်ဖူးပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ တချို့ကလည်း ပါဠိသက်ဝေါဟာရလို့ခေါ်တယ်။ တချို့ကျတော့ ပါဠိပျက် ဝေါဟာရလို့လည်း ခေါ်ကြပါတယ်။

Dr. အောင်သူ ~ ဝိပါက်တော်ဆိုပြီး 'တော်'က ဘယ်လိုရောက်လာတာလဲဘုရား။

ဆရာတော် ~ ဘုရားရှင် ပေးဆပ်တော်မူခဲ့တဲ့ ဝိပါက်အကျိုးကို ဖော်ပြတဲ့အခါမှာ မြင့်မြတ်သူ ဖြစ်တဲ့အတွက် မူလဝိပါက်မှာ တော်ထည့်ပြီး 'ဝိပါက်တော်'လို့ သုံးပါတယ်။ ဘာသာဗေဒရှုထောင့်က ပညာရှင်တွေက မြန်မာစာပေမှာ 'ဝိပါက်တော်' ဆိုတဲ့ ဝေါဟာရအသစ်တစ်လုံး ပေါ်ထွက်လာတာလို့ ပြောကြပါတယ်။

Dr. အောင်သူ ~ ဒီ 'ဝိပါက်တော်'ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်လည်း သိပါရစေဘုရား။

## Resultant Kamma

ဆရာတော် ~ ကောင်းပါပြီ၊ ဗုဒ္ဓဘာသာဆိုတာ အကြောင်းတရားတွေကို အခြေခံပြီး အကျိုးတရားတွေဖြစ်လာတာကို လက်ခံတဲ့ ကမ္မဝါဒဖြစ်ပါတယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေက အကြောင်းတရားပေါ့ဗျာ၊ အဲဒီကုသိုလ်၊ အကုသိုလ်ကံကြောင့် စံစား၊ ခံစားရတဲ့တရားက အကျိုးဝိပါက်ပါ ဒကာကြီး။

Dr. အောင်သူ ~ မိမိထူထောင်ထားခဲ့တဲ့ ကံရဲ့အကျိုးလို့ပြောရင် ရပါသလားဘုရား။

ဆရာတော် ~ ရပါတယ်။ ပါဠိလို ကမ္မဖလလို့ ခေါ်နိုင်ပါတယ်၊ အင်္ဂလိပ်လို Resultant Kamma လို့ ဘာသာပြန်နိုင်ပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင် ဝိပါက်ဆိုတာ ထူထောင်ထားခဲ့တဲ့ကံကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးရလဒ်မျှပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်လေ။ ဝိပါကဆိုတဲ့ပါဠိရဲ့သဘောကို တိုက်ရိုက်စဉ်းစားရင် ရင့်ကျက်ခြင်း၊ ရင့်မှည့်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဆိုလိုတာက မျိုးစေ့တစ်စေ့ တဖြည်းဖြည်း ရင့်ကျက်လာပြီး သီးပွင့်ပါတယ်။ အဲသလိုပဲ ကံတရားတွေကလည်း ရင့်ကျက်လာပြီး အကျိုးပေးတာပါ ဒကာကြီး။

Dr. အောင်သူ ~ ထူထောင်ထားခဲ့တဲ့ ကံတစ်ခုခုက အကျိုးပေးစရာရှိတာကို ပေးပြီးရင်ပြီးပြီလားဘုရား။

ဆရာတော် ~ မျိုးစေ့တစ်ခု အောင်မြင်ပြီးတော့ သီးပွင့်ပြီးရင် သူ့ကိစ္စ ပြီးသွားသလိုပါပဲ။

Dr. အောင်သူ ~ တင်ပါဘုရား။

ဆရာတော် ~ ဒါကြောင့် ဝိပါက်စိတ်၊ စေတသိက်တွေက ကံအနေအားဖြင့် နောင်မှာ အကျိုးပေးဖို့ရာ စေ့ဆော်အားထုတ်မှုမရှိဘူး။ တစ်နည်းပြောရရင် ကြိယာစိတ်တွေလိုလည်း ကိုယ်နှုတ်အမူအရာ ဖြစ်စေဖို့ရာ အားထုတ်မှု မရှိဘူး။ အဲသလို အားထုတ်မှု လုံ့လ ပယောဂ ဗျာပါရ လုံးဝ ကင်းဆိတ်နေတာကြောင့်လည်း ဝိပါကပစ္စည်းကို ငြိမ်သက်တဲ့သဘောလို့ စာပေမှာဖွင့်ဆိုကြပါတယ် ဒကာကြီး။

## ချမ်းရိပ်နားနေ၊ ညှင်းလေပြည်သို့

Dr. အောင်သူ ~ မှန်ပါဘုရား။ ဝိပါကပစ္စယောကို ပဋ္ဌာန်းမြန်မာပြန်တွေမှာ ဖတ်တဲ့အခါတိုင်း 'ချမ်းရိပ်နားနေ၊ ညှင်းလေပြည်သို့' လို့ တွေ့ရပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်။ ဒါကြောင့်မို့လို့ ရှေးဆရာတော်ကြီးများက ဝိပါကကို အရိပ်အာဝါသကောင်းတဲ့ သစ်ပင်အောက်မှာ အနားယူနေတဲ့သူကို လေပြေလေညင်းလေးတွေ တိုက်ခတ်လာတဲ့အခါ ကြောင့်ကြဗျာပါရမရှိ ငြိမ်သက်အေးဆေးသလိုတဲ့ ဒကာကြီး၊ Resultant Kamma ပါပဲ။

Dr. အောင်သူ ~ Resultant Kamma လို့ ကြားလိုက်တာနဲ့ ဘုရားတပည့်တော် စိတ်ထဲမှာ တော်တော်ကြီး အသိရှင်းပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ။ ဒကာကြီး စောစောကပြောခဲ့တဲ့ 'ချမ်းရိပ်နားနေ၊ ညှင်းလေပြည်သို့' လိုပဲ မယဒေဝဆရာတော်ကြီးကလည်း ဝိပါက်အကျိုးကို ရေးသားတော်မူတာ သိပ်ကို မှတ်သားစရာကောင်းပါတယ်။ ပြောပြမယ်နော် 'ဝိပါက်ဟူသည်၊ ကြာမရှည်ဘဲ၊ ပြန်လည်တတ်မျိုး၊ မကောင်းကျိုးဖြင့်၊ နောက်ပိုးလိုက်တက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ်စွာ၊ ဤလူ့ရွာဝယ်၊ ဓမ္မတာအရိုး၊ ပမာနှိုးမူ၊ ခါးမျိုးချိုမျိုး၊ စေ့စိုက်ပျိုးက၊ ထိုမျိုးအလား၊ မခြားတူပြီး၊ ခါးချိုသီးသို့၊ သားကြီးမင်းပျို၊ မှတ်ပိုက်သိုလော့၊ သူ့ကိုသရမ်း၊ မကြော့ကြမ်းနှင့်၊ လူ့နှမ်းကိစ္စ၊ ကျိုးမလှဘူး၊ နိယာမမျိုး၊ ကောင်းအဆိုးတည့် ပြစ်ကျိုးနှစ်ပါး၊ ဖြစ်တတ်ငြားက၊ ဘုရားသော်မှ မလွတ်ရဘူး'တဲ့ဗျာ။

Dr. အောင်သူ ~ သိပ်ကိုပြည့်စုံပါတယ်။ အလွန်ကို မှတ်သားထိုက်ပါတယ်ဘုရား။ ဆရာတော်ကြီးက ဘယ်ခေတ်ကာလမှာ ရေးတာပါလဲဘုရား။

ဆရာတော် ~ ဆရာတော်ကြီး ဖွားမြင်တော်မူတာက ၁၈၄၂ ခုနှစ်ကဖြစ်ပြီး လွန်တော်မူတာက ၁၉၂၀ ခုနှစ်လို့ တွေ့ရပါတယ် ဒကာကြီး။ မယဒေဝလင်္ကာကို ပထမဦးဆုံး ပုံနှိပ်နိုင်ခဲ့တာ ၁၉၀၇ ခုနှစ်မှာလို့ ဖတ်ဖူးတယ်။

## ကံနှင့် ကံ၏အကျိုးကိုမယုံကြည်၍ အကျိုးပေး မပြောင်းပါ

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော် တစ်ခု လျှောက်ချင်ပါသေးတယ်ဘုရား။ တပည့်တော်ရဲ့ မိတ်ဆွေဆရာဝန်တချို့က ကံနဲ့ကံရဲ့အကျိုးပေးကို လက်မခံချင်ကြဘူး၊ ဝိပါက်ဆိုတာကိုလည်း သူတို့ နားမလည်ကြဘူးဘုရား။

ဆရာတော် ~ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကလည်း အခုလိုလူတွေ ရှိခဲ့ဖူးပါတယ်။ ကံနဲ့ ကံရဲ့အကျိုးပေးဆိုတာက ယုံခြင်း၊ မယုံခြင်းကြောင့် တိုးပြီးအကျိုးပေးတာ၊ ယုတ်လျော့ပြီး အကျိုးပေးတာ မရှိကောင်းပါဘူး။

Dr. အောင်သူ ~ တပည့်တော်လည်း အခုလို တွေးမိပါတယ်။ သို့ပါသော်လည်း သူငယ်ချင်းတွေနဲ့ ဘာသာရေးဆိုင်ရာ အငြင်းအခုံမဖြစ်ချင်တာနဲ့ ဆိတ်ဆိတ်ပဲ နေခဲ့တာပါဘုရား။

ဆရာတော် ~ ဗဟုသုတမှတ်သားထားဖို့ ကောင်းတာက အကြောင်းကံနဲ့ အကျိုးဝိပါက် ပယ်တာကို အဟေတုကဒိဋ္ဌိ Wrong view that there is no such thing as a cause and effect. လို့ခေါ်တယ်။ သူက အကြောင်းနဲ့ အကျိုး နှစ်ပါးစုံကို မယုံတာ၊ ပယ်တာပေါ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ အကြောင်းအကျိုးကို ပယ်တာမှတ်သားထားပါပြီဘုရား။

ဆရာတော် ~ နောက်တစ်မျိုးက အကြောင်းကံသက်သက်ကို ပယ်တာ၊ သူ့ကို အကိရိယဒိဋ္ဌိ Heretical false view လို့ခေါ်ပါတယ်၊ နောက်ထပ် တစ်မျိုးကတော့ နောင်ခံစားရမဲ့အကျိုးဝိပါက်ကို ပယ်တာ၊ သူ့ကို နတ္ထိကဒိဋ္ဌိ Holistic view လို့ခေါ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ တော်တော်ဆိုးဝါးတဲ့ Wrong view တွေပါပဲ။ ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ရှိခဲ့တယ်။ ဝိပါက်အကျိုးကို ပြန်ဆက်ကြရအောင်လေ။ ဝိပါက်က ကံရဲ့အကျိုးပေးသက်သက်ဖြစ်တာကြောင့် သူ့မှာ စွမ်းအင်မရှိဘူး။

Dr. အောင်သူ ~ မှန်ပါ။ ဘယ်လိုစွမ်းအင်မျိုး မရှိတာပါလဲဘုရား။

ဆရာတော် ~ ကြည့်မှန်ထဲမှာ ပေါ်နေတဲ့ ပုံရိပ်နဲ့တူသတဲ့။ ဘယ်လိုတူတာလဲဆိုရင် မှန်ကို ကြည့်တဲ့လူက ပြုံးရင် မှန်ထဲကပုံရိပ်ကလည်း ပြုံးပြမယ်။ မှန်ကိုကြည့်တဲ့လူက ငိုရင် မှန်ထဲကပုံရိပ်ကလည်း ငိုပြမယ်။ အဲသလိုပဲ ဝိပါက်က ကံတရားရဲ့ပုံရိပ်တွေပါပဲတဲ့ ဒကာကြီး။

## ကံက အလုပ်၊ ဝိပါက်က လုပ်အားခ

Dr. အောင်သူ ~ ဒါကြောင့် Resultant Kamma လို့ခေါ်တဲ့ ဝိပါက်အကျိုးပေး ကောင်းမကောင်းဆိုတာ သူထူထောင်ထားခဲ့တဲ့ ကံအတိုင်းပဲဆိုရင် မှန်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ ကံနဲ့ ဝိပါက်ကို ဥပမာတစ်ခုနဲ့ ပြောပြဦးမယ်နော်။ ကမ္မပစ္စည်းဆိုတာက အလုပ်ကို ကြိုးစားလုပ်တာနဲ့ တူပါတယ်။ ဒါကြောင့် ကမ္မပစ္စည်းက ကြောင့်ကြဗျာပါရရှိတယ်။ ဝိပါကပစ္စည်းကျတော့ လုပ်ခလစာထုတ်ပြီး ခံစားစံစားတာနဲ့ တူပါတယ်။

Dr. အောင်သူ ~ မှန်ဘုရား။ ဒါဆိုရင် ကုသိုလ်ကံက အကျိုးပေးရင် ကုသိုလ်ဝိပါက်၊ အကုသိုလ်ကံက အကျိုးပေးရင် အကုသိုလ်ဝိပါက်အဖြစ် အကျိုးပေးတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဒါကြောင့် ဝိပါက်အကျိုးပေးကို ပြင်လို့မရဘူး။ ကောင်းတဲ့ကံရဲ့ Result က ကောင်းတာပဲလာမယ်။ မကောင်းတဲ့ကံရဲ့ Result က မကောင်းတာဘဲ လာပါမယ်။

Dr. အောင်သူ ~ တင်ပါ။ ဒါဆိုရင် ကမ္မနဲ့ ဝိပါကက Raction တူတယ်လို့ ယူရင်ရမယ် ထင်ပါတယ်ဘုရား။ တပည့်တော် လျှောက်ထားလိုတာက ကမ္မကောင်းရင် Result ဖြစ်တဲ့ ဝိပါကကောင်းမယ်ဘုရား၊ ကမ္မမကောင်းရင်တော့ Result ဝိပါက ဘယ်လိုမှ မကောင်းနိုင်ဘူးလို့ ဆိုလိုတာပါဘုရား။

ဆရာတော် ~ မှန်တယ် ဒကာကြီး။ မှန်တယ်။

Dr. အောင်သူ ~ ဘယ်ဟာတွေက ဝိပါက်စိတ်ပါလဲဘုရား။

ဆရာတော် ~ စုတိစိတ်၊ ပဋိသန္ဓေစိတ်ကလည်း ဝိပါက်စိတ်ဖြစ်ပါတယ်။ ဖိုလ်စိတ်ကလည်း ဝိပါက်စိတ်ပါ။ ဈာန်မှာလည်း ရူပဝါစရဝိပါက်စိတ်၊ အရူပဝါစရဝိပါက်စိတ်တွေရှိတယ်။ ဒို့အပြင် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ အရသာသိစိတ်၊ ထိသိစိတ်အပါအဝင်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံနဲ့ ဘဝင်စိတ်တွေအားလုံးကလည်း ဝိပါက်စိတ်တွေပါပဲ ဒကာကြီး။

Dr. အောင်သူ ~ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ တစ်နည်းပြောရရင် ကုသိုလ်၊ အကုသိုလ်ကံတွေကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးစိတ် စေတသိက်အားလုံးကို ဝိပါက်လို့ပဲ ခေါ်တယ်လို့ မှတ်ထားရင်လည်း ရပါတယ်။

## ဘဝင်စိတ်

Dr. အောင်သူ ~ မှန်ပါဘုရား။ ဒါဆိုရင် ဗုဒ္ဓစာပေမှာ အိပ်ပျော်နေတဲ့အခါမှာ စိတ်ဖြစ်နေတယ်လို့ ဆိုပါသလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်နေတဲ့အခါကို ဆိုလိုတာပါဘုရား။

ဆရာတော် ~ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေချိန်မှာလည်း ဘဝင်စိတ်ဖြစ်နေပါတယ် ဒကာကြီး။ အဲဒီစိတ်ဟာ ဘာစိတ်လဲလို့ဆိုရင် ဝိပါက်စိတ်ပါပဲ။ ဘာဝိပါက်လဲ ဆိုရင် ပဋိသန္ဓေနေတုန်းက ပဋိသန္ဓေဝိပါက်စိတ်နဲ့ ထပ်တူဖြစ်ခဲ့တဲ့စိတ်ပါ။

Dr. အောင်သူ ~ တင်ပါ၊ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်တို့ရဲ့ Quality က အတူတူပဲလို့ မှတ်သားဖူးပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ် စုတိစိတ်တို့က တစ်မျိုးတည်းဖြစ်သလို၊ အာရုံယူတာလည်း အတူတူဖြစ်ပါတယ်။ ဆောင်ရွက်ပုံ ကိစ္စအစွမ်းကို လိုက်ပြီးတော့ နာမည်ကွဲပြားတာပါ။

Dr. အောင်သူ ~ ရှင်းပါပြီဘုရား။

ဆရာတော် ~ ဒါဆိုရင် ဆက်ပြောပြမယ်နော်၊ ဆိုပါစို့ ဘုရားအလောင်းများရဲ့ ပဋိသန္ဓေတို့လို အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်နဲ့ ဖြစ်ပြီးတော့ အထက်တန်း ပဋိသန္ဓေဝိပါက်စိတ် ဖြစ်တာမို့လို့ အိပ်ပျော်နေတဲ့အခါမှာလည်း ဒီဝိပါက်စိတ်ပဲ ဖြစ်ပါတယ် ဒကာကြီး၊ ဒါက နိယာမတရားပါ။

Dr. အောင်သူ ~ တိကျလိုက်တာပါလားဘုရား။

## ပဋိသန္ဓေစိတ်

ဆရာတော် ~ ကလေးလေးတစ်ယောက် ပဋိသန္ဓေနေတုန်းက သောမနဿနဲ့ နေခဲ့လို့ရှိရင် အိပ်ပျော်နေတဲ့အခါ သောမနဿနဲ့ပဲ၊ မျက်နှာက ရွှင်ရွှင်လန်းလန်းလေးဖြစ်လို့ အဲသလို အကဲခတ်လို့ရတယ်။

Dr. အောင်သူ ~ ကလေးဘဝကတည်းက ကွဲပြားလာတဲ့ သဘာဝကိုတော့ တပည့်တော်တို့ ဆေးပညာမှာ လေ့လာ သင်ကြားရပါတယ်ဘုရား။ သို့သော် ဘဝရဲ့အစ ပဋိသန္ဓေစိတ်ဆိုတာမျိုးကို တပည့်တော်တို့ နားမလည်သေးပါဘုရား။

ဆရာတော် ~ ဟုတ်ပါလိမ့်မယ်။ ဘုရားစာမှာ အလွန်တိကျပါတယ် ဒကာကြီး၊ ဆက်ပြောပြမယ်နော်၊ နောက်တစ်ယောက်က ဥပေက္ခာနဲ့ ပဋိသန္ဓေနေလာတယ်ဆိုရင် သူအိပ်ပျော်နေတုန်းမှာလည်း မျက်နှာကမရွှင်လှဘူး၊ မှန်မှန်တည်တည်ပဲ၊ အဲဒီလိုအချိန်မှာလည်း စိတ်တွေဖြစ်နေတယ်လေ။

Dr. အောင်သူ ~ ဘယ်လိုစိတ်တွေများ ဖြစ်တာနေပါလဲဘုရား။

ဆရာတော် ~ ရှေးရှေးကံတွေကြောင့် အခုဘဝအကျိုးပေးနေတဲ့ ဝိပါက်စိတ်တွေ ဖြစ်နေတယ်၊ တစ်နည်းပြောရရင် ဘဝင်စိတ်တွေ ဖြစ်နေပါတယ် ဒကာကြီး။

Dr. အောင်သူ ~ အဲဒီဘဝင်စိတ်က ဘယ်တော့ရပ်မလဲဘုရား။

ဆရာတော် ~ ဘဝရဲ့အစ ပဋိသန္ဓေစိတ် တစ်ကြိမ်ဖြစ်ပါတယ်။ အဲဒီနောက် ဘဝင်စိတ်နဲ့ သဘာဝတူတဲ့ ဝိပါက်စိတ်အစဉ်တွေ ဆက်ဆက်ပြီး ဖြစ်တာကြောင့်မို့လို့ အသက်ရှင်သန်နေရတာပါ။

Dr. အောင်သူ ~ အဲဒီဝိပါက်စိတ်အစဉ်က ဘယ်တော့ရပ်မလဲဘုရား။

## Mental continuity

ဆရာတော် ~ ဒီဝိပါက်စိတ်အစဉ်က နာမသန္တတိအစဉ်လို့ခေါ်တဲ့ Mental continuity အတိုင်း ဆက်ကာဆက်ကာ ဖြစ်တည်ပျက်၊ ဖြစ်တည်ပျက်နဲ့ သွားနေလိုက်တာ ဘယ်အထိလဲဆိုရင် ဒီဘဝ ကံအရှိန်ရှိနေသေးသမျှ ကာလပတ်လုံးပါပဲ၊ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံမှပဲ ပြတ်တော့မှာပါ ဒကာကြီး။

Dr. အောင်သူ ~ ပဋိသန္ဓေစိတ်ဖြစ်ပြီး ပျက်တာနဲ့ နောက်စိတ်တွေ အစဉ်အဆက် ဖြစ်နေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်ဒကာကြီး၊ ပဋိသန္ဓေစိတ်တစ်ခု ဖြစ်ပြီးပျက်သွားပြီးနောက် ဒုတိယစိတ်တစ်ခုက ပဋိသန္ဓေစိတ်ရဲ့ အာရုံအတိုင်း ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ် တစ်ခုခုကို အာရုံယူပြီး ဖြစ်လာတယ်၊ အဲဒီစိတ်ကို ဘဝင်စိတ်လို့ ခေါ်တာပါဗျာ။

Dr. အောင်သူ ~ တင်ပါဘုရား၊ ဒုတိယဘဝင်စိတ်ဖြစ်ပြီး ပျက်သွားပြန်ရင် နောက်ဘဝင်စိတ်တွေ ထပ်ထပ် ပေါ်လာပြန်တယ်လို့ နားလည်ရင် မှန်ပါသလားဘုရား။

ဆရာတော် ~ ဘဝင်စိတ်တွေက မသေမချင်းဖြစ်နေမယ်။ ကြားမှာ ဝီထိစိတ်တွေ မဖြစ်တဲ့အခါရယ်၊ အိပ်ပျော်နေတဲ့အခါတွေမှာလည်း ဘဝင်စိတ်တစ်ခုဖြစ်ပြီး ပျက်သွားလိုက်၊ နောက်ဘဝင်စိတ်တစ်ခု ဖြစ်လာလိုက်၊ ပျက်သွားလိုက်နဲ့ ဖြစ်ပျက်အစဉ်ကြီး သွားနေလိုက်တာ ဘယ်အထိလဲဆိုရင် နောက်ဆုံး စုတိကျတဲ့အထိအောင် မရပ်မနား သွားနေပါတော့တယ်။

Dr. အောင်သူ ~ ဘဝင်စိတ်က မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်မှာလာဆုံတဲ့ အာရုံတွေနဲ့ မဆက်ဆံဘူးလားဘုရား။

ဆရာတော် ~ အဲဒီအာရုံတွေနဲ့ မဆက်ဆံဘူး။ စိတ်ထဲမှာပေါ်တဲ့ စိတ်ကူးစိတ်သန်းတွေနဲ့လည်း မဆက်သွယ်ဘဲ အတိတ်ဘဝက 'ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်' အာရုံတစ်ခုခုကို ယူနေတာပါ။

Dr. အောင်သူ ~ ဘုရားရှင်က စိတ်နဲ့ပတ်သက်လို့ သိတော်မူတာ အံ့သြမဆုံးပါဘုရား။

## Mind door

ဆရာတော် ~ ဟုတ်တယ်၊ ကြည်ညိုမဆုံး၊ အံ့သြမဆုံးပါ ဒကာကြီး၊ အဲဒီဘဝင်စိတ်ကို Mind door မနောဒွါရလို့လည်း ခေါ်ပါသေးတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဘဝင်စိတ်နဲ့ ဝီထိစိတ်အစဉ်တူပါသလားဘုရား။

ဆရာတော် ~ ဘဝင်စိတ်အစဉ်က တည်ငြိမ်နေတဲ့ ပင်လယ်ရေပြင်နဲ့တူပြီး၊ ဝီထိစိတ်အစဉ်ကတော့ လေမုန်တိုင်းရဲ့ ပင့်ဆောင်မှုကြောင့် ကြွတက် မို့မောက်လာတတ်တဲ့ ပင်လယ်ဒီလှိုင်းတွေနဲ့ တူတယ်လို့ စာထဲမှာပြပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဥပမာကို တပည့်တော် မျက်စိထဲ မြင်ရပါပြီဘုရား။ ဘဝင်စိတ်ရဲ့ အာရုံကို သိနိုင်ပါသလားဘုရား။

ဆရာတော် ~ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နဲ့ စုတိစိတ်တို့မှာလည်း အာရုံရှိပါတယ်။ သို့သော် သူတို့ရဲ့အာရုံက သိပ်ကို သိမ်မွေ့လွန်းတဲ့အတွက် မသိနိုင်ပါဘူး။

Dr. အောင်သူ ~ တင်ပ့ါဘုရား။ ဝီထိစိတ်ရဲ့အာရုံတွေကိုတော့ တပည့်တော်တို့ သိနိုင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်ပါတယ်။ သို့သော် အခြေခံစိတ်ဖြစ်တဲ့ ဘဝင်စိတ်မရှိဘဲနဲ့ ဝီထိစိတ် မဖြစ်နိုင်ပါဘူး။

Dr. အောင်သူ ~ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နဲ့ စုတိစိတ်တို့က ၆ ဒွါရမှာပဲ ပေါ်ပါသလားဘုရား။

ဆရာတော် ~ အဲဒီပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တွေက ဒွါရ ၆ ပါးမှာ မဖြစ်ပါဘူး၊ ဒါကြောင့် အဲဒီစိတ်တွေကို ဝီထိမုတ်စိတ်လို့လည်း ခေါ်ပါသေးတယ်။

## အရှင်မဟာမောဂ္ဂလာန်၏ ဝဋ်မှာအမြဲ ငရဲမှာအပ

Dr. အောင်သူ ~ မှန်ပါဘုရား။ လူတွေက "ဝဋ်မှာအမြဲ ငရဲမှာအပ"လို့ ပြောကြတာ ဘယ်လို အဓိပ္ပာယ်ပါလဲဘုရား။

ဆရာတော် ~ မိမိပြုလုပ်ခဲ့ဖူးပြီးဖြစ်တဲ့ အကုသိုလ်ကံရဲ့ အကျိုးဆက်တွေကို ညွှန်းဆိုတဲ့စကားဖြစ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဝဋ်နဲ့ ဝိပါက်က မတူဘူးလားဘုရား။

ဆရာတော် ~ ဝဋ်နဲ့ ဝိပါက်က စကားလုံးအားဖြင့် ကွဲပြားသော်လည်း သဘောအဓိပ္ပာယ်က အတူတူဖြစ်ပါတယ်။ ပါဠိစာပေမှာလာတဲ့ 'ဝဋ္ဋ'ကို မြန်မာမှာ'ဝဋ်'လို့ သုံးနှုန်းကြပါတယ်။ မကောင်းမှု အကုသိုလ်ပြုလုပ်ခဲ့တဲ့အတွက် သံသရာဘဝခရီးမှာ ဆိုးကျိုးတစ်စုံတစ်ရာကို ခံစားရတယ်လို့လည်း ပြောနိုင်သလို သံသရာ လည်ပတ်တာကိုဆိုလိုတာပါ၊ အင်္ဂလိပ်လို Round, Circle လို့ ခေါ်နိုင်ပါတယ်၊

Dr. အောင်သူ ~ ဝိပါက်ရဲ့အဓိပ္ပာယ်ကိုလည်း ပြည့်ပြည့်စုံစုံ ထပ်ပြီး သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ပါဠိဘာသာမှာ ဝိပါကလို့ခေါ်ပြီး မြန်မာမှာ ဝိပါက်လို့ သုံးနှုန်းကြတာပါ။ လိုရင်းအဓိပ္ပာယ်ကတော့ ထူထောင်ထားခဲ့တဲ့ကံကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးရလာဒ်ကို ဆိုလိုတာပါ၊ ဝိပါက်က ၂ မျိုးရှိတယ်နော်။ ကုသိုလ်ကံရဲ့ အကျိုးရလဒ်ကို ကုသလဝိပါက်လို့ခေါ်ပြီး၊ အကုသိုလ်ကံရဲ့ အကျိုးရလဒ်ကိုတော့ အကုသလ ဝိပါက်လို့ ခေါ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ သဘောတော်တော်ပေါက်ပါပြီဘုရား။ နောက်ထပ် တပည့်တော်တို့ သိသင့်တဲ့ဝဋ်တွေ ရှိပါသေးသလားဘုရား။

ဆရာတော် ~ ရှိတယ်။ ရှိပါသေးတယ်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းလို့ခေါ်တဲ့ သင်္ဂြိုဟ်ကျမ်းမှာ ဝဋ်သုံးမျိုးကို ပြပါသေးတယ်။

Dr. အောင်သူ ~ အဲဒါကိုလည်း သိပါရစေဘုရား။

## ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်

ဆရာတော် ~ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တဲ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား၊ အကျယ်လေး သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကိလေသဝဋ်က အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သုံးပါးကို ဆိုလိုတာပါ ဒကာကြီး၊ ကမ္မဝဋ်ဆိုတာက ကုသိုလ်ကံ၊ အကုသိုလ်ကံတွေပါပဲ၊ နောက်ဆုံးဝိပါကဝဋ်က အကျိုးတရားတွေပါ။

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ~ မြန်မာစကားမှာ တစ်ယောက်ယောက် နာမကျန်းဖြစ်လို့ဖြစ်စေ၊ လောကဓံကြောင့် ဖြစ်စေ မသေမရှင် ဒုက္ခရောက်နေရင် ဝဋ်ခံနေရတယ်လို့ ပြောကြပါတယ်။

Dr. အောင်သူ ~ လူမမာအသက်ငင်ပြီး ရုန်းကန်အော်ဟစ်နေရင် မြင်ရသူက ဝဋ်ကြွေးကြီးတယ်လို့ ပြောကြတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ကလေးတစ်ယောက်က တိရစ္ဆာန်တစ်ကောင်ကောင်ကို ညှင်းဆဲနေရင် လူကြီးသူမတွေက 'မညှင်းဆဲနဲ့၊ ဝဋ်လိုက်တတ်တယ်' 'ဝဋ်မှာအမြဲ၊ ငရဲမှာအပနော်' လို့လည်း အစဉ်အလာအရ ဆုံးမတတ်လေ့ ရှိကြတယ်လေ။

Dr. အောင်သူ ~ တပည့်တော်တို့ ပတ်ဝန်းကျင်မှာ မကြာခဏ ကြားရတတ်ပါတယ်ဘုရား၊ ဝဋ်က ဘာကြောင့် မြဲတာပါလဲဘုရား။

ဆရာတော် ~ တစ်ယောက်ယောက်က သတ်၊ ခိုး၊ ကာမ ပြစ်မှုတစ်ခုခု ကျူးလွန်ခဲ့ဖူးရင် အပြစ်အတိုင်းအတာအရ ငရဲမှာ ဆင်းရဲဒုက္ခကို ခံစားရမယ် ဒကာကြီး၊ ငရဲကနေ လွတ်မြောက်လာပြီးရင်လည်း သူကျူးလွန်ထားတဲ့ အကုသိုလ်ကံကြွင်းကံကျန်တွေကို အခွင့်သင့်တဲ့ဘဝတွေမှာ ပေးဆပ်ရတာကိုပဲ ဝိပါက်၊ ကြမ္မာ၊ ဝဋ်ကြွေးလို့ အမျိုးမျိုး ပြောဆိုကြပါတယ်။

Dr. အောင်သူ ~ ဝဋ်ဆိုတာ ရှောင်လွှဲမရနိုင်ဘူးလို့ နားလည်ရမှာပါလားဘုရား။

## ဘုရားရှင်သည်ပင် ဝဋ်ကို ရှောင်လွှဲမရခဲ့ပါ

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ ဗုဒ္ဓမြတ်စွာဘုရားသည်ပင် ဝဋ်ကို ရှောင်လွှဲမရခဲ့ပါဘူး ဒကာကြီး။ တစ်ဆယ့်နှစ်ပါးသော ဝိပါက်တော်ကို မြတ်ဗုဒ္ဓ ခံစားခဲ့ရပါတယ်။ အလားတူ တန်ခိုးအရာမှာ ဧတဒဂ်ဖြစ်တော်မူတဲ့ အရှင်မဟာမောဂ္ဂလာန်သည်လည်း တစ်ခုသောနစဉ်ဘဝမှာ မယားအမိုက်မရဲ့စကားကြောင့် မျက်မမြင်မိဘနှစ်ပါးကို တောထဲခေါ်ပြီး ခိုးသားတွေ ရိုက်နှက်ဟန်ဆောင်ပြီးတော့ မလုပ်ကောင်းတဲ့ပြစ်မှုကြီးကို ကျူးလွန်ခဲ့ဖူးတယ် ဒကာကြီး။

Dr. အောင်သူ ~ အရှင်မဟာမောဂ္ဂလာန်လည်း ဝဋ်လိုက်တာပဲလားဘုရား။

ဆရာတော် ~ လိုက်တာပေါ့ ဒကာကြီး။ ကာလရှည်ကြာ ငရဲမှာ ကျခံခဲ့ရပြီး၊ နောက်ဆုံး ပရိနိဗ္ဗာန် စံဝင်တော်မူမဲ့အချိန်မှာ ခိုးသားငါးရာတို့ရဲ့ ရိုက်နှက်သတ်ဖြတ်မှုကို ခံခဲ့ရတယ်။ ဒါကြောင့် ဝဋ်မှာအမြဲလို့ ဆိုထုံးပြုကြတာပါ။

Dr. အောင်သူ ~ ကိုယ်လွန်ကျူးထားတဲ့ ကံအကျိုးပေးကို ပြေးမလွတ်နိုင်ဘူးလို့ တပည့်တော် လေးလေးနက်နက် နားလည်ပါပြီဘုရား။

ဆရာတော် ~ ဘဝသံသရာတစ်ကွေ့မှာ သိလို့ဖြစ်စေ၊ မသိလို့ပဲဖြစ်စေ ထူထောင်ထားခဲ့ဖူးတဲ့ ကံရဲ့အကျိုးပေးပုံ အဆင့်ဆင့်က ဘုရားရဟန္တာသော်မှ မလွတ်မှတော့ ပုထုဇဉ် တစ်ဦးအဖို့ ဘယ်ပြောကောင်းမလဲ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ တပည့်တော် အထူးမှတ်သားထားပါ့မယ်ဘုရား။

## အရှင်ဇမ္ဗုကာ၏ 'ဝဋ်မှာအမြဲ ငရဲမှာအပ'

ဆရာတော် ~ ဝဋ်လိုက်တဲ့အကြောင်းပြောရင် နောက်တစ်ခု သတိရလာတယ်။

Dr. အောင်သူ ~ မှန်ပါ။ ဘယ်လိုအကြောင်းအရာများပါလဲဘုရား။

ဆရာတော် ~ သူတော်ကောင်းပုဂ္ဂိုလ်ကြီးကို နှုတ်နဲ့စွပ်စွဲပြစ်မှားမိခဲ့တဲ့ အကုသိုလ်ကံကြောင့် ဘဝခြားသည့်တိုင် ဆက်တိုက် ဝဋ်ခံခဲ့ရတဲ့ တောကျောင်းမှာနေတဲ့ ရဟန်း တစ်ပါးရဲ့ ဘဝအကြောင်း ပြောပြဦးမယ်နော်။

Dr. အောင်သူ ~ တောကျောင်းမှာ နေတဲ့ရဟန်းလည်း ဝဋ်လိုက်တာပါပဲလားဘုရား။

ဆရာတော် ~ ဘုရားသော်မှ မလွတ်တာပါ ဒကာကြီး၊ တောကျောင်းနေနေ၊ မြို့ကျောင်းနေနေ ဘယ်လွတ်တော့မလဲဗျာ။

Dr. အောင်သူ ~ တင်ပါ့ဘုရား။

ဆရာတော် ~ ဂေါတမဘုရားရှင် လက်ထက်တော်ကာလမှာ ဘုရားသားတော် မဖြစ်လာဘဲ ဘာသာခြားကို ရောက်သွားတဲ့ ဇမ္ဗုကတက္ကတွန်းဆိုတာ ရှိခဲ့ဖူးတယ်။ သူက ပစ္ဆိမ ဘဝိက ရဟန္တာအလောင်းအလျာဖြစ်ပေမဲ့ ဘဝတစ်ခုရဲ့ တစ်ကွေ့မှာ တစ်ခဏ တာကလေးအတွင်း လွန်ကျူးမိခဲ့တဲ့ အပြစ်ကြီးတစ်ခုကြောင့် ငရဲကနေ လွတ်လာပြီးတော့ ဝဋ်ခံနေရတဲ့ လူသားတစ်ယောက်ပါ။

Dr. အောင်သူ ~ ဘဝတစ်ကွေ့ရဲ့ တစ်ခဏတာတိုကလေးအတွင်းမှာ ဘယ်လို အပြစ်မျိုးများ လွန်ကျူးမိခဲ့တာပါလဲဘုရား။

ဆရာတော် ~ သာသနာ့မှတ်တမ်းမှာ သူ့နာမည်ကို ဇမ္ဗုကတက္ကတွန်းလို့ ရေးထိုးထားပါတယ်၊ သူ့ဘဝဖြစ်စဉ် အကျဉ်းကတော့ ကဿပဘုရားရှင် လက်ထက်တော်ကာလက

---

**ကျမ်းညွှန်း**

၁။ မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု၊ ဒဏ္ဍဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ဒုတိယတွဲ၊ နှာ- ၄၁)

တောကျောင်းမှာ သီတင်းသုံးပြီး ရဟန်းသီလပြည့်စုံတဲ့ ကျောင်းထိုင်ရဟန်း တစ်ပါးဖြစ်ခဲ့တယ်။ တောကျောင်းကို ကျောင်းဒါယကာက ပင့်လာတဲ့ အာဂန္တု ရဟန္တာတစ်ပါးအပေါ်မှာ မနာလိုဝန်တိုစိတ် အားကြီးသွားပြီး မထိန်းနိုင် မသိမ်းနိုင် နှုတ်ဝစီနဲ့ ရက်ရက်စက်စက်ကြီးကို ပြစ်မှားမိလိုက်ပါတယ်။

Dr. အောင်သူ ~ ရဟန္တာအပေါ် ဘယ်လိုများ နှုတ်ဝစီနဲ့ ပြစ်မှားလိုက်တာလဲဘုရား။

## ဆိုးဝါးသောနှုတ်ဝစီ

ဆရာတော် ~ စာထဲကအတိုင်းပြောရရင် 'ငါ့ရှင် သင်သည် ငါ့ဒါယကာ သူကြွယ်အိမ်၌ ဆွမ်းကို စားရခြင်းထက် သင်အား မစင်ပုပ်ကို စားရခြင်းက မြတ်သေး၏' တဲ့ ဒါက ပထမဆုံး ပြစ်မှားတဲ့တစ်ချက်။

Dr. အောင်သူ ~ မှန်ပါ၊ တော်တော်ဆိုးဝါးလွန်းတဲ့ နှုတ်ဝစီပါပဲဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ နောက်တစ်ချက်က 'သူကြွယ်ခေါ်ခဲ့သော ဆတ္တာသည်ဖြင့် သင်၏ ဆံကို ချခြင်းထက် ထန်းစေ့ညှပ်ဖြင့် ဆံပင်ကို တစ်ပင်ချင်းနှုတ်တာက ပိုမြတ် သေး၏' တဲ့။ ဒါက ဒုတိယပြစ်မှားမှု၊ နောက်တတိယက 'သူကြွယ်ပေးသော အဝတ်သင်္ကန်းကို ဝတ်ခြင်းထက် သင်အဝတ်မစည်း အချည်းနှီးနေရခြင်းက မြတ်သေး၏'တဲ့ ဒကာကြီး။

Dr. အောင်သူ ~ သုံးချက်ရှိပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ နောက်ဆုံးတစ်ချက်က 'သူကြွယ်ဆောက်ခဲ့သော ညောင်စောင်း၌ အိပ်ခြင်း ထက် သင်အား မြေကြီးပေါ်၌ အိပ်ခြင်းက မြတ်သေး၏'တဲ့။

Dr. အောင်သူ ~ တော်တော်ပြင်းထန်ပြီး ဆိုးယုတ်လွန်းတဲ့ ပြစ်မှားမှုပါပဲဘုရား၊ ဒါနဲ့ဝင့်လိုက် တာလားဘုရား။

ဆရာတော် ~ ကျန်သေးတယ် ဒကာကြီး။ မနက်မိုးလင်း အရုဏ်တက်ပြီးတဲ့နောက် ဆွမ်း ဒါယကာ သူဌေးအိမ်ကပင့်ထားလို့ ဆွမ်းဘုဉ်းဖို့ ကြွရတော့မယ်။

Dr. အောင်သူ ~ အာဂန္တုရဟန္တာကိုလည်း ပင့်သွားရမှာလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒါပေမဲ့ သူ့နှလုံးသားထဲမှာ မနာလိုဝန်တိုစိတ်က အပြည့်နေရာ ယူထားတဲ့အတွက် ကျောင်းဒါယကာအိမ်ကို အာဂန္တုရဟန်း လိုက်လာမဲ့အဖြစ်ကို သူလုံးဝမကြည်ဖြူဘူး၊ လုံးဝကို မလိုလားဘူးဖြစ်နေတယ်။ ဒါကြောင့် မထေရ်ကြီး နိုးမှာစိုးလို့ အုန်းမောင်းကို လက်သန်းနဲ့ ကုတ်ခြစ်ခဲ့သတဲ့။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ မိုးလင်းတော့ အာဂန္တုရဟန်းကို မခေါ်ဘဲ ကျောင်းဒါယကာအိမ်ကို တစ်ပါးတည်း ဆွမ်းစားကြွသွားတယ်၊ ကျောင်းဒါယကာက 'အာဂန္တုကရဟန်း မပါခဲ့ဘူးလား ဘုရား'လို့ မေးလျှောက်တော့ 'မနေ့က ဒကာကြီးအိမ်က လှူဒါန်းခဲ့တဲ့ဆွမ်းကို

ဘုဉ်းပေးပြီး ဒကာကြီး ကြည်ညိုတဲ့ရဟန်းက အိပ်နေလိုက်တာ အုန်းမောင်း ခေါက်တာတောင် သူမကြားဘူး'လို့ လိမ်ပြောပြန်တယ်။

Dr. အောင်သူ ~ မနာလို၊ ဝန်တိုတဲ့စိတ်က လွှမ်းမိုးခံထားရတဲ့ ရဟန်းက လိမ်ပြောရဲတဲ့အထိ ရောက်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဒါနဲ့ကျောင်းဒါယကာက ဘုန်းကြီးကို သပိတ်နဲ့ဆွမ်းကပ်တယ်၊ ဆွမ်းဘုဉ်းပြီးတဲ့အခါ သပိတ်ကိုဆေးပြီးတော့ အာဂန္တုရဟန်းအတွက် မွန်မြတ်တဲ့ ဆွမ်းဘောဇဉ်တွေကို စီစဉ်ပြီး ကျောင်းနေရဟန်းရဲ့ သပိတ်ထဲ ထည့်ပေးလိုက်တယ်၊ ဘုန်းကြီးက ဒါဘာလုပ်တာလဲ' လို့ မေးတော့ 'အာဂန္တုရဟန်းအတွက်ပါဘုရား' လို့ ကျောင်းဒါယကာက ပြန်လျှောက်တယ်။

## သပိတ်ထဲကဆွမ်း လမ်းဘေးသွန်ပစ်သည်

Dr. အောင်သူ ~ အာဂန္တုရဟန်းက အဲဒီဆွမ်းကို ဘုဉ်းပေးလိုက်ရသလားဘုရား။

ဆရာတော် ~ မဘုဉ်းပေးလိုက်ရဘူး ဒကာကြီး။ ဘာကြောင့်လဲဆိုရင် ကျောင်းထိုင်ဘုန်းကြီးက 'ငါ့ဒကာအိမ်က ဒီလောက်မွန်မြတ်တဲ့ ဆွမ်းဘောဇဉ်တွေကိုသာ စားနေရရင် ဒီအာဂန္တုဘုန်းကြီး ငါ့ကျောင်းက ဆွဲချလို့တောင် ထွက်တော့မှာမဟုတ်ဘူး' လို့ တွေးပြီး ဆွမ်းသပိတ်ကို လမ်းဘေးတစ်နေရာမှာ သွန်ပစ်သတဲ့ဗျာ။

Dr. အောင်သူ ~ ဘုန်းကြီးရဲ့ တော်တော်ယုတ်မာတဲ့ စိတ်ပါပဲဘုရား။

ဆရာတော် ~ ဒါကရဟန်းတွေမှာ များသောအားဖြင့် ဖြစ်တတ်တဲ့ သဘာဝရှိတယ်။ အာဝါသမစ္ဆရိယတဲ့၊ ကုလမစ္ဆရိယတဲ့ဗျာ၊ ဒီစိတ်တွေက သူ့ဒုက္ခပေးလိုက်တာပဲလေ။

Dr. အောင်သူ ~ မှန်ပါဘုရား၊ ဘယ်လိုများ ဒုက္ခရောက်တာပါလဲဘုရား။

ဆရာတော် ~ သူ့အပြစ်အားလျော်စွာ ကဿပဘုရားနဲ့ ဂေါတမဘုရား၊ ဘုရားရှင်နှစ်ဆူကြား ကာလ အဝီစိငရဲကိုကျတယ်။ အခု ကျွတ်တမ်းဝင်မဲ့ ပစ္ဆိမဘဝမှာ လူဖြစ်လာတဲ့အခါ ၅၅ နှစ် ကာလပတ်လုံး မစင်စားရတယ်၊ မြေကြီးပေါ် အိပ်ရတယ်၊ အဝတ်မဝတ်ရဘူး။ ထန်းစေ့ညှပ်နဲ့ ဆံပင်နုတ်ခံရတယ်။

Dr. အောင်သူ ~ ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင်မဲ့ဘဝတိုင်အောင် ဝဋ်နှလိုက်နေတာ ကြောက်စရာကောင်းလှပါတယ်ဘုရား။

## သာမာဝတီမိဖုရားကြီး၏ 'ဝဋ်မှာအမြဲ ငရဲမှာအပ'

Dr. အောင်သူ ~ တပည့်တော်ငယ်တုန်းက အဖွားက မကြာခဏပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ 'ကိုယ်ချင်းစာတရား ကင်းမဲ့ပြီး ဒုစရိုက်လုပ်မိရင် ဝဋ်ကြွေးတင်သွားတတ်တယ် ငါ့မြေး'တဲ့ ဘုရား။

ဆရာတော် ~ သိပ်မှန်တဲ့ အဆုံးအမစကားပါဗျာ။ ဟုတ်တယ်၊ ဘုရားရှင် သက်ရှိထင်ရှား ရှိတော်မူတဲ့ကာလက ဖြစ်ခဲ့တဲ့ဖြစ်စဉ်တစ်ခု သတိရလာတယ်။

Dr. အောင်သူ ~ မှန်ပါ။ သိပါရစေဘုရား။

ဆရာတော် ~ သာမာဝတီမိဖုရားကြီးက ဘုရားမြတ်စွာကို အလွန်ကြည်ညိုတယ်။ မေတ္တာတရား ကြီးမားတဲ့နေရာမှာတော့ တကယ့်စံပြပဲ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါပေမဲ့ ကံမကောင်း ရှာဘူး။ သူ့ရှေးရှေးဘဝဝဋ်ကြွေးကြောင့် အရှင်လတ်လတ် မီးရှို့ပြီး အသတ်ခံခဲ့ ရတယ်။

Dr. အောင်သူ ~ သာမာဝတီမိဖုရားကြီးရဲ့ ရှေးကံကြမ္မာက ဘယ်လိုရှိခဲ့တာပါလဲဘုရား။

ဆရာတော် ~ သာမာဝတီမိဖုရားကြီးရဲ့ဘဝ မရှုမလှ နိဂုံးချုပ်ရတဲ့ အတိတ်အကြောင်း ကြီးကြီး မားမားရှိခဲ့ပါတယ်။ ဘဝတစ်ခုမှာတုန်းက သာမာဝတီလောင်းလျာ အမျိုး ကောင်းသမီးဟာ တခြားအမျိုးသမီးအဖော်တွေနဲ့အတူ မြစ်ဆိပ်ထဲ ရေဆင်းချိုးပြီး မီးလှုံချင်လို့ မြစ်ဘေးက ချုံတွေကို မီးရှို့တယ်။ မြစ်ဘေးက ချုံတစ်ခုရဲ့အောက်မှာ ပစ္စေကဗုဒ္ဓါတစ်ပါး သမာပတ်ဝင်စားတော်မူနေတယ်။

Dr. အောင်သူ ~ ပစ္စေကဗုဒ္ဓါကို သူတို့ မမြင်ဘူးလားဘုရား။

## ပစ္စေကဗုဒ္ဓါကို ထင်းပုံပြီးမီးရှို့

ဆရာတော် ~ မမြင်ကြဘူး၊ ချုံတွေ မီးလောင်တော့မှ ချုံအောက်မှာ ပစ္စေကဗုဒ္ဓါရှိမှန်းသိတော့ တယ်။ 'ဘုရင်ကြီးကိုးကွယ်တဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်မှန်းလည်း သိရော ငါတို့အားလုံး ဒုက္ခရောက်တော့မယ်။ ဒီတော့ အခုမှတော့ မထူးတော့ပါဘူး' ဆိုပြီး ပစ္စေကဗုဒ္ဓါကိုပါ ထင်းတွေပုံပြီး မီးရှို့လိုက်ကြတော့တယ်။

Dr. အောင်သူ ~ ပစ္စေကဗုဒ္ဓါ မီးလောင်ပြီး ပရိနိဗ္ဗာန်စံတော်မူပါသလားဘုရား။

ဆရာတော် ~ အရှင်မြတ်ကြီးကတော့ အဓိဋ္ဌာန်ထားတော်မူလို့မို့ ဘာအန္တရာယ်မှ မရှိလိုက်ပါဘူး။ သို့သော် သာမာဝတီလောင်းလျာနဲ့ အမျိုးသမီးအဖော်အပေါင်းတို့ဟာ အဲဒီ အကုသိုလ်ကံကြောင့် ငရဲကို ကျသွားတယ်။

Dr. အောင်သူ ~ သူတို့မီးလှုံဖို့မီးရှို့တာ ဘာအပြစ်ရှိလို့များ ငရဲကို ကျတာပါလဲဘုရား။

ဆရာတော် ~ ဒီလိုစဉ်းစားတာ ကောင်းပါတယ် ဒကာကြီး။ သူတို့ မူလကချမ်းလို့ မီးလှုံရအောင် မီးရှို့တာ ဘာအပြစ်မှ မရှိပါဘူးဗျာ။ မထေရ်မြတ် တရားထိုင်တော်မူနေတဲ့ဘက်ကို မီးကူးသွားတာလည်း သူတို့စေတနာမပါတဲ့အတွက် အပြစ်မရှိသေးဘူးနော်။ သို့သော် 'ရှင်ဘုရင်ကိုးကွယ်တဲ့ သူတော်ကောင်းကို ငါတို့ မီးရှို့လို့ကတော့

---

**ကျမ်းညွှန်း**

၁။ သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒအဋ္ဌကထာ။ (ပထမတွဲ၊ နှာ - ၁၀၃)

ဒုက္ခရောက်ကြတော့မယ်' ဆိုပြီး သမာပတ်ဝင်စားတော်မူနေတဲ့ အရှင်မြတ်ကြီးကို မီးရှို့ပြီး အပျောက်စီရင်ဖို့ ဆုံးဖြတ်ပြီးတော့ မီးလောင်တိုက်သွင်းတာကြောင့် ကံထိုက်ပါတယ်။ အပြစ်ဖြစ်ပါတယ်။

Dr. အောင်သူ ~ နားလည်ပါပြီ။ ကျေးဇူးတင်ပါတယ်ဘုရား။ သာမာဝတီမိဖုရားကြီး ဘယ်လိုများ ဝဋ်ခံရပါသလဲဘုရား။

ဆရာတော် ~ ဥတေနမင်းကြီးရဲ့ မိဖုရားဖြစ်တဲ့ဘဝမှာ မာဂဏ္ဍီမိဖုရားက သာမာဝတီကို မျက်မုန်းကျိုးနေတယ်။ ဒါကြောင့် မာဂဏ္ဍီက သာမာဝတီမိဖုရားကြီး ဒုက္ခရောက်အောင် အမျိုးမျိုး အကောက်ကြံတယ်။ မအောင်မြင်တဲ့ နောက်ဆုံးတစ်နေ့မှာတော့ သာမာဝတီမိဖုရားနဲ့ အပျိုတော် ၅၀၀ ကို မာဂဏ္ဍီကိုယ်တိုင် ဦးဆောင်ပြီး မီးလောင်တိုက်သွင်းပြီး သတ်လိုက်တယ်။

Dr. အောင်သူ ~ တူသောအကျိုးကို တည့်တည့်ပေးတာပါလားဆိုတာ နားလည်ပါပြီဘုရား။ ဒါကြောင့်ထင်တယ် တပည့်တော်အဘွားက 'သူများကို မတရားတဲ့နည်းနဲ့ အနိုင်ပိုင်းဖို့ ဘယ်တော့မှ မကြိုးစားနဲ့၊ ဝဋ်ကြွေးဆိုတာ ကျိန်စာထက် ပိုကြောက်စရာ ကောင်းတယ် ငါ့မြေး'လို့ မကြာခဏ ဆုံးမခဲ့တာဘုရား။

ဆရာတော် ~ အဖိုးတန်တဲ့ ဒီလိုအဆုံးအမကို လိုက်နာသူတွေအားလုံး ခုရောနောင်ပါ ချမ်းသာကြမှာပါဗျာ။

Dr. အောင်သူ ~ မှန်ပါဘုရား။ လိုက်နာပါ့မယ်ဘုရား။

## ဘုရားရှင်သော်မှမလွတ်ခဲ့သည့် ဝိပါတ်တော် ၁၂ ပါး

ဆရာတော် ~ 'ဝဋ်မှာအမြဲ ငရဲမှာအပ'ဆိုတဲ့အတိုင်း ဝဋ်ကြွေးရှိရင် သံသရာက မလွတ်မချင်း ပေးဆပ်ရမြဲ ဓမ္မတာမို့လို့ ဗုဒ္ဓဘုရားရှင်သည်ပင်လျှင် နုစဉ်ဘဝများက ကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံအကျိုး ဝိပါက်တော် ၁၂ ပါးကို ဘုရားဖြစ်တော်မူတဲ့ ဘဝတိုင်အောင် ပေးဆပ်ခဲ့ရပါသေးတယ် ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် ငယ်ငယ်တုန်းက ဝိပါက်တော် ၁၂ ပါး ကဗျာကို အဘွားက ခဏခဏဆိုဆိုပြလို့ အလွတ်လောက်နီးနီး ရခဲ့ဖူးပါတယ်ဘုရား။ အဓိပ္ပာယ်ဆိုလိုရင်းကိုတော့ သေသေချာချာ မသိပါဘုရား။

## ပထမဝိပါက်တော်

ဆရာတော် ~ ပြောပြမယ်နော်၊ ကဿပဘုရား တောထွက်ပြီး ဒုက္ကရစရိယာကို ၆ ရက်တာ ကျင့်ကြံပြီးတော့ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

Dr. အောင်သူ ~ ကဿပဘုရားရှင်က ဒုက္ကရစရိယာကို ၆ ရက်ပဲကျင့်ကြံပြီး ဘုရားဖြစ်တော်မူတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ ကဿပဘုရားရှင် လက်ထက်တော်မှာ ဂေါတမဘုရားလောင်း ဇောတိပါလက ဗေဒင်ကျမ်းတတ် ပုဏ္ဏားမျိုးနွယ်မှာ ဖြစ်နေပါတယ်။ သူဘာပြောသလဲဆိုရင် 'လောကီပညာတောင်မှ နှစ်ပေါင်းများစွာ သင်ရသေးတာ၊ ဗောဓိဉာဏ်ရဖို့ ၆ ရက်ထဲကျင့်ပြီး လွယ်လွယ်နဲ့ ဘုရားဖြစ်နိုင်တယ်ဆိုရင်၊ ငါဆိုရင် ၆ နှစ်တောင် ကျင့်နိုင်တယ်'လို့ ကဲ့ရဲ့စကား နှုတ်ဝစီကြောင့် ဥရုဝေလတောမှာ အလွန်ပင်ပန်းဆင်းရဲပြီး တစ်ဖက်အစွန်းရောက်တဲ့ ဒုက္ကရစရိယာကိုအကျင့်ကို ၆ နှစ်ကြာ ကျင့်ခဲ့ရပါတယ်။

Dr. အောင်သူ ~ တပည့်တော် အဘွားသင်ပေးတာကို သတိရပြီဘုရား။ 'ဥရုဝေလ တောဝမြိုင်ခွင်၊ ခြောက်နှစ်ပတ်လုံး ကျင့်သုံးအရှင်။ အားကုန်ခန်းလို့ ညှိုးနွမ်းငြိုငြင်၊ ပင်ပန်းရေးဝဋ်ကြွေး ဘယ်ကြောင့်တင်' လို့မေးပါတယ်။ 'ကဿပဘုရား ထင်ရှားပွင့်သော်၊ ဇောတိပါလနာမည် အကျော်။ ပုဏ္ဏားမာန်တတ် နှုတ်မြွက်အာဘော်၊ 'ဝစီပြင်း ရှေးရင်းဝိပါက်တော်' တဲ့ ဘုရား၊ တပည့်တော် အခုမှ ပြည့်ပြည့်စုံစုံ သိရပါပြီဘုရား၊ နောက်တစ်ခုကို သိချင်ပါသေးတယ်ဘုရား။

## ဒုတိယဝိပါက်တော်

ဆရာတော် ~ ကောင်းပါပြီ၊ ဒုတိယဝိပါက်တော်ကို ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါ၊ တပည့်တော်ငယ်ငယ်တုန်းက အဘွားပြောပြတဲ့ ကဗျာလောက်ကိုပဲ သိတာဘုရား။ ပြည့်ပြည့်စုံစုံကို အခုမှ ကြားဖူးတာပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဝေဿဘူမြတ်စွာဘုရားရှင် လက်ထက်ကာလမှာ ဘုရားလောင်းက သူဆင်းရဲမျိုးမှာဖြစ်ပြီး နေ့နေ့ညည သောက်စားမူးယစ် နေတတ်သတဲ့။ တစ်နေ့ ဆွမ်းခံရပ်နေတော်မူတဲ့ ရဟန္တာအရှင်မြတ်တစ်ပါးကို အရက်မူးပြီးတော့ 'ခြေလက်အင်္ဂါ ပြည့်စုံပါလျက် လုပ်ကိုင်စားလိုစိတ်မရှိဘူး။ မည်းနေတဲ့အိုးကြီး လက်ထဲပိုက်ပြီး လိုက်တောင်းစားနေတာ၊ ကိုယ်ကျင့်သီလမရှိဘူး ရှက်စရာ သိပ်ကောင်းတယ်'လို့ အမျိုးမျိုးကဲ့ရဲ့ စွပ်စွဲဆဲရေး တိုင်းထွာခဲ့ဖူးတယ် ဒကာကြီး။

Dr. အောင်သူ ~ မူးရူးနေတဲ့သူရဲ့ ပါးစပ်ထဲက ထွက်ချင်ရာ ထွက်မှာပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အဲသလို စွပ်စွဲခဲ့တဲ့ ဝစီအပြစ်ကြောင့် ငရဲမှာ အကြိမ်ကြိမ်ခံရပြီး နောက်ဆုံး ဘုရားအဖြစ် ရောက်တော်မူတဲ့ဘဝမှာ စိဉ္စမာဏဝိကမိန်းမယုတ်က ကိုယ်လေးလက်ဝန် အတုကြီးလုပ်ပြီးတော့ မြတ်စွာဘုရားနဲ့ရတဲ့ ကိုယ်ဝန်ဆိုပြီး ပရိသတ်လူပုံအလယ်မှာ စွပ်စွဲတာခံခဲ့ရတာ အကြောင်းမဲ့မှမဟုတ်တာ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ မှတ်မိပါပြီဘုရား။ 'စိဉ္စမာဏ မိန်းမစေကျွန်၊ ကိုယ်ဝန်ရှိသော ဆိုပြောအလွန်။ လက်သည်ထားလို့ ဘုရားကိုညွှန်၊ စွပ်စွဲခဲ့ အဘယ့်ဝိပါက်ဝန်' လို့မေးပြီး 'သောက်စားလွန်ကျူး ယစ်မူးပျော်ရွှင် သေရည်သမား ဖြစ်ငြားသခင်၊ ရဟန္တာမြတ် ဆွမ်းရပ်သည်မြင်၊ အကျင့်ယုတ် ဖွင့်ထုတ် စွပ်စွဲအင်'လို့ ဖြေရပါတယ်ဘုရား။

ဆရာတော် ~ သာဓုပါဗျာ။ သိပ်ထိမိတဲ့ ကဗျာပါပဲ။

## တတိယဝိပါက်တော်

Dr. အောင်သူ ~ တတိယဝိပါက်တော်ကိုလည်း ပြည့်ပြည့်စုံစုံ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ တတိယဝိပါက်ကလည်း သောက်စားမူးရူးရာကနေ လွန်ကျူးခဲ့တဲ့ အပြစ်ပါပဲ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ သိပါရစေ။

ဆရာတော် ~ တစ်ခုသော ဘဝမှာ အလောင်းတော်က မုနာဠိလို့ နာမည်ရတဲ့ အရက်သမား ဖြစ်နေပြန်ပါတယ်။ ဆွမ်းခံကြွလာတော်မူတဲ့ ပစ္စေကဗုဒ္ဓါတစ်ပါးကို မူးရူးပြီးတော့ ဘာပြောသလဲဆိုရင် 'ဒီပုဂ္ဂိုလ်ဟာ သူ့ကျောင်းထဲမှာ မိန်းမတွေ တရှန်းရှန်းနဲ့ ပျော်ပါးနေပြီး ဆွမ်းခံချိန်ကျမှ သက်န်းရုံ သပိတ်ပိုက်ပြီး ရွာတွေထဲကို ဣန္ဒြေကြီးနဲ့ ရောက်လာတဲ့ အလဇ္ဇီဒုဿီလမို့လို့ သူ့ကို လှူဒါန်းစရာမလိုဘူး' ဆိုပြီး စွပ်စွဲခဲ့တယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဂေါတမဘုရားအဖြစ် ပွင့်တော်မူတဲ့အခါမှာ ဘာသာအယူခြားတဲ့ တိတ္ထိဆရာကြီးတွေက မိန်းမချောကလေးသုန္ဒရီကို ဒကာ၊ ဒကာမတွေရဲ့ အမြင်မှာ ဘုရားရှင်နဲ့ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြတယ်လေ။

Dr. အောင်သူ ~ ဘာသာခြားဆရာကြီးတွေက ဘယ်လိုများ လုပ်ကြတာပါလဲဘုရား။

ဆရာတော် ~ ဇေတဝန်ကျောင်းကြီးကနေ ညနေပိုင်း လူတွေပြန်တဲ့အခါမှာ မိန်းမချောကလေးသုန္ဒရီကို ဇေတဝန်ကျောင်းဘက်ကို သွားစေတယ်။ ညကျတော့ ကျောင်းတော်နားက တိတ္ထိတို့ရဲ့တဲမှာ အိပ်ပြီး မနက်မိုးလင်းလို့ ဒကာ၊ ဒကာမတွေ ကျောင်းကို လာတဲ့အခါမှာ ဘုရားကျောင်းဘက်ကနေ မြို့ကိုပြန်တယ်။ နောက်ဆုံး တိတ္ထိဆရာကြီးတွေက သူ့ကိုသတ်ပြီး ကျောင်းတော်နားက အမှိုက်ပုံကြီးထဲ အလောင်းဖွက်ထားပြီး၊ ရဟန်းဂေါတမနဲ့ တပည့်တွေက အမှုပေါ်မှာစိုးလို့ မိန်းမချောကလေးသုန္ဒရီကို သတ်ပါတယ်လို့ ဟိုးလေးတကျော် မကောင်းသတင်း လွှင့်ရုံမက ဘုရင်မင်းဆီကိုသွားပြီး တိုင်ချက်ဖွင့်ကြသေးတယ်။

Dr. အောင်သူ ~ မိမိထူထောင်ထားခဲ့တဲ့ အပြစ်က ပြန်ပေးဆပ်ရမြဲပါကလားဆိုတာ လက်ခံလာနိုင်ပါပြီဘုရား။

ဆရာတော် ~ အဘွားသင်ပေးခဲ့တဲ့ ကဗျာမှတ်မိသေးရင် ပူဇော်ပါဦးဗျာ။

Dr. အောင်သူ ~ မှန်ပါဘုရား။ 'တိတ္ထိစေခိုင်း မိုက်ရိုင်း ဒုဿီ၊ ထင်ယောင်ထင်မှား ပြပြား သုန္ဒရီ၊ လူရှင်အပေါင်း ယုံကြောင်းပွေလီ၊ ရှင်တော်ထွတ် ဘယ်ဝဋ်ရှေးကမှီ' ပါဘုရား။ သူ့ရဲ့အဖြေစကားက 'မုနာဠိဟု မည်ရှိလောင်းတော်၊ မောက်ကြွားမှောက်မှား၊ သောက်စားအပျော်၊ ရှင်ပစ္စေကဗုဒ္ဓမြင်သော်၊ ဒုဿီပဲ စွပ်စွဲဝဋ်ကြွေးပေါ်'။

ဆရာတော် ~ သာဓု၊ သာဓု၊ သာဓုပါဗျာ။

## စတုတ္ထဝိပါက်တော်

Dr. အောင်သူ ~ ဘုရားရှင် ပေးဆပ်တော်မူခဲ့ရတဲ့ စတုတ္ထဝိပါက်တော်ရဲ့ ဖြစ်စဉ်ဝတ္ထုကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ တစ်ခုသောဘဝမှာ ဘုရားအလောင်းက ရသေ့တစ်ပါးဖြစ်ပြီး ဈာန်အဘိညဉ် တန်ခိုးမရဘူး။ မနီးမဝေးမှာနေတဲ့ တခြားရသေ့တစ်ပါးက တန်ခိုးပြည့်စုံပြီး ဈာန်ပျံနိုင်တယ်။ ဒါကို မနာလို အဘိဇ္ဈာ၊ ဣဿာ၊ မစ္ဆရိယတွေဖြစ်ပြီးတော့ ပတ်ဝန်းကျင်မှာရှိတဲ့ ရွာသူရွာသားတွေကို 'အဲဒီရသေ့က ဈာန်ပျံနိုင်တာသာ ရှိတာ အကျင့်ယုတ်မာတယ်၊ ဒါကြောင့် ဒီလိုရသေ့ကို သင်တို့ကိုးကွယ်ရင် ဘာအကျိုးမှမရတဲ့မအပြင် အပြစ်ဖြစ်ဖို့ရှိတယ်' လို့ မဟုတ်မမှန် လိမ်ညာပြောဆို စွပ်စွဲခဲ့တဲ့အတွက် ဘုရားအလောင်း ငရဲကျတယ်၊ ငရဲကနေ လွတ်မြောက်လာပြီး ဘုရားဖြစ်တော်မူတဲ့ဘဝမှာ မိန်းမချော သုန္ဒရီကို ဂေါတမနဲ့ သူ့တပည့်ရဟန်းတွေက သတ်တာလို့ စွပ်စွဲခံရတဲ့အပြင် လူတချို့ရဲ့ အကြည်ညိုပျက်ခြင်းကို ခံရပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ ကဗျာကို သတိရပါပြီဘုရား 'သုန္ဒရီမိုက် သတ်လိုက်လေရာ၊ တိတ္ထိအသင်း သတင်းလွှင့်ကာ။ တပည့်များနှင့် ဘုရားကိုသာ၊ လူအများ ယုံမှား ဘယ်တွက်တာ' ပါဘုရား။ အဖြေက 'လောင်းတော်ရသေ့ ပျော်မွေ့စံရာ၊ ရသေ့တစ်ဦး ဈာန်မြူး ကွန့်လာ၊ ငြူစူစိတ်ဇော မနောက္ကသာ၊ ကျင့်ယုတ်ကြီး နှုတ်သီးချွန်သည့်တာ'

ဆရာတော် ~ ကောင်းလိုက်တာ၊ လိုရင်းရောက်တဲ့စာပဲ၊ သာဓု၊ သာဓု၊ သာဓုပါဗျာ။

## ပဉ္စမဝိပါက်တော်

Dr. အောင်သူ ~ ပဉ္စမဝိပါက်တော် ကဗျာကိုတော့ အလွတ်မှတ်မိပါတယ်ဘုရား။ ဝတ္ထုအကျယ် သိလိုပါသေးတယ်။

ဆရာတော် ~ ဘုရားလောင်းနုစဉ်က သူဌေးသားဖြစ်ခဲ့ဖူးတယ်။ အဲဒီဘဝမှာ မိဘနှစ်ပါး ဆုံးပါးသွားပြီးတဲ့နောက် ညီငယ်လေးကို အမွေခွဲမပေးချင်ဘူးတဲ့၊ ဒါကြောင့် ညီငယ်လေးကို တောထဲခေါ်သွားပြီး ကျောက်တုံးတွေနဲ့ ထုသတ်လိုက်တယ်။

Dr. အောင်သူ ~ ဥစ္စာစီးပွား လိုချင်မှုကြောင့် ညီအရင်းကို သတ်တဲ့အဖြစ်ထိကိုဖြစ်တာ သံဝေဂ ရစရာပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အဲဒီအကုသိုလ်ကံရဲ့ ဝိပါက်အကျိုးကြောင့် ဘုရားအလောင်း ငရဲကျတယ်။ ငရဲကနေလွတ်မြောက်လာပြီး ဘဝများစွာမှာ သူတစ်ပါးရဲ့ လက်ချက်နဲ့ သတ်ဖြတ်ခံခဲ့ရရှာတယ်။ အခုနောက်ဆုံး ဘုရားရှင်ဘဝမှာ အဲဒီ အကုသိုလ်ကံရဲ့ အကျိုးဆက်ဝင်္ဂအဖြစ် ဒေဝဒတ်က ကျောက်မောင်းဆင်ပြီးတော့

လုပ်ကြံခြင်းကို ခံခဲ့ရတယ် ဒကာကြီး။ ကြီးမားတဲ့ ကျောက်တုံးကြီးရဲ့ ဘေးအန္တရာယ်ကနေ လွတ်သော်ငြားလည်း ပဲ့ထွက်လာတဲ့ ကျောက်လွှာချပ်က ဘုရားရှင်ရဲ့ ခြေမတော်ကို ထိမှန်ပြီး အနာတရ ဖြစ်ခဲ့ရပါတယ်။

Dr. အောင်သူ ~ ဝိပါက် ကြမ္မာဆိုတာ ရှောင်လွှဲမရမှန်း သဘောပေါက်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ကဗျာလေးပူဇော်ပါဦးဗျာ။

Dr. အောင်သူ ~ မှန်ပါဘုရား၊ ကဗျာက 'ဝေဘာတောင်စောင်း ကျောက်မောင်းဆင်ကာ၊ ဒေဝဒတ်ယုတ် ခလုတ်အသာ။ သူဖြုတ်ချလို့ ဗုဒ္ဓခြေမှာ၊ ကျောက်လွှာငြိ ဒဏ်ထိ ဘယ်ဝဋ်ပါ' ဒါက မေးခွန်းပါဘုရား။ အဖြေက 'သူကြွယ်မျိုးဇာတ် ဖြစ်လတ် တုံချေ၊ ညီကိုလုည့်ဖျား ခေါ် သွားသလေ။ ကျောက်နှင့်ဖိညှပ် ထုသတ်ကြိတ်ချေ၊ ကျောက်ဝိပါက် အဆက်ပါခဲ့ပေ'။

ဆရာတော် ~ လိုရင်းကို စကားလုံးနည်းနည်းနဲ့ ပြောပြနိုင်တယ်၊ ကောင်းလိုက်တာ။

## ဆဋ္ဌမဝိပါက်တော်

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ ဆဋ္ဌမဝိပါက်တော်ကိုလည်း အကျယ်သိပါရစေဘုရား။

ဆရာတော် ~ ရှေးနှစဉ်ဘဝတစ်ခုမှာ ကလေးသူငယ်အရွယ် ဆော့ကစားနေရင်း ပစ္စေကဗုဒ္ဓါတစ်ပါး ဆွမ်းခံကြွတော်မူလာတာကိုမြင်ပြီး သူ့အနားမလာနိုင်အောင် ခဲနဲ့ပစ်ပေါက်လိုက်ဖူးတယ်။

Dr. အောင်သူ ~ ပစ္စေကဗုဒ္ဓါမှာ သွေးထွက်သံယိုများ ဖြစ်သွားသလားဘုရား။

ဆရာတော် ~ ဖြစ်သွားတယ်၊ ခြေမတော်ကို ထိမှန်ပြီး သွေးတွေ ယိုစီးကျလာတယ်။ ဒါကြောင့် ဘုရားအလောင်း ငရဲကျတယ်။ ငရဲကနေ လွတ်မြောက်လာပြီးတဲ့နောက် ဘုရားဖြစ်တော်မူတဲ့ဘဝမှာ ရှင်ဒေဝဒတ်ရဲ့ လုပ်ကြံခံရလို့ ခြေမတော်ကို ကျောက်လွှာထိမှန်ခဲ့တယ် ဒကာကြီး။

Dr. အောင်သူ ~ ဒီကဗျာကို တပည့်တော်မေ့နေတာ အခုအမှတ်ရလာပါတယ်ဘုရား။ မေးခွန်းက 'ကျောက်လွှာထိပါး မြတ်ဘုရားထွင့်ရှတင်၊ တည်နေဝပ်ကိန်း သွေးစိမ်းအရှင်၊ ခြေမတော်ထဲ ကိုက်ခဲနာကျင်၊ ဝိပါက်ရင်း အလင်းပြစေချင်' အဖြေကို ဆက်ပူဇော်ပါမယ်ဘုရား။ 'သူငယ်ဖြစ်ခိုက် လမ်း၌ပျော်ရွှင်၊ ရှင်ပစ္စေက ဝေးမှအမြင်၊ ခဲနှင့်ပစ်လိုက် ထိခိုက်ခြေတွင် သွေးယိုဆင်း၊ ရှေးရင်းဝိပါက်ပင်'။

ဆရာတော် ~ သာဓု၊ သာဓု၊ သာဓုပါဗျာ။

## သတ္တမဝိပါက်တော်

ဆရာတော် ~ ဆဋ္ဌမဝင်္ဂကပြီးပြီ၊ အခု သတ္တမဝိပါက်ကို ပြောပြမယ်နော်။
Dr. အောင်သူ ~ တပည့်တော် အဲဒီကဗျာကို အလွတ်ရပါတယ်ဘုရား။
ဆရာတော် ~ ကောင်းပါပြီ၊ ပြီးတော့ ပူဇော်ကြတာပေါ့၊ ရှေးဘဝ ဘုရာလောင်းက ပြည့်ရှင်မင်းရဲ့ ဆင်ဦးစီးဖြစ်ခဲ့ဖူးတယ်၊ တစ်ရက် ဆင်တွေကျောင်းရာကနေ မြို့ထဲအပြန်လမ်းမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး ဆွမ်းခံကြွလာခိုက်နဲ့ ပက်ပင်းကြုံတယ်။
Dr. အောင်သူ ~ ဆင်ဦးစီးက ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လမ်းဖယ်ပေးသလားဘုရား။
ဆရာတော် ~ မဖယ်ပေးဘူး၊ သူက ဆင်ပေါ်ကနေ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လမ်းဖယ်ပေးဖို့ ပြောတယ်၊ ထေရ်ရှင်ကလည်း ကြွမြဲအတိုင်း ကြွနေတော်မူတာကို စိတ်ဆိုးပြီး ဆင်နဲ့ တိုက်သတ်ဖို့ လုပ်တယ်။
Dr. အောင်သူ ~ ပစ္စေကဗုဒ္ဓါ ပရိနိဗ္ဗာန်စံတော်မူသလားဘုရား။
ဆရာတော် ~ အရှင်မြတ်က ကောင်းကင်ပျံတက်တော်မူပြီး လွတ်သွားတယ်။
Dr. အောင်သူ ~ မှန်ပါဘုရား။
ဆရာတော် ~ ဝဋ်ကြွေးက လိုက်လာပြီ။ အခု ဘုရားရှင်ဘဝမှာ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွတော်မူရာလမ်းမှာ ဒေဝဒတ်က နာဠာဂီရိဆင်ကြီးကို အရက်တိုက်းမောင်းမှုးအောင်တိုက်ခိုင်းပြီး ဘုရားရှင်အား ရန်ပြုပါတယ် ဒကာကြီး။
Dr. အောင်သူ ~ တင်ပါဘုရား၊ သတ္တမဝင်္ဂရဲ့ကဗျာက 'ဆွမ်းခံကြွမြန်း ထိပ်ပန်းဘုန်းကြွယ်၊ မုန်ကျဆင်ကြီး ခရီးအလယ်၊ ဒေဝဒတ်မိုက် လွှတ်လိုက်ပြန်တယ်၊ ရင်ဆိုင်တွေ့ ဆင်ဇော့ဘယ်ဝဋ်နှယ်' အဖြေက 'ဆင်ထိန်းဆင်ကျောင်း အလောင်းဖြစ်တုံ၊ ရှင်ပစ္စေကက လမ်းမအဆုံ၊ ဒေါသထားကာ ပြစ်မှားသုန်မှုန်၊ ဆင်နှင့်တိုက် ဝဋ်လိုက်စေဖို့ကြုံ'
ဆရာတော် ~ သာဓု၊ သာဓု၊ သာဓုပါဗျာ။

## အဋ္ဌမဝိပါက်တော်

Dr. အောင်သူ ~ အဋ္ဌမဝိပါက်တော်ကိုလည်း အကျယ်တဝင့် သိချင်ပါသေးတယ်ဘုရား။
ဆရာတော် ~ အတိတ်ဘဝတစ်ခုမှာ ဘုရားအလောင်း ဘုရင်ဧကရာဇ်မင်းဖြစ်ခဲ့စဉ်က မူးယစ်သောက်စားပျော်ပါးပြီးတော့ လူစိတ်ကင်းမဲ့နေပါတယ်။ အဲဒီအချိန်မှာ သတိလက်လွတ်ဖြစ်ပြီး အပြစ်မရှိတဲ့ မင်းမှုထမ်းယောကျ်ားတစ်ယောက်ကို ဓားနဲ့ ထိုးသတ်ခဲ့ဖူးတယ်။
Dr. အောင်သူ ~ ဘုရင်ဖြစ်ရတာ အကုသိုလ်လွန်ကျူးဖို့ အခွင့် ပိုသာနေသလိုပါပဲဘုရား။
ဆရာတော် ~ ဉာဏ်မရှိသူအဖို့ ရှင်ဘုရင်ဖြစ်နေနေ၊ သူတောင်းစားဖြစ်နေနေ ကုသိုလ်ဖြစ်ဖို့ အခွင့်အလမ်း နည်းလွန်းပါတယ်။

Dr. အောင်သူ ~ မှန်လှပါဘုရား။ တပည့်တော် ဉာဏ်ရှိသူဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ပြန်ဆက်ကြရအောင်နော်၊ ရှင်ဘုရင်ဘဝမှာ အပြစ်မရှိတဲ့လူကို သတ်ခဲ့မိလို့ ငရဲမှာ ခံရပါတယ်။ အဲဒီနောက် အခုဘုရားဖြစ်တော်မူတဲ့ ဘဝမှာ အရှင်ဒေဝဒတ်ရဲ့ လက်ချက်ကြောင့် ကျောက်လှာထိမှန်ခဲ့တဲ့ ခြေမတော်မှာ သွေးစိမ်းတည်ပြီး သွေးပုပ်ပြည်ပုပ်တွေကြောင့် ကိုက်ခဲနာကျင် ခံစားရပါတယ်။ ဒီအနာပျောက်အောင် သမားတော်ဆရာဇီဝက က ဓားနဲ့ခွဲထုတ်ရတဲ့အထိ ဖြစ်ရတာက အလောင်းတော်ကိုယ်တိုင် ကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံ အကျိုးဆက် ဖြစ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော် ကဗျာပူဇော်ပါ့မယ်ဘုရား။ 'ကျောက်လှာခတ်လို့ သွေးစာတ်ဆူပူ၊ ခြေမတော်ဦး ထွတ်ဖူးဆူဆူ၊ သွေးညိုကိုန်းလို့ ကျိန်းစက်တော်မူ၊ ဇီဝက ခွဲရဘယ်ဝဋ်' ဟု ပြန်ဖြေကြားတဲ့ကဗျာက 'ပဒေသရာဇ် မင်းဖြစ်စဉ်ဝယ်၊ မူးယစ်သောက်စား ဖောက်ပြားမဖွယ်၊ လူရှင်လတ်လတ် ထိုးသတ်ပြန်တယ်၊ ဓားဝိပါတ် အဆက်သူကနွယ်'။

ဆရာတော် ~ သာဓုပါဗျာ။

## နဝမဝိပါက်တော်

ဆရာတော် ~ နဝမဝဋ်ကို ဆက်ပြောပြမယ်လေ။

Dr. အောင်သူ ~ မှန်ပါဘုရား။ ပြီးရင် တပည့်တော် ကဗျာပူဇော်ပါ့မယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အလောင်းတော်နုစဉ်ကာလ တစ်ခုသောဘဝမှာ တံငါသည်မိသားစုမှာ ဝင်စားပါတယ်။ မိဘ၊ ဆွေမျိုးတွေအားလုံးက တံငါသည်တွေဆိုတော့ သူတို့ဖမ်းပြီးရလာတဲ့ ငါးတွေ ပြန်ရောင်းဖို့ ငါးခေါင်းထုသတ်နေကြတာကို အနီးကပ်ရပ်ကြည့်ပြီး ဝမ်းသာအားရ ကျေနပ်နေခဲ့ဖူးတယ်။ ဒ့ါအပြင် သူကိုယ်တိုင်လည်း ငါးတွေရဲ့ခေါင်းကို ထုသတ်ခဲ့ဖူးတယ်။ အဲဒီ အကုသလဝိပါက်ကြောင့် ဘုရားဖြစ်တော်မူတဲ့ဘဝမှာ ရုံဖန်ရုံခါ ခေါင်းကိုက်ခဲတဲ့ဝေဒနာကို ခံစားရပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ မှတ်မိပါပြီဘုရား။ နဝမဝိပါက်တော်ရဲ့ အမေးက 'သုံးလူ့ထွဋ်မှူးဖူးမြိုက်မျူးသျှောင်ကေ၊ ရုံဖန်ခါလဲ ခေါင်းခဲကာနေ၊ ဝေဒနာဝဋ် မလွတ်ပါချေ ဘယ်ဝိပါက် အဆက်ပါခဲ့ပေ' ဖြစ်ပါတယ်ဘုရား။ အဖြေက 'ရှေးခါကပ်ဟောင်း မကောင်း ကံဆော်၊ တံငါမျိုးဇာတ် ဖြစ်လတ်ပါသော်၊ ငါးတို့ဦးခေါင်း ထုထောင်းမြင်သော်၊ ဝမ်းမြောက်မိ လိုက်သည့်ဝိပါက်တော်'ပါဘုရား။

ဆရာတော် ~ ကဗျာကတိုသလောက် လိုရင်းရောက်ပြီး နားလည်လွယ်လိုက်တာနော်၊ သာဓု၊ သာဓု၊ သာဓုပါဗျာ။

## ဒသမဝိပါက်တော်

Dr. အောင်သူ ~ ဆယ်ခုမြောက် ဝိပါက်တော်အကြောင်း သိပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ မထင်မရှား နုစဉ်ဘဝက ဖြစ်ခဲ့တဲ့ဖြစ်စဉ်ပါပဲ။ တစ်ဆူသော ဘုရားရှင်ရဲ့ တပည့်သာဝက ရဟန်းတော်များ ဆွမ်းဘုဉ်းပေးနေကြတာကို ကြည့်ပြီး ဒီကတုံးတွေက သလေးဆွမ်းလို ကောင်းမွန်နူးညံ့တဲ့ဆွမ်းနဲ့ မတန်ပါဘူး၊ မုယောဆွမ်းကြမ်းနဲ့ပဲ ထိုက်တန်တယ်'လို့ ရှုတ်ချပြောဆိုခဲ့ဖူးတယ် ဒကာကြီး။

Dr. အောင်သူ ~ ကိုယ်တိုင်ဘုရားဖြစ်ဖို့ ပါရမီဖြည့်ကျင့်တော်မူနေတဲ့ ပုဂ္ဂိုလ်ကလည်း ပြစ်မှားမိတတ်သေးတာပဲလားဘုရား။

ဆရာတော် ~ ကိလေသာမစင်သေးတဲ့ ပုထုဇဉ်အဖို့ အချိန်မရွေး အမှားတွေ ကျူးလွန်နိုင်တယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ အဲသလို အပြစ်တင်ပြောဆိုခဲ့တဲ့အတွက် ဘုရားဖြစ်တော်မူတဲ့ ဘဝရောက်တော့ ဝေရဉ္ဇာပြည်မှာ ရဟန်းတော် ၅၀၀ နဲ့အတူ ဝါဆိုတော်မူခဲ့စဉ်က မာရ်နတ်ဝင်နှောင့်ယှက်တဲ့အတွက် တိုင်းသူပြည်သားတွေက ဆွမ်းလောင်းဖို့ မေ့လျော့နေကြတယ်လေ။

Dr. အောင်သူ ~ ဒီမာရ်နတ်ကလည်း စွမ်းလိုက်တာဘုရား။ မြတ်စွာဘုရား ဆွမ်းမရအောင်အထိ လုပ်နိုင်တယ်။

ဆရာတော် ~ ဒါက အတိတ်ဝဋ်ကြွေးကလည်း ပါလာတော့ သူကအဆင်းဘီးတပ်သလို လုပ်နိုင်တာပါ။ ဒါနဲ့ ဆွမ်းလောင်းမဲ့လူမရှိတော့ မြင်းကုန်သည်တို့က မြင်းကိုကျွေးတဲ့ မုယောဆွမ်းနဲ့ တစ်ဝါတွင်းလုံး ဘုဉ်းပေးသုံးဆောင်ခဲ့ရပါတယ်။

Dr. အောင်သူ ~ တင်ပါဘုရား။ ကဗျာပူဇော်ပါ့မယ်ဘုရား။ 'ဝါတော်ကပ်သော် မာရ်နတ်နှိုးဆော်၊ ဝေရဉ္ဇာတိုင်း သမိုင်းအကျော် မုယောဆွမ်းမို့ ကြမ်းတမ်းထော်ထော်၊ ဘုန်းပေးရ ရှေးကဘယ်ဝဋ်နော်။ 'မထင်မရှား မျိုးသားဖြစ်တုံ၊ ရဟန်းတော်များ ဆွမ်းစား ခိုက်ကြုံ၊ ဆွမ်းကြမ်းစားဟု ပြစ်မှားဆိုပုံ၊ ဝစီထွက် ဝိပါက်တော်တဲ့ယုံ။'

ဆရာတော် ~ သာဓု၊ သာဓု၊ သာဓုပါဗျာ။

## ဧကာဒသမဝိပါက်တော်

ဆရာတော် ~ ဧကာဒသမ ဝိပါက်တော် ဆက်ပြောမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ပြီးရင် တပည့်တော် ကဗျာပူဇော်ပါ့မယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အလောင်းတော်က ဘဝတစ်ခုမှာ လက်ဝှေ့အကျော်အမော်ကြီး တစ်ယောက် ဖြစ်ခဲ့ဖူးတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ ဘဝသံသရာမှာ အမျိုးမျိုးဖြစ်ခဲ့ကြတာ အံ့ဩစရာပါပဲဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်ဗျာ။ လက်ဝှေ့သမားဘဝမှာ သူ့ရဲ့ပြိုင်ဘက်တွေကို ခါးရိုးကို ကျိုးအောင် အနိုင်ထိုးပြီး မြေကြီးပေါ် လဲကျသွားအောင် လုပ်လေ့ရှိပါသတဲ့ ဒကာကြီး။

Dr. အောင်သူ ~ အဲဒီကံအကျိုးပေးကြောင့် ဘုရားဖြစ်တော်မူတဲ့ဘဝမှာ ရံဖန်ရံခါ ခါးတော်ကိုက်ခဲခြင်း ဝေဒနာကို အပြင်းအထန်ခံစားရတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဘုရားတပည့်တော် ကဗျာပူဇော်ပါ့မယ်ဘုရား။ 'အထွဋ်ဆုံးဟု သုံးလူ့မျက်မှန်၊ ခါးတော်ကိုက်ခဲ အသည်းအသန်၊ ဝေဒနာအား ခံစားရံဖန်၊ ဘယ်အကြောင်း ကံဟောင်းထုတ်လို့ပြန်'၊ 'လက်ဝှေ့သတ်ကောင်း အလောင်းကျော်မော်၊ ပြိုင်ပွဲဆိုင်လည်း နိုင်မြဲထင်ပေါ်၊ နိုင်လျှင်ခါးရိုး ရိုက်ချိုးမြေပေါ်၊ အသတ်ကောင်း ဇာတ်ဟောင်း ဝိပါက်တော်'။

## ဒွါဒသမဝိပါက်တော်

Dr. အောင်သူ ~ နောက်ဆုံးဝိပါက်တော်ကိုလည်း အကျယ်တဝင့် သိပါရစေဘုရား။

ဆရာတော် ~ အလောင်းတော် ရှေးဘဝက ကျွမ်းကျင်တဲ့ ဆေးဆရာတစ်ယောက် ဖြစ်ခဲ့ဖူးတယ်။

Dr. အောင်သူ ~ သံသရာမှာ တံငါသည်သားဖြစ်ရ၊ လက်ဝှေ့အကျော်ဖြစ်ရ၊ ဆေးဆရာဖြစ်ရ၊ ငမူးဖြစ်ရနဲ့ စုန်ချည်ဆန်ချည်ပါပဲဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်တယ်။ ဆေးဆရာက သူဌေးသားတစ်ယောက်ကို ဆေးကုပေးလိုက်တယ်။ ရောဂါပျောက်သော်လည်း သူက ဆေးကုခမပေးဘူးဖြစ်နေတယ်။ ပိုက်ဆံတောင်းတော့ သူဌေးသားက 'ရောဂါပျောက်မှ ပိုက်ဆံပေးမယ်'လို့ ပြောလာတယ်။ ဆေးဆရာက ဆေးကုခပိုက်ဆံမရတဲ့အတွက် မကြံစည်သင့်တာ ကြံစည်ပါတယ်။

Dr. အောင်သူ ~ ဘယ်လိုအကြံဆိုးများ ကြံပါသလဲဘုရား။

ဆရာတော် ~ အဲဒီ ပိုက်ဆံမပေးချင်တဲ့ သူဌေးသားကို ပြောတယ်၊ 'ခင်ဗျားရောဂါ တကယ်မပျောက်သေးဘူးဆိုရင် ဆေးတစ်ခွက်သောက်ဖို့ ကျန်သေးတယ်' လို့ပြောပြီး အလွန်ပြင်းတဲ့ ဝမ်းနုတ်ဆေး ဖော်စပ်ပါတယ်။ ပြီးတော့ ပိုက်ဆံပေးဖို့ ကတ်သီးကတ်သတ်လုပ်နေတဲ့ သူဌေးသားကို တိုက်လိုက်တာ ဝမ်းအသွားလွန်ပြီး သေဆုံးသွားရှာတယ်။

Dr. အောင်သူ ~ ဒါဆို တပည့်တော်သတိရပြီဘုရား။ ဒကာစုန္ဒရဲ့ ဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် ဝမ်းတော်လားတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ သမားတော်ဇီဝက က ဆေးတိုက်ပါသော်လည်း 'ဇီဝကသင့်ဆေးတွေ သောက်သော်လည်း အကျိုးမထူးတော့ပါဘူး၊ ငါ့မှာ ရှေးဝိပါက်ကြုံလာပြီ' လို့ မိန့်ကြားတော်မူပြီးနောက် ပရိနိဗ္ဗာန်ပြုတော်မူပါတယ်။

Dr. အောင်သူ ~ မှန်လှပါဘုရား။ ပူဇော်ပါမယ်ဘုရား။ ‘ဆဒ္ဒန်ဆယ်စီး အားကြီးလျင်မြန်၊ ဝမ်းတော်သွန်ပြား ရွှေအားမသန်၊ ခွေယိုင်နွမ်းကာ မြန်းခဲ့နိဗ္ဗာန်၊ ဖြေစေကြောင်း ကံဟောင်း သိစေရန်’။ ‘ရောဂါကုစား သမားဉာဏ်ကျယ်၊ ရှင်သူ့ဌေးသား ဆေးကုရာဝယ်၊ ခမပေးလို့ ဟိုရှေးခါမယ်၊ ဝမ်းလားဆေး တိုက်ကျွေး ဝဠ်ဟောင်းသွယ်’ လို့ စပ်ဆိုထားတဲ့အပြင် နိဂုံးချုပ်အနေနဲ့ ‘ဝိပါက်တော်ရေး ကြောက်သွေးတုန်ဖွယ်၊ ဘုရားသော်လည်း ရှောင်လွှဲမဖယ်၊ တွေ့ကြုံမြဲမို့ တဝဲလည်လည်၊ မလွတ်သေး ဝဋ်ကြွေးခက်လှတယ်’လို့ ကဗျာနိဂုံးပိုင်း ရှိပါသေးတယ်ဘုရား။

ဆရာတော် ~ ကိုယ်ချင်းစာတရား ကင်းမဲ့ပြီး ဒုစရိုက်ကံတစ်ခုခု ထူထောင်မိရင် ‘ဝဋ်ကြွေး’ တင်သွားပါတယ် ဒကာကြီး။ အဲဒီအကြွေးကို သံသရာနဲ့ချီပြီး ပေးဆပ်ရပါတယ်၊ အခုကြည့် ဘုရားဖြစ်တဲ့ဘဝတိုင်အောင် ဆပ်လို့ မပြီးနိုင်ဘူး။ ဘဝခန္ဓာ မရှိတော့မှပဲ ဝဋ်ကြွေးပေးဆပ်ရတာ ပြီးပြတ်မှာပါ။ မိုက်သွေးကြွလို့ မဆင်မခြင် ကျူးလွန်ခဲ့မိတဲ့ ပြစ်မှုကြွေးတွေကို ခန္ဓာရှိသရွေ့ ဖြစ်လေရာဘဝမှာ ပေးဆပ်နေကြရမှာပါ ဒကာကြီး။

## ခိုက်ကြုံဝိပါက်၊ သံသာစက်

ဆရာတော် ~ အနန္တသူရိယ အမတ်ကြီးရဲ့ ဝိပါက်အပေါ်မြင်တဲ့ အမြင်က သိပ်ပြီးသိမ်မွေ့တယ် ဒကာကြီး။

Dr. အောင်သူ ~ အနန္တသူရိယ အမတ်ကြီးကို အထိန်းတော်သားလို့ ဖတ်ဖူးတယ်ဘုရား။ အထိန်းတော်သားဆိုတာ ဘာကိုဆိုလိုတာလဲဆိုတာ သိချင်ပါတယ်ဘုရား။

ဆရာတော် ~ အထိန်းတော်သားဆိုတာက နန်းတွင်းက ငယ်ရွယ်၊ နုနယ်တဲ့မင်းသား၊ မင်းသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ အထိန်းအယ တာဝန်ပါပဲ၊ သို့သော် မင်းညီမင်းသား မင်းသမီးများနဲ့ စပ်လျဉ်းတဲ့အတွက် ‘မင်းထိန်းမင်းယ’လို့လည်း ခေါ်ကြတယ်၊ နောင်မြန်မာ့သမိုင်း စာပေအရာမှာ ထင်ရှားလာတဲ့ အနန္တသူရိယအမတ်က အထိန်းတော်ကြီး ‘အိုပေါင်သင်’ ရဲ့ သားဖြစ်ပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ ဒါဆိုရင် အထိန်းတော်ကြီး ‘အိုပေါင်သင်’ရဲ့သားဖြစ်လို့ အထိန်းတော်သားလို့ ခေါ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အနန္တသူရိယအမတ်က အလောင်းစည်သူမင်းကြီး၊ သူ့ရဲ့ သားတော် ကုလားကျမင်းနဲ့ မြေးတော် မင်းယဉ်နရသိင်္ခအထိ မင်းဆက်သုံးဆက် တိုင်တိုင် အထိန်းတော်သားအဖြစ် အမှုတော်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့သူဖြစ်ပါသော်လည်း အတိတ်က ထူထောင်ထားခဲ့တဲ့ ကံကြမ္မာ ဝိပါက်အကျိုးကြောင့် ပညာရှိ အမတ်ကြီး အသတ်ခံခဲ့ရပါတယ်။

Dr. အောင်သူ ~ တင်ပါဘုရား။ အနန္တသူရိယအမတ်က ရေးသားဖွဲ့ဆိုခဲ့တဲ့ မျက်ဖြေလင်္ကာလေးပိုဒ်ကို တပည့်တော်ငယ်တုန်းက အလွတ်ကျက်ခဲ့ဖူးတယ်ဘုရား၊ အခုထိမှတ်မိနေပါသေးတယ်။

ဆရာတော် ~ အလွတ်ရရင် 'ရှိခိုးကော်ရော်၊ ပူဇော်အကျွန်'ကစတဲ့ အပိုဒ်ကလေးဆိုကြည့်ပါလား။

Dr. အောင်သူ ~ မြန်မာလိုဆိုရမလား။ အင်္ဂလိပ်လို ဆိုရမလားဘုရား။

ဆရာတော် ~ ပထမမြန်မာလိုဆိုပြီး နောက်မှ အင်္ဂလိပ်လို ဆိုတာပေါ့။

Dr. အောင်သူ ~ မှန်ပါဘုရား။ 'ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏။ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တွန်းမူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏။ သွေးသည်သစ္စာ၊ ငါ့ခန္ဓာတည်း'ပါ ဘုရား၊ အင်္ဂလိပ်လို ဆက်လျှောက်ရမလားဘုရား။

ဆရာတော် ~ ကောင်းပါပြီ။

Dr. အောင်သူ ~ 'Thy slave I beg. But to bow down in homage and adore thee! In the wheel of Samsara, My past deed offer me vantage. I seek not for vengeance, Nay, Minister, mine awe of thee is too long! If I might, yet I would not touch thee. I would not thee pass without scathe. The blood is transitory, as well the element of my body.

ဆရာတော် ~ ဘာသာပြန်တာ သိပ်နူးညံ့တယ်၊ အလွန်ကို ကောင်းတာပဲ။ ဘယ်သူဘာသာပြန်တာလဲဗျာ။

Dr. အောင်သူ ~ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနက သမိုင်းပညာရှင် ပါမောက္ခဂျီအိတ်ချ်လုစ် (G.H. Luce )က ဘာသာပြန်တာပါဘုရား။

ဆရာတော် ~ တော်လိုက်တာဗျာ။ အနန္တသူရိယအမတ်က ဒီလောက်သိမ်မွေ့ပြီး ဒီနေ့ခေတ်တိုင်အောင် စာပေအဆင့်အတန်း အလွန်မြင့်တဲ့ကဗျာကို လူသတ်ကုန်းမှာ သတ်ခံရခါနီး ရေးခဲ့တာနော်၊ ပြောပလောက်တဲ့အပြစ် တစ်စုံတစ်ရာမရှိဘဲ ဘုရင့်အမိန့်နဲ့သတ်ဖို့ လူသတ်သမားတွေက ဓားမိုးထားတဲ့အချိန်မှာ ရေးခဲ့တယ်ဆိုတာကို သတိပြုရမယ်နော် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ စိတ်တုန်လှုပ် ချောက်ချားမှုမရှိဘဲ ရဲရင့်တည်ကြည်တဲ့ စိတ်ထားနဲ့ လောကဓမ္မတာ သဘောသဘာဝ အပါအဝင် သင်္ခါရအဖြစ်အပျက်တွေကို ဖတ်ရှုသူတိုင်း မျက်မြင်ထင်ရှား ခံစားနိုင်လောက် အနန္တသူရိယအမတ်ကြီးက ရေးနိုင်ခဲ့တာ စဉ်းစားကြည့်မိတိုင်း ကြည်ညိုရပါတယ်ဘုရား။

ဆရာတော် ~ အမတ်ကြီးရဲ့နှလုံးသားထဲ ဘုရားရှင်အဆုံးအမတရားများ ပြည့်ဝနေလို့သာ သတ်ခါနီးတိုင်အောင် တုန်လှုပ်ထိတ်လန့်ခြင်း အလျှင်းမရှိဘဲ အေးဆေးတည်ငြိမ်တဲ့စိတ်နဲ့ 'သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ' အစချီတဲ့ မျက်ဖြေလင်္ကာလေးပိုဒ်ကို ခဏချင်း စပ်ဆိုနိုင်ခဲ့တာပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်လှပါဘုရား။

ဆရာတော် ~ ကဗျာကို ကြည့်ရအောင် 'ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏' တဲ့နော် ပြီးတော့မှ 'ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တွန်မူ၊ တုံ့မယူလို၊ ကြည်ညို စိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏'တဲ့ ဒကာကြီး။

Dr. အောင်သူ ~ အမတ်ကြီးက သံသရာတစ်ကွေ့ကွေ့မှာ ဝိပါက်အကျိုး ကြုံဆုံခဲ့ရင်တောင် အပြစ်မယူဘူး၊ သခင်အပေါ် လက်စားမချေဘူးလို့ ဆိုလိုနေတာပါဘုရား၊ ဘာသာပြန်တာကလည်း 'I seek not for vengeance, Nay, Minister, mine awe of thee is too long! If I might, yet I would not touch thee' အလွန်လှပြီး အလွန်ကို လေးနက်ပါတယ်ဘုရား။

ဆရာတော် ~ အလားတူ သံဝေဂဖြစ်စရာ အဆုံးအမတစ်ခုကို လယ်တီဆရာတော် ရေးတော်မူတာ ရှိသေးတယ်။

Dr. အောင်သူ ~ မှတ်သားချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ (၁) နုနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုမင်းနောက်ဆုံး ရှိချေ၏။
(၂) ဥစ္စာဆင်မြင်း၊ ပေါများခြင်းကား၊ ယိုယွင်းနောက်ဆုံး ရှိချေ၏။
(၃) ဝိညာဏ်ထင်းလင်း၊ သက်ရှင်ခြင်းကား၊ သေမင်းနောက်ဆုံး ရှိချေ၏။
(၄) ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေ၏။
(၅) တက်ကြွားကြွကြွ၊ မြင့်သမျှကား၊ လျှောကျနောက်ဆုံး ရှိချေ၏။
(၆) ခံမင်ခယ၊ ချစ်သမျှကား၊ သောကနောက်ဆုံး ရှိချေ၏။
(၇) ပွဲလယ်ပြင်ပ၊ ချီးမွမ်းကြလည်း၊ ရှုတ်ချနောက်ဆုံး ရှိချေ၏။
(၈) ကြည်သာရွှင်ပျ၊ ချမ်းသာလှလည်း၊ ဒုက္ခနောက်ဆုံး ရှိချေ၏တဲ့ဒကာကြီး။

Dr. အောင်သူ ~ မှန်လှပါဘုရား။ မှတ်သားထားပါ့မယ်။ အခုလို ပြည့်ပြည့်စုံစုံ သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**"ဝိပါက်နာမကန္ဒာတို့သည် အတူတကွဖြစ်ကာ အချင်းချင်း ကျေးဇူးပြုကြသကဲ့သို့ လူသားတို့သည်လည်း နိဗ္ဗာန်တိုင်အောင် အချင်းချင်း ကျေးဇူးပြုနိုင်ပါစေသား"**

## ၁၅။ အာဟာရပစ္စည်း

**Ahara Paccayo *(Nutriment condition)***

### ရုပ် နာမ် တရားများအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း



အာဟာရပစ္စည်း၏ကျေးဇူးပြုပုံ

'အိမ်အိုကြီးများ မလဲပြိုရအောင် ကျားတိုင်များဖြင့် ထောက်ကန်ထားသကဲ့သို့' အစားအသောက်၌ပါသော အဆီဩဇာ ကဗဠီကာရာဟာရရုပ်သည် ခန္ဓာကိုယ်အားလည်းကောင်း၊ ဖဿ၊ စေတနာ၊ ဝိညာဉ် နာမ်အာဟာရ ၃-ပါးသည် ယှဉ်ဘက် ရုပ်၊ နာမ်တရား တို့အားလည်းကောင်း ဖြစ်ပေါ် တည်ရှိလာအောင် ကျေးဇူးပြုသည်။

### ရုပ်အာဟာရ နာမ်အာဟာရ

Dr. အောင်သူ၏စိတ်ကို ပဋ္ဌာန်းတရားတော်က ပြည့်ပြည့်ဝဝ ဖမ်းစားထားဟန် တူပါသည်။ သူသည် ပဋ္ဌာန်းတရားတော်ကို ထဲထဲဝင်ဝင် လေ့လာနေပြီး၊ ခေတ်ပညာတတ်တစ်ယောက် ဖြစ်သည်နှင့်အညီ တရားတော်အပေါ် နားလည်သဘောပေါက်နိုင်စွမ်း အားကောင်းဟန်တူပါသည်။ သူက အာဟာရဟူသည် ရုပ်အာဟာရ physical nutrien သာရှိသည်ဟု သဘောပေါက်ထားရာမှ ယခု ပဋ္ဌာန်းတရားတော် လေ့လာရာတွင် နာမ်အာဟာရကို ကြားသိရသဖြင့် လွန်စွာ အံ့ဩနေပါသည်။ ဘုရားရှင်၏ ဉာဏ်တော်အပေါ်၌လည်း ပို၍ သာ၍ ကြည်ညိုတတ်လာသည်ကို တွေ့လာရပါသည်။

Dr. အောင်သူ ~ အာဟာရမှာ နာမ်အာဟာရဆိုတာမျိုးက ရှိသေးတာပါလားဘုရား။

ဆရာတော် ~ ရှိပါတယ် ဒကာကြီး။ ဗုဒ္ဓမြတ်စွာဘုရားက အာဟာရကို နှစ်မျိုး ဟောတော်မူပါတယ်။ physical nutrient ရုပ်အာဟာရနဲ့ mental nutrient နာမ်အာဟာရတို့ ဖြစ်ပါတယ်။

Dr. အောင်သူ ~ တပည့်တော်တို့ကတော့ စားလို့ သောက်လို့ရတဲ့ အာဟာရကိုပဲ သိပါတယ် ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဆေးသိပ္ပံပညာမှာ ရုပ်အာဟာရကိုပဲ ပြောဆိုကြပါတယ်။

Dr. အောင်သူ ~ နာမ်အာဟာရကို ဘာကြောင့် မပြောကြတာပါလဲဘုရား။

ဆရာတော် ~ လက်လှမ်းမမီသေးလို့ ထင်ပါတယ်။

Dr. အောင်သူ ~ ဘုရားရှင်အလိုကျ အစာအာဟာရ စားသုံးရတဲ့အကြောင်းကိုလည်း သိပါရစေဘုရား။

ဆရာတော် ~ ဒကာကြီး ငယ်ငယ်တုန်းက ကိုရင်ဝတ်ဖူးသလား။

Dr. အောင်သူ ~ ဝတ်ဖူးပါတယ်ဘုရား။

ဆရာတော် ~ ဒါဆိုရင် ဟောဒီစာကို မှတ်မိဦးမလားမသိဘူး။ 'ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ် မာန်ကြွ၊ လှပရည်ဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင် မှီဝဲပါသတည်း'။

Dr. အောင်သူ ~ ဆွမ်းစားခါနီးမှာ အမြဲဆိုခဲ့ရတာ သတိရပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အစာအာဟာရစားတာက နဝဒဝါယ = ပျော်ပါးဖို့ စားတာမဟုတ်ဘူး။ နမဒါယ = မာန်တက်ဖို့စားတာ မဟုတ်ဘူး။ နဝိဘူသနာယ = ခွန်အားတိုးဖို့ စားတာမဟုတ်ဘူး။ နမဏ္ဍနာယ = လှပအောင် စားတာမဟုတ်ဘူး။ ဣမဿ ကာယဿ ဌိတိယာ = ဤခန္ဓာကိုယ်တည်တံ့ပြီး၊ ဗြဟ္မစရိယာနုဂ္ဂဟာယ = မြတ်သောအကျင့်ကို ကျင့်နိုင်အောင်စားတာသာ ဖြစ်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဘုရားရှင် သာသနာတော်မှာ အစာအာဟာရစားတဲ့ အဓိပ္ပာယ်က သိပ်ကို လေးနက်လှပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ ဘုရားရှင် ဥပမာပေးတော်မူတာ ရှိသေးတယ်။ မိဘနှစ်ပါးက သားကလေးကို တစ်လှည့်စီချီပိုးပြီးတော့ ကန္တာရခရီးခဲကြီးကို ထွက်လာကြတာ လမ်းခုလတ်မှာ ရိက္ခာပြတ်သွားပြီး သုံးယောက်စလုံးသေခါနီး အခြေအနေကို ရောက်သွားကြတယ်။ အဲဒီအခါမှာ မိဘများက ကလေးရဲ့အသားကို စားပြီး ခရီးဆက်ကြဖို့ ဆုံးဖြတ်ကြတယ်။ ကလေးငယ်ရဲ့အသားကို မိဘနှစ်ပါးက

အသက်ဆက်ဖို့အတွက်သာ စားကြသလို မိမိတို့လည်း အစာစားတိုင်း၊ မျိုတိုင်းမှာ မြတ်သောအကျင့်ကို ကျင့်နိုင်အောင်စားတာကို ဘုရားရှင် လိုလားတော်မူပါတယ် ဒကာကြီး။[၁]

## ကံ၏တာဝန်နှင့် အာဟာရ၏တာဝန်

Dr. အောင်သူ ~ မှတ်သားထားပါမယ်ဘုရား။ တပည့်တော် မေးလျှောက်ချင်တာလေးတစ်ခုက ကံကြောင့် ဘဝဖြစ်တယ်လို့ မှတ်သားထားဖူးတာ မှန်ကန်ပါသလားဘုရား။

ဆရာတော် ~ ကံက ဘဝအသစ်ကို ပို့လိုက်ပြီ။ ကံရဲ့တာဝန်ကျေပြီ၊ ရလာတဲ့ခန္ဓာကိုယ်ကို အာဟာရက ဆက်လက် ရှင်သန်အောင် ထောက်ပံ့ပေးပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဒါဆိုရင် အာဟာရပစ္စယောဆိုတာ ဘယ်လိုအဓိပ္ပာယ် ရပါသလဲဘုရား။ အာဟာရပစ္စယောက အိမ်ကို ကျားထောက်ထားတဲ့ ပုံဆွဲထားတာ တွေ့ရပါတယ်။ အိမ်ကို ကျားကန်တာနဲ့ အာဟာရနဲ့ ဘယ်လိုများ ပတ်သက်နေတာပါလဲဘုရား။

ဆရာတော် ~ အဆောက်အဦးတွေ ယိုင်နဲ့နေရင် ပြိုလဲမကျသွားအောင် တိုင်တွေနဲ့ကျားကန်ပေးရတယ်။ အဲသလို ကျားကန်ပေးလိုက်ရင် အဆောက်အဦးဟာ အတော်အတန် ခိုင်ခံ့သွားတယ်နော်။

Dr. အောင်သူ ~ မှန်ပါ။ မြင်ဖူးပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အခု အာဟာရပစ္စယောမှာလည်း ခန္ဓာကိုယ်ကောင်ကြီး ပြိုလဲမသွားရအောင် အာဟာရက ကျားကန်ပေးသလို အထောက်အပံ့ပေးလိုက်တယ်။ ရုပ်အာဟာရက ရုပ်ကိုတည်တံ့အောင် ထောက်ပံ့တယ်။ နာမ်အာဟာရက နာမ်ကို တည်တံ့အောင် ထောက်ပံ့ပေးတယ်။ ဒီအာဟာရတွေကြောင့် ရုပ်ခန္ဓာကြီးဟာ ရှင်သန်နေတာမို့လို့ 'အာဟာရပစ္စယော' လို့ ဆိုပါတယ်။

Dr. အောင်သူ ~ တပည့်တော် သိပ်ရှင်းရှင်းကြီး နားမလည်သေးပါဘုရား။

## ဩဇာရုပ် ၄ ပါး

ဆရာတော် ~ "ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ" လို့ ပဋ္ဌာန်းပူဇော်ဖူးမှာပါနော်။

Dr. အောင်သူ ~ မှန်ပါ။ ဒီမနက်ကပဲ ပူဇော်ခဲ့ပါသေးတယ်ဘုရား။

ဆရာတော် ~ အဘိဓမ္မာမှာ စားသောက်နေတဲ့ အစားအစာတွေကို ကဗဠီကာရအာဟာရလို့ မခေါ်ဘူး။ ရုပ် (၂၈)ပါးထဲက ဩဇာရုပ်ကို အာဟာရလို့ ခေါ်တာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။

---

**ကျမ်းညွှန်း**

၁။ (၆၃)၊ ပုတ္တမံသူပမသုတ္တ၊ မဟာဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ်ပါဠိ။ (နှာ-၃၂၂)

ဆရာတော် ~ ဩဇာရုပ်က ၄ ပါးရှိတယ်၊ ကမ္မဇဩဇာ၊ စိတ္တဇဩဇာ၊ ဥတုဇဩဇာ၊ အာဟာရဇ ဩဇာတဲ့ ဒကာကြီး။

Dr. အောင်သူ ~ ကံ၊ စိတ်၊ ဥတု၊ အာဟာရကိုတော့ မှတ်မိနေပါတယ်ဘုရား။

ဆရာတော် ~ ခုနက ဩဇာလေးပါးမို့လို့ စတုဩဇာလို့လည်း ခေါ်ပါတယ်။ စတုသမုဋ္ဌာနိက ဩဇာလို့လည်း ခေါ်သေးတယ်။ ဒီရုပ်လေးပါးက ကံ၊ စိတ်၊ ဥတု၊ အာဟာရ ကြောင့် ဖြစ်တာပါ။

Dr. အောင်သူ ~ နက်နဲလွန်းပါတယ်ဘုရား။ အဲဒီ စတုဩဇာကလည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ ကြောင့်ပဲ ဖြစ်တာပါလားဘုရား။

## အဋ္ဌကလာပ်ရုပ် ၈ ပါး

ဆရာတော် ~ ဟုတ်ပါတယ် ဒကာကြီး။ အဋ္ဌကလာပ်ရုပ် ၈ ပါးကို သိထားမှ ပိုပြည့်စုံမယ်။

Dr. အောင်သူ ~ မှန်ပါ။ အဲဒါလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ၊ (၁) မာတဲ့သဘော၊ ပျော့တဲ့သဘောက ပထဝီ (၂) ယိုစီးတဲ့သဘော၊ ဖွဲ့စည်းတဲ့သဘောက အာပေါ၊ (၃) ပူတဲ့၊ အေးတဲ့သဘောက တေဇော (၄) တွန်းကန်လှုပ်ရှားတဲ့သဘောက ဝါယော၊ ဒါက ဓာတ်လေးပါး၊ နောက်ထပ် ကျန် သေးတဲ့လေးပါးက (၅) ဝဏ္ဏက အဆင်း (၆) ဂန္ဓက အနံ့ (၇) ရသက အရသာ (၈) ဩဇာဓာတ်တွေပါ။

Dr. အောင်သူ ~ ဒါဆိုရင် တပည့်တော်တို့စားနေတဲ့ ထမင်းလုတ်မှာပါတဲ့ အဆီဓာတ်၊ ဩဇာဓာတ် က ခန္ဓာကိုယ်ကောင်ကြီးကို ကြီးထွားစေတယ်လို့ ယူရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ရပါတယ်။

Dr. အောင်သူ ~ တပည့်တော် သဘောပေါက်ပါပြီဘုရား။ ဒီခန္ဓာကိုယ်ကောင်ကြီးကို အိမ်အိုကြီး နေရာထားပြီး စဉ်းစားတာကို နားလည်ပါပြီဘုရား။

ဆရာတော် ~ ဒါကြောင့် ဘုရားရှင်က 'သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ'လို့ ဟောတော် မူပါတယ်။ သတ္တဝါမှန်သမျှ အာဟာရ အကြောင်းအထောက်အပံ့ကြောင့်သာ ဖြစ်တည် နေနိုင်ကြတာတဲ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

## နာမ်အာဟာရ Mental nutrient

ဆရာတော် ~ စောစောက ဥပမာမှာ အိမ်အိုကြီးတွေ မလဲပြိုရအောင် ကျားတိုင် ထောက်ထား သလို အစားအသောက်မှာပါတဲ့ အဆီဩဇာ ကဗဠီကာရာဟာရ ရုပ်တွေက ခန္ဓာကိုယ်ကြီးကို ထောက်ပေးပြီး၊ ဖဿ၊ စေတနာနဲ့ ဝိညာဏ်လို့ခေါ်တဲ့

နာမ်အာဟာရ ၃-ပါးကလည်း ယှဉ်ဘက် ရုပ်၊ နာမ်တရားတွေကို ဖြစ်ပေါ် တည်ရှိစေတာပါ ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော်တို့ သိပ္ပံက ပြည့်စုံလှပြီ ထင်ထားတာ။ ဘုရားရှင်ဟောတော်မူတဲ့ တရားတော်က သိပ်ကို တိကျ၊ သိပ်ကို ပြည့်စုံပါတယ်ဘုရား။ mental nutrient လို့ ခေါ်တဲ့ နာမ်အာဟာရကို အကျယ်သိပါရစေဘုရား။

ဆရာတော် ~ ဒကာကြီး ကျောင်းသားဘဝတုန်းက စာမေးပွဲနီးလို့ စာလုပ်ရင်ပူတာလည်း မသိဘူး။ အေးတာလည်း မသိဘူး၊ ထမင်းမေ့ဟင်းမေ့ ဖြစ်သွားဖူးတယ်နော်။ အဲဒါ ဘာကြောင့်လို့ ထင်သလဲ။

Dr. အောင်သူ ~ စိတ်က ဆောင်ထားလို့ပါဘုရား။

ဆရာတော် ~ အဲဒါ mental nutrient နာမ်အာဟာရလေ။

Dr. အောင်သူ ~ တပည့်တော်တို့ လူနာတစ်ယောက်ရဲ့ အသက်ကို လုနေရရင် နေ့၊ ညလည်း မသိတော့ဘူး။ ထမင်းဆာတာလည်း မသိတော့ဘူး။ ရေသောက်ဖို့လည်း မေ့နေတတ်တာလည်း mental nutrient နာမ်အာဟာရ ပါလားဘုရား။

ဆရာတော် ~ လူနာအသက်ရှင်လာရင် ပျော်နေတာပဲလေ။ ပင်ပန်းမှန်းလည်းမသိဘူး၊ ခွန်အားတွေကို ပြည့်လို့၊ အဲသလို အလုပ်လုပ်တဲ့အခါ စိတ်က ထက်သန်နေတယ်နော်။ 'ပီတိကိုစား အားရှိတယ်' ဆိုတာ ဒါမျိုးပေါ့ ဒကာကြီး။

Dr. အောင်သူ ~ စိတ်အားက ထက်သန်နေတော့ Mind ကြောင့်ဖြစ်လာတဲ့ matter ကလည်း ကောင်းလာတာပါလားဘုရား။

## Mind produce matter

ဆရာတော် ~ ဟုတ်တယ်၊ ဟုတ်တယ်။ ဟေတုတုန်းက စာကိုသတိရတာ ကောင်းတယ်။ စိတ်တွေ စင်ကြယ်မြင့်မြတ်ပြီး ထက်သန်နေတော့ Mind produce matter လို့ခေါ်တဲ့ စိတ္တဇရုပ်တွေကလည်း စင်ကြယ်ပြီး ကောင်းတဲ့ရုပ်တွေကို produce လုပ်ပေးတယ်။

Dr. အောင်သူ ~ ကောင်းတဲ့ရုပ်တွေကို produce လုပ်ပေးတဲ့အတွက် ရောဂါတွေ ပျောက်ကင်းသက်သာတဲ့အထိလည်း ဖြစ်နိုင်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ အာဟာရကြောင့်လား။

Dr. အောင်သူ ~ မဟုတ်ပါဘုရား။ Mind produce matter လို့ခေါ်တဲ့ စိတ္တဇရုပ်ကြောင့် ရောဂါတွေ သက်သာတာ ရှိနိုင်မယ် တွေးမိလို့ပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်တယ်။ ရှိတယ်။ အရှင်မဟာကဿပမထေရ်မြတ်ကြီး မကျန်းမမာ ဖြစ်တော်မူတဲ့အခါ မြတ်စွာဘုရားက ဗောဇ္ဈင်သုတ်ကို ဟောကြားပေးတော်မူတယ်။ အရှင်မြတ်ကလည်း အာရုံစိုက်ပြီး နာတော်မူတယ်။ တရားနာပြီးတဲ့

အခါမှာ ရောဂါပျောက်ကင်း ချမ်းသာသွားတယ်။ အရှင်မဟာမောဂ္ဂလာန် မကျန်းမမာ ဖြစ်တော်မူတဲ့အခါမှာလည်း မြတ်စွာဘုရား ကြွရောက်ပြီး ဗောဇ္ဈင် သုတ်ကို ဟောကြားပေးတော်မူတယ်။ အရှင်မြတ်ကလည်း အာရုံစိုက်ပြီး နာတော် မူတယ်။ တရားနာပြီးတဲ့အခါမှာ ရောဂါ ပျောက်ကင်းချမ်းသာသွားတယ်။

Dr. အောင်သူ ~ တရားနာရလို့ ဖြစ်လာတဲ့ စိတ္တဇရုပ်ကြောင့်ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ နာမ်အာဟာရကြောင့် စိတ်တွေ စင်ကြယ် မြင့်မြတ်နေတော့ Mind produce matter လို့ခေါ်တဲ့ စိတ္တဇရုပ်တွေကလည်း စင်ကြယ်ပြီး အားကောင်းတဲ့ ရုပ်တွေ ဖြစ်လာတာကြောင့် ရောဂါ သက်သာ ပျောက်သွားတာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ စိတ်က ကြည်လင်သန့်ရှင်းနေရင် ရုပ်ကလည်း ကြည်လင်လာတယ်။ ဒီတော့ အားကောင်းတဲ့ ကုသိုလ်စိတ်က ဝိညာဏအာဟာရ၊ စေတနာ အာဟာရလို့ခေါ် တဲ့ နာမ်အာဟာရ mental nutrient တွေက မကောင်းတဲ့ ရုပ်တွေကို ဖယ်ရှား တာကြောင့် ရောဂါပျောက်သွားတာပါ။ ဒါနာမ်အာဟာရက ထောက်ပံ့လိုက် တာပါ ဒကာကြီး။

Dr. အောင်သူ ~ စိတ်က ရုပ်အပေါ် အကျိုးသက်ရောက်တာလို့ နားလည်ရင် ရမယ်ထင်ပါတယ် ဘုရား။

ဆရာတော် ~ စိတ်တွေ စင်ကြယ်မြင့်မြတ်နေရင် စိတ်ကြောင့်ဖြစ်လာရတဲ့ စိတ္တဇရုပ် Mind produce matter တွေကလည်း စင်ကြယ်ပြီးတော့ ဒီရုပ်အပေါ်ကို အကျိုးသက် ရောက်တာကို တရားအားထုတ်ကြတဲ့ ယောဂီတွေမှာ သိသာထင်ရှားတယ်။

Dr. အောင်သူ ~ သတိပြုမိဖူးပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဆက်ပြောပြမယ်နော်။ စိတ်ဆင်းရဲပြီး သောကတွေ များလွန်းနေရင် စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေကလည်း ညှိုးနွမ်းပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ ဒါကြောင့် စိတ်ထောင်းတော့ ကိုယ်ကြေလို့ဆိုတာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဆိုရိုးစကားပုံတွေက အဓိပ္ပာယ် တော်တော်ကြီးကို လေးနက် တတ်တယ်နော်။

## ဘဝသံသရာနှင့် အာဟာရ

Dr. အောင်သူ ~ ထမင်းဟင်းကို အာဟာရလို့ သိရပါပြီ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရလို့ ပြောလေ့ ရှိတာဆိုတော့ ကံ၊ စိတ်၊ ဥတုကလည်း တူတူပါလားဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ရှင်းပြမယ်နော်။ ရုပ်အာဟာရက ဩဇာကို ယူရပါမယ်။

Dr. အောင်သူ ~ မှန်ပါ။ အဆီဩဇာကို ယူရမှာဆိုတာ မှတ်မိပါပြီဘုရား။

ဆရာတော် ~ ဩဇာက နှစ်မျိုးရှိတယ်၊ ထမင်း၊ ဟင်း၊ သစ်သီးတို့ရဲ့ ဩဇာက ဗဟိဒ္ဓသန္တာန်မှာ တည်တဲ့ ဩဇာနော်။ ဒါကတစ်မျိုး၊ နောက်တစ်မျိုးက အဇ္ဈတ္တသန္တာန်၌ရှိတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရပါ။ ဒါက စတုသမုဋ္ဌာနိက ဩဇာလို့ခေါ်တယ်။

Dr. အောင်သူ ~ တပည့်တော်တို့ တက္ကသိုလ်မှာ သင်ကြားပြီး တတ်ထားတဲ့ပညာက အခု ဘုရားဟောတော်မူတဲ့ စာနဲ့ယှဉ်ကြည့်ရင် ကလေးသိလို ဖြစ်သွားပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်မယ်ထင်ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ ဘုရားစာက သိပ်ကို တိကျလွန်းပါတယ်ဘုရား။

ဆရာတော် ~ ဒါဆိုရင် ဆက်ပြောပြမယ်နော်။ အခု ဒီတစ်ဘဝတာ အသက်ရှင်ရေးကို ရုပ်အာဟာရ တစ်ပါးက ထောက်ပံ့ပေးနိုင်ပါတယ်။ သံသရာခရီးရှည် မဆုံးမခြင်း တစ်ဘဝပြီး၊ တစ်ဘဝ စဉ်ဆက်မပြတ် ရှင်သန်ရေးကိုတော့ နာမ်အာဟာရ သုံးပါးက တာဝန်ယူပါတယ်။

## အစာမစားဘဲ အသက်ရှင်နိုင်

Dr. အောင်သူ ~ ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးက တကယ်ကို အံ့ဩစရာပါဘုရား။

ဆရာတော် ~ တချို့နတ်တွေ၊ ပြိတ္တာတွေ၊ ငရဲသားတွေက သူတို့ခန္ဓာကိုယ် တည်တံ့ဖို့ အဆီဩဇာအတွက် အစာအာဟာရစားသုံးဖို့ မလိုအပ်ဘဲ သက်တမ်းရှည်ရှည် တည်တံ့နိုင်ကြပါတယ်။

Dr. အောင်သူ ~ တစ္ဆေတွေလည်း မစားဘဲ နေလို့ရတယ်လို့ ကြားဖူးပါတယ်ဘုရား။

ဆရာတော် ~ တချို့သတ္တဝါတွေက နေနိုင်တယ်။ တချို့က နည်းနည်းလေးစားပြီး သူ့အကုသိုလ်ကံကြွေး မကုန်မချင်း အသက်ရှည်နေကြတယ်။ စတုမဟာရာဇ်နတ်ပြည်က နတ်သားတွေ တစ်ကြိမ်စားသုံးတဲ့ နတ်သုဒ္ဓါက အနှစ်ငါးဆယ်ခံတယ်။ ဘာကြောင့်လဲဆိုရင် လူ့ပြည်ရဲ့ အနှစ်ငါးဆယ်က စတုမဟာရာဇ် နတ်ပြည်မှာ ၁ရက် ဖြစ်နေလို့ပါ။

Dr. အောင်သူ ~ အံ့ဩစရာပါပဲဘုရား။

ဆရာတော် ~ လူ့ပြည်အကြောင်းပြောရရင် နိရောဓသမာပတ် ဝင်စားတော်မူကြတဲ့ ရဟန္တာ အရှင်မြတ်များက ခုနစ်ရက်ထက် ပိုလွန်ပြီး မဝင်စားနိုင်ကြဘူး။

Dr. အောင်သူ ~ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ~ လူတွေ စားသောက်နေတဲ့ အစာအာဟာရတွေရဲ့ အဆီဩဇာက ခုနစ်ရက်ထက် ပိုပြီး အထောက်အပံ့ မပြုနိုင်ဘူး။ ဆာလောင်မွတ်သိပ်တဲ့ ရောဂါ ပြန်ပြန်ထလာလို့ပါ ဒကာကြီး။

Dr. အောင်သူ ~ ဘုရားစာမှာ ထမင်းဆာတာက ရောဂါပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်တယ်။ ဆာလောင်တာက အဆိုးဆုံးရောဂါတဲ့ ဒကာကြီး။ တခြားရောဂါကို ဆေးကုနိုင်ပါသော်လည်း ဆာတဲ့ရောဂါ ပျောက်ဖို့ရာ နေ့စဉ် အစာအာဟာရစားပြီး ကုသပေးနေတာပါ ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် ဗိုက်ဆာတာကို ရောဂါလို့ တစ်ခါမှ မစဉ်းစားဖူးဘူးဘုရား။

ဆရာတော် ~ ဟုတ်ပါလိမ့်မယ်။

## ဖဿအာဟာရ

Dr. အောင်သူ ~ တပည့်တော် ရုပ်အာဟာရ physical nutrient ထက် နာမ်အာဟာရ mental nutrient ကို ပိုလို့ စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ နာမ်အာဟာရကို ပြောဖို့ အချိန်ရောက်ပါပြီ။

Dr. အောင်သူ ~ mental nutrient ကို ပြည့်ပြည့်စုံစုံ သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဘုရားဟောတရားတော်တွေက စဉ်းစား ဆင်ခြင်တွေးတောပြီး သိကောင်းတဲ့ သဘောမရှိဘူး ဒကာကြီး။ စာလည်းကြည့်၊ တရားကိုလည်း အားထုတ်မှ အသိစုံတာနော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ နာမ်အာဟာရကို ပြောပြမယ်နော်။ သူက သုံးပါးရှိတယ်။ (၁) Contact nutrient ဖဿအာဟာရရယ်။ (၂) Intention nutrient စေတနာအာဟာရရယ်နဲ့ (၃) Conciousnes nutrient ဝိညာဏ်အာဟာရ တို့ ဖြစ်ပါတယ်။

Dr. အောင်သူ ~ ဖဿအာဟာရကို ပထမဦးဆုံးသိရရင် ကောင်းမယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဖဿအာဟာရအကြောင်း ပြောပြမယ်နော်။ အာရုံကို တွေ့ထိတဲ့ သဘောကို ဖဿလို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ မျက်စိနဲ့ အာရုံနဲ့ဆုံပြီး မြင်သိစိတ် ဝိညာဏ်ပေါ်တယ်လို့ ဆရာတော် မိန့်ထားတာ မှတ်မိပါသေးတယ်ဘုရား။ အဲဒီဝိညာဏ်က အာရုံကိုတွေ့တာ မဟုတ်ပါလားဘုရား။

ဆရာတော် ~ ဒကာကြီး ဝိညာဏ်က အာရုံကို သိတာလေ။ ဥပမာ နှင်းဆီပွင့်နီနီလေးဆိုတဲ့ အာရုံကို မျက်စိနဲ့ဆုံပြီးနောက် မြင်သိစိတ်ဖြစ်တာလေ။

Dr. အောင်သူ ~ ရပါပြီဘုရား။ ဒါဆိုရင် ဖဿက ဘယ်နေရာမှာ ပါရတာပါလဲဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဝိညာဏ်စိတ်က အာရုံကို သိရုံပဲ သိသေးတာ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ နားလည်နေပါသေးတယ်ဘုရား။

ဆရာတော် ~ အဲဒီအာရုံရဲ့ ကြိုက်၊ မကြိုက် အရသာပေါ်ထွက်လာဖို့ ကြိတ်နယ်ပေးတာက ဖဿပါပဲ။

Dr. အောင်သူ ~ ဖဿကို အင်္ဂလိပ်လို ဘယ်လို ဘာသာပြန်ပါသလဲဘုရား။

ဆရာတော် ~ Contact လို ပြန်ရပါတယ်၊ အာရုံအရသာ ပေါ်ထွက်လာဖို့ ကြိတ်နယ်ပေးတယ် ဆိုတာကို ဥပမာနဲ့ပြောရရင် ကြံကြိတ်စက်က ကြံရည်ထွက်အောင် ကြိတ်နယ် ပေးသလိုမျိုးဖဿကို ယူနိုင်ပါတယ်။

Dr. အောင်သူ ~ ဥပမာ မရှင်းသေးပါဘုရား။

## ဖဿ၏ ခတ်ခိုက်မှု

ဆရာတော် ~ ကောင်းပါပြီ။ နောက် ဥပမာ ပေးပါဦးမယ်နော်။ ဒီဖဿက တွေ့ထိတဲ့သဘော ဆိုတာ ရုပ်ဝတ္ထုအချင်းချင်း ထိမိ၊ ခိုက်မိ၊ တိုက်မိတဲ့သဘောမျိုး မဟုတ်ပါဘူး။ စိတ်နဲ့ အာရုံတွေ့တဲ့အခါ ခတ်သဘောအလိုက် ထိခိုက်သလို ဖြစ်လောက်အောင် ခတ်ခိုက်တာမျိုးကို ဆိုလိုတာပါ ဒကာကြီး၊ ပမာပြရရင် ချဉ်စုတ်နေတဲ့ သံပုရာသီးကို ဆား၊ ငရုပ်သီးနဲ့ တို့စားနေတဲ့သူကို တွေ့ရရင် တွေ့တဲ့သူက သွားရည်မကျဘူးလား။

Dr. အောင်သူ ~ အခု ဆရာတော်ပြောတာ နားထောင်ရင်းကို တပည့်တော်ပါးစပ်ထဲမှာ သွားရည် တွေ ပြည့်လာပါတယ်ဘုရား။

ဆရာတော် ~ အဲဒါ ဖဿရဲ့ ခတ်ခိုက်မှုကြောင့် သွားရည်ကျလာတာ။ ငယ်တုန်းက ကိုယ်နဲ့ ရွယ်တူ မိန်းကလေးအုပ်စုရဲ့ရှေ့မှာ ဖြတ်သွားရရင် ဘယ့်နှယ် ဖြစ်ဖူးသလဲ။ မှတ်မိ သေးရဲ့လား ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ တပည့်တော် သတိရပါပြီဘုရား။ စိတ်ထဲတစ်မျိုးဖြစ်ပြီး အမူအရာတွေ ပျက်ပြီး ဣန္ဒြေမရ ဖြစ်သွားတာပါဘုရား၊ အဲဒါ ဖဿကြောင့်ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဖဿကြောင့်ပါ၊ ကိုက်တတ်တဲ့ခွေးရှိတဲ့ အိမ်ရှေ့ကိုအရောက် မိမိ ကလည်း အိမ်ဝင်းထဲကိုအဝင် ခွေးကလည်း ထဟောင်လိုက်ရင် ဒကာကြီး ဘယ်လိုဖြစ်သွားမလဲ။

Dr. အောင်သူ ~ တပည့်တော် ရင်တွေတုန်၊ ဒူးတွေတုန်ပြီး ခွေကျသွားမယ် ထင်တယ်ဘုရား။

ဆရာတော် ~ ခွေးကိုက်ဖို့ နေနေသာသာ၊ ခွေးကို မြင်တောင် မမြင်ရသေးဘူးလေ၊ ဒါက ဖဿရဲ့ ခတ်ခိုက်မှုကို နားလည်နိုင်မယ့် ထင်ရှားတဲ့ ဥပမာတွေပါပဲ။

Dr. အောင်သူ ~ ဒီဖဿက စိတ်မှာ အမြဲပါတာပါလားဘုရား။

ဆရာတော် ~ ဒါလည်း ဥပမာနဲ့ ပြောရရင်ဆားဟာ မကောင်းတဲ့ ဟင်းမှာလည်းပါရဲ၊ ကောင်း တဲ့ ဟင်းမှာလည်း ပါရသလိုပဲတဲ့၊ ဒီဖဿလည်းပဲ အကုသိုလ် အာရုံမှာလည်းပါရဲ၊ ကုသိုလ်အာရုံမှာလည်း ပါရတဲ့အတွက် စိတ်ဆိုး၊ စိတ်ကောင်း ၂ မျိုးလုံးမှာ အမြဲ ပါတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## ဥမ္မာဒန္တီရုပါရုံအဆင်း၏ ဖဿဒဏ်ချက်

ဆရာတော် ~ ဖဿကို နားလည်ပြီး ပိုပြီး ရှင်းရှင်းလင်းလင်းသိအောင် ပုံဝတ္ထုတစ်ခုနဲ့ ပြောပြဦးမယ်နော်။

Dr. အောင်သူ ~ ကောင်းတယ်ဘုရား။ ပုံဝတ္ထုနဲ့ဆိုရင် ဖဿအကြောင်း တပည့်တော် ပိုလို့ မှတ်မိတော့မှာပါဘုရား။

ဆရာတော် ~ ရှေးရှေးက တစ်ခုသော တန်ဆောင်မုန်းလပြည့်ည အရိဋ္ဌပူရမြို့တော်ကြီးမှာ နက္ခတ်ပွဲသဘင် ကျင်းပနေတဲ့အတွက် ဆီမီးရောင်ရှိန် တထိန်ထိန် ထွန်းညှိပြီးတော့ အလှဆင်ထားတဲ့ မြို့တော်ကြီးကို လှည့်လည်ရှုစားဖို့ သိဝိမင်းကြီးက ဆင်တော်စီးပြီး ထွက်ကြွတော်မူလာတယ်တဲ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဆင်ကြီးပေါ်က ဗိုက်ရွှဲရွှဲနဲ့ဘုရင်ကြီးကို တပည့်တော် မျက်စိထဲ မြင်နေပါတယ်ဘုရား။

ဆရာတော် ~ ဘုရင်ကြီးက စစ်သေနာပတိကြီးရဲ့ အိမ်ရှေ့သို့ ရောက်သွားတဲ့အခါမှာ သေနာပတိကြီးရဲ့ကတော် ဥမ္မာဒန္တီက ကိန္နရီမကလေးလို လှလှပပဝတ်စား ဆင်ယင်ပြီး လေသာပြတင်းကနေ ဘုရင်မင်းကြီးကို ပန်းပွင့်ပန်းကုံးတွေနဲ့ပက်ပြီး ဂါရဝပြုရင်း သူ့ရဲ့အလှအပကို အစွမ်းကုန်ပြလိုက်သတဲ့။

Dr. အောင်သူ ~ ဘယ့်နှယ်ကြောင့် စစ်သူကြီးကတော်က ဘုရင်ကြီးကို အလှအပတွေ အစွမ်းကုန်ပြလိုက်ရတာပါလဲဘုရား။

ဆရာတော် ~ အေးဟုတ်ပြီ။ ဥမ္မာဒန္တီမှာ အကြောင်းရှိနေတယ်။ ဘယ်လိုလဲဆိုရင် သူက မိဖုရားဖြစ်ချင်ခဲ့ရှာတာ။ သူအရွယ်ရောက်လာတဲ့ အချိန်မှာ ဖခင်သူဌေးကြီးက ဘုရင်ထံပါးသွားပြီး သံတော်ဦးတင်တယ်။ 'ကျွန်တော်မျိုးမှာ အရှင်မင်းမြတ်နဲ့ထိုက်တန်တဲ့ သမီးရတနာ ထွန်းကားခဲ့ပါတယ်။ လက္ခဏာတော်တတ်တဲ့ ပုဏ္ဏားတော် ပညာရှိများကို စေလွှတ်စုံစမ်းပြီး အရှင်မင်းကြီး အလိုရှိတိုင်း စီမံတော်မူပါ'တဲ့။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဒါနဲ့ ဘုရင်ကလည်း ပုဏ္ဏားတော်တွေကို စုံစမ်းဖို့ လွှတ်လိုက်တယ်။ သူတို့က ဥမ္မာဒန္တီရဲ့ ရူပါရုံအလှအပကို မြင်ရတာနဲ့ ကျွန္ဒေမဆောင်နိုင်ကြတော့ဘူးတဲ့။ ဒါကို ဥမ္မာဒန္တီကမြင်တော့ ကျက်သရေမဲ့တယ်ဆိုပြီး ပုဏ္ဏားတော်ကြီးတွေကို အိမ်ကနေ နှင်ဖူးတယ်။ ပုဏ္ဏားကြီးတွေက ဥမ္မာဒန္တီအပေါ် ရန်ငြိုးဖွဲ့ပြီး ဘုရင့်ထံတော်ပါးကို "ဥမ္မာဒန္တီဟာ ရုပ်ဆင်းရူပကာယ ပြည့်စုံပါသော်လည်း ယုတ်မာတဲ့ အမျိုးသမီးဖြစ်ပါတယ်။ ဒေါသကြီးလွန်းတယ်။ ဒါကြောင့်သူ မိဖုရားမဖြစ်ထိုက်ပါဘူး"လို့ အပြီးအပြတ်လျှောက်လိုက်တော့ ဘုရင်ကြီးကလည်း ပုဏ္ဏားတွေကို ယုံကြည်ပြီး

ဥမ္မာဒန္တီကို လျစ်လျူရှုထားလိုက်တော့တယ်။ ဒါနဲ့ ဖခင်သူဌေးကြီးက သမီးချော ဥမ္မာဒန္တီကို စစ်သေနာပတိကြီးထံ ဆက်သလိုက်တော့ စစ်သူကြီးကတော် ဖြစ်လာတာ ဒကာကြီး။

Dr. အောင်သူ ~ ဒါကြောင့် အခွင့်သာတုန်း ဘုရင်ကြီးကို အလှအပတွေ အစွမ်းကုန်ပြလိုက်တာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဟုတ်တယ်လေ။ သူကလည်း 'နေနှင့်ဦးပေါ့၊ ဘုရင်ကြီးကို တွေ့ဆုံခွင့် ရတဲ့တစ်နေ့မှာ ဘုရင်ကြီး ဘယ်လိုဖြစ်မယ်ဆိုတာ သိရပါလိမ့်မယ်' လို့ စိတ်ထဲ တေးမှတ်ထားခဲ့တာလေ။

Dr. အောင်သူ ~ ဒါကြောင့် စစ်သူကြီးကတော်က ရတဲ့အခွင့်အရေးကို အပြည့်အဝ အသုံးချလိုက် တာဖြစ်မှာဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့။ ဘုရင်ကြီးက အလွန်လှတဲ့ ဥမ္မာဒန္တီရဲ့ ရုပ်ဆင်းအင်္ဂါ လက္ခဏာ ကိုလည်းမြင်ရော ပုရောဟိတ်ပုဏ္ဏားတော်တွေ ဣန္ဒြေမဆောင်နိုင်တော့သလိုကို ဖြစ်ရုံမကတော့ဘူး ဒကာကြီးရေ။

Dr. အောင်သူ ~ ဘုရင်ကြီး ဘာများဖြစ်သွားသေးသလဲဘုရား။

ဆရာတော် ~ ဘုရင်ကြီးက ရှုးကိုသွားတော့တယ်။ မြို့ကိုလည်း မရှုစားနိုင်တော့ဘဲ နန်းတော်ကို လှည့်ပြန်လာခဲ့ပြီး ဥမ္မာဒန္တီအပေါ် စွဲလမ်းတဲ့စိတ်ကြောင့် မအိပ်နိုင်မစားနိုင်ဖြစ်ပြီး ဘုရင်ကြီးမျက်စိထဲ ဥမ္မာဒန္တီရဲ့ ရုပ်ဆင်းအင်္ဂါတွေကို ဖျောက်မရဘဲ ဖြစ်နေတော့ သတဲ့။ ပါးစပ်ကလည်း အရူးတစ်ယောက်လို မြည်တမ်း ပြောဆိုနေတော့သတဲ့။

Dr. အောင်သူ ~ အခုလိုဖြစ်တာ ဖဿကြောင့်ပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်လေ။ ဘုရင်ကြီး စိတ်ဆင်းရဲပြီး ဒုက္ခဝေဒနာ ခံစားနေရတာ ဘာကြောင့် လဲဆိုရင် ဥမ္မာဒန္တီရဲ့အဆင်းရူပါရုံကို တွေ့လိုက်ရတဲ့ ဖဿဒဏ်ချက်ကြောင့်ပါပဲ။ ဒါကြောင့် ကုသိုလ်ဖြစ်စရာ၊ အကုသိုလ်ဖြစ်စရာ အာရုံအကောင်း အဆိုးကို တွေ့ထိပေးနိုင်တဲ့ဖဿကို နာမ်အာဟာရ mental nutrient လို့ ခေါ်တာပါ ဒကာကြီး။

Dr. အောင်သူ ~ ဘုရင်ကြီး ရှုးသွပ်သွားတာ ဖဿရဲ့ ရိုက်ခတ်မှုကြောင့် ဆင်းရဲတဲ့ ဝေဒနာဖြစ် ရတာလို့ နားလည်ပါပြီဘုရား။ ပုံဝတ္ထုနဲ့မို့ ပိုလို့ နားလည်လွယ်ပါတယ်ဘုရား။

ဆရာတော် ~ ဘုရားရှင်က 'မိန်းမရဲ့ အဆင်းသဏ္ဌာန်လောက် ယောကျ်ားစိတ်ကို သိမ်းကျုံးဆွဲ ငင်ယူနိုင်တဲ့ တခြားအရာကို ငါဘုရား မြင်တော်မမူဘူး'[၂] လို့ ဟောတော်မူပါသေး တယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်လှပါ။ မှတ်သားထားပါ့မယ်ဘုရား။

---

**ကျမ်းညွှန်း**

၁။ ဥမ္မာဒန္တီဇာတကဝဏ္ဏနာ၊ ပဏ္ဏာသနိပါတ၊ ဇာတကအဋ္ဌကထာ။ (ပဥ္စမတွဲ၊ နှာ-၂၂၀)

၂။ ရူပါဒိဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၁)

## စေတနာအာဟာရ

Dr. အောင်သူ ~ ဖဿအာဟာရကို အတန်အသင့် နားလည်ပါပြီဘုရား။ အခု စေတနာအာဟာရကို သိပါရစေဘုရား။

ဆရာတော် ~ စေတနာက စေတသိက်တစ်လုံးဖြစ်ပြီး စိတ်ဖြစ်တဲ့အခါတိုင်း စိတ်နဲ့အတူဖြစ်တဲ့ သဘာဝ ရှိပါတယ်။

Dr. အောင်သူ ~ စေတနာက စိတ်ဖြစ်တိုင်းပါတာကို မှတ်သားထားပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒါကြောင့် စိတ်ဖြစ်တိုင်းပါလို့မို့ သဗ္ဗစိတ္တသာဓာရဏ စေတသိက်လို့ ခေါ်ပါတယ်။ အင်္ဂလိပ်လို Universal Mental factors လို့ခေါ်တဲ့ သဗ္ဗစိတ္တသာဓာရဏစေတသိက်တွဲ၊ တစ်နည်းပြောရရင် စိတ်ဖြစ်တိုင်း ဖြစ်လေ့ရှိတဲ့ စေတသိက် ၇ ပါးထဲက စေတနာစေတသိက်ပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဖဿလည်း Universal Mental factors ပဲ ထင်ပါတယ်။

ဆရာတော် ~ ဟုတ်ပါတယ်၊ ဒီစေတနာကို ငှက်တွေရဲ့ အတောင်ပံနဲ့ တူတယ်လို့ ပညာရှင်များက တင်စားကြပါတယ်။

Dr. အောင်သူ ~ ဘယ်လိုကြောင့်များ ငှက်ရဲ့တောင်ပံနဲ့ တူရတာပါလဲဘုရား။

ဆရာတော် ~ ငှက်တွေက အတောင်ပံရှိလို့သာ သစ်ပင်တစ်ပင်ကနေ နောက်သစ်ပင်တစ်ပင်ကို တောတစ်ခုကနေ နောက်တောတစ်ခုကို လှည့်လည်သွားနိုင်ကြတာပါ။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ သတ္တဝါတွေကလည်း အတောင်နဲ့တူတဲ့ စေတနာရှိပြီး သူ့ရဲ့လှုံ့ဆော်တိုက်တွန်းမှုကြောင့်သာ ကံကြီးကံငယ် အသွယ်သွယ်တွေ လုပ်ကြလို့ ဘဝတစ်ခုကနေ နောက်ဘဝတစ်ခု၊ ဘုံတစ်ခုကနေ နောက်ဘုံတစ်ခုကို လှည့်လည်နိုင်ကြတာပါ။

Dr. အောင်သူ ~ တင်ပါဘုရား။ အကယ်၍ စေတနာသာမရှိရင် ကံတရားလည်း မပေါ်လာနိုင်တော့ဘူးပေါ့နော်ဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ ကံတရားမပေါ်လာရင် အကျိုးဝိပါကဝဋ်လည်း မဖြစ်လာနိုင်ဘူး။ အကျိုးဝိပါကဝဋ် မဖြစ်လာတော့ရင် အဲဒီ ဝိပါကဝဋ်အတွင်းမှာ ထောက်တည် ကိန်းအောင်းနေကြတဲ့ ကိလေသာဝဋ်တွေလည်း မရှိနိုင်တော့ဘူး။ ဒါကြောင့် ဝဋ်သုံးပါးမှာ ကျင်လည်နေရတာက စေတနာရဲ့ အစွမ်းသတ္တိ ဖြစ်ကြောင်း သိသာထင်ရှားတဲ့အတွက် စေတနာကို အာဟာရခေါ်တာပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ အရပ်ထဲမှာပြောနေတဲ့ စေတနာရဲ့အဓိပ္ပာယ်နဲ့ တော်တော်ကြီးကို မတူသလို ဖြစ်နေပါတယ်ဘုရား။

ဆရာတော် ~ မြန်မာစကားမှာ ပြောကြတဲ့ စေတနာရဲ့ ဆိုလိုရင်းနဲ့ ဘုရားစကားမှာ ပြောတဲ့ စေတနာရဲ့ ဆိုလိုရင်းက တော်တော်လေး ဝေးမယ်ထင်ပါတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ ဥပမာနဲ့ဆိုရင် ပိုပြီး နားလည်လွယ်မယ် ထင်ပါတယ်ဘုရား။
ဆရာတော် ~ ဥပမာ မပြောခင် ကိုယ်နဲ့လုပ်တာမှာဖြစ်စေ၊ နှုတ်နဲ့ပြောတာမှာဖြစ်စေ စေတနာပါတာ၊ မပါတာ လိုရင်းပဓာနဖြစ်တယ်ဆိုတာ ဦးဆုံး သတိပြုရပါမယ် ဒကာကြီး။
Dr. အောင်သူ ~ မှန်ပါဘုရား။

## စက္ခုပါလ ရဟန္တာမထေရ်

ဆရာတော် ~ ဘုရားရှင် သက်ရှိထင်ရှားရှိတော်မူတဲ့အခါက မျက်စိနှစ်ကွင်း အလင်းမရရှာတဲ့ စက္ခုပါလရဟန္တာမထေရ်မြတ်က မိုးရွာပြီးစ မနက်စောစောထပြီး တောင်ဝှေးထောက် ကြိုးတန်းလေးကိုင်ပြီး စင်္ကြံကြွတော်မူပါတယ်။
Dr. အောင်သူ ~ မှန်ပါဘုရား။
ဆရာတော် ~ မထေရ်မြတ်ကြီး စင်္ကြံကြွရာလမ်းပေါ်မှာ သွားလာနေတဲ့ ပိုးကောင်တွေ အများကြီးကို နင်းမိတဲ့အတွက် သေကြေပျက်စီးကြတယ်။
Dr. အောင်သူ ~ ရဟန္တာမထေရ်မြတ်ကြီး ပါဏာတိပါတအပြစ် ဖြစ်သွားပါသလားဘုရား။
ဆရာတော် ~ အပြစ်မဖြစ်ဘူးလို့ မြတ်စွာဘုရားရှင် ဆုံးဖြတ်ပေးတော်မူပါတယ်။
Dr. အောင်သူ ~ သတ္တဝါတွေ သေနေတာကို မြင်နေရပါလျက် ဘာကြောင့်များ အပြစ်မရှိတာပါလဲဘုရား။
ဆရာတော် ~ ရဟန္တာမထေရ်မြတ်ကြီးရဲ့သန္တာန်မှာ သေစေလိုတဲ့ စေတနာမရှိတဲ့အတွက် အပြစ်မဖြစ်တာပါ ဒကာကြီး။
Dr. အောင်သူ ~ မှန်ပါဘုရား။

## မယားသောတာပန် လင်မုဆိုး

ဆရာတော် ~ နောက်တစ်ခု သတိရတာရှိသေးတယ်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက သောတာပန်အရိယာအမျိုးသမီးတစ်ယောက်က မုဆိုးကြီးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ အမျိုးသမီးက ခင်ပွန်းဖြစ်တဲ့ မုဆိုးကြီးအတွက် လေး၊ မြား၊ လှံတံ၊ ပိုက်ကွန် စတွေကို ပြင်ဆင်ပေးရတယ်။
Dr. အောင်သူ ~ အပြစ်မဖြစ်ဘူးပေ့ါနော် အရှင်ဘုရား။
ဆရာတော် ~ ဇနီးဖြစ်သူက 'ဒီလက်နက်တွေနဲ့ သတ္တဝါတွေကို သတ်ဖြတ်ပါစေ'ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပေးနေတာ မဟုတ်ဘူး။ သောတာပန်အရိယာဖြစ်လို့ သတ္တဝါတွေကို သေစေလိုတဲ့ စေတနာလည်း မရှိတဲ့အတွက် အပြစ်မဖြစ်ပါဘူး ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော် ဖတ်ဖူးတဲ့စာတစ်ခု သတိရလာတယ်ဘုရား 'လက်မှာ အနာမရှိတဲ့ သူက အဆိပ်ကို ကိုင်သော်လည်း အဆိပ်မသင့်ဘူးတဲ့'။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး ဒီဥပမာက အဋ္ဌကထာမှာလာတဲ့ ဥပမာပါပဲ။ စေတနာ ကြောင့်သာ ကံမြောက်တာပါ။ ရဟန်းတွေ အိပ်မက်ထဲ အာပတ်သင့်နိုင်တဲ့ အမှုကို ကျူးလွန်ရင်တောင်မှ ဝိနည်းအပြစ်မသင့်ပါဘူး၊ ဘာ့ကြောင့်လဲ ဆိုရင် အကုသိုလ်အိပ်မက် စေတနာဖြစ်စေ၊ ကုသိုလ်အိပ်မက် စေတနာဖြစ်စေ အား နည်းတဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။

## ဝိညာဏာဟာရ

Dr. အောင်သူ ~ နာမ်အာဟာရထဲက နောက်ဆုံးတစ်ခုဖြစ်တဲ့ ဝိညာဏဟာရအကြောင်းကိုလည်း သိချင် ပါသေးတယ်ဘုရား။

ဆရာတော် ~ ဝိညာဏကို အင်္ဂလိပ်လို Conciousness လို့ ဘာသာပြန်နိုင်ပါတယ်။

Dr. အောင်သူ ~ ဝိညာဉ်လို့လည်း ပြောကြတယ်ဘုရား။

ဆရာတော် ~ ဝိညာဏကို မြန်မာမှာက ဝိညာဉ်လို့လည်း ခေါ်ကြတယ်။ သို့သော် လူသေပြီး ဝိညာဉ်ထွက်သွားတယ် ဆိုတာနဲ့တော့ မတူဘူးနော်။ အခေါ်အဝေါ်သာတူတာ၊ အဓိပ္ပာယ်က လားလားမှမတူပါဘူး။

Dr. အောင်သူ ~ မှန်ပါဘုရား၊ မြန်မာစကားနဲ့ ပါဠိစကား အသုံးအနှုန်းတူပြီး၊ ဆိုလိုရင်း အဓိပ္ပာယ် တော်တော်ကို ဝေးနေမှန်း အခုမှ တပည့်တော် သတိထားမိလာပါတယ်ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဟုတ်ပြီ ဒကာကြီး။ ဒါမှ ဘုရားရှင်ဟောတော်မူတဲ့ ပါဠိစာရဲ့ အဓိပ္ပာယ် ကို သေသေချာချာ နားလည်လာမှာပါ။ ဆက်ပြောပြမယ်နော်။ မြင်သိမှုလို့ခေါ်တဲ့ စက္ခုဝိညာဏ်က အဆင်းမှန်း၊ သဏ္ဌာန်မှန်း၊ ဖြူလျှင်ဖြူမှန်း၊ နီလျှင်နီမှန်း လောက် ကိုသာ သိနိုင်တာ။

Dr. အောင်သူ ~ တင်ပါ။ အာရုံရဲ့အရသာကို ဘယ်သူက သိတာပါလဲဘုရား။

ဆရာတော် ~ အာရုံရဲ့ကောင်းတဲ့အရသာ၊ မကောင်းတဲ့အရသာတွေ ထင်ရှားပေါ်လွင်အောင် စက္ခုဝိညာဏ်က မစွမ်းနိုင်ဘူးနော်။ အာရုံအရသာကို ဝေဒနာက ခံစားတာပါ။

Dr. အောင်သူ ~ တပည့်တော်သိချင်တာက အာရုံကိုသိနိုင်တဲ့ ဝိညာဏ် ဘယ်နှစ်မျိုး ရှိနိုင်သလဲ ဘုရား။

---

**ကျမ်းညွှန်း**

၁။ ကုက္ကုစ္စမိတ္တနေသာဒဝတ္ထု၊ ပါပဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ဒုတိယတွဲ၊ နှာ-၁၅)

ဆရာတော် ~ အာရုံကို သိနိုင်တဲ့ ဝိညာဏ်က ခြောက်ပါးရှိပါတယ်။ ဘာတွေလဲဆိုရင် (၁) စက္ခုဝိညာဉ် = မြင်သိစိတ်၊ (၂) သောတဝိညာဉ် = ကြားသိစိတ်၊ (၃) ဃာနဝိညာဉ် = နံသိစိတ်၊ (၄) ဇိဝှာဝိညာဉ် = အရသာသိစိတ်၊ (၅) ကာယဝိညာဉ် = ထိသိစိတ်နဲ့ (၆) မနောဝိညာဉ် = ကြံတွေးသိစိတ်တွေပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ မှတ်မိပါပြီဘုရား။ ဝိညာဏ်လို့ကော၊ ဝိညာဉ်လို့ကော သုံးလို့ရတာကိုလည်း သိရပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဝိညာဏ်က 'ဒီဟာ မုန့်ဟင်းခါး'လို့ သိတာနဲ့ တစ်ပြိုင်နက် ဝေဒနာကလည်း 'မုန့်ဟင်းခါးဆိုရင် သိပ်ကောင်းကွ'ဆိုပြီး ခံစားလိုက်တယ်။ သညာကလည်း အရင်စားတဲ့ဆိုင်ထက် တယ်ကောင်းတဲ့ မုန့်ဟင်းခါးပဲလို့ မှတ်သားလိုက်တာပါပဲ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ အာဟာရပစ္စည်းက စားစရာအာဟာရလောက်ကိုပဲ သိထားတဲ့တပည့်တော်အဖို့ ပြည့်ပြည့်စုံစုံကြီး သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**"အိမ်အိုကြီးကို မလဲမပြိုရလေအောင် ကျားတိုင်များဖြင့် ထောက်ကန်ထားသကဲ့သို့ လူသားတို့၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကိုလည်း ကောင်းမွန်သော ရုပ်အာဟာရ၊ နာမ်အာဟာရတို့ဖြင့် အထောက်အပံ့ပြုကာ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေသား"**

## ၁၆။ ဣန္ဒြိယပစ္စယော

## Indriya Paccayo *(Faculty condition)*

### ဆိုင်ရာပစ္စယုပ္ပန်တရားများအား အစိုးတရအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း



### ဣန္ဒြိယပစ္စည်း၏ကျေးဇူးပြုပုံ

"တစ်ပြည်တွင်း၌၊ ချင်းချင်းမဆန့်၊ သီးမသန့်ဘဲ၊ ခွဲခန့်ပိုင်စား၊ မျူးမတ်များသို့" ဟု ရှေးဆရာမြတ်တို့က ပမာပြုတော်မူသည်နှင့်အညီ တိုင်းပြည်အတွင်း၌ မြို့ရွာများကို အုပ်ချုပ်ရသော မြို့စား၊ ရွာစားများသည် ဆိုင်ရာမြို့ရွာများကို အစိုးရသကဲ့သို့ ကျန်းမာရေးဌာန ပညာရေးဌာန စသည်ကို အုပ်ချုပ်ရသော ဝန်ကြီးများသည်လည်း ဆိုင်ရာဌာနကို အစိုးရသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်စသော ဣန္ဒြေတရားတို့သည် ယှဉ်ဖော် ယှဉ်ဖက် ဆိုင်ရာရုပ်၊ နာမ်တရားတို့အား အစိုးတရ ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုကြသည်။

### အဓိပတိပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း

MA ဦးဇင်း ပထမပြန်စာမေးပွဲဖြေပြီးသောကြောင့် ကျောင်းပြန်ရောက်လာပြီး ပဋ္ဌာန်းပူဇော်နေသဖြင့် ရံခါ ပဋ္ဌာန်းတရားဆိုင်ရာမေးခွန်းများကို မေးလျှောက်လေ့ရှိပါသည်။

MA ဦးဇင်း ~ တပည့်တော် စဉ်းစားနေတာလေး မေးလျှောက်ခွင့်ပြုတော်မူပါဘုရား။

ဆရာတော် ~ ဘာကိစ္စများပါလဲ ဦးဇင်း။

MA ဦးဇင်း ~ ပဋ္ဌာန်းတရားထဲက အဓိပတိပစ္စည်းနဲ့ ဣန္ဒြိယပစ္စည်းရဲ့ အဓိပ္ပာယ်ကို ဖတ်ကြည့်တာမှာ တူသလိုလိုလည်းထင်တယ်။ မတူဘူးလို့လည်း ထင်နေမိလို့ပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒီပစ္စည်းနှစ်ခုကို အဓိပတိတုန်းကလည်း ပြောပြဖူးတယ်နော်။ ဒါက သေသေချာချာ သိဖို့လိုပါတယ်။ တစ်ချို့ ပဋ္ဌာန်းလေ့လာသူတွေကလည်း ဒီပစ္စည်းနှစ်ခုကို တူသယောင်ယောင် ထင်တတ်ကြတယ်။ အခု ဥပမာနဲ့ ပြောပြမယ်လေနော်။

MA ဦးဇင်း ~ ဥပမာနဲ့ဆိုရင် ပိုပြီး မှတ်မိလွယ်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ အဓိပတိကို အလုံးစုံကို အစိုးရတဲ့ ဧကရာဇ်မင်းလို့ ယူပါလေ ဦးဇင်း။

MA ဦးဇင်း ~ ဣန္ဒြိယပစ္စယောကို ဘယ်လိုဥပမာနဲ့ ယူရမလဲဘုရား။

ဆရာတော် ~ ဣန္ဒြိယကိုတော့ မိမိတို့ ဆိုင်ရာ၊ ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက ဝန်ကြီးတွေလို့ ယူပါလေ။ နောက်တစ်နည်းပြောရရင် အဓိပတိကို နိုင်ငံတော်သမ္မတယူပြီး၊ ဣန္ဒြိယကို ပြည်နယ်တိုင်းဆိုင်ရာ ဝန်ကြီးချုပ်တွေလို့ယူပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဒါဆိုရင် တပည့်တော်တို့ အရပ်ထဲမှာပြောနေတဲ့ "ဣန္ဒြေကြီး တစ်ခွဲသားနဲ့'တို့ 'မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ'ဆိုတဲ့ စကားတွေရဲ့ အဓိပ္ပာယ်နဲ့ ဘုရားဟောစာက တစ်မျိုးစီ ဖြစ်သွားပါတယ်ဘုရား။

ဆရာတော် ~ အရပ်ထဲမှာပြောတဲ့ စကားရဲ့အဓိပ္ပာယ်ကို မိမိတို့အချင်းချင်း နားလည်ရင် ရပါပြီ။ သို့သော် ဘုရားစာကို လေ့လာရင်တော့ ဘုရားရှင်ဟောတော်မူခဲ့တဲ့ ပါဠိစာရဲ့ ဆိုလိုရင်းကိုရောက်အောင် နားလည်သဘောပေါက်မှ ဖြစ်မယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ ကြိုးစားပါ့မယ်ဘုရား။

## ရုပ်ဣန္ဒြေ ၈ ပါး

MA ဦးဇင်း ~ ဒီလိုဆိုရင်တော့ တပည့်တော် နားလည်ပါပြီဘုရား။ ဒီဣန္ဒြိယပစ္စယောက ဘာကို စိုးမိုးတာပါလဲဘုရား။

ဆရာတော် ~ မျက်စိရှိလို့ မြင်သိစိတ် ဖြစ်လာတာပါ။ ဒါကြောင့် မျက်စိက မြင်တဲ့ကိစ္စကို စိုးမိုးပါတယ်။ အခုလို စိုးမိုးနိုင်တဲ့မျက်စိကို 'စက္ခုန္ဒြေ'လို့ ခေါ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဆက်ပြီးကြည့်ရအောင်။ နားရှိလို့ ကြားသိစိတ်ဖြစ်လာတာပါ။ ဒါကြောင့် နားက ကြားတဲ့ကိစ္စကို စိုးမိုးထားတယ်။ အခုလိုစိုးမိုးနိုင်လို့ နားကို 'သောတိန္ဒြေ' လို့ ခေါ်ပါတယ်ဘုရား။

MA ဦးဇင်း ~ ဒါဆိုရင် တပည့်တော် နားလည်ပါပြီဘုရား။ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေနဲ့ ကာယိန္ဒြေလို့ ယူနိုင်မယ် ထင်ပါတယ်ဘုရား။ ဣန္ဒြေ ၅ ပါးကို တပည့်တော် နားလည်ပါပြီဘုရား။

ဆရာတော် ~ ဣန္ဒြေက ၅ ပါး မကဘူးလေ ဦးဇင်း။

MA ဦးဇင်း ~ ဒါဆိုရင် ဣန္ဒြေဘယ်နှစ်ပါး ရှိတာပါလဲဘုရား။

ဆရာတော် ~ ရုပ်ဣန္ဒြေက ၈ ပါး၊ နာမ်ဣန္ဒြေက ၁၄ ပါး ရှိတယ်။ စုစုပေါင်း ဣန္ဒြေ ၂၂ ပါး တောင်ရှိတယ် ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော်လျှောက်ထားတဲ့ ၅ပါးက ရုပ်ဣန္ဒြေပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ နောက်ထပ် ၃ ပါး ကျန်နေသေးတယ် ဦးဇင်း။ အဲဒီ ၃ ပါးက ဘာတွေလဲဆိုရင် ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေနဲ့ ရုပ်ဇီဝိတိန္ဒြေတို့ပါပဲ။

MA ဦးဇင်း ~ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ နေပါဦး။ စာပေလာ အစဉ်အတိုင်းကျအောင် ပြောပေးဦးမယ်နော်။ ၁။ ရုပ်ဇီဝိတိန္ဒြေ၊ ၂။ စက္ခုန္ဒြေ၊ ၃။ သောတိန္ဒြေ၊ ၄။ ဃာနိန္ဒြေ၊ ၅။ ဇိဝှိန္ဒြေ၊ ၆။ ကာယိန္ဒြေ၊ ၇။ ဣတ္ထိန္ဒြေနှင့် ၈။ ပုရိသိန္ဒြေလို့ မှတ်ရင် ပိုကောင်းပါတယ် ဦးဇင်း။

## နာမ်ဣန္ဒြေ ၁၄ ပါး

MA ဦးဇင်း ~ ရုပ်ဣန္ဒြေက ၈ ပါး သိရပါပြီဘုရား။ အခု နာမ်ဣန္ဒြေကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ နာမ်ဣန္ဒြေက ၁၄ ပါးတောင် ရှိတာနော်ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ အခု အစဉ်အတိုင်း ပြောပြမယ်နော်။ ၁။ မနိန္ဒြေ၊ ၂။ သုခိန္ဒြေ၊ ၃။ ဒုက္ခိန္ဒြေ၊ ၄။ သောမနဿိန္ဒြေ၊ ၅။ ဒေါမနဿိန္ဒြေ၊ ၆။ ဥပေက္ခိန္ဒြေ၊ ၇။ သဒ္ဓိန္ဒြေ၊ ၈။ ဝီရိယိန္ဒြေ၊ ၉။ သတိန္ဒြေ၊ ၁၀။ သမာဓိန္ဒြေနှင့် ၁၁။ ပညိန္ဒြေ၊ ၁၂။ အနညာတညဿာမီတိန္ဒြေ၊ ၁၃။ အညိန္ဒြေနဲ့ ၁၄။ အညာတာဝိန္ဒြေတို့ ဖြစ်ပါတယ်ဘုရား။

MA ဦးဇင်း ~ ဣန္ဒြေတွေ အများကြီးက သူ့ဆိုင်ရာကို ဘယ်လိုစိုးမိုးတယ်ဆိုတာ အနည်းငယ်မျှ ဖြစ်စေ ဥပမာနဲ့ သိပါရစေဘုရား။

ဆရာတော် ~ ဘယ်ဣန္ဒြေကို ပြောပြရမလဲ ဦးဇင်း။

## ပုရိသိန္ဒြေနှင့် ဣတ္ထိန္ဒြေ

MA ဦးဇင်း ~ ပုရိသိန္ဒြေနဲ့ ဣတ္ထိန္ဒြေရဲ့သဘောကို ဥပမာအနေဖြင့် သိပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ သူ့ကို ဘာဝရုပ်လို့လည်း ခေါ်သေးတယ်နော်။ အထီးသတ္တဝါ ဖြစ်လာဖို့ အကြောင်းခံတဲ့ရုပ်ကို ပုရိသိန္ဒြေလို့လည်း ခေါ်တယ်။ တချို့နေရာမှာ ပုမ္ဘာဝရုပ်လို့လည်း အသုံးအနှုန်း ရှိပါတယ်ဘုရား။

MA ဦးဇင်း ~ ခန္ဓာကိုယ်ရဲ့ ဘယ်နေရာမှာ တည်နေတာကို ပုရိသိန္ဒြေလို့ ခေါ်တာပါလဲဘုရား။
ဆရာတော် ~ အထီးသတ္တဝါရဲ့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့တည်နေတာက ပုရိသိန္ဒြေပါဘုရား။ အမသတ္တဝါရဲ့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့တည်နေတာက ဣတ္ထိန္ဒြေပါဘုရား။
MA ဦးဇင်း ~ ဘယ်လိုအကြောင်းကြောင့်များ အခုလို ဖြစ်ရတာပါလဲဘုရား။
ဆရာတော် ~ အတိတ်က ကိုယ်စီထူထောင်ထားခဲ့တဲ့ကံသည်သာ အကြောင်းရင်းခံပါ ဦးဇင်း။
MA ဦးဇင်း ~ မှန်ပါ။ နားလည်ပါပြီဘုရား။

## မျက်စိအကြည်ရုပ်၊ စက္ခုန္ဒြေ၊ စက္ခုပသာဒ

MA ဦးဇင်း ~ တပည့်တော် စာဖတ်တဲ့အခါမှာ စက္ခုန္ဒြေလို့လည်းတွေ့တယ်။ စက္ခုပသာဒလို့လည်း ဖတ်ရပါတယ်။ အဓိပ္ပာယ် တူပါသလားဘုရား။
ဆရာတော် ~ စာကို အခုလို ဂရုတစိုက်လေ့လာတာ ကောင်းတယ် ဦးဇင်း။ မြင်ခြင်းကို ဆောင်ရွက်ပေးနိုင်တဲ့ မျက်စိအကြည်ရုပ်ကို စက္ခုန္ဒြေလို့လည်းခေါ်တယ်၊ စက္ခုပသာဒလို့လည်း ခေါ်တယ်။ စက္ခာယတနလို့လည်း နေရာအားလျော်စွာခေါ်ပါတယ်။
MA ဦးဇင်း ~ ဒါဆိုရင် နားအကြည်ရုပ်ကို သောတိန္ဒြေ၊ သောတပသာဒ၊ သောတာယတနလို့လည်း သုံးနှုန်းတာပါလားဘုရား။
ဆရာတော် ~ ဟုတ်ပါတယ် ဦးဇင်း။ ဒီနေရာမှာ နားအကြည်ရုပ်ကောင်းရင် အကြားအာရုံ ကောင်းတယ်၊ နားအကြည်ရုပ်ညံ့ရင် အကြားအာရုံ အားနည်းတယ်။ ဒါကို ပဋ္ဌာန်းနဲ့စဉ်းစားရင် နားအကြည်ရုပ် သောတိန္ဒြေက ကြားသိစိတ်ကို စိုးမိုးထားပုံပါပဲဘုရား။
MA ဦးဇင်း ~ တပည့်တော် သဘောပေါက်ပြီဘုရား။ ကြားသိစိတ်ကို နားအကြည်ရုပ် သောတိန္ဒြေက စိုးမိုးသလို၊ မြင်သိစိတ်ကိုလည်း မျက်စိအကြည်ရုပ်ဖြစ်တဲ့ စက္ခုန္ဒြေက စိုးမိုးထားတာပါလားဘုရား။
ဆရာတော် ~ ဟုတ်တာပေါ့ ဦးဇင်း။ ဟုတ်တယ်။ အဲဒီအတိုင်းပဲ ကျန်တဲ့ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေနဲ့ ကာယိန္ဒြေတို့ကိုလည်း နားလည်ရမှာပါ။
MA ဦးဇင်း ~ တပည့်တော် သဘောပေါက်ပြီဘုရား။ သူ့ကိစ္စကိုပဲ သူစိုးမိုးတယ်၊ ကျန်တာ မစိုးမိုးနိုင်ဘူးဆိုတာက ဣန္ဒြိယပစ္စည်းရဲ့ ဆိုလိုရင်းပါလားဘုရား။

## 'ဣန္ဒြိယဂုတ္တဒွါရ တေဒင်' ဘွဲ့

ဆရာတော် ~ ဟုတ်ပါတယ်။ မှန်ပါတယ် ဦးဇင်း။
MA ဦးဇင်း ~ ဘုရားတပည့်တော် ဣန္ဒြိယပစ္စယောကို ပိုလို့ စိတ်ဝင်စားလာပါတယ်ဘုရား။ ပို၍ သိချင်ပါသေးတယ်။

ဆရာတော် ~ ကောင်းပါပြီ။ ဒါဆိုရင် ဘုရားရှင် သာသနာတော်မှာ "ကြန္တိယဂုတ္တာဒွါရ ဧတဒဂ်" ဘွဲ့ထူး ချီးမြှင့်ခြင်းခံရတဲ့ မထေရ်အကြောင်းကို ပြောပြမယ်လေ။

MA ဦးဇင်း ~ ဘုရားရှင်က ရဟန်းတော်ကို ချီးမြှင့်တော်မူတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဘုရားရှင်ရဲ့ညီတော် နန္ဒရဟန်းတော်ကို ချီးမြှင့်တော်မူတာပါ။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ သာကီဝင်မင်းသားဘဝကနေ ရဟန်းဖြစ်တော်မူလာတဲ့ ညီတော်နန္ဒမထေရ်က ကပိလဝတ်ပြည် နန်းတော်ကြီးနဲ့ အလှထွဋ်ခေါင် ဇနပဒကလျာဏီမင်းသမီးကို ရက်ရက်စက်စက်ကြီး လွမ်းနေရှာတယ်။

MA ဦးဇင်း ~ ရဟန်းဖြစ်ပြီးမှ လွမ်းနေတာပါလားဘုရား။ အခုလိုကြီးက ကောင်းပါ့မလားဘုရား။

ဆရာတော် ~ မကောင်းဘူးလေ။ ဒါကြောင့် ဘုရားရှင်က တန်ခိုးတော်နဲ့ တာဝတိံသာ နတ်ပြည်ကို ခေါ်သွားတော်မူပါတယ်။ သိကြားမင်းရဲ့ အခြွေအရံ နတ်သမီးတွေကို မြင်တဲ့အခါမှာ ညီတော်နန္ဒမထေရ် အလွန် အံ့သြ မှင်တက်မိနေရှာတယ်။

MA ဦးဇင်း ~ လူ့သမီးထက်သာတဲ့ နတ်ရဲ့သမီးကို မြင်ရလို့ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ သူက လူ့သမီးတစ်ယောက်ကြောင့် သာသနာတော်မှာ မပျော်တာလေ ဦးဇင်း။

MA ဦးဇင်း ~ နတ်သမီးတွေကိုတွေ့တော့ ပျော်သွားသလားဘုရား။

ဆရာတော် ~ ဖြစ်ပုံက ဒီလိုပါ။ ညီတော်က နတ်သမီးတွေရဲ့အလှမှာ ရူမငြီးနေပုံကို ဘုရားရှင်ကြည့်တော်မူပြီး "ညီတော် နတ်သမီးလိုချင်သလား" လို့မေးတော်မူပါတယ်။ ညီတော်အရှင်နန္ဒကလည်း ဟန်မဆောင်ပါဘူး။ "လိုချင်ပါတယ်ဘုရား" လို့ တည့်တည့်ပဲ လျှောက်ထားတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ သာသနာတော်မှာ ကြန္ဒြေစောင့်စည်းတော်မူလို့ ဧတဒဂ်ဘွဲ့ထူးရမဲ့ ညီတော်နန္ဒက ရဟန်းဘဝကြီးနဲ့ နတ်သမီးလိုချင်တယ်လို့ ဘုရားရှေ့လျှောက်ဝံ့တာ အံ့သြစရာပါပဲဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ကိလေသာရဲ့ လက်ခုပ်ထဲက မလွတ်သေးသမျှ စိတ်မချရဘူး ဦးဇင်း။ မပြောသင့်တာကိုလည်း ပြောတတ်သလို၊ မလုပ်သင့်တာကိုလည်း လုပ်မိတတ်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ နတ်သမီးရရှိရေးအတွက် ဘုရားရှင်က ဘာများ လုပ်ပေးတော်မူပါသလဲဘုရား။

ဆရာတော် ~ ဘုရားရှင်က "သိက္ခာသုံးပါး ဖြည့်ကျင့်ပါ၊ နတ်သမီးရရှိရေးကို ငါဘုရားတာဝန်ယူပါ့မယ်" လို့ မိန့်တော်မူပြီး လူ့ပြည်ကို ပြန်ကြွတော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ~ လူ့ပြည်ရောက်ပြီး အရှင်နန္ဒ တရားကို ကြိုးစား အားထုတ်တော်မူပါသလားဘုရား။

ဆရာတော် ~ နတ်သမီးဧကန်ရတော့မှာမို့ တရားဘာဝနာကို ကြိုးစားအားထုတ်တော်မူတယ်။ အရှင်နန္ဒကိုကြည့်ပြီး သီတင်းသုံးဖော်ရဟန်းများက “အရှင်နန္ဒက နတ်သမီး လိုချင်လို့ ရဟန်းတရားကို မနေမနားအားထုတ်နေရှာတယ်” လို့ ပြက်ရယ်ပြု ကြတယ်။ ကျီစယ်ကြတယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ ရှက်စရာတော့ ဖြစ်ကုန်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အဲသလိုအပြောခံရတော့ ခတ္တိယမင်းမျိုးဖြစ်တဲ့ အရှင်နန္ဒက “ငါ ဣန္ဒြေမစောင့်စည်းမိခဲ့လို့ ရဟန်းတွေရဲ့ ပြက်ရယ်ပြုတာကို ခံနေရပြီ။ အခုချိန်က စပြီး ဣန္ဒြေစောင့်စည်းတော့မယ်”လို့ အကြံဖြစ်လာပြီး ကမ္မဋ္ဌာန်းကို ကြိုးစား အားထုတ်လာလိုက်တာ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်တော်မူပါတယ်ဘုရား။ ဒါကြောင့် ဘုရားရှင်က ညီတော်နန္ဒမထေရ်မြတ်ကြီးကို “ဣန္ဒြေစောင့်စည်းတဲ့ နေရာမှာ ဧတဒဂ်ဘွဲ့ထူး” ချီးမြှောက်တော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ~ သာဓု၊ သာဓု၊ သာဓုပါဘုရား။

## ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး

MA ဦးဇင်း ~ ဒီဣန္ဒြိယပစ္စယောမှာလည်း စိတ္တဇရုပ်က ကျေးဇူးပြုပါသေးသလားဘုရား။

ဆရာတော် ~ ဣန္ဒြိယပစ္စည်း ကု၊ ကု၊ ဗျာ ပါဠိကို ပူဇော်ကြည့်ပါလား ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် အလွတ်ရပါတယ်ဘုရား။ “ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော”ပါဘုရား။

ဆရာတော် ~ သူဆိုလိုရင်းအဓိပ္ပာယ်ကို ပြောပြမယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။ သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကုသိုလ်စိတ်မှာပါတဲ့ ၁-နာမ်ဇီဝိတိန္ဒြေ ၊၂-စိတ်၊ ၃-ဝေဒနာ၊ ၄-သဒ္ဓါ၊ ၅- ဝီရိယ၊ ၆-သတိ၊ ၇-သမာဓိနဲ့ ၈-ပညာ နာမ်ဣန္ဒြေရှစ်ပါးတို့က အတူယှဉ်ပြီးဖြစ်တဲ့ နာမ်ခန္ဓာလေးပါးတို့ကို ဣန္ဒြိယပစ္စယသတ္တိနဲ့ ကျေးဇူးပြုရုံမကဘူး၊ စိတ်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တို့ကိုလည်း ဣန္ဒြိယပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ဆိုလို ပါတယ်ဘုရား။

MA ဦးဇင်း ~ မှန်ပါဘုရား။ အခု ဒီဣန္ဒြိယပစ္စယောမှာပါတဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတွေက ဣန္ဒြေ၊ ဗိုလ်နဲ့ အတူတူပဲလားဘုရား။

ဆရာတော် ~ ဟုတ်တယ် ဦးဇင်း အတူတူပဲလေ။ ဣန္ဒြေ ၅ ပါးရှိတာကို မှတ်မိသေးတယ် မဟုတ်လား ဦးဇင်း။

---

**ကျမ်းညွှန်း**

၁။ နန္ဒတ္ထေရဂါထာဝဏ္ဏနာ၊ ဒုကနိပါတ၊ ထေရဂါထာအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၃၅၁)

၂။ အရှင်နန္ဒမထေရ်၊ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ ရေးသားတော်မူသော မဟာဗုဒ္ဓဝင်။ (ဆဋ္ဌမတွဲ၊ ပဌမပိုင်း၊ နှာ-၅၃၁)

MA ဦးဇင်း ~ မှတ်မိပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ၁-သဒ္ဓိန္ဒြေ၊ ၂-ဝီရိယိန္ဒြေ၊ ၃-သတိန္ဒြေ၊ ၄-သမာဓိန္ဒြေနဲ့ ၅-ပညိန္ဒြေ တွေနော် ဦးဇင်း။

MA ဦးဇင်း ~ ဗိုလ်ကိုလည်း သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်လို့ယူရင် ရပြီလားဘုရား။

ဆရာတော် ~ ရပါတယ် ဦးဇင်း။ သင်ပြီးသားစာတွေကို အခုလို မှတ်မိနေတာ သိပ်ကောင်းတယ်။

MA ဦးဇင်း ~ မှန်ပါ ကြိုးစားပါ့မယ်ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**"တစ်ပြည်တွင်း၌ မင်းမျှုးမတ်တို့ အုပ်ချုပ်ကာ ဆိုင်ရာစိုးပိုင်ကြသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း ကောင်းသော ရုပ်နာမ်တရားတို့၏ လွှမ်းမိုး ခြယ်လှယ်စိုးပိုင်ကြပြီး နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား"**

# ၁၇။ ဈာနပစ္စယော

## Jhana Paccayo (Jhana condition)

## စူးစူးစိုက်စိုက် ရှုတတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း



### ဈာနပစ္စည်း၏ကျေးဇူးပြုပုံ

'တောင်ဖျား၊ သစ်ပင်ဖျားပေါ်သို့တက်ပြီး ကြည့်သောသူသည် အဝေးအနီး အရပ်တို့ကို မြင်ရခြင်းဟူသော အကျိုးကျေးဇူးကို ရသကဲ့သို့' ဟု ဈာန်ပစ္စည်းကို ရှေးဆရာမြတ်တို့က ဥပမာပြုတော်မူကြပါသည်။ ဈာန်၏အဓိပ္ပာယ်မှာ စူးစူးစိုက်စိုက် ရှုကြည့်ခြင်းပင်ဖြစ်သည်။ စိတ်ကို အာရုံတစ်ခုပေါ်တွင် တည်တံ့နေစေရန် ထားခြင်းကပင် ဈာန်မည်ပါသည်။ အခြားအာရုံအားလုံးကို ခေတ္တမေ့ထားပြီး အာရုံတစ်ခုတည်းပေါ်၌ ထပ်တလဲလဲ ဖြစ်နေခြင်းသည်ပင် ဈာန်ဝင်စားခြင်း မည်ပေသည်။

### ဈာန်နှင့်အဘိညာဉ်တန်ခိုး

MA ဦးဇင်း ~ ဒီကနေ့ကစပြီး ပဋ္ဌာန်းပဉ္စာဝါရကို တတိယအကြိမ် စပြီးပူဇော်နေပါပြီဘုရား။ အရင်ထက် ပဋ္ဌာန်းတရားတော်ရဲ့ အဓိပ္ပာယ်တွေကိုသိလာရလို့ စိတ်ထဲ ကြည်နူးဝမ်းမြောက်မိပါတယ်ဘုရား။ မနက်ဖြန်မနက် ဈာနပစ္စယောကို ပူဇော်မှာဖြစ်တဲ့အတွက် ဈာနအကြောင်းကို အခြေခံကစပြီး သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဈာနကို ဈာန်လို့မြန်မာမှုပြုထားပါတယ်။ အင်္ဂလိပ်လိုတော့ Meditation, Training of the mind လို့ ဘာသာပြန်နိုင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ အခုလိုမြန်မာမှုပြုတာမှာ ထူးခြားချက်တစ်ခုကို သတိပြုစရာရှိတယ်။ ဒါက ဘာလဲဆိုရင် ပါဠိ 'ဝိညာဏ'ကို မြန်မာမှာ 'ဝိညာဉ်'လို့ခေါ်တယ်။ ပါဠိ 'ယာန'ကို မြန်မာမှာ ယာဉ်လို့ခေါ်တယ်။ ပါဠိ 'ဈာန'ကိုကျတော့ 'ဈာဉ်'လို့မခေါ်ဘူး။ 'ဈာန်' လို့ မြန်မာမှာသုံးတယ် ဦးဇင်း။

MA ဦးဇင်း ~ စာပေသဘောကို မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ ဈာန်ရဲ့အဓိပ္ပာယ်က စူးစူးစိုက်စိုက် ရှုကြည့်တာပါပဲ။ စိတ်ကို အာရုံတစ်ခုထဲပေါ်မှာ ထားတာကလည်း ဈာန်ပါပဲ။ တစ်နည်းပြောရရင် တခြားအာရုံအားလုံးကို ခဏ မေ့ထားပြီး အာရုံတစ်ခုတည်းပေါ်ကို ထပ်တလဲလဲ ဖြစ်စေတာကို ဈာန်ဝင်စား တယ် လို့ခေါ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မြေလျှိုးမိုးပျံနိုင်တာကို ဈာန်လို့ ခေါ်နိုင်ပါသလားဘုရား။

ဆရာတော် ~ မခေါ်နိုင်ပါဘူး။ လူအများက မြေလျှိုးမိုးပျံတာကို ဈာန်လို့ ထင်တတ်ကြတယ်။ ဈာန်ပျံတယ်လို့လည်း ပြောကြတယ်။ ဒါက အဘိညာဉ်တန်ခိုးဖြစ်ပါတယ်။

MA ဦးဇင်း ~ အဲဒီတန်ခိုးကလည်း တရားအားထုတ်လို့ရတာ မဟုတ်ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဈာန်ရတဲ့အထိ တရားအားထုတ်ပြီး ကောင်းကင်ပျံတာမို့လို့ ဈာန်ပျံတယ်လို့ ခေါ်ကြတာ ဖြစ်လိမ့်မယ်ထင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ တရားထိုင်ပြီး ဈာန်ဝင်စားတယ်လို့တော့ ခေါ်နိုင်ပါသလားဘုရား။

ဆရာတော် ~ ခေါ်နိုင်ပါတယ်။ ဈာန်ဇောစိတ်တွေ ထပ်ပြန်တလဲလဲ အကြိမ်ပေါင်းများစွာ ဖြစ်နေ တာကို ဈာန်ဝင်စားတယ်လို့ ခေါ်နိုင်ပါတယ်။ ဈာန်သမာပတ်ဝင်စားတယ်လို့ လည်း ခေါ်နိုင်ပါတယ်ဘုရား။ ဈာန်ဆိုတာ ကုသိုလ် အကုသိုလ်တွေမှာ ဖြစ်ခွင့် ရှိတယ်။

## ဈာန်၊ မဂ်၊ ဖိုလ်

MA ဦးဇင်း ~ ဈာန်၊ မဂ်၊ ဖိုလ်ဆိုတာကုသိုလ်လို့ နားလည်ထားပါတယ်။ သို့သော် အကုသိုလ် ဈာန်လည်းရှိတယ်လို့ စာအုပ်တစ်အုပ်ထဲ ဖတ်ဖူးတယ်။ တပည့်တော်က အဲဒီ စာကိုမှားတယ်လို့ ထင်တယ်ပါဘုရား။

ဆရာတော် ~ ဦးဇင်းလွဲသွားပြီ။ စာကို ပြည့်ပြည့်စုံစုံ လေ့လာပြီးမှ ဝေဖန်ရမယ်နော်။

MA ဦးဇင်း ~ ဒါဆိုရင် ဈာန်ဆိုတာ အကုသိုလ်ပါလားဘုရား။

ဆရာတော် ~ ဈာန်ဆိုတာ ကုသိုလ်၊ အကုသိုလ် ပုံသေကားချပ်မရှိဘူး ဦးဇင်း။ မြန်မာတွေက ဈာန်၊ မဂ်၊ ဖိုလ်ကို အစဉ်အလာအတိုင်း ကုသိုလ်အဖြစ် သုံးနှုန်းကြတယ်။ ဈာန်ကို မဂ် ဖိုလ် လိုမျိုး အမြဲတမ်း ကောင်းတဲ့ကုသိုလ်တရားလို့ ယူမရပါဘူး ဦးဇင်း။

MA ဦးဇင်း ~ ဒါဆိုရင် တပည့်တော် ပြည့်ပြည့်စုံစုံ သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ တံငါသည်တစ်ယောက် ငါးမျှားတံတစ်ချောင်းကိုင်ပြီး ဒူးလောက်နက်တဲ့ ရွှံ့နွံထဲမှာ မတ်တတ်ရပ်နေတယ်။ သူ့ဦးထိပ်မှာ နေက ခြစ်ခြစ်တောက်ပူနေတယ်။ ခြင်မည်းကြီးတွေကလည်း လက်မောင်းတွေ၊ နားရွက်တွေပေါ် နားပြီး သွေးစုပ်နေတယ်။ တံငါသည်ကမသိဘူး။ ငါးမျှားတံထိပ်မှာ ရေပေါ် ပေါ်နေတဲ့ ဖော့တုံးလေးပေါ် ကို သူ့စိတ်က ပြည့်ပြည့်ဝဝရောက်ပြီး သူ့အာရုံနဲ့သူ ပျော်နေတယ်။

MA ဦးဇင်း ~ ဒါဆိုရင် လောဘဦးစီးတဲ့ အကုသိုလ်စိတ်နဲ့ ငါးမျှားနေတဲ့တံငါသည်ကလည်း အာရုံတစ်မျိုးထဲမှာ သူ့စိတ်ကို အချိန်အကြာကြီး ထားနိုင်သားပဲဘုရား။

ဆရာတော် ~ ဒါကြောင့်ပြောတာပါ။ ဈာန်ကိုကုသိုလ်လို့ အမြဲ ကိန်းသေယူလို့ မရပါဘူး။ ကောင်းတဲ့ကုသိုလ်စိတ်နဲ့လည်း အာရုံကို စူးစိုက်ရှုလို့ရသလို၊ မကောင်းတဲ့ အကုသိုလ်စိတ်နဲ့လည်း အာရုံကို စူးစိုက်လို့ရတယ် ဦးဇင်း။

MA ဦးဇင်း ~ ငါးဆိုတဲ့အာရုံ တစ်မျိုးထဲမှာ ဧကဂ္ဂတာ သမာဓိရနေတယ်လို့ ပြောနိုင်ပါသလားဘုရား။

ဆရာတော် ~ ပြောလို့ရပါတယ်။ ဒီနေရာမှာ လယ်တီဆရာတော်ကြီးက 'စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်'တဲ့ ဦးဇင်း။

MA ဦးဇင်း ~ နားလည်ပါပြီဘုရား။ မှတ်သားထားပါ့မယ်ဘုရား။

## ဈာန်အင်္ဂါ ၅ ပါး

MA ဦးဇင်း ~ တပည့်တော် ဈာန်ကို စိတ်ဝင်စားပါတယ်ဘုရား။ အခု ဈာန်မှာ အင်္ဂါ ၅ ပါးရှိတယ် ဆိုတာကို အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ပဋ္ဌာန်း ပူဇော်ကြည့်ပါဦးဘုရား။

MA ဦးဇင်း ~ *"ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော"* ပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အဲဒီ 'ဈာနင်္ဂါနိ' ဆိုတာက ဈာန်အင်္ဂါ ၅ ပါးကို ခေါ်တာပါ ဦးဇင်း။ အဲဒါ ဘာတွေလဲဆိုရင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခနှင့် ဧကဂ္ဂတာတွေပါပဲ။

MA ဦးဇင်း ~ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။ အဲဒီဈာန်အင်္ဂါတွေရဲ့ သဘောသဘာဝတွေကိုလည်း သိချင်ပါသေးတယ်ဘုရား။

## ဝိတက်အကြောင်း

ဆရာတော် ~ ဝိတက်ဆိုတာ အတွေးပါပဲ၊ အင်္ဂလိပ်လို Applied thinking လို့ ဘာသာပြန်နိုင်ပါတယ်။ အတွေးဖြစ်တဲ့အတွက် ကောင်းတဲ့အတွေးလည်း ရှိတယ်။ မကောင်းတဲ့အတွေးလည်း ရှိတယ်နော်။

MA ဦးဇင်း ~ ကုသိုလ်လည်း ဝိတက်၊ အကုသိုလ်လည်း ဝိတက်ပါပဲလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ သဗ္ဗိဂ်ုဟ်စာဝါလိုက်တုန်းက ပကိဏ်းစေတသိက် ၆ ပါး ထဲမှာပါတဲ့ ဝိတက်ပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ သတိရပါပြီဘုရား။ ဒါကြောင့် ငါးများနေတဲ့ တံငါသည်ကလည်း သူ့အတွေးနဲ့သူ ရှိနိုင်ပြီး၊ မနက်အစော လမ်းမထွက်ပြီး ဆွမ်းလောင်းဖို့ စောင့်နေတဲ့ အဘွားကလည်း သူ့အတွေးနဲ့သူ ရှိနိုင်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ မှန်ပါတယ်။ ဒါကြောင့် သူတော်ကောင်းက သူ့စိတ်ကို တရားအာရုံဖြစ်တဲ့ အာနာပါန ထွက်လေဝင်လေ အာရုံပေါ် ကို တင်တယ်။ ဒါကြောင့် ဒီဝိတက်က ထိနမိဒ္ဓနီဝရဏလို့ခေါ်တဲ့ ထိုင်းမှိုင်းငိုက်မျဉ်းမှုကို ပယ်ခွာပေးနိုင်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

## ဝိစာရအကြောင်း

ဆရာတော် ~ တရားသမားရဲ့စိတ်မှာ 'ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့ပါဝင်တဲ့ ဈာန်အင်္ဂါ ငါးပါးနဲ့ယှဉ်တဲ့ ပဌမဈာန်'ကို ရပြီ။ ဒီတော့ တရားသမား ထားလိုတဲ့ အာနာပါနအာရုံမှာပေါ်ပဲ စိတ်က ဝပ်နေရင် ဝိတက်ရဲ့လုပ်ငန်း မရှိတော့ဘူး။

MA ဦးဇင်း ~ တင်ပါဘုရား။

ဆရာတော် ~ ဝိစာရဆိုတာ ဝိတက်ကနေ တွန်းတင်ပေးလိုက်တဲ့ အာနာပါနကမ္မဋ္ဌာန်း အာရုံကို အပြန်ပြန်အလှန်လှန် သုံးသပ်နိုင်စွမ်းတဲ့ သဘောရှိတယ်။တစ်နည်းပြောရရင် စိတ်ကို တခြားအာရုံတွေဆီ မရောက်စေဘဲ တရားအာရုံပေါ် မှာ စုစည်းပေးထားတာပါ။ ဒါကြောင့် သူက ဘုရားတရားသံဃာအပေါ် မှာ ယုံမှားသံသယ ဝိစိကိစ္ဆာကို ပယ်ခွာပေးနိုင်ပါတယ်။

MA ဦးဇင်း ~ ဒါဆိုရင် တပည့်တော် အာနာပါနတရားမှတ်မယ်လို့ တွေးတာက ဝိတက်၊ တရားဆက်အားထုတ်ပြီး သုံးသပ်ဆင်ခြင်တာက ဝိစာရပါလားဘုရား။

## ပီတိအကြောင်း

ဆရာတော် ~ အဲသလိုပြောရင်လည်း ရပါတယ် ဦးဇင်း။ အခု ဆက်ပြီး ပီတိအကြောင်း ပြောပြမယ်နော်။ ပီတိရဲ့အဓိပ္ပာယ်က နှစ်သက်တာပါပဲ။

MA ဦးဇင်း ~ တရားရှုမှတ်တဲ့အခါ စိတ်က အာနာပါန တရားအာရုံပေါ်မှာ ကပ်နေတဲ့အတွက် နှစ်သက်ကြည်နူးနေတာ ပီတိလို့ ခေါ်နိုင်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါတယ်။ ခေါ်နိုင်ပါတယ်။

MA ဦးဇင်း ~ ဒါဆိုရင် ပီတိက ဘာကို ပယ်ခွာနိုင်တာပါလဲဘုရား။

ဆရာတော် ~ ပီတိကြောင့် စိတ်မှာနှစ်သက်ကြည်နူးမှု ရှိနေတဲ့အတွက်ကြောင့် ကြမ်းတမ်းပူလောင်တဲ့ ဗျာပါဒ နီဝရဏကို စိတ်အိမ်ကနေ ပယ်ခွာနိုင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ အံ့ဩစရာပါပဲဘုရား။ ဒါကြောင့် တရားထိုင်ရင် စိတ်အေးတာထင်ပါတယ်ဘုရား။

## သုခအကြောင်း

ဆရာတော် ~ ဟုတ်ပါတယ် ဦးဇင်း။ အခုဆက်ပြီး ဈာန်အင်္ဂါတစ်ပါးဖြစ်တဲ့ သုခအကြောင်း ဆက်ကြရအောင်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ သုခရဲ့အဓိပ္ပာယ်က ချမ်းသာတာပါပဲ။ ကမ္မဋ္ဌာန်းဘာဝနာ အာရုံကြောင့် စိတ်နှလုံး ချမ်းသာနေတဲ့အတွက် ဥဒ္ဓစ္စလို့ခေါ်တဲ့ စိတ်ပျံ့လွင့်တာနဲ့ ပြုမှားခဲ့မိဖူးတဲ့မကောင်းမှုနှင့် မပြုရသေးတဲ့ ကောင်းမှုအတွက် စိတ်ကိုပူလောင် ပင်ပန်းစေနိုင်တဲ့ ကုက္ကုစ္စ နီဝရဏတွေကို ပယ်ခွာနိုင်တယ်ဦးဇင်း။

MA ဦးဇင်း ~ ကျေးဇူးတင်ပါတယ်ဘုရား။ အခုဆက်ပြီး ဧကဂ္ဂတာအကြောင်းလည်း သိချင်ပါတယ်ဘုရား။

## ဧကဂ္ဂတာသမာဓိအကြောင်း

ဆရာတော် ~ ဧကဂ္ဂတာဆိုတာ သမာဓိပါဦးဇင်း။ တစ်နည်းပြောရရင် အာရုံတစ်ခုထဲပေါ်မှာ စိတ်တည်ငြိမ်နေတာကို ဆိုလိုတာပါ။ ကာမစ္ဆန္ဒနီဝရဏစတဲ့ တရားဆိုးတွေက အာရုံငါးပါး ကာမဂုဏ်နောက်ကိုပဲ တကောက်ကောက် လိုက်ပါသွားတတ်တဲ့ သဘောရှိတယ်။ ဒါကြောင့် စိတ်မှာ ငြိမ်သက်တည်ကြည်မှု မရှိဘူး။ ဈာန်အင်္ဂါနဲ့ ယှဉ်တွဲနေတဲ့ ဒီဧကဂ္ဂတာသမာဓိက ကမ္မဋ္ဌာန်းတရား အာရုံဖြစ်တဲ့ အာနာပါန

ပေါ်ကို တည်ကြည် ငြိမ်သက်နေပါတယ်။ အဲဒီဇေကဂ္ဂတာ သမာဓိသတ္တိက ဆန့်ကျင်ဘက် ကာမစ္ဆန္ဒနီဝရဏကို ပယ်ခွာနိုင်တာပါ ဦးဇင်း။

MA ဦးဇင်း ~ နက်နဲလွန်းပါတယ်ဘုရား။ ဘုရားတပည့်တော် စျာန်ရတဲ့အထိ တရားကို သေသေချာချာ အားထုတ်ပါ့မယ်ဘုရား။

ဆရာတော် ~ စျာန်ရတာက လွယ်ပါတယ်။ စျာန်ဝင်စားတာက ခက်ပါတယ် ဦးဇင်း။

## အရိုးစုကမ္မဋ္ဌာန်း

MA ဦးဇင်း ~ မှန်ပါဘုရား။ စျာနပစ္စယောအတွက် ဝတ္ထုအကြောင်းအရာရှိရင်လည်း ကြည်ညိုပါရစေဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ။ သီဟိုဠ်ကျွန်းက မဟာတိဿမထေရ်အကြောင်း ပြောပြမယ်နော်။

MA ဦးဇင်း ~ မထေရ်ကြီးက အာနာပါနကမ္မဋ္ဌာန်း အားထုတ်တာပါလားဘုရား။

ဆရာတော် ~ ဒီဝတ္ထုကြောင်းမှာ အာနာပါနကို အထူးမပြဘဲ၊ အသုဘကမ္မဋ္ဌာန်းစီးဖြန်းတော်မူလေ့ရှိကြောင်းကို ပြပါတယ်ဦးဇင်း။

MA ဦးဇင်း ~ အသုဘကမ္မဋ္ဌာန်းကိုလည်း ဘုရားတပည့်တော် စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ တစ်မနက်မှာ မထေရ်မြတ်က အသုဘကမ္မဋ္ဌာန်းကို ရှုပွားလျက်ပဲ စေတီယတောင်ပေါ်ကနေ အနုရာဓမြို့ထဲကို ဆွမ်းခံကြွတော်မူပါတယ်။ အမျိုးသမီးငယ်တစ်ယောက်ကလည်း သူ့လင်ယောကျ်ားနဲ့ရန်ဖြစ်ပြီး လင့်အိမ်ကနေ ဆင်းလာတယ်။ သူက လှလှပပဖြီးလိမ်း ပြင်ဆင်ပြီးတော့ မိဘအိမ်ကို သွားဖို့လာရင်း လမ်းခုလတ် တစ်နေရာမှာ ဆွမ်းခံကြွလာတော်မူတဲ့ မဟာတိဿမထေရ်နဲ့ မျက်နှာချင်းဆိုင်ဆုံတယ်။ မိန်းကလေးက မထေရ်မြတ်ကိုမြင်တဲ့အခိုက်အတန့်ကလေးမှာ တဏှာရာဂစိတ် ဖောက်ပြန်လာပါတော့တယ်။ ဒါကြောင့် မထေရ်မြတ်ကြားနိုင်လောက်အောင် အသံထွက်ပြီးတော့ ရယ်ပြလိုက်ပါတယ်။

MA ဦးဇင်း ~ ကမ္မဋ္ဌာန်းဘာဝနာပွားတော်မူနေတဲ့ မထေရ်မြတ်ကြီးက မာတုဂါမရဲ့ရယ်သံကို ကြားတော်မူပါသလားဘုရား။

ဆရာတော် ~ မျက်နှာချင်းဆိုင် အနီးကပ်ဖြစ်နေတော့ ကြားတော်မူတယ်ဦးဇင်း။ မထေရ်မြတ်က အသံလာရာကို ကြည့်ရှုတော်မူတာမှာ ဖီးလိမ်းပြင်ဆင်ထားတဲ့ အမျိုးသမီးငယ်အသွင်မထင်ဘဲ သွားတွေကိုသာ မြင်တော်မူတယ်။

MA ဦးဇင်း ~ မထေရ်မြတ်ကြီးရဲ့ ကမ္မဋ္ဌာန်းအစွမ်းကို ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒါနဲ့မထေရ်မြတ်ကြီးက အမျိုးသမီးရဲ့သွားကို မြင်တော်မူတာနဲ့ တစ်ပြိုင်နက် ရှေးကရခဲ့ဖူးတဲ့ အရိုးစုသညာကို အမှတ်ရတော်မူတယ် ဦးဇင်း။ အသုဘဘာဝနာ အရိုးစု ပဋိဘာဂနိမိတ် ထင်ပြီးနောက် ဥပစာရဈာန်ကနေ ပထမဈာန်ထိ ဆိုက်ရောက်တော်မူပါတယ်။ အဲဒီဈာန် အဆင့်ဆင့်ကို အခြေခံပြီး ဝိပဿနာရှုပွားတော်မူတာ ဝိပဿနာဉာဏ် ရင့်ကျက်ပြီး အဲဒီနေရာမှာပဲ ရဟန္တာ ဖြစ်တော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ~ သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဆရာတော် ~ အဲဒီအချိန်မှာပဲ အမျိုးသမီးရဲ့ ခင်ပွန်းယောကျ်ားက သူ့ဇနီးသွားရာ လမ်းအတိုင်း နောက်က လိုက်လာတာ မဟာတိဿမထေရ်မြတ်ကြီးကို လမ်းမပေါ်မှာ ဖူးတွေ့ရတယ်။ ဒါနဲ့သူက 'အရှင်ဘုရား ဒီလမ်းမပေါ်မှာ မိန်းမတစ်ယောက်ကို မြင်မိပါသလားဘုရား'လို့ လက်အုပ်ချီပြီး လျှောက်ထားတယ်။ မဟာတိဿမထေရ်က 'ယောကျ်ားလား၊ မိန်းမလားတော့မသိဘူး၊ အရိုးစုတစ်ခုက လမ်းမပေါ်မှာ သွားတာမြင်လိုက်တယ်'လို့ မိန့်ကြားတော်မူလိုက်တယ် ဦးဇင်း။

MA ဦးဇင်း ~ 'အံ့သြစရာပါပဲဘုရား။ သာဓု၊ သာဓု၊ သာဓုပါဘုရား။

**ဆုတောင်း**

**"လူသားအများ ကုသိုလ်တရားကိုသာ စူးစူးစိုက်စိုက် အာရုံပြုနိုင်ကြပြီး ချာန် မင် ဗိုလ်တရားကို မျက်မှောက်ပြုနိုင်ကြပါစေသား"**

❀ ❀ ❀ ❀ ❀

---

**ကျမ်းညွှန်း**

၁။ ဣန္ဒြိယသံဝရသီလ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၂၀)

၂။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန်။ (ပထမတွဲ၊ နှာ-၇၁ )

၃။ တောင်ငူမြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်း။ (နှာ-၁၄၅)

## ၁၉။ မဂ္ဂပစ္စယော

## Magga Paccayo *(Path condition)*

### လမ်းဟူသော ထွက်မြောက်တတ်သည့်သဘောဖြင့် ကျေးဇူးပြုသောပစ္စည်း



### မဂ္ဂပစ္စည်း၏ကျေးဇူးပြုပုံ

ပကတိလမ်းများသည် လိုရာဌာနသို့ ရောက်ရှိအောင် ပို့ဆောင် သကဲ့သို့လည်းကောင်း၊ လှေ၊ သင်္ဘော၊ ရထား စသော ယာဉ်များသည်လည်း လိုရာဌာနသို့ ရောက်ရှိအောင် ပို့ဆောင်သကဲ့သို့ လည်းကောင်း သမ္မာမဂ္ဂင်၊ မိစ္ဆာမဂ္ဂင်တရားတို့သည်လည်း ယှဉ်ဖော်ယှဉ်ဖက် ဆိုင်ရာရုပ်၊ နာမ် တရားတို့အား ဒုဂ္ဂတိ၊ သုဂ္ဂတိမှ ထုတ်ဆောင်တတ်သော သဘောဖြင့် ဖြစ်ပေါ်တည်ရှိလာအောင် ကျေးဇူးပြုကြပါသည်။

### Right Information data မှသည် Right Understanding

Dr. အောင်သူသည် ပဋ္ဌာန်းတရားတော်ဆိုင်ရာ စာလည်းဖတ်၊ တရားလည်းနာ၊ တရားလည်း အားထုတ်လာပါသည်။ အားလပ်သည့်နေ့များတွင် ကျောင်းသို့ လာရောက်ပြီး မမာမကျန်းဖြစ်သည့် ရှင်ရဟန်းများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရင်း ရံခါ တရားလျှောက်ထားလေ့ ရှိပါသည်။

## မဂ္ဂ Magga နှင့် မာရ်ဂ Marga

Dr. အောင်သူ ~ မဂ်နဲ့ မဂ္ဂက အဓိပ္ပာယ် အတူတူပါလားဘုရား။

ဆရာတော် ~ တူပါတယ်။ ပါဠိက 'မဂ္ဂ' Magga သက္ကတ္ထက 'မာရ်ဂ' Marga မြန်မာက 'မဂ်' လို့ခေါ်ပါတယ်။ ဒါတွေအားလုံး အဓိပ္ပာယ် အတူတူပါ။

Dr. အောင်သူ ~ မဂ္ဂရဲ့ အဓိပ္ပာယ်ကို အင်္ဂလိပ်လိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ Path, Road လို့ ရိုးရိုးလေး ဘာသာပြန်နိုင်ပါတယ်။

Dr. အောင်သူ ~ တရားကျင့်တာနဲ့ မဂ္ဂရဲ့ အဓိပ္ပာယ် ဆက်စပ်ပုံကိုလည်း သိပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ သမထကျင့်စဉ်ကျင့်လို့ ဈာန်ရလာတယ်ဆိုရင် အဲဒီဈာန်တရားဟာ ဗြဟ္မာ့ပြည်သွားဖို့ လမ်းကြောင်းပါ။ Path, Road ပါ ဒကာကြီး။ ဒါကိုလည်း မဂ္ဂလို့ပဲ ခေါ်နိုင်ပါတယ်။ ဒါန၊ သီလ၊ ဘာဝနာ ဒီကောင်းမှုတွေဟာ နတ်ပြည်စတဲ့ သုဂတိဌာနရောက်ကြောင်း လမ်းကြောင်းပမာဖြစ်နေလို့ ဒီကုသိုလ်ကောင်းမှုတွေကိုလည်း မဂ္ဂလို့ပဲ ခေါ်နိုင်ပါတယ်။

Dr. အောင်သူ ~ အဓိပ္ပာယ်က ကျယ်ဝန်းလွန်းပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ တစ်စုံတစ်ခုသောအရပ်ကို ဦးတည်ပြီးသွားနေတဲ့ လမ်းကြောင်းမှန်သမျှဟာ ဒီနေရာမှာ မဂ္ဂပါဒကာကြီး၊ လမ်းကြောင်းပမာ ကျေးဇူးပြုတတ်တဲ့ သဘာဝတရားလို့ ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။

Dr. အောင်သူ ~ တင်ပါ။ မှတ်သားထားပါ့မယ်ဘုရား။ နောက်ထပ် သိသင့်တာများ ရှိသေးရင်လည်း သိချင်ပါသေးတယ်ဘုရား။

## မသေရာလမ်း Deathless path

ဆရာတော် ~ မြတ်စွာဘုရားက ဓမ္မစကြာတရားတော်မှာ မဂ္ဂင်ရှစ်ပါးကို 'ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ' လို့ ဟောတော်မူပါတယ်။ ဒုက္ခနိရောဓဆိုတာ ဒုက္ခအားလုံး ကုန်ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ကို၊ ဂါမိနိဆိုတာ ရောက်စေနိုင်တဲ့၊ ပဋိပဒါဆိုတာက အကျင့်တရားတဲ့။ အဲဒါလည်းပဲ မဂ္ဂပါပဲ။ ဒါကြောင့် နိဗ္ဗာန်ထိတိုင် ပို့ဆောင်ပေးနိုင်တဲ့ မဂ္ဂလို့ ဆိုရပါမယ်။

Dr. အောင်သူ ~ မှန်လှပါဘုရား။ မှတ်သားထားပါ့မယ်။

ဆရာတော် ~ ကျန်သေးတယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ လို့ဆိုတဲ့ ဒီရှစ်ခုကို ပေါင်းထားတဲ့ အရိယမဂ္ဂက ကိလေသာတွေကို ဖျက်ဆီးပြီး နိဗ္ဗာန်ကို သွားပါတယ်။ ဒါလည်းပဲ မဂ္ဂတဲ့ ဒကာကြီး။

Dr. အောင်သူ ~ မဇ္ဈိမပဋိပဒါဆိုတာကလည်း မဂ္ဂင်ရှစ်ပါးပါပဲလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့ ဒကာကြီး၊ မဂ္ဂင်ရှစ်ပါးရဲ့ စာပေဆန်ဆန်လှပတဲ့ အမည်တွေ ရှိပါသေးတယ်။ အစွန်းတစ်ဖက်စီရောက်တဲ့ ကိုယ်ကိုညှဉ်းပန်း နှိပ်စက်တဲ့ အကျင့်နဲ့ ကာမဂုဏ်ခံစားတဲ့အကျင့်တို့ရဲ့ အကြားမှာရှိလို့ မဇ္ဈိမပဋိပဒါ အလယ်လမ်း Middle way လို့ ခေါ်နိုင်သလို မြင့်မြတ်တဲ့ အကျင့်ဖြစ်လို့မို့ ဖြဟ္မစရိယအကျင့် Noble practice လို့လည်း ခေါ်ပါသေးတယ်ဗျာ။

Dr. အောင်သူ ~ အခေါ်အဝေါ်က လှပပြီး အဆင့်အတန်း မြင့်ပါတယ်၊ နောက်ထပ် ရှိသေးရင်လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ရှိပါသေးတယ်။ ရှိသေးတယ်။ မသေရာလမ်းမို့လို့ အမတဂါမိမဂ္ဂ Deathless path လို့ခေါ်ပြီး၊ မဖောက်မပြန် အမြဲမှန်ကန်တဲ့အတွက် သမ္မတ္တ Ever truth လို့လည်း စာပေမှာ သုံးနှုန်းတာတွေ့ဖူးတယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ပကတိလမ်းကလည်း လိုရာဌာနကို ရောက်ရအောင် ပို့ဆောင်နိုင်သလို သမ္မာမဂ္ဂင် Right way, Right path ကလည်း ကောင်းမွန်ပြီး သုဂတိဌာနဖြစ်တဲ့ လူ့ရွာ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ထိတိုင် ပို့ဆောင်ပေးနိုင်ပါတယ်။

## Right way, Wrong way

Dr. အောင်သူ ~ Right way ရှိရင် Wrong way လည်း ရှိဦးမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ရှိတယ်လေ။ မိစ္ဆာမဂ္ဂင်က Wrong way , Wrong path ပါ၊ သူကလည်း သူ့လမ်းနဲ့ သူတော့ ပို့ဆောင်ပေးတာပါပဲ။

Dr. အောင်သူ ~ Wrong way က မကောင်းတဲ့ဌာနကို ပို့ဆောင်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ငရဲ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်ပြည်အထိ ပို့ဆောင်နိုင်တာပါ။

Dr. အောင်သူ ~ မဂ္ဂင်ရှစ်ပါးမှာ အခုလိုကောင်းတဲ့လမ်းနဲ့ မကောင်းတဲ့လမ်း နှစ်မျိုးရှိတာပါလားဘုရား။

ဆရာတော် ~ အဲသလို မဟုတ်ဘူး ဒကာကြီး။ ကောင်းတဲ့မဂ္ဂင်ရှစ်ပါးက Right way ပါ၊ မကောင်းတဲ့ မဂ္ဂင်လေးပါးက Wrong way ပါ။ တစ်ခြားစီပါ။ တစ်ဘာသာစီပါ။

Dr. အောင်သူ ~ ဒါဆိုရင် မဂ္ဂင်လမ်းက ဆယ့်နှစ်ပါးတောင် ရှိနေတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ကောင်းတဲ့လမ်းက ရှစ်ပါး၊ မကောင်းတဲ့လမ်းက လေးပါးပါ။

Dr. အောင်သူ ~ ဘုရားတပည့်တော် အဲဒီဆယ့်နှစ်ပါးစလုံးကို သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ပါဠိလိုလည်း ပြောပေးမယ်။ မြန်မာလိုလည်း ပြောပြမယ်။

Dr. အောင်သူ ~ တပည့်တော် အင်္ဂလိပ်လိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ။ ဆယ့်နှစ်ပါးစလုံးကို ပြောပြရင် မှတ်မိဖို့ ခက်မှာစိုးလို့ အပိုင်းခွဲခွဲပြီး ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

## သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်

ဆရာတော် ~ ပထမဦးဆုံး ပညာမဂ္ဂင်ကို စပြောပြမယ်၊ ပညာမဂ္ဂင်က နှစ်ပါးရှိတယ်။ ၁။ သမ္မာဒိဋ္ဌိ ( Right View, Right Understood) ကောင်းစွာ သိမြင်ခြင်းလို့ ဘာသာပြန်နိုင်ပါတယ်။ နောက်တစ်ခုက ၂။ သမ္မာသင်္ကပ္ပ (Right thought) ကောင်းစွာ ကြံစည်ခြင်းလို့ ဘာသာပြန်နိုင်ပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ တပည့်တော် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ နှစ်ပါးကို မှတ်မိပါပြီဘုရား၊ နောက်ထပ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ သီလမဂ္ဂင် ၃ ပါးကို ပြောပြမယ်ဦးမယ်။ ၁။ သမ္မာဝါစာ (Right speech) ကောင်းစွာ ပြောဆိုခြင်း၊ ၂။ သမ္မာကမ္မန္တ (Right action) ကောင်းစွာ ပြုလုပ်ခြင်း ၃။ သမ္မာအာဇီဝ ( Right livelihood) ကောင်းစွာ အသက်မွေးခြင်းတို့ပါပဲ။

Dr. အောင်သူ ~ တပည့်တော်က ဓမ္မစကြာတစ်ဝက်လောက်ကို အလွတ်ရပါတယ်။ ဒါကြောင့် မဂ္ဂင်ရှစ်ပါးက အရင်ကတည်းက ရတယ်ဘုရား။ အဓိပ္ပာယ်ကိုတော့ အခုမှ သိရတာပါ။ အခု ၅ ပါးကို မှတ်မိပါပြီ ဆက်သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ပါဠိလို အလွတ်ရထားရင် အဓိပ္ပာယ်သိဖို့ မခက်ခဲတော့ဘူးပေါ့။ အခု သမာဓိမဂ္ဂင် ၃ ပါးကို ဆက်ပြောပြမယ်နော်။ ၁။ သမ္မာဝါယာမ (Right effort) ကောင်းစွာ အားထုတ်ခြင်း ၂။သမ္မာသတိ ( Right mindfulness) ကောင်းစွာ အောက်မေ့ခြင်း ၃။ သမ္မာသမာဓိ (Right concentration) ကောင်းစွာ တည်ကြည်ခြင်းတို့ပါ ဒကာကြီး။

Dr. အောင်သူ ~ မဂ္ဂင်ရှစ်ပါး ပြည့်သွားပြီ၊ မိစ္ဆာမဂ္ဂင်ဆိုတာ ပါမလာသေးပါဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ သူက မဂ္ဂင်ရှစ်ပါးက အလွတ်လေးပါးဖြစ်ပါတယ် ဒကာကြီး။ မိစ္ဆာမဂ္ဂင် လမ်းအမှား Wrong way လေးပါးထဲမှာ ပညာမဂ္ဂင်နှစ်ပါး ပါတယ်နော်။ ၁။ မိစ္ဆာဒိဋ္ဌိ (Wrong View, Wrong Understood) မှားယွင်းစွာ သိမြင်ခြင်း ၂။ မိစ္ဆာသင်္ကပ္ပ (wrong thought) မှားယွင်းစွာ ကြံစည်ခြင်းတွေပါပဲ၊ အကုသိုလ်မို့လို့ မိစ္ဆာမဂ္ဂင် Wrong way လို့ ခေါ်တာပါ၊ နောက်ထပ် နှစ်ပါးပြောပြဖို့ ကျန်နေပါသေးတယ်။

Dr. အောင်သူ ~ အခု ဆယ်ပါးရှိနေပါပြီ။ တပည့်တော် ကျန်တဲ့နှစ်ပါးကိုလည်း သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ကျန်တဲ့နှစ်ပါးက သမာဓိမဂ္ဂင်ထဲက ၃။ မိစ္ဆာဝါယာမ (wrong effort) မှားယွင်းစွာ အားထုတ်ခြင်းနဲ့ ၄။ မိစ္ဆာသမာဓိ (wrong concentration) မှားယွင်းစွာ တည်ကြည်ခြင်းတို့ပါ။

Dr. အောင်သူ ~ ကောင်းတဲ့မဂ္ဂင် ၈ ပါးက နိဗ္ဗာန်သွားတဲ့လမ်း၊ မကောင်းတဲ့ မဂ္ဂင် ၄ ပါးက အပါယ်သွားတဲ့လမ်းလို့ပြောရင် ရပါသလားဘုရား။

ဆရာတော် ~ ရပါတယ် ဒကာကြီး၊ ရပါတယ်။ ရပါတယ်။

## သံသရာခရီးလျှောက်လှမ်းကြ

Dr. အောင်သူ ~ ဒါဆိုရင် အခုလို Right way, Wrong way ဆိုတာကို မသိတဲ့လူတွေက သူတို့ရဲ့ ဘဝမှာ ဘယ်လမ်း လျှောက်ကြမလဲဘုရား။

ဆရာတော် ~ လောကမှာ လမ်းက နှစ်လမ်းတည်းပဲရှိတယ်။ တတိယလမ်း မရှိပါဘူး။ လောက လူသားအများစုက Right way, Wrong way ကို မသိကြရှာဘူး။

Dr. အောင်သူ ~ မသိသူကတော့ Wrong way ပဲ လျှောက်မိတော့မှာ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ အခုလိုသိတဲ့လူက တကယ့်ကို အနည်းစုပဲရှိတယ်။ အနည်းစုထဲကမှ Right way ကို လိုက်နာကျင့်သုံး လျှောက်လှမ်းနေသူက အလွန်ကိုပဲ နည်းပါးလှပါတယ်။

Dr. အောင်သူ ~ မှန်ပါ၊ လေးနက်လွန်းပါတယ်ဘုရား။

ဆရာတော် ~ လူတွေရဲ့ အတွင်းသန္တာန်မှာ မှားယွင်းတဲ့ အတွေး၊ မှားယွင်းတဲ့ အသိအမြင်တွေ ပြည့်နှက်နေတယ်၊ ဒါကြောင့် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမနဲ့ မိစ္ဆာသမာဓိ တို့ရဲ့ လွှမ်းမိုးခြယ်လှယ် အားပေးမှုအရ အမှားတွေကို အားကြိုးမာန်တက် လုပ်နေ၊ ပြောနေ၊ လုံ့လ စိုက်ထုတ်နေကြတော့တယ်။ သူတို့ဘဝ Wrong way ကို လျှောက်လှမ်းနေကြတယ်။ ဒါကြောင့် လောကကြီးမှာ ဒုစရိုက်မှုတွေ ပြည့်နှက်နေတာပါ။ လူ့လောကကြီး မငြိမ်းချမ်းပါဘူး။ လူတွေ စိတ်သောကတွေ များနေပါတယ်။ အပါယ်လေးဘုံလည်း စည်ကားနေပါတယ်။

Dr. အောင်သူ ~ မှန်လှပါဘုရား။

ဆရာတော် ~ အတွင်းသန္တာန်မှာ မှန်ကန်တဲ့အတွေး၊ မှန်ကန်တဲ့အသိအမြင်ရှိတဲ့ လူနည်းစု ကတော့ သမ္မာမဂ္ဂင်ဖြစ်တဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိနဲ့ သမ္မာသမာဓိတို့ရဲ့ လွှမ်းမိုးခြယ်လှယ် အားပေးမှုအရ အမှန်လမ်းကို စိတ်အား ထက်ထက်သန်သန်ကြီးကို လုပ်နေ၊ ပြောနေ၊ လုံ့လ စိုက်ထုတ်နေကြတယ်။ သူတို့ကတော့ ဘဝကို Right way, Right path ကို လျှောက်လှမ်းနေကြပါတယ်။ ဒါကိုပဲ လောကသံသရာခရီး လျှောက်လှမ်းနေကြတာလို့ ပြောနိုင်ပါတယ်။

## သမ္မာဒိဋ္ဌိ Right Understood

Dr. အောင်သူ ~ တပည့်တော် တရားစာတွေ ဖတ်တဲ့အခါမှာ ဈာနသမ္မာဒိဋ္ဌိလည်း တွေ့ပါတယ် ဘုရား။ မဂ္ဂသမ္မာဒိဋ္ဌိဆိုတာလည်း တွေ့ပါသေးတယ်ဘုရား။ သမ္မာဒိဋ္ဌိက အများ ကြီး ရှိတာပါလားဘုရား။

ဆရာတော် ~ သမ္မာဒိဋ္ဌိရဲ့ အဓိပ္ပာယ်က Right View လို့လည်း ပြောနိုင်တယ်။ Right Understood လို့လည်း ပြောလို့ရတယ်။ ကံနဲ့ ကံရဲ့အကျိုးပေးကို ယုံကြည်တဲ့ သမ္မာဒိဋ္ဌိကို

တော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်။ နောက်ထပ် ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိတွေလည်း ရှိပါသေးတယ်။

Dr. အောင်သူ ~ Buddhist Literature ဗုဒ္ဓဘာသာစာပေတွေမှာ ကံနဲ့ ကံရဲ့အကျိုးပေးကို လက်ခံယုံကြည်ဖို့လိုကြောင်း တပည့်တော် သဘောပေါက်ပါတယ်ဘုရား။ အခုလောက်ယုံကြည်ရင် သမ္မာဒိဋ္ဌိဖြစ်ပြီလားလို့လည်း တပည့်တော် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဖြစ်ပြီလို့ ပြောမရသေးပါဘူး ဒကာကြီး။ ဘာကြောင့်လဲဆိုရင် ကံနဲ့ ကံရဲ့အကျိုးပေးကို ယုံကြည်တဲ့နေရာမှာ တချို့က ကံလို့ပြောလိုက်ရင် အတိတ်က ပြုခဲ့ဖူးတဲ့ ကံကိုပဲ ယုံကြည် လက်ခံကြလို့ပါ။

## အတိတ်ကံ ပစ္စုပ္ပန်ကံ

Dr. အောင်သူ ~ တပည့်တော်တို့ ဒီဘဝမှာ ထူထောင်နေတဲ့ ပစ္စုပ္ပန်ကံကိုလည်း စဉ်းစားရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ အတိတ်ကုသိုလ်ကံကြောင့် အခုဘဝ ပြည့်စုံနေတာဆိုပြီး အတိတ်ကံအကြောင်း တစ်ခုတည်းကိုယူထားရင် အတိတ်အစွန်းပေါ်မှာ တစ်ဖက်စောင်းနင်းဖြစ်တဲ့ အယူအမြင်လို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင် သမ္မာဒိဋ္ဌိ ဖြစ်နိုင်ပါသလားဘုရား။

ဆရာတော် ~ သမ္မာဒိဋ္ဌိ မဖြစ်ပါဘူး၊ အတိတ်ကံကို တစ်ဖက်သတ်ယူထားတဲ့ အယူအမြင်ဖြစ်တဲ့အတွက် ပုဗ္ဗေကတဟေတု မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပါတယ်။

Dr. အောင်သူ ~ ဒါဆိုရင် Wrong Understood ဖြစ်သွားပြီဆိုတော့ သမ္မာဒိဋ္ဌိနဲ့ ဝေးကွာသွားပြီလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်၊ ဒါကြောင့် ကံနဲ့ ကံရဲ့အကျိုးပေးကို ယုံကြည်တယ်ဆိုရုံနဲ့ သမ္မာဒိဋ္ဌိဖြစ်ပြီလို့ ပြောမရသေးပါဘူး ဒကာကြီး။

Dr. အောင်သူ ~ ပစ္စုပ္ပန်ဉာဏ်နဲ့ ဝီရိယကိုလည်း ထည့်သွင်း စဉ်းစားရမယ်ဆိုရင်တော့ မှန်ကန်ပါသလားဘုရား။

ဆရာတော် ~ ဒါဆိုရင် ပြည့်စုံတော့မှာပါ ဒကာကြီး။ ဆက်ပြောပြဦးမယ်နော်၊ နောက်ထပ် ကံနဲ့ကံရဲ့အကျိုးပေးပေါ်မှာ အစွန်းတစ်ဖက်ရောက်တဲ့ အယူအဆတစ်မျိုး ရှိပါသေးတယ်။

Dr. အောင်သူ ~ ဘယ်လိုအစွန်းရောက်တဲ့ အယူအဆမျိုးပါလဲဘုရား။

ဆရာတော် ~ သူက ကံ၊ ကံရဲ့အကျိုးကိုတော့ယုံတယ်၊ သို့သော် အတိတ်ကံကို လုံးဝပစ်ပယ်ပြီးတော့ ဒီဘဝရဲ့ ဉာဏ်နဲ့ ဝီရိယကိုပဲ ပဓာနထားပြီး လက်ခံထားတယ်။

Dr. အောင်သူ ~ အတိတ်ကံကိုပယ်ပြီး ပစ္စုပ္ပန်ကံကိုသာယူတဲ့ အယူအမြင်မျိုးပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ ဒီအယူအမြင်ကလည်း Wrong Understood ဖြစ်သွားပြန်တယ်။ သူ့ကိုတော့ အဟေတုက မိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်။

Dr. အောင်သူ ~ ဘုရားရှင်ရဲ့ တရားတော်များက နက်နဲလိုက်တာဘုရား။

ဆရာတော် ~ ဟုတ်တယ် ဒကာကြီး။ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ သိတော်မူပြီး ဟောကြားတော်မူထားတာလေ။

Dr. အောင်သူ ~ ဘုရားတပည့်တော် သဗ္ဗညုတဉာဏ်တော်ကို တိုး၍တိုး၍ ကြည်ညိုတတ်လာပါတယ်ဘုရား။

ဆရာတော် ~ သာဓုပါဗျာ၊ ဒကာကြီးမေးလျှောက်ထားတဲ့ သမ္မာဒိဋ္ဌိရဲ့ ဂုဏ်အင်တွေက ကျန်သေးတယ်နော်။

Dr. အောင်သူ ~ သိရတာ မဝသေးပါဘုရား။ သိစရာရှိသေးရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ သာသနာပ တိတ္ထိဆရာကြီးတွေကလည်း မကောင်းကံပြုရင် မကောင်းကျိုးရတယ်၊ ကောင်းကံပြုရင် ကောင်းကျိုးရတယ်လို့ လက်ခံယုံကြည်ကြတယ်။

Dr. အောင်သူ ~ ဒါဆိုရင် သူတို့ သမ္မာဒိဋ္ဌိ ဖြစ်ပြီလားဘုရား။

## ဘုရားအလိုတော်ကျ သမ္မာဒိဋ္ဌိဖြစ်ဖို့လို

ဆရာတော် ~ သူတို့ရဲ့ လက်ခံပုံက ထာဝရဘုရား၊ အနန္တဖန်ဆင်းရှင်ကြီးကို နောက်ခံထားပြီး ယုံကြည်တာဖြစ်တဲ့အတွက် မြတ်စွာဘုရားရှင် အလိုတော်ကျ သမ္မာဒိဋ္ဌိအယူမျိုး မဟုတ်ပါဘူး။

Dr. အောင်သူ ~ သူက ဘယ်လို မိစ္ဆာဒိဋ္ဌိပါလဲဘုရား။

ဆရာတော် ~ ပါဠိလို ဣဿရ နိမ္မာန မိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်။ Wrong view ပါပဲ ဒကာကြီး။

Dr. အောင်သူ ~ ဆင်တူယိုးမှား ဝါဒကလည်း အမျိုးမျိုး ရှိသေးတာပဲဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သူလိုကိုယ်လိုလူတွေက အတူတူပါပဲကွာလို့ ထင်နေကြတာ ရှိတယ်၊ နောက်ထပ် ခပ်ဆင်ဆင်နဲ့ လွဲနေတာတစ်ခု ပြောပြဦးမယ်နော်။

Dr. အောင်သူ ~ အခုလိုကြားသိမှတ်သားရတာ စိတ်ဓာတ်ခွန်အား တိုးရပါတယ်ဘုရား။

ဆရာတော် ~ တချို့သော ပုဂ္ဂိုလ်တွေက သမထကမ္မဋ္ဌာန်းကို အားထုတ်ပြီး အဘိညာဉ်တွေ ရကြတယ်။ တစ်သက်လုံး ကောင်းတာလုပ်တဲ့သူတွေ သေပြီးတဲ့နောက် နတ်သား၊ နတ်သမီး ဖြစ်နေကြတာကို သူတို့တန်ခိုးနဲ့ မြင်တယ်၊ ဒါကြောင့် သူတို့က ကံနဲ့ ကံရဲ့အကျိုး ဆိုတာရှိတယ်၊ ကောင်းတာတွေ လုပ်ခဲ့တဲ့သူ၊ သေသွားတဲ့အခါမှာ နတ်ပြည်ရောက်တာကို ငါကိုယ်တိုင် ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်ရတယ်လို့ ပြောပြကြပါတယ်။

## တစ်ခြမ်းပဲ့အမှန်

Dr. အောင်သူ ~ သူ့အမြင်က မှန်ကန်နေတာပဲဘုရား။ ဒါက Wrong view မဟုတ်လောက်ဘူး ထင်ပါတယ်။

ဆရာတော် ~ သူ့အမြင် မှန်တယ်။ သို့သော် တစ်ခြမ်းပဲ့အမှန်ဖြစ်နေလို့ ဘုရားရှင်က ကောင်းမှု ကုသိုလ်တွေ တစ်သက်လုံးလုပ်လို့ နတ်ပြည်ရောက်တယ်ဆိုတာကို မိန့်တော်မူပါတယ်။ သို့သော် သေခါနီးပြုတဲ့ အာသန္နကံကို ထည့်သွင်းသုံးသပ်ဖို့ လိုပါသေးတယ် ဒကာကြီး။

Dr. အောင်သူ ~ ဘုရားတပည့်တော် ဗုဒ္ဓတရားတော်ကို ထဲထဲဝင်ဝင် လေ့လာလေလေ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရဲ့ ကျယ်ဝန်းပုံကို တိုး၍တိုး၍ ရိပ်စားမိလာလေ ဖြစ်လာပါတယ်ဘုရား။

ဆရာတော် ~ မှန်ကန်ပြည့်စုံတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်က ဗုဒ္ဓဘာသာရဲ့ ဝင်ပေါက်တံခါးမကြီးပါ။

## သမ္မာဒိဋ္ဌိ နှင့် ဝိပဿနာတရား

Dr. အောင်သူ ~ တပည့်တော်တို့သိသင့်တဲ့ သမ္မာဒိဋ္ဌိက ဘယ်နှစ်မျိုးလောက် ရှိပါသလဲဘုရား။

ဆရာတော် ~ သမ္မာဒိဋ္ဌိ အများကြီးရှိပါတယ်။ ဗုဒ္ဓဘာသာဝင်များအနေနဲ့ မသိမဖြစ်သိရမှာက ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပါတယ်။ အဓိပ္ပာယ်က ကံနဲ့ ကံရဲ့အကျိုးပေးကို သေသေချာချာ သိမြင်နိုင်တဲ့ဉာဏ် ဖြစ်ပါတယ်။

Dr. အောင်သူ ~ နောက်ထပ် သမ္မာဒိဋ္ဌိတွေ ရှိပါသေးသလားဘုရား။

ဆရာတော် ~ ရှိပါသေးတယ်။ သင်္ခါရတရားတို့၏ မမြဲတဲ့သဘော၊ မခိုင်ခံ့တဲ့သဘော၊ အစိုးမရတဲ့ သဘောကို သိမြင်တဲ့ဉာဏ်၊ ပါဠိလို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်လို့ ခေါ်ပါတယ်။ နောက်ထပ်ရှိသေးတယ် သစ္စာလေးပါးအားလျော်စွာ သိမြင်တဲ့ဉာဏ်။ ပါဠိလို သစ္စာနုလောမိက သမ္မာဒိဋ္ဌိ လို့ခေါ်တယ်။ နောက်ထပ် ဈာနသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိတို့ရှိသေးတယ် ဒကာကြီး။

Dr. အောင်သူ ~ ကံနဲ့ ကံရဲ့အကျိုးပေးကို တပည့်တော်ပိုပြီး စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ ပြောပြမယ်နော်။ အကြောင်းတစ်ခုကိုလုပ်ရင် အဲဒီအကြောင်းနဲ့ လျော်တဲ့ အကျိုးသက်ရောက်မှု ရှိပါတယ်။

Dr. အောင်သူ ~ မကောင်းမှုပြုရင် မကောင်းတဲ့အကျိုး သက်ရောက်မယ်။ ကောင်းမှုပြုရင် ကောင်းတဲ့အကျိုး သက်ရောက်မယ်လို့ ဆိုလိုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အသိဉာဏ်ရှိတဲ့ လူသားတွေက အကြောင်းအကျိုး (Cause and effect) ကို လက်ခံကြပါတယ်။

Dr. အောင်သူ ~ မှန်ပါ၊ လက်ခံပါတယ်ဘုရား။

ဆရာတော် ~ ဖြစ်ပေါ်လာတဲ့ အကျိုးတရားတစ်ခုဟာ အကြောင်းရှိလို့သာလျှင် ဖြစ်ပေါ်လာတာပါ။ အကြောင်းမရှိဘဲ၊ အကြောင်းမဲ့ အကျိုးတရား မပေါ်ပေါက်နိုင်ပါဘူး။ Nothing happens without cause လို့ ဆိုနိုင်ပါတယ်။ ဒါက ဘယ်သတ္တဝါကမှ လွန်ဆန်လို့မရနိုင်တဲ့ နိယာမဥပဒေသ Universal law ဖြစ်ပါတယ် ဒကာကြီး။

## ကောကာလိကရဟန်း လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း

Dr. အောင်သူ ~ တပည့်တော်တို့ သာသနာ့သမိုင်းမှာ မိစ္ဆာမဂ္ဂင်လမ်း Wrong way ကို လျှောက်ခဲ့ဖူးတဲ့ သာဓကများ ရှိခဲ့ဖူးပါသလားဘုရား။

ဆရာတော် ~ ရှိပါတယ်၊ ရှိခဲ့ဖူးပါတယ်။

Dr. အောင်သူ ~ ရှိရင် ဘယ်လိုလျှောက်ခဲ့တာလဲဆိုတာ သိပါရစေဘုရား။

ဆရာတော် ~ မြတ်စွာဘုရား သက်ရှိထင်ရှား ရှိစဉ်အခါကာလက ကောကာလိကရဟန်းရဲ့ အဖြစ်အပျက်တစ်ခုကို သတိရလို့ ပြောပြမယ်နော်။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ တစ်ခါက ကောကာလိကရှာကျောင်းဘုန်းကြီး ဘုရားရှင်ထံတော်ပါးသွားပြီး 'အရှင်ဘုရား သာရိပုတ္တရာနဲ့ မောဂ္ဂလာန်တို့က အလိုလောဘ ကြီးလွန်းပါတယ်ဘုရား'လို့ လျှောက်ထားတယ်။ ဘုရားရှင်က 'ကောကာလိက အခုလို မပြောပါနဲ့၊ သူတော်ကောင်းကြီးများဖြစ်တဲ့ သာရိပုတ္တရာနဲ့ မောဂ္ဂလာန်တို့အပေါ် မပြစ်မှားပါနဲ့'လို့ မိန့်တော်မူတယ်။ ကောကာလိက သုံးကြိမ်တိုင်တိုင် ပြန်လျှောက်တယ်၊ မြတ်စွာဘုရားကလည်း သုံးကြိမ်တိုင်တိုင် အခုလိုပဲ မိန့်ကြားတော်မူပါတယ်။

Dr. အောင်သူ ~ ဘုရားရှင်အပေါ် နှုတ်လှန်ထိုးဝံ့တာ အံ့ဩစရာပါပဲဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဒါနဲ့ မကြာခင် ကောကာလိက အနာရောဂါဖြစ်ပြီးတော့ စုတေပြီး ပဒုမငရဲကို ကျရောက်သွားတယ်။

Dr. အောင်သူ ~ သူ့အမှားကို သူမတောင်းပန်လိုက်ဘူးလားဘုရား။

ဆရာတော် ~ သူ့ရဲ့အကျင့်ဆိုး၊ ဉာဉ်ဆိုးကြောင့် သူမတောင်းပန်နိုင်ခဲ့ဘူး ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ။ ကြောက်စရာကောင်းတဲ့ အကျင့်ဆိုးပါလားဘုရား။

ဆရာတော် ~ မကောင်းသဖြင့် ပြောတဲ့စကား 'မိစ္ဆာဝါစာ' (Wrong speech)၊ မကောင်းသဖြင့် တွေးတဲ့အတွေး 'မိစ္ဆာသင်္ကပ္ပ' (Wrong thought)၊ မကောင်းသဖြင့် သိတဲ့အသိအမြင် 'မိစ္ဆာဒိဋ္ဌိ' (Wrong Understood)၊ မကောင်းသဖြင့် လုံ့လစိုက်ထုတ်မှုမိစ္ဆာဝါယာမ' (Wrong effort) စတဲ့ မိစ္ဆာမဂ္ဂင် Wrong way ကို ကောကာလိကရဟန်း မတွန့်မဆုတ် လျှောက်လှမ်းတာကြောင့် သူ့ခန္ဓာကိုယ်အနှံ့ အဖုအပိန့်တွေပေါက်တဲ့ရောဂါဖြစ်ပြီး ရက်များမကြာခင် စုတေပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ ဘုရားကို နှုတ်လှန်ထိုးပြီး မထေရ်မြတ်များကို ပြစ်မှားတဲ့အတွက် အဲဒီ မိစ္ဆာမဂ္ဂင်လမ်း Wrong way က ပဒုမငရဲအထိ ပို့ဆောင်တာလို့ ပြောရင် မှန်ကန်ပါသလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ မှန်ပါတယ်။

Dr. အောင်သူ ~ မှတ်သားထိုက်ပါတယ်ဘုရား။ နောက်ထပ် သာဓကများရှိသေးရင် သိချင်ပါသေးတယ်ဘုရား။

## ဘုရင်ကြီး သုပ္ပဗုဒ္ဓ လျှောက်လှမ်းသည့် မိစ္ဆာမဂ္ဂင်လမ်း

ဆရာတော် ~ ဘုရားရှင်ရဲ့ဦးရီးတော်သုပ္ပဗုဒ္ဓ လျှောက်လှမ်းခဲ့တဲ့ မိစ္ဆာမဂ္ဂင် Wrong way လမ်းလည်း သံဝေဂဖြစ်စရာ ကောင်းပါတယ်။

Dr. အောင်သူ ~ မှန်ပါ။ ဒေဝဒတ်နဲ့ ယသော်ဓရာတို့ရဲ့ ခမည်းတော် ဘုရင်ကြီးပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ မယ်တော်မာယာရဲ့ အစ်ကိုတော်မို့လို့ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ ဦးရီးတော်ပေါ့ ဒကာကြီး။

Dr. အောင်သူ ~ ဘုရားရှင်ရဲ့ ဦးရီးတော် ဘုရင်ကြီးက ဘုရားရှင်အပေါ်ကို ရန်လုပ်တာလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ဘုရားအပေါ် ဘုရင်ကြီးသုပ္ပဗုဒ္ဓက မကျေနပ်တာတွေရှိတယ်။ သူ့သမီးတော် ယသော်ဓရာနဲ့ မြေးတော်ရာဟုလာတို့ကို ပစ်ထားခဲ့တယ်ဆိုပြီး မကျေနပ်တာတစ်ချက်၊ သူ့သားတော် ဒေဝဒတ် ရဟန်းဖြစ်ပြီးနောက် ရန်သူအရာထားတယ်ဆိုပြီး မကျေနပ်တာကတစ်ချက်ကြောင့် ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ထားတယ်။

Dr. အောင်သူ ~ ဘုရင်ကြီးက ဘုရားအပေါ်ကို လက်စားချေတာလားဘုရား။

ဆရာတော် ~ အကြောင်းမဆုံသေးခင်တော့ သူ့စိတ်ထဲရှိနေမှာပါ။ တစ်နေ့ ဘုရားဆွမ်းခံအကြွမှာ ဦးရီးတော်ဘုရင်နဲ့ လမ်းမှာ ပက်ပင်းဆုံပါတယ်။

Dr. အောင်သူ ~ လမ်းမှာဆုံတဲ့အခါ ဘုရင်ကြီးက ဘာများ လုပ်လိုက်ပါသလဲဘုရား။

ဆရာတော် ~ ဘုရင်ကြီးက ဘုရားရှင်ကြွတော်မူရာလမ်းကို မြင်းရထား ကန့်လန့်ရပ်စေပြီး ရှေ့ဆက်သွားမရအောင် လမ်းကိုပိတ်လိုက်တယ်။

Dr. အောင်သူ ~ ဘုရားရှင်က ဦးရီးတော်ဘုရင်ကြီးကို အကြိမ်ကြိမ် မေတ္တာရပ်ခံပါသော်လည်း မဖွင့်ပေးဘူး။ ဒါနဲ့ မြတ်စွာဘုရားက 'ဦးရီးတော်က သူပြုခဲ့တဲ့ ဒီအကုသိုလ်ကံကြောင့် ၇ ရက်လွန်တဲ့အခါ ပြာသာဒ်အောက် လှေကားရင်းမှာ မြေမျိုခံရမယ်'လို့ မိန့်တော်မူပါတယ်။

---

**ကျမ်းညွှန်း**

၁။ ကောကာလိကသုတ္တ၊ သုတ္တနိပါတပါဠိ။ (နှာ-၃၇၉)

Dr. အောင်သူ ~ ဘုရင်ကြီး တကယ်ပဲ မြေမျိုခံရသလားဘုရား။

ဆရာတော် ~ ဘုရင်ကြီး မြေမမျိုရအောင်ဆိုပြီး ၇ ရက်လုံးလုံး ဘုံ ၇ ဆင့်ရှိတဲ့ ပြာသာဒ်ပေါ်မှာ တက်နေခဲ့တယ်။ ဖြစ်ချင်တော့ ၇ ရက်မြောက်တဲ့နေ့ မနက်မှာ မင်္ဂလာစီးတော်မြင်းကြီး မြည်ဟည်းပြီး သောင်းကျန်းလာပါတော့တယ်။ ဒီမြင်းက ရှင်ဘုရင်ရဲ့ တစ်လက်ကိုင်ဖြစ်လို့မို့ ဘုရင်ကြီးလည်း သတိလက်လွတ်ပြီး အောက်ကို ဆင်းလာတာ လှေကားရင်းမှာပဲ မြေမျိုခံရတယ်။

Dr. အောင်သူ ~ ဘုရင်ကြီး မြေမျိုပြီး ဘယ်ဘဝကို ရောက်သွားသလဲဘုရား။

ဆရာတော် ~ သူလျှောက်လှမ်းခဲ့တဲ့ မိစ္ဆာမဂ္ဂင်လမ်းက အဝီစိငရဲထိရောက်အောင် ပို့ဆောင်ပေးလိုက်ပါတယ်ဒကာကြီး။

## နန္ဒလုလင် လျှောက်လှမ်းခဲ့သည့် မိစ္ဆာမဂ္ဂင်လမ်း

ဆရာတော် ~ အခု ဆက်ပြီး နန္ဒလုလင် လျှောက်လှမ်းခဲ့တဲ့ မိစ္ဆာမဂ္ဂင်လမ်းကို ပြောပြပါဦးမယ်နော်။

Dr. အောင်သူ ~ တင်ပါ။ နန္ဒက ဘုရားရှင်အပေါ်ကို ဘယ်လိုပြစ်မှု ကျူးလွန်တာပါလဲဘုရား။

ဆရာတော် ~ သူက ဘုရားရှင်အပေါ် ကျူးလွန်တာ မဟုတ်ဘူး။ ရဟန္တာ ဥပ္ပလဝဏ်ထေရီမကို ကိုယ်ထိလက်ရောက် စော်ကားလိုက်တာပါ။

Dr. အောင်သူ ~ သာသနာတော်မှာ အလွန်ချောမောလှပတဲ့ ထေရီမတစ်ပါးဖြစ်ကြောင်း ဖတ်ဖူးပါတယ်ဘုရား။

ဆရာတော် ~ ဥပ္ပလဝဏ်ထေရီမက တန်ခိုးကြီးတဲ့အရာမှာ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရတဲ့ အရှင်မဖြစ်တယ်။ တစ်နေ့ လူသူကင်းဆိတ်ချိန်မှာ ထေရီမ သီတင်းသုံးတဲ့ ကျောင်းသင်္ခမ်းထဲကို နန္ဒဝင်ပုန်းနေပြီး ထေရီမ ရောက်လာတဲ့အခါ အဓမ္မပြုကျင့်ဖို့ သူကြိုးစားတယ်။ ရဟန္တာထေရီမကို စော်ကားမိတဲ့ အကုသိုလ်ကံအကျိုးကြောင့် နန္ဒလုလင်မြေကြီးပေါ် ခြေချတာနဲ့ မြေကြီးကွဲအက်ပြီးတော့ အရှင်လတ်လတ် မြေမျိုခံရတယ်။

Dr. အောင်သူ ~ မြေမျိုပြီး ဘယ်ဘဝကို ရောက်သွားသလဲဘုရား။

ဆရာတော် ~ နန္ဒရဲ့မကောင်းတဲ့ အသိအမြင် မိစ္ဆာဒိဋ္ဌိ၊ မကောင်းတဲ့အတွေး မိစ္ဆာသင်္ကပ္ပ၊ မကောင်းတဲ့ လုံ့လစိုက်ထုတ်မှု မိစ္ဆာဝါယာမ မဂ္ဂင်တွေကပဲ သူ့ကို အဝီစိငရဲအထိရောက်အောင် ပို့ပေးပါတော့တယ်။

Dr. အောင်သူ ~ မိမိမကျွမ်းကျင်သေးတဲ့ ဘာသာရပ်တစ်ခုကို လေ့လာတဲ့နေရာမှာ သိဖို့ လိုအပ်တဲ့ အချက်လက် Data တွေကို ကြိုကြိုတင်တင် သိထားဖို့ လိုမယ်လို့ တပည့်တော်အလေးအနက် တွေးနေမိပါတယ်ဘုရား။

ဆရာတော် ~ မှန်ပါတယ် ဒကာကြီး။ Information data တွေကို ပထမဦးဆုံး စုဆောင်းရမယ် ဆိုတာ အရေးကြီးပါတယ်။ ဒီထက်အရေးကြီးတာက ကိုယ်ရထားတဲ့ Data တွေ Right Information ဖြစ်ဖို့ လိုပါသေးတယ်။

Dr. အောင်သူ ~ မှန်ပါဘုရား။ တပည့်တော် မနေ့ညက ပဋ္ဌာန်းတရားပူဇော်ရင်း အဲဒါတွေးနေမိတာပါ၊ Wrong Information တွေနဲ့သာဆိုရင် မိမိရည်မှန်းထားတဲ့ လုပ်ငန်းစဉ် တစ်ခုလုံး ကမောက်ကမ ဖြစ်သွားနိုင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ Right Information data တွေရှိတဲ့သူမှသာ Right Thinking အတွေး မှန်ကန်လာမှာပါ ဒကာကြီး။

## ပဋ္ဌာန်းပူဇော်လျှင် ဉာဏ်ပွင့်သည်

Dr. အောင်သူ ~ မှန်ပါဘုရား။ Right Thinking အတွေးမှန်မှပဲ မှန်မှန်ကန်ကန် နားလည်တော့မှာပါဘုရား။

ဆရာတော် ~ မှန်ပါတယ်။ဟုတ်ပါတယ် Right Thinking ရှိတဲ့သူမှသာလျှင် Right Understanding ဆိုတာ လာမှာပါ။

Dr. အောင်သူ ~ မှတ်သားစရာ ကောင်းလှပါတယ်ဘုရား၊ အတွေးမှန်မှ အသိမှန်မယ်ဘုရား၊ အင်္ဂလိပ်လိုဆိုရင် Right View ရှိမှသာလျှင် Right Thinking ရှိတော့မှာပါဘုရား။

ဆရာတော် ~ အပြန်အလှန်ပဲလေ ဒကာကြီး၊ ဗဟုသုတမှန်မှ အတွေးမှန်မယ်၊ အတွေးမှန်မှ အသိအမြင်မှန်မယ်။

Dr. အောင်သူ ~ ဟုတ်လိုက်တာဘုရား။ Right Information data မှန်မှ Right Thinking အတွေး မှန်မယ်။ အတွေးမှန်မှ Right Understanding ရမယ်ဘုရား။

ဆရာတော် ~ ဒကာကြီး သဘောပေါက်ပြီ။ ဟုတ်တယ်ဗျာ။

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ~ ဒါကြောင့် အရေးကြီးဆုံးဖြစ်တဲ့။ အရင်းခံဖြစ်တဲ့ Right Information data ရဖို့ အတွက် ဘုရားဟောတရားတွေကို နာကြားရမယ်။ မရှင်းမလင်းတာတွေ အခုလို ဆွေးနွေး မေးမြန်းရမယ်တဲ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ဘုရား။ ဒီကမ္ဘာပေါ်မှာ Right Information data ကို ဘုရားရှင် ဟောတော်မူတဲ့ တရားကနေ တပည့်တော်များ ရနိုင်ပါသော်လည်း တခြား ဘယ်နေရာကနေမှ မရနိုင်ပါဘုရား။

---

**ကျမ်းညွှန်း**

၁။ ဥပ္ပလဝဏ္ဏာတ္ထေရိဝတ္ထု၊ ဗာလဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၃၁၀)

ဆရာတော် ~ ဘဝရပ်တည်ဖို့ အသက်မွေးဝမ်းကျောင်းပြုဖို့ စသည်အတွက် Information data ရဖို့ရာ မခဲယဉ်းပါဘူးဒကာကြီး။ သို့သော် အတွေးအမြင်မှန်ကန်ဖို့ကနေ နောက်ဆုံး ဘဝသံသရာကနေ လွတ်မြောက်ဖို့အထိဆိုရင်တော့ ဘုရားရှင်ဟောတော်မူခဲ့တဲ့ တရားတော်ထဲကနေပဲ Information dataတွေ ရနိုင်မယ် ဒကာကြီး။ ပြင်ပကနေ လုံးဝလုံးဝ မရနိုင်ပါဘူးဗျာ။

Dr. အောင်သူ ~ အံ့ဩစရာ ကောင်းပါတယ်ဘုရား။ တပည့်တော် ပဋ္ဌာန်းတရားတော် လေ့လာရာကနေ အခုလို တွေးမိလာတယ်လို့ လျှောက်ထားရင် မှန်ကန်ပါသလားဘုရား။

ဆရာတော် ~ မှန်တယ် ဒကာကြီး။ သို့သော် ပဋ္ဌာန်းပူဇော်ရုံဆိုရင်တော့ အခုလို ဉာဏ်ပွင့်တာ မြန်ချင်မှ မြန်မယ်။ အခုတော့ တစ်ဖက်က ပဋ္ဌာန်းပူဇော်ရင်း၊ တစ်ဖက်ကလည်း ပဋ္ဌာန်းပဉ္စာဝါရ သင်တန်းတက်ခွင့်ရလိုက်တာကလည်း ဉာဏ်ပွင့်ဖို့ ကြီးစွာသော အကြောင်းအထောက်အပံ့ ဖြစ်သွားတယ်လေ။

Dr. အောင်သူ ~ မှန်ပါဘုရား။ သင်တန်းကြောင့် တပည့်တော် အခုလို ဉာဏ်ပွင့်တယ်လို့ ခံစားရတယ်၊ ကျေးဇူးတင်ပါတယ်ဘုရား။ ဒါကို ဘုရားဟော ပဋ္ဌာန်းတရားတော်နဲ့ ဆိုရင် ဘယ်ပစ္စည်းနဲ့ ဆိုင်တာပါလဲဘုရား။

ဆရာတော် ~ မဂ္ဂပစ္စည်းပါ ဒကာကြီး။ အသိအမြင်မှန်ကန်တဲ့ Right Understanding က သမ္မာဒိဋ္ဌိ၊ အတွေးမှန်ကန်တဲ့ Right Thinking က သမ္မာသင်္ကပ္ပလေ ဒကာကြီး။

Dr. အောင်သူ ~ ဒါဆိုရင် Right Information data က ဘယ်မဂ္ဂင်ပါလဲဘုရား။

ဆရာတော် ~ ပဋ္ဌာန်းအပါအဝင် ဘုရားရှင်ဟောတော်မူခဲ့တဲ့ တရားတော်တွေအားလုံးက Right Information data တွေပါပဲ။

## သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ

Dr. အောင်သူ ~ ဟုတ်လိုက်တာဘုရား။ သိပ်ဟုတ်တာပဲ။ ဒါဆိုရင် သမ္မာဝါစာတို့ သမ္မာကမ္မန္တတို့ သမ္မာအာဇီဝတို့ကိုလည်း သိပါရစေဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ၊ အသိအမြင်မှန်ပြီ။ Right Understanding အတွေးမှန်ပြီ Right Thinking ဆိုမှတော့ အလုပ်တွေ အပြောတွေလည်း မှန်ပြီပေါ့ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါ၊ ရိပ်မိနေပါပြီဘုရား။ အကျယ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဒကာကြီးအနေနဲ့ Information Data တွေလည်း မှန်ပြီဆိုရင် အတွေးမှန်ပြီပေါ့ နော်။ အတွေးမှန်ရင် အသိမှန်ပြီလေ၊ ဟုတ်ပြီလားဗျာ။

Dr. အောင်သူ ~ အသိမှန်မှတော့ ပြောဆိုတာမှာ Right Speech လုပ်ကိုင်တာမှာ Right Action အသက်မွေးဝမ်းကျောင်းရာမှာ Right Livelihood တွေက တစ်ဆက်တည်း ကွင်းဆက်ကြီးလို မှန်နိုင်ပြီလို့ ယူရမှာပါလားဘုရား။

ဆရာတော် ~ သမ္မာဒိဋ္ဌိ Right Understood ရှိလာတဲ့သူအနေနဲ့ (Wrong Speech) ( Wrong Action) (Wrong Livelihood) တွေနဲ့ နေဝံ့တော့မှာ မဟုတ်ပါဘူး။

Dr. အောင်သူ ~ ဘုရားရှင် ဟောတော်မူတဲ့ တရားတော်ကိုသာ နာကြားခွင့်၊ ကျင့်သုံးလိုက်နာခွင့် မရထားရင် လူ့ဘဝတစ်သက်တာမှာ အလွဲအမှားတွေပဲ လုပ်နေ၊ ပြောနေမိမှာ သေချာပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်ဒကာကြီး။ ဘဝတစ်ခုကို မှားယွင်းနေတဲ့ Wrong Information data ကနေ စလို့ရှိရင်တော့ အကုန်လုံးဟာ အမှားမှား အယွင်းယွင်းချည်းပဲ ဖြစ်သွားပါတော့မယ် ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ မှားယွင်းနေတဲ့ Wrong Information ကို ဘဝလမ်းညွှန် စံပေတံ ထားမိတဲ့သူအဖို့ အတွေးမှား (Wrong thought) နဲ့ပဲ သူတွေးတော့မယ်။ အတွေး မှားယွင်းနေသူရဲ့ အသိအမြင်ကလည်း မိစ္ဆာဒိဋ္ဌိ (Wrong View) ဖြစ်တော့မယ် ဘုရား။

ဆရာတော် ~ ဟုတ်ပြီ ဒကာကြီး။ Wrong thought အတွေးမှာတာက မဂ္ဂင်ရှစ်ပါးထဲက မိစ္ဆာ သင်္ကပ္ပနော်။ Wrong View က အသိအမြင်မှားတာက မဂ္ဂင်ရှစ်ပါးထဲက မိစ္ဆာ ဒိဋ္ဌိနော် ဒကာကြီး။

Dr. အောင်သူ ~ တင်ပါ၊ တပည့်တော် ဒီတရားကို မဂ္ဂင်ရှစ်ပါးနဲ့ ချိတ်ပြီး စဉ်းစားတတ်လာပါပြီ ဘုရား။

## မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ

ဆရာတော် ~ ဒါတွေအားလုံး မဂ္ဂင်ရှစ်ပါးကို ပြောနေတာလေ ဒကာကြီး၊ ဆက်ပြောမယ်နော်။ အမှားအယွင်းတွေးပြီးတော့မှ အမှားအယွင်းချည်းပဲ သဘောပေါက် လက်ခံ ထားတဲ့သူရဲ့အပြော Speech ကလည်း မိစ္ဆာဝါစာ Wrong Speech တွေပဲပြော လိမ့်မယ်၊ လုပ်ဆောင်ချက် Action ကလည်း မိစ္ဆာကမ္မန္တ Wrong action တွေပဲ သူလုပ်တော့မယ်၊ သူ့ရဲ့ အသက်မွေးဝမ်းကျောင်း (Livelihood) ကလည်း မိစ္ဆာအာဇီဝ (Wrong Livelihood) နဲ့ပဲ အသက်မွေးပါလိမ့်မယ်။

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ ဘုရားရှင်သာသနာတော်နဲ့ အခုလို ကြုံတွေ့နေရတဲ့ ဘဝက အရတော်လိုက်တာဘုရား။ အဲသလို မှားမှားယွင်းယွင်းနဲ့ ဘဝကို လျှောက် လှမ်းရမယ်ဆိုရင် မတွေးဝံ့စရာပါဘုရား။ သူလုပ်သမျှအားလုံးဟာ မိစ္ဆာဝါယာမ (Wrong effort)၊ မိစ္ဆာသတိ (Wrong Mindfulness)၊ မိစ္ဆာသမာဓိ (Wrong concentration) ချည်းပဲ ဖြစ်ပါတော့မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ သူရထားတဲ့ မူလ Information data က လွဲနေတဲ့အတွက် သူရဲ့ဘဝမှာ ပြင်မရ အောင် အကုန်လုံး လွဲမှားပါပြီ ဒကာကြီး။

## Right Speech & Wrong Speech

Dr. အောင်သူ ~ တပည့်တော် လျှောက်လှမ်းနေတဲ့ ဘဝလမ်း မှန်နေတာသိရလို့ ကျေးဇူးတင်မဆုံးပါဘုရား။ အခုဆက်လက်ပြီး Right Speech နဲ့ Wrong Speech ကိုလည်း ပြည့်ပြည့်စုံစုံလေး သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ။ မိစ္ဆာဝါစာမှာ ဘာတွေပါသလဲဆိုရင် (၁) လိမ်ပြောတဲ့စကား၊ (၂) ကုန်းချောတဲ့စကား၊ (၃) ကြမ်းတမ်းတဲ့စကားနဲ့ (၄) အကျိုးမရှိ ပိန်ဖျင်းတဲ့စကားတဲ့၊ ပါဠိလိုလည်း ပြောပြမယ်နော် (၁) မုသာဝါဒါ၊ (၂) ပိသုဏဝါစာ၊ (၃) ဖရုသာဝါစာနဲ့ (၄) သမ္ဖပ္ပလာပဝါစာပါပဲ။

Dr. အောင်သူ ~ ဒီလေးချက်ကို ရှောင်ကြဉ်ရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ရှောင်ကြဉ်ရင် သမ္မာဝါစာ Right Speech မရှောင်ကြဉ်ရင် မိစ္ဆာဝါစာ Wrong Speech နော် ဒကာကြီး။

Dr. အောင်သူ ~ ဘုရားတပည့်တော် နားလည်သလို လျှောက်ထားပါ့မယ်ဘုရား။ လိမ်မပြောရင် Right Speech သမ္မာဝါစာဖြစ်ပြီ။ ကုန်းမချောရင် Right Speech သမ္မာဝါစာဖြစ်ပြီ၊ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်းမပြောရင် Right Speech သမ္မာဝါစာဖြစ်ပြီ၊ ပိန်ဖျင်းတဲ့စကားမပြောရင် Right Speech သမ္မာဝါစာဖြစ်ပြီဆိုရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်ပါတယ် ဒကာကြီး။ အခု ဒကာကြီးနဲ့ဘုန်းကြီးတို့ ပြောနေကြတာ Right Speech လား။ Wrong Speech လား။ စဉ်းစားကြည့်ပါလား။

Dr. အောင်သူ ~ Right Speech ပါဘုရား။

ဆရာတော် ~ မှန်ပါတယ်။

## Right action & Wrong action

Dr. အောင်သူ ~ ကျေးဇူးတင်ပါတယ်ဘုရား။ နောက်တစ်ခုက Right action ကိုလည်း အခုလိုပဲ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ Right action သိရင် Wrong action နားလည်ဖို့ မခက်တော့ပါဘူး။ ပါဠိလိုပြောရင် သမ္မာကမ္မန္တကို နားလည်သဘောပေါက်ထားရင် မိစ္ဆာကမ္မန္တကို နားလည်ပါပြီ။

Dr. အောင်သူ ~ မှန်ပါဘုရား။

ဆရာတော် ~ ဒကာကြီး ငါးပါးသီလ ရပြီးသားပဲလေ။ ငါးပါးသီလရဲ့ စဦးဆုံး ရှေ့ကသိက္ခာပုဒ် သုံးခု ကြည့်ရအောင်။

Dr. အောင်သူ ~ (၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ (၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ (၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဆရာတော် ~ ဟုတ်ပြီဗျာ။ ဟုတ်ပါပြီ။ ပါဏာတိပါတ သူ့အသက်သတ်တာ Wrong action ပါ၊ အဒိန္နာဒါနာ သူ့ဥစ္စာကိုမပေးဘဲနဲ့ယူတာ Wrong action ပါ၊ ကာမေသုမိစ္ဆာစာရာ သူ့အိမ်ရာလွန်ကျူးတာ Wrong action နော်။

Dr. အောင်သူ ~ မှန်ပါ ဒါတွေကို ရှောင်ကြဉ်ရင် Right action ဖြစ်သွားပြီလားဘုရား။

ဆရာတော် ~ ဖြစ်ပြီပေါ့ ဒကာကြီး။ အခုဒကာကြီး Right action လား Wrong action လားလို့ မေးရင် ဘယ်လိုဖြေမလဲ။

Dr. အောင်သူ ~ Right action ပါဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ။ ဒီသုံးပါးကို မှတ်မိလွယ်အောင် လင်္ကာလေးပြောပေးမယ်နော် 'သတ်၊ ခိုး၊ ကာမ ဤသုံးဝ'တဲ့ ဒကာကြီး။

Dr. အောင်သူ ~ ကောင်းကောင်း မှတ်မိပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## Right Livelihood & Wrong Livelihood

Dr. အောင်သူ ~ ဘယ်အတိုင်းအတာနဲ့ မိစ္ဆာအာဇီဝလို့ သတ်မှတ်သလဲဆိုတာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ Wrong Livelihood မိစ္ဆာအာဇီဝ ဆိုတာ ဘာလဲလို့သိရင် Right Livelihood သမ္မာအာဇီဝကို သိတော့တာပါ ဒကာကြီး။

Dr. အောင်သူ ~ မှန်ပါဘုရား။ Wrong action ကိုသိရင် Right action သိလာသလိုမျိုးပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အခု မိစ္ဆာအာဇီဝကို ပြောပြမယ်နော်။ စောစောကပြောခဲ့တဲ့ Wrong action မှာပါနေတဲ့ ကာယကံသုံးပါးနဲ့ အသက်မွေးဝမ်းကျောင်း မပြုနဲ့တဲ့။ ပြုရင် မိစ္ဆာအာဇီဝပါဗျာ။

Dr. အောင်သူ ~ တင်ပါ။ 'သတ်၊ ခိုး၊ ကာမ'နဲ့ စီးပွားမရှာရဘူးပေါ့ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ တစ်ခါ Wrong Speech နဲ့ အသက်မွေးဝမ်းကျောင်းမလုပ်နဲ့တဲ့။

Dr. အောင်သူ ~ မှန်ပါ။ လိမ်တဲ့စကား၊ ကုန်းချောတဲ့စကား စတဲ့ စကားမျိုးနဲ့ စီးပွားရေး မရှာရဘူးပေါ့ဘုရား။

ဆရာတော် ~ ဟုတ်တယ်၊ အဲဒီမှာ မိစ္ဆာကမ္မန္တ ၃ ပါးနော်၊ မိစ္ဆာဝါစာက ၄ ပါးနော်။

Dr. အောင်သူ ~ မှန်ပါ။ အားလုံး ၇ ပါးနဲ့ စီးပွားမရှာရင် သမ္မာအာဇီဝ ဖြစ်ပြီလားဘုရား။

ဆရာတော် ~ နောက်ထပ် ၅ ပါး ကျန်သေးတယ်ဒကာကြီး။

Dr. အောင်သူ ~ အားလုံး ၁၂ ပါးသောနည်းဖြင့် စီးပွားမရှာမှ သမ္မာအာဇီဝ ဖြစ်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အဆိပ်ရောင်းပြီး စီးပွားမရှာနဲ့တဲ့။ လက်နက်တွေရောင်းပြီး စီးပွားမရှာနဲ့တဲ့။ အသားတွေရောင်းပြီး စီးပွားမရှာနဲ့တဲ့။ မူးယစ်စေတတ်တဲ့အရာတွေ ရောင်းပြီး စီးပွားမရှာနဲ့တဲ့။ ပြီးတော့ လူကုန်ကူးပြီး စီးပွားမရှာနဲ့တဲ့ ဒကာကြီး၊ အခု ပြောပြခဲ့တဲ့ ၁၂ ပါးနဲ့ စီးပွားရှာတာမှာ ငြိစွန်းနေရင် သမ္မာအာဇီဝ မဖြစ်ဘူး ဒကာကြီး။

Dr. အောင်သူ ~ တပည့်တော်အားလုံးမှတ်သား လိုက်နာပါ့မယ်ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**"ပကတိလမ်းသည် လိုရာမြန်းဖို့ ခွမ်းဆောင်သကဲ့သို့ လူသားတို့သည်လည်း မကောင်းသော အကုသိုလ်မဂ္ဂင်လမ်းကို ရှောင်ရှားကာ ကောင်းမွန်သည့် ကုသိုလ်မဂ္ဂင် လမ်းကောင်းလမ်းမှန်ကို နိဗ္ဗာန်ထိတိုင်အောင် လျှောက်လှမ်းနိုင်ကြပါစေသား"**

## ၁၉။ သမ္ပယုတ္တပစ္စယော

## Sampayutta Paccayo *(Association condition)*

## ယှဉ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း




### သမ္ပယုတ္တပစ္စည်း၏ကျေးဇူးပြုပုံ

ထောပတ်၊ ပျားရည်၊ သကာ၊ နှမ်းဆီတို့ကို သမသွားအောင် မွှေသောအခါ တစ်ခုချင်း၏ အရသာ မထွက်တော့ဘဲ အရသာတစ်မျိုးတည်း ထွက်သကဲ့သို့ နာမ်ခန္ဓာ (၄)ပါး တရားတို့သည် အာရုံကိုယူသောအခါ တစ်ပါးချင်း၏သဘော မထင်ရှားဘဲ တစ်ပါးနှင့်တစ်ပါး အတူတကွ နှီးနှော ယှဉ်တွဲ ဖြစ်-ချုပ်-မှီ အာရုံကိုယူပြီး ကျေးဇူးပြုကြသည် ဟူ၍လည်းကောင်း၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာမှ စီးဆင်းလာသောရေသည် သမုဒ္ဒရာထဲ ရောက်ပေမည်။ သမုဒ္ဒရာရေကို လက်ခုပ်ထဲယူကာ 'ဒါက ဂင်္ဂါမြစ်ရေ၊ ဒါက ယမုံနာ မြစ်ရေ၊ ဒါက အစိရဝတီ မြစ်ရေ'ဟု မခွဲခြားနိုင်တော့သည်အထိ ရောနှောသမနေသည့်ပမာဟု မူလပဋ္ဌာန်းဆရာတော်ကြီးက သမ္ပယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံကို ဥပမာပြုတော်မူကြပါသည်။

### ခွဲမရ သမ္ပယုတ္တ

MA ဦးဇင်း ~ သမ္ပယုတ္တပစ္စယောရဲ့ အဓိပ္ပာယ်ကိုကြည့်တဲ့အခါမှာ အတူတကွ ယှဉ်တွဲတယ်လို့ ဖတ်ရပါတယ်။ ဘာကဘယ်လိုလုပ် ယှဉ်တွဲတာလဲဆိုတာ သိပါရစေဘုရား။

ဆရာတော် ~ စာဆန်ဆန်ပြောရင်တော့ အကြောင်းတရားက အကျိုးတရားကို အတူတကွ ယှဉ်တွဲပြီး ကျေးဇူးပြုတာပေါ့ ဦးဇင်း။ ဥပမာပြရမယ်ဆိုရင် 'စတုမဓု၊ ရောစပ်မှုနှင့်၊ နည်းတူလှစွာ'လို့ အဌကထာမှာ ဆိုထားတယ်။

MA ဦးဇင်း ~ နားမလည်သေးပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ စတုမဓုကို ထောပတ်၊ ပျားရည်၊ သကာ၊ နှမ်းဆီတို့နဲ့ လုပ်ရတယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ အဲဒီအရာလေးမျိုး သမသွားရင် အရသာလေးမျိုး ထွက်သေးရဲ့လား ဦးဇင်း။

MA ဦးဇင်း ~ သမသွားအောင် မွှေတဲ့အခါမှာ တစ်ခုချင်းရဲ့ အရသာ မထွက်တော့ပါဘုရား။ အရသာတစ်မျိုးထဲပဲ ထွက်မှာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ Associated ဖြစ်သွားတော့ ဒါက ထောပတ်အရသာ၊ ဒါက သကာ အရသာ၊ ဒါက နှမ်းဆီအရသာဆိုပြီး မပေါ်လွင်တော့ဘူးနော်။ တစ်ပေါင်းတည်း ဖြစ်သွားတယ် ဦးဇင်း။ နောက်ထပ် ဥပမာပြောပြဦးမယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် စတဲ့ မြစ်ပေါင်းစုံကရေတွေ ပင်လယ် ထဲကို စီးဝင်ကြတယ်နော်။ ပင်လယ်ရေကို လက်ခုပ်ထဲယူပြီးတော့ ဒါက ဧရာဝတီ မြစ်ရေ၊ ဒါက သံလွင်မြစ်ရေ၊ ဒါက စစ်တောင်းမြစ်ရေဆိုပြီး ခွဲခြားလို့ ရသေး သလားဆိုတော့။

MA ဦးဇင်း ~ မရပါဘုရား၊ တစ်ပေါင်းတည်း ဖြစ်သွားပါတယ်။

ဆရာတော် ~ ဟုတ်ပြီ၊ သမ္ပယုတ္တဆိုတာ တစ်စုတစ်ပေါင်းတည်းဖြစ်တာကို ဆိုလိုတယ်။

MA ဦးဇင်း ~ ဘာတွေက ခွဲမရအောင်တစ်စုတည်း တစ်ပေါင်းတည်း ဖြစ်တာပါလဲဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ စိတ် စေတသိက် စတဲ့ နာမ်ခန္ဓာလေးပါးတို့က တစ်စုတစ်ပေါင်းတည်း ယှဉ်တွဲ ရောနှောပြီးနေတာကို သမ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ခေါ်တာပါ ဘုရား။

## နာမ်ခန္ဓာလေးပါး

MA ဦးဇင်း ~ နာမ်ခန္ဓာတွေက ယှဉ်တွဲတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ 'စတ္တာရော ခန္ဓာ အရူပိနော'ကို မှတ်မိသေးရဲ့နော်။

MA ဦးဇင်း ~ မှတ်မိပါတယ်ဘုရား။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့ပါဘုရား။

ဆရာတော် ~ နာမ်ခန္ဓာလေးပါးက တစ်စုတစ်ပေါင်းတည်း ယှဉ်တွဲရောနှောပြီး နေတာပါ။

MA ဦးဇင်း ~ ဥပမာများ ရှိပါသလားဘုရား။

ဆရာတော် ~ ဒီမှာက ဥပမာနဲ့ မပြောဘဲ တိုက်ရိုက်ပြောပြရင် ပိုနားလည်လွယ်မယ်ထင်ပါ တယ်။ ဆိုပါစို့။ စိတ်တစ်ခု ဝိညာဏက္ခန္ဓာဖြစ်လာပြီဆိုရင် ခံစားမှုဆိုတဲ့ ဝေဒနာက္ခန္ဓာ၊ မှတ်သားမှု ဆိုတဲ့ သညာက္ခန္ဓာ၊ စေ့ဆော်ပြုပြင်မှုစေတနာကိုပြတဲ့ သင်္ခါရက္ခန္ဓာတို့က သဘာဝချင်းတူတဲ့အတွက် အတူတူဖြစ်ပြီး၊ အတူတူ ပျက်ကြတယ်။

MA ဦးဇင်း ~ နားလည်ပါပြီဘုရား။ ဒါဆိုရင် အကြောင်းအကျိုးကို ဘယ်လိုစဉ်းစားရမလဲဘုရား။

ဆရာတော် ~ ကောင်းပြီ။ အခုလိုစဉ်းစားပြီးမေးတာ ကောင်းတယ်။ ဒီပစ္စည်းမှာ အကြောင်းတရားကလည်း နာမ်ခန္ဓာလေးပါးဖြစ်ပြီး၊ အကျိုးတရားကလည်း နာမ်ခန္ဓာလေးပါးဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ အကြောင်းနဲ့ အကျိုးက နာမ်ခန္ဓာဖြစ်တာကို နားမလည်သေးပါဘုရား။

ဆရာတော် ~ ပြောပြမှာပေ့ါ ဦးဇင်း။ နာမ်ခန္ဓာလေးပါးက အပြန်အလှန် ကျေးဇူးပြုတယ် ဆိုတာမှာ ဆိုပါစို့ ဝေဒနာက္ခန္ဓာက အကြောင်းဖြစ်ရင် ကျန်တဲ့ခန္ဓာသုံးပါးက အကျိုးပေ့ါ ဦးဇင်း။

MA ဦးဇင်း ~ တင်ပါ။ ရပြီဘုရား။ ဒါဆိုရင် သညာက္ခန္ဓာက အကြောင်းဆိုရင် ကျန်တဲ့ခန္ဓာသုံးပါးက အကျိုးပါဘုရား။ သင်္ခါရက္ခန္ဓာက အကြောင်းဖြစ်ရင် ကျန်တဲ့ခန္ဓာသုံးပါးက အကျိုးပါဘုရား။ ဝိညာဏက္ခန္ဓာက အကြောင်းဖြစ်ရင် ကျန်တဲ့ခန္ဓာသုံးပါးက အကျိုးပါဘုရား။

ဆရာတော် ~ ဟုတ်ပြီနော်။ ဒါဆိုရင် သမ္ပယုတ္တပစ္စည်းမှာ အကြောင်းကလည်း နာမ်တရား၊ အကျိုးကလည်း နာမ်တရားဆိုတာ စိတ်ထဲရောက်လောက်ပြီ ထင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ ရောက်ပါပြီဘုရား။ သို့သော် ရုပ်တရားက နာမ်တရားနဲ့အခုလို Associated ဖြစ်ပြီး သမ္ပယုတ္တ မရတာပါလားဘုရား။

ဆရာတော် ~ သဘာဝချင်းမတူလို့ မရပါဘူး ဦးဇင်း။ ရုပ်တရားနဲ့ နာမ်တရားက သမ္ပယုတ္တ မရဘူး၊ သူ့ရဲ့ ပြောင်းပြန် Disassociated ဝိပ္ပယုတ္တအနေနဲ့ပဲ ရပါတယ်။

## ပစ္စည်းအတွဲများ

MA ဦးဇင်း ~ သမ္ပယုတ္တနဲ့ ဝိပ္ပယုတ္တက အဓိပ္ပာယ်အဝေးကြီးဖြစ်ပေမဲ့ တူသလိုလို ထင်ရပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ပဋ္ဌာန်းတရားတော်မှာ အခုလိုပစ္စည်းအတွဲတွေ ရှိပါသေးတယ်။ သမ္ပယုတ္တနဲ့ ဝိပ္ပယုတ္တကတစ်တွဲ၊ ပြီးတော့ အတ္ထိနဲ့ နတ္ထိက တစ်တွဲ၊ ဝိဂတနဲ့ အဝိဂတက တစ်တွဲပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ သမ္ပယုတ္တပစ္စည်းဆိုတာက နာမ်ခန္ဓာလေးပါး တစ်နည်းပြောရရင် စိတ်စေတသိက်တို့အတူ ယှဉ်တွဲပြီး ကျေးဇူးပြုတတ်တဲ့သဘော ဖြစ်ပါတယ်။ ဝိပ္ပယုတ္တပစ္စည်းကျတော့ ရုပ်တရား၊ နာမ်တရားတို့ အတူတကွ ဖြစ်ကြပါသော်လည်း အချင်းချင်း မနှီးမနှော မရောမပြွမ်း၊ မယှဉ်မတွဲသောအားဖြင့် ကျေးဇူးပြုတတ်တဲ့ ပစ္စည်းဖြစ်ပါတယ်။

MA ဦးဇင်း ~ သမ္မယုတ္တနဲ့ ဝိပ္ပယုတ္တပစ္စည်းအတွဲကိုတော့ နားလည်သလိုလို ရှိပါပြီဘုရား။ နောက်တစ်ခု အတ္ထိနဲ့ နတ္ထိပစ္စည်းကိုလည်း သိချင်ပါသေးတယ်။

ဆရာတော် ~ ကောင်းပါပြီ။ အတ္ထိပစ္စည်းဆိုတာက အကြောင်းတရားတွေလည်း ထင်ရှားရှိရမယ်၊ ပြီးတော့ အကျိုးပြုမယ့် တရားကလည်း ထင်ရှားရှိနေပြီး ကျေးဇူးပြုတဲ့ပစ္စည်း ဖြစ်ပါတယ်။ နောက်တစ်နည်းပြောရရင် ရှိနေခိုက် ကျေးဇူးပြုရင် အတ္ထိပစ္စည်း ဦးဇင်း။ မရှိတော့မှ ကျေးဇူးပြုရင် နတ္ထိပစ္စည်းလို့မှတ်ပါလေ။

MA ဦးဇင်း ~ ဒါဆိုရင် မှတ်မိပါပြီဘုရား။ ဝိဂတနဲ့ အဝိဂတကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ဝိဂတဆိုတာက ရှေးရှေးနာမ်တရားအစုတွေ ချုပ်ကွယ် ကင်းပျောက်တာက နောက်နောက် နာမ်တရားအစုတို့ကို ဖြစ်ခွင့်ပေးတဲ့သဘောက ဝိဂတသတ္တိပါ ဦးဇင်း။ သူ့ရဲ့ဆန့်ကျင်ဘက်သဘောက အဝိဂတသဘောပါ။

MA ဦးဇင်း ~ စိတ်ထဲရှင်းရှင်းလင်း မဖြစ်သေးဘူးဘုရား။

ဆရာတော် ~ ဆွမ်းချိန်နီးနေလို့ အချိန်နည်းသွားပြီ။ နောက်သူ့ဆိုင်ရာ အခန်းကျတော့ အကျယ် ပြောပြမယ်နော်။

MA ဦးဇင်း ~ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**“စတုမဂ္ဂ၊ ရောစပ်မှုနှင့်၊ နည်းတူပမာ လူသားတို့၏သန္တာန်၌လည်း ကောင်းသော နာမ်တရားတို့ အချင်းချင်း အညီအညွတ် ယှဉ်တွဲပေါင်းစည်းကာ နိဗ္ဗာန်တိုင်ထိ ကျေးဇူးပြုနိုင်ပါစေသား”**

## ၂၀။ ဝိပ္ပယုတ္တပစ္စယော

## Vippayutta Paccayo *(Dis - association condition)*

## မယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်း




### ဝိပ္ပယုတ္တပစ္စည်း၏ကျေးဇူးပြုပုံ

ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ အငန် အရသာ ၆ ပါးတို့သည် အတူတကွ ရောထားသော်လည်း အသီးသီးသတ္တိပြကာ မရောနှောဘဲ ကျေးဇူးပြုသကဲ့သို့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယဝတ္ထု၊ ပဋိသန္ဓေစိတ်၊ စေတသိက် စသော ရုပ်နာမ်တရားတို့သည် အတူဖြစ်နေသော်လည်း တစ်ပါးနှင့်တစ်ပါး မလိုက်လျော မယှဉ်တွဲဘဲ ကျေးဇူးပြုကြသည်။ တစ်နည်းအားဖြင့် အတူတကွဖြစ်ကြ၊ တွေ့ဆုံမိကြလျက်လည်း 'အချင်းချင်း မနှီးမနှော မရောပြွမ်းခြင်း၊ မယှဉ်တွဲခြင်း၊ သမနေသည့်သဘော မဟုတ်ခြင်း' ဟူ၍ အဓိပ္ပာယ်ရပါသည်။ ဤသို့ အတူတကွကား ဖြစ်ကြသော်လည်း တရားတစ်ခုနှင့် တစ်ခု တစ်သားတည်းဖြစ်နေအောင် မရောနှောဘဲ သူ့သဘောသူဆောင်သောအနေဖြင့်သာ ဆက်ဆံကြလျက် ကျေးဇူးပြုတတ်သောပစ္စည်းသည် ဝိပ္ပယုတ္တပစ္စည်းမည်ပေသည်။

### ပဋ္ဌာန်းသင်ယူနေတာက သဘာဝတရားကို လေ့လာတာ

MA ဦးဇင်း ~ သမ္ပယုတ္တပစ္စယောက ရောစပ်ပေါင်းယှဉ်ပြီး Associated အဖြစ် ကျေးဇူးပြုတာကို နားလည်ပါပြီဘုရား။ ဝိပ္ပယုတ္တပစ္စယောက မပေါင်း၊ မရောယှက်ဘဲ Disassociated အဖြစ် ကျေးဇူးပြုတာကို အထပ်ထပ်စဉ်းစားတာလည်း တပည့်တော်စိတ်ထဲ ရေးရေးလေးတောင် ပေါ်မလာပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ပစ္စယနိဒ္ဒေသပါဠိ အလွတ်ရရင် ဆိုကြည့်ပါဦးလားဘုရား။

MA ဦးဇင်း ~ တပည့်တော် အလွတ်ရပါတယ်ဘုရား။ *"ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော'* ပါဘုရား။

ဆရာတော် ~ "ရူပိနော ဓမ္မာ"က ရုပ်တရားကို ပြောနေတယ်။ 'အရူပီနံ ဓမ္မာနံ' က နာမ်တရားကို ပြောနေပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မြင်ပါပြီဘုရား။

ဆရာတော် ~ ပဋ္ဌာန်းတရားတော် သင်ယူတယ်ဆိုတာက ဘုရားရှင်ရဲ့ဉာဏ်တော်ကိုမှီပြီး သဘာဝတရားကို လေ့လာနေတာပါ။ ဒီနေရာမှာ Comparative study အဖြစ် နှိုင်းယှဉ်ပြီး လေ့လာကြည့်ရင် ဉာဏ်ထဲ ပိုလင်းလာနိုင်ပါတယ်။

MA ဦးဇင်း ~ ဘုရားတပည့်တော် ဘာနဲ့ယှဉ်ပြီး Comparative study အဖြစ် လေ့လာရမှာပါလဲ ဘုရား။

ဆရာတော် ~ သမ္ပယုတ္တပစ္စည်းနဲ့ ယှဉ်ပြီး လေ့လာသင့်ပါတယ်။ ဒီဝိပ္ပယုတ္တပစ္စည်းနဲ့ သမ္ပယုတ္တ ပစ္စည်းက ဆန့်ကျင်ဘက်သဘော သက်ရောက်တယ်။

MA ဦးဇင်း ~ ဘယ်လို ဆန့်ကျင်ဘက်ပါလဲဘုရား။

## ဥပမာဖြင့် လေ့လာပါက နားလည်လွယ်သည်

ဆရာတော် ~ သမ္ပယုတ္တက Associated ဖြစ်နေတာ ဘယ်အထိလဲဆိုရင် တစ်ခုတည်း၊ တစ်သားတည်း ထင်ရလောက်အောင်ကို ပေါင်းနေတာ။ ဥပမာ နွားနို့နဲ့ရေ တစ်သားတည်းဖြစ်အောင် ပေါင်းသွားတာမျိုးပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဝိပ္ပယုတ္တပစ္စည်းက မရောယှက်ဘဲ Disassociated ဖြစ်တာကိုလည်း ဥပမာနဲ့ သိပါရစေဘုရား။

ဆရာတော် ~ သူက နို့နဲ့ရလို မဟုတ်ဘူး။ ဆီနဲ့ရေလိုမျိုး ဘယ်တော့မှ တစ်သားတည်း မဖြစ်ဘူး။ ဒါကြောင့် Disassociated လို့ခေါ်တာ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ အဋ္ဌကထာ ဥပမာရှိသေးတယ်။ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ အငန် လို့ခေါ်တဲ့ အရသာ ခြောက်ပါး စားဖွယ်စုံချက်ထားတဲ့ဟင်းကို မျက်စိနဲ့ကြည့်ရင်တော့ တစ်စု တစ်ပေါင်းတည်းလို့ မြင်ရပါတယ်။ သို့သော် ဟင်းရဲ့ ချိုတဲ့အရသာက သီးခြား ချိုလျက်ရှိနေတယ်။ ချဉ်တဲ့အရသာက သီးခြားချဉ်လျက် ရှိနေတယ်။ ငန်တဲ့ အရသာကလည်း သီးခြားငန်လျက် ရှိနေသလိုမျိုးနဲ့ ဝိပ္ပယုတ္တပစ္စည်းကို ဥပမာ ပြုပြီးတော့လည်း နားလည်နိုင်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ နည်းနည်းတော့ သဘောပေါက်လာပါပြီဘုရား။

ဆရာတော် ~ ရုပ်ဆိုတာက သက်ရှိသက်မဲ့ အရာဝတ္ထုတွေပါပဲ၊ နာမ်ဆိုတာက စိတ်စေတသိက်တွေပါ။ သူတို့နှစ်မျိုးက သဘာဝချင်း မတူဘူးလေ။

MA ဦးဇင်း ~ သဘာဝချင်း မတူသော်လည်း အတူတကွ ကျေးဇူးပြုတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ သဘာဝချင်း မတူသော်လည်း ရုပ်ကို နာမ်ကကျေးဇူးပြုသလို၊ နာမ်ကလည်း ရုပ်ကို ကျေးဇူးပြုပါတယ်။ ဒါကြောင့် '*ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော*' လို့ လာရှိတယ်လေ။ ဒီနေရာမှာ ရုပ်က အကြောင်းဆိုရင် နာမ်ကအကျိုးဖြစ်နေမယ်။ နာမ်က အကြောင်းတရားဆိုရင် ရုပ်က အကျိုးဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ အဲသလို မပေါင်းစပ်ဘဲ အပြန်အလှန် ကျေးဇူးပြုနေတာကကို Disassociated ဖြစ်နေတယ်လို့ ပြောနိုင်ပါသလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ပြောနိုင်ပါတယ်။ ဒါက ဝိပ္ပယုတ္တပစ္စည်းရဲ့ ကျေးဇူးပြုပုံပါပဲ ဦးဇင်း။ ဒါကို စာဆန်ဆန်ပြောရရင် 'အကြောင်းတရားဖြစ်တဲ့ ရုပ်တရားက အကျိုးတရားဖြစ်တဲ့ နာမ်တရားကို ဝိပ္ပယုတ္တသတ္တိနဲ့ ကျေးဇူးပြုတယ်။ အကြောင်းတရားဖြစ်တဲ့ နာမ်တရားက အကျိုးတရားဖြစ်တဲ့ ရုပ်တရားကို ဝိပ္ပယုတ္တသတ္တိနဲ့ ကျေးဇူးပြုတယ်' လို့ စာအုပ်တွေမှာ ဦးဇင်းတွေ့မှာပါ။

MA ဦးဇင်း ~ တပည့်တော် နည်းနည်းနားလည်ပါပြီဘုရား။

## အကြောင်းအကျိုးတရား

MA ဦးဇင်း ~ တပည့်တော် စဉ်းစားနေတာက "*ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော*'မှာ ဘယ်ရုပ်ကို ယူရမလဲဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒီနေရာမှာ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တအနေနဲ့ပြောရရင် ရူပိနောကို ဝတ္ထုရုပ် ခြောက်ပါးကို ယူပါလေ။

MA ဦးဇင်း ~ ဘယ်ဝတ္ထုပါလဲဘုရား။

ဆရာတော် ~ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုတွေပါ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော်သိပါပြီဘုရား။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နဲ့ ဟဒယ နှလုံးပါဘုရား။

ဆရာတော် ~ ဟုတ်ပြီဗျာ။ စာက အခုလို မှတ်မိနေမှကောင်းတာ။

MA ဦးဇင်း ~ ဒါဆိုရင် "အရူပိနော ဓမ္မာ"က နာမ်ခန္ဓာလေးပါးဖြစ်တဲ့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ယူရမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့ ဦးဇင်း။ ဟုတ်တယ်။

MA ဦးဇင်း ~ ဒါဆိုရင် အကြောင်းနဲ့အကျိုးကို ဘယ်လိုစဉ်းစားရမလဲဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဦးဇင်းက အကြောင်းအကျိုး ပျောက်နေတာကိုး။ ပြောပြမယ်နော်။ မျက်စိကြောင့် မြင်သိစိတ် ဖြစ်တယ်လေ။ နားကြောင့် ကြားသိစိတ် ဖြစ်တယ်နော်။ နှာခေါင်းကြောင့် နံသိစိတ် ဖြစ်နေတယ်။

MA ဦးဇင်း ~ တပည့်တော် စိတ်ထဲ ထင်ထင်ရှားရှား ပေါ်ပြီဘုရား။

ဆရာတော် ~ လျှောက်ပါဦး။

MA ဦးဇင်း ~ မျက်စိအကြည်ရုပ်က အကြောင်းတရားပါဘုရား။ မြင်သိစိတ်ဖြစ်တဲ့နာမ်က အကျိုးတရားပါဘုရား။ နားအကြည်ရုပ်က အကြောင်းတရားပါဘုရား။ ကြားသိစိတ်ဖြစ်တဲ့နာမ်က အကျိုးတရားပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဝိပ္ပယုတ္တပေါ်ပြီလား။

MA ဦးဇင်း ~ နားလည်သလိုလိုတော့ ရှိလာပါပြီဘုရား။

ဆရာတော် ~ ဒီရုပ်နဲ့ဒီနာမ်က သဘာဝမတူဘူးလေ။ သဘာဝမတူဘဲ တစ်ခုနဲ့တစ်ခု အကြောင်းအကျိုး ဖြစ်နေတာကကို ဝိပ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုနေတာလေ ဦးဇင်း။

MA ဦးဇင်း ~ ရှင်းပါပြီဘုရား။ ပြောင်းပြန်လှန် စဉ်းစားမှ နားလည်တယ်ဆိုတာကို အခု သဘောပေါက်လာပါပြီဘုရား။

ဆရာတော် ~ ဘယ်လိုပြောင်းပြန်လှန် သဘောပေါက်တာလဲ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် အမြဲယူဆထားတာက သဘာဝတူတာ အချင်းချင်းတွေကသာ အပြန်အလှန် ကျေးဇူးပြုတာလို့ နားလည်ထားတာပါဘုရား။ အခုမှ သဘာဝမတူတာ အချင်းချင်း မရောယှက်ဘဲလည်း ကျေးဇူးပြုကောင်းတယ်ဆိုတာကိုပါ စဉ်းစားတတ်လာတာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ကောင်းတယ် ဦးဇင်း။ ပဋ္ဌာန်းတရားတော်ဆိုတာ ခက်ခဲနက်နဲလွန်းတာမို့လို့ သာမန်ကိစ္စတွေလို စဉ်းစားဆင်ခြင်ပြီး မသိနိုင်ဘူး။

MA ဦးဇင်း ~ ဒါကိုတော့ တပည့်တော် နားလည်ပါပြီဘုရား။

ဆရာတော် ~ ဒါကိုတော့ နားလည်တယ်ဆိုရင်၊ နားမလည်သေးတာ ရှိသေးသလား။

## ရုပ်တရားနှင့် နာမ်တရား သဘာဝမတူပါ

MA ဦးဇင်း ~ ရုပ်နဲ့နာမ်က သဘာဝမတူဘူးဆိုတာ ကွဲကွဲပြားပြား မရှိသေးလို့ပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ရှင်းပြပေးမယ်နော်။ ရုပ်က အာရုံကိုမသိဘူးနော်။ သူကအသိခံ သက်သက်မျှပဲ ဦးဇင်း။ နာမ်တရားက အာရုံပြုနိုင်စွမ်းရှိတယ်။ ဟုတ်ပြီလား။

MA ဦးဇင်း ~ အာရုံကို သိတတ်တဲ့သဘောနဲ့ အာရုံကိုမသိတတ်တဲ့ သဘောပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဒါဆိုရင် ရုပ်နဲ့နာမ်က အတူတူမဖြစ်ဘူးလားဆိုတော့ ဖြစ်တယ် နော်။ သဘာဝချင်းတော့မတူဘူး ဦးဇင်း။ ရုပ်က နာမ်ထက် သက်တမ်းကြာကြာ တည်တယ်။

MA ဦးဇင်း ~ နာမ်တရားက ဖြစ်ပျက်မြန်တာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ရုပ်တရားနဲ့ယှဉ်ရင် နာမ်တရားက သက်တမ်း အလွန်တိုတောင်း လွန်းတယ်။

MA ဦးဇင်း ~ တစ်ခုနဲ့တစ်ခု မရောမစပ်ဘဲ ရုပ်တရားက နာမ်တရားကို နာမ်တရားက ရုပ်တရား ကို ဝိပ္ပယုတ္တသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ယူရင် မှန်ပါသလားဘုရား။

ဆရာတော် ~ မှန်တယ်လေ ဦးဇင်း။ မှန်တယ်။ ဒါကြောင့် '*ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော*' လို့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာ ဟောတော်မူတာပါ။

MA ဦးဇင်း ~ မှန်ပါ။ ဖြစ်နိုင်သေးရင် ဥပမာနဲ့လည်း မှတ်သားထားချင်ပါသေးတယ်ဘုရား။

## အမျိုးဇာတ်မတူသော်လည်း အတူတကွနေကြသည့် ခြင်္သေ့နှင့် မြေခွေးမိသားစု

ဆရာတော် ~ အမျိုးဇာတ်မတူတဲ့ ခြင်္သေ့မိသားစုနဲ့ မြေခွေးမိသားစုတွေ ဂူတစ်ဂူထဲမှာ အတူ တကွနေတဲ့အကြောင်းကို ပြောပြမယ်လေနော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဘုရားလောင်း ခြင်္သေ့မင်းက ရေကန်နားမှာ မြက်စားနေတဲ့ သမင်ကိုပြေး လိုက်ရင်း၊ လိုက်ရင်း ရွှံ့ညွန်အိုင်ထဲကို ကျသွားတယ်။ အဲဒီအိုင်ထဲမှာ ခုနစ်ရက် ပတ်လုံး အစာမစားရဘဲ နေရရှာတယ်။

MA ဦးဇင်း ~ နောက်တော့ လွတ်သွားသလားဘုရား။

ဆရာတော် ~ ခုနစ်ရက်ပြည့်တဲ့နေ့ မနက်မှာ မြေခွေးတစ်ကောင်က အစာရှာရင်း ရောက် လာတယ်။ သူက ခြင်္သေ့ကြီးကိုလည်း မြင်ရော ကြောက်လန့်ပြီး ထွက်ပြေးမယ် လုပ်တုန်း ခြင်္သေ့က မြေခွေးကိုခေါ်ပြီး အကူညီတောင်းတယ်။ နောက်တော့ မြေ ခွေးရဲ့အကူအညီနဲ့ နွံထဲကနေ ထွက်နိုင်ခဲ့တယ်။ ခြင်္သေ့က ကျွဲတစ်ကောင်ကို သတ်ပြီးတော့ ကျေးဇူးရှင်မြေခွေးကို ကျွေးတယ်။ မြေခွေးစားပြီးတဲ့ အကြွင်း အကျန်အသားကို ခြင်္သေ့ကစားတယ်။

MA ဦးဇင်း ~ ဘုရားလောင်းက တိရစ္ဆာန်ဘဝမှာတောင် သူ့ကျေးဇူးကို သိတော်မူလိုက်တာ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ကျေးဇူးတရားသိပုံက မပြီးသေးဘူး။ သူ့အပေါ် ကျေးဇူးရှိခဲ့တဲ့ မြေခွေးတင်မကဘူး မြေခွေးမနဲ့ ကလေးတွေကိုပါ ဘုရားလောင်း ခြင်္သေ့မင်း နေတဲ့ဂူထဲကို ခေါ်ပြီးနေစေတယ်။ ပြီးတော့ သားကောင်တွေကိုသတ်ပြီး လုပ် ကျွေးတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ ဒီဇာတ်တော်က ဝိပ္ပယုတ္တပစ္စယောနဲ့ ဘယ်လိုများ သက်ဆိုင်တာပါလဲ ဘုရား။

ဆရာတော် ~ ရသာခြောက်ပါး ပေါင်းရောထားသော်လည်း အချင်းချင်း မယှဉ်မတွဲဘဲ ကျေးဇူးပြု သကဲ့သို့လို့ အဋ္ဌကထာဆရာတော်များက ဖွင့်ဆိုထားသလိုပဲ ဘုရားလောင်း ခြသေ့်မင်းမိသားစုနဲ့ မြေခွေးမိသားစုတို့ကလည်း အမျိုးဇာတ်အားဖြင့် မတူ ကွဲပြားကြပါသော်လည်း တစ်ဂူထဲမှာ အတူတကွ နေကြတယ်လေ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ မှန်ပါဘုရား။ ခြသေ့်နဲ့ မြေခွေးဆိုတာ အမျိုးဇာတ်အားဖြင့် မတူကြဘူး။ Disassociated ဖြစ်ကြပါသော်လည်း အတူတကွ ကျေးဇူးပြုပြီး ဂူတစ်ဂူထဲမှာ နေကြတာကို နားလည်ပါပြီဘုရား။ ဒါကြောင့် '*ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော*'မှာ ရုပ်တရားနဲ့ နာမ်တရားက ဆီနှင့်ရေလို အချင်းချင်းရောပေါင်းလို့ မရဘဲ အပြန်အလှန် ကျေးဇူးပြုကြတယ် ဆိုတာကို မြင်ပါပြီ ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ~ သာဓု၊ သာဓု၊ သာဓုပါဘုရား။

**ဆုတောင်း**

**"ခြောက်ထွေရသာ၊ ပေါင်း၍ထားသို့ပမာ ကောင်းသောရုပ်တရားက ကောင်းသောနာမ်တရားအား လည်းကောင်း၊ ကောင်းသောနာမ်တရားက ကောင်းသောရုပ်တရားအားလည်းကောင်း မယှဉ်တွဲသော်လည်း အတူတကွကျေးဇူးပြုကာ လူသားအများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေသား"**

**ကျမ်းညွှန်း**


၁။ ဂုဏဇာတကဝဏ္ဏနာ၊ ဒုကနိပါတ၊ ဇာတကအဋ္ဌကထာ။ (ဒုတိယတွဲ၊ နှာ-၂၁)

၂။ ဂုဏဇာတ်တော်၊ မင်္ဂလာဘုံကျော်ညောင်ကန်ဆရာတော်၏ ငါးရာငါးဆယ်ဇာတ်ဝတ္ထုတော်။ (ဒုတိယတွဲ၊ နှာ-၃၂)

# ၂၁။ အတ္ထိပစ္စယော

**Atthi Paccayo *(Presence condition)***

## ပစ္စုပ္ပန်သဘောဖြစ်ပြီး ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း



အတ္ထိပစ္စည်း၏ကျေးဇူးပြုပုံ

အတ္ထိပစ္စည်းသည် ထင်ရှားရှိပြီး ကျေးဇူးပြုသည့် ပစ္စည်းဖြစ်ပါသည်။ အကြောင်းတရားတို့လည်း ထင်ရှားရှိနေပြီး အကျိုးပြုမည့် တရားကလည်း ထင်ရှားရှိနေသည့် ပစ္စည်းကို အတ္ထိပစ္စည်းဟု ခေါ်သည်။ ရှိနေခိုက်တွင် ကျေးဇူးပြုပါက အတ္ထိပစ္စည်းဖြစ်ပြီး၊ မရှိတော့မှသာ ကျေးဇူးပြုပါက နတ္ထိပစ္စည်း ဖြစ်သည်။

## နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း ကျယ်သနည်း

MA ဦးဇင်း ~ တပည့်တော် အခုဖတ်နေတဲ့ ပဋ္ဌာန်းတရားတော်စာအုပ်ထဲမှာ "နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း၊ ကျယ်သနည်း" လို့ မေးတာကို ဖတ်ရပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ စာရေးသူက ဘယ်လိုဖြေထားသလဲ မှတ်မိရင် ပြောပြပါဦး။

MA ဦးဇင်း ~ အလွတ်ကျက်ထားလို့ မှတ်မိနေပါတယ်ဘုရား။ အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ကမ္မပစ္စည်းနဲ့ အတ္ထိပစ္စည်းဆိုပြီး ပစ္စည်းလေးပါးကို ပြပါတယ်ဘုရား။

ဆရာတော် ~ ဒီအမေးလက်ာက ကျိုးသဲလေးထပ် ဆရာတော်ကြီးရဲ့ စွယ်စုံကျော်ထင်ကျမ်းမှာ ရှိပါတယ်။ ပဋ္ဌာန်းတရားတော်မှာ ပစ္စည်းတွေ များပြားပါသော်လည်း ဒီပစ္စည်း လေးပါးထဲမှာ ကျန်တဲ့ပစ္စည်းတွေ အားလုံးအကျုံးဝင်တယ်လို့ ဆိုလိုတာပါ ဦးဇင်း။

MA ဦးဇင်း ~ အာရမ္မဏပစ္စည်းထဲ ဘယ်လိုများ အကျုံးဝင်နိုင်တာပါလဲဘုရား။

ဆရာတော် ~ အာရမ္မဏမျိုးထဲမှာ ဘာတွေပါသလဲဆိုရင် အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိနှင့် အာရမ္မဏပုရေဇာတာဝိဂတ ပစ္စည်းတွေ ပါတယ်ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ ဥပနိဿယပစ္စည်းမှာ ပါဝင်တာကိုလည်း အခုလို သိပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဥပနိဿယပစ္စည်း လေ့လာတုန်းက အာရမ္မဏူပနိဿယနဲ့ အနန္တရူပနိဿယကို ဦးဇင်း မှတ်မိဦးမယ်ထင်ပါတယ်။

MA ဦးဇင်း ~ မှတ်မိပါတယ်ဘုရား။ မမေ့သေးပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဥပနိဿယပစ္စည်းရဲ့ အာရမ္မဏူပနိဿယအပိုင်းမှာက အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိနဲ့ အဝိဂတတို့ပါတယ်။ ပြီးတော့ ဥပနိဿယရဲ့ အနန္တရူပနိဿယအပိုင်းမှာ အနန္တရ၊ သမနန္တရ၊ အနန္တရကမ္မ၊ အာသေဝန၊ နတ္ထိနှင့် ဝိဂတ ပစ္စည်းတွေပါပါတယ်။

MA ဦးဇင်း ~ တင်ပါဘုရား။ ကမ္မပစ္စည်း ကျန်နေပါသေးတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ကမ္မပစ္စည်းမှာ သဟဇာတကမ္မနဲ့ နာနာက္ခဏိကကမ္မတို့ ပါတယ်နော်။

MA ဦးဇင်း ~ အတ္ထိကျန်ပါသေးတယ်ဘုရား။

ဆရာတော် ~ အတ္ထိက သဟဇာတိန္ဒြိယတ္ထိ၊ ပုရေဇာတိန္ဒြိယတ္ထိ၊ ပစ္ဆာဇာတိန္ဒြိယတ္ထိ၊ ရူပါဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိပါတယ်။ ဒ့ါအပြင် သဟဇာတမျိုးထဲမှာ အတ္ထိပါတယ်နော်။ ပုရေဇာတမျိုးထဲမှာလည်း အတ္ထိပါနေပြန်တယ်။ ပစ္ဆာဇာတမျိုးထဲလည်း အတ္ထိက ပါသေးတယ် ဦဇင်း။ ဣန္ဒြိယနဲ့ အာဟာရထဲမှာလည်း အတ္ထိပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဒါကြောင့် အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ကမ္မပစ္စည်းနှင့် အတ္ထိပစ္စည်းက အကျယ်ဝန်းဆုံး ဖြစ်တယ်။ ဒါကြောင့် ၂၄ ပစ္စည်း အကုန် အကျုံးဝင်တယ်လို့ အဋ္ဌကထာဆရာများက ဖွင့်ဆိုတော်မူခဲ့တာပါ ဦးဇင်း။

## အတ္ထိ ၅ ပါး ရှိပါသည်

MA ဦးဇင်း ~ အတ္ထိပစ္စည်းက ထင်ရှားရှိပြီး ကျေးဇူးပြုတယ်ဆိုတာကို နားမလည်ပါဘုရား။

ဆရာတော် ~ ကောင်းပြီ။ အကြောင်းတရားကလည်း ထင်ရှားရှိနေရမယ်။ ပြီးတော့ အကျိုး တရားကလည်း ထင်ရှားရှိနေရင် အတ္ထိပစ္စည်းပါ ဦးဇင်း။ ထင်ရှားမရှိတော့မှ ကျေးဇူးပြုရင် နတ္ထိပစ္စည်းပါဘုရား။

MA ဦးဇင်း ~ မှန်ပါ။ အတ္ထိပစ္စည်းက ၅ မျိုးရှိတယ်လို့လည်း ဖတ်ဖူးပါတယ်ဘုရား။ အဲဒါ ဘာတွေပါလဲဘုရား။

ဆရာတော် ~ ဟုတ်ပါပြီ။ စောစောက ပြောပြီးခဲ့သလိုပါပဲ၊ အတ္ထိပစ္စည်းမှာ မျိုးကွဲ ငါးပါးရှိတယ်။ အဲဒါတွေက သဟဇာတပစ္စည်းနဲ့တူတဲ့ အတ္ထိပစ္စည်းကို 'သဟဇာတတ္ထိ' လို့ ခေါ်ပါတယ်။ အကြောင်းတရားနဲ့ အကျိုးတရားက ပြိုင်တူ အတူတကွ Born together အဖြစ် ရှိနေကြတာကို 'သဟဇာတတ္ထိ' လို့ မှတ်ပါလေ။

MA ဦးဇင်း ~ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ အခုတစ်ခါ ပုရေဇာတပစ္စည်းနဲ့တူတဲ့ အတ္ထိပစ္စည်းကို 'ပုရေဇာတတ္ထိ'လို့ ခေါ်ပါတယ်။ အကြောင်းတရားက ကြိုတင်ဖြစ်နေတာမို့လို့ Born earlier ပါ။ အကြောင်းတရားနဲ့ အကျိုးတရားနှစ်ခုစလုံး ရှိနေခိုက်ဖြစ်တာကိုတော့ ပုရေဇာတအတ္ထိလို့ မှတ်သားရပါမယ် ဦးဇင်း။

MA ဦးဇင်း ~ ခက်ခဲ နက်နဲလွန်းပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်တယ်။ အခု ပစ္ဆာဇာတပစ္စည်းနဲ့တူတဲ့ အတ္ထိပစ္စည်းကိုတော့ 'ပစ္ဆာဇာတတ္ထိ' လို့ ခေါ်တယ်။ အကြောင်းတရားတွေက နောက်မှ ဖြစ်လာပြီးတော့ အကျိုးတရားတွေက အရင်ဖြစ်နှင့်နေတာမို့လို့ Born later နော်။ နှစ်ခုစလုံး ထင်ရှားရှိနေတဲ့ အခိုက်မှာ ကျေးဇူးပြုတာကို 'ပစ္ဆာဇာတတ္ထိ'လို့ ယူရပါမယ် ဦးဇင်း။

MA ဦးဇင်း ~ တင်ပါဘုရား။

ဆရာတော် ~ အာဟာရပစ္စည်းနဲ့တူတဲ့ အတ္ထိပစ္စည်းကို 'အာဟာရတ္ထိ' လို့ ခေါ်ပါတယ်။ အစာအာဟာရနဲ့ ပတ်သက်တဲ့ ဩဇာရုပ်ကလည်း အာဟာရသတ္တိတင်မကဘူး ရှိနေခိုက်မှာပါ ကျေးဇူးပြုတဲ့အတွက် 'အာဟာရတ္ထိ'ပါ။ အခုနောက်ဆုံး ဣန္ဒြိယပစ္စည်းနဲ့ တူတဲ့ အတ္ထိပစ္စည်းကိုတော့ 'ဣန္ဒြိယတ္ထိ'လို့ ခေါ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ ဣန္ဒြေ ၂၂ ပါးလုံးကို ယူရတာပါလားဘုရား။

ဆရာတော် ~ ရှေးရှေးလေ့လာခဲ့တဲ့ ဣန္ဒြိယပစ္စည်းထဲက စာကို အခုလို မှတ်မိနေတာ အလွန်ကောင်းတယ်။ ဒီနေရာမှာ ဣန္ဒြေ ၂၂ ပါးလုံးကို မယူပါ ဦးဇင်း။ 'ရူပဇီဝိတိန္ဒြိယ' ကိုပဲ ယူပါမယ်။ သူက ကမ္မဇရုပ်တွေကို ရှိနေခိုက်မှာ ကျေးဇူးပြုတဲ့ သဘာဝတရား တစ်ခုဖြစ်ပါတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ ဘုရားတပည့်တော် ရေးမှတ်ထားတာ ၅ ပါး ရပါတယ်ဘုရား။ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိနဲ့ ဣန္ဒြိယတ္ထိပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ပြည့်စုံပါတယ်။

## သရက်သီးဖျော်ရည်၏ အာဟာရဓာတ်အစွမ်း

MA ဦးဇင်း ~ စာတွေက တော်တော်ကြီးလေးသွားလို့ ခေါင်းခဲမလို ဖြစ်လာပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဟုတ်ပြီ။ ပုံဝတ္ထုနဲ့ အတ္ထိပစ္စယောကို လေ့လာကြရအောင်လေနော်။

MA ဦးဇင်း ~ အလွန်ကောင်းပါတယ်ဘုရား။ ဝတ္ထုဆိုရင်တော့ တပည့်တော် မှတ်သားနိုင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပြီ။ အတ္ထိ ၅ ပါးထဲက ဘယ်ဝတ္ထုကို နာကြားလိုပါသလဲ ဦးဇင်း။

MA ဦးဇင်း ~ ဒီမနက် ဆွမ်းဘုဉ်းရတာ အဆင်မပြေလို့ တပည့်တော် ဗိုက်နည်းနည်းဆာနေပါတယ်ဘုရား။ ဒါကြောင့် အာဟာရက ထင်ရှားရှိပြီး ကျေးဇူးပြုတဲ့အာဟာရတ္ထိကို နာကြားပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ သရက်သီးဖျော်ရည်ရဲ့ အာဟာရတ္ထိအစွမ်းကြောင့် ယသောဓရာထေရီ ခံစားနေရရှာတဲ့ လေနာရောဂါသက်သာသွားတာကို ပြောပြပါမယ် ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် အခုဖြစ်နေတာနဲ့ တိုက်ဆိုင်တဲ့အတွက် စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ~ ရာဟုလာမယ်တော် ရဟန်းမထံတော်ပါးကို သာမဏေငယ် သားတော်ရာဟုလာ မကြာခဏ လာပြီးဖူးမြင်လေ့ရှိပါတယ်။ တစ်နေ့မှာတော့ ထေရီမကြီးမှာ လေနာရောဂါ ဖြစ်တယ်။ သာမဏေရာဟုလာက မယ်တော်ကြီးထံပါး ကြွသွားပြီး သင့်တော်တဲ့ ဆေးဝါးဓာတ်စာကို မေးလျှောက်ပါတယ်။

MA ဦးဇင်း ~ ဆေးရှာပေးမလို့ပါလားဘုရား။

## လေနာရောဂါဖြစ်နေရှာသည့် ယသောဓရာထေရီ

ဆရာတော် ~ ဟုတ်ပါတယ်။ မယ်တော်ကြီးမိန့်တာက "ကပိလဝတ်ပြည် နန်းတော်မှာနေတုန်းက သကာသကြားနဲ့ဖျော်ထားတဲ့ သရက်သီးဖျော်ရည်ကို သောက်လို့ လေနာရောဂါ သက်သာခဲ့ဖူးတယ်၊ အခုနေအခါမှာ အိမ်တကာလှည့်လည်ပြီး ဆွမ်းခံရတဲ့ ဘဝမှာ သကာသကြားနဲ့ဖျော်ထားတဲ့ သရက်သီးဖျော်ရည်ကို ဘယ်ရနိုင်တော့မလဲ ကိုရင်ဘုရား" လို့ ထေရီမက မိန့်ကြားတော်မူရှာတယ်။ သာမဏေလေးက "ရရင် ယူလာခဲ့ပါ့မယ်ဘုရား"လို့ လျှောက်ထားပြီး ပြန်ကြွသွားပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ကပိတ်ပြည့်ရှင် မင်းမိဖုရား ဖြစ်ခဲ့ဖူးပါသော်လည်း အခု ဆွမ်းခံစားရတဲ့ ဘဝကို တပည့်တော် ကိုယ်ချင်းစာမိပါတယ်ဘုရား။ ဆွမ်းခံရာမှာ မိမိလိုချင်တာ ရခဲပါတယ်ဘုရား။ ရတာနဲ့ပဲ မျှတရပါတယ်ဘုရား။

ဆရာတော် ~~ ဟုတ်ပါတယ် ဦးဇင်း။ အခု ဒီနေရာမှာ သာမဏေရာဟုလာရဲ့ ဥပဇ္ဈာယ်ဆရာက အရှင်သာရိပုတ္တရာမထေရ်ဖြစ်ပြီး၊ သရဏဂုံဆရာကား အရှင်မောဂ္ဂလာန်မထေရ်

ဖြစ်ပါတယ်။ ဘထွေးတော်က အရှင်အာနန္ဒာ မထေရ်ဖြစ်ပြီး၊ ခမည်းတော်က သဗ္ဗညုမြတ်စွာဘုရားရှင် ဖြစ်ပါတယ်။ ရှင်ရာဟုလာရဲ့ဘဝက အခုလို ကြီးကျယ်ပြည့်စုံပါတယ် ဦးဇင်း။

MA ဦးဇင်း ~ ဒီလိုဆိုရင်တော့လည်း မယ်တော်ကြီးထေရီမအတွက် ဆေးအဖြစ်လိုနေတဲ့ သရက်သီးဖျော်ရည်ရဖို့ အခက်အခဲ မရှိလောက်ဘူးလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ရှင်ရာဟုလာက အခြားတစ်ပါး မဟာထေရ်မြတ်တို့ထံပါး မသွားဘဲ ဥပဇ္ဈာယ်ဆရာထံတော်ပါး ကြွသွားပါတယ်။ ပြီးတော့ ရှိခိုးပြီး မျက်နှာမသာမယာနဲ့ ရပ်နေရှာတယ်။

MA ဦးဇင်း ~ ကိုရင်တစ်ပါးအနေနဲ့ မိခင်ထေရီမအတွက် ဆေးရှာဖို့ထွက်လာရှာတာ စိတ်မကောင်းစရာပါဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ရဟန်းဆိုတာ ဝိနည်းကိုကျော်လွန်ပြီး လုပ်ခွင့် မရှိပါဘူးဦးဇင်း။ မိမိရဲ့ဥပဇ္ဈာယ်ဆရာ စီစဉ်ပေးတဲ့အတိုင်း လိုက်နာရပါတယ်။ အခုလည်း ဥပဇ္ဈာယ်ဆရာဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ရှင်ရာဟုလာကို "ဘာဖြစ်လို့ မျက်နှာမသာမယာ ဖြစ်တာလဲကိုရင်"လို့ မေးတော်မူတယ်။ ရှင်ရာဟုလာက 'အရှင်ဘုရား တပည့်တော်ရဲ့ မယ်တော်ကြီးထေရီမမှာ လေနာရောဂါ ဖြစ်နေပါတယ်ဘုရား၊ ရောဂါအတွက် လိုအပ်တဲ့ ဆေးဝါးဓာတ်စာကို မေးလျှောက်တဲ့အခါမှာ "ကပိလဝတ်ပြည် နန်းတော်မှာနေတုန်းက သကာသကြားနဲ့ဖျော်ထားတဲ့ သရက်သီးဖျော်ရည်ကို သောက်လို့ လေနာရောဂါ သက်သာခဲ့ဖူးတယ်၊ အခု အိမ်တကာ လှည့်လည်ပြီး ဆွမ်းခံရတဲ့ဘဝမှာ သကာသကြားနဲ့ဖျော်ထားတဲ့ သရက်သီးဖျော်ရည်ကို ဘယ်ရနိုင်တော့မလဲလို့ မိန့်တော်မူပါတယ်ဘုရား"လို့ လက်အုပ်ချီပြီး လျှောက်ထားပါတယ်။

## သရက်သီးဖျော်ရည် သပိတ်

MA ဦးဇင်း ~ အရှင်ရာဟုလာရဲ့ စိတ်ဓာတ်ကို ကြည်ညိုလေးစားမဆုံးပါဘုရား။ ဥပဇ္ဈာယ်ဆရာက ဘယ်လိုများ ကူညီစောင့်ရှောက် ပေးတော်မူပါသလဲဘုရား။

ဆရာတော် ~ အရှင်မြတ်ကြီးက 'မကြောင့်ကြပါနဲ့ကိုရင်၊ ရနိုင်ပါတယ်'လို့ မိန့်ကြားတော်မူပါတယ် ဦးဇင်း။ နောက်တစ်နေ့မနက်မှာ အရှင်သာရိပုတ္တရာမထေရ်ကြီးက ရှင်ရာဟုလာကိုခေါ်ပြီး သာဝတ္ထိမြို့ထဲကို ဆွမ်းခံဝင်တော်မူပါတယ်။ ဆွမ်းစားဇရပ်အနားရောက်တဲ့အခါမှာ ရှင်ရာဟုလာကို ဇရပ်ပေါ်မှာ ခေတ္တနေစေပြီး မထေရ်မြတ်က ကောသလမင်းရဲ့ နန်းတော်ကို ကြွတော်မူပါတယ်။ နန်းတော်မှာ ဘုရင်ကြီးကိုယ်တိုင် သကာသကြားနဲ့ဖျော်ထားတဲ့ သရက်သီးဖျော်ရည်ကို သပိတ်

အပြည့် လျှုဒါန်းပါတယ်။ မထေရ်မြတ်ကလည်း ရှင်ရာဟုလာရဲ့ လက်ဝယ် သပိတ်ကို ပေးအပ်တော်မူတယ်။

MA ဦးဇင်း ~ ထေရီမကြီးရဲ့ရောဂါက သရက်သီးဖျော်ရည်ကြောင့် သက်သာပါသလားဘုရား။

ဆရာတော် ~ သက်သာပါတယ်။ ထေရီမကြီးက အဲဒီ သရက်သီးဖျော်ရည်ရဲ့သတ္တိကြောင့် ခံစား နေရရှာတဲ့ လေနာရောဂါ လုံးဝသက်သာ ပျောက်ကင်းသွားပါတယ် ဦးဇင်း။

MA ဦးဇင်း ~ ဝမ်းမြောက်ပါတယ်ဘုရား။ ဒီနေရာမှာ အာဟာရဇ္ဇကို ဘယ်လိုဆက်စပ် စဉ်းစား ရပါမလဲဘုရား။

ဆရာတော် ~ သားတော်ရာဟုလာ ဆောင်ယူလာခဲ့တဲ့ သရက်သီးဖျော်ရည်ရဲ့ အာဟာရဇ္ဇ အစွမ်းသတ္တိကြောင့် ယသောဓရာထေရီ ခံစားနေရတဲ့ လေနာရောဂါ သက်သာ သွားတာပါဘုရား။

MA ဦးဇင်း ~ နားလည် သဘောပေါက်ပါပြီဘုရား။ သာဓု၊ သာဓု၊ သာဓုပါဘုရား။

**ဆုတောင်း**

**“မြေမြင်းမို့ရ်သည် ထိုထိုစိမ်း၍ မြက်သစ်ပင်အား ထောက်ပံ့လားသို့”ဟု**
**အဋ္ဌကထာ ဖွင့်ဆိုသည်နှင့်အညီ လူသားအများ၏သန္တာန်၌လည်း**
**ကောင်းသော ရုပ်တရား နာမ်တရားတို့ ထင်ရှားစွာ ဖြစ်ပေါ်ကြပြီး**
**မမေ့မလျော့သော အပ္ပမာဒသတိတရားဖြင့်**
**မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား**

❀ ❀ ❀ ❀ ❀


**ကျမ်းညွှန်း**

၁။ အင်္ဂုတ္တရဇာတကဝဏ္ဏနာ၊ အင်္ဂုတ္တရဝဂ္ဂ၊ တိကနိပါတ၊ ဇာတကအဋ္ဌကထာ။ (ဒုတိယတွဲ၊ နှာ- ၃၅၂)

# ၂၂။ နတ္ထိပစ္စယော

**Natthi Paccayo *(Absence condition)***

## ချုပ်ပျောက်သောအားဖြင့် နောက်၌ဖြစ်သော နာမ်တရားတို့အား ဖြစ်ခွင့်ပေးလျက် ကျေးဇူးပြုသောပစ္စည်း



### နတ္ထိပစ္စည်း၏ကျေးဇူးပြုပုံ

နေရောင်ကွယ်ပျောက်သောအခါ လရောင်ပေါ်လာသကဲ့သို့ ရှေးရှေးစိတ်စေတသိက်၊ နာမ်တရားများ ချုပ်ပျောက်သွားခြင်းဖြင့်၊ မရှိခြင်းဖြင့် နောက်နောက်စိတ် စေတသိက် နာမ်တရားများအား ဖြစ်ခွင့်ရအောင် ကျေးဇူးပြုသည်။

### အတ္ထိနှင့် နတ္ထိ

MA ဦးဇင်း ~ အတ္ထိပစ္စယောကို အပြည့်အစုံသိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ နတ္ထိပစ္စယောက အတ္ထိရဲ့ ဆန့်ကျင်ဘက် အဓိပ္ပာယ် ရှိတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အတ္ထိက ထင်ရှားရှိခြင်း Presence အဖြစ်နဲ့ကျေးဇူးပြုတယ်။ နတ္ထိက ထင်ရှားမရှိခြင်း Absence အဖြစ်နဲ့ ကျေးဇူးပြုပါတယ် ဦးဇင်း။ ဥပမာနဲ့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ နတ္ထိပစ္စည်းကို နေရောင်ကွယ်ပျောက်ပြီး လရောင်ရောက်လာတာနဲ့ ပမာပြုတော်မူကြပါတယ်။ ဆိုလိုတာက နေရောင်ရှိနေရင် လရောင်မထွန်းတောက်နိုင်ဘူး၊ နေရောင်မရှိတော့တာကကို လရဲ့အလင်းရောင် ထင်ရှားပေါ်လွင်လာဖို့ဖြစ်ပါတယ်။ နောက်ဥပမာတစ်ခုက မြို့တစ်မြို့ မီးပျက်တာက တစ်မြို့လုံး အမှောင်ထု ဖြစ်ပေါ်လာဖို့ ကျေးဇူးပြုတယ်။ နောက်တစ်နည်း ပြောရရင် မီးပျက်တာက အမှောင်ထုလာဖို့ပါပဲလို့လည်း စဉ်းစားနိုင်ပါသေးတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ မီးပျက်တာက မြို့ကြီးတစ်မြို့လုံး အမှောင်ထုရောက်ဖို့ ကျေးဇူးပြုတာကို တပည့်တော်စိတ်ထဲ ပိုလို့ မြင်သာပါတယ်ဘုရား။

ဆရာတော် ~ လက်တွေ့မီးပျက်တာကို ကြုံနေရတဲ့အတွက် သဘောပေါက်လွယ်တာ ထင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ ဟုတ်ပါတယ်ဘုရား။ မီးပျက်တာ များနေတဲ့ အချိန်အခါနဲ့ အခု ဒီဥပမာက ထင်လွယ်၊ မြင်လွယ်ပါတယ်ဘုရား။ သို့ပါသော်လည်း ခန္ဓာနဲ့တိုက်ပြီး ဘယ်လို နားလည်ရပါမလဲဘုရား။

## ရှေ့စိတ်ပျက်ပြီး နောက်စိတ်ဖြစ်လာ

ဆရာတော် ~ ရှေးရှေးစိတ်၊ စေတသိက်လို့ခေါ်တဲ့ နာမ်တရားတွေက ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်တာကကို နောက်နောက်စိတ်၊ စေတသိက် နာမ်တရားအသစ်၊ အသစ်တွေကို ဖြစ်ပေါ်လာစေဖို့ရာ နတ္ထိပစ္စယသတ္တိနဲ့ ကျေးဇူးပြုတာပါ ဦးဇင်း။ တစ်နည်းပြောရရင် ရှေးရှေးနာမ်တရားတွေပေါ်ပြီး ပျောက်ပျောက်သွားတာကကို နောက်နောက်နာမ်တရားတွေ ဖြစ်ခွင့်ပေး လိုက်တာပါဘုရား။

MA ဦးဇင်း ~ ခက်ခဲ နက်နဲလှပါတယ်ဘုရား။

ဆရာတော် ~ နတ္ထိပစ္စည်းကို ထပ်ရှင်းပြဦးမယ်လေနော်။

MA ဦးဇင်း ~ မှန်ပါ။ နတ္ထိကို နားလည်ဖို့ ခက်နေပါသေးတယ်ဘုရား။

ဆရာတော် ~ စိတ်တွေရဲ့ သဘာဝက အဆက်မပြတ် ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီး ချုပ်ပါတယ် ဦးဇင်း။ ဒီနေရာမှာ ရှေ့စိတ်ကဖြစ်ပြီး ပျက်သွားတယ်နော်။ အဲဒီ ရှေ့စိတ် ပျက်သွားမှ နောက်စိတ်တစ်ခုက ဖြစ်လာနိုင်မယ်ဆိုတာကို ဦးဇင်း နားလည်သေးသလားမသိဘူး။

MA ဦးဇင်း ~ ဒီအထိ နားလည်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ရှေ့စိတ်ပျက်သွားတာကကို နောက်စိတ်ဖြစ်လာဖို့အတွက်ပါပဲ။

MA ဦးဇင်း ~ တပည့်တော်နားလည်သလို လျှောက်ထားကြည့်မယ်ဘုရား။ ရှေ့စိတ်မရှိတာက နောက်စိတ်ပေါ်လာဖို့ကို ကျေးဇူးပြုတယ်ဆိုရင် ရပါသလားဘုရား။

ဆရာတော် ~ ရတယ် ဦးဇင်း။ ရပါတယ်။

## သူခိုးဘဝမှသည် အရိယာသောတာပန်ဘဝ

MA ဦးဇင်း ~ ဒါဆိုရင် ဘယ်စိတ်ကပျက်ပြီး၊ ဘယ်စိတ်ဖြစ်လာတာလဲဆိုတာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒါကို ဥပမာနဲ့ ပြောပြမယ်လေနော်။

MA ဦးဇင်း ~ မှန်ပါဘုရား၊ ဥပမာနဲ့ဆိုရင် ပိုကောင်းမယ် ထင်ပါတယ်။

ဆရာတော် ~ ဝတ္ထုတစ်ပုဒ်ကို ဥပမာထားပြီး ပြောမယ်လေနော်။ ကောသမ္ဗီပြည့်ရှင် ဥတေနမင်းကြီးရဲ့မိဖုရားကြီး သာမာဝတီမှာ ကျွန်မတစ်ယောက်ရှိတယ်။ သူ့ရဲ့နာမည်က ခုဇ္ဇုတ္တရာလို့ ခေါ်ပါတယ်။ ကျွန်မရဲ့တာဝန်က မိဖုရားကြီးထံပါးပန်းတော် ဆက်သရတယ်။ နန်းတော်ကနေ ပန်းဝယ်ဖို့ အသပြာငွေ ရှစ်ကျပ်ထုတ်ယူပြီး အသပြာလေးကျပ်ကို မိမိကိုယ်ကျိုးအတွက် ခိုးထားတယ်။ ကျန်တဲ့အသပြာ လေးကျပ်ဖိုးနဲ့ မိဖုရားထံပါး ပန်းဆက်သလေ့ရှိတယ် ဦးဇင်း။

MA ဦးဇင်း ~ ဒါဆိုရင် နေ့တိုင်း လေးကျပ်ခိုးပြီး ကျန်တဲ့လေးကျပ်ဖိုးနဲ့ ပန်းဝယ်ပြီး ဆက်သတာပါလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ တစ်နေ့ သုမနပန်းသည်ရဲ့ အိမ်မှာ ဘုရားအမှူးပြုတော်မူတဲ့ သံဃာတော်တို့ကို ဆွမ်းကပ်ဖို့ စီစဉ်နေကြပါတယ်။ ဒါကြောင့် ပန်းလာဝယ်တဲ့ ခုဇ္ဇုတ္တရာလည်း ဆွမ်းဆက်ကပ်ပြီးတဲ့အထိ စောင့်ဆိုင်းနေရတယ်။

MA ဦးဇင်း ~ သူ တရားမနာဘူးလားဘုရား။

ဆရာတော် ~ နာရတယ် ဦးဇင်း။ မြတ်စွာဘုရားရှင် ထံတော်ပါးကနေ ခုဇ္ဇုတ္တရာ တရားနားကြားပြီးတာနဲ့ သောတာပတ္တိဖိုလ်ကို ဆိုက်ပါတယ်။

MA ဦးဇင်း ~ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ခုဇ္ဇုတ္တရာ သောတာပန်တည်တဲ့ အချိန်ကစပြီး ငါးပါးသီလ ခါးဝတ်ပုဆိုးလို ခိုင်မြဲသွားပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ အဲဒီနေ့မနက်ကစပြီး ဘုရင့်ဘဏ္ဍာကို သူမခိုးတော့ဘူးလားဘုရား။

ဆရာတော် ~ မခိုးတော့ဘူး။ ကျွန်မခုဇ္ဇုတ္တရာက မြတ်စွာဘုရားရှင် ထံတော်ပါးကနေ တရားစကားကို နာကြားရပြီး သောတာပတ္တိဖိုလ်မှာ တည်တာနဲ့တစ်ပြိုင်နက် အရိယာတို့ရဲ့ ဂုဏ်ရည်ကြောင့် ဘုရင့်ဘဏ္ဍာတော် ပန်းဖိုးကို သူမခိုးတော့ပါဘူး။ ခုဇ္ဇုတ္တရာ ငါးပါးသီလ လုံသွားပါတော့တယ်။

MA ဦးဇင်း ~ သဘောပေါက်ပြီဘုရား။ ခိုးတဲ့စိတ်ပျောက်ပြီး သူတော်ကောင်းစိတ် ရောက်လာတာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ ဒါကြောင့် နေရောင်ကွယ်ပျောက်ပြီး လရောင်ရောက်လာသလို ခုဇ္ဇုတ္တရာက ပုထုဇဉ်သူခိုးမဘဝကနေ သောတာပန် သူတော်ကောင်းဘဝ ရောက်သွားပါတယ် ဦးဇင်း။

## ဂေါတြဘုမဂ္ဂသ

MA ဦးဇင်း ~ အဲသလို စိတ်ပြောင်းသွားတာကို နတ္တိပစ္စယောနဲ့ ဘယ်လိုဆက်စပ် စဉ်းစားရမှာပါမလဲဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ပြောပြပါမယ်ဦးဇင်း။ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ ပစ္စည်းတွေကို လေ့လာခဲ့တုန်းက ဝီထိအစဉ် သတိရသေးသလား ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် အလွတ်ရပါတယ်ဘုရား။ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ပါ ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ရပြီးသားစာက အခုလို မမေ့မှ နေရာကျတာ ဦးဇင်း။ ဒါဆိုရင် ဒီဝီထိအစဉ်ကို သင်္ကေတနဲ့ရေးရင် ရနိုင်ပါဦးမလား။

MA ဦးဇင်း ~ ရပါတယ် အရှင်ဘုရား။ 'တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဒါ ဒါ ' ပါ ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဒီနေရာမှာက အတိမဟန္တာရုံ စက္ခုဒွါရဝီထိနဲ့ ပြောလို့မရတော့ဘူး။ ဒါကြောင့် ဒါအဖြစ်အပျက်ကို ကိုယ်စားပြုနိုင်တဲ့ ဝီထိအစဉ် ပြောပြမယ်နော်။

MA ဦးဇင်း ~ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ 'န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘဝင်' လို့ယူပြီးတော့ ဦးဇင်းမေးလျှောက်တဲ့ မေးခွန်းကို ရှင်းပြမယ်လေနော်။

MA ဦးဇင်း ~ မှန်ပါ။ ဒီသင်္ကေတကိုပါ အကျယ်သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ န=ဘဝင်္ဂစလန။ ဒ=ဘဝင်္ဂုပစ္ဆေဒ။ မ= မနောဒွါရာဝဇ္ဇန်း။ ပ=ပရိကံ။ ဥ=ဥပစာ။ နု=အနုလုံ။ ဂေါ=ဂေါတြဘူ။ မဂ်။ ဖိုလ်ပါ ဦးဇင်း။

MA ဦးဇင်း ~ ရပါပြီဘုရား။

## ပုထုဇဉ်နယ်နှင့် အရိယာနယ်

ဆရာတော် ~ ဒါဆိုရင် ဦးဇင်းရဲ့မေးခွန်းကို သွားကြစို့။ နေရောင်ကွယ်ပျောက်ပြီး လရောင် ရောက်လာသလို ခုဇ္ဇုတ္တရာက ပုထုဇဉ် သူခိုးမဘဝကနေ သောတာပန် သူတော်ကောင်းဘဝ ရောက်သွားတာကို နတ္ထိပစ္စယောနဲ့ ဘယ်လို ဆက်စပ်ပါသလဲနော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဒီဝီထိအစဉ်ထဲက ဂေါတြဘူနောက် မဂ်ကျပါတယ်။ မဂ်ရဲ့နောက် ဘာစိတ်မှ မခြားဘဲ ဖိုလ်စိတ်ပါဘုရား။ အဲဒီတော့ ဂေါတြဘူအထိက ပုထုဇဉ်နယ်ပါဘုရား။ ဂေါတြဘူရဲ့ တစ်ဖက်က အရိယာနယ်ရောက်ပါပြီ။ ဒါကြောင့် ခုဇ္ဇုတ္တရာက သူ့ရဲ့ သန္တာန်မှာ ပုထုဇဉ်ဘဝကနေ အရိယာဘဝကို ကူးသွားတာ လက်ဖျစ်တစ်တွက်၊

မျက်စိတစ်မှိတ်တောင် မကြာလိုက်ဘူးဆိုတာကို အခု နတ္ထိပစ္စည်းနဲ့ သိရတာပါ ဦးဇင်း။

MA ဦးဇင်း ~ ဒါကြောင့် နေရောင်ကွယ်ပျောက်သလို ခုဇ္ဇုတ္တရာရဲ့သန္တာန်မှာလည်း ပုထုဇဉ်ဘဝ ကွယ်ပျောက်ပြီး၊ အရိယာဘဝရောက်တာကို လရောင်ရောက်လာသလိုယူရင် သင့်ပြီထင်ပါတယ်ဘုရား။

ဆရာတော် ~ သင့်ပါပကော ဦးဇင်း။ သင့်ပါပြီ။

MA ဦးဇင်း ~ မှန်ပါ။ အခုလို ခုဇ္ဇုတ္တရာဝတ္ထုနဲ့ နားထောင်ရလို့ နားလည်ရပါပြီဘုရား။ နက်နဲလှပါတယ်ဘုရား။ ဝမ်းမြောက်ပါတယ်ဘုရား။

ဆရာတော် ~ တော်ကြဦးစို့။ သိမ်သမုတ်သွားဖို့ရှိတယ်။ သံဃာတော်များက တပည့်တော်တို့ကို စောင့်ဆိုင်းနေရရင် မသင့်ပေဘူး။ မိုးစိတ်မချရဘူး ထီးယူသွားတာ ကောင်းလိမ့်မယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

**ဆုတောင်း**

**"နေရောင်ကွယ်ပျောက် လရောင်ရောက်လာသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း မကောင်းသောနာမ်တရားတို့ ကွယ်ပျောက်ကာ ကောင်းသောနာမ်တရားတို့က နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား"**

---

**ကျမ်းညွှန်း**

၁။ သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၁၀၃)။

## ၂၃။ ဝိဂတပစ္စယော

## Vigata Paccayo *(Disappearance condition)*

## ကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း



### ဝိဂတပစ္စည်း၏ကျေးဇူးပြုပုံ

နေရောင်ကင်းပျောက်ခြင်းသည် လရောင်ထွန်းလင်းလာရန် ကျေးဇူးပြုသကဲ့သို့ ရှေးရှေး နာမ်တရားအစုတို့က မိမိတို့ ချုပ်ကွယ်ကင်းပျောက်ခြင်းသည် နောက်နောက် နာမ်တရားအစုတို့ကို ဖြစ်ခွင့်ပေးခြင်းဖြင့် ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

### နတ္ထိနှင့် ဝိဂတ၊ အတ္ထိနှင့် အဝိဂတ

MA ဦးဇင်း ~ ဒီကနေ့ ဝိဂတပစ္စယောကို မေးလျှောက်ပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဘာများ မေးလျှောက်မှာပါလဲ ဦးဇင်း။

MA ဦးဇင်း ~ နတ္ထိပစ္စယောနဲ့ ဝိဂတပစ္စယောရဲ့ အဓိပ္ပာယ်က တူသလိုလို ဖတ်ရပါတယ်ဘုရား။ သူတို့နှစ်ခု ဘယ်လို ကွဲပြားသလဲဆိုတာ သိပါရစေ။

ဆရာတော် ~ ပဋ္ဌာန်းမှာ နတ္ထိပစ္စည်းရဲ့သတ္တိနဲ့ ဝိဂတပစ္စည်းရဲ့သတ္တိက တစ်တွဲ၊ အတ္ထိပစ္စည်းရဲ့ သတ္တိနဲ့ အဝိဂတပစ္စည်းရဲ့သတ္တိကတစ်တွဲ၊ နှစ်တွဲရှိတယ်။ ဒီနှစ်တွဲက သူတို့ အချင်းချင်း တော်တော်လေး နီးစပ်တယ်လို့ ပြောနိုင်ပါတယ်။

MA ဦးဇင်း ~ မှန်ပါ၊ တပည့်တော်က တူနေတယ်လို့ကို ထင်နေတာပါဘုရား။

ဆရာတော် ~ နက်နဲတဲ့ သဘောတရားတစ်ခုကို ဝေါဟာရနှစ်မျိုး၊ သုံးမျိုး၊ လေးမျိုးနဲ့ပြောရင် တစ်မျိုးနဲ့ နားမလည်ရင် နောက်တစ်မျိုးနဲ့ နားလည်နိုင်ဖို့ အထောက်အကူ ဖြစ်နိုင်တယ်လို့ ပဋ္ဌာန်းမဟာကျမ်းပြုဆရာကြီး ဦးမြင့်ဆွေက သူ့ကျမ်းမှာ ဆိုထား ပါတယ်။ ဆရာကြီးက ဆက်ပြီး ဝေနေယျသတ္တဝါတို့ရဲ့ အဇ္ဈာသယ အလိုဆန္ဒ အားလျော်စွာ တချို့က နတ္ထိပစ္စယောလို့ဟောမှ နားလည်ပြီး တချို့က ဝိဂတ ပစ္စယောလို့ဟောမှ နားလည်နိုင်တယ်။ သူ့စရိုက်နဲ့သူ၊ သူ့အကြိုက်နဲ့သူ လို့လည်း ဖွင့်ပြပါသေးတယ် ဦးဇင်း။

MA ဦးဇင်း ~ ဘုရားရှင်က နားမလည်တဲ့သူကို နားလည်နိုင်အောင် စကားဝေါဟာရအမျိုးမျိုးနဲ့ မေတ္တာထားပြီး ဟောတော်မူတယ်လို့ ယူနိုင်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ~ ယူလို့ရပါတယ် ဦးဇင်း။

## နတ္ထိပစ္စယောနှင့် ဝိဂတပစ္စယော

MA ဦးဇင်း ~ မှန်ပါ။ ဆက်ပြီးမေးလျှောက်ချင်တာက နတ္ထိပစ္စယောနဲ့ အတ္ထိပစ္စယော၊ ဝိဂတ ပစ္စယောနဲ့ အဝိဂတပစ္စယောတွေက ဆန့်ကျင်ဘက် သဘောပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ မူလဋီကာဆရာတော်က နတ္ထိပစ္စည်းရဲ့ကျေးဇူးပြုပုံကို “မရှိခြင်း မျှဖြင့် ကျေးဇူးပြုနိုင်ခြင်းသည် နတ္ထိပစ္စည်း”လို့ ပြတော်မူတယ် ဦးဇင်း။ “အထည် ကိုယ်သဘောမှ ကင်းချုပ်ခြင်းဖြင့် ကျေးဇူးပြုနိုင်ခြင်းသည် ဝိဂတပစ္စည်း”လို့ ပြတော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ~ စာဆန်လွန်းလို့ တပည့်တော် နားမလည်သေးပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ဥပမာနဲ့ ပြောကြဦးစို့နော်။ နတ္ထိက နေရောင်မရှိတော့တာကို ဆိုလို တယ်။ ဝိဂတက နေရဲ့အလင်းရောင် ကင်းပျောက်သွားတာကို ဆိုလိုပါတယ်။

MA ဦးဇင်း ~ ဒါဆိုရင် နေမရှိတော့လို့ လရောင်ရောက်တာက နတ္ထိကို ယူပြီးတော့ နေရောင် ကင်းပျောက်ပြီး ချုပ်ငြိမ်းသွားလို့ လရောင်ထွန်းလင်းတာကို ဝိဂတလို့ယူရင် ရပြီ လားဘုရား။

ဆရာတော် ~ ရပါတယ် ဦးဇင်း။ ရပါတယ်။ စိတ်ထဲ ဥပမာတစ်ခု ပေါ်လာတယ်။ မနက်အစော အရုဏ်တက်လာပြီဆိုတာနဲ့ အရှေ့လောကဓာတ်တစ်ခွင် အမှောင်ထုပျောက်ပြီး အလင်းရောင် ရောက်လာတယ်လေ။

MA ဦးဇင်း ~ တပည့်တော် ရဟန်းဖြစ်ကတည်းက အရုဏ်တက်ချိန်မှာ အရှေ့ကောင်းကင်ကို ကြည့်လေ့ ရှိပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ဒါဆိုရင် အမှောင်ထုရှိနေသရွေ့ အလင်းရောင်မရှိဘူး ဦးဇင်း။ အမှောင် ထုကြီး ကင်းပျောက်သွားတော့မှ အလင်းရောင် ရောက်လာတာနော်။

MA ဦးဇင်း ~ တပည့်တော် လက်တွေ့မြင်ရတာပါဘုရား။ အမှောင်ထုကြီး ကင်းပျောက်သွားတာကကို အလင်းရောင် ဖြစ်ပေါ်လာဖို့ဆိုတာ နားလည်ပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ အမှောင်ထု ကင်းပျောက်သွားတာက အလင်းရောင် ဖြစ်ပေါ်လာဖို့ ကျေးဇူးပြုတာပေါ့ ဦးဇင်း။

## ရှေ့စိတ်ချုပ်ပျောက်ပြီးမှ နောက်စိတ်ပေါ်

MA ဦးဇင်း ~ ကျေးဇူးတင်ပါတယ်ဘုရား။ ဒါက စာဆန်ဆန်တွေးတာကို နားလည်ပါပြီဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ အဝိဂတပစ္စယောကို ခန္ဓာနဲ့ တိုက်ကြည့်ရအောင်နော်။ ရှေးရှေး နာမ်တရားတွေ ချုပ်ပျောက်သွားတာကကို နောက်နောက် နာမ်တရားတွေ ဖြစ်ခွင့် ရတာပါ။ တစ်နည်း ပြန်ပြောရရင် ရှေးရှေးစိတ်တွေ ကင်းပျောက်သွားတာကကို နောက်နောက်စိတ် ဖြစ်လာဖို့အတွက်ပါဘုရား။

MA ဦးဇင်း ~ မှန်ပါ။ တပည့်တော် နားလည်သလို လျှောက်ထားကြည့်ပါမယ်ဘုရား။ ရှေ့စိတ် ကင်းပျောက်သွားတာက နောက်စိတ်ဖြစ်ဖို့ ကျေးဇူးပြုတယ်ဆိုရင် ရပါသလား ဘုရား။

ဆရာတော် ~ နည်းနည်း ဖြည့်စွက်ပေးမယ်နော်။ ရှေ့စိတ် ကင်းပျောက်သွားတာက နောက်စိတ် ဖြစ်ပေါ်လာဖို့ ဝိဂတသတ္တိက ကျေးဇူးပြုတယ်ဆိုရင် ပိုပြည့်စုံတာပေါ့ ဦးဇင်း။

MA ဦးဇင်း ~ ဝိဂတပစ္စည်းက စိတ်နဲ့ ဘယ်လိုများ ဆက်စပ်နေပါသလဲဘုရား။

ဆရာတော် ~ နတ္ထိ၊ ဝိဂတက ဝီထိစိတ်အစဉ်ကို ဖော်ပြတာပါ။ ဆိုကြပါစို့ ဇောစိတ် ၇ ကြိမ် ရှိတယ်နော်။

MA ဦးဇင်း ~ မှန်ပါ။

ဆရာတော် ~ အဲဒီ ဇော ၇ ကြိမ်ထဲက ပထမဇောစိတ် ကင်းပျောက်ပြီးမှ ဒုတိယဇောစိတ်ဖြစ်လာရတာ။ ဒုတိယဇောစိတ် ကင်းပျောက်ပြီးမှသာ တတိယဇောစိတ် ဖြစ်လာရတာ ပါဦးဇင်း။

## ရသေ့၏သီလကို ဖျက်ဆီးခဲ့သည့် အလမ္ဗုသာနတ်သမီး

MA ဦးဇင်း ~ တော်တော်ကြီးကိုပဲ နက်နဲခက်ခဲပါတယ်ဘုရား။

ဆရာတော် ~ ဒါကြောင့် ပဋ္ဌာန်းဆိုတာ သာမန်ဉာဏ်နဲ့ တွေးတောကြံစည်ပြီးတော့ နားလည်ဖို့ မဖြစ်နိုင်ကောင်းဘူး ဦးဇင်း။

MA ဦးဇင်း ~ ဥပမာနဲ့ နာကြားချင်ပါသေးတယ်ဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ ပုံဝတ္ထုတစ်ခုကို ပြောပြမယ်နော်။

ဆရာတော် ~ လူပြည်မှာ ဣသိသိဂ်ရသေ့ရဲ့ ပြင်းထန်လွန်းတဲ့ အကျင့်စရဏတရားကြောင့် သိကြားမင်းကြီး စိုးရိမ်ပူပန်လာသတဲ့ ဦးဇင်း။

MA ဦးဇင်း ~ ရသေ့ရဲ့ အကျင့်ကြောင့် သိကြားမင်းကြီး ပူပန်မှုက ဘယ်လိုများ ဆက်နွယ်နေတာပါလဲဘုရား။

ဆရာတော် ~ သိကြားမင်းစိတ်ထဲမှာ "ဒီရသေ့ငယ်က ငါရဲ့နတ်မင်းစည်းစိမ်ကို ရယူနိုင်ဖို့ အခုလောက် ကျင့်နေတာဖြစ်မယ်"လို့ တွေးတောပြီး ပူပန်နေတာတဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဒါကြောင့် သိကြားမင်းက ရသေ့ရဲ့သီလကို ဖျက်ဆီးဖို့ရာ နတ်သမီးနှစ်ဆယ့်ငါးကုဋေထဲကနေ မိန်းမတို့ရဲ့ မာယာအရာမှာ ကျွမ်းကျင်လိမ္မာတဲ့ အလမ္ဗုသာ နတ်သမီးကို ရွေးချယ်ပြီးတော့ "လူ့ပြည်ကို သင်သွားပြီး ဣသိသိဂ်ရသေ့ရဲ့ သီလကို ဖျက်ဆီးပါ"လို့ တာဝန်ပေးပါတယ်။ နတ်သမီးကလည်း နတ်တို့ရဲ့အရှင် သိကြားမင်းကြီး စေခိုင်းတဲ့အတိုင်း ဣသိသိဂ် ရှင်ရသေ့ရှိရာ တောကျောင်းကို သွားပါတယ်။

MA ဦးဇင်း ~ နတ်သမီးက လူယောင်ဆောင်ပြီး လာတာပါလား။ နတ်သမီးရောက်တဲ့အချိန် ရသေ့က တရားထိုင်နေသလားဘုရား။ နတ်သမီးက ရသေ့ကို ဘာပြောသလဲဘုရား။

ဆရာတော် ~ နေပါဦး။ မေးခွန်းတွေကလည်း များလိုက်တာ။ နတ်သမီးက အလွန်လှတဲ့ မိန်းကလေးယောင် ဖန်ဆင်းပြီး ကျောင်းရှေ့ကို ရောက်တဲ့အချိန်မှာ ရသေ့ငယ်က တံမြက်စည်း လှည်းနေပါတယ်။ နတ်သမီးက ဘာစကားမှမပြောဘဲ ရပ်နေတယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ရသေ့ကလေးက နတ်သမီးကိုမြင်တာနဲ့ သူ့ရဲ့အလှအပမှာ ယစ်မူးသွားပါတော့တယ်။

MA ဦးဇင်း ~ ရသေ့ရဲ့တရားတွေ ပျောက်ကွယ်သွားပြီလားဘုရား။

ဆရာတော် ~ ဟုတ်တယ်။ ရသေ့ရဲ့သန္တာန်မှာ တရားတွေပျောက်ပြီး ကိလေသာအနုသယက ထကြွ သောင်းကျန်းလာပါတော့တယ် ဦးဇင်း။ အဲဒီအခိုက်မှာ အကျင့်သီလစရဏ တရားပြည့်စုံတဲ့ ရသေ့ဆိုတာကိုတောင် သူ့ကိုယ်သူ မေ့လျော့သွားသတဲ့ ဦးဇင်း။

MA ဦးဇင်း ~ ဒါကြောင့် ရသေ့၊ ရဟန်းအတွက် မိန်းမအာရုံက အန္တရာယ်လို့ ပြောတာပါလား ဘုရား။

ဆရာတော် ~ ဟုတ်တာပေါ့ ဦးဇင်း။ ဒါနဲ့ပဲ အလမ္ဗုသာနတ်သမီးက မိန်းမတို့ရဲ့ မာယာမှာ ကျွမ်းကျင်လိမ္မာစွာနဲ့ပဲ ဣသိသိဂ်ရသေ့ငယ်ရဲ့သီလကို ဖျက်ဆီးလိုက်ပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ နတ်သမီးမှာ အပြစ်ကြီးလိုက်တာဘုရား။

ဆရာတော် ~ ဟုတ်တယ်။ နတ်သမီးရဲ့ ကာမဂုဏ်အာရုံနဲ့ ရသေ့ငယ်လေးနေလိုက်တာ ဘယ်လောက်တောင် ကြာသွားသလဲဆိုရင် လူတို့ရဲ့နှစ်အားဖြင့် သုံးနှစ်တိုင်တိုင် မိန်းမောနေပါသတဲ့။ ရသေ့ငယ်လေး သတိရလာတဲ့အခါမှာတော့ 'ငါ့မှာ ဈာန် စွမ်းရည်တွေလည်း ပျောက်ဆုံးသွားပါပကော'လို့ ဆင်ခြင်မိပြီး ရှိုက်ကြီးတငင် ငိုကြွေးနေတော့သတဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ နှမြောစရာကြီးပါဘုရား။

ဆရာတော် ~ အဲဒီကျမှ နတ်သမီးက ကိုယ်ထင်ပြပြီး "အိုအရှင်ရသေ့ နတ်တို့သခင် သိကြား မင်းကြီးရဲ့ စေခိုင်းချက်အရ အရှင်ရသေ့ကို ကာမဂုဏ်နဲ့ လှည့်ဖြားမိတဲ့ အလမ္ဗုသာ နတ်သမီးပါဘုရား။ အရှင်မြတ်ရဲ့ စိတ်တော်ကို ညှဉ်းဆဲ တွေဝေစေခဲ့ မိတဲ့အတွက် တောင်းပန်ပါတယ်။ တပည့်တော်မကို ခွင့်လွှတ်တော်မူပါ"လို့ ရှိခိုးတောင်းပန်ပြီး နတ်ပြည်သို့ ပြန်သွားပါတော့တယ်။

MA ဦးဇင်း ~ မှန်ပါဘုရား။ အခု ဒီဝတ္ထုမှာ ဝိဂတပစ္စည်းရဲ့ သဘောပါတာကို မတွေ့ရသေး ပါဘုရား။

ဆရာတော် ~ ပါသွားပါပြီ။ ဦးဇင်းက ဝတ္ထုဇာတ်ကြောင်းနောက်ကို တစိုက်မတ်မတ် လိုက်မိလို့ သတိမပြုမိတာ ဖြစ်မှာပါ။ အခုပြန်ပြောပြမယ်နော်။

MA ဦးဇင်း ~ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ~ နေရောင်ကင်းပျောက်သွားတာက လရောင်ထွန်းလင်းလာဖို့ရာအတွက် ဖြစ်သလို ရသေ့ငယ်ရဲ့ သန္တာန်မှာလည်း ကိလေသာနီဝရဏတို့ ဦးထောင်လာတဲ့ အခိုက် မှာပဲ ဈာန်စိတ်တွေ ကင်းပျောက်ပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ သဘောပေါက်ပါပြီဘုရား။

**ဆုတောင်း**

**"နေရောင်ကင်းပျောက်ခြင်းသည် လရောင်ထွန်းလင်းတောက်ပရန် ကျေးဇူးပြုသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း မကောင်းသော နာမ်တရားတို့ ကွယ်ပျောက်ကာ ကောင်းသော နာမ်တရားတို့က နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား"**

---


**ကျမ်းညွှန်း**

၁။ အလမ္ဗုသာဇာတကဝဏ္ဏနာ၊ စတ္တာလီသနိပါတ၊ ဇာတကအဋ္ဌကထာ။ (ပဉ္စမတွဲ၊ နှာ-၁၆၁)

## ၂၄။ အဝိဂတပစ္စယော

**Avigata Paccayo** ***(Non -disappearance condition)***

## မကင်းမချုပ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း



### အဝိဂတပစ္စည်း၏ကျေးဇူးပြုပုံ

ပရမတ္ထအနေဖြင့် ထင်ရှားရှိနေသောအားဖြင့် ကျေးဇူးပြုတတ်သောသတ္တိကို အတ္ထိပစ္စည်းဟု ခေါ်၍ ပရမတ္ထသဘောမှ မကင်းမချုပ်သေးသောအားဖြင့် (ဝါ) မကွေမကွာ ပစ္စုပ္ပန်ရှိနေဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောသတ္တိကို အဝိဂတပစ္စည်းဟု ခေါ်သည်။

### တွဲပြီးလေ့လာသင့်သည့်ပစ္စည်း

MA ဦးဇင်း ~ အတ္ထိပစ္စယောနဲ့ အဝိဂတပစ္စယောကလည်း တပည့်တော်စိတ်ထဲမှာ အဓိပ္ပာယ် တူသလိုလို ဖြစ်နေပါတယ်ဘုရား။

ဆရာတော် ~ ဒီပစ္စည်းနှစ်ပါးကလည်း နတ္ထိနဲ့ ဝိဂတလိုပါပဲ။ နားထောင်ကြည့်ပါလေ။ အတ္ထိရဲ့ အဓိပ္ပာယ်က ထင်ရှားရှိနေတာလို့ ယူရတယ် ဦးဇင်း။ စာဆန်ဆန်ပြောရင်တော့ 'ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သတ္တိသည် အတ္ထိပစ္စည်းမည်၏'လို့ ယူပါလေ။ မျက်စိမလည်ပါနဲ့ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ။ မှတ်မိပါပြီဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ အဝိဂတရဲ့ အဓိပ္ပာယ်က မကင်းမချုပ်သေးသောအားဖြင့် ပစ္စုပ္ပန်ရှိနေဆဲလို့ ယူပါလေ။ ဒီမှာလည်း စာဆန်ဆန်ပြောရင် 'မကင်းမချုပ်သေးသောအားဖြင့် (ဝါ) မကွေမကွာ ပစ္စုပ္ပန်ရှိနေဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သတ္တိသည် အဝိဂတပစ္စည်းမည်၏' ပေါ့နော် ဦးဇင်း။

MA ဦးဇင်း ~ အဝိဂတရဲ့ အဓိပ္ပာယ်မှာ မကင်းမချုပ်ဆိုတာတွေကို နားမလည်သေးပါဘုရား။

ဆရာတော် ~ စာမှာပေးထားတဲ့ ဥပမာက မဟာသမုဒ္ဒရာထဲမှာ ငါးတွေ၊ လိပ်တွေ၊ ငါးမန်းတွေ စတဲ့ အမျိုးမျိုးသော ရေသတ္တဝါတွေ နေကြတယ်။

MA ဦးဇင်း ~ မြင်ပါပြီဘုရား။

ဆရာတော် ~ အဲဒီ ငါး၊ လိပ် စတဲ့ ရေသတ္တဝါတွေအတွက် သမုဒ္ဒရာရေရှိသမျှ၊ မကုန်ခန်းသေးသမျှ မကင်းမကွာဖြစ်ပြီး ချမ်းချမ်းသာသာ နေနိုင်ကြဖို့ရာ ကျေးဇူးပြုသလို အဝိဂတပစ္စည်းကလည်း Non-disappearance အဖြစ် ကျေးဇူးပြုတာပါ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ပဋ္ဌာန်းလေ့လာတဲ့အခါမှာ နတ္ထိနဲ့ ဝိဂတကို တွဲလေ့လာရင် ဉာဏ်ပိုရှင်းသလို အတ္ထိနဲ့ အဝိဂတကိုလည်း တွဲပြီးလေ့လာရင် ပိုလို့ နားလည်လွယ်ပါတယ်။

MA ဦးဇင်း ~ သဘောချင်း တူနေလို့ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ် ဦးဇင်း။ သတိထားကြည့်ပါလား။ အတ္ထိပစ္စည်းရဲ့ သဘောက အဝိဂတပစ္စည်းကို လေ့လာတာမှာ များစွာ အထောက်အကူပြုသလို ဝိဂတပစ္စည်းရဲ့ သဘောကလည်း နတ္ထိပစ္စည်းကို လေ့လာရာမှာ အထောက်အကူဖြစ်စေပါတယ်။

## နာမ်ခန္ဓာလေးပါး

MA ဦးဇင်း ~ '*စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော*'ကို အတ္ထိမှာ တွေ့ခဲ့တဲ့အတိုင်းပဲ တပည့်တော် အခု အဝိဂတပစ္စည်းမှာလည်း တွေ့နေရပြန်တယ်ဘုရား။

ဆရာတော် ~ မှန်ပါတယ်။ အခု အဝိဂတက နောက်ဆုံးပစ္စည်းဖြစ်တာမို့လို့ မကျဉ်းမကျယ်လေး ပြောပြမယ်နော်။

MA ဦးဇင်း ~ တပည့်တော် အခုလို သိချင်တဲ့အကြောင်း လျှောက်ထားမလို့ စဉ်းစားနေတာပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ "စတ္တာရော ခန္ဓာ"က နာမ်ခန္ဓာလေးပါးပါ ဦးဇင်း။ မမေ့လောက်သေးဘူးထင်ပါတယ်။

MA ဦးဇင်း ~ မမေ့သေးပါဘုရား။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာ တို့ပါဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ နာမ်ခန္ဓာလေးပါးတို့က အချင်းချင်း အဝိဂတပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ အဓိပ္ပာယ်ရပါတယ်။

MA ဦးဇင်း ~ ရပါပြီဘုရား။ ကျေးဇူးပြုတယ်ဆိုတာကိုလည်း 'ဖြစ်စေ တည်စေ၊ ဤနှစ်ထွေ ခေါ်လေကျေးဇူးပြု"ကို မမေ့သေးပါဘုရား။တပည့်တော် မေးလျှောက်ချင်တာလေးတစ်ခု ရှိလာပါတယ်ဘုရား။

ဆရာတော် ~ မေးပါလေ။

MA ဦးဇင်း ~ ပဋ္ဌာန်းက အကြောင်းအကျိုးပြတဲ့တရား ဖြစ်ပါတယ်ဘုရား။ အခု '*စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော*'မှာ အကြောင်းအကျိုး မယူတတ်ဘဲ ဖြစ်နေလို့ပါဘုရား။

ဆရာတော် ~ ဟုတ်ပြီ ဦးဇင်း။ ဟုတ်ပြီ ရှင်းပြပါ့မယ်။ ဒါက ပစ္စယနိဒ္ဒေသနဲ့ ပြောတာထက် ပဋ္ဌာန်းပဉ္စာဝါရနဲ့ပြောရင် ပိုလို့ ထင်သာမြင်သာ ရှိပါတယ်။

MA ဦးဇင်း ~ ပဋ္ဌာန်းပဉ္စာဝါရ အဆိုနဲ့ သိချင်ပါတယ်ဘုရား။

ဆရာတော် ~ ဟုတ်ပြီ၊ ပဋ္ဌာန်းပဉ္စာဝါရမှာ '*ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ အဝိဂတပစ္စယေန ပစ္စယော*' ကို မှတ်မိသေးရဲ့လား ဦးဇင်း။

MA ဦးဇင်း ~ မှတ်မိပါပြီဘုရား။ နာမ်ခန္ဓာလေးပါးကို အကြောင်းအကျိုး ယူမှာပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ နာမ်ခန္ဓာတစ်ပါးက သုံးပါးကို ကျေးဇူးပြုတယ်ဆိုတာမှာ ဥပမာ-ဝေဒနက္ခန္ဓာက အကြောင်းတရားဖြစ်ရင် ကျန်တဲ့ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာတို့က အကျိုးတရားပါ ဦးဇင်း။ ပြီးတော့ နာမ်ခန္ဓာနှစ်ပါးက ကျန်တဲ့ နှစ်ပါးကို ကျေးဇူးပြုတာမှာလည်း ဆိုပါစို့ ဝေဒနက္ခန္ဓာနဲ့ သညာက္ခန္ဓာက အကြောင်းတရားဖြစ်ရင် ကျန်တဲ့ သင်္ခါရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာက အကျိုးတရား ယူရပါမယ် ဦးဇင်း။ အကြောင်းအကျိုး ယူတတ်ပြီလား။

MA ဦးဇင်း ~ ရှင်းပါပြီဘုရား၊ ရပါပြီဘုရား။

## မဟာဘုတ်လေးပါး

ဆရာတော် ~ သာဓုပါဘုရား။ အခုဆက်ပြီး '*စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော*' ကို သွားကြရအောင်နော်။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ မဟာဘုတ်လေးပါးကို ပြောပြပါဦးလား ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောပါဘုရား။

ဆရာတော် ~ အခု ဒီမှာလည်း နာမ်ခန္ဓာလေးပါးတုန်းကလိုပဲ အဓိပ္ပာယ်ယူကြည့်ပါလား။

MA ဦးဇင်း ~ တင်ပါ။ မဟာဘုတ်လေးပါးတို့က အချင်းချင်း အဝိဂတပစ္စယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

ဆရာတော် ~ မဟာဘုတ်လေးပါးတို့က အချင်းချင်း မကင်းမချပ်သောအားဖြင့် အဝိဂတပစ္စယ သတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ယူနိုင်ပါသေးတယ်နော်။

MA ဦးဇင်း ~ နားလည်ပါပြီဘုရား။ အကြောင်းအကျိုးကိုတော့ နာမ်ခန္ဓာလေးပါးအတိုင်း ယူပါ့မယ်ဘုရား။

ဆရာတော် ~ *'ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အဝိဂတပစ္စယေန ပစ္စယော'* လို့ ပဋ္ဌာနပါဠိရ အတိုင်းပဲယူပါလေ ဦးဇင်း။

## ပဋိသန္ဓေအခိုက်

ဆရာတော် ~ အခု *'ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော'* အလှည့် ရောက်ပါပြီ။

MA ဦးဇင်း ~ ပဋိသန္ဓေနဲ့ ပဋိသန္ဓိက အတူတူပဲလားဘုရား။

ဆရာတော် ~ ပါဠိစာပေထဲက 'ပဋိသန္ဓိ'ကို မြန်မာဘာသာမပြန်ဆိုတော့ဘဲ 'ပဋိသန္ဓေ'လို့ သုံးနှုန်း ပါတယ်။ အဓိပ္ပာယ်က ဘဝဟောင်းနဲ့ ဘဝအသစ်ကို ဆက်စပ်ပေးတဲ့စိတ်ပါပဲ။ တစ်ခု မှတ်သားထားဖို့ လိုတာက ပဋိသန္ဓေစိတ်ကို နေရာအားလျော်စွာ ဝိပါက် စိတ်လို့လည်း ခေါ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှတ်သားထားပါ့မယ်ဘုရား။ ပဋိသန္ဓေအကြောင်း နည်းနည်း သိချင်ပါသေးတယ် ဘုရား။

ဆရာတော် ~ အမိဝမ်းထဲ ပဋိသန္ဓေတည်တဲ့ သတ္တဝါတွေမှာ နာမ်တရားအဖြစ် ပဋိသန္ဓေ ဝိညာဏ်စိတ်နဲ့ စေတသိက် ၃၃ ပါးရယ်၊ ရုပ်တရားအဖြစ် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဆိုတဲ့ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ကလာပ် သုံးစုတို့က တစ်ပြိုင်တည်း ဖြစ်လာကြတယ် ဦးဇင်း။

MA ဦးဇင်း ~ ဘုရားရှင် ဟောတော်မူတာက တိကျလိုက်တာဘုရား။ ပဋိသန္ဓေအခိုက်မှာ ဟဒယနှလုံးပါတယ်လို့ မှတ်သားဖူးပါတယ်ဘုရား။ မှန်ပါသလား။

ဆရာတော် ~ မှန်ပါတယ်။ စောစောကပြောပြခဲ့တဲ့ ပဋိသန္ဓေကမ္မဇရုပ်မှာ ဟဒယဝတ္ထုရုပ် ပါပါ တယ် ဦးဇင်း။

MA ဦးဇင်း ~ အကြောင်းအကျိုး စဉ်းစားပုံလေး သိပါရစေဘုရား။

ဆရာတော် ~ ဟုတ်ပြီ။ ပဋိသန္ဓေစိတ်က အကြောင်းဆိုရင် ဟဒယဝတ္ထုရုပ်ကို အကျိုးလို့ ယူပါ ဘုရား။ ဟဒယဝတ္ထုရုပ်က အကြောင်းယူမယ်ဆိုရင် ပဋိသန္ဓေစိတ်ကို အကျိုး အဖြစ် ယူနိုင်ပါတယ်ဘုရား။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ *'ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော'* မှာ ပဋိသန္ဓေ စိတ်နဲ့ ဟဒယဝတ္ထုရုပ်တို့က အချင်းချင်း မကင်းမချပ်သောအားဖြင့် အဝိဂတ ပစ္စယသတ္တိနဲ့ ကျေးဇူးပြုပါတယ် ဦးဇင်း။

MA ဦးဇင်း ~ အဝိဂတပစ္စယောမှာလည်း ရုပ်နာမ်သဘာဝကိုပဲ ဟောတော်မူတာပါလားဘုရား။

ဆရာတော် ~ မြတ်စွာဘုရားရှင်က ပဋ္ဌာန်းတရားတော်မှာ အကြောင်းကြောင့် အကျိုးတရားတွေ ဖြစ်ပေါ်လာရတယ်ဆိုတာကို နည်းအသွယ်သွယ်နဲ့ ဟောတော်မူပါတယ်။ လူအများထင်နေကြသလို ပုဂ္ဂိုလ်၊ သတ္တဝါ သူငါ မရှိဘူးဆိုတာကို သိစေလိုရင်းပါ ဦးဇင်း။

MA ဦးဇင်း ~ သာဓု၊ သာဓု၊ သာဓုပါဘုရား။

## ပတိပူဇိကာသတို့သမီး

ဆရာတော် ~ စာလည်း တော်တော်တော့သွားပြီးပြီ။ စာတွေက လေးလည်းလေးသွားပြီ ထင်တယ်။ ဝတ္ထုဇာတ်ကြောင်းနဲ့ နိဂုံးချုပ်ကြဦးစို့နော်။

MA ဦးဇင်း ~ မှန်ပါ၊ သင့်မြတ်ပါတယ်ဘုရား။

ဆရာတော် ~ မာလဘာရီနတ်သားမှာ နတ်သမီးတစ်ထောင်ရှိသတဲ့ ဦးဇင်း။ တစ်နေ့မှာတော့ နတ်သမီးငါးရာက နတ်ပန်းပင်ပေါ်ကပန်းကို ဆွတ်ခြွေပေးတယ်။ ကျန်တဲ့ ငါးရာသော နတ်သမီးတို့က ကြွေကျလာတဲ့ပန်းတွေကို ကောက်ယူပြီးတော့ နတ်သားကို တန်ဆာဆင်နေကြတယ်တဲ့။

MA ဦးဇင်း ~ နတ်သမီးတစ်ထောင်ရှိတဲ့ မာလဘာရီနတ်သားက ဘယ်နတ်ပြည်ကပါလဲဘုရား။

ဆရာတော် ~ တာဝတိံသာနတ်ပြည်ကပါ ဦးဇင်း။ အဲသလို ပန်းတွေခူးနေရင်းကနေ နတ်သမီး တစ်ပါးက စုတေသွားသတဲ့။

MA ဦးဇင်း ~ နတ်သမီးစုတေတော့ အလောင်းကောင် ကျန်ခဲ့ပါသလားဘုရား။

ဆရာတော် ~ နတ်သား၊ နတ်သမီးတွေစုတေရင် အလောင်းကောင် ကျန်လေ့မရှိဘူး။ သူတို့ရဲ့ ခန္ဓာကိုယ်က နူးညံ့သိမ်မွေ့တဲ့အတွက် ဆီမီးလျှံကွယ်ပျောက်သလို ချုပ်ငြိမ်း ပါတယ် ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။ သူက စုတေပြီး ဘယ်ရောက်သွားသလဲဘုရား။

ဆရာတော် ~ သာဝတ္ထိပြည်မှာ ဖွားမြင်လာပြီး သူ့ရဲ့ဘဝဟောင်းကို အကုန်လုံးသိတယ်။

MA ဦးဇင်း ~ လူဝင်စားလိုပေါ့ဘုရား။

ဆရာတော် ~ ဒါက လူဝင်စားမဟုတ်ဘူးလေ၊ နတ်ဝင်စားတာ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါဘုရား။

ဆရာတော် ~ ဆယ့်ခြောက်နှစ် ရှိလာတဲ့အခါမှာ မိဘတွေက အိမ်ထောင်ချပေးလိုက်တယ်။ သူ့မှာ သားလေးယောက် ထွန်းကားခဲ့တယ်။ ဒီအမျိုးကောင်းသမီးက သံဃာတော် များကို ဆွမ်းလောင်းတယ်။ ဝါဆိုသင်္ကန်း လှူဒါန်းတယ်။ ဆွမ်းစားဇရပ်မှာ လိုအပ် တဲ့ ဝေယျာဝစ္စလုပ်တယ်။ ပြီးတော့ သူက ဆုတောင်းပါတယ်။

MA ဦးဇင်း ~ ဘယ်လိုဆုမျိုး တောင်းတာပါလဲဘုရား။

ဆရာတော် ~ 'ဒီကုသိုလ်ကောင်းမှုက မာလဘာရီနတ်သားထံပါးပြန်၍ ဖြစ်ရပါစေသား'လို့ အသံထွက်ပြီးတော့ကို ဆုတောင်းတယ်။ ရဟန်းတွေက သူ့ရဲ့ဆုတောင်းသံကြားရဖန်များတဲ့အခါ လင်ယောကျ်ားကိုချစ်တဲ့ ဒကာမလေးပဲဆိုပြီးတော့ 'ပတိပူဇိကာ' လို့ နာမည်မှည့်ခေါ်ကြသတဲ့ ဦးဇင်း။

MA ဦးဇင်း ~ သူ့ရဲ့ဆုတောင်း ပြည့်ပါသလားဘုရား။

ဆရာတော် ~ ပြည့်တယ် ဦးဇင်း။ ပြည့်ပါတယ်။ သူလူ့ပြည်ကနေ စုတေပြီး တာဝတိံသာနတ်ပြည်မှာ ပြန်ဖြစ်တယ်လေ။

MA ဦးဇင်း ~ မာလဘာရီနတ်သားမှာ နတ်သမီး ၉၉၉ ပါးတောင် ရှိနေသေးတာဆိုတော့ သူ့ကို မှတ်မိပါဦးမလားဘုရား။

ဆရာတော် ~ မှတ်မိရုံဘယ်ကမလဲ ဦးဇင်း။ နတ်သားက သူ့ကိုမေးစစ်တယ် 'မနက်စောစောကတည်းက သင်ပျောက်နေတာ ဘယ်သွားနေတာလဲ'တဲ့ ဦးဇင်းရေ။

MA ဦးဇင်း ~ နတ်သားတွေ မှတ်ဉာဏ်တော်တော်ကြီးကို ကောင်းကြပါလား။ ဒါနဲ့ အဲဒီနတ်သမီး နတ်ပြည် ပြန်ရောက်တဲ့အခါ မာလဘာရီနတ်သားနဲ့ နတ်သမီးတွေက ဘာလုပ်နေကြသလဲဘုရား။

ဆရာတော် ~ သူတို့အားလုံး နတ်ပန်းပင်အောက်မှာ မာလဘာရီနတ်သားကို ဖျော်ဖြေလျက်ပဲ ရှိနေပါသေးတယ်။

## လူ့ပြည် အနှစ် ၁၀၀၊ နတ်ပြည် ၁ ရက်

MA ဦးဇင်း ~ လူ့ပြည်မှာ အနှစ်သုံး၊ လေးဆယ်နေခဲ့တာ နတ်ပြည်က တစ်ရက်မပြည့်သေးတာ ပါလားဘုရား။

ဆရာတော် ~ ဟုတ်ပါတယ်။ လူတို့ရဲ့ သက်တမ်းအနှစ်တစ်ရာက တာဝတိံသာနတ်ပြည် အတွက် တစ်ရက်ပဲရှိတာလေ ဦးဇင်း။

MA ဦးဇင်း ~ မှန်ပါ၊ အံ့သြစရာပါပဲဘုရား။

ဆရာတော် ~ အဲဒီလူ့ပြည်ကလာတဲ့ လုပ်ဝင်စားနတ်သမီးက နတ်သားရှေ့မှောက်မှာ အရှင်နတ်သားထံပါး ပြန်လည်ပေါင်းဆုံရဖို့အတွက် ကောင်းမှုကုသိုလ်ပြုတိုင်း ဆုတောင်းခဲ့တဲ့အကြောင်း အပါအဝင် သူ့ဘဝဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ~ နတ်တွေရဲ့ သက်တမ်းနဲ့ယှဉ်ကြည့်မှ တပည့်တော်တို့ လူ့ဘဝသက်တမ်းက တိုလွန်းပါတယ်ဘုရား။ ဒီသက်တမ်းတိုတိုလေးမှာ ဘုရားတပည့်တော် ကြိုးစားအားထုတ်ပါ့မယ်ဘုရား။

ဆရာတော် ~ သာဓုပါ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် သိချင်သေးတာက ဒီပုံဝတ္ထုမှာ အဝိဂတပစ္စယော ပါမလာသေးပါဘုရား။

ဆရာတော် ~ ပါသွားပြီ ဦးဇင်း။

MA ဦးဇင်း ~ တပည့်တော် သတိမပြုမိပါဘုရား။ ဘယ်နေရာမှာပါပြီး ကျေးဇူးပြုတယ်ဆိုတာ သိပါရစေဘုရား။

ဆရာတော် ~ ကောင်းပါပြီ။ မူလအဋ္ဌကထာစကားကို ကြည့်ရအောင်နော်။ သမုဒ္ဒရာရေက ငါး၊ လိပ်တို့အတွက် မကင်းမကွာဖြစ်ပြီး ကျေးဇူးပြုတယ်လို့ ဆိုပါတယ်ဦးဇင်း။ အခု ပတိပူဇိကာသတို့သမီးကလည်း တစ်သက်တာ သူဆည်းပူးဖြည့်ကျင့်ခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့ အဝိဂတအစွမ်းသတ္တိက မကင်းမကွာ ကျေးဇူးပြုတဲ့အတွက် မာလဘာရီနတ်သားထံပါး ပြန်ဖြစ်တယ်လေ။

MA ဦးဇင်း ~ မှန်ပါဘုရား။ နားလည်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

**ဆုတောင်း**

**"သမုဒ္ဒရာရေသည် ငါး၊ လိပ်တို့အတွက် မကင်းမကွာဖြစ်၍ ကျေးဇူးပြုသကဲ့သို့ လူသားအများသည်လည်း ကောင်းသော ရုပ်တရား နာမ်တရားတို့နှင့်တကွ သီလတရားများ မကင်းမကွာပြည့်စုံကြပြီး မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား"**

**ကျမ်းညွှန်း**

၁။ ပတိပူဇိကာကုမာရိဝတ္ထု၊ ပုပ္ဖဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ။ (ပထမတွဲ၊ နှာ-၂၂၉)

# ဆုတောင်း

ဤကောင်းမှုကုသိုလ်ကြောင့်
ကမ္ဘာပေါ်တွင်
မြတ်ဗုဒ္ဓသာသနာတော်
အစွန့်ရှည်ကြာ တည်တံ့၍
ကမ္ဘာသူ ကမ္ဘာသားများ
ဝိမုတ္တိသုခကို
ရရှိခံစားနိုင်ကြပါစေသတည်း။

အရှင်ခေမာနန္ဒ
ရန်ကင်းတောရ၊ သပြေပင်

# မှီငြမ်းကိုးကား ကျမ်းစာအုပ်များ

၁။ ဆဋ္ဌမူအဘိဓမ္မပိဋကပဋ္ဌာနပါဠိတော် ၅-အုပ်နှင့် သက်ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ။

၂။ လယ်တီဆရာတော်ကြီး၏ ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်း။

၃။ မဟာဝိသုဒ္ဓါရာမဆရာတော်၏ ပရမတ္ထသရူပဘေဒနီကျမ်း။
(ပထမတွဲ၊ ဒုတိယတွဲ)၂၀၀၂-ခုနှစ်တွင် ထုတ်ဝေသည်။

၄။ ပထမရွှေကျင်ဆရာတော်ကြီး၏ ပဋ္ဌာန်းပစ္စည်း အနက်အဓိပ္ပာယ်ကျမ်း။

၅။ ကျေးဇူးရှင် မိုးညှင်းတောရဆရာတော်ကြီး၏ လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်းနှင့် လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း။

၆။ ဘဒ္ဒန္တာစရိယအာနန္ဒမထေရ်၏ ပစ္စယကရဏမူလဋီကာနှင့် ပစ္စယကရဏအနုဋီကာ ၁၉၆၀-ခုနှစ်တွင် ထုတ်ဝေသည်။

၇။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဘိဓမ္မာပဋ္ဌာန်း ညဝါမှတ်စု သုံးချက်စု ချုပ်ဖို့စဉ် အဘိဓမ္မာပဋ္ဌာန်းညဝါမှတ်စု။

၈။ ထန်းတစ်ပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာ၏ ပဋ္ဌာန်းအရကောက်နှင့် အနုဂဏ္ဍိ ၂၀၁၆-ခုနှစ်တွင် ထုတ်ဝေသည်။

၉။ မူလပဋ္ဌာန်းဆရာတော်ဘုရား၏ အသံဖမ်း ပဋ္ဌာန်းပို့ချစဉ်ကျမ်း။
(ပဋ္ဌာန်းပစ္စယနိဒ္ဒေသ - ပဌမပိုင်း) ၁၉၇၀-ခုနှစ်တွင် ထုတ်ဝေသည်။

၁၀။ မူလပဋ္ဌာန်းဆရာတော်ဘုရား၏ အသံဖမ်းပဋ္ဌာန်း ပို့ချစဉ်ကျမ်း။
(ပဉှာဝါရသင်္ချာ-ပထမတွဲ၊ ဒုတိယတွဲ) ၁၉၇၈-ခုနှစ်တွင် ထုတ်ဝေသည်။

၁၁။ ပဋ္ဌာန်းသိပ္ပံဆရာတော် အရှင်ကုန္ဒကထေရ၏ ပဋ္ဌာနသာရဝိလာသိနီခေါ် ပဋ္ဌာန်းသိပ္ပံကျမ်း။
(ပထမ၊ ဒုတိယ၊ တတိယတွဲ) ၁၉၇၉-ခုနှစ်တွင် ထုတ်ဝေသည်။

၁၂။ အရှင်နန္ဒောဘာသ၏ အုတ်ကန်ပဋ္ဌာန်းနည်းပြကျမ်း ၂၀၁၅-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

၁၃။ ခင်ဦးတောရ မူလပဋ္ဌာန်းဆရာတော်၏ ပဋ္ဌာန်းပါရဂူကျမ်း။

၁၄။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ အခြေပြုပဋ္ဌာန်းတရားတော် (၂၀၀၆ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)

၁၅။ ပန်းကုံးဆရာတော်ကြီး၏ ပဋ္ဌာနပန်းကုံး (၂၀၁၆ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)။

၁၆။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတရေစကြိုဆရာတော်ကြီး၏ ဗုဒ္ဓမြတ်စွာ၏ နည်းသမုဒ္ဒရာ (၂၀၀၈-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)။

၁၇။ ပါမောက္ခချုပ်ဆရာတော်ကြီး၏ ပဋ္ဌာန်းမြတ်ဒေသနာ (၂၀၁၁-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)။

၁၈။ ဂန္ဓာရုံဘုံကျော်ဆရာတော်ကြီး (တောင်တွင်းကြီး)၏ တိကပဋ္ဌာနပါဠိ၊ ပစ္စယနိဒ္ဒေသမှတ်စု။

၁၉။ ဦးတင်ဝင်း (ဒိုက်ဦး)၏ ပဥ္စဝါရဝိဘင်္ဂမှတ်စု (၂၀၁၂ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)။

၂၀။ ဒေါက်တာမင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ် (စတုတ္ထအကြိမ်) (၁၉၉၈ - ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်)။

၂၁။ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာကြီးဦးခင်မောင်သန်း၏ ပဋ္ဌာန်းစာတမ်း။

၂၂။ Handbook of Abhidhamma studies by Ven.Sayadaw U Silananda.

၂၃။ Patthana by by Ven.Sayadaw U Silananda.

၂၄။ Patthana Condition Relations by Agganyani.

၂၅။ Buddhadhamma - The laws of Nature and Their Benefits to Life by Bhikkhu P.A.Payutto.

၂၆။ University of Abhidhamma Superior Diploma Course in Abhidhamma (English) Level 1Part (I) Lectures.

၂၇။ www.kbrl.gov.mm

၂၈။ www.dhammadownload.com

၂၉။ www.dhammatrainingcenter.com * Website များမှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့် ပိဋကတ်တို့၏ မြန်မာပြန်ကောက်နုတ်ချက် အတိုများကို မှီငြမ်းခွင့် ရခဲ့ပါသဖြင့် ပညာရှင်များကို အထူးပင် ကျေးဇူးဥပကာရတင်ရှိပါသည်။

| ရန်ကင်းတောရဆရာတော် ရေးသားခဲ့သည့် စာအုပ်များ | | |
|---|---|---|
| စဉ် | အမည် | အကြိမ် |
| ၁။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (ပထမပိုင်း) | အဋ္ဌမအကြိမ် |
| ၂။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (ဒုတိယပိုင်း) | ဆဋ္ဌမအကြိမ် |
| ၃။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အခြေခံအဆင့် (တတိယပိုင်း) | ပဥ္စမအကြိမ် |
| ၄။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (ပထမပိုင်း) | ပဥ္စမအကြိမ် |
| ၅။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (ဒုတိယပိုင်း) | တတိယအကြိမ် |
| ၆။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ - အားထုတ်သူအဆင့် (တတိယပိုင်း) | တတိယအကြိမ် |
| ၇။ | Vipassana Primary Text Book (Elementary Level) Part-1 | ပထမအကြိမ် |
| ၈။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း - ၁) | စတုတ္ထအကြိမ် |
| ၉။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း - ၂) | တတိယအကြိမ် |
| ၁၀။ | ဖွံ့ဖြိုးတိုးတက်နေသည့်လူ့ဘောင်အတွက်ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ | ဆဋ္ဌမအကြိမ် |
| ၁၁။ | ဆဋ္ဌမအာရုံ (Intuitive Power) ကို ဝိပဿနာဖြင့်ချဉ်းကပ်လေ့လာခြင်း | ဒုတိယအကြိမ် |
| ၁၂။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၁ | (၂၅)ကြိမ် |
| ၁၃။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာအဖွင့်) | ပဥ္စမအကြိမ် |
| ၁၄။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၂ | စတုတ္ထအကြိမ် |
| ၁၅။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း - ၃ | ဒုတိယအကြိမ် |
| ၁၆။ | ကလေးလက်ထဲဆော့နေတဲ့ Game အကြောင်းကို လူကြီးမိဘများက<br>သေသေချာချာ သိဖို့လိုတဲ့ခေတ် ရောက်ပါပြီ | ပထမအကြိမ် |
| ၁၇။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ပထမပိုင်း) | ဆဋ္ဌမအကြိမ် |
| ၁၈။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ဒုတိယပိုင်း) | ဆဋ္ဌမအကြိမ် |
| ၁၉။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း) | ဆဋ္ဌမအကြိမ် |
| ၂၀။ | ဥရောပယောဂီ၏ ဘဝနိဂုံး (အပိုင်း - ၁) | တတိယအကြိမ် |
| ၂၁။ | လူတို့နှင့်သက်ဆိုင်သော "ရဟန်းဝိနည်းများ" (အပိုင်း - ၁) | ဆဋ္ဌမအကြိမ် |
| ၂၂။ | လူတို့နှင့်သက်ဆိုင်သော "ရဟန်းဝိနည်းများ" (အပိုင်း - ၂) | တတိယအကြိမ် |
| ၂၃။ | "ပဋ္ဌာနန္တရိယ" ကံနှင့် "ပါဏာတိပါတ" ကံတို့အကြောင်း | ပဥ္စမအကြိမ် |
| ၂၄။ | ဤခရီးနီးလာပါသည် | စတုတ္ထအကြိမ် |
| ၂၅။ | "အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်"<br>မင်းအစိုးရထံလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ | ပဥ္စမအကြိမ် |
| ၂၆။ | ကောင်းကင်ကြယ် နက္ခတ်ကြည့်နည်းပညာနှင့် အရုဏ်တက်ချိန် | နဝမအကြိမ် |
| ၂၇။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၁) | ဒုတိယအကြိမ် |
| ၂၈။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၂) | ဒုတိယအကြိမ် |
| ၂၉။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း - ၃) | ပထမအကြိမ် |
| ၃၀။ | နဘူးကျောင်းဆရာတော်ဘုရားကြီး၏စံနမူနာယူစရာ ကျင့်သီလ | ပထမအကြိမ် |
| ၃၁။ | ဘဝဆည်းဆာ လှစေချင်ပါသည် | ပဥ္စမအကြိမ် |
| ၃၂။ | လမ်းမပေါ်၌ လမ်းပျောက်ချင်သူ | ပထမအကြိမ် |
| ၃၃။ | ငြိမ်းအေးသောစိတ် (အပိုင်း - ၁) | ဒုတိယအကြိမ် |
| ၃၄။ | သိကောင်းစရာရှုတင်သာသနာ | ပထမအကြိမ် |
| ၃၅။ | ပဋ္ဌာန်းပဥ္စာဝါရ | ဒုတိယအကြိမ် |
| ၃၆ | ပဋ္ဌာန်းတရားတော်နှင့်ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ | ပထမအကြိမ် |
| ၃၇။ | ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း - ၁) | ပထမအကြိမ် |
| ၃၈။ | ဝိနည်းသင်ပုန်းကြီးဖတ်စာ (အပိုင်း - ၂) | ပထမအကြိမ် |
| ၃၉။ | မေတ္တာတရား | ပထမအကြိမ် |